# ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃)

မန္တလေးမြို့ ဓားတန်းရပ်ကွက်တွင် အဖ ဦးဇရာ၊ အမိ ဒေါ်ရွှေတို့မှ ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဖေသိန်း ဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အေဘီအမ်ကျောင်း အဆင့်ဆင့် ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းနှင့် ကမ်းနီရှာ အင်္ဂလိပ်ကျောင်း တို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တောစာရေး၊ မန္တလေး လယ်ယာ စိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ တောလိုက်စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ဗျူဟာဂျာနယ်' တွဲဖက် ထုတ်ဝေသူ၊ 'နယူးဘားမား သတင်းစာ' တိုက် စက္ကရီတေရီ(၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ (၁၉၃၀)၊'သူရိယသတင်းစာ'အယ်ဒီတာ(၁၉၃၆)၊ 'လူထုသတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ' အယ်ဒီတာချုပ်(၁၉၆၄–၆၈) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ် အဖြစ် တရုတ်၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ခဲ့သည်။

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် **ရန်ကြီးအောင်** ဝတ္ထုကို ပထမဆုံး ရေးသည်။ ဝတ္ထုရှည် (၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆီလျော်အောင် မှီငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍ လည်းကောင်း ရေးသားခဲ့သည်။ **စုံထောက်မောင်စံရှား၊ ဂျမဒါကိုကိုကြီး၊ ရှုပနန္ဒီ၊ ရှုပကလျာဏီ၊ ပထမ ဆရာသိန်း၊ ဇော်ဟိတ်၊ သူတော်စိန်** စသည်တို့မှာ ထင်ရှားသော အမှီးဝတ္ထုများ ဖြစ်သည်။ **ရတနာသိုက်၊ မျှော်တလင့်လင့်၊ သူရဲကောင်းသုံးယောက်၊ သွေးစုပ်မြေ** စသည်တို့မှာ တိုက်ရိုက် ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ပင်ကိုရေး ဝတ္ထုရှည်များတွင် **ရန်ကြီးအောင်**မှာ ထင်ရှား၏။ ဘာသာရေး၊ အထွေထွေဗဟုသုတ၊ ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ **မျှော်တလင့်လင့်** ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **သွေးစုပ်မြေ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ**ဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

၁၀ ဩဂုတ် ၁၉၇၃ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

အခန်း ၁

# ခရီးထွက်ရန် စီစဉ်ကြခြင်း

ကျွန်ုပ် အလန်ကွာတာမိန်းသည် အာဖရိကတိုက်တွင် ဆင်ပစ်မုဆိုးအဖြစ်နှင့် နှစ်ပေါင်း ၄၀ တိုင်တိုင် အသက်မွေး လုပ်ကိုင်ခဲ့သည့်အတွင်း၊ ထူးဆန်းအံ့ဩဖွယ်သော အဖြစ်အပျက် အခြင်းအရာပေါင်း များစွာတို့ကို ကိုယ်တိုင်ကြုံတွေ့ရသည်ဖြစ်ရာ၊ ယခုရေးသား ဖော်ပြလတ္တံ့သော အဖြစ်အပျက်အကြောင်းအရာများမှာ ထူးဆန်းအံ့ဩဖွယ် အကောင်းဆုံးတစ်ခု ဖြစ်ပေ၏။ အာဖရိကတိုက်ကြီး၌ ဆင်ပစ်မုဆိုးအဖြစ်နှင့် အသက်မွေးမြူကြသူတို့မှာ များသောအားဖြင့် သက်တမ်း ၄ နှစ်၊ ၅ နှစ်၊ အလွန်ဆုံး ၆ နှစ်ခန့်မျှနှင့် ဘဝတုံးကြရသည်သာ ဖြစ်ကြလေရာ၊ နှစ်ပေါင်း ၄၀ တိုင်တိုင် ၎င်းအလုပ်၌ မသေမပျောက် ဆက်လက် လုပ်ကိုင်နိုင်ခဲ့ခြင်းသည်ပင်လျှင် အံ့ဩဖွယ်ရာတစ်ခုကဲ့သို့ မှတ်ယူကြရပေသည်။ အသက်ဆံဖျား စွန့်စားလုပ်ကိုင်ရခြင်းများ၊ သေမင်းနှင့် ရင်ဆိုင်တွေ့ရပြီးမှ သီသီကလေး လွတ်ခဲ့ရပုံများ၊ ရင်ဖိုလှိုက်၍ အသည်းနှလုံး အေးလောက်သည့် အဖြစ်အပျက်မျိုးများကို ဖတ်ရှုလိုသူတို့အဖို့မှာ ကွမ်းသီးကြိုက်သူ တောင်ငူရောက်သကဲ့သို့ ရှိနေလိမ့်မည်ဟု မျှော်လင့်သည့်အတိုင်း၊ နမူနာတစ်ပိုင်းမျှဖြစ်သော ဤအကြောင်းအရာများကို ရေးသားလိုက်ပါ၏။ ၎င်းကို ကြိုက်နှစ်သက်ကြသောအခါ၌ ဆက်လက်ရေးသားဖော်ပြဦးမည် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ပြုလုပ်မြဲဖြစ်သော ထုံးစံအတိုင်း တောနက်ကြီးထဲသို့ မုဆိုးများနှင့် သုံးလေးလတိုင်အောင် ဆင်များကို လှည့်လည်ပစ်ခတ်

ခဲ့၍ ရရှိခဲ့သော ဆင်စွယ်များနှင့် မြို့သို့ပြန်လာပြီးနောက်၊ ၎င်းတို့ကို ရောင်းချ၍ ရေကြောင်းခရီးဖြင့် ဌာနသို့ ပြန်လာစဉ်၊ သင်္ဘောပေါ်တွင် ခရီးသည်နှစ်ယောက်တို့နှင့် အသိအကျွမ်း ဖြစ်ခဲ့ရ၏။ ၎င်းတို့နှစ်ယောက်မှာ အင်္ဂလန်မှ လိုက်ပါလာကြပြီးနောက် သင်္ဘော ကူးပြောင်းစီးနင်းကြသူများ ဖြစ်လေရာ၊ လမ်းခရီးတွင် ကျွန်ုပ်နှင့် အကျွမ်းဝင်ကြသဖြင့် ၎င်းတို့ လာရောက်သည့်ကိစ္စကို ပြောပြ၍၊ ကျွန်ုပ်အား ၎င်းတို့နှင့်အတူ လိုက်ပါရန် ခေါ်ငင်ကြလေသည်။

ရှေးဦးစွာ ခရီးသည်နှစ်ယောက်တို့၏ ရုပ်လက္ခဏာနှင့် အမည်နာမတို့ကို ဖော်ပြရပေဦးအံ့။ ပထမလူမှာ ဆာဟင်နရီကာတစ်ဖြစ်၍ အသက် ၃၀ အရွယ် ရှိပေရာ၊ အရပ်မှာ ၆ ပေ ၃ လက်မခန့်ရှိ၍၊ ကိုယ်လုံးကိုယ်ပေါက် မှာလည်း ၎င်း၏ မြင့်မားသောအရပ်နှင့် လိုက်လျောအောင် တုတ်ခိုင်ခံ့ထည်လှပေ၏။ စင်စစ်မှာ ထိုသူ၏ ကျယ်ဝန်းသောရင်ပြင်ကြီး၊ ရှည်လျားသော ခြေတံ လက်တံ၊ ရွှေရောင်ရှိသော ဆံပင်နှင့် မုတ်ဆိတ်ကြီး၊ ပီသပြတ်သားသော မျက်နှာ၊ ခပ်ပြူးပြူးနှင့် ကျယ်ဝန်းသော မျက်လုံးပြာကြီးများကို တွေ့မြင်ရသောအခါ ဤကဲ့သို့ ယောကျ်ားပီပီ ခံ့ညား၍ ကြည့်ကောင်းသော လူတစ်ယောက်ကို တွေ့မြင်ရခဲလှသည်ဟု ကျွန်ုပ် မှတ်ထင်မိ၏။ ကျွန်ုပ်မှာ အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်၍ အင်္ဂလန်ပြည်၌ ပေါက်ဖွားခဲ့သော်လည်း အာဖရိကတိုက်တွင် နှစ်ပေါင်း ၄၀ ကျော် နေထိုင်ခဲ့ရသဖြင့်၊ အင်္ဂလိပ်လူမျိုး မြောက်မြားစွာ မတွေ့ဖူး မမြင်ဖူးသောကြောင့်ပေလော မပြောတတ်ပေ၊ ကျွန်ုပ် မျက်စိ၌ကား ကြည့်၍ အကောင်းဆုံး လူတစ်ယောက်ပေတည်း။

ဒုတိယလူမှာ ရေကြောင်းဘက် အရာရှိဟောင်းတစ်ယောက် ဖြစ်၍ အမည်မှာ ကပ္ပတိန်ဂွဒ်ဟု ခေါ်တွင်ပေ၏။ ထိုသူမှာ ပုပုပြတ်ပြတ်နှင့် ခပ်တုတ်တုတ် ရှိသဖြင့်၊ "ဂင်တို" ဟူ၍ ခေါ်ဝေါ်ကြသော လူစားမျိုး ဖြစ်လေရာ ရေကြောင်းအရာရှိ တစ်ယောက်ပီပီ အလွန်သပ်ရပ်စွာ ဝတ်စားဆင်ယင်လေ့





ရှိ၏။ ထိုသူသည် တစ်ဖက်တည်းသော မျက်မှန်ဝိုင်းကလေးကို လက်ျာဘက် မျက်လုံးတွင် အခါခပ်သိမ်း တပ်ထားလေ့ ရှိ၏။ အသက်မှာ ၃၀ ကျော်ကလေးမျှ ရှိသေးသော်လည်း ရေကြောင်းဘက် အရာရှိတို့၏ ထုံးစံအတိုင်း ရှေ့သို့ ရာထူးတိုးတက်ခန့်ထားရန် နည်းလမ်းမရှိတော့သည်နှင့်၊ လခတစ်ဝက်ဖြင့် ပင်စင်ယူကာ အလုပ်ထွက်ခဲ့ရသော အရာရှိဟောင်း တစ်ယောက် ဖြစ်လေသည်။ ထိုသူမှာ အခြားသော အလုပ်မရှိသည်ဖြစ်၍ မိတ်ဆွေ ဆာဟင်နရီကာတစ်၏ ကိစ္စနှင့် ပတ်သက်၍ အာဖရိကတိုက်သို့ ၎င်းနှင့်အတူ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ဆာဟင်နရီကာတစ်၏ ကိစ္စကို ဖော်ပြရပေဦးအံ့။ ဆာဟင်နရီမှာ သားစဉ်မြေးဆက် ဆာ ဘွဲ့ခံရသည့် "ဘေရွှန်နက်" ခေါ် မှူးမျိုးမတ်နွယ် တစ်ယောက် ဖြစ်ပေရာ၊ အင်္ဂလိပ်လူမျိုးတို့၏ ထုံးစံမှာ လူတစ်ယောက်သည် သေတမ်းစာရေးသားခြင်း မပြုဘဲ သေဆုံးခဲ့လျှင် ၎င်း၏ လယ်မြေပစ္စည်းဟူသမျှတို့ကို သားကြီး ဩရသက အလုံးစုံ ဆက်ခံသိမ်းယူခွင့်ရှိ၍၊ အခြားသော သားနှင့် သမီးများမှာ ဩရသ သားကြီးက သနားသဖြင့် ပေးဝေသရလောက်သာလျှင် ရရှိကြရ၏။ ဆာဟင်နရီ၏ ဖခင်၌ သားနှစ်ယောက် ရှိလေရာ ထိုသူသည် သေတမ်းစာ မရေးဘဲ သေဆုံးသွားလေရကား၊ လယ်မြေ ပစ္စည်းဟူသမျှတို့ကို ဩရသဖြစ်သူ ဆာဟင်နရီ တစ်ဦးတည်း ရရှိ၍ သားငယ် ဂျော့ဆိုသူမှာ ပစ္စည်းလက်မဲ့ ဖြစ်နေခဲ့၏။ ဆာဟင်နရီမှာ ရက်ရောသော စိတ်သဘောရှိသူတစ်ယောက်ဖြစ်၍ ညီအငယ်အား ပစ္စည်းအနည်းငယ် ခွဲဝေပေးကမ်းရန် အကြံရှိခဲ့သော်လည်း၊ ညီငယ်ဂျော့မှာ မာနကြီးသူ တစ်ယောက်ဖြစ်၍ အစ်ကိုကြီးအား ကလန်ကဆန် လုပ်ခဲ့သဖြင့် မပေးသေးဘဲ ရွှေ့ဆိုင်းထားခဲ့၏။ နောက်ဆုံး၌ ညီအစ်ကိုနှစ်ယောက်တို့သည် တစ်ခုသောကိစ္စနှင့် ပတ်သက်၍ အကြီးအကျယ် စကားများကြရာတွင်၊ ဂျော့သည် မိမိ၌ ရှိသမျှသော ငွေအနည်းငယ်ကို ဘဏ်တိုက်မှ ထုတ်ယူ၍ အာဖရိကတိုက်သို့ ထွက်သွားခဲ့၏။ အစ်ကိုဖြစ်သူ ဆာဟင်နရီသည် မာန

ကြီးသောညီကို "နွံ" အောင် ပစ်ထားခဲ့ရာ၊ ယခု လေးငါးနှစ်ကျော် ရှိသော်လည်း ညီထံမှ သတင်း တစ်စုံတစ်ရာ မကြားရဘဲ ရှိခဲ့ရကား၊ သွေးရင်းသားရင်း ဖြစ်သည့်အတိုင်း စကားများခဲ့ဖူးသော အဖြစ်ကို မေ့ဖျောက်၍ လူပျိုကြီးတစ်ယောက် ဖြစ်သည့်အလျောက်၊ မိတ်ဆွေကြီး ကပ္ပတိန် ဂွဒ်နှင့်အတူ အာဖရိကတိုက်သို့ ညီ၏သတင်းကို ထောက်လှမ်းစုံစမ်းရန် ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။ သုံးလေးရက်ခန့် အတူတကွ သင်္ဘောစီးကြရ၍ လူချင်း ရင်းနှီးလာကြသောအခါ၊ ဆာဟင်နရီသည် ဂျော့ကို ရှာဖွေခြင်း အလုပ်၌ ကျွန်ုပ်အား ကူညီ၍ ၎င်းတို့နှင့်အတူ လိုက်ပါရန်လည်း ခေါ်ငင်သေး၏။

ကျွန်ုပ် နေထိုင်ရာဌာနဖြစ်သော ဒါဘန်မြို့သို့ ဆိုက်ရောက်ကြသောအခါ၊ ဆာဟင်နရီနှင့် ဂွဒ်တို့သည် ကျွန်ုပ်နှင့်အတူ သင်္ဘောမှဆင်း၍ ကျွန်ုပ်၏နေအိမ်၌ တည်းခိုနေထိုင်ကြ၏။ ထိုအတောအတွင်း ဂျော့အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ထောက်လှမ်းစုံစမ်းကြသဖြင့် သိရှိကြရသော အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

လွန်ခဲ့သော ၅ နှစ်ခန့်က ဂျော့သည် နီဗလ် အမည်နှင့် အာဖရိကတိုက်သို့ ဆိုက်ရောက်လာ၍ ကေဖာလူမျိုး အစေခံတစ်ယောက်ကို ငှားရမ်းပြီးလျှင် "စောလမုန် ဘဏ္ဍာတိုက်" ခေါ် သိုက်ကို ရှာရန်အတွက် သဲကန္တာရကြီးကို ဖြတ်ကျော်သွားကြောင်း၊ တစ်နှစ်ကျော်ခန့် ကြာရှိသောအခါ ကေဖာအစေခံသည် အရိုးနှင့် အရေမျှသာ ကျန်ရှိလျက် ဒါဘန်မြို့သို့ ပြန်ရောက်လာကြောင်း၊ သနားကြင်နာတတ်သော လူများက ၎င်းအား အစာရေစာများကို တိုက်ကျွေးလျက် မေးမြန်းကြသောအခါ၊ အစေခံက "စောလမုန် ဘဏ္ဍာတိုက်" ဆိုသည်မှာ ကေန်အမှန် တည်ရှိကြောင်း၊ ၎င်း၏ဆရာ နီဗလ်မှာ လမ်းခရီး၌ ၎င်းနှင့် ကွဲနေရစ်ကြောင်းများနှင့် ပြောရုံမျှ ပြောပြီးလျှင် အစေခံ အသက်ကုန်ဆုံးသွားကြောင်းနှင့် သိရှိရလေ၏။

ဤနေရာ၌ "စောလမုန် ဘဏ္ဍာတိုက်" ခေါ် သိုက်အကြောင်းကို





ဖော်ပြပေဦးအံ့။ အာဖရိကတိုက် နေတယ်နယ်သို့ ရောက်ဖူးသူဟူသမျှသည် ၎င်းတိုက်ကြီး၏ အလယ်၌ "စောလမုန် ဘဏ္ဍာတိုက်" ခေါ် သိုက်ကြီး တည်ရှိကြောင်းကို ကြားရဖူးသော အဖြစ်အပျက်တစ်ခုမှာကား၊ လွန်ခဲ့သော ၁၅ နှစ်ခန့်အခါက ပေါ်တူဂီလူမျိုး တစ်ယောက်သည် အလွန်အမင်း ခရီးပန်း၍၊ အဖျားရောဂါ အမျိုးမျိုး ဖိစီးနှိပ်စက်လာသည့် လက္ခဏာနှင့် အရိုးပေါ်တွင် အရေမျှတင်လျက်ကျန်ကာ၊ ကျွန်ုပ်၏စခန်းသို့ ဆိုက်ရောက်လာ၍ ရေနှင့် စားစရာများ တောင်းသည်နှင့် ကျွန်ုပ်က နွားနို့တစ်ခွက်နှင့် မုန့်အနည်းငယ်ကို ပေးဖူးကြောင်း၊ ထိုသူသည် နွားနို့ကို သောက်ပြီးနောက် 'ခင်ဗျားကျေးဇူး ရှိပေသည်။ ဤစာကိုယူ၍ ဘဏ္ဍာကို ရှာရစ်ပေလော့။ ဤစာကား ကျွန်ုပ်၏ "ဆိ" ရေးခဲ့သော အညွှန်း ဖြစ်သည်။ ၎င်းအညွှန်းအတိုင်း ကျွန်ုပ်တို့ လိုက်သွားရာ သဲကန္တာရ၏ ဒဏ်ကို မခံနိုင်သောကြောင့် လူအားလုံး သေဆုံး၍ ကျွန်ုပ်တစ်ယောက်တည်း ပြန်ရောက်လာရသည်။ ကျွန်ုပ်လည်း သေရတော့မည်။ ခင်ဗျားကား လူစွမ်းကောင်း တစ်ယောက်ဖြစ်ပေသည်။ သဲကန္တာရနှင့် တောင်များကို ဖြတ်ကျော်၍ ဘဏ္ဍာများကို ယူရစ်ပေလော့ ....' ဟု ပြောပြီးလျှင် အသက်ကုန်ဆုံးသွားကြောင်း။ ကျွန်ုပ်သည် ထိုသူပေးသော သားရေချပ်ပေါ်တွင် ပေါ်တူဂီဘာသာဖြင့် ရေးထားသော စာများကို ပေါ်တူဂီလူမျိုး အရက်မူးတစ်ယောက်အား ပြကြည့်ရာ၊ ၎င်းက အောက်ပါအတိုင်း အဓိပ္ပာယ်ပြန်ဆို ပြောပြကြောင်း။

"ရှီဗာ၏ အသားမြတ်ခေါ် တောင်ကြီးနှစ်လုံးအနက် လက်ဝဲဘက် သားမြတ်တောင်အတွင်းရှိ ဂူထဲ၌ သေလုဆဲဆဲရှိနေသော ကျွန်ုပ် ဒီဆီလဗာသည် ၁၅၉၀ ခုနှစ်တွင် ဤစာကို ရေးခြစ်ခဲ့သည်။ ဤစာကို တွေ့သောသူက ဘုရင့်ထံ တင်ပြ၍ ဘုရင်က စစ်တပ်များ စေလွှတ်ပြီး၊ ဘဏ္ဍာကို သိမ်းယူခဲ့လျှင် တပ်ဖြင့် မသယ်နိုင်လောက်အောင် စိန်များ ရရှိလိမ့်မည်။ သေမင်းရုပ်တု၏ နောက်၌ရှိသော

စောလမုန်ဘဏ္ဍာတိုက်ကို ကျွန်ုပ် မျက်စိနှင့် မြင်ခဲ့ရသည်။ သို့သော် စုန်းမကြီး ဂါဂူလကြောင့် ကျွန်ုပ်ကား စိန် တစ်လုံးမျှ မယူခဲ့ရချေ။ "ရှိဗာ၏ သားမြတ်" ခေါ် တောင်ကြီးနှစ်လုံးအနက် လက်ဝဲဘက် သားမြတ်တောင်ကို ကျော်မိသောအခါ၊ စောလမုန်ဘုရင် ဆောက်လုပ်ထားခဲ့သော လမ်းမကြီးမှာ ဖုန်လျက်ရှိသည်။ ၎င်းလမ်းအတိုင်း ၃ ရက်သွားလျှင် ဘုရင်၏ နန်းတော်သို့ ဆိုက်ရောက်လိမ့်မည်။ စုန်းမ ဂါဂူလကိုသတ်၍ ဘဏ္ဍာများကို ယူကြလေကုန်" ။

ကျွန်ုပ်သည် အထက်ပါစာကို ဆာဟင်နရီအား ပြ၍ စာရေးသူ၏ မြစ်တော်သူ ခရီးသည် ဒီဆီလဗာ အကြောင်းများကို ပြောပြသောအခါ ဆာဟင်နရီမှာ အလွန်တရာ စိတ်ပါလျက် ရှိ၏။ စိတ်ပါသည် ဆိုရာ၌ ဆာဟင်နရီသည် ဘဏ္ဍာကို အလိုရှိ၍ မဟုတ်၊ ၎င်းဘဏ္ဍာများကို ရှာရန် သွားဟန်တူသော ညီ ဂျော့ကို ရှာဖွေရန်အတွက် ဖြစ်လေသည်။ ဆာဟင်နရီမှာ လယ်မြေ အမွေအနှစ် မြောက်မြားစွာ ဆက်ခံရရှိထားသူတစ်ယောက် ဖြစ်သောကြောင့်၊ မည်သည့်သိုက် မည်သည့်ဘဏ္ဍာကိုမျှ မက်မောလောက်အောင် မရှိချေ။

ထို့ပြင် ပေါ်တူဂီလူမျိုးထံမှ ရရှိထားသော သားရေချပ်ပေါ်တွင် ရေးသားထားသည့် စာလုံးများအောက်၌ မြေပုံတစ်ခုလည်း ရေးခြစ်ထားလေရာ ၎င်းမှာ ဘဏ္ဍာတိုက်သို့ သွားရာသော လမ်းညွှန်ဖြစ်၍ ကျွန်ုပ်တို့သည် မြေပုံကို သေချာစွာ ကြည့်ရှုကြ၏။ နောက်ဆုံး၌ ဆာဟင်နရီ၏ တိုက်တွန်းချက်အရ ကျွန်ုပ်သည် ဂျော့ကို ရှာဖွေရန် ၎င်းတို့နှင့်အတူ လိုက်ပါဖို့ ဆုံးဖြတ်လိုက်ရာ၊ ကျွန်ုပ်ကိုယ်တိုင် ရေးဆွဲထားသည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ကုန်ကျသမျှသော စရိတ်ကြေးငွေနှင့် ပတ်သက်၍ ဆာဟင်နရီက အလုံးစုံ တာဝန်ခံ၍၊ ရရှိသမျှသော ဆင်စွယ်များနှင့်





အခြား အဖိုးတန် ပစ္စည်းဟူသမျှကို ကျွန်ုပ်နှင့် ကပ္ပတိန်ဂွဒ်တို့ နှစ်ယောက် အညီအမျှ ခွဲဝေယူကြရမည်။

(၂) ခရီးမထွက်မီ ဆာဟင်နရီက ကျွန်ုပ်အား ရွှေဒင်္ဂါး ၅၀၀ ပေးအပ်ရမည်။ ကျွန်ုပ်က ဆာဟင်နရီ၏ကိစ္စ ထ မြောက်သည်တိုင်အောင် ဖြစ်စေ၊ သို့မဟုတ် လက်လျှော့ပြန်ခဲ့ကြသည် ဖြစ်စေ၊ သို့မဟုတ် ဘေးဥပဒ် တစ်စုံတစ်ရာ ကပ်ငြိသည်တိုင်အောင်ဖြစ်စေ ဆာဟင်နရီ၏ အမှုကို ကျိုးနွံစွာ ဆောင်ရွက်ပေးရမည်။

(၃) ကျွန်ုပ် သေဆုံးသည်ဖြစ်စေ၊ သို့မဟုတ် လုပ်ကိုင်စားသောက်ခြင်း မပြုနိုင်လောက်အောင် ထိခိုက်နာကျင်ခြင်း ရှိသည်ဖြစ်စေ အင်္ဂလန်ပြည် လန်ဒန်မြို့ ဆေးကျောင်းတွင် ဆေးအတတ်သင်ကြားလျက်ရှိသော ကျွန်ုပ်၏သားကို တစ်နှစ်လျှင် ရွှေဒင်္ဂါး ၂၀၀ နှုန်းဖြင့် ၅ နှစ်တိုင်တိုင် ပေးပါမည်ဟူ၍ ဆာဟင်နရီက စာချုပ်တွင် လက်မှတ်ရေးထိုးရမည်။

ကျွန်ုပ်သည် အထက်ပါ စည်းကမ်းချက်များကို ဆာဟင်နရီအား ပြောပြသောအခါ ဆာဟင်နရီက ၎င်းစည်းကမ်းချက်များမှာ အလွန်တရာ လျော်ကန်သင့်မြတ်လှပေသည်ဟု ပြော၍ သွက်လက်စွာပင် သဘောတူညီလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဝတ်လုံတော်ရတစ်ယောက်၏ အကူအညီဖြင့် စာချုပ်တစ်ခု ရေးဆွဲ၍ ဆာဟင်နရီက ကျွန်ုပ်အား ရွှေဒင်္ဂါး ၅၀၀ ယုတ်ပေးပြီးနောက်၊ ကျွန်ုပ်တို့သည် ခရီးထွက်ရန်အတွက် လိုအပ်သော ပစ္စည်းများကို စာရင်းပြုလုပ်ကြလေ၏။ ပစ္စည်းများကား ....

(၁) နောက်ပိုင်းတွင် ရွက်ထည်ပေါင်းမိုး တပ်ဆင်၍ ရှေ့ပိုင်းတွင် ပစ္စည်းများ တင်ဆောင်ရန်အတွက် အမိုးမပါသည့် လှည်းကြီးတစ်စီး (ပေါင်းမိုးထဲတွင် လူ ၃ ယောက် အိပ်ရန်အတွက်

ခုံတန်းလျားရှည်နှင့် သေနတ်များထားရန် နေရာလည်းပါရှိသည်)။

(၂) ၎င်းလှည်းကြီးကို ဆွဲရန် နွားထီး ၁၆ ကောင်နှင့် အပိုနွားထီး ၄ ကောင်။

(၃) ဆင်ပစ်သေနတ်ကြီး ၃ လက်။

(၄) အခြားသော သားကောင်များ ပစ်ရန်အတွက် သေနတ်အလတ်စား ၃ လက်။

(၅) ဟင်းစားရန်အတွက် အမဲပစ်သေနတ်ကလေး တစ်လက်။

(၆) ဝင်ချက်စတာရိုင်ဖယ်ခေါ် ၆ ချက်ထွက် သေနတ် ၃ လက်။

(၇) ရီဗောလ်ဗားခေါ် ခြောက်လုံးပြူး သေနတ်ကလေး ၃ လက်။

(၈) အနာရောဂါအတွက် ဆေးဝါးများနှင့် ၎င်းဆိုင်ရာကိရိယာများ။

(၉) စားနပ်ရိက္ခာများ။

၎င်းနောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါရန်အတွက် လူမည်မျှ ငှားရမ်းခေါ်ငင်ရမည်ဟု စဉ်းစားကြရာ၊ တတ်နိုင်သမျှ အကျဉ်းချုံးရန် သဘောတူညီကြသည့်အတိုင်း၊ လူ ၅ ယောက်မျှသာ ခေါ်ငင်ခဲ့ရန် ဆုံးဖြတ်ကြလေ၏။ ၎င်းတို့မှာ လှည်းမောင်းရန် ဒရိုင်ဘာတစ်ယောက်၊ နွားများကို ရှေ့မှဆွဲခေါ်ရန်အတွက် လူတစ်ယောက်နှင့် အစေခံ ၃ ယောက်တို့ ဖြစ်လေသည်။ နောက်ဆုံး၌ လှည်းမောင်းရန်နှင့် ရှေ့မှဆွဲရန်အတွက် ရိုဇာနှင့် တွန် အမည်ရှိ ဇူလူးလူမျိုး နှစ်ယောက်ကိုလည်းကောင်း၊ အစေခံအတွက် "လေငှက်" ဆိုသူနှင့် စီဗာဆိုသူ ဟော့တင်ကော့လူမျိုး နှစ်ယောက်ကိုလည်းကောင်း ငှားရမ်းရရှိသော်လည်း၊ တတိယ အစေခံအတွက် ရုတ်တရက် လူမရနိုင်ဘဲ အခက်အခဲ ကြုံတွေ့လျက် ရှိ၏။

ယင်းသို့ရှိစဉ် တစ်နေ့သ၌ ကေဖာလူမျိုးတစ်ယောက်သည် ကျွန်ုပ်တို့ထံ ရောက်လာ၍ အာဖရိကတိုက်၏ အလယ်ပိုင်းသို့ ခရီးသွားကြမည်ဟု ကြားသိရသောကြောင့် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလိုကြောင်း၊ ၎င်းအား





ကျွေးမွေးလျှင် ကျွန်ုပ်တို့ စေခိုင်းသမျှ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ၎င်းမှာ "တောကြေ" သော သူတစ်ယောက် ဖြစ်သောကြောင့် လမ်းခရီးတွင် ကျွန်ုပ်တို့အဖို့ အသုံးဝင်လိမ့်မည် ဖြစ်ကြောင်းများနှင့် ပြောပြလေ၏။ ဆာဟင်နရီသည် ကျွန်ုပ်က ဘာသာပြန်ပြောသဖြင့် ထိုသူ၏ဆန္ဒကို သိရသောအခါ ထိုသူအား မြေပေါ်တွင် မတ်တတ်ရပ်ခိုင်း၍ ၎င်းနှင့်ယှဉ်လျက် ဆာဟင်နရီလည်း မတ်တပ်ရပ်လိုက်၏။ ထိုလူမှာ အလွန်တရာ ထွားကျိုင်းသူတစ်ယောက် ဖြစ်ရကား၊ ၆ ပေနှင့် ၃ လက်မတိတိရှိသော ဆာဟင်နရီနှင့် ပခုံးချင်းညီလျက် ရှိနေလေတော့၏။ ၎င်းနောက် ဆာဟင်နရီက ထိုလူ၏အမည်ကို မေးသဖြင့် "အမ်ဘိုပါ" ဟု ပြန်ပြောရာတွင် ဆာဟင်နရီက 'ကောင်းပြီ ....အမ်ဘိုပါ၊ ကျွန်ုပ်၏ အစေခံအဖြစ်နှင့် မောင်မင်းကို ကျွန်ုပ် ယူမည် ....' ဟု ဆုံးဖြတ်လိုက်လေ၏။ အစေခံများမှာ ဆာဟင်နရီအတွက် အမ်ဘိုပါလည်းကောင်း၊ ဂွဒ်အတွက် စီဗာလည်းကောင်း၊ ကျွန်ုပ်အတွက် "လေငှက်" လည်းကောင်း အသီးသီးခွဲဝေ သတ်မှတ်ထားကြလေ၏။

## အခန်း ၂

# ဆင်ရိုင်းများ ပစ်ကြခြင်း

ကျွန်ုပ်တို့သည် ဒါဘန်မြို့မှ ထွက်ခွာ၍ မိုင်ပေါင်းတစ်ထောင်ခန့်မျှ ကုန်းလမ်းခရီးဖြင့် သွားလာခြင်းများကို အကျယ်တဝင့် ရေးသားဖော်ပြခြင်း မပြုတော့ပေ။ ပထမ မိုင် ၇၀၀ ခန့်သော ခရီးကို လှည်းဖြင့် သွားကြသော်လည်း၊ လူနှင့် မွေးမြူ တိရစ္ဆာန်ပါမက္ကန်၌ လူမှာတိရစ္ဆာန် များကို လူ ဖိမ်အကြောင်း သည်ဟု အကြောင်းကြောင့် များကို သဘောကြည့်လည်းမပြင်နိုင် သွားကြသောကြောင့်၊ ကျွန်ုပ်တို့သည် ကြွင်းကျန်သော မိုင် ၃၀၀ ခန့်ခရီးကို ခြေကျင်သာလျှင် လျှောက်ခဲ့ကြရ၏။ အဆိုပါ မိုင် ၁,၀၀၀ ခန့်မျှသော ခရီးကို သွားကြစဉ်၊ ကျွန်ုပ်တို့သည် ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက် များစွာတို့ကို ကြုံတွေ့ခဲ့ရပြီး သော်လည်း၊ ၎င်းတို့မှာ အာဖရိကတိုက်အတွင်း ခရီးသွားလာရသူ ဟူသမျှတို့ ကြုံတွေ့ရမြဲဖြစ်သော အဖြစ်အပျက်မျိုးမျှသာ ဖြစ်သောကြောင့် အထူး တလည် ဖော်ထုတ်ရေးသားခြင်း မပြုလိုတော့ပေ။ ကျွန်ုပ်တို့သည် ဇန်နဝါရီ လကုန်ခါနီးတွင် ဒါဘန်မြို့မှ ထွက်ခွာလာခဲ့ကြ၍ မေလ ဒုတိယ ရက် သတ္တပတ်တွင် မိုင် ၁,၀၀၀ ကျော် ပေါက်ရောက်ခဲ့ကြလေပြီ။ နွားများနှင့် လှည်းကိုမူ မိုင် ၇၀၀ စခန်းတွင် လှည်းမောင်းသူ ရိဇာနှင့် ရှေ့ဆောင်သူ တွန်တို့လက်တွင် အပ်နှံထားပစ်ခဲ့ကြလေပြီ။ ၎င်းစခန်းမှ ပစ္စည်းများကို





ထမ်းပိုးသူ လူ ၆ ယောက် ဌားရမ်းလျက် ကျွန်ုပ်တို့သည် အစေခံ ၃ ယောက် တို့နှင့်အတူ မိုင် ၃၀၀ ခန့်မျှ ခြေကျင် လျှောက်လာခဲ့ကြ၏။ ကျွန်ုပ်အဖို့ မှာမူ ၎င်းလှည်းနှင့် နွားများရှိရာ စခန်းသို့ မည်သည့်နည်းနှင့်မျှ ပြန်လည် ဆိုက်ရောက် လာကြရတော့မည်ဟု မမျှော်လင့်မိချေ။

အင်ယတ္တိစခန်းမှ ရက်သတ္တ နှစ်ပတ်မျှ ခရီးထွက်မိကြသောအခါ ကျွန်ုပ်တို့သည် အထူးသဖြင့် စိမ်းလန်းစိုပြည်၍ စိတ်နှလုံးကြည်နူးဖွယ် ကောင်းလှသော တောအုပ်ကြီးတစ်ခုသို့ ဆိုက်ရောက်လာကြလေရာ၊ "မာချ ဘဲလ်" ခေါ် အလွန်ချိုအေးလှ၍ အရည်ရွှမ်းသော သစ်သီးဝါကြီးများသည် ၎င်းတောအုပ်၌ ပေါက်ရောက်၍၊ ဆင်ရိုင်းများသည် ၎င်းသစ်သီးများကို အလူး နှစ်သက်စွာ စားသောက်တတ်ကြ၏။ အချို့နေရာများတွင် သစ်ပင် ကြီးများကို အမြစ်မှ ကော်လှန် လှဲဖြိုထားခြင်း၊ အကိုင်းကြီးများကို ချိုးဖဲ့ ထားခြင်း စသော အထိမ်းအမှတ်များအပြင် ဆင်ခြေရာများကိုလည်း ရံဖန် ရံခါ တွေ့ရှိကြရသည် ဖြစ်သောကြောင့် တောဆင်ရိုင်းအုပ်များနှင့် မဝေးတော့ သည့် အဖြစ်ကို ကျွန်ုပ်တို့ ရိပ်မိရပေ၏။

တစ်နေ့သော ညနေ၌ ကျွန်ုပ်တို့သည် စိမ်းစိုသော တောင်ပူစာတစ်ခု ၏ ခြေရင်းတွင် ခြောက်ခန်းလျက်ရှိသော မြစ်ကြောင်းကြီးတစ်ခုသို့ ဆိုက် ရောက်လာကြရာ၊ မြစ်ကြောင်းတွင် ရေအဆက်ပြတ်နေကြသော်လည်း အချို့ သော နေရာတို့၌ အိုင်ကလေးများသဖွယ် ထွန်းနေသည့် ကြည်လင်အေးမြ သော ရေသည် စုဝေးလျက် ရှိနေကြသေး၏။ အိုင်များ ပတ်ဝန်းကျင်၌လည်း သားကောင် အမျိုးမျိုးတို့၏ ခြေရာများဖြင့် ရှုပ်ထွေးလျက်ရှိရာ၊ တောင်ပူစာ နှင့် မျက်နှာချင်းဆိုင် အရပ်တွင်မူကား ပြန့်ပြူးညီညာသော လွင်ပြင်ကြီးသည် မျက်စိတစ်ဆုံး တည်လျက်ရှိပေ၏။

ကျွန်ုပ်တို့သည် တစ်ခုသော ရေအိုင်သို့ သက်ဆင်းမည် ပြုကြသည် နှင့် တစ်ပြိုင်နက် သတ္တဝါအပေါင်းတို့တွင် လည်ပင်းအရှည်ဆုံးဖြစ်သည့် သစ်ကုလားအုပ်တစ်စုသည် ထိတ်လန့်စွာ တက်ပြေး၍ အမြီးများကို ကျော

ပေါ်၌ ထောင်လျက် ထူးဆန်းလှသော ပြေးနည်းမျိုးဖြင့် ယိမ်းထိုးကာ ထွက်ပြေးကြလေ၏။ သစ်ကုလားအုပ်များမှာ ကျွန်ုပ်တို့နှင့် ကိုက် ၃၀၀ ခန့်ကွာလှမ်းလျက် နေရကား၊ မုဆိုးတစ်ယောက်ဖြစ်သော ကျွန်ုပ်မှာ သေချာသော အကွာအဝေး မဟုတ်သောကြောင့် သေနတ်ကို ကိုင်လျက်သာလျှင် ငေးကြည့်နေလိုက်လေ၏။ ကပ္ပတိန်ဂွဒ်မှာမူ အလွန်တရာ သေနတ်ပစ်ချင်လှသူတစ်ယောက် ဖြစ်သည့်အတိုင်း၊ ရလောက်သည် မရလောက်သည်ကို ချင့်ချိန်တိုင်းထွာခြင်း မရှိဘဲ ကျည်မကြီး ထိုးထားသည့် ရိုင်ဖယ် သေနတ်ကို မြှောက်လျက်၊ အုပ်ထဲတွင် နောက်ဆုံးမှ ပြေးလိုက်နေသည့် သစ်ကုလားအုပ်မကလေးကို ချိန်ပစ်လိုက်ရာ၊ ကျည်ဆန်သည် လည်တိုင်ကို တည့်တည့်ကြီး ထိမှန်သဖြင့် လည်ပင်းကျိုးပြီးလျှင် သစ်ကုလားအုပ်ကလေးမှာ နေရာတွင် ပုံလျက်သား လဲကျ သေဆုံးလေ၏။ ကပ္ပတိန်ဂွဒ်မှာ စင်စစ်အားဖြင့် လက်ဖြောင့်သူတစ်ယောက် မဟုတ်သော်လည်း "ခြေချော် လက်ချော်" ဟူဘိသကဲ့သို့ ၎င်းသေနတ် တစ်ချက်စွဲလိုက်ခြင်းကို အကြောင်းပြု၍ လမ်းတစ်လျှောက်လုံး အသားယူ၍ မဆုံးနိုင်အောင် ဖြစ်နေလေတော့၏။

ကျွန်ုပ်တို့သည် ထိုည၌အဖို့ မြစ်ဟောင်းကမ်းပါးတွင် စခန်းချရန် ဆုံးဖြတ်ပြီးရကား၊ အချို့သော အထမ်းကူလီများအား သစ်ကုလားအုပ်သားကို ဖျက်ယူခဲ့စေလျက်၊ အခြားကူလီများနှင့် အစေခံများအား ရေအိုင်နှင့် ကိုက်တစ်ရာခန့်တွင် စတည်းချရန် ပြင်ဆင်စေ၏။ ပြင်ဆင်နည်းကား ဆူးပင်များကို ခုတ်ယူ၍ စက်ဝိုင်းသဖွယ် ပတ်ပတ်လှည့် စုပုံပြီးလျှင် အလယ်တွင် အိပ်ရန်အတွက် ကိုင်းမြက်ခြောက်များခင်း၍ အနီးတွင် မီးပုံကြီးများ ဖိုထားကြရ၏။ ထိုည၌ စခန်းတဲဆောက်လုပ်ပြီး၍ လ ထွက်ပြူလာသော အချိန်တွင်၊ ကျွန်ုပ်တို့သည် မြက်ခြောက်ပေါ်တွင် ထိုင်လျက် သစ်ကုလားအုပ်သား "ဘီစကိတ်" နှင့် ရိုးတွင်းချဉ်ဆီပြုတ်တို့ကို အထူးမြိန်ရှက်စွာ စားသောက်ကြလေ၏။ ပြီးစီးသောအခါ ကျွန်ုပ်တို့သည် မီးပုံကြီးအနီးတွင် ထိုင်လျက် မုဆိုးအဖြစ်နှင့် ကျွန်ုပ် သေနတ်ပစ်ခဲ့ဖူးသော အကြောင်းအရာ





များကို ဆေးတံသောက်ရင်း၊ ပြောသူက ပြော၍ နားထောင်သူများက နားထောင်ကြ၏။

သန်းခေါင်ချိန်နီးသဖြင့် အိပ်ကြတော့မည် ပြင်ဆင်ဆဲတွင် ရေအိုင်ဆီမှ ပြင်းထန်နက်ကျယ်လှစွာသော ခြသေ့်ဟောက်သံများ ကြားကြရသဖြင့် ကျွန်ုပ်တို့သည် ထိုင်ရာမှ တစ်ပြိုင်တည်း ထ လိုက်ကြ၏။ နောက်တစ်ခဏ၌ ဆင်တစ်ကောင်၏ နှာမောင်းရိုက်သံများ ကြားရပြီးနောက် မည်းမှောင်သော ကိုယ်လုံးကြီးများသည် ရေအိုင်ဆီမှ တောအုပ်ဘက်သို့ ဝင်သွားသည်ကို မြင်လိုက်ရသဖြင့် ဆင်အုပ်ကြီး တက်သွားကြောင်း သိလိုက်ကြရ၏။ ထိုအခြင်းအရာများကို တွေ့မြင်ရသောအခါ ညီကို ရှာဖွေဖို့ အလွန်အရေးကြီးလျက်ရှိသော ဆာဟင်နရီကပင်လျှင် ဤစခန်းတွင် တစ်ရက် နှစ်ရက်မျှ နား၍ သေနတ်ပစ် လှည့်လည်ကြရန် အကြံပေးသေး၏။ ကပ္ပတိန်ဂွဒ်သည်လည်း ၎င်းအကြံကို ထောက်ခံရကား ဆင်ပစ်မုဆိုးဖြစ်သော ကျွန်ုပ်မှာ ၎င်းအကြံအတိုင်း စီမံကြရန် သဘောတူ ဆုံးဖြတ်လိုက်လေ၏။

၎င်းနောက် အိပ်ရာသို့ ဝင်တော့မည် ပြုကြပြန်ရာတွင် ကြောက်မက်မွယ် နက်ကျယ်လှသော ခြသေ့်ဟောက်သံများ ဆက်ကာဆက်ကာ ကြားကြရပြန်သည်နှင့်၊ ထိုင်ရာမှ ထ ကြပြန်၍ ရေအိုင်ဘက်သို့ မျှော်ကြည့်ကြလေ၏။ ထိုနေရာ၌ ဝါဝါနှင့် မည်းမည်းနက်နက်တို့ ရောယှက်သော အစိုင်အခဲကြီး တစ်ခုသည် ကျွန်ုပ်တို့ဘက်သို့ တဖြည်းတဖြည်း တရွေ့ရွေ့ တိုး၍တိုး၍ လာနေရာ၊ ကျွန်ုပ်တို့ သုံးယောက်သည် သေနတ်ကိုယ်စီကိုင်လျက် ဆူးစည်းရိုး အပြင်ဘက်သို့ ပြေးထွက်သွားကြလေ၏။ ထိုအခါ၌ကား အစိုင်အခဲကြီးသည် မြေပေါ်တွင် ရပ်တန့်လျက် ထိုမှဤမှ လူးလိမ့်ကာ ကျွမ်းသန္တာပြန်နေလေရာ ကျွန်ုပ်တို့ ချဉ်းကပ်သွားကြသော အခါတွင်မူကား ငြိမ်ဝပ်စွာ ရှိနေခဲ့လေပြီ။

နောက်ဆုံး၌ လ ရောင်တွင် ကျွန်ုပ်တို့ တွေ့မြင်ရသော အခြင်းအရာမှာကား ဤသို့တည်း။ မြက်ခင်းပေါ်တွင် အလွန် ထက်မြက်ရှည်လျားသော

ဦးချိုရှိသည့် တောင်ဆိတ်သိုးနက်ကြီးတစ်ကောင်သည် စင်းစင်းသေလျက်ရှိရာ၊ ၎င်း၏ဦးချို၌ကား လည်ဆံနက်ရှိသော ခြင်္သေ့ထီးကြီးတစ်ကောင်သည် ထုတ်ချင်းပေါက် စူးတပ်လျက် အသက်ထွက်နေလေတော့၏။ ဖြစ်ပွားသော လက္ခဏာမှာ ခြင်္သေ့သည် ရေအိုင်အနီးမှ တောင်ဆိတ်ကို ချောင်းနေ၍ ၎င်းအပေါ်သို့ ခုန်အုပ်လိုက်ရာတွင်၊ တောင်ဆိတ်သည် ခြင်္သေ့ကို ဦးချိုဖြင့် ခတ်လိုက်ရကား၊ ထက်မြက်လှသော ချိုများသည် ခြင်္သေ့ကို ထုတ်ချင်းဖောက်သွားဟန် တူ၏။ သို့ပါသော်လည်း ခြင်္သေ့မှာ ရုတ်တရက် မသေသေးသည်ဖြစ်၍ ဆိတ်ပေါ်မှစီးလျက် မိရာနေရာကို ကိုက်ခဲလေရာ၊ ဆိတ်ကြီးလည်း သွေးရူးသွေးတန်းနှင့် ရုန်းကာ လျှောက်သွားသဖြင့် ကျွန်ုပ်တို့ရှိရာသို့ တရွေ့ရွေ့ ရောက်လာခဲ့ဟန် တူ၏။ နောက်ဆုံး၌ ခြင်္သေ့ရောဆိတ်ပါ တစ်ပြိုင်နက်တည်း သေဆုံး၍ ကျွန်ုပ်တို့ရှေ့မှောက်တွင် လဲကျကြရခြင်း ဖြစ်ဟန်တူပေ၏။ ကျွန်ုပ်တို့သည် အသေကောင်များကို သေချာစွာကြည့်ရှုကြပြီးနောက်၊ ကူလီများနှင့် အစေခံများကိုခေါ်၍ စည်းရိုးဝင်းအတွင်းသို့ ဆွဲသွင်းကြပြီးမှ အိပ်ရာသို့ ဝင်ကြလေ၏။

နောက်တစ်နေ့ လင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဆင်ပစ်ထွက်ရန်အတွက် ပြင်ဆင်ကြလေ၏။ ဆင်ပစ်သေနတ်ကြီး သုံးလက်ကို ယမ်းတောင့် အမြောက်အမြားနှင့်တကွ ဆောင်ယူခဲ့၍၊ ရေဘူးများကိုလည်း လက်ဖက်ရည် ပေါ့ပေါ့ဖျော်၍ အပြည့်ထည့်ပြီးလျှင်၊ ကျွန်ုပ်တို့ သုံးယောက်သည် အစေခံ သုံးယောက်ကိုခေါ်၍၊ နံနက်စာ စားပြီးသည်နှင့် တစ်ပြိုင်နက် ထွက်လာခဲ့ကြလေ၏။ ကူလီများမှာမူ ခြင်္သေ့ကို သားရေဆုတ်၍၊ တောင်ဆိတ်ကို ညှင်းလှမ်းရန် အလုပ်ပေးထားခဲ့ကြ၏။

မကြာမီ ကျွန်ုပ်တို့သည် တောထဲ၌ ဆင်အုပ်ကြီး ဖြတ်သန်းသွားသော လမ်းကြောင်းကြီးကို တွေ့ကြရပေရာ၊ ဆင်အုပ်မှာမူ တစ်ညဉ့်လုံး ခရီးသွားကြသောကြောင့် ၉ နာရီကျော်၍ နေပူပြင်းလှသောအခါမှ ချဉ်းကပ်မိကြ၏။ ၁၀ နာရီ ကျော်လတ်သော် ၃၀ ခန့်မျှသော ဆင်အုပ်ကြီးသည်





နံနက်စာ စားပြီးသဖြင့် နားနေကြသည့် လက္ခဏာနှင့် ချိုင့်ဝှမ်းသော နေရာတစ်ခုသည်တွင် နားရွက်ကြီးများ ခတ်လျက် ရပ်နေကြသည်ကို မြင်ကြရ၏။ ကျွန်ုပ်တို့သည် သစ်ရွက်တစ်ဆုပ်ကို မြှောက်ကြဲကာ လေ၏ အခြေအနေကို စုံစမ်းပြီးမှ၊ လေအောက်မှ တဖြည်းဖြည်း ချဉ်းကပ်ကြလေရာ နောက်ဆုံး၌ ဆင်အုပ်နှင့် ကိုက် ၄၀ ခန့်မျှသာ ကွာလှမ်းသော ချုံပုတ်များရှိရာသို့ ရောက်ကြလေ၏။ ကျွန်ုပ်တို့၏ ရှေ့တည့်တည့်၌ ဆင်ကြီး သုံးကောင် ရပ်လျက်ရှိရာ တစ်ကောင်မှာ အစွယ်ကြီး ရှည်လှပေ၏။ ထိုခဏ၌ ကျွန်ုပ်တို့ သုံးယောက်မှာလည်း ရင်ပေါင်တန်းယှဉ်လျက်ရှိရာ လက်ယာအစွန်းရှိသော ဆာဟင်နရီအား လက်ယာစွန်း ဆင်ကြီးကိုလည်းကောင်း၊ ကျွန်ုပ်က အလယ်မှ ဆင်ကြီးကိုလည်းကောင်း၊ ဂွဒ်က လက်ဝဲဘက်စွန်း ဆင်ကိုလည်းကောင်း အလိုက်သင့် ပစ်ကြရန် ကျွန်ုပ်က စီမံပေး၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် တစ်ကိုယ်လျှင် တစ်ကောင်စီ အသီးသီး သေနတ်ဖြင့် ချိန်ရွယ်ထားကြရာ၊ ဂွဒ်မှာ အစွယ်ကြီးနှင့် ဆင်ကြီးကိုပစ်ရန် ကြိုကြိုက်နေတော့၏။ ထိုနောက် 'ကိုင်း ....ပစ်ကြစို့ ....' ဟု ကျွန်ုပ်က အချက်ပေး၍ ပစ်လိုက်ကြသဖြင့် သေနတ် သုံးလက်တို့သည် ဒိုင်း .... ဒိုင်း ....ဒိုင်းနှင့် ထွက်သွားကြ၏။

ဆာဟင်နရီ၏ဆင်မှာ နှလုံးသားကို ကျည်ဆံဖောက်သွားသဖြင့် နေရာ၌ပင် ဒူးထောက်လျက် ပွဲချင်းပြီး လဲကျသေဆုံးလေ၏။ ကျွန်ုပ်၏ဆင်မှာလည်း ဒူးထောက်သွားသဖြင့် နေရာ၌ပင် သေဆုံးတော့မည်ဟု မှတ်ထင်နေစဉ်၊ ရုတ်တရက် လွန့်ထပြီးမှ ကျွန်ုပ်အနီး ဖြတ်ပြေးသဖြင့် နံဘေးကို တစ်ချက်ဆင့်၍ ပစ်သွင်းလိုက်ရသေး၏။ လေးငါးလှမ်းခန့်တွင် ဒုတိယတစ်ကြိမ် လဲကျပြန်ရကား၊ ကျွန်ုပ်သည် ယမ်းတောင့်များ ထပ်မံထိုးသွင်း၍ လဲကျတွန့်လိမ်လျက် ရှိနေသေးသော ဆင်ကြီးထံ ပြေးသွားပြီး ဦးနှောက်ထဲသို့ တတိယတစ်ချက် ပစ်သွင်းလိုက်သောအခါမှ ဝေဒနာ ခံစားရခြင်းမှ လွတ်၍ ငြိမ်းသွားလေတော့၏။

ကပ္ပတိန်ဂွဒ်၏ စွယ်စုံကြီးမှာမူ မည်သည့်နေရာ၌ ထိမှန်သွားသည် မသိ၊ ပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ဂွဒ်ရှိရာသို့ ပြေးလာသဖြင့်၊ ဂွဒ်က အနိုင့်အနိုင် တိမ်းရှောင်လိုက်ရာတွင်၊ ဆင်ကြီးသည် ကျွန်ုပ်တို့၏ စခန်း ရှိရာသို့ ပြေးသွားလေတော့၏။ ထိုအတောအတွင်း၌ ဆင်အုပ်ကြီးသည် ထိတ်လန့်မြည်အော်ကာ အခြားတစ်ဖက်သို့ ထွက်ပြေးကြလေပြီ။

ကျွန်ုပ်တို့သည် ဂွဒ်၏ ဆင်ကြီးနောက်သို့ လိုက်ရမည်၊ သို့မဟုတ် ဆင်အုပ်နောက်သို့ လိုက်ရမည်ကို ခေတ္တ စဉ်းစားကြပြီးနောက် တစ်ကောင် တည်းသော ဆင်ကို ထားခဲ့၍ ဆင်အုပ်နောက်သို့ လိုက်ကြရန် သဘောတူ ဆုံးဖြတ်ကြလေ၏။ ဆင်အုပ်မှာ တောထဲ၌ အလန့်တကြား ဖြတ်သန်း ပြေးလွှားကြခြင်း ဖြစ်ရကား၊ ၎င်းတို့ ပြေးလွှားသော လမ်းကြောင်းကြီးမှာ ရထားလမ်းကြီးသဖွယ် ထင်ရှားစွာ ကျန်နေရစ်သောကြောင့် ခြေရာကောက် ရန် မခဲယဉ်းလှပေ။ သို့ရာတွင် ၎င်းတို့ထံ ချဉ်းကပ်ရန်မှုကား ထိုမျှလောက် မလွယ်ကူလှချေ။ နေပူကြီးကျဲကျဲတွင် နှစ်နာရီကျော်ကျော် လိုက်မိကြသော အခါမှ ကျွန်ုပ်တို့သည် ဆင်အုပ်ကို ချဉ်းကပ်နိုင်ကြတော့၏။ ဆင်အုပ်နှင့် မလှမ်းမကမ်းတွင် တစ်ကောင်တည်းသော ဆင်ပြောင်ကြီးသည် ကင်းစောင့် လျက်ရှိရာ ဆင်အုပ်မှာလည်း ဂနာမငြိမ်ဘဲ ယောက်ယက်ခတ်လျက် ရှိ၏။ ဤသည်ကား မသင်္ကာသော အထိမ်းအမှတ်ပေတည်း။ တစ်ကောင်တည်း သော ဆင်ပြောင်သည် ဆင်အုပ်နှင့် ကိုက် ၄၀ ခန့်ဝေး၍၊ ကျွန်ုပ်တို့နှင့်ကား ကိုက် ၆၀ ခန့် ကွာလှမ်းလေရာ၊ ဤဆင်ကြီး လန့်ပြေးခဲ့လျှင် တစ်အုပ်လုံး လန့်ပြေးဦးမည်ဟု သိရှိသည်နှင့်၊ ကျွန်ုပ်တို့သည် ဤဆင်ကြီးကို ရှေးဦးစွာ စီရင်လိုက်ရန် ဆုံးဖြတ်ကြ၏။ သို့ဖြစ်၍ ဆင်တစ်ကောင်တည်းကို သေနတ် သုံးလက်ဖြင့် ချိန်ပြီးမှ တစ်ပြိုင်နက်တည်း မောင်းဖြုတ်ချလိုက်ကြရာ၊ ဆင် ကြီးမှာ နေရာတွင် ဝပ်လဲ သေဆုံးလေ၏။

ထိုအခါ ဆင်အုပ်လည်း လန့်ထွက်ပြေးသွားကြပြန်ရာ၊ ၎င်းတို့အဖို့ ကံဆိုးသော အခြင်းအရာတစ်ခုမှာ ရှေ့ကိုက်ပေါင်း ၁၀၀ ခန့်တွင် ရေ





ခန်းခြောက်နေသော ချောင်းကြီးတစ်ခု ဆီးနေ၍ တစ်ဖက်သောကမ်းပါးမှာ အလွန်တရာ မတ်စောက်လှပေ၏။ ဆင်များသည် ချောင်းထဲသို့ အလွယ် တကူ ဆင်းပြေးနိုင်ကြသော်လည်း၊ အခြားဘက်သို့ တက်ပြေးရန်မှာ လွန်စွာ ခက်ခဲလှသဖြင့် နှာမောင်းရိုက်ကာ မြည်အော်ကာဖြင့် တစ်ကောင်နှင့်တစ် ကောင် တိုးဝှေ့လျက် ဆူညံစွာ ရှိနေကြလေ၏။ ထိုအတောအတွင်း ကျွန်ုပ်တို့ မီသွားကြရာ၊ ကျွန်ုပ်တို့မှာ ချောင်းကမ်းပါးတစ်ဖက်တွင် ထိုင်လျက် ကြိုက်ရာဆင်များကို တစ်ကောင်စီ ရွေးချယ်ပစ်ခတ်ကြပေ၏။ တစ်ခဏချင်း တွင် ဆင် ငါးကောင် လဲကျပြီဖြစ်ရာ ဆင်အုပ်သည် ထိုအခိုက်တွင် ကမ်းပါး သို့ ကျော်တက်ရန်အကြံကို လက်လျှော့၍ ချောင်းကို အလျားလိုက် ခုန်ဆင်း ပြေးလွှားကြသောကြောင့်သာလျှင် တစ်အုပ်လုံး ပြုတ်ပြုတ်ပြုန်းသောအဖြစ်မှ မျှမ်းသာရာ ရကြပေတော့၏။ ထိုနေအဖို့ ဆင် ရှစ်ကောင် ရရှိထားသည် (ဖြစ်၍) ကျွန်ုပ်တို့သည် စိတ်ကျေနပ်သည်နှင့် ဆက်လက် လိုက်လံပစ်ခတ်ခြင်း မပြုတော့ချေ။

အစေခံများသည် ဆင်နှလုံးသားနှစ်ခုကို ညစာအတွက် ထွင်းဖောက် ယူခဲ့ကြ၍၊ အစွယ်များကို နောက်တစ်နေ့မှ ထုတ်ယူရန် ဆုံးဖြတ်ကြပြီးလျှင်၊ ကျွန်ုပ်တို့သည် စခန်းတဲဆီသို့ စိတ်ကျေနပ်စွာ ပြန်လာခဲ့ကြ၏။ လမ်းခရီး၌ သမင်ရိုင်းတစ်မျိုးကို ခပ်လှမ်းလှမ်းတွင် တွေ့မြင်ကြရလေရာ၊ ကျွန်ုပ်တို့ သည် အမဲသား လုံလောက်စွာ ရှိနေသဖြင့် မပစ်ခတ်လိုသော်လည်း ဂွဒ်မှာ သမင်ရိုင်းကို မမြင်ဖူးသည်နှင့် ၎င်း၏သေနတ်ကို အမ်ဘိုပါထံ အပ်ထား ခဲ့ပြီးမှ အစေခံ စီဗာနှင့်အတူ ချုံကွယ်တစ်ခုသို့သွား၍ ကြည့်ကြ၏။ ကျွန်ုပ် နှင့် ဆာဟင်နရီတို့မှာမူ ခြေညောင်းမခံလိုသည်နှင့် ထိုင်လျက် စောင့်နေရစ် ကြ၏။

နေမင်းသည် ရဲရဲနီသော အရောင်ဖြင့် အနောက်ဘက် တောင်ရိုးတန်း အောက်သို့ ငုပ်ကွယ်လုဆဲဆဲ ရှိသည်နှင့်၊ ကျွန်ုပ်နှင့် ဆာဟင်နရီတို့သည် လှပဆန်းကြယ်စွာသော နေရောင်ခြည်တို့ကို ကြည့်ရှုချီးမွမ်းလျက် ရှိကြ

စဉ်၊ ဆင်အော်သံများကို ရုတ်တရက် ကြားလိုက်ရ၍ ဆင်ပြောင်ကြီး တစ်ကောင်သည် နှာမောင်းကို လေထဲတွင် မြှောက်ထောင်ကာ နံဘေးတိုက် ပြေးလွှားသွားသည်ကို မြင်လိုက်ကြရ၏။ နောက်တစ်ခဏ၌ကား ဂွဒ်နှင့် အစေခံ စီဗာတို့သည် ကျွန်ုပ်တို့ထံသို့ သေပြေးရှင်ပြေး ခုန်ပေါက် ပြေးလွှားလာကြရာ ဆင်ပြောင်ကြီးလည်း ၎င်းတို့နောက်မှ နှာမောင်းကို ဆန့်တန်းကာ ပြေးလိုက်လာလေ၏။ ကျွန်ုပ်နှင့် ဆာဟင်နရီတို့မှာ သေနတ်ကိုယ်စီ ကိုင်လျက် ရှိကြသော်လည်း ဆင်ကြီး၏ရှေ့မှ လူနှစ်ယောက် ပြေးလွှားလာကြသည့် အတွက်ကြောင့်၊ လူများကို ထိမှန်မည်စိုးသဖြင့် ဆင်ကို မပစ်ဝံ့ဘဲ ငေးကြည့်နေကြရလေ၏။ ခရီးမှာလည်း အတော်ကွာလှမ်းသောကြောင့် ပစ်ပင် ပစ်စေကာမူ၊ အကြောင်းထူးလှမည် မဟုတ်ချေ။ နောက်တစ်ခဏ၌ ကပ္ပတိန် ဂွဒ်မှာ ကျွန်ုပ်တို့ကဲ့သို့ ဘောင်းဘီတိုမျှကိုသာ မဝတ်ထားဘဲ သပ်ရပ်သော လူတစ်ယောက်ပီပီ၊ ဘောင်းဘီရှည်ကြီးနှင့် ကျောသိုင်းများကိုပါ ဝတ်ဆင်ထားရကား၊ ပြေးလွှားရာတွင် ဖိုသီဖတ်သီ ရှိနေသည်အတွင်း သစ်မြစ်တစ်ခုကို ခြေထောက်ဖြင့် ငြိမိသောကြောင့် မြေပေါ်တွင် အလျားလိုက် မှောက်လျက် လဲကျသွားလေ၏။ ကျွန်ုပ်တို့မှာမူကား မည်သို့မျှ မတတ်နိုင်ဘဲ ပါးစပ်များကို ဟ ကာ ငေးကြည့်နေကြရလေတော့၏။

နောက်တစ်ခဏ၌ ဖူလူးအစေခံ စီဗာသည် ရှေ့မှပြေးလာရာမှ မိမိသခင် လဲကျသည်ကို ကြားလိုက်ရသည်နှင့် နောက်သို့ တုံ့ပြန်ပြီးလျှင် လက်တွင်ကိုင်ထားသော လှံတိုကလေးနှင့် ဆင်ကြီး၏နှာမောင်းကို တအားကျုံး၍ ပစ်ထိုးလိုက်၏။

ဆင်ကြီးသည် နာကျင်သော ဝေဒနာကြောင့် ကျယ်လောင်စွာ မြည်အော်ပြီးလျှင် ဂွဒ်နောက်သို့ မလိုက်တော့ဘဲ ဖူလူး စီဗာဆီသို့ တန်းတန်းကြီး ပြေးသွားလေ၏။ မီသည်နှင့်တစ်ပြိုင်နက် ဆင်ကြီးသည် ဖူလူး၏ကိုယ်ကို နှာမောင်းဖြင့် ပွေ့ဖက်ကိုင်ဖမ်း၍ မြေပေါ်သို့ ပစ်လှဲပြီးလျှင် ခါးပေါ်တွင် ခြေတစ်ဖက်ထောက်လျက်၊ အထက်တစ်ပိုင်းကို နှာမောင်းဖြင့် ဆွဲဖဲ့လိုက်ရာ





ဖူလူး၏ကိုယ်မှာ နှစ်ပိုင်းပဲ့ပြတ်၍ သွားလေ၏။ ထိုအခြင်းအရာကို တွေ့မြင်ကြရသော ကျွန်ုပ်နှင့် ဆာဟင်နရီတို့မှာ ရူးတော့မတတ် နှလုံးနာကြသည်ဖြစ်၍ ဆင်ကြီးထံ ပြေးသွားကြပြီးလျှင် သေနတ်နှစ်လက်တို့ဖြင့် ဆက်ကာဆက်ကာ ပစ်ကြလေရာ ဆင်ကြီးလည်း နေရာတွင် ဒူးတုပ်လဲကျ သွားကြလေတော့၏။

ဖူလူးစီဗာမှာ မိမိသခင် ဂွဒ်အတွက် အသက်ဆုံးရှုံးခဲ့ရရှာလေပြီ။ ထိုဆင်ကြီးမှာ ခပ်စောစောအချိန်က ဂွဒ် ပစ်ထားသော သေနတ်ဒဏ်ရာနှင့် နာနေသော ဆင်ကြီးဖြစ်၍ လူမြင်တိုင်း မဲ၍လိုက်ခြင်းပင် ဖြစ်လေသည်။

## အခန်း ၃
# သဲကန္တာရကို ဖြတ်ကျော်ခြင်း

ကျွန်ုပ်တို့သည် စုစုပေါင်း ဆင်ပေါက် ၉ ကောင်ကို ပစ်ခတ်ရရှိ၍ အစွယ်များကို ခုတ်ထွင်းယူရသော အလုပ်မှာ နှစ်ရက်တိတိ ကြာရှိ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် ဆင်စွယ်များကို ပြန်လာသောအခါမှ ယူကြအံ့ဟု ထင်ရှားသော သစ်ပင်ကြီးတစ်ပင်အောက်တွင် မြှုပ်နှံထားခဲ့ကြ၏။ အစေခံစီဗာ၏ ရပ်ကလာပ်ကိုလည်း ကျွန်ုပ်တို့သည် ကောင်းမွန်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်၍ လှံတစ်ချောင်းကို မြေပုံတွင် စိုက်ထူထားခဲ့သေး၏။

တတိယနေ့၌ ကျွန်ုပ်တို့သည် ၎င်းစခန်းမှ ထွက်ခွာ၍ တောခရီးသွားလာရသူတို့၏ ထုံးစံအတိုင်း ဘေးအန္တရာယ် အမျိုးမျိုးတို့နှင့် ကြုံတွေ့ရပြီးနောက်၊ သဲကန္တာရကြီး၏ အစွန်း၌ တည်ရှိသည့် ရွာကလေးသို့ ဆိုက်ရောက်လာကြလေ၏။ စင်စစ်သော်ကား ကျွန်ုပ်တို့၏ စွန့်စားသွားလာရခြင်းများမှာ ထိုနေ့ကမှ အစပြုသည်ဟု ခေါ်ဆိုလောက်ပေ၏။ ၎င်းရွာကလေးသည်ကား လူတို့နေထိုင်ရာ ဌာန၏ အစွန်ဆုံးသော နယ်နိမိတ် ဖြစ်ပေရာ၊ ထိုနေရာမှစ၍ သဲအတိပြီးသော သဲကန္တာရကြီးသာလျှင် မျက်စိတစ်ဆုံး တည်ရှိပေတော့၏။

ကျွန်ုပ်တို့သည် ၎င်းရွာကလေး၌ နှစ်ရက်မျှ စခန်းချလျက် သဲကန္တာရကြီး ကူးဖြတ်ရန်ကိစ္စကို စီမံကြလေ၏။ သွားကြရမည့် လူများမှာ ကျွန်ုပ်တို့သုံးယောက်နှင့် အမ်ဘိုပါနှင့် လေငှက်ခေါ် အစေခံနှစ်ယောက်၊ ပေါင်း ငါးယောက်မျှသာ ဖြစ်ရကား ပစ္စည်းများအားလုံးကို သယ်ယူသွားရန် မဖြစ်





နိုင်ချေ။ သို့ဖြစ်၍ လေးလံသော သေနတ်ကြီးများနှင့် မိုးကာတဲ စသည်တို့ကို ရွာသားတစ်ယောက်ထံ အပ်နှံထားခဲ့၍ ကျွန်ုပ်တို့အဖို့မူ အောက်ပါပစ္စည်းများကိုသာ ယူဆောင်သွားရန် စီမံကြ၏။

အမဲပစ် သေနတ်ကလေး သုံးလက်နှင့် ယမ်းတောင့် ၂၀၀၊
ဝင်ချက်စတာ ရိုင်ဖယ်သေနတ် နှစ်လက်နှင့် ယမ်းတောင့် ၂၀၀ (အစေခံများအဖို့)၊
ခြောက်လုံးပြူးသေနတ် သုံးလက်နှင့် ယမ်းတောင့် ၆၀၊
နှစ်ပုလင်းဝင် ရေဘူး ငါးလုံး၊
စောင် ငါးထည်၊
အမဲခြောက် ၂၅ ပေါင်၊
ရောင်စုံပုတီးစေ့ ၁၀ ပေါင် (လူရိုင်းများအား လက်ဆောင်ပေးရန်)၊
ဆေးအနည်းငယ်နှင့် ခွဲစိတ်ရန် ကိရိယာကလေးများ၊
မောင်းချဓားများနှင့် ကွန်ပါ၊ မီးခြစ်၊ ခါးပိုက်ဆောင်ရေစစ်၊ ဆေးတံ ဆေးလိပ်ဆေး၊ အရက်တစ်ပုလင်း အစရှိသော အတိုအထွာ ပစ္စည်းကလေးများ။

ကျွန်ုပ်တို့သည် အထက်ပါပစ္စည်းများကို လူ ငါးယောက်အနက်တွင် ခွဲဝေသယ်ယူရန် စီမံပါသော်လည်း၊ လူတစ်ယောက်လျှင် ၁၂ ပိဿာထက် ပေါ့အောင် မတတ်နိုင်ချေ။ ၁၂ ပိဿာဟူသော ဝန်ချိန်မှာ ခရီးရှည်သွားသူတစ်ယောက်အဖို့ အတော်လေးလံသော်လည်း ပစ္စည်းများကို ထိုမျှထက် လျှော့ရန်လည်း မဖြစ်နိုင်တော့ချေ။

ခရီးထွက်မည့်နေ့၌ ကျွန်ုပ်သည် ရွာသား သုံးယောက်တို့အား မုဆိုးကိုင် မောင်းချဓားတစ်ချောင်းစီ ပေးခြင်းအားဖြင့် လေးပုလင်းဝင် ဘူးတောင်းသုံးလုံးကို တစ်ညဥ့်ခရီးမျှ (မိုင် ၂၀ ခန့်) ရွက်၍လိုက်ပို့ရန် စီမံထား၏။ သဲကန္တာရ ဟူသည်မှာ ရေတွေ့ခဲလှသော ခရီးမျိုး ဖြစ်ရကား ရေကို တတ်နိုင်သမျှ ဝေးဝေးပါအောင် စီမံဖို့ အရေးကြီးလှ၏။

ဒုတိယနေ့၌ ကျွန်ုပ်တို့သည် တစ်နေ့ပတ်လုံး အိပ်ရေးဝအောင် အိပ်စက်ကြ၍ နေဝင်သည်နှင့် တစ်ပြိုင်နက် ညစာစားပြီးလျှင် လက်ဖက်ရည် တစ်ခွက်စီ သောက်ကြလေရာ၊ ဂွဒ်က ၎င်းလက်ဖက်ရည်မျိုး နောက် တစ်ကြိမ် သောက်ဖို့မှာ နေ့ရက် မည်မျှကြာရှည်ဦးမည် မသိနိုင်ဟု ပြော သည်နှင့် ကျွန်ုပ်တို့လည်း ကျိတ်၍ သဘောတူညီမိကြ၏။ အစစ အရာရာ ပြင်ဆင်ပြီးကြလတ်သော် ကျွန်ုပ်တို့သည် မြက်ခင်းပေါ်တွင် ပက်လက်လှန် လျက် လ ထွက်မည်ကို စောင့်ဆိုင်းနေကြ၏။ ၉ နာရီထိုးသည်နှင့် တစ်ပြိုင် နက် ရဲရဲနီသော လမင်းသည် အရှေ့မျက်နှာမှ ထွက်ပေါ်လာ၍ သဲကန္တာရ ကြီး တစ်ခုလုံးမှာ ငွေရည်ဖြင့် ဆွတ်ဖျန်းထားဘိသကဲ့သို့ ဖွေးဖွေးဖြူလျက် ရှိရာ၊ ကျွန်ုပ်တို့သည် အတော်အတန် လေးလံထိုင်းမှိုင်းသော စိတ်နှင့် လဲ လျောင်းရာမှ ထ ကြလေ၏။

ကျွန်ုပ်တို့သည် ဝန်ထုပ်ဝန်ပိုးကိုယ်စီနှင့် သဲကန္တာရအစွန်းတွင် စီတန်းကာ ရပ်လျက်ရှိကြစဉ်၊ ကျွန်ုပ်တို့၏ ခေါင်းဆောင်ဖြစ်သော ဆာ ဟင်နရီက ခရီးမထွက်မီ နောက်ဆုံးစကား ပြောကြားသေး၏။ ‘မိတ်ဆွေများ တို့၊ ကျွန်ုပ်တို့ သွားကြရမည့်ခရီးမှာ လူတို့ သွားဖူးသမျှသော ခရီးများအနက် တွင် အထူးဆန်းဆုံး ခရီးတစ်ခုဖြစ်၍၊ ကျွန်ုပ်တို့ မှန်းရွယ်သည့်အတိုင်း ပေါက်ရောက် အောင်မြင်ပါမည်လောဟု မပြောနိုင်ပါ။ သို့သော် အောင်မြင် သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ကျွန်ုပ်တို့ သုံးဦးကား တစ်ယောက်နှင့် တစ်ယောက် မည်သည့်နည်းနှင့်မျှ မခွဲခွာဘဲ၊ သေမကွဲ ရှင်မကွာ သဘော ထားကြမည် အကြောင်းကိုကား ကျွန်ုပ် ယုံကြည်စိတ်ချမိပါသည်။ အောင် မြင်ခြင်း၊ ဆုံးရှုံးခြင်းကိစ္စမှာ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်၍၊ ကျွန်ုပ်တို့အဖို့မူကား တစ်ယောက်အပေါ်၌ တစ်ယောက် သစ္စာဖောက် ဖျက်ခြင်း မရှိဘဲ အစဉ်အမြဲ ကူညီစောင့်ရှောက်ကြလိမ့်မည် ဖြစ်ကြောင်းကို အသီးသီး ယုံကြည်စိတ်ချကြလိမ့်မည် ....ဟု ကျွန်ုပ် မျှော်လင့်ပါသည်။ ကိုင်း သွားလိုက်ကြဦးစို့ ....’





ဆာဟင်နရီ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့ ငါးဦး သည် အထုပ်အပိုးကိုယ်စီနှင့် သေနတ်ကိုယ်စီထမ်းကာ သဲကန္တာရကြီးကို ဖြတ်ကျော်စ ပြုကြလေ၏။ ရွာသား သုံးယောက်တို့မှာမူ ရေအပြည့်ပါသော ဘူးတောင်းကြီးတစ်လုံးစီ ရွက်လျက်၊ ကျွန်ုပ်တို့နောက်မှ လိုက်ပါလာကြလေ ၏။ ဂွဒ်မှာ သင်္ဘောသားတစ်ယောက်ဖြစ်၍ ကွန်ပါ လက်ကိုင်ရှိသူ တစ် ယောက်ဖြစ်သည်နှင့် ရှေ့ဆုံးမှသွား၍၊ ကျွန်ုပ်တို့သည် ၎င်း၏နောက်မှ တစ်ယောက်စီ စီတန်းကာ လိုက်ပါကြရ၏။ သဲကန္တာရကြီးမှာ လွန်မင်းစွာ တိတ်ဆိတ်လျက်ရှိရာ၊ ဂွဒ်သည် ကိုယ့်ကိုယ်ကိုယ် အားပေးသည့် လင်္ကာ နှင့် မကြာမကြာ တေးချင်းများ လေချွန်၍ လိုက်၏။ ကျွန်ုပ်တို့မှာလည်း ၎င်း၏ လေချွန်သံကို ကြားရသဖြင့် သွားရမည့် ခရီးစဉ်၏ တာဝန်ကြီးလေး သော အဖြစ်ကို မေ့မေ့ပျောက်ပျောက်ဖြစ်ကာ အားတက်မိကြ၏။ သို့သော် ဂွဒ်မှာ မကြာမီ လေကုန်သွားဟန်နှင့် လေမချွန်နိုင်တော့ဘဲ ဆိတ်ဆိတ် မျှသာ လမ်းလျှောက်လေတော့၏။

ညဥ့် နာရီပြန် တစ်ချက်တိုင်အောင် အဆန်းတကြယ် မကြုံတွေ့ကြရ ဘဲ၊ လမ်းလျှောက်မိကြလတ်သော် ဆာဟင်နရီက ခေတ္တမျှ ရပ်နားနေရန် အမိန့်ပေး၍ ရေအနည်းငယ်မျှစီ သောက်ကြရ၏။ သို့ရာတွင် မည်သည့် နေရာ၌မျှ ရေတွေ့မည်ဟု အမှန်မပြောနိုင်ကြသောကြောင့် ဝ အောင် မသောက်ဝံ့ဘဲ အမောပြေ အာဆွတ်ရုံမျှလောက်သာ သောက်ကြရ၏။ နာရီ တစ်ဝက်ခန့် နားနေကြပြီးနောက် ကျွန်ုပ်တို့သည် ဆက်လက်၍ ခရီးထွက် ကြပြန်လေ၏။

ယင်းကဲ့သို့ အစဉ်တစိုက် ခရီးသွားကြလတ်သော် နောက်ဆုံး၌ အရှေ့ကောင်းကင်မှ ပန်းရောင် အနုကဲ့သို့ နီပြေပြေရှိနေရာမှ၊ တဖြည်းဖြည်း ရဲသည်ထက် ရဲလာပြီးလျှင် နေမင်းလည်း ပေါ်ထွက်လာလေတော့၏။ ထို အခါ၌ ကျွန်ုပ်တို့လူစုမှာ အတော်သြောင်းညာလှပြီ ဖြစ်သော်လည်း နေ မပူပြင်းမီ တတ်နိုင်သမျှ ခရီးပေါက်ရောက်အောင် သွားကြရဖို့ အရေးကြီးလှ

သောကြောင့် ရပ်နားခြင်းမပြုဘဲ လျှောက်မြဲတိုင်း လျှောက်ကြရ၏။ နေထွက်ပြီးနောက် တစ်နာရီခန့် ကြာလတ်သော်၊ သဲကန္တာရထဲမှ ဖောက်ထွက်နေသည့် ကျောက်ဆောင်တစ်ခုကို မြင်ကြရသည်နှင့် ၎င်းရှိရာသို့ ခြေဦးလှည့်ကာ သွားကြလေ၏။ ကံအားလျော်စွာ ကျောက်စွန်းတစ်ခုသည် တစ်ဖက်သို့ ချွန်ထွက်၍ ၎င်းအောက်၌ ပြန့်ပြူးညီညာသော သဲများ ခင်းကျင်းထားသကဲ့သို့ ဖြစ်နေသည်ကို တွေ့ကြလေရကား၊ ကျွန်ုပ်တို့သည် ကျောက်စွန်းအောက်သို့ လျှိုးဝင်၍ အမဲခြောက် အနည်းငယ်ကို ဝါးပြီး၊ ရေဖြင့် ကြိုက်ချပြီးနောက် သဲပေါ်တွင် လဲလျောင်းလိုက်ရာ မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်ကြလေကုန်၏။

အိပ်ရာမှ နိုးလာသောအခါ၊ ညနေ သုံးနာရီထိုးပြီဖြစ်၍ ရေဘူးတောင်းများ ရွက်ပို့သော ရွာသားများလည်း ပြန်ရန် ပြင်ဆင်လျက် ရှိကြလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရေဘူးထဲမှ ရေကို အားရအောင်သောက်၍ ဘူးတောင်းများမှရေဖြင့် ဖြည့်ပြီးနောက်၊ ရွာသားများလည်း ရေအနည်းငယ်မျှစီ ပါရှိသော ဘူးတောင်းကိုယ်စီနှင့် ရွာသို့ ပြန်သွားကြလေ၏။

လေးနာရီခွဲလတ်သော် ကျွန်ုပ်တို့လည်း ခရီးထွက်ရန် ပြင်ဆင်ကြလေ၏။ အပြန့်ကျယ်လှသော သဲကန္တာရကြီး တစ်ခုလုံးတွင် ငှက်ကုလားအုပ်တစ်ကောင်တလေမျှကို ရံဖန်ရံခါ တွေ့ရခြင်းမှတစ်ပါး မည်သည့်သတ္တဝါတစ်မျိုးကိုမျှ မတွေ့မမြင်ကြရလေရကား၊ စင်စစ် ငြီးငွေ့ဖွယ် ကောင်းလှသော ခရီးမျိုး ဖြစ်ပေ၏။ သတ္တဝါများအနက် မြွေဟောက်များကို ရံဖန်ရံခါ တွေ့ကြရသော်လည်း ငြီးငွေ့ခြင်း ပြေပျောက်စေလောက်သည့် သတ္တဝါမျိုးမဟုတ်ဘဲ စက်ဆုပ်ခြင်းနှင့် ထိတ်လန့်ခြင်းတို့သာ အားပေးကြလေသေး၏။

နေဝင်လတ်သော် ကျွန်ုပ်တို့သည် သဲပေါ်တွင် နားနေ၍ လ ထွက်သည်တိုင်အောင် စောင့်နေကြရ၏။ လ ထွက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဆက်လက်လျှောက်သွားကြပြန်၍ နာရီပြန် နှစ်ချက် အချိန်တွင် ခေတ္တမျှ ရပ်နားကြပြီးနောက်၊ နေထွက်သည်တိုင်အောင် လျှောက်ကြရပြန်





လေ၏။ ထိုအခါ၌ကား ယမန်နေ့ကကဲ့သို့ ကျောက်ဆောင် မတွေ့ရတော့သည်နှင့် သဲပေါ်၌သာလျှင် ပစ်လှဲကာ အိပ်ကြရတော့၏။ ၇ နာရီထိုးလျှင်ပင် နေသည် အတော်ပူပြင်းလာသည် ဖြစ်သောကြောင့် ခရီးပန်းလာကြသော ကျွန်ုပ်တို့ပင်လျှင် အိပ်ရာမှ နိုးလာကြရ၏။ ထိုအချိန်မှစ၍ နေသည် ပူပြင်းသည်ထက် ပူပြင်းလာလေရကား ကျွန်ုပ်တို့မှာ မုန့်ဖိုထဲ၌ ဖုတ်ထားသော ပေါင်မုန့်ကိုလည်းကောင်း၊ မီးပေါ်တွင် ကင်ထားသော အမဲကင်ကိုလည်းကောင်း၊ ပြာပူ၌ အုံးထားသော အမဲခြောက်ကိုလည်းကောင်း မကြာမကြာ သတိရကာ နှိုင်းစာ တွေးတောမိကြ၏။ နေသည် ကျွန်ုပ်တို့၏ သွေးများကို စုပ်ယူနေသည့် လက္ခဏာနှင့် ကျွန်ုပ်တို့ တစ်ကိုယ်လုံးမှာ ခြောက်သွေ့လျက် ရှိသောကြောင့်၊ နေရာတွင်ထိုင်ကာ ပါးစပ်များကို ဟ လျက် ဟိုက်နေကြရလေတော့၏။ သို့သော် သတ္တဝါများအနက်တွင် တစ်မျိုးကို ကျွန်ုပ် မေ့နေသေး၏။ နေပူသည်နှင့် တစ်ပြိုင်နက် ယင်ကောင်များသည် မည်သည့်နေရာမှ ရောက်လာကြသည် မသိ၊ ကျွန်ုပ်တို့၏ နား၊ မျက်စိ၊ ဦးခေါင်း စသည်တို့ကို ပတ်ချာလှည့်ကာ တဝီဝီ အော်မြည်လျက် ရှိကြ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့မှာ မွန်းတည့်နေရှိန်ကြောင့် မခံမရပ်နိုင်အောင် ရှိကြရာတွင် အကြံတစ်ခု ရသည်နှင့် သဲထဲတွင် တွင်းကြီးတူး၍ နေရာတကာ တိုင်းတွင် အနံ့အပြားပေါက်သော ချုံပင်တစ်မျိုး၏ အကိုင်းအခက်များဖြင့် ဖုံးအုပ်ကာ တွင်းအောင်းနေကြရ၏။ သစ်ပင်များမှာ ကျိုးတိုးကျဲတဲ ရှိနေသော်လည်း အလွတ်အတိုင်း နေလှန်းရခြင်းထက် အနည်းငယ် သက်သာရာရကြ၏။ ငတ်လိုက်သည့် ရေမှာလည်း ပြောဖွယ်ရာ မရှိ။ စိတ်ထင်တိုင်း သောက်ကြရလျှင် ၎င်းရေဘူးမျိုး အနည်းဆုံး နှစ်လုံး သုံးလုံးစီ သောက်နိုင်ကြမည် ဖြစ်၏။ သို့ရာတွင် ရေရဖို့အရေးမှာ မလွယ်ကူသောကြောင့် နှုတ်ခမ်းစိုစွတ်ရုံမျှထက် ပို၍ မသောက်ဝံ့ကြချေ။

မည်သည့်အခြင်းအရာမဆို အဆုံးရှိမြဲ ဖြစ်သည်အတိုင်း ထိုနေ့သည်လည်း နောက်ဆုံးတွင် ကုန်လွန်၍ ကျွန်ုပ်တို့မှာ တစ်ညတာမျှ သက်သာရာ

ရကြပြန်လေပြီ။ နေရှိန် ယုတ်လျော့လတ်သော် ကျွန်ုပ်တို့သည် တွင်းထဲမှ ထွက်ကြ၍ ခရီးဆက်လက် လျှောက်ကြပြန်လေ၏။ ဒီဆီလဗာ၏ မြေပုံ အဆိုမှာ သဲကန္တာရခရီးသည် မိုင်ပေါင်း ၁၂၀ မျှ ရှိသည်ဆိုရာ၊ လမ်းတစ်ဝက် တွင် ရေအိုင်တစ်ခု ရှိသည်ဟူ၍လည်း ဖော်ပြပါရှိ၏။ ရေးဆွဲထားသော မြေပုံမှာ နှစ်ပေါင်း သုံးရာကျော်မျှ ကြာရှိခဲ့ပြီဖြစ်ရာ၊ ယခုအခါ၌ ၎င်းရေအိုင် ရှိမည် မရှိမည်ကို မည်သူမျှ မပြောနိုင်ချေ။ အကယ်၍ မရှိတော့ဘဲ ခန်း ခြောက်နေပါလျှင်လည်း မိုင် ၆၀ ခရီးကို ရေမပါဘဲ ပြန်ရန်သော်လည်း ကောင်း၊ ရှေ့သို့ တိုးရန်သော်လည်းကောင်း မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည် မဟုတ်သောကြောင့် ကျွန်ုပ်တို့၏ နောင်ရေးကို ဗေဒင် တွက်ကြည့်ရန် မလိုတော့ချေ။

ထိုအခါ၌ကား ကျွန်ုပ်တို့သည် မိုင် ၅၀ ထက်မနည်း ခရီးပေါက်ခဲ့ ပြီဟု တွက်ကိန်းရရှိသောကြောင့်၊ ရေအိုင်ကိုတွေ့ရန် ၁၀ မိုင်ခန့်မျှသာ လိုတော့သည်ဟု ခန့်မှန်းကြရ၏။ မြေပုံအတိုင်း မှန်ကန်ခဲ့လျှင် အများဆုံး ၁၅ မိုင်ထက် ပို၍ ဝေးကွာနိုင်တော့မည် မဟုတ်ချေ။

ညနေစောင်းတွင် ကျွန်ုပ်တို့သည် တစ်နာရီလျှင် တစ်မိုင်ခွဲခန့်နှုန်း ထက် ကျော်လွန်အောင် မလျှောက်နိုင်ကြတော့ဘဲ တရွေ့ရွေ့သာလျှင် လှမ်း လာကြရတော့၏။ နေဝင်သည်နှင့် တစ်ပြိုင်နက် ရပ်နား၍ လ ထွက်သည် တိုင်အောင် စောင့်ဆိုင်းရင်း တတ်နိုင်သမျှ အိပ်စက်ကြရသေး၏။ လ ထွက်ပေါ်လာသောအခါ ကျွန်ုပ်တို့သည် နုံးချည့်ပျော့ခွေသော ကိုယ်ကာယ များဖြင့် တစ်လှမ်းချင်းလှမ်းကာ လျှောက်ကြရပြန်လေရာ၊ ကျွန်ုပ်တို့ ခံစား ကြရသော ဒုက္ခဝေဒနာကို မကြုံဖူးသူတို့အဖို့ တွေးဆရန်ပင် ခဲယဉ်းပေလိမ့် မည်။ လဲက ထူ၊ လဲက ထ ဟူသကဲ့သို့ သာခွေယိုင်ဖြစ်နေသော ကိုယ်များဖြင့် ဒယီးဒယိုင် အနိုင်နိုင် ခြေကိုဆွဲလျက် ယိုင်လဲရင်း ထလျှောက်ရင်း၊ ခွေလဲရင်း ထလျှောက်ရင်း၊ ပုံလဲရင်း ထလျှောက်ရင်း စသည်ဖြင့် လျှောက်လာခဲ့ကြရာ သန်းခေါင်ကျော် နာရီပြန်နှစ်ချက် ထိုးချိန်တွင် ပေ ၁၀၀ ခန့်မြင့်၍ တောင်ပို့





[illegible]း ပုံသဏ္ဌာန်ရှိသော သဲတောင်ပူစာကလေးတစ်ခုသို့ ဆိုက်ရောက်လာ [illegible]လေ၏။

ကျွန်ုပ်တို့သည် ထိုတောင်ပူစာ၏ ခြေရင်းတွင် ရပ်တန့်၍ ရေဘူး ထဲတွင် ကျန်ရှိသည့် နောက်ဆုံးသော ရေစက်ကို အသီးသီး သောက်ပြီးကြ လေပြီ။ ထိုနောက် ကျွန်ုပ်တို့သည် သဲပေါ်တွင် လဲလျောင်း၍၊ ကျွန်ုပ်မှာ အိပ်ပျော်တော့မည်ဟု တမှေးမှေးရှိနေစဉ် အမ်ဘိုပါက 'ရေတွေ့လျှင် တွေ့၊ မတွေ့လျှင်တော့ နက်ဖြန်ထွက်မည့် လ ကို မြင်ရတဲ့လူ တစ်ယောက်မှ ကျန်တော့မည် မဟုတ်ဘူး' ဟု ပြောသံ ကြားလိုက်ရ၏။ ကျွန်ုပ်မှာ သေရ မည့်ဘေး နီးကပ်သည့်အတွက် ကြက်သီးထမိသော်လည်း မျက်စိကြောင် လောက်အောင် မဖြစ်တော့ဘဲ မကြာမီပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

အခန်း ၄

# ရေ....ရေ....ရေတစ်ပေါက် သောက်ပါရစေ

ကျွန်ုပ်တို့သည် နံနက် ၄ နာရီ အချိန်ခန့်တွင် နိုးလာရာ၊ ကိုယ်လက်အင်္ဂါ ပင်ပန်းခြင်းမှ သက်သာရာရသည်နှင့် တစ်ပြိုင်နက်၊ ရေငတ်မွတ်ခြင်းတည်း ဟူသော ဝေဒနာသည် တိုး၍ပြင်းထန်စွာ ဖိစီးနှိပ်စက်လေတော့၏။ ကျွန်ုပ်၏ မျက်စိများနှင့် နှုတ်ခမ်းများမှာ အစေးဖြင့်ကပ်လျက် ရှိနေသောကြောင့်၊ လက်ဖြင့် အပြန်အလှန် ပွတ်သပ်ပေးသောအခါမှ ဖွင့်၍ ရပေတော့၏။ တစ်ခဏမျှ ကြာလတ်သော လူအားလုံး နိုးလာကြ၍ ရေရရှိရေးအတွက် မည်ကဲ့သို့ ပြုကြရမည်ဟု တိုင်ပင်ရင်း ရေဘူးများကို မှောက်ချပြီးလျှင်၊ တစ်စက်တလေမျှ စီးထွက်လာသော ရေကလေးကို လျှာဖြင့် လျက်ကြရ၏။ ကပ္ပတိန် ဂွဒ်သည် ဘရန်ဒီပုလင်းကို ထုတ်၍ စိန်းစိန်းကြည့်လျက်ရှိရာ၊ ဆာဟင်နရီက ဖြည်းညင်းစွာ ဆွဲယူ သိမ်းဆည်းထားလိုက်ရ၏။ အကြောင်းကို ဆိုသော် ယခု အခြေအနေမျိုးတွင် အရည်ဖြစ်သောကြောင့် ရေငတ်ပြေလိမ့်မည် အထင်နှင့် အရက်ကို သောက်မိပါမူ လျင်မြန်စွာ ကိစ္စတုံးဖို့ ရှိပေသောကြောင့်တည်း။

ရေရမှု ကိစ္စကို ဆွေးနွေးကြစဉ်၊ ကျွန်ုပ်က မြေပုံအတိုင်း မှန်ကန်ခဲ့လျှင် ရေရရှိသော နေရာမှာ ခရီးမကွာလှမ်းနိုင်တော့ဟူ၍ ပြောသော်လည်း၊ မည်သူကမျှ စိတ်အားတက်ကြွလာသည့် လက္ခဏာ မရှိချေ။ တစ်ခဏမျှ ကြာလတ်သော် မိုးလင်းလာပြီဖြစ်၍၊ ဟော့တင်ကော့ အစေခံ "လေဂှက်" သည် ထိုင်ရာမှ ထပြီးလျှင် မြေပေါ်တွင် စိုက်ကြည့်ကာ ထိုမှ၎င်းမှ လမ်းလျှောက်ရာမှ ရုတ်တရက် တန့်ရပ်၍ မြေကြီးကို လက်ညှိုးညွှန်ပြလေ၏။





ကျွန်ုပ်တို့လည်း စိတ်အားထက်သန်စွာနှင့် ထ၍ ကြည့်ကြရာတွင် ခွာကွဲသော ဟိရဏ္ဍာန်တစ်ကောင်၏ ခြေရာကို တွေ့မြင်ကြရလေ၏။ ထိုသတ္တဝါသည် ဟောဆိတ်ပင် ဖြစ်စေ၊ သမင်ပင် ဖြစ်စေ ရေနှင့် မလှမ်းမကမ်း၌သာ ကျက်စားတတ်သော အဖြစ်ကို သတိရကြရကား၊ ကျွန်ုပ်တို့အားလုံးမှာ မျှော်လင့်ချက်နှင့် စိတ်အားတက်ကြွ လာကြလေ၏။

နောက်တစ်ခဏ၌ "လေဂှက်" သည် နှာခေါင်းကို ကောင်းကင်သို့ မျှော်ကာ၊ အသက်ပြင်းစွာ ရှုရှိုက်လျက် ရှိရာမှ 'ကျွန်ုပ် ရေနံ့ရတယ် ....' ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်တို့လူစုသည် ကြိုးမိန့်ကျထားရာမှ "လွတ်စေ" ဟု ချမ်းသာပေးခြင်း ခံရသော ရာဇဝတ်ကောင်များကဲ့သို့၊ ဒုန်ချင် ပေါက်ချင်သလို ဝမ်းမြောက်ဝမ်းသာ ဖြစ်လာကြ၏။ ထိုခဏ၌ နေမင်းသည် အရှေ့ဘက် ကောင်းကင်မှ ရဲရဲနီသော ဘောလုံးကြီးသဖွယ် ပေါ်ထွန်းလာလေရာ၊ ၎င်း၏အလင်းရောင်ဖြင့် ကျွန်ုပ်တို့ တွေ့မြင်ကြရသော ရှုမျှော်ခင်းမှာ လွန်မင်းစွာ ဆန်းကြယ်လှသည်ဖြစ်၍ ကျွန်ုပ်တို့မှာ ရေငတ်မွတ်နေသော ဝေဒနာကိုပင် တစ်ခဏတာမျှ မေ့လျော့သွားကြသေး၏။

ကျွန်ုပ်တို့ရှိရာ အရပ်နှင့် မိုင်လေးငါးဆယ်ခန့် ကွာဝေးသောနေရာတွင် "ရှီဗာ၏အသားမြတ်" ခေါ် တောင်ထွတ်ကြီး နှစ်ခုတို့သည် ထွက်ပြူစနေမင်း၏အရောင်တွင် ဘောလုံးကြီးများသဖွယ် ဖွေးဖွေးဖြူလျက် ရှိကြ၏။ ၎င်းတောင်ထွတ်ကြီးများ၏ တစ်ဖက်တစ်ချက်၌ကား ဆူလီမန်တောင်တန်းကြီးသည် ခရီးမိုင် ရာပေါင်းများစွာ သွယ်တန်းလျက် ရှိ၏။ ကျွန်ုပ်မှာ လင်္ကာဆရာတစ်ယောက် မဟုတ်ပေရကား ၎င်းတောင်တန်းကြီးကို ကိုနေရာမှ မြင်ရခြင်းအားဖြင့် အဘယ်မျှလောက် ကြီးကျယ်ခံ့ညား၍ အဘယ်မျှလောက် အံ့ဩဖွယ်ရာ ဆန်းကြယ်လှသည့် အဖြစ်ကို ဖွဲ့နွဲ့စီကုံးရေးသားခြင်းငှာ မတတ်နိုင်ပေ။ "ရှီဗာ၏အသားမြတ်" ခေါ် တောင်ထွတ်ကြီးနှစ်ခုမှာလည်း တစ်ခုနှင့်တစ်ခုမှာ ၁၀ မိုင်ခန့်မျှ ကွာခြား၍ ပေပေါင်းတစ်သောင်းငါးထောင်မျှ မြင့်မားလေရကား၊ ၎င်းတို့၏ အဖျားသည် မိုးတိမ်

များထဲသို့ ထိုးဝင်လျက် ရှိလေတော့၏။ အထူးသဖြင့် ဆန်းကြယ်လှသော အခြင်းအရာတစ်ခုမှာ တောင်ထွတ်ကြီး နှစ်ခုတို့သည် မှည့်ထားသော အမည် အတိုင်း မိန်းမ၏ အသားမြတ်ကဲ့သို့ ဝိုင်းဝိုင်းစက်စက်ရှိနေ၍ တစ်ခုနှင့် တစ်ခု လုံးတူရွယ်တူ ရှိနေသည့်ပြင်၊ အထွတ်တွင်လည်း အသားမြတ်သီး သဖွယ် လုံးလုံးဝိုင်းဝိုင်းရှိသော ဖုသီးကြီးနှစ်ခုလုံး ရှိနေကြလေတော့၏။ ဤမျှလောက် ထူးဆန်းသော တောင်ထွတ်နှစ်ခုကို ကျွန်ုပ်လည်း မမြင်ဖူး။ ကမ္ဘာပေါ်တွင် အခြားသော နေရာ၌လည်း ၎င်းတောင်ထွတ်မျိုး ရှိကြမည် မထင်ပေ။ ထိပ်၌ရှိသော ဖုသီးနှစ်ခုတို့မှာ ဆီးနှင်းများဖြင့် ဖုံးအုပ်လျက် ရှိသောကြောင့် ဖွေးဖွေးဖြူလျက် ရှိကြ၏။

အံ့သြခြင်း ပြေပျောက်ပြီးသည့် နောက်၌ကား၊ ကျွန်ုပ်တို့မှာ ရေ ငတ်မွတ်သော ဝေဒနာ ပြင်းစွာနှိပ်စက်ခြင်း ခံကြရပြန်လေ၏။ "လေငှက်" က ရေနံ့ရသည်ဟု ပြောသည်ကား မှန်ပါ၏။ သို့ရာတွင် ရေကိုမူကား မည်သည့်နေရာ၌မျှ ရှာမတွေ့ချေ။ ကျွန်ုပ်တို့သည် တောင်ပူစာကလေးကို ပတ်ချာလှည့်၍ ရှာကြလေ၏။ သို့ရာတွင် ရေအိုင်ကိုလည်းကောင်း၊ စမ်း ချောင်းကိုလည်းကောင်း၊ ရေတွင်းကိုလည်းကောင်း မတွေ့ရချေ။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် စိတ်ပေါက်လှသည်နှင့် "လေငှက်" အား အရူးအနှမ်းဟူ၍ ခေါ်ကြရာ၊ လေငှက်ကမူ မလျှော့သေးဘဲ လေထဲတွင် ရေနံ့ပါသည်ဟု ပြောတုန်းပင် ရှိနေသေး၏။ ထိုအခါ ကျွန်ုပ်က စိတ်ပေါက် ပေါက်နှင့်၊ 'အနံ့ရမှာပေါ့ကွ၊ ကောင်းကင်မှာ တိမ်တွေရှိတာကိုး။ တိမ်ထဲမှာ မိုးရေ ပါတာပေါ့၊ နောက် နှစ်လလောက်ကြာတော့ ရွာချလိမ့်မည်။ ဒီတော့မှ ငါတို့ အရိုးတွေ ရေစွတ်ကြရတော့မှာပဲ' ဟု ပြန်ပြောလိုက်၏။ ဆာဟင် နရီကမူ မှတ်ဆိတ်ကိုဆွဲသပ်ရင်း 'တောင်ပူစာကလေး ထိပ်မှာများ ရှိလေ ရော့သလားကရို ....' ဟု တွေးပြောပြောလိုက်ရာ ဂွဒ်က 'ကြိကြိစည်စည် ဗျာ၊ တောင်ထိပ်မှာ ရေရှိတယ်လို့ ဘယ်တော့ ကြားဖူးသလဲ ....' ဟု ပြန်ပြော သေး၏။





ကျွန်ုပ်တို့သည် နည်းလမ်းရှိသမျှ ကုန်စင်အောင် စမ်းသပ်လိုသဖြင့် ထင်ဘဲလျက်နှင့် တောင်ပူစာထိပ်သို့ တက်ကြသေး၏။ အမ်ဘိုပါသည် ရှေ့ဆုံးမှ တက်သွား၍ ထိပ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် လက်များကို မြှောက်ကာ 'ရေတွေ့ပြီ ....ရေတွေ့ပြီ' ဟု အော်ပြောလိုက်ရာ၊ ကျွန်ုပ်တို့ လည်း အပြေးအလွှား အူယားဖားယား တက်ပြေးကြ၏။ ဝမ်းမြောက်ကြ လေစွတကား။ တောင်ပူစာကလေး၏ ထိပ်တည့်တည့်၌ မည်သည့်နည်းဖြင့် ည်ကဲ့သို့ တည်နေသည်မသိ၊ ရေအိုင်ကလေး တည်ရှိနေသည်ကား အမှန် ပင် ဖြစ်တော့၏။ ကျွန်ုပ်တို့လူစုသည် ဝမ်းသာအားရ ပြေးဆင်း၍ ရေထဲ တွင် အလျားလိုက် မှောက်ကြပြီးလျှင် အေးမြသော အိုင်ရေကို ဝမ်းဗိုက် များ ကားသည်တိုင်အောင် သောက်ကြလေရာ၊ ကျွန်ုပ်တို့မှာ ၎င်းရေကဲ့သို့ ရသာနှင့် ပြည့်စုံသော ရေဟူ၍ တစ်ခါဖူးမျှ မကြုံဖူးကြဟု မှတ်ထင်မိကြ လေတော့၏။ ဝမ်းဗိုက်များပြည့်၍ ပါးစပ်ဖြင့်သောက်ရန် မတတ်နိုင်လတ် သော ကျွန်ုပ်တို့သည် ရေထဲတွင် တစ်ကိုယ်လုံး နှစ်စိမ်လျက် ကိုယ်ဖြင့် သောက်ကြကုန်သေး၏။ ကိုယ်ထဲသို့ စိမ့်ဝင်ပြီးလတ်သော် ဦးခေါင်းများ ကို နှစ်လျက် ဦးရေဖြင့် သောက်ကြကုန်သေး၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ရေဝကြကုန်သည်ဖြစ်၍ ဆာလောင် မွတ်သိပ်ဖို့ သတိရလာကြသည်နှင့် နှစ်ဆယ့်လေးနာရီလုံးလုံး လျှာနှင့်တို့ရန် စိတ်မကူးဝံ့ခဲ့ကြသည့် အမဲခြောက်များကို အားရပါးရ ဝါးကြလေကုန်၏။ ဝမ်းတောင့်ပြန်လတ်သော် ကျွန်ုပ်တို့သည် အိတ်ထဲသို့ ထိုးပစ်ထားသော ဆေးတံများကိုထုတ်၍ မြိန်ရှက်စွာ သောက်ပြီးနောက်၊ ရေအိုင်၏နံဘေး တွင် ကမ်းပါးရိပ်ကိုခိုလျက် အိပ်စက်ကြလေရာ၊ မွန်းတည့်ချိန်ကျခါမှ နိုးလာ ကြလေတော့၏။

ထိုနေ့တစ်နေ့လုံး နားနေကြပြီးနောက် လ ထွက်သည်နှင့် တစ်ပြိုင် နက် ကျွန်ုပ်တို့သည် ရေဘူးများကို ရေဖြည့်၍ ခရီးထွက်ရန် ပြင်ဆင်ကြပြန် လေ၏။ ထိုည၌ ကျွန်ုပ်တို့မှာ ခြေလှမ်းသွက်လာကြသည် ဖြစ်သောကြောင့်

၂၅ မိုင်ထက်မနည်း ခရီးပေါက်ရောက်နိုင်ကြ၏။ နောက်တစ်နေ့တွင် ရေမတွေ့တော့စေကာမူ တောင်ပို့ကြီးတစ်လုံးကို တွေ့သည်နှင့် ၎င်း၏အရိပ်တွင် နေခိုကြ၏။ နောက်တစ်နေ့ နေထွက်သော အခါတွင်မူကား ရှိဗာ၏ အသားမြတ်ခေါ် တောင်ထွတ်ကြီးများသည် ကျွန်ုပ်တို့နှင့် မိုင် ၂၀ ခန့်မျှသာ ကွာလှမ်းတော့သည်ဖြစ်၍ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်တွင် မိုးလျက်ရှိသည်ဟု မှတ်ထင်ကြရ၏။ ညနေခင်းအချိန်တွင် ကျွန်ုပ်တို့သည် ဆက်လက်၍ ခရီးသွားကြပြန်ရာ၊ နောက်တစ်နေ့ မိုးသောက်ချိန်တွင် ကျွန်ုပ်တို့ မှန်းရွယ်လာကြသည့် လက်ဝဲဘက် အသားမြတ်၏ ခြေရင်းသို့ ဆိုက်ရောက်လာကြလေ၏။

ထိုအချိန်၌ကား ကျွန်ုပ်တို့ ရေဘူးများမှာ ရေကုန်ခန်းခဲ့ပြီ ဖြစ်သောကြောင့် ရေငတ်မွတ်သောဝေဒနာ ခံစားကြရပြန်လေပြီ။ သို့ရာတွင် မိုးပွင့်များ တည်ရှိရာ ဖြစ်သော တောင်ထိပ်သို့ မရောက်မချင်း ရေတွေ့နိုင်ရန် နည်းလမ်း မမြင်တော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နှစ်နာရီခန့်မျှသာ နားနေကြပြီးနောက် မိုးပွင့်များ တည်ရှိရာသို့ လျင်မြန်စွာ ရောက်စိမ့်သောငှာ တောင်ထွတ်ကြီးကို ကြိုးစား၍ တက်ကြလေ၏။

၁၁ နာရီ ထိုးလတ်သော် ကျွန်ုပ်တို့မှာ ခြေပစ်လက်ပစ် ဖြစ်သည်တိုင်အောင် ပင်ပန်းလှပြီးဖြစ်ရာ၊ မီးတောင်ဟောင်းမှ စီးဆင်းကျသော ချော်ရည်ခြောက်များပေါ်၌ လျှောက်ကြရခြင်းအားဖြင့်လည်း ခြေထောက်များမှာ ထောင်းထောင်းကြေမတတ် ကျိန်းစပ်လျက် ရှိလေတော့၏။ ကျွန်ုပ်တို့၏ အထက် ကိုက်ပေါင်း ၃၀၀ ကျော်ခန့်တွင် ခြောက်သွေ့နေသော ချော်တုံးကြီးများကို တွေ့မြင်ရသည်နှင့် ကျွန်ုပ်တို့သည် ၎င်းတို့၏အရိပ်ကို ခိုကြအံ့ဟု ကြိုးစား၍ တက်ကြပြန်ရာ၊ အနီးသို့ ရောက်ကြသောအခါ မနီးမဝေးတွင် စိမ်းလန်းလတ်ဆတ်သော နွယ်ပင်များ ထူထပ်စွာပေါက်လျက် ရှိသည်ကို အံ့သြစွာ တွေ့မြင်ကြရလေ၏။ ထိုအတောအတွင်း အမ်ဘိုပါသည် ၎င်းအပင်များ ရှိရာသို့ လျှောက်သွား၍ မကြာမီ စိမ်းစိမ်းကြီးရှိသော





အလုံးကြီးနှစ်လုံးကို လက်တစ်ဖက်တစ်ချက်၌ ပွေ့ပိုက်ကာ၊ ဝမ်းမြောက်ဝမ်းသာ ပြန်ပြေးလာလေ၏။

ကျွန်ုပ်။ ။ 'ဘာကြီးတွေလဲဟေ့၊ အမ်ဘိုပါ ....'

ပါ။ ။ 'ရေရော အစာရော ရလာခဲ့ပြီလေ၊ ဟောဒီမှာ ကြည့်လိုက်ကြစမ်း ....'

ပြောသည့်အတိုင်း ကြည့်လိုက်ကြသောအခါ၊ ဖရဲသီးကြီးနှစ်လုံးဖြစ်နေသည်ကို တွေ့ကြရသဖြင့်၊ ဂွဒ်မှာ ထ၍ပင် ခုန်လိုက်သေး၏။ စင်စစ်သော်ကား စိမ်းလန်းသော နွယ်ပင်များမှာ ဖရဲပင်များဖြစ်၍ ရာထောင်မကသော ဖရဲသီးများသည် ယာခင်းကြီးသဖွယ် အနှံ့အပြား ပွတ်၍ သီးနေကြရာ၊ ကျွန်ုပ်တို့မှာ အစာလည်းပြတ်၊ ရေလည်းငတ်သည်နှင့် လူတစ်ယောက်လျှင် ဖရဲသီး ၆ လုံးထက်မနည်း လောဘတကြီး စားသောက်လိုက်ကြလေ၏။

သို့ရာတွင် ဖရဲသီးမည်သည်မှာ ရေငတ်ပြေရုံမျှရှိ၍ အာဟာရဖြစ်နိုင်သည် မဟုတ်ရကား၊ အလွန်ဆာလောင်လာကြသည်နှင့် အမဲခြောက်များကို ချွေတာစွာ ဝါး၍ စားကြရလေ၏။ ထိုခဏ၌ ငန်းအရွယ်ခန့်ရှိသော ငှက်ကြီးတစ်အုပ်သည် သဲကန္တာရပေါ်မှ ကျွန်ုပ်တို့ရှိရာသို့ တည့်တည့်ကြီး ပျံဝဲလာကြလေရာ၊ လေငှက်က 'ပစ်ပါ သခင်၊ ပစ်ပါ' ဟု ပြောလျက်၊ မြေပေါ်တွင် ဝမ်းလျားထိုးကာ မှောက်လိုက်သည်နှင့် ကျွန်ုပ်တို့လည်း ၎င်းနည်းတူ မြေပေါ်တွင် စင်းနေကြလေ၏။ ကျွန်ုပ်သည် ဝင်ချက်စတာ သေနတ်တစ်လက်ကိုယူ၍ ယမ်းတောင့်ထိုးပြီးလျှင်၊ မြေပေါ်တွင် ပက်လက်လှန်လျက် စောင့်နေရာ ငှက်အုပ်သည် ကျွန်ုပ်တို့အပေါ်သို့ မတည့်တတည့် ရောက်လာသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ခုန်ထလိုက်လေ၏။ ငှက်အုပ်သည် ကျွန်ုပ်ကို မြင်သည်နှင့် တွန့်သွား၍၊ စုမိစုရာ စုရုံးသွားကြလေရာ၊ ကျွန်ုပ်သည် ငှက်များ အထူထပ်ဆုံးသော နေရာသို့မှန်း၍ သေနတ်နှစ်ချက်မျှ ဆင့်၍ ပစ်လိုက်လေ၏။ နောက်တစ်ခဏ၌ ငှက်ကြီးတစ်ကောင်သည် လေထဲ၌ ထိုးကျလာလေရာ အနည်းဆုံး ပေါင်ချိန် ၂၀ ခန့် ရှိသည်ကို တွေ့ကြ

ရသဖြင့်၊ အဘယ်မျှလောက် ဝမ်းမြောက်ကြသည်ကို ဖော်ထုတ်ရေးသားရန် မလိုတော့ပေ။ နာရီဝက်ခန့် အတွင်းတွင် ဖရဲပင်ခြောက်များကို စုဆောင်းကာ မီးမွေးကြ၍ ငှက်ကြီးသည် မီးပေါ်တွင် တဖြည်းဖြည်းလှည့်ကာ ကင်ကြသော အဖြစ်သို့ ရောက်နေခဲ့လေပြီ။ ကျွန်ုပ်တို့သည် အသားစိုများနှင့် မတွေ့ရသည်မှာ ရက်ပေါင်း အတန်ကြာခဲ့ပြီဖြစ်ရကား၊ အဘယ်မျှလောက် မြိန်ရှက်စွာ စားသောက်ကြသနည်းဆိုသော်၊ ၅ ပိဿာကျော်ကျော်ရှိသော ငှက်ကြီး တစ်ကောင်လုံးပင်လျှင် ခြေထောက်ရိုးနှင့် နှုတ်သီးမျှလောက်သာ ကျန်ပေတော့၏။ ခွန်အား ပြည့်တင်းလာကြပုံမှာကား ပြောဖွယ်ရာ မရှိတော့ပေ။

ထိုညဉ့်၌ ကျွန်ုပ်တို့သည် လ ထွက်လာသည်နှင့် တစ်ပြိုင်နက်၊ ဖရဲသီးကိုယ်စီ တတ်နိုင်သမျှ သယ်ယူကြလျက် ခရီးထွက်ကြပြန်လေ၏။ ထိုနေရာမှစ၍ ကျွန်ုပ်တို့ သွားရသောလမ်းမှာ မြင့်သည်ထက် မြင့်၍ တက်သွားလေရာ၊ လေသည်လည်း အေးသည်ထက် အေးမြလာလေတော့၏။ မိုးသောက်လတ်သော် ကျွန်ုပ်တို့သည် မိုးပွင့်များ ထာဝရ တည်ရှိရာဖြစ်သော "ဆနိုးလိုင်း" ခေါ် မျဉ်းကြောင်းနှင့် ၆ မိုင်ထက် ကွာလှမ်းတော့မည် မဟုတ်ချေ။ ၎င်းနေရာတွင်လည်း ဖရဲသီးများ ထပ်မံတွေ့ကြရပြန်သည့်ပြင် "ဆနိုးလိုင်း" ခေါ် မျဉ်းကြောင်းကို ကျော်လွန်မိကြသော အခါတွင်လည်း မိုးပွင့်များ အမြဲရနိုင်ကြမည် ဖြစ်သောကြောင့် ရေရမှုအတွက် ပူပန်ဖို့ မရှိတော့ချေ။ သို့ရာတွင် ထိုနေရာ၌ ကျွန်ုပ်တို့ သွားရသောလမ်းမှာ မတ်စောက်လှပြီ ဖြစ်သောကြောင့် တစ်နာရီလျှင် တစ်မိုင်နှုန်းထက်ပို၍ ပေါက်ရောက်အောင် မသွားနိုင်ကြတော့ချေ။ အရေးကြီးသော အခြင်းအရာတစ်ခုမှာ ထိုညဉ့်တွင် ကျွန်ုပ်တို့သည် နောက်ဆုံးကြွင်းကျန်နေသော အမဲခြောက်ကို လက်စသတ်လိုက်ကြပြီး ဖြစ်သောကြောင့် ရိက္ခာအတွက် စိုးရိမ်မကင်း ဖြစ်လာကြရလေတော့၏။ ထူးဆန်းသော အခြင်းအရာ တစ်ခုမှာလည်း၊ မိုးပွင့်မှ အရည်ပျော်ကျဖို့ ချောင်းများသည် ဧကန်မုချ တည်ရှိရမည် ဖြစ်သော်လည်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျွန်ုပ်တို့ ရှိနေကြသည့် တောင်ကြီး၏





တောင်ဘက်မျက်နှာတွင် တစ်ခုမျှ မတွေ့ရဘဲ မြောက်ဘက်မျက်နှာ၌သာလျှင် စုရုံးစီးဆင်း ကြလေတော့၏။

ထိုအခါ၌ကား ကျွန်ုပ်တို့မှာ စားနပ်ရိက္ခာအတွက် စိုးရိမ်ပူပန်နေကြရ၏။ ရေငတ်သောဘေးမှ လွတ်မြောက်ခဲ့ကြပြီးမှ အစာငတ်၍ သေကြရမည်လောဟု ကြောင့်ကြနေကြရ၏။ ထိုနေ့မှစ၍ ၃ ရက် အဖြစ်အပျက်ကို ကျွန်ုပ်၏ ဒိုင်ယာရီမှတ်တမ်းမှ ထုတ်နုတ်ဖော်ပြလိုက်ရပေအံ့။

**မေလ ၂၁ ရက်**။ အေးမြသော ဒေသဖြစ်၍၊ ၁၁ နာရီမှ စတင်ထွက်ကြသည်။ ဖရဲသီးများ ဆောင်ခဲ့ကြသည်။ နောက်ထပ် ဖရဲသီး မတွေ့တော့။ ဘာကောင်မျှလည်း မတွေ့ရ။ နေဝင်ချိန်တွင် ရပ်တန့်၍ အစာမစားဘဲ အိပ်ကြရသည်။ အလွန် ချမ်းအေးလှသည်။

**၂၂ ရက်**။ ခွန်အားနည်းစွာနှင့် နေထွက်ချိန်တွင် ခရီးထွက်ကြသည်။ တစ်နေ့လုံး ၅ မိုင်ခန့်လောက်သာ ခရီးပေါက်သည်။ မိုးပွင့်များ တွေ့၍ ရေငတ်ပြေအောင် စားကြရသည်။ ညဉ့်၌ ဘရန်ဒီ အနည်းငယ်မျှစီ သောက်ပြီး စောင်နှင့်ကွေး၍ အိပ်ကြရသည်။ "လေငှက်" မှာ အပူခံနိုင်သော်လည်း အအေးမခံနိုင်၍ သေတော့မလို ဖြစ်နေသည်။

**၂၃ ရက်**။ နေထွက်၍ ပူနွေးသည်နှင့် တစ်ပြိုင်နက် ထွက်လာကြသည်။ ထိုနေ့ အစာတစ်ခုခု မရခဲ့လျှင် နောက်ဆုံးခရီးသွားခြင်း ဖြစ်လိမ့်မည် ထင်သည်။ လေငှက်မှာ အဆိုးဆုံး ဖြစ်သည်။ အစာအိမ် ထုံကျဉ်နေသောကြောင့်ပေလော မသိ။ ဆာတော့ မဆာ၊ ခွန်အားနည်း၍ ခြေပစ်လက်ပစ် ဖြစ်နေကြသည်။ ဘာကောင်မျှ မတွေ့။ သေသည်သာ အောက်မေ့နေကြတော့သည်။

ဤနေရာမှ ရှေ့သို့မူ စုံလင်စွာဖော်ပြရန် လိုသောကြောင့် ဒိုင်ယာရီမှတ်တမ်းမျှနှင့် မလုံလောက်သဖြင့် သီးသန့် ရေးသားဖော်ပြပေအံ့။

မေလ ၂၃ ရက်နေ့ တစ်နေ့လုံး ကျွန်ုပ်တို့သည် မိုးပွင့်များကို

ကျော်နင်း၍ တစ်ဖက်ခရီးချည်းသက်သက် တက်ကြရလေရာ၊ မောဟိုက်ပင်ပန်းလှသဖြင့် မကြာခဏ ရပ်တန့်နားနေကြရ၏။ နေဝင်ချိန်တွင် ကျွန်ုပ်တို့သည် "ရှီဗာ၏သားမြတ်" ခေါ် တောင်ထွတ်တွင် သားမြတ်သီးအောက်တည့်တည့်သို့ ဆိုက်ရောက်လာကြလေရာ ထိပ်၌ရှိသော သားမြတ်သီးပင်လျှင် ပေပေါင်း ၃,၀၀၀ ခန့် မြင့်သည်ဖြစ်၍ မိုးပွင့်များနှင့် ဖွေးဖွေးဖြူလျက်ရှိ၏။ ဒီဆီလဗာ၏ မြေပုံအရမှာ ထိုနေရာတစ်ဝိုက်တွင် ဂူတစ်ခုရှိရမည်ဖြစ်၍ ကျွန်ုပ်တို့သည် ထိုမှ ဤမှ လှမ်းမျှော်ကြည့်ရှုကြသေး၏။ ၁၀ မိနစ်ခန့်လျှောက်မိလတ်သော် စောင်ကြီးကိုခြုံလျက် လိုက်ပါလာသော အမ်ဘိုပါက သားမြတ်သီး၏ နံဘေးရှိရာ အထက်သို့ ညွှန်ပြလျက်၊ 'ကြည့်ကြစမ်း ....' ဟု ပြောသဖြင့် မော့ကြည့်လိုက်ကြသောအခါ မိုးပွင့်များထဲတွင် အပေါက်ကလေး တစ်ခုသဖွယ် တွေ့မြင်ရလေ၏။

ကျွန်ုပ်တို့သည် ၎င်းအပေါက်ကလေးရှိရာသို့ တက်သွားကြသောအခါ ဂူတစ်ခု၏ အဝဖြစ်ကြောင်း တွေ့ရသည့်ပြင်၊ ဒီဆီလဗာ ညွှန်းခဲ့သောဂူဖြစ်ကြောင်းကိုလည်း ယုံမှားဖွယ်ရာ မရှိချေ။ ဂူဝသို့ ရောက်ကြသောအခါ မှောင်စ ပြုနေပြီဖြစ်ရာ ကျွန်ုပ်တို့သည် ချမ်းအေးခြင်းမှ တတ်နိုင်သမျှကာကွယ်စိမ့်သောငှာ ဂူထဲသို့ဝင်၍ တစ်ငုံစီမျှလောက်သာ ကျန်ရှိသော ဘရန်ဒီကလေးကို ဆွတ်လိုက်ကြပြီးနောက် စောင်ကိုယ်စီနှင့် ကွေးကြရ၏။ သို့ရာတွင် ၎င်းဒေသ၌ အအေးချိန်မှာ ရေခဲသည့်အောက် ဒီဂရီ ၅၀ လောက်လျော့ကျသေးရကား ၎င်းစောင်မျိုး ၁၀ ထပ် ခြုံသော်လည်း နွေးနိုင်မည်မဟုတ်ချေ။ ကျွန်ုပ်တို့မှာ ချမ်းအေးခြင်းက တစ်ဖက်၊ ခရီးပန်းခြင်းက တစ်ဖုံ၊ အစာငတ်ပြတ်ခြင်းက တစ်မျိုး ရှိနေကြရကား မည်မျှလောက်ဆင်းရဲဒုက္ခ ကြီးကျယ်သည်ကို ဖတ်ရှုသူတို့ တွေးတောဆင်ခြင်ဖို့ ထားခဲ့ပေတော့အံ့။

ကျွန်ုပ်တို့မှာ ရိုးတွင်းခြင်ဆီခိုက်အောင် ချမ်းအေးလှသည်ဖြစ်၍ ထိုမျှလောက် ခရီးပန်းလျက်နှင့်ပင် အိပ်မပျော်နိုင်ကြဘဲ တစ်ယောက်နှင့်





တစ်ယောက် တိုးကပ်လျက် ကွေးနေကြရတော့၏။ တစ်ခါတစ်ခါ မှေးခနဲလိုက်သွားသော်လည်း၊ ဆတ်ခနဲ လန့်၍ နိုးလာရသည်သာ ဖြစ်၏။ ကျွန်ုပ်နှင့် ကျောချင်းကပ်လျက် ပူးနေသော "လေငှက်" သည် တစ်ညဥ့်လုံးမေးချင်းရိုက်ကာ ခိုက်ခိုက်တုန်လျက် ရှိရာမှ လင်အားကြီး အချိန်လောက်တွင် သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီးနောက် ငြိမ်သွားလေတော့၏။ ပထမ၌ ကျွန်ုပ်က ထိုသူ အိပ်ပျော်သွားလေပြီဟု မှတ်ထင်မိရာ၊ ၎င်း၏ကျောသည် တဖြည်းဖြည်း အေးသည်ထက် အေးလာ၍၊ ရေခဲတုံးသဖွယ် ရှိနေသဖြင့် မိုးလင်းချိန်တွင် ထ ကြည့်လိုက်သောအခါမှ အသက်လုံးလုံး မရှိတော့ကြောင်း တွေ့ရှိရလေ၏။

၎င်းနောက် မိုးထိန်ထိန်လင်းလာသဖြင့် ကျွန်ုပ်တို့သည် ချမ်းအေးခြင်း ပြေပျောက်စိမ့်သောငှာ၊ ငြိမ်သက်စွာ ထိုင်မနေကြတော့ဘဲ ဂူထဲတွင် ထိုမှ ဤမှ လှုပ်ရှား လျှောက်သွားနေကြစဉ် တစ်စုံတစ်ယောက်သောသူက လန့်အော်လိုက်၏။ ကြည့်လိုက်သောအခါ၌ကား၊ ဂူ၏အတွင်းဘက် ကျွန်ုပ်တို့နှင့် ပေ ၂၀ ခန့် အကွာလောက်တွင် လူတစ်ယောက်သည် ဒူးပေါ်တွင် မေးတင်လျက် ငိုက်စိုက်ကြီး ထိုင်နေသည်ကို တွေ့မြင်ကြရလေ၏။ သေချာမှာ ကြည့်ကြသောအခါ ၎င်းမှာလည်း "လေငှက်" နည်းတူပင် အသက်မရှိကြောင်း တွေ့ကြရ၏။ ၎င်းအလောင်းမှာကား အာဖရိကတိုက်သား တစ်ယောက် မဟုတ်၊ ဥရောပတိုက်သား လူဖြူတစ်ယောက် ဖြစ်၏။ ထိုအခြင်းအရာကို တွေ့မြင်ကြရသောအခါ သွေးလန့်လျက်ရှိသော ကျွန်ုပ်တို့လူစုမှာ ဂူထဲမှ သုတ်ခြေတင်၍ ထွက်ပြေးမိကြ၏။

## အခန်း ၅
## စောလမုန်၏ လမ်းကြီး

ဂူပြင်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ရှက်ကိုးရှက်ကန်းနှင့် ရပ်တန့်နေကြရာတွင်၊ ဆာဟင်နရီက 'နေစမ်းကြပါဦးဗျာတို့၊ ကျုပ် ပြန်ကြည့်လိုက်စမ်းပါဦးမယ်။ မတော်တဆ ကျုပ်ညီများ ဖြစ်နေမလား မဆိုနိုင်ဘူး' ဟု ပြော၍ အလောင်းရှိရာသို့ ပြန်ဝင်သွားရာ၊ ကျွန်ုပ်တို့လည်း ရွံ့တွံ့တွံ့နှင့် နောက်မှ လိုက်ပါသွားကြလေ၏။ ထိုနောက် ဆာဟင်နရီသည် အလောင်းအနီးတွင် ဒူးထောက်၍ မျက်နှာကို သေချာစွာ ကြည့်ရှုပြီးမှ 'တော်ပါသေးရဲ့ဗျာ၊ ကျုပ်ညီတော့ မဟုတ်ဘူးဗျို့' ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်တို့လည်း အတော်ရဲရင့်လာ၍ အလောင်းကို သေချာစွာ ကြည့်ရှုကြရာ နှာခေါင်းချွန်ချွန်၊ မေးချွန်ချွန်၊ နှုတ်ခမ်းမွေးရှည်ရှည်၊ အရပ်မြင့်မြင့်ရှိသည့် လူလတ်အရွယ်တစ်ယောက်၏ အလောင်းဖြစ်ကြောင်း တွေ့ကြရလေ၏။ ၎င်း၏အရေမှာ ထိန်ထိန်ဝါလျက် အရိုးပေါ်၌ ကပ်လျက်ရှိရာ၊ ခြေထောက်တွင် စွပ်လျက်ရှိသော ခြေအိတ်ရှည်ကြီးမှတစ်ပါး အဝတ်အစားဟူ၍ တစ်ခုမျှ မရှိချေ။ လည်ပင်း၌ကား ရိမန်ကက်သလစ် ဘာသာဝင်တို့ ဆောင်လေ့ရှိသည့် ဆင်စွယ် လက်ဝါးကပ်တိုင်ကလေးတစ်ခု ဆွဲလျက်ရှိ၏။

ကျွန်ုပ်။ ။'ဘယ်သူ့အလောင်းများ ဖြစ်ပါလိမ့်ဗျာ ....'





ရီ။ ။'ခင်ဗျား မတွေးမိဘူးလား'

ကျွန်ုပ်က ဦးခေါင်းယမ်းပြသောအခါ–

ရီ။ ။'ခင်ဗျားဆီမှာရှိတဲ့ စာနဲ့ မြေပုံကို ရေးခဲ့တဲ့ ပေါ်တူဂီလူမျိုး ဒီဆီလဗာပေါ့ဗျာ'

ကျွန်ုပ်။ ။'နှစ်ပေါင်း ၃၀၀ ကျော်မှပဲဟာဗျာ၊ မဟုတ်နိုင်တာပဲ'

ရီ။ ။'၃၀၀ မကလို့ ၃,၀၀၀ ရှိသော်လည်း၊ ဒီဥတုမျိုးမှာ မပုပ်မသိုးနိုင်ဘူးဗျ။ တောတိရစ္ဆာန်များ မနှောင့်ယှက်လို့ရှိရင် ရှေ့လျှောက်ပြီး ဘယ်လောက် ကြည့်ရှုခံဦးမယ်လို့ မပြောနိုင်ဘူး'

ကျွန်ုပ်တို့မှာ ၎င်းယူဆချက်ကို လွန်လွန်းသည်ဟု မှတ်ထင်မိသော်လည်း ယုတ္တိရှိသည်ဟု အောက်မေ့သဖြင့် မငြင်းနိုင်အောင် ရှိကြရလေ၏။ ဤအတိုင်း မှန်ခဲ့လျှင် ဒီဆီလဗာ၏ အစေခံသည် ၎င်း၏ အဝတ်အစားများကို ချွတ်ခွာယူသွားပြီးနောက် အလောင်းကို ဂူထဲ၌ ပစ်ထားခဲ့ဟန်တူပေရာ၊ ကျွန်ုပ်မှာ ဒီဆီလဗာ ရေးခဲ့သော စာနှင့် မြေပုံကို အိတ်ထဲမှ ထုတ်ကြည့်ရင်း ကြက်သီးမွေးညင်း ထ မိလေသေး၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် အလောင်းချင်း အဖော်ရစေခြင်းငှာ၊ လေငှက်၏အလောင်းကို ပေါ်တူဂီ ဒီဆီလဗာ၏ အလောင်းအနီးသို့ ပြောင်းရွှေ့ထားခဲ့ကြပြီးနောက်၊ ထိုဂူမှ ထွက်လာခဲ့ကြလေ၏။ အစေခံ သုံးယောက်အနက်၊ နှစ်ယောက် သေဆုံး၍ အမ်ဘိုပါ တစ်ယောက်တည်းသာလျှင် ကျန်ရှိခဲ့လေပြီ။

ကျွန်ုပ်တို့သည် မိုင်တစ်ဝက်ခန့် လျှောက်လာကြ၍၊ သားမြတ်သီးအောက်၌ရှိသော တောင်ကလပ်အစွန်းသို့ ရောက်ကြသောအခါ၊ ကျွန်ုပ်တို့ အောက်၌ ကိုက် ၅၀၀ ခန့်တွင် စမ်းချောင်းကလေးတစ်ခုကို မြင်ကြရ၍၊ ချောင်းကမ်းပါးရှိ စိမ်းလန်းသော မြက်ခင်းပေါ်တွင် တောင်ဆိတ် ၁၅ ကောင်ခန့်တို့ ကျက်စားလျက် ရှိသည်ကို တွေ့မြင်ကြရလေ၏။ တောင်ဆိတ်ဆိုသည်မှာ စားနပ်ရိက္ခာပင် ဖြစ်သောကြောင့် ဘယ်မျှလောက် ဝမ်းမြောက်ကြသည်ကို မပြောနိုင်ပေ။ သို့ရာတွင် ကိုက် ၅၀၀ ခရီးကို တောင်ဆိတ်များ

မမြင်အောင် မည်ကဲ့သို့ သက်ဆင်းကြပါမည်နည်း။ ရိပ်ခနဲ မြင်လိုက်လျှင် လုစ်ခနဲ ထွက်ပြေးကြမည် ဖြစ်၍၊ အစာမရလျှင် အမှန် သေကြရတော့မည် ဖြစ်သော ကျွန်ုပ်တို့မှာ ပစ်ရလို ပစ်ရငြား သဘောမျိုးနှင့် စွန့်စားချဉ်းကပ်သော အလုပ်မျိုးကို မလုပ်ဝံ့ကြပေ။ ဆိတ်များ မမြင်အောင် လှည့်ပတ်ဆင်းသက်ရန်လည်း လမ်းမရှိချေ။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် နီးအောင် မချဉ်းကပ်တော့ဘဲ၊ ထိုနေရာမှပင် စွန့်စားပစ်ခတ်ကြရန် ဆုံးဖြတ်ကြလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သုံးယောက်သည် တစ်ကိုယ်လျှင် ရိုင်ဖယ်သေနတ်တစ်လက်စီကိုင်လျက်၊ မိမိနှင့် တည့်ရာဆိတ်ကို တစ်ကောင်စီချိန်၍ အမ်ဘိုပါက အချက်ပေးသည်နှင့် တစ်ပြိုင်နက် ပြိုင်တူပစ်ကြရန် သဘောတူညီကြလေ၏။ ထိုနောက် ကျွန်ုပ်တို့သည် သေနတ်တစ်လက်စီ ကိုင်ကြ၍ ဆိတ်တစ်ကောင်စီ သေချာစွာ ချိန်ဆကြပြီးမှ အမ်ဘိုပါက 'ပစ်' ဟု အချက်ပေးလိုက်သဖြင့် သေနတ်သုံးလက်တို့သည် တစ်ပြိုင်နက်တည်းကဲ့သို့ ဒိန်းခနဲ ထွက်သွားကြလေ၏။ ပထမ၌ ယမ်းခိုးများနှင့် မည်းမှောင်နေသဖြင့် တစ်စုံတစ်ရာမှ မမြင်ရသေးဘဲ ရင်ဖိုလှိုက်စွာဖြင့် စောင့်ငေးနေကြရ၏။ တစ်ခဏကြာရာတွင်မူကား ယမ်းခိုးများ လွင့်စဉ်သွား၍ ကျွန်ုပ်တို့မှာ တွေ့မြင်ရသော အခြင်းအရာအတွက်ကြောင့် ခုန်ပေါက်လိုက်မိကြသေး၏။ အကြောင်းမူကား မည်သူ၏သေနတ်ချက်ကြောင့် မသိ၊ တောင်ဆိတ်တစ်ကောင်သည် ကျောက်ဆောင်ပေါ်တွင် ပက်လက်လန်ကာ လဲကျလျက် ခြေလေးဖက်တို့ဖြင့် ယက်ကန်ယက်ကန် ဖြစ်နေသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။ နောက်တစ်ခဏ၌ ကျွန်ုပ်တို့သည် တောင်ကမ်းပါးယံတစ်လျှောက် တစ်ဟုန်ထိုးပြေးဆင်းခဲ့ကြ၍ နောက် ၁၀ မိနစ်ခန့်အတွင်းတွင် တောင်ဆိတ်၍ အသည်းနှလုံးတို့မှာ ရင်ထဲမှ ဖောက်ထုတ်ပြီး ဖြစ်နေခဲ့လေပြီ။ သို့ရာတွင် အခက်အခဲတစ်ခုမှာကား၊ ထိုအရပ်တွင် မီးဖိုရန်အတွက် ထင်းဟူ၍ တစ်ခုတလေမျှ မရှိသောကြောင့် ချက်ပြုတ်ရန် မည်သို့မျှ မတတ်နိုင်ချေ။ သို့ဖြစ်ရကား





ကျွန်ုပ်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ကြောင်တောင်ေ၍ နေကြရလေတော့၏။

ထိုအခါ ဂွဒ်က ....'ငတ်တဲ့လူဆိုတာ ဇီဇာကြောင်နေလို့ မဖြစ်ဘူးလေ၊ ချက်စရာ မရှိလျှင် အစိမ်းလိုက် စားကြရုံ ရှိတာပေါ့ ....' ဟု ပြောလိုက်မှာ ကျွန်ုပ်တို့မှာ ပထမ၌ မဖြစ်နိုင်ဟု အောက်မေ့မိကြ၏။ နောက်ဆုံး၌မူကား ....အခြားနည်းလမ်းလည်း မရှိ၊ ဆာလောင်လိုက်သည်မှာလည်း ဝမ်းထဲ၌ ငရဲမီးတောက်သကဲ့သို့ ပူလောင်လျက် ရှိရကား၊ ကျွန်ုပ်တို့သည် အသည်းနှင့် နှလုံးသား အနည်းငယ်စီ လှီးဖြတ်၍ မိုးပွင့်ထဲတွင် အေးအောင်ခေတ္တ မြှုပ်ထားပြီးလျှင် တစ်ဖွဲ့စီမျို၍ စမ်းချောင်းရေနှင့် ကျိုက်ချရလေတော့၏။ စိမ်းစော်ကြီး ညှီလိုက်သည်မှာ ပြောဖွယ်မရှိသော်လည်း လျှာပေါ်တင်မိသည့်အခါ လွန်မင်းစွာ အရသာ ရှိဘိ၏။ စားသောက်ပြီးနောက် ၁၅ မိနစ် အတွင်းတွင် ကျွန်ုပ်တို့၏ ခြေလက်များမှာ သွေးသစ်လောင်းထည့်လိုက်ဘိသကဲ့သို့ လွန်စွာ အားအင်ပြည့်တင်း လာပေတော့၏။

၎င်းနောက် ကျွန်ုပ်တို့သည် တောင်ဆိတ်သားများကို လှီးဖြတ်ကုံးတစ်ကာ ဆောင်ယူခဲ့ကြရာ ပုပ်သိုးနံစော်မည်ကိုကား စိုးရိမ်ဖွယ် မရှိချေ။ ၎င်းဥတုမျိုး၌ မည်သည့်အသားပင် ဖြစ်စေ၊ ၁၅ ရက် ထားသော်လည်း လတ်ဆတ်တုန်းပင် ရှိနေပေလိမ့်မည်။ ကျွန်ုပ်တို့သည် တောင်ကလပ်စွန်းမှ ရှုပ်လျက် သွားရမည့်လမ်းတာကို မျှော်ကြည့်လိုက်ကြသောအခါ ပေ ၅,၀၀၀ ခန့် နိမ့်သည့် အရပ်တွင် စိမ်းစိုသော လွင်ပြင်ကြီးသည် မျက်စိတစ်ဆုံးတည်ရှိလျက်၊ မြစ်ကြီးများသည် ငွေရောင်ရှိသော မြွေကြီးများသဖွယ် ကွေ့ကောက်စွာ စီးဆင်းလျက် ရှိဘိ၏။ ၎င်းလွင်ပြင်ကြီးမှာ တစ်ဖက်၌ရှိသော ကုန်းကန္တာရကြီးထက် ပေ ၃,၀၀၀ ထက်မနည်း မြင့်မောက်မည်ဖြစ်ရာ မြစ်အသွယ်သွယ်တို့မှာလည်း တောင်မှ မြောက်သို့သာလျှင် စီးဆင်းကြ၏။ ကျွန်ုပ်တို့သည် ထူးဆန်းအံ့ဩဖွယ် ကောင်းလှသော ရှုမျှော်ခင်းကို တောင်ကလပ်စွန်းမှ မျှော်ကြည့်လျက် ရှိကြစဉ် ....ဆာဟင်နရီက–

ရှီ။ ။'မြေပုံထဲမှာ စောလမုန်လမ်းကြီးလို့ ပါတယ် ဟုတ်လား ....'

ကျွန်ုပ်။ ။'ပါပါတယ် ....'

ရှီ။ ။'နို့ မြင်ကြရဲ့လား ....'

ကျွန်ုပ်။ ။'မမြင်ရသေးဘူး ....'

ရှီ။ ။'ဟောဟိုမှာ ကြည့်လိုက်ကြစမ်း ....'

ကျွန်ုပ်နှင့် ဂွဒ်တို့သည် ဆာဟင်နရီ ညွှန်ပြရာသို့ ကြည့်လိုက်ကြသောအခါ ပထမ၌ စမ်းချောင်းငယ်တစ်ခုဟူ၍ မှတ်ထင်မိသည့် အကြောင်းငယ် တစ်ကြောင်းသည် လွင်ပြင်ကိုဖြတ်ကာ တစ်သမတ်တည်း စင်းစင်းကြီး ရှိနေသည်အဖြစ်ကို တွေ့ရသဖြင့် လမ်းပင် ဖြစ်တန်ရာ၏ဟု မှတ်ယူကြရ၏။ တွေးထင်သည့်အတိုင်း လမ်းကြီးဖြစ်ခဲ့လျှင် ကျွန်ုပ်တို့ရှိရာမှ လက်ယာဘက်သို့ ဖြတ်ဆင်းလိုက်ပါက လမ်းကြီးပေါ်သို့ ရောက်ကြမည် ဖြစ်ရကား ကျွန်ုပ်တို့သည် ဆာဟင်နရီ၏ အကြံပေးချက်အတိုင်း ကျောက်တုံးကျောက်ခဲကြီးများပေါ်မှ ဖြတ်ကျော်၍ တစ်မိုင်ခန့် ဆင်းသက်မိကြလျှင်ပင် လမ်းကြီးပေါ်သို့ ဆိုက်ရောက်နေကြလေတော့၏။ ၎င်းလမ်းကြီးမှာ စာဆိုအတိုင်း မှန်ခဲ့ပါမူ နှစ်ပေါင်း ၃,၀၀၀ ကျော်အခါက ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သော်လည်း ပေ ၅၀ ခန့် ကျယ်ဝန်း၍ ကျောက်သားပကတိမှ ထွင်းဖောက်ထားခြင်း ဖြစ်ပေ၏။ ပြန့်ပြူးညီညာစွာ ရှိနေသော ၎င်းလမ်းမကြီးတစ်လျှောက်၊ ဝမ်းတောင့်တောင့်နှင့် လျှောက်ဆင်းရခြင်းအလုပ်သည် ကြမ်းတမ်းမတ်စောက်သော တောင်ကမ်းပါးယံကို အူဟောင်းလောင်းတက်ရခြင်း အလုပ်နှင့် အလွန်တရာ ခြားနားခြင်း ရှိပေရကား၊ ကျွန်ုပ်တို့မှာ လေငှက်နှင့် စီဗာတို့ သေဆုံးခဲ့သော အဖြစ်ကို သတိမရကြပါမူ စိတ်နှလုံးကြည်ရွှင်ချမ်းမြေ့ခြင်း ရှိနေကြသည် ဟူ၍ပင် ဆိုလောက်ပေ၏။ ၎င်းလမ်းမကြီးတစ်လျှောက် တစ်မိုင်ပြီးတစ်မိုင် လျှောက်ဆင်းသွားကြစဉ် ဥတုရာသီမှာ ညီညွတ်သည်ထက် ညီညွတ်၍ ရှုမျှော်ခင်းမှာလည်း သာယာသည်ထက် သာယာလှပေ၏။ လမ်းကြီးမှာလည်း အချို့နေရာတွင် ချောက်ကြီး ချပ်ကြီး





များကို ကျော်ဖြတ်လျက် လည်းကောင်း၊ အချို့နေရာတွင် တောင်ကမ်းပါးယံ၌ အချိတ် ယက်တက်လျက် လည်းကောင်း၊ အချို့နေရာတွင် တောင်ကြီးကို ဥမင်လိုဏ်ခေါင်းဖြင့် ဖောက်ထွင်းလျက်လည်းကောင်း ပြုလုပ်ထားလေရကား ဥရောပတိုက် ဆွစ်ဇာလန်ပြည်တွင် မီးရထားလမ်း ဖောက်ထားခြင်းနှင့် တူလှသည်ဖြစ်၍ နှစ်ပေါင်း ၃,၀၀၀ ခန့်အခါက အင်ဂျင်နီယာများသည် ခေတ်ကာလ အင်ဂျင်နီယာများထက် မညံ့ကြောင်း သက်သေခံလျက် ရှိနေပေတော့၏။

မွန်းတည့်အချိန်ခန့်တွင် ကျွန်ုပ်တို့သည် ဆင်ခြေလျှောရှိနေသော လမ်းကြီးတစ်လျှောက် ဆင်းလာခဲ့၍ တောများထူထပ်သော နေရာသို့ ဆိုက်ရောက်လာကြလေ၏။ ထိုအခါ ဂွဒ်က မိမိ မျိုချထားခဲ့သော အသည်းနှလုံး အစိမ်းများမှာ အစာကြေကျက်သွားပြီဖြစ်၍ အစိမ်းလိုက် တုံးတစ်ယူလာခဲ့သော တောင်ဆိတ်သားများကို ချက်ပြုတ်စားကြရန် အကြံပေးသည်နှင့်၊ လမ်းနံဘေး၌ ရှိသော စမ်းချောင်းကလေး တစ်ခုအနီးတွင် စခန်းချ၍ မီးမွှေးကြလေ၏။ မကြာမီ သစ်ကိုင်းခြောက်များကို မီးပုံတိုက်ကြပြီးနောက် ဆိတ်သားတုံးများကို တံစို့နှင့်ထိုး၍ကင်ပြီးလျှင် မြိန်ရေရှက်ရေ စားသောက်ကြလေ၏။ ဝမ်းဗိုက်ဖောင်းသောအခါ ကျွန်ုပ်တို့သည် သစ်ပင်ရိပ်အောက်တွင် ဆေးတံကိုယ်စီခဲလျက် ပက်လက်လှန်ကာ စည်းစိမ်ခံလျက်ရှိရာ၊ လမ်းတွင် ကြုံခဲ့ရသော ဒုက္ခဆင်းရဲများနှင့် နှိုင်းစာလျှင် နတ်ပြည် မရောက်တရောက် ရှိနေကြသည်ဟု မှတ်ထင်မိကြ၏။

စမ်းချောင်းကမ်းပါး၌ကား ငှရင်ကောက်ပင်များနှင့် ကညို့ပင်၊ ရှဥ့်ဟောက်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိရာ တသွင်သွင် စီးဆင်းလျက်ရှိသော ရေသံသည်လည်းကောင်း၊ သစ်ရွက်များအကြား၌ တဖြူးဖြူး တိုက်ခတ်သော လေသံသည်လည်းကောင်း၊ သစ်ကိုင်းများအကြားမှ ညည်း ညည်းတွားတွား ကူလျက်ရှိသော ချိုးငှက်များ၏ အသံသည် လည်းကောင်း ပင်ပန်းလာခဲ့သော ကျွန်ုပ်တို့အဖို့ အလွန်တရာ နားဝင်ချိုအေး သာယာလှပေ

၏။ ထိုအခိုက်၌ ဆာဟင်နရီနှင့် အမ်ဘိုပါတို့သည် အင်္ဂလိပ်တစ်ဝက်၊ ဇူလူးတစ်ဝက်နှင့် ဖြစ်တတ်သလို ကြံဖန်စပ်ဟပ်ကာ စကားပြောလျက် ရှိကြရာ ကျွန်ုပ်လည်း ဆေးတံနှင့်မှိန်းကာ နားထောင်နေလေ၏။

မကြာမီ ကျွန်ုပ်သည် ဂွဒ်တစ်ယောက် ပျောက်နေသည်ကို သတိရသည်နှင့် လိုက်ရှာရာတွင် ဂွဒ်မှာ ရေချိုးပြီးနောက် ဖလန်နယ် ရှပ်အင်္ကျီမျှကိုသာ ဝတ်ကာ ကမ်းပါးတွင်ထိုင်လျက် သပ်ရပ်စွာ နေတတ်သော ၎င်း၏ ဝါသနာအလျှောက်၊ မိမိကိုယ်ကို သုတ်သင်ခြယ်လှယ်လျက်ရှိကြောင်း တွေ့ရလေ၏။ ဘောင်းဘီ၊ ဗိတ်စကုတ်၊ ကုတ်အင်္ကျီ စသော အဝတ်အစားများကို သေသပ်စွာခေါက်လျက် အနီးတွင်ပုံထား၍၊ ဂွဒ်သည် ဖိနပ်များကို သစ်ရွက်များနှင့် ပွတ်တိုက်ပြီးလျှင် ခြေတွင်စွပ်ပြီးမှ မှန်ကလေးတွင် မိမိ၏အရိပ်ကို ကြည့်လျက် မောင်းချားငယ်ဖြင့် မုတ်ဆိတ်များကို ရိတ်နေလေ၏။ လက်ယာဘက်ပါးနှင့် မေးတစ်ခြမ်းမှ အမွေးအမှင်များကို ရိတ်ပြီးသဖြင့် လက်ဝဲဘက်သို့ ကူးပြောင်းရိတ်ဖြတ်တော့မည် အပြုတွင် ကျွန်ုပ်သည် လက်ခနဲ ဖြစ်သွားသော အရောင်တစ်ခုကို မြင်လိုက်ရလေရာ၊ ဂွဒ်လည်း ထိတ်လန့်ကာဖြင့် ထိုင်ရာမှ ရုတ်တရက် ခုန်ထလိုက်လေ၏။

ကျွန်ုပ်သည် လက်ခနဲ အရောင်လာသော အရပ်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ၊ အလွန်တရာ အရပ်မြင့်မား၍ ကြေးနီရောင်ရှိသော လူတစ်စုသည် ခါးတွင် ကျားသစ်ရေများနှင့် ဦးခေါင်းတွင် ငှက်မွေးအနက်ကြီးများ ထိုးစိုက်ထားသည်ကို တွေ့မြင်ရလေ၏။ ၎င်းတို့၏ ရှေ့၌ကား အသက် ၁၇ နှစ် အရွယ်ခန့်ရှိ သူငယ်တစ်ယောက် ရပ်လျက်ရှိရာ၊ ၎င်း၏ ကိုယ်ဟန်အနေအထားကို ကြည့်ရခြင်းအားဖြင့် တစ်စုံတစ်ခုသော လက်နက်ကို လက်ဖြင့် ကိုင်လွှဲ ပစ်လိုက်ပြီးပြီဖြစ်ကြောင်း သိနိုင်ပေ၏။ ယခင်က ကျွန်ုပ်မြင်လိုက်ရသည့် လက်ခနဲ အရောင်မှာလည်း ၎င်း၏လက်နက်မှ အရောင်ဖြစ်သည့် လက္ခဏာ ရှိပေ၏။

ကျွန်ုပ်သည် ထိုလူစုကို ငေးကြည့်နေမိစဉ် စစ်သားဟန်ပါသော





လူကြီးတစ်ယောက်သည် လူစုထဲမှ ရှေ့သို့ လှမ်းတက်လာကာ သူငယ်၏ လက်မောင်းကိုကိုင်ကာ စကား တစ်ခွန်းစ၊ နှစ်ခွန်းစ ပြောလိုက်ပြီးနောက် ၎င်းတို့အားလုံး ရှေ့သို့ လှမ်းတက်လာကြလေ၏။ ထိုခဏ၌ ဆာဟင်နရီနှင့် အမ်ဘိုပါတို့သည် သေနတ်ကိုယ်စီနှင့် ပြေးလာကြ၍ ထိုလူစုအား ချိန်ရွယ်ထားကြလေရာ၊ လူစုကမူ သေနတ်များကို ကြောက်ရမှန်း မသိဘဲ ဆက်မြဲတိုင်း တက်လာကြလေ၏။

ကျွန်ုပ်ကမူ ထိုလူစုကို ကျေအေးအောင် ပြုလုပ်လိုသော နည်းဖြင့်သာလျှင် အသက် ချမ်းသာရာရမည်ကို သိသည်နှင့်၊ ဆာဟင်နရီတို့အား သေနတ်ကို ချထားရန်ပြော၍ ရှေ့သို့တက်ပြီးလျှင် အကြီးဆုံးသော လူကြီးအား စကားကမ်းလှမ်း ပြောဆိုဖို့ ကြိုးစားလေ၏။

ကျွန်ုပ်။ ။ 'သင်တို့ကို နှုတ်ဆက်ပါသည်' ဟု ဇူလူးဘာသာဖြင့် စမ်းသပ်ပြောကြည့်လိုက်ရာ လူကြီးက 'နှုတ်ဆက်ပါသည် ....' ဟု ၎င်းဘာသာဖြင့် တုံ့ပြန်ပြောဆိုလိုက်သဖြင့် အံ့သြမိကြ၏။ ၎င်းပြောသော စကားမှာ ဇူလူးဘာသာအစစ် မဟုတ်သော်လည်း ခပ်ဆင်ဆင်တူသောကြောင့် အမ်ဘိုပါနှင့် ကျွန်ုပ်တို့ နားလည်နိုင်ကြ၏။ (ဥပမာ–ထားဝယ်သူများ ပြောသော မြန်မာစကားကို မြန်မာများ နားလည်နိုင်သကဲ့သို့ ပေတည်း။)

လူကြီးက။ ။ 'သင်တို့ ဘယ်အရပ်မှ ရောက်လာကြသနည်း၊ သင်တို့ ဘယ်သူများနည်း။ သင်တို့ သုံးယောက်ကား အသားဖြူ၍ တစ်ယောက်ကား ကျွန်ုပ်တို့ကဲ့သို့ အဘယ်ကြောင့် မည်းရသနည်း....' ဟု မေးလိုက်ရာ–

ကျွန်ုပ်က။ ။ 'ကျွန်ုပ်တို့ကား တစ်ပြည်သားများ ဖြစ်၍ မိတ်ဆက်ရအောင် လာကြသည်။ ဤလူကား ကျွန်ုပ်တို့၏ အစေခံ ဖြစ်သည်' ဟု ပြန်ပြော၏။

လူကြီး။ ။ 'သင်ကား မမှန်သော စကားကို ဆိုသည်။ မည်သည့်

တိုင်းပြည်သားမျှ ထိုတောင်ကြီးများကို ဖြတ်ကျော်၍ မလာနိုင်။ သို့သော် လိမ်သည်ဖြစ်စေ၊ မလိမ်သည်ဖြစ်စေ ငါတို့ ကူကူယာနားပြည်သည် သူတစိမ်းများ လာရောက်ခွင့် မရှိသောကြောင့် သင်တို့ သေရအောင် ပြင်ကြပေတော့’

ထိုလူများသည် ခါးတွင် ဓားကြီးများ ချိတ်လျက် ပါလာသည့်ပြင်၊ အချို့က ဓားများကို တကိုင်ကိုင် ပြုလုပ်နေကြသောကြောင့် ကျွန်ုပ်တို့မှာ အခက်ကြုံလျက် ရှိ၏။

ထိုခဏ၌ ဂွဒ်က ကျွန်ုပ်အား ‘ဟိုငနဲကြီးက ဘာပြောတာလဲ’ ဟု မေးသဖြင့်၊ ကျွန်ုပ်က ‘ကျွန်ုပ်တို့တစ်တွေကို သတ်ပစ်မယ်လို့ ပြောနေတယ်’ ဟု ပြန်ပြောပြရ၏။ ထိုအခါ ဂွဒ်က ‘အလို ဘုရားရေ’ ဟု ဆိုကာ အခက်အခဲ တွေ့သောအခါများတွင် ပြုလုပ်လေ့ရှိသော ၎င်း၏ဝါသနာအတိုင်း၊ ပါးစပ်ကို လက်ဖြင့်သပ်လျက် စိုက်ထားသော အထက်သွားများကို ကိုင်ဆွဲပြီးမှ လွှတ်ပစ်လိုက်ရာ၊ စိုက်သွားများသည် လက်ထဲတွင် ကြွလျက် ပါလာပြီးမှ သွားဖုံးတွင် ဖျတ်ခနဲ ပြန်၍ ကပ်သွားကြလေ၏။ ထိုအခြင်းအရာကို တွေ့မြင်ကြရသောအခါ၊ လူရိုင်းများသည် ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် နောက်သို့ ဆုတ်ခွာပြေးကြလေ၏။ ဆာဟင်နရီသည် လူရိုင်းများ၏ စိတ်ကို ရိပ်မိသည်နှင့် ဂွဒ်အား ‘ဟေ့လူ သွားတွေကို ဖြုတ်ပြလိုက်စမ်းပါ၊ မြန်မြန် ဖြုတ်ပြလိုက်စမ်းပါ’ ဟု ပြောလိုက်ရာ ဂွဒ်လည်းသွားများကို ရုတ်တရက်ဖြုတ်၍ ရှပ်အင်္ကျီထဲတွင် ဝှက်ထားလိုက်လေ၏။

ထိုအခါ လူရိုင်းများသည် ရပ်တန့်နေရာမှ ရှေ့သို့တက်လာကြပြန်၍ အကြီးဆုံးလူကြီးက ‘အသို့နည်း တစ်ပြည်သားများ၊ ထိုသူကား မျက်နှာတစ်ခြမ်းတွင် အမွေးများပေါက်၍ တစ်ခြမ်းတွင် ပြောင်လျက်ရှိသည်။ မျက်လုံးတစ်ဖက်မှာလည်း အရောင်တလက်လက် ထွက်နေသည်။ သွားများလည်း သွားဖုံးမှ ခွာ၍ရသည်။ မည်သို့သော လူတစ်ယောက် ဖြစ်ဘိ





သနည်း’ ဟု အံ့သြစွာနှင့် မေးလေ၏။ ကျွန်ုပ်လည်း ဂွဒ်အား ပါးစပ်ကိုဟာ၍ ပြရန် ပြောသဖြင့် ဟပြလိုက်ရာ သွားတစ်ချောင်းမျှ မရှိဘဲ သွားဖုံးဖြင့် ရဲရဲနီလျက်ရှိသော ဂွဒ်၏ပါးစပ်ကို တွေ့မြင်ကြရသည်နှင့် လူရိုင်းများလည်း မျက်လုံးများပြူးလျက် ငေးကြည့်နေကြလေ၏။

လူကြီး။ ။‘သွားတွေကို ခုနက ကျွန်ုပ်တို့ မြင်ရသည်၊ ယခု ဘယ်သို့ ရောက်ကုန်သနည်း’

နောက်တစ်ခဏ၌ ဂွဒ်သည် ပါးစပ်ကို လက်ဖြင့် သပ်ပြီးနောက် ဟပြလိုက်ပြန်ရာ သွားများပြည့်လျက် ရှိနေပြန်သဖြင့် တိုး၍ အံ့သြကြပြန်လေ၏။ ထိုအခါ ဂွဒ်အား ဓားနှင့် ပစ်ပေါက်ဖူးသော သူငယ်သည် တောင်းပန်တိုးလျှိုးသော အမူအရာနှင့် မြက်ပေါ်တွင် ဒူးထောက်လျက်ရှိရာ၊ လူကြီးမှာလည်း ပြင်းစွာတုန်လှုပ် ထိတ်လန့်သည့် လက္ခဏာနှင့် ဒူးများ ဆတ်ဆတ်တုန်လျက် ရှိလေ၏။ ၎င်းနောက် .....

လူကြီး။ ။‘ မျက်နှာတစ်ဖက်တည်း အမွေးပေါက်လျက်၊ မျက်လုံးတစ်ဖက် အရောင်တောက်၍၊ သွားများကို ဖျောက်ချည် ပေါ်ချည် ပြုလုပ်နိုင်သော အရှင်ကား လူသားစင်စစ် မဟုတ်နိုင်ပါ။ သင်တို့အားလုံး နတ်များ ဖြစ်ကြပေမည်။ ကျွန်ုပ်တို့ကို မဖမ်းစားတော် မူကြပါနှင့်၊ ချမ်းသာပေးတော်မူကြပါ’

ကျွန်ုပ်မှာ ထိုကဲ့သို့ အထင်အမြင် လွဲသည်အတွက် ကျေးဇူးရှိမည့် အဖြစ်ကို ရိပ်မိသည်နှင့်၊ အထင်အမြင်မှားခြင်း ပြေပျောက်အောင် ရှင်းလင်းပြောကြားခြင်း မပြုဘဲ၊ ဆက်လက်၍ “လိုမ့်” ဖို့သာ အကြံဖြစ်ပေါ်လေ၏။ သို့ဖြစ်၍ .....

ကျွန်ုပ်။ ။‘ငါတို့ကား ဤဘုံသားများ မဟုတ်၊ ညအခါတွင် သင်တို့မြင်ကြရသည့် အတောက်ပဆုံးသော ကြယ်ကြီးမှ ရောက်လာသူများ ဖြစ်ကြသည်။ သို့သော် သင်တို့ တောင်းပန်သည့်အတွက်ကြောင့် သင်တို့ကို ဖမ်းစားခြင်း မပြု၊ စိတ်ချ၍ နေကြလော့’

ထိုအခါ လူရိုင်းများလည်း တညီတညာတည်း ဦးညွှတ်လျက်၊ 'ကျေးဇူးကြီးလှပါပေသည် အရှင်တို့' ဟု ပြောကြ၏။

ကျွန်ုပ်။ ။ (သဘောထားကြီးဟန် အမူအရာနှင့် ပြုံးလျက်) 'ငါတို့ကား ကြယ်တာရာကြီးမှ သင်တို့ထံ ခေတ္တ လာရောက်နေထိုင်၍ သင်တို့အား ကောင်းချီးပေးရန် အကြံရှိသည်။ ငါတို့ စိတ်ဆိုးအောင် တစ်စုံတစ်ရာ မပြုကြလေနှင့်။ သင်တို့ထံ လာရောက်သည့် ကိစ္စအတွက် သင်တို့၏ ဘာသာစကားကိုပင် ငါတို့ လေ့ကျင့်လာခဲ့သည်။ တွေ့ကြပြီ မဟုတ်လော'

လူကြီး။ ။'ကျွန်ုပ်တို့၏ စကားကို တတ်ကြောင်း တွေ့ကြရပါပြီ၊ သို့သော် ကောင်းကောင်းကြီး မပီသပါ'

ထိုအခါ ကျွန်ုပ်က အရောဝင်လွန်းသည်ဟု အပြစ်တင်သော အမူအရာမျိုးနှင့် မျက်စောင်းထိုးလိုက်ရာ၊ လူကြီးလည်း ကုပ်၍ သွားလေတော့၏။ ထိုနောက် ဆက်လက်၍ .....

ကျွန်ုပ်။ ။'ငါတို့က သဘောကောင်းကောင်းထားပါလျက်၊ ထိုသူငယ်က သွားအရှင်များရှိသော ငါတို့၏ အဖော်အား၊ ဓားနှင့်ပစ်ပေါက်ခြင်းမှာ အလွန်စော်ကားရာ ရောက်သည်။ မည်သို့ပြောရန် ရှိသနည်း'

လူကြီး။ ။'ချမ်းသာပေးတော်မူပါ အရှင်တို့၊ ဤသူငယ်ကား ဘုရင်၏သားဖြစ်၍ ကျွန်ုပ်ကား ၎င်း၏ဦးလေး ဖြစ်ပါသည်။ မင်းသား၌ တစ်စုံတစ်ခု ဖြစ်ခဲ့လျှင် ကျွန်ုပ်အပေါ်သို့ အပြစ်ဖို့ပါလိမ့်မည်၊ ချမ်းသာပေးတော်မူပါ'

သူငယ်။ ။'မှန်ပါသည်၊ ကျွန်ုပ်ကား ဘုရင်၏သား ဖြစ်ပါသည်။ အပြစ်လွှတ်တော်မူပါ'

ကျွန်ုပ်။ ။'ငါတို့ကား သင်တို့ကို အပြစ်ပေးလိုက ချက်ချင်း တတ်နိုင်သည်။ သို့သော် ငါတို့အစွမ်းကို သင်တို့သိရအောင် ပြရဦးအံ့။ ဟော့....ကျွန်၊ မီးချူန်းသံထွက်တဲ့ ငါ၏ ဝရဇိန်လက်နက်ကို ပေးစမ်းလေ'





ဟု ပြော၍ အမ်ဘိုပါအား သေနတ်ကို မျက်စပစ်ပြလိုက်ရာ၊ အမ်ဘိုပါလည်း ရိုသေသော အမူအရာနှင့် သေနတ်ကို ကမ်းပေးလိုက်၏။

သေနတ်ကို တောင်းယူစဉ်က ကျွန်ုပ်သည် ကိုက်ပေါင်း ၇၀ ခန့်တွင် ကျောက်တုံးပေါ်၌ ရပ်နေသော တောင်ဆိတ်တစ်ကောင်ကို မြင်ထားသည်ဖြစ်၍ ပစ်ပြရန် ပြင်ဆင်လေ၏။

ကျွန်ုပ်။ ။'ဟောဟိုက ဆိတ်ကို မြင်ကြသလား'

လူများ။ ။'မြင်ပါသည် အရှင်'

ကျွန်ုပ်။ ။'လူသားမှန်လျှင် ဟိုဆိတ်ကို ဒီနေရာမှနေပြီး အသံနဲ့ သေအောင်သတ်လို့ ဖြစ်နိုင်ပါ့မလား'

လူများ။ ။'မဖြစ်နိုင်ပါ အရှင်'

ကျွန်ုပ်။ ။'ကြည့်ကြ၊ ငါ သတ်ပြမည်'

ကျွန်ုပ်သည် သေနတ်ကိုမြှောက်၍ ဆိတ်ကို သေချာစွာချိန်ပြီးနောက် မောင်းဖြုတ်လိုက်ရာ၊ ဒိုင်းခနဲ မြည်သည်နှင့်တစ်ပြိုင်နက် ဆိတ်သည် လေထဲသို့ တစ်ချက်မျှ ခုန်တက်သွား၍ ပြန်ကျလာပြီးလျှင် မြေပေါ်တွင် စင်းစင်းသေလျက် ရှိလေ၏။

ထိုအခါ လူရိုင်းများလည်း လက်များကို မြှောက်လျက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ၊ ပါးစပ်များ ဟ နေကြလေ၏။

၎င်းနောက် ကျွန်ုပ်က ခပ်အေးအေး အမူအရာနှင့် 'သွားကြ၊ ဆိတ်သားစားချင်လျှင် သွားယူချေကြ' ဟု ပြောသဖြင့်၊ လူကြီးသည် တပည့်တစ်ယောက်ကို စေလွှတ်လိုက်ရာ၊ မကြာမီ ဆိတ်သေကောင်ကို ထမ်းလျက် ပြန်လာလေ၏။ လူရိုင်းများသည် ဆိတ်သေကောင်၏ နံဘေးတွင် ထိမှန်ထားသော ကျည်ဆံပေါက်ကို ကြည့်လျက် အံ့သြနေကြစဉ်၊ ကျွန်ုပ်က 'ကိုင်း ဘယ့်နှယ်လဲ၊ ငါတို့အစွမ်းကို ယုံကြပြီလား။ မယုံတဲ့လူ ဟောဟိုက ကျောက်တုံးပေါ် သွားပြီး ရပ်ချေစမ်း' ဟု ပြောသော်လည်း မည်သူမျှ မရပ်ဝံ့ဘဲ ဦးခေါင်းကို ယမ်းနေကြလေ၏။

လူကြီး။ ။'ယုံကြပါပြီ အရှင်တို့၊ ကျွန်ုပ်တို့ပြည်၌ ရှိသည့် အတတ်ဆုံးသော စုန်းမပင် ဒီလောက်ထင်ရှားအောင် မပြနိုင်ပါ။ ကြားလည်း မကြားဖူးပါ။ ကျွန်ုပ်ကား စစ်တပ်တစ်သိန်းကို ခေါင်းဆောင်သည့် တွာလာဘုရင်၏ညီ အင်ဖာဒူးဖြစ်၍၊ ဤသူငယ်ကား သားကြီး စကရက်လား ဖြစ်ပါသည်။ တွာလာဘုရင်ကား ကူကူယာနားပြည်ကို အုပ်ချုပ်၍ မောင်းမ တစ်ထောင်နှင့် မင်းပြုလျက် ရှိပါသည်'

ကျွန်ုပ်။ ။'ကောင်းပြီ၊ ငါတို့ကား လက်အောက်ခြေသားများနှင့် စကားမပြောလို။ တွာလာဘုရင်ရှေ့သို့ ငါတို့ကို ခေါ်ဆောင်သွားလော့'

အင်ဖာဒူး။ ။'ကောင်းလှပြီအရှင်၊ သုံးရက်ခရီးသွားလျှင် ဘုရင့် နန်းတော်သို့ ဆိုက်ရောက်ပါလိမ့်မည်။ သည်းခံ၍ ခရီးသွားတော်မူကြပါ'

ကျွန်ုပ်။ ။'သုံးရက်မကလို့ သုံးလ သွားရသော်လည်း အရေး မကြီး။ ငါတို့ကား သင်တို့ကဲ့သို့ သေမျိုး မဟုတ်သောကြောင့် အချိန်ကို အစိုးရသည်။ ကြာချင်တိုင်း ကြာစေ၊ ရောက်လျှင် ပြီးရော။ သို့သော် တစ်ခု သတိပေးလိုက်မည်။ ငါတို့ကို ပရိယာယ်နှင့် လှည့်စားမည် မကြံလေနှင့်။ သင်တို့၏ စိတ်အကြံကို ငါတို့သိ၍ ချက်ချင်းသေအောင် ပြုစားလိုက်မည်။ သင်တို့ သာမက သင်တို့၏ သားမယား၊ ဆွေမျိုးဉာတိနှင့် တစ်ပြည်လုံးကို ပြုတ်ပြုတ်ပြုန်းအောင် ငါတို့ စီရင်လိုက်မည်။ သတိနှင့်ပြုလေတော့ အင်ဖာဒူး'

ဒူး။ ။'မကြံစည်ဝံ့ပါ အရှင်၊ စိတ်ချတော်မူပါ'

ၚင်းနောက် အင်ဖာဒူးသည် မိမိ၏ တပည့်များအား အမိန့်ပေးလိုက်ရာ၊ လူရိုင်းများသည် ကျွန်ုပ်တို့ ဝန်စည်နှင့် သေနတ်များကို ထမ်းယူကြပြီး နောက်၊ ချောင်းကမ်းပါးတွင် စုပုံထားသော ဂွဒ်၏ အင်္ကျီ အဝတ်အစား များကို ကောက်ယူကြလေ၏။ ဂွဒ်က အဝတ်များကို ဝတ်မည်ဟု တောင်း သော်လည်း မရချေ။ အင်ဖာဒူးက 'သွားရှင်များနှင့် မျက်လုံးတစ်ဖက် အရောင်တောက်သော အရှင်ကြီး၊ ကျွန်ုပ်တို့ကို စိတ်ကောက်သဖြင့် အရှင်၏ လှပဖြူစင်သော ပေါင်များကို အဝတ်နှင့် ဖုံးအုပ်ချေတော့မည်လော။





သည်းခံပါ အရှင်ကြီး၊ စိတ်ဆိုးတော် မမူပါနှင့်၊ ရန်လုပ်တော် မမူပါနှင့်၊ ပေါင်များကို မဖုံးတော်မူပါနှင့်' ဟု ပြော၍ အဝတ်များကို အတင်းလုယူ စေ၏။

ထိုအခါ ကျွန်ုပ် ဆာဟင်နရီက ရယ်မောလျက် 'ရှိပါစေတော့ ဂွဒ်ရယ်၊ ကျုပ်တို့ကို အထင်လွဲကုန်တော့မယ်။ ဒီအတိုင်းသာ လိုက်ခဲ့ ပါတော့' ဟု ပြောကြသဖြင့် ဂွဒ်မှာ မတတ်သာတော့ဘဲ အင်္ကျီ ဘောင်းဘီ မပါ၊ ရှပ်အင်္ကျီရှည်ကြီးဖြင့်သာ လိုက်ပါလာရလေတော့၏။ လမ်းလျှောက် လာကြစဉ်....

ဆာဟင်နရီ။ ။'ဒီကနေ့ကစပြီး ဂွဒ်အဖို့မှာ ရှပ်အင်္ကျီနဲ့၊ ဘွတ်ဖိနပ် နဲ့ မျက်မှန်ထက်ပိုပြီး ဘာမျှဝတ်လို့ မတော်တော့ဘူး။ ဝတ်လိုက်လျှင် အထင်လွဲပြီး အားလုံး ဒုက္ခရောက်ကုန်ကြမယ်'

ကျွန်ုပ်။ ။'ဒါတွင်မကသေးဘူး၊ နှုတ်ခမ်းမွေးတစ်ခြမ်းနဲ့ မုတ် ဆိတ်တစ်ခြမ်းကိုလည်း ဘယ်တော့မှ ရိတ်လို့မတော်ပေဘူး။ ရိတ်ပစ်လိုက် လျှင် လူရိုင်းတွေက သူလို ငါလိုပဲ အောက်မေ့ပြီး မကြောက်မရွံ့ဘဲ ဖြစ်ကုန် တော့မယ်။ မကြောက်လျှင် ကျုပ်တို့အသက်ကို ဖက်နဲ့ ထုပ်ထားရုံ ရှိတော့မယ်'

ဂွဒ်။ ။(စိတ်ပျက်သော မျက်နှာနှင့်) 'လုပ်ကြလေဗျာ၊ ခင်ဗျား တို့ စီမံသမျှ ခံပါတော့မယ်။ ကြည့်သာ လုပ်ကြပါတော့'

## အခန်း ၆

# ကူကူယာနားပြည်သို့ ဆိုက်ရောက်ကြခြင်း

ထိုနေ့တစ်နေ့လုံး ကျွန်ုပ်တို့သည် လမ်းကြီးတစ်လျှောက် လျှောက်လာခဲ့ကြရာ၊ အင်ဖာဒူးနှင့် စကရက်လားတို့သည် ကျွန်ုပ်တို့နှင့်အတူ လမ်းလျှောက်ကြ၍၊ တပည့်များကမူ ရှေ့မှ သေနတ်များကိုထမ်းလျက် သွားနှင့်ကြ၏။ လမ်းခရီး၌ အင်ဖာဒူးသည် ကူကူယာနား တိုင်းပြည်အကြောင်းနှင့် ဘုရင်အကြောင်းများကို ကျွန်ုပ်အား ပြောပြသွားသဖြင့် အောက်ပါအတိုင်း ကျွန်ုပ်ကြားသိလိုက်ရ၏။

ကူကူယာနား လူမျိုးများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ၎င်းတိုင်းပြည်သို့ ဆိုက်ရောက်နေထိုင် လာခဲ့ကြကြောင်း။ ၎င်းတိုင်းပြည်ကို တောင်များခြံရံလျက် ရှိသဖြင့် ရန်သူများ လာရောက်တိုက်ခိုက်ရန် ခဲယဉ်းသော်လည်း မြောက်ဘက်အရပ်တွင် တောင်ကြားလမ်းတစ်ခုရှိ၍ အခြားနယ်မှ လူသားစားသော လူရိုင်းများ ရံဖန်ရံခါ လာရောက်တိုက်ခိုက်ကြကြောင်း။ သို့သော် ကူကူယာနားများက နိုင်နင်းခဲ့သည်သာ ဖြစ်ကြောင်း။ မနိုင်ခဲ့လျှင် လူမျိုးပါ ပြုတ်ပြုတ်ပြုန်းရမည် ဖြစ်ကြောင်း။ လွန်ခဲ့သည့်နှစ်များအတွင်းကမူ အခြားလူမျိုးများနှင့် စစ်မတိုက်ရဘဲ မိမိတို့ အချင်းချင်း တိုက်ခိုက်ခဲ့ရကြောင်း။ ဖြစ်ပွားပုံကား အင်ဖာဒူး၏ဖခင် ဘုရင်ဟောင်း မယားကြီးမှ မွေးဖွားသည့် အမြွှာညီနောင်တို့ ရှိကြောင်း။ အင်ဖာဒူးမှာ မယားငယ် တစ်ယောက်မှ မွေးဖွားသူမျှသာ ဖြစ်ကြောင်း။ အမြွှာညီနောင်တို့မှာ အင်မိုတူနှင့် တွာလာဟု မှည့်ခေါ်၍၊ အင်မိုတူမှာ သားအကြီး ဖြစ်ကြောင်း။ တိုင်းပြည်





၏ ထုံးစံမှာ ဘုရင်၌ သားနှစ်ယောက် အမြွှာမွေးခဲ့လျှင် အကြီးကိုသာ ချန်လှပ်၍ အငယ်ကို သတ်ပစ်ရကြောင်း။ သို့သော် ဘုရင်၏ သားကြီးသည် သားငယ်ကို ကရုဏာသက်သည်နှင့် မသတ်ရအောင် ဖုက်ထား၍ တိတ်တဆိတ် မွေးမြူထားစေခဲ့ကြောင်း။ တစ်နေ့သ၌ ဘုရင် ကွယ်လွန်၍ သားအကြီး အင်မိုတူအား ဘုရင်တင်မြှောက်လိုက်ကြောင်း။ အင်မိုတူ၏ မယားကြီး၌ သားငယ်တစ်ယောက် ဖွားမြင်၍ သုံးနှစ်အရွယ် ရှိသောအခါ၊ တိုင်းပြည်တွင် ငတ်မွတ်ခေါင်းပါးသော ကပ်ကြီး ဆိုက်ရောက်၍ လူအပေါင်းမှာ ဒုက္ခကြီးစွာ တွေ့ကြရကြောင်း။ ထိုအချိန်အခါ၌ ဘုရင် အင်မိုတူမှာ မကျန်းမမာ ဖြစ်နေကြောင်း။ တစ်နေ့သ၌ စုန်းမကြီး ဂါဂူလသည် တောင်ခေါင်းမှ ထွက်လာ၍ လက်ရှိဘုရင် အင်မိုတူမှာ ဘုရင်အစစ် မဟုတ်ဟု ကြွေးကြော်လျက် တွာလာ သာလျှင် ဘုရင်စစ်စစ် ဖြစ်သည်ဟု ပြောပြီးလျှင် မိမိ လျှို့ဝှက်စွာ မွေးမြူလာခဲ့သော တွာလာကို ခေါ်လာခဲ့ကြောင်း။ ထိုအခါ တိုင်းသူပြည်သားတို့သည် ငတ်မွတ်ခေါင်းပါးခြင်းအတွက် အင်မိုတူအပေါ်၌ ကြည်ညိုခြင်း ကင်းမဲ့လေရကား တွာလာကို မြင်ကြရသောအခါ .... 'ငါတို့ဘုရင် ကြွလာပြီ၊ ဘုရင်အစစ် ကြွလာပြီ ....' ဟု ဟစ်အော်ကြွေးကြော်ကြကြောင်း။ စင်စစ်သော်ကား အင်မိုတူသည်သာလျှင် သားကြီးစစ်စစ်ဖြစ်၍ နန်းမွေ ဆက်ခံမည့်သူတို့ ထုံးစံအတိုင်း ခါးတွင် မြွေရုပ်ပတ်လျက် ဆေးထိုးထားခဲ့ကြောင်း။ မကျန်းမာသော ဘုရင် အင်မိုတူသည် ကြွေးကြော်သံကို ကြားရသောအခါ မယားကြီးနှင့် သားငယ် အီနိုစီကို လက်ဆွဲလျက် နန်းတော်မှ ထွက်လာ၍ ....'ဘယ်ကဘုရင် ရှိသလဲ၊ ငါသာလျှင် သင်တို့၏ဘုရင် ဖြစ်သည်' ဟု ပြောသေးကြောင်း၊ ထိုခဏ၌ လျှို့ဝှက်စွာ မွေးမြူလာခဲ့သော ညီတော် တွာလာသည် အစ်ကိုထံသို့ ပြေးဝင်လာ၍ ဆံပင်ကိုဆွဲပြီးလျှင် ရင်ဘတ်ကို ဓားနှင့်ထိုးသတ်ရာ အင်မိုတူ သေဆုံးသွားကြောင်း။ တိုင်းသူပြည်သားတို့ကမူ တွာလာကို ဘုရင်တင်မြှောက်လိုက်ကြကြောင်း၊ အင်မိုတူ၏ မယားကြီးမှာမူ သားငယ် အီနိုစီကိုပွေ့လျက် ထွက်ပြေးသွားကြောင်း၊

ထိုနေ့မှစ၍ ၎င်းသားအမိနှစ်ယောက်လုံး ပျောက်ကွယ်သွားရာ သေရှာကြပြီဟု မှတ်ယူနေကြကြောင်း၊ သားငယ် အိနိုစီမှာ ဘုရင့်သားကြီး သြရသတို့ ထုံးစံအတိုင်း ခါးတွင် မြွေရုပ်ပတ်လျက် ဆေးထိုးနှံသွားပါကြောင်း။ အကယ်၍ အိနိုစီ အသက်ရှင်လျက် ရှိပါမူ ကူကူယာနားပြည်ကို ယခုအခါ ဆက်ခံစိုးစံလျက် ရှိရမည် ဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

ကျွန်ုပ်သည် အင်ဖာဒူး၏ စကားများကို နားထောင်လျက်ရှိစဉ် ကျွန်ုပ်တို့၏အစေခံ အမ်ဘိုပါသည်လည်း ကျွန်ုပ်တို့နောက်မှ အလွန်စိတ်အားထက်သန်လှသော အမူအရာနှင့် နားထောင်နေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် အမ်ဘိုပါကို လှည့်ကြည့်လိုက်သောအခါ ၎င်း၏မျက်နှာထားမှာ မေ့ပြီးသော အကြောင်းအရာ အဖြစ်အပျက်များကို စိတ်ထဲ၌ ပြန်၍ပေါ်လာအောင် ကြိုးစားတွေးတောနေခြင်းနှင့် တူလှသောကြောင့် ထူးဆန်းလှသည်ဟု ကျွန်ုပ် သတိပြုမိသေး၏။

ထိုအတောအတွင်း၌ ကျွန်ုပ်တို့သည် တောင်တန်းများ၏ အဆုံးသို့ ချဉ်းကပ်လာပြီဖြစ်၍၊ တောင်ခြေရင်းနှင့် မလှမ်းမကမ်း လွင်ပြင်အရပ်တွင် ရှိသော ရွာကြီးတစ်ရွာကို မြင်ကြရလေပြီ။ ရှီဗာ၏သားမြတ် တောင်ထွတ်ကြီးများမှာလည်း နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်၍ မြူခိုးများ ဖုံးအုပ်ကာ ရေးရေးမျှသာ မြင်ရပေတော့၏။

ကျွန်ုပ်တို့ စတင်ခရီးထွက်ကြသည်နှင့် တစ်ပြိုင်နက် အင်ဖာဒူးသည် "ခြေမြန်တော်" တစ်ယောက်ကို ကျွန်ုပ်တို့ စခန်းချမည့်ရွာသို့ စေလွှတ်လိုက်ပြီးဖြစ်ရာ၊ "ခြေမြန်တော်" မှာ တစ်နေ့ပတ်လုံး ပြေးရန်ကိစ္စရှိက ပြေးနိုင်အောင် လေ့ကျင့်ထားသူတစ်ယောက် ဖြစ်သည်အတိုင်း အပြေးအလွှား ခရီးသွား၍ ရှေ့ရွာသို့ အကြောင်းကြားထားနှင့်လေပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရွာနှင့် နှစ်မိုင်ခန့်ကွာသော အရပ်သို့ ရောက်ကြသောအခါ၊ စစ်တပ်ကြီး တစ်တပ်ပြီးတစ်တပ် ရွာမှ ထွက်လာကြသည်ကို အဝေးမှ မြင်နိုင်ကြပေ၏။ ရွာနှင့် မိုင်တစ်ဝက်ခန့် ဝေးသောနေရာတွင် ကုန်းမြင့်





ကလေးတစ်ခုရှိရာ စစ်တပ်များသည် ၎င်းနေရာမှစောင့်၍ ကျွန်ုပ်တို့ကို ကြိုဆိုလျက် ရှိကြ၏။ စစ်တပ်တစ်တပ်လျှင် စစ်သားဦးရေ ၃၀၀ ခန့်ရှိသည့် တပ်ပေါင်း ၁၂ တပ်မျှ စုဆောင်းလျက်ရှိရာ၊ ၎င်းတို့သည် ငှက်မွေးနက်တလူလူ၊ လှံသွားတလက်လက်ဖြင့် ကုန်းမြင့်သည့်ဘက်၌ စစ်အစီအစဉ်ဖြင့် ဖွဲ့စည်း ရပ်တန့်နေကြခြင်းကို တွေ့မြင်ရသည်မှာ အားရလောက်ပါပေ၏။

မကြာမီ ကျွန်ုပ်တို့သည် ရှေ့ဆုံး၌ရှိသော (၁) နံပါတ် စစ်တပ်အနီးသို့ ချဉ်းကပ်လာကြ၍ စစ်သားများ၏ အခြေအနေကို ကြည့်ရှုအကဲခတ်မိရာ တစ်ကမ္ဘာလုံးတွင် ၎င်းစစ်သားများထက် စစ်သားပီသော လူတစ်စုကို တွေ့နိုင်မည် မထင်ပေ။ (၁) နံပါတ် စစ်သားများမှာ ဝါရင့်ပြီးသော စစ်သားများဖြစ်၍ အသက် ၄၀ ခန့် အသီးသီး ရှိကြပြီဖြစ်ရာ၊ ၎င်းတို့အနက် အရပ်အပုဆုံးသော သူမှာ ၆ ပေထက် မနည်းရှိ၍ အချို့ မြင့်မားသော လူများမှာ သုံးလေးလက်မမျှ စွန်းကြပေဦးမည်။ ဦးခေါင်းထက်၌ ငှက်မွေးနက်များကို စိုက်လျက်လည်းကောင်း၊ ခါးနှင့် လက်ယာဘက် ဒူးဆစ်အောက်တွင် နွားမြီး အဖြူများကို ချည်လျက်လည်းကောင်း၊ လက်ဝဲဘက်လက်တွင် တစ်တောင်ကျော်ခန့် အဝန်းရှိသော နွားရေဒိုင်းကြီးများ ကိုင်ဆောင်လျက်လည်းကောင်း၊ လက်ယာဘက်လက်တွင် ၆ လက်မခန့် ဖျက်ရှိ၍ သစ်သားရိုး တပ်ထားသည့် နှစ်ဖက်သွား လှံကြီးများကို ကိုင်လျက်လည်းကောင်း၊ နွားမြီးခါးပတ်၌ ဓားကြီး တစ်ချောင်း၊ ဒိုင်းကြီးနောက်၌ ဓားကြီးနှစ်ချောင်းစီ ထိုးစိုက်လျက် လည်းကောင်း အသီးအသီး ပြင်ဆင်ထားကြပေရာ ၎င်းတို့နှင့် ဖက်ပြိုင် တိုက်ခိုက်ဝံ့သော စစ်တပ်မှာ ခပ်ရှားရှားပင် ရှိလိမ့်မည်ဟု ကျွန်ုပ် တွေးထင်မိ၏။

၁၂ တပ်မျှသော စစ်သားများသည် ကျွန်ုပ်တို့သွားမည့် လမ်းတစ်လျှောက်တွင် စီစဉ်တန်းရပ်လျက်ရှိရာ၊ စစ်တပ်အသီးသီးရှေ့၌ ကျားသစ်ရေကို ဝတ်ကာ ရပ်တန့်လျက်ရှိသော ဗိုလ်များက အချက်ပေးလိုက်သောအခါတွင်၊ စစ်သားများသည် 'ကူးမ်' ဟု တညီတညာတည်း ဆိုကြလျက်

လုံများကို မြောက်ကာ ကျွန်ုပ်တို့အား အရိုအသေ ပြုကြ၏။ ၎င်းစစ်တပ် ၁၂ တပ် (လူ ၃,၆၀၀) တို့မှာ အင်ဖာဒူး ကြီးကြပ်အုပ်ချုပ်ရသော စစ်တပ်များ ဖြစ်၍ အင်ဖာဒူးမှာ ၁၂ တပ်အုပ် ဗိုလ်ချုပ်ကြီးဖြစ်သည်ဟု ကျွန်ုပ်တို့ သိရှိရ၏။

ကျွန်ုပ်တို့ ကျော်လွန်သွားသည်နောက် စစ်တပ် အသီးအသီးသည် ကျွန်ုပ်တို့နောက်မှ ခြေလှမ်းညီညာစွာနှင့် လိုက်ပါလာကြရာ၊ ၎င်းတို့၏ ခြေလှမ်းများကြောင့် လမ်းကြီးတုန်သွား၍ ပွဲတင်သံများ ဟိန်းလျက် လိုက်ပါလာလေ၏။

ကျွန်ုပ်တို့သည် စောလမုန်လမ်းကြီးမှ နံဘေးသို့ဖဲ့၍ ရွာသို့သွားသော လမ်းကလေးအတိုင်း လျှောက်လာခဲ့ကြလေရာ၊ ရွာကြီးမှာ တစ်မိုင်ပတ်လည် ခန့်ရှိသည့် သစ်တပ်ဖြင့် ဝိုင်းရံလျက် ရှိ၏။ သစ်တပ် အပြင်၌လည်း ကျုံးသဖွယ် တူးထားသည့် မြောင်းကြီးရှိရာ၊ ရွာသို့ဝင်နိုင်သော တံခါး၌ကား မြောက်ချည် ချချည်လုပ်နိုင်သော တံတားကြီးတစ်ခု ရှိ၏။ ၎င်းတံတားမှ ရွာထဲသို့ ဝင်လာကြသောအခါ ရွာကိုဖြတ်သန်းကာ ဖောက်လုပ်ထားသည့် လမ်းကြီးအသွယ်သွယ် ရှိနေကြသဖြင့်၊ တဲအိမ်များမှာ အစုလိုက် အကွက် လိုက် တည်နေကြပေ၏။ တစ်ကွက်လျှင် စစ်တပ်တစ်တပ် တည်ရာဌာန ဖြစ်၍ အကွက်ပေါင်း ၁၂ ကွက်မျှ တည်ရှိပေ၏။ တဲအိမ်များမှာ မြက် ခြောက်ဖြင့် မိုးထား၍ ထုံးမှုန့်ဖြင့် ဖြူးခင်းထားရာ၊ အလွန်သပ်ရပ် သန့်ရှင်း လှသည်ဖြစ်၍ အမိုးများမှာ အာဖရိကတိုက် ထုံးစံအတိုင်း လုံးလုံးဝိုင်းဝိုင်း ပုံသဏ္ဌာန် ရှိကြပေ၏။

ကျွန်ုပ်တို့ လျှောက်လာကြစဉ် ရွာလမ်းတစ်ဖက်တချက်၌ ရာ ထောင်မကသော မိန်းမများသည် တသီတတန်းကြီး စီတန်းလျက် ကျွန်ုပ် တို့ကို ကြည့်နေကြရာ၊ ၎င်းတို့မှာ အာဖရိကတိုက် အခြားအရပ်ဒေသများမှ မိန်းမများကဲ့သို့ နှုတ်ခမ်းထူခြင်း၊ မျက်နှာပြားခြင်း၊ အသား အလွန်အမင်း မည်းနက်ခြင်း၊ ဆံပင် တွန့်လိမ်ခြင်း မရှိဘဲ အဆင်ပြေ၍ ရှုချင်ဖွယ် ကောင်း





လှသည့်ပြင် ယဉ်ကျေးသိမ်မွေ့သော အမူအရာလည်း ရှိကြ၏။ အချို့သော လူရိုင်းမများကဲ့သို့ ကျွန်ုပ်တို့အား စားတော့ ဝါးတော့မလို ပြူးတူးပြဲတဲ မကြည့်ဘဲ၊ ကျေနပ်ရရှိနှင့် ရှုစားနေကြ၏။ အချို့ လူရိုင်းမများကဲ့သို့ မကြားဝံ့ မနာသာရှိသော ထင်မြင်ချက်များကိုလည်း ထုတ်ဖော်ပြောဆိုခြင်း မရှိကြ ချေ။ ဂွဒ်၏ ဖြူစင်ဖြောင့်တန်းသော ပေါင်တံနှင့် ခြေသလုံးများကို အင် ဖာဒူးက ညွှန်ပြသောအခါ၌ပင်လျှင် မိန်းမများသည် အံ့သြချီးမွမ်းသော မျက်နှာများဖြင့် စိုက်ငေးလျက် ရှိကြသော်လည်း ကျေနပ်ပျက်လောက်အောင် မရှိကြပေ။ အရုက်အကြောက်ကြီးလှသော ဂွဒ်မှာမူ လေတဖတ်ဖတ် တိုက် ခတ်လျက်ရှိသော ရှပ်အင်္ကျီစကို လက်များဖြင့် ကြိုးစား၍ ဖုံးဖိကာ လျှောက် လာလေ၏။

ရွာ၏ ဗဟို၌ တည်ရှိသော တဲအိမ်ကြီးတစ်ခုသို့ ဆိုက်ရောက်ကြ သောအခါ အင်ဖာဒူးသည် ရပ်တန့်လျက် 'ကြယ်တာရာမှ ကြွလာကြသော အရှင်များ၊ ကျွန်ုပ်တို့၏တဲ၌ ခေတ္တ နားနေတော်မူကြပါဦး။ စားစရာများ မကြာမီ ရောက်လာပါလိမ့်မည်။ သို့တည်းမဟုတ် ညအဖို့တွင် ကောင်းကင်သို့ တက်၍ အိပ်စက်ကြပါမည်လော' ဟု မေး၏။

ကျွန်ုပ်။ ။'ကူကူယာနားပြည်မှာ နေခိုက်တွင် ကူကူယာနား ပြည်သားများ နေသလို ငါတို့ နေကြ၍ သင်တို့ စားသလို ငါတို့ စားကြ မည်။ ကောင်းကင်သို့ ငါတို့ ညတိုင်း ပြန်မအိပ်နိုင်'

ဟု ပြော၍ တဲကြီးထဲသို့ ဝင်လာကြလေ၏။

တဲထဲ၌ကား ကျွန်ုပ်တို့ လဲလျောင်းရန်အတွက် သားရေနယ်ဖြင့် ဖုံးထားသော ခုံများ ပြင်ဆင်ထား၍၊ ချိုးရန် ရေများလည်း အသင့်ခပ်ထား ကြ၏။ မကြာမီ သမီးကညာတစ်စုတို့သည် နွားနို့၊ ပျားရည်၊ ပြောင်းဖူး စသော စားစရာများကိုရွက်လျက် ရောက်လာကြရာ၊ လူငယ်အချို့သည် လည်း ဝဖြိုးသော နွားကလေးတစ်ကောင်ကို မောင်းလျက် လိုက်ပါလာကြ ၏။ မကြာမီ လူငယ်တစ်ယောက်သည် ထက်မြက်သော ဓားတစ်ချောင်းကို

ထုတ်၍ နွားလည်ပင်းကို ကျင်လည်စွာ လှီးဖြတ်လိုက်ရာ၊ ၁၀ မိနစ်ခန့် အတွင်းတွင် နွားကလေးမှာ သားရေခွာပြီး၊ "လေးဖက်ချပြီး" ဖြစ်နေလေတော့၏။ အကောင်းဆုံး ပေါင်သားများကို ကျွန်ုပ်တို့အဖို့ တုံးတစ်၍၊ အခြားအပိုင်းအစများကို စစ်သားများသို့ ဝေငှလိုက်၏။

ငင်းနောက် ကျွန်ုပ်တို့၏အစေခံ အမ်ဘိုပါသည် သနားကမားရှိသော မိန်းမပျိုကလေးတစ်ယောက်၏ အကူအညီဖြင့်၊ အမဲသားများကို မြေအိုးကြီးတစ်လုံးနှင့် တဲပြင်ဘက်၌ ချက်ပြုတ်လေရာ ကျက်သောအခါမှ အင်ဖာဒူးနှင့် ဘုရင်၏သား စကရက်လားတို့ပါ အတူစားသောက်ရန် ရောက်လာကြ၏။ ကျွန်ုပ်တို့သည် "ခွေးခြေ" ကလေးများပေါ်၌ ထိုင်ကြလျက် စားစရာများကို မြိန်ရှက်စွာ စားသောက်ကြလေရာ၊ အင်ဖာဒူးမှာ ကျွန်ုပ်တို့အပေါ်၌ ယခင် တွေ့စက အတိုင်းပင် ရှိသေကိုင်းညွတ်ခြင်း ရှိနေပေ၏။ သို့ရာတွင် စကရက်လားမူကား အနည်းငယ် အမူအရာ ပြောင်းလဲလာသည်ဟု ကျွန်ုပ် အကဲခတ်မိ၏။ ထိုသူငယ်ကမူ ကျွန်ုပ်တို့သည် ငင်းတို့ကဲ့သို့ပင် စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်းများ ပြုလုပ်သည်ကို မြင်ရသည်နှင့် ကျွန်ုပ်တို့အပေါ်တွင် အရိုသေ ပေါ့လျော့လာဟန် တူသည့်ပြင် ယုံမှားသံသယ ဖြစ်နေသော အမူအရာမျိုးလည်း တွေ့မြင်မိ၏။ ထိုအခြင်းအရာကို တွေ့မြင်ရသဖြင့် ကျွန်ုပ်မှာ စိတ်အေးချမ်းခြင်း မရှိလှချေ။ သို့ဖြစ်၍ ဆာဟင်နရီက ထမင်းစားခိုက်တွင် ငင်း၏ ညီအကြောင်းကို စုံစမ်းမေးမြန်းရန် ကျွန်ုပ်အား အကြံပေးသော်လည်း ကျွန်ုပ်က ဆိုင်းငံ့ဖို့ ပြောထားလိုက်၏။

စားသောက်ပြီးနောက် ကျွန်ုပ်တို့သည် ဆေးတံများထုတ်၍ သောက်ရှုကြရာတွင် အင်ဖာဒူးနှင့် မင်းသားကလေးတို့မှာ အံ့သြစွာ ငေးကြည့်နေကြ၏။ ငင်းတို့၏ တိုင်းပြည်၌ ဆေးရွက်ကြီးပင်များ စိုက်ပျိုးသော်လည်း "နှာ" အဖြစ်နှင့်သာ အသုံးပြုကြ၍ သောက်ရှုရသည်ဟု နားမလည်ကြချေ။ ထို့နောက် ကျွန်ုပ်သည် အင်ဖာဒူးအား မည်သည့် အချိန်အခါတွင် ခရီး ဆက်လက်ထွက်ကြမည့်အကြောင်းကို မေးမြန်းကြည့်ရာ၊





နက်ဖြန်နံနက်စောစော ထွက်ကြမည်ဟု သိရသည့်ပြင် တွာလာဘုရင်အား ကျွန်ုပ်တို့အရှင်ကြီးများ ပါလာကြောင်းကို လူလွှတ် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရှိရလေ၏။ တွာလာဘုရင်မှာ တစ်နှစ် တစ်ကြိမ် ကျင်းပမြဲဖြစ်သော ပွဲတော်ကြီးအတွက် အခမ်းအနားများ ပြင်ဆင်လျက် ရှိသည်ပြင်၊ ပွဲတော်ချိန်တွင် ကျွန်ုပ်တို့ ဆိုက်ရောက်သွားကြမည် ဖြစ်ကြောင်းနှင့်လည်း ပြောပြသေး၏။ ငင်းပွဲတော်ကြီး၌ ဘုရင်၏ စစ်တပ်များအားလုံးကို စစ်ရေးခင်းပြမည်ပြင်၊ "စုန်းရွေး" သော အခမ်းအနားလည်း ကျင်းပမည်ဟု သိရှိပေရာ၊ ငင်းအခမ်းအနား အကြောင်းကိုမူကား ဆိုင်ရာ အခန်းတွင် ဖော်ပြရပေဦးအံ့။

အင်ဖာဒူးက ကျွန်ုပ်တို့သည် လမ်းခရီးတွင် အနှောင့်အယှက် တစ်စုံတစ်ရာ မကြုံခဲ့လျှင်၊ ဒုတိယနေ့ ညနေတွင် တွာလာဘုရင်၏ "လူး" နန်းတော်ကြီးသို့ ဆိုက်ရောက်ကြလိမ့်မည်ဟု ပြော၍ တဲမှ ထွက်သွားလေရာ၊ ကျွန်ုပ်တို့ သုံးယောက်နှင့် အမ်ဘိုပါတို့မှာ ငင်းတဲကြီးတွင် တစ်ယောက်တစ်လှည့်စီ ကင်းစောင့်လျက် အိပ်စက်ကြလေ၏။

## အခန်း ၇
# တွာလာဘုရင်

“လူး” နန်းတော်ကြီးသို့ ကျွန်ုပ်တို့ ခရီးထွက်ခဲ့ကြသည့် အကြောင်းအရာများကို အကျယ်တဝင့် ဖော်ပြရန် မလိုတော့ပေ။ စောလမုန် လမ်းမကြီး တစ်လျှောက် နှစ်ရက်တိုင်တိုင် ဆက်လက်လျှောက်ခဲ့ကြပြီးနောက်၊ ဘုရင် နန်းစိုက်ရာ “ရွှေမြို့တော်” ကြီးသို့ ဆိုက်ရောက်လာကြ၏။ လမ်းခရီး၌ ယခင်က တွေ့ခဲ့သော ရွာကြီး မြောက်မြားစွာ တွေ့ကြ၍၊ မြေသြဇာမှ တစ်ဆင့်ထက် တစ်ဆင့် တိုး၍ ထက်သန်လာသည်နှင့် ရွာသူရွာသားများမှာလည်း ရွှေမြို့တော်နှင့် နီးလာလေလေ တိုး၍ ယဉ်ကျေးဟန် တူလေလေ ရှိနေပေတော့၏။ အားလုံးသော ရွာများမှာ ပထမရွာကြီး၏ နမူနာပုံစံအတိုင်း တည်ထား၍ အချို့မှာ ကြွယ်ဝသည့်အလျောက် သစ်တပ်များ ပိုမိုကြီးမားခြင်း၊ ကျုံးမြောင်းများ ပိုမိုကျယ်ဝန်းခြင်းမျှလောက်သာ ခြားနားခြင်း ရှိပေ၏။ ၎င်းတိုင်းပြည် ထုံးစံမှာ အရွယ်ရောက်ပြီးသော ယောကျ်ားတိုင်း စစ်မှုထမ်းကြရလေရာ၊ ယောကျ်ားစစ်သားများသည် ဘုရင်၏ ပွဲတော် အခမ်းအနားသို့သွားရန် ပြင်ဆင်လျက် ရှိသည်များကို တွေ့ခဲ့ကြရ၏။

ဒုတိယနေ့ ညနေ၌ ကျွန်ုပ်တို့သည် ကုန်းမြင့်ကလေးတစ်ခု၏ ထိပ်သို့ ဆိုက်ရောက်လာကြ၍ ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ၊ ဘုရင် နေထိုင်သည့် “လူး ရွှေမြို့တော်” ကြီးကို မြင်ကြရ၏။ ၎င်းမှာ ပတ်ဝန်းကျင် ၅





မိုင်ခန့် ကျယ်ဝန်းပေရာ မြောက်ဘက် ၂ မိုင်ခန့်တွင်မူကား မြင်းခွာပုံသဏ္ဍာန်ရှိသည့် တောင်ပူစာတစ်ခုကို မြင်ကြရ၏။ ၎င်းတောင်ပူစာနှင့် ပတ်သက်၍ ကျွန်ုပ်တို့အဖို့ စွန့်စားခန်းများ ကြုံတွေ့ရဦးမည်ဖြစ်ရာ ထိုအခြင်းအရာများ အကြောင်းကိုမူ ဆိုင်ရာအခန်းတွင်မှ ဖော်ပြရပေဦးအံ့။

“လူး” မြို့ကြီး၏ အလယ်သို့ မြစ်ကြီးတစ်သွယ် ဖြတ်သန်းစီးဆင်းလျက်ရှိရာ များစွာသော နေရာတို့တွင် တံတားများ ကူးကျော်ထားသည်ကိုလည်း တွေ့ကြရ၏။ “လူး” မြို့နှင့် မိုင် ၆၀ ခန့် ကွာဝေးသော အရပ်တွင် မိုးပွင့်များဖြင့် ဖုံးအုပ်လျက်ရှိသော တောင်ကြီးသုံးလုံးတို့သည် ဖိုခနောက်ဆိုင် တည်လျက်ရှိကြရာ ၎င်းတို့မှာ ရှီဗာ၏သားမြတ် တောင်ထွတ်များကဲ့သို့ ပြေပြစ်ချောမွေ့ခြင်း မရှိဘဲ၊ ကောင်းကင်သို့ မတ်စောက်စွာ ထိုးတက်လျက် ရှိကြ၏။ ၎င်းတောင်ကြီး သုံးလုံးတို့ကို “စုန်းမ သုံးကောင်” ဟူ၍ မှည့်ခေါ်ထားကြောင်းနှင့် အင်ဖာဒူးက ပြောပြသည်ပြင်၊ စောလမုန်လမ်းကြီးမှာလည်း ၎င်းတောင်ကြီးများ ခြေရင်းတွင် အဆုံးသတ်ကြောင်း သိရှိရလေ၏။ ကျွန်ုပ်စိတ်ထဲ၌ကား ၎င်းတောင်ကြီးများသည် စောလမုန်ဘဏ္ဍာသိုက်တည်ရှိရာဌာန ဖြစ်ရမည်ဟု ဆုံးဖြတ်ထားလေပြီ။ ၎င်းတောင်ကြီးများ အကြောင်းကို တီးခေါက် စုံစမ်းသောအခါတွင်မူကား၊ အင်ဖာဒူးသည် ဝေ့လည်ကြောင်ပတ်နှင့် ပြန်ပြော၍ ကြယ်တာရာမှလာသော အရှင်ကြီးများသည် လူသားများအား မေးမြန်းရန် မသင့်ဟု ပြောသေး၏။ ထိုအခါ ကျွန်ုပ်က ‘မသိ၍ မေးခြင်းမဟုတ်၊ အရောင်ထွက်သော ကျောက်ဖြူ (စိန်) များနှင့် သံဝါ (ရွှေ) များ ရှိသည်ဟု သိပြီးဖြစ်ကြောင်း’ ပြောသောအခါ အင်ဖာဒူးလည်း မငြင်းကွယ်ဘဲ ဆိတ်ဆိတ်သာ နေလေတော့၏။

ကျွန်ုပ်တို့သည် ကုန်းမြင့်ပေါ်တွင် အတန်ငယ် နားနေကြပြီးနောက် ဆက်လက်ခရီးသွားကြပြန်ရာ၊ နောက်ဆုံး၌ ကျုံးကူးတံတားကိုကျော်၍ မြို့ထဲသို့ ဝင်ကြပြီးလျှင် ကျွန်ုပ်တို့အဖို့ အထူးတလည် ပြင်ဆင်ထားသော တဲအိမ်များသို့ ဆိုက်ရောက်ကြ၍၊ တစ်ယောက်လျှင် တဲအိမ်တစ်လုံးစီ

တည်းခိုနေထိုင်ရန် စီမံထားသည်ကို တွေ့ကြရ၏။ တဲအသီးသီး၌ မြက်ခြောက် မွေ့ရာပေါ်တွင် သားရေနယ်များခင်းလျက် ချိုးရန်ရေ၊ ထိုင်ရန်နေရာများနှင့်တကွ ပြင်ဆင်ထားကြ၏။ ရေမိုးချိုးပြီးသည်နှင့် တစ်ပြိုင်နက် ရုပ်ရည်ချောမောသော မိန်းကလေးများသည် နို့၊ ပြောင်းဖူး၊ ပျားရည်၊ အသားကင် စသော စားစရာများကို ယူလာ၍ ရိုသေသော အမူအရာနှင့် ကျွန်ုပ်တို့အား ပြုစုလေ၏။ စားသောက်ပြီးစီးလတ်သော် အိပ်ရာများကို တစ်ခုသော တဲတွင်းသို့ စုပေါင်းသွတ်သွင်းစေပြီးမှ ကျွန်ုပ်တို့ လေးယောက်သည် တဲတစ်ခုတည်းတွင် အတူတကွ အိပ်ကြလေ၏။

နောက်တစ်နေ့ အိပ်ရာမှ နိုးကြသောအခါ ကျွန်ုပ်သည် အဝတ်အစားမလုံခြုံသည့်အတွက်ကြောင့် ညည်းတွားလျက်ရှိသော ဂွဒ်၏ တောင်းပန်ချက် အရ ၎င်း၏ အဝတ်အစားများ အကြောင်းကို မေးမြန်းစုံစမ်းကြည့်ရာ၊ ၎င်းတို့မှာ အထူးအဆန်း အမြတ်တနိုး ပစ္စည်းများ အဖြစ်နှင့် ဘုရင့်ရှေ့တော်သို့ တင်သွင်းလိုက်ပြီ ဖြစ်ကြောင်း၊ ဘုရင်သည်လည်း ကျွန်ုပ်တို့အား မွန်းမတည့်မီ လက်ခံတွေ့ဆုံလိမ့်မည်ဖြစ်ကြောင်း ကြားသိလေရကား ဂွဒ်မှာ ရှုံ့မဲ့သော မျက်နှာဖြင့် ရုပ်အင်္ကျီကိုသာ ငုံ့၍ ကြည့်နေရှာတော့၏။ ထိုအခါ၌ မိန်းမပျိုကလေးများသည် ကျွန်ုပ်တို့ထံတွင် ဝတ်ပြုလျက်ရှိရာ ကျွန်ုပ်တို့က ကိုယ်လက်သုတ်သင်လိုသည်နှင့် တဲပြင်သို့ ထွက်နေကြရန် ပြောလိုက်သောအခါ၊ ၎င်းတို့သည် စိတ်ပျက်သော အမူအရာနှင့် ထွက်သွားကြလေ၏။ ဂွဒ်သည် လက်ယာဘက်ပါးနှင့် မေးစေ့တို့မှ အမွေးအမှင်များကို ရိတ်ဖြတ်သေးရာ၊ လက်ဝဲဘက်တစ်ခြမ်းကိုမူ ယခင်အတိုင်း ချန်လှပ်ထားရန် ကျွန်ုပ်တို့က ပြောသည်နှင့် မထိဘဲ ချန်ထားရ၏။ ထိုအခါ၌မူကား လက်ဝဲတစ်ခြမ်းမှ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့သည် အတော်ပင် ရှည်ကြလှလေပြီ။ ကျွန်ုပ်တို့မှာမူ ဆံပင်ကိုဖြီး၍ သပ်ရပ်အောင် ပြုပြင်ပေးကြလေရာ ဆာဟင်နရီ၏ ရွှေရောင်ရှိသော ဆံပင်များသည် ပခုံးပေါ်တွင် ဝဲလျက်ရှိနေခဲ့လေပြီ။





နံနက်စာ စားသောက်၍ ဆေးတံများ သောက်ပြီးကြသောအခါ အင်ဖာဒူးရောက်လာ၍ တွာလာဘုရင်ရှေ့တော်သို့ ဝင်ကြရမည့်အကြောင်းနှင့် ပြောပြ ခေါ်ငင်လေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရင်အား လက်ဆောင်ပေးရန်အတွက် သေနတ်တစ်လက်နှင့် ယမ်းတောင့်အနည်းငယ်ကိုလည်းကောင်း၊ ဘုရင်၏ မိန်းမများအတွက် ရောင်စုံပုတီးစေ့များကို လည်းကောင်း ယူခဲ့စေ၍ အင်ဖာဒူးနှင့်အတူ လိုက်ပါသွားကြလေ၏။

ကိုက်ပေါင်း ၁၀၀ ခန့် လျှောက်မိလတ်သော် ကျွန်ုပ်တို့သည် ခုနစ်ဧကထက်မနည်း ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တဲကြီးသို့ ရောက်သွားကြလေရာ၊ ၎င်းတဲကြီးကို ဝန်းရံလျက်ရှိသော တဲကလေးများမှာမူကား ဘုရင်၏ ကိုယ်လုပ်တော်များ နေထိုင်ရာ အိမ်များဖြစ်ကြ၏။ ဘုရင်၏ တဲကြီးရှေ့၌ရှိသော မြေကွက်လပ်ကြီးတွင်မူကား စစ်သား ၇,၀၀၀ မှ ၈,၀၀၀ ခန့် အထိရှိသော စစ်တပ်ကြီး စုရုံးလျက်ရှိရာ ကျွန်ုပ်တို့ လျှောက်သွားကြသော အခါတွင် စစ်သားများသည် ကျောက်ရုပ်များသဖွယ် ငြိမ်သက်စွာ ရပ်နေကြလေ၏။

တဲကြီးရှေ့၌ ခုံကလေးများ ခင်းကျင်းထားရာ၊ အင်ဖာဒူး၏ ညွှန်ကြားချက်အရ ကျွန်ုပ်တို့သုံးယောက်သည် ခုံသုံးခုအပေါ်၌ ထိုင်ကြ၍ အမ်ဘိုပါက နောက်မှ ရပ်နေလေ၏။ အင်ဖာဒူးမှာမူ တဲကြီး၏ အဝနားတွင် ရပ်လျက် စောင့်နေလေ၏။ ယင်းကဲ့သို့ ၁၀ မိနစ်ခန့်တိုင်တိုင် စောင့်နေကြစဉ် ၈,၀၀၀ သော စစ်သားများသည် ကျွန်ုပ်တို့ကို စိန်းစိန်းစိုက်လျက် ကြည့်နေကြရကား၊ ကြွေမပျက်အောင် ထိုင်ရသောအလုပ်မှာ မလွယ်ကူလှချေ။ နောက်ဆုံး၌ တဲတံခါး ပွင့်လာ၍ ကျားရေကြီးတစ်ချပ်ကို ပခုံးပေါ်တွင် တင်လျက်၊ အရုပ်အမောင်း အလွန်တရာ ထွားကျိုင်းလှသော လူတစ်ယောက် ထွက်လာ၍၊ ၎င်းနောက်မှ စကရက်လား လိုက်ပါလာရာ နောက်ဆုံး၌ကား သားမွေးအဝတ်တစ်ထည်ကို ခြုံလျက် မျောက်အိုပမာဏခန့် ရှိသူ တစ်ယောက်လည်း လိုက်ပါလာလေ၏။ ကျားရေနှင့်

လူသည် တဲရှေ့တွင် ခုံတစ်ခုပေါ်၌ထိုင်၍ စကရက်လားလည်း နောက်မှ ရပ်လျက်ရှိရာ၊ မျောက်အိုနှင့်တူသူမှာ လေးဖက်ထောက်ကာ တွားသွားပြီးနောက် တဲရိပ်တွင် ဆောင့်ကြောင့်ထိုင်နေလေ၏။

အားလုံးမှာ တိတ်ဆိတ်လျက်ပင် ရှိကြသေး၏။

ငင်းနောက် ထွားကျိုင်းသောလူသည် ကျားရေကို ပခုံးပေါ်မှ ချ၍ ကျွန်ုပ်တို့ရှေ့တွင် မတ်တတ်ရပ်လိုက်ရာ၊ ကျွန်ုပ်မှာ ဤမျှလောက် အရပ်ဆိုး အကျည်းတန်သော လူတစ်ယောက်ကို ဘယ်အခါမျှ မတွေ့မြင်ခဲ့ဖူးဟူ၍ အောက်မေ့လိုက်မိ၏။ ထိုလူမှာ နှုတ်ခမ်းထူထူ၊ နှာခေါင်းပြားပြားရှိ၍ မျက်စိတစ်လုံးမှာ ပောက်တောက်ကန်းဖြစ်သဖြင့်၊ ကျန်သောမျက်လုံးမှာလည်း နက်မှောင်ကာ မီးများ တဖျတ်ဖျတ် ထွက်နေသည်ဟု မှတ်ထင်ကြရ၏။ ငင်း၏ မျက်နှာကို တစ်ချက်မျှ ကြည့်လိုက်ခြင်းအားဖြင့် ကာမဂုဏ် ခံစားမှု၌ လွန်ကျူးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း စသော အခြင်းအရာများကို စာဖြင့် ရေးသားထားသကဲ့သို့ ထင်ရှားစွာ တွေ့မြင်နိုင်ပေ၏။ ဦးခေါင်းထက်၌ ငှက်ကုလားအုပ်မွေးကြီးကို လည်းကောင်း၊ ကိုယ်တွင် အရောင်တလက်လက်တောက်သော သံချပ်အင်္ကျီကြီးကို လည်းကောင်း၊ ခါးနှင့် ဒူးဆစ် အောက်တို့တွင် နွားမြီးအဖြူကို လည်းကောင်း၊ လက်ယာလက်တွင် ကြီးမားလှစွာသော လှံကြီးကိုလည်းကောင်း၊ လည်ပင်းတွင် ရွှေကြိုးတုတ်ကြီးကို လည်းကောင်း၊ နဖူးတွင် တစ်လုံးတည်းသော စိန်ရိုင်းကို ကြိုးဖြင့် စည်းလျက် လည်းကောင်း မွမ်းမံခြယ်လှယ်ထားပေရကား ကြီးကြမ်းသလောက် ကြောက်မက်ဖွယ် ကောင်းလှပေ၏။ ထိုသူသည်ကား တွာလာ ရှင်ဘုရင်ပင် ဖြစ်ချေ၏။

ဆိတ်ငြိမ်စွာ ရှိနေကြသည့် အတောအတွင်း တွာလာသည် လက်တွင်ကိုင်ထားသော လှံကြီးကို မြှောက်လိုက်ရာ ၈,၀၀၀ မျှသော စစ်သားများ၏ နှုတ်မှ 'ခူးမ်' ဟူ၍ မြည်အော်လိုက်သော အသံကြီးမှာ မြေကြီးကို သိမ့်သိမ့်တုန်သွားစေတော့၏။ ယင်းကဲ့သို့ သုံးကြိမ်တိုင်တိုင် ဟစ်အော်ကာ အရိ





အသေ ပြုပြီးကြသည်အဆုံး၌ မျောက်အိုသဏ္ဍာန်ရှိသူက 'နှိမ့်ချကြလော့ လူအပေါင်းတို့၊ ဘုရင်မင်းမြတ် ကြွတော်မူလာပြီ ....' ဟု အသံတိုင်ပေးလိုက်ရာ၊ ၈,၀၀၀ သော စစ်သားများကလည်း 'နှိမ့်ချကြလော့ လူအပေါင်းတို့၊ ဘုရင်မင်းမြတ် ကြွတော်မူလာပြီ' ဟု တညီတညာတည်း လိုက်ဆိုကြလေ၏။

ထိုနောက် ဆိတ်ငြိမ်စွာ ရှိနေကြပြန်ရာ၊ နောက်တစ်ခဏ၌ လက်ဝဲဘက်ရှိသော စစ်တပ်အနက်မှ စစ်သားတစ်ယောက်သည် ဒိုင်းကြီး လွတ်ကျသွားသည်နှင့် မြေပေါ်သို့ ဒိန်းခနဲ မြည်ဟိန်းသွားလေ၏။ ထိုအခါ တွာလာသည် ထိုလူရှိရာသို့လှည့်လျက် 'ဒီကို လာခဲ့စမ်း ဟေ့အကောင်' ဟု ခေါ်လိုက်ရာ လူလုံးလူဖန် လှပသော စစ်သားတစ်ယောက်သည် ရှေ့သို့ထွက်လာ၍ ဘုရင့်ရှေ့တွင် ရပ်နေလေ၏။

လာ။ ။'ကြယ်တာရာမှ ဧည့်သည်များရှေ့တွင် သင်၏ ဒိုင်းကို လွတ်ချလိုက်သည့်အတွက် ငါ၌ မဟာအရှက်တော် ကွဲရလေပြီ၊ အဘယ်သို့ ထုချေရန် ရှိသနည်း ခွေးမိုက်'

စစ်သား။ ။(မျက်နှာပျက်လျက်) 'မတော်တဆ လွတ်ကျသွားခြင်း ဖြစ်ပါသည်၊ မောင်းမတစ်ထောင်ကို သိမ်းပိုက်သော အို...အရှင်'

လာ။ ။'မတော်တဆဆိုသော ထုချေချက်ကား လုံလောက်သော ထုချေချက် မဟုတ်။ ငါ၌ အရှက်တော်ကွဲခဲ့ရပြီ၊ သေရအောင် ပြင်ပေလော့ ခွေးမိုက်'

စစ်သား။ ။'ကျွန်ုပ်မှာ ဘုရင်၏ လက်ခုပ်တွင်းမှ ရေမျှသာ ဖြစ်ပါသည်'

လာ။ ။(သားဘက်သို့ လှည့်လျက်) 'သားမောင် စကရက်လား၊ ဒိုင်းတစ်ခုကိုမြဲအောင် မကိုင်နိုင်သော ဤစစ်သားကို လှံနှင့် ကစားချေလော့။ လှံထိုးခြင်း၌ အလေ့အကျင့် ရလေအောင် ဤခွေးမိုက်ကို ထိုးသတ်လေ့ကျင့်လေလော့'

ထိုအခါ စကရက်လားသည် သွားကိုဖြဲလျက် လုံကိုမြှောက်လိုက်ရာ စစ်သားလည်း မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဖုံးထားလိုက်ရှာ၏။ ကျွန်ုပ်တို့မှာမူ ကြက်သေသေလျက် ငေးကြည့်နေမိကြ၏။ စကရက်လားသည် လုံကို လက်ထဲတွင်လှည့်ကာ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ဝင့်ရမ်းပြီးနောက် စစ်သား၏ရင်ဝကို ထိုးစိုက်လိုက်ရာ လုံသွားသည် ကျောဘက်မှ တစ်မိုက်ခန့် ဖောက်ထွက်လာသေး၏။ စစ်သားလည်း လက်များကို မြှောက်လျက် မြေပေါ်သို့ ထိုးလဲသွားလေရာ၊ ပရိသတ်များလည်း အုတ်အုတ်ကျက်ကျက် ဖြစ်သွားပြီးနောက် တိတ်ဆိတ်လျက် ရှိကြပြန်၏။ ဆာဟင်နရီမှာမူ မကျေနပ်ဟန်နှင့် နှုတ်မှ တတွတ်တွတ် ရေရွတ်ကာ ရတ်တရက် ထ လိုက်ပြီးမှ ပြန်၍ ထိုင်ချလိုက်၏။

လာ။ ။'သားတော်မောင် လက်ဖြောင့်လှပါသည်။ ခဏခဏ လေ့ကျင့်ရလျှင် တိုးတက်ဖို့ ရှိသေးသည်' ဟု ချီးမွမ်းပြောဆိုပြီးမှ အလောင်းကို ထုတ်သွားကြရန် အမိန့်ပေးလိုက်ရာ၊ စစ်သား လေးယောက်တို့လည်း အလောင်းကို ထမ်းထုတ်သွားကြလေ၏။

ဆာဟင်နရီမှာမူ ဆွေ့ဆွေ့ခုန်လျက်ရှိရာ ကျွန်ုပ်တို့က သတိပေး တားဆီးထားကြ၏။

လာ။ ။'ကြယ်တာရာမှ ဆိုက်ရောက်လာသော လူဖြူများ၊ ကျွန်ုပ် နှုတ်ဆက်ပါသည်'

ကျွန်ုပ်။ ။'ကူကူယာနားတို့၏ ဘုရင်တွာလာ၊ ကျွန်ုပ်တို့ နှုတ်ဆက်ပါသည်'

လာ။ ။'ဘယ်ကိစ္စအတွက် လာရောက်ကြသနည်း'

ကျွန်ုပ်။ ။'ကူကူယာနားပြည်ကို လည်ပတ်ရအောင် လာကြပါသည်'

လာ။ ။'ဤတိုင်းပြည်ကလေးကို ကြည့်ရအောင် ဤမျှလောက် ဝေးဝေးကြီး လာကြရသလော၊ ထိုလူမှာလည်း ကြယ်တာရာမှ လူပင်လော'





ကျွန်ုပ်။ ။'ကြယ်တာရာထဲတွင် သင်တို့ကဲ့သို့ လူညိုများလည်း ရှိသည်။ သို့သော် ....ကျွန်ုပ် တစ်ခု သတိပေးလိုက်သည် တွာလာဘုရင်၊ သင်တို့ဉာဏ်နှင့် မမီနိုင်သည့် နက်နဲသော အကြောင်းအရာများကို မေးလား မြန်းလား မလုပ်ပါလေနှင့်'

လာ။ ။'သင်ပြောသော စကားသံကား ကျယ်လွန်းလှသည်၊ သင်တို့ ကြယ်တာရာမှာ အဝေးတွင် ရှိသောကြောင့် ထိုစစ်သားကဲ့သို့ သင်တို့ကို ကျွန်ုပ်ပြုလိုက်လျှင် သင်တို့ ဘာတတ်နိုင်ကြမည်နည်း'

ကျွန်ုပ်။ ။(ရယ်မောလျက်) 'မီးပေါ်၌ လျှောက်သောလူကဲ့သို့ ခြေထောက်ကို မီးလောင်မည်စိုးလျှင် သတိနှင့် လျှောက်လေလော့၊ ခြေမထောက်မိသော နေရာသို့ ရောက်သွားလျှင် ရေမြုပ်တတ်သောကြောင့် ရေထဲဆင်းသော လူကဲ့သို့ သတိနှင့် ဆင်းလေလော့။ ကျွန်ုပ်တို့လူစုကို ဆံတစ်ပင်တည်းကျွတ်အောင် သင် လုပ်ခဲ့လျှင်၊ သင်တို့ တစ်ဆွေလုံး တစ်မျိုးလုံး တစ်ပြည်လုံး သင်၏မောင်းမများပါမကျန် ပြုတ်ပြုတ်ပြုန်းအောင် ကျွန်ုပ်တို့ စီရင်လိုက်မည်၊ ကျွန်ုပ်တို့အစွမ်းကို သင်၏သားနှင့် ညီတို့က ပြောပြပြီး မဟုတ်သလော။ ဤလူမျိုးကို သင်တို့၏ ကမ္ဘာမြေကြီးပေါ်တွင် တစ်ကြိမ် တစ်ခါ တွေ့ရဖူးသလော' ဟု ပြောလျက်၊ ဂွဒ်၏ ထူးဆန်းသော အင်္ဂါရပ်ကို ကျွန်ုပ်က ညွှန်ပြလိုက်၏။

လာ။ ။(ဂွဒ်ကို ကြည့်လျက်) 'မှန်ပေသည်၊ မမြင်ဖူးပါ'

ကျွန်ုပ်။ ။'အဝေးမှ အသံနှင့် သတ်နိုင်ကြောင်းကို သူတို့ပြောပြီးပြီ မဟုတ်သလော'

လာ။ ။'ပြောတော့ ပြောပါသည်၊ ကျွန်ုပ် မယုံနိုင်ပါ။ မြင်ရမှ ယုံနိုင်မည်။ တတ်နိုင်လျှင် ဟိုမှာရပ်နေသည့် လူများထဲမှ တစ်ယောက်ယောက်ကို သတ်ပြစမ်းလော့'

ကျွန်ုပ်။ ။'လူ၏အသက်ကို မသတ်လို၊ အပြစ်အလျှောက်

စီရင်သောအခါမှာ ကျွန်ုပ်တို့သတ်သော ထုံးစံရှိသည်။ သို့သော် နွားတစ်ကောင် ယူခဲ့လျှင် သင် မြင်ရအောင် အဝေးမှ သတ်ပြမည်'

လာ။ ။'လူကို သတ်ပြမှ ကျွန်ုပ် ကြည့်လိုသည်'

ကျွန်ုပ်။ ။'ကောင်းပြီ၊ သို့ဖြစ်လျှင် သင်ကိုယ်တိုင် ဟိုရှေ့မှ တံခါးဆီသို့ရောက်အောင် ပြေးကြည့်စမ်းလော့၊ မရောက်မီ ကျွန်ုပ် သေအောင် သတ်လိုက်မည်။ သို့မဟုတ်လျှင် သင့်သား စကရက်လားကို ပြေးစေလော့၊ ကျွန်ုပ် အဝေးမှ သတ်ပြမည်'

ထိုအခါ ဆာဟင်နရီက 'စကရက်လား စမ်းလျှင် ကျုပ် ပစ်သတ်ပြစမ်းပါရစေ' ဟု ကျွန်ုပ်အား တီးတိုးပြောသေး၏။ သို့ရာတွင် စကရက်လားမှာ သူတစ်ပါးကို သတ်ရက်ခဲ့သော်လည်း ထိုစကားကို ကြားခါမျှနှင့်ပင် အော်ဟစ်ကာ ထွက်ပြေးခဲ့လေပြီ။

လာ။ ။'ကောင်းပြီ၊ နွားတစ်ကောင်ကိုသာ သတ်ပြပါလော့' ဟု ပြော၍ ကျေးကျွန်တစ်ယောက်အား နွားတစ်ကောင်ဆွဲခဲ့ရန် စေလွှတ်လိုက်လေ၏။

ကျွန်ုပ်။ ။'ကိုင်း ဆာဟင်နရီ၊ ဒီတစ်ခါ ခင်ဗျား လူစွမ်းပြဖို့ အလှည့်ရောက်နေပြီ၊ ကျုပ်တစ်ယောက်တည်း ပညာတတ်တယ်လို့ သူတို့ မှတ်နေကြမယ်။ ရော့ ပစ်ပြလိုက်စမ်းဗျာ'

ဆာဟင်နရီလည်း သေနတ်ကို ယမ်းထိုးလျက် စောင့်နေလေရာ၊ ကျေးကျွန်သည် နွားတစ်ကောင်ကိုဆွဲလျက် ကိုက် ၁၀၀ ကျော်ခန့်သို့ ရောက်လာ၍ နံဘေးတိုက် ဖြစ်နေသည်နှင့် တစ်ပြိုင်နက် ဆာဟင်နရီသည် သေနတ်နှင့် နံဘေးကိုချိန်၍ ပစ်လိုက်၏။ နောက်တစ်ခဏ၌ ဆွဲလာသော ကျေးကျွန်သည် လန့်၍ခုန်လိုက်သော်လည်း နွားမှာမူ မြေပေါ်တွင် စင်းစင်းလဲလျက် သေနေလေပြီ။

ကျွန်ုပ်။ ။'ကျေနပ်ပြီလား ဘုရင်တွာလာ'

လာ။ ။'ယုံကြည်ပါပြီ လူဖြူ'





စစ်သားများမှာမူ မျက်လုံးအကြောင်သား ငေးလျက် ကြည့်နေကြလေ၏။

ကျွန်ုပ်။ ။'ဘုရင်တွာလာ၊ ကျွန်ုပ်တို့၌ တန်ခိုးသတ္တိရှိကြောင်း သင် မြင်ရပြီ မဟုတ်လော။ သို့သော် ကျွန်ုပ်တို့ကား ရန်ရှာရအောင် လာခြင်း မဟုတ်၊ မိတ်ဖွဲ့ရအောင် လာခြင်းဖြစ်သည်။ ဤလက်နက်မျိုးတစ်ခု သင် ရလျှင် ကျွန်ုပ်တို့ သတ်နိုင်သကဲ့သို့ သင်လည်း သတ်နိုင်မည်။ သို့သော် လူကိုသတ်ခဲ့လျှင် သင်ပါ သေရအောင် ကျွန်ုပ်အတတ်နှင့် စီမံထားသည်။ ဤလက်နက်ကို သင် လိုချင်သလော'

လာ။ ။(လောဘကြီးစွာနှင့်) 'လိုချင်လှပါသည်'

ကျွန်ုပ်။ ။'လိုချင်လျှင် သင့်ကို ကျွန်ုပ် ပေးမည်၊ သုံးနည်းကိုမူကား နောက်မှ ကျွန်ုပ် သင်ပြမည်၊ ယူလေလော့'

တွာလာသည် သေနတ်ကို လိုချင်အားကြီးနှင့် လှမ်းယူသော်လည်း ရွံ့တွံ့တွံ့ ကိုင်တွယ်၍ ခြေရင်းတွင် ချထားလိုက်၏။ ထိုခဏ၌ မျောက်နှင့်တူသောသူသည် တွာလာရှေ့သို့ တွားလျက်ဝင်လာ၍ ရှေ့သို့ရောက်သည်နှင့် တစ်ပြိုင်နက် သားမွေးခြုံထည်ကို လှစ်လိုက်ရာ၊ လွန်မင်းစွာ ရင့်ရော်အိုမင်းလှသည့် မိန်းမကြီးတစ်ယောက်၏ မျက်နှာကို ကျွန်ုပ်တို့ မြင်ကြရ၏။ ၎င်း၏မျက်နှာမှာ မရေမတွက်နိုင်သော အတွန့်အလိပ်များဖြင့် ရှုံ့တွလျက်ရှိရာ ကျွန်ုပ်တို့မှာ ဤမျှလောက် ရွတ်တွအိုမင်းသော ယောကျ်ားတစ်ယောက်ကို ဖြစ်စေ၊ မိန်းမတစ်ယောက်ကိုဖြစ်စေ တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ရဖူးချေ။ ၎င်း၏ပါးစပ်မှာ ရှုံ့ဝင်လျက်ရှိသောကြောင့် အရာမျှလောက်သာ မြင်ကြရသော်လည်း၊ ဖွေးဖွေးဖြူသော မျက်ခုံးမွေးများအောက်တွင် အရောင်တလက်လက် တောက်ပြောင်လျက်ရှိသော မျက်လုံးတို့မှာမူကား သူငယ်ပြန်သော လူအိုတို့၏ မျက်လုံးများနှင့် အလျဉ်းမတူဘဲ၊ စဉ်းစားဉာဏ်နှင့် မှတ်ဉာဏ်များ ကောင်းကောင်းကြီး ကြည်လင်စွာ တည်ရှိနေသေးကြောင်း ထင်ရှားလှပေ၏။ ၎င်း၏ ဦးခေါင်းထက်၌ ဆံပင်ဟူ၍ တစ်ပင်မျှ မကျန်

တော့ဘဲ ဦးရေများပင် တွန့်လိပ်နေပြီဖြစ်၍ ရှုံ့တွနေသော လိမ္မော်သီးနှင့် သာ၍ တူလှပေ၏။

ထိုမိန်းမကြီးသည် တွာလာရှေ့တွင် ရပ်လျက် တွာလာ၏ ပခုံးပေါ်တွင် လက်တင်ကာ ပြောသည်မှာ ....

'ဘုရင်တွာလာနှင့် စစ်သားများ နားထောင်ကြလော့။ တောင်တန်းများ၊ လွင်ပြင်များ၊ မြစ်များလည်း ငါ့စကားကို ကြားနာကြလော့။ ကောင်းကင်၊ မြေကြီး၊ နေ လ နက္ခတ်တာရာတို့လည်း ငါ့စကားကို နားတင်ကြလော့။ ယောကျ်ား မိန်းမ၊ လူကြီး လူငယ်၊ နို့စို့သူငယ်မကျန် နားစိုက်ကြလော့။ ရှင်ပြီး၍ သေသောအရာများ၊ သေပြီးမှ ပြန်ရှင်သော ဝိညာဉ်များ၊ နားထောင်ကြလော့။ ငါကား အနာဂတ်အဖို့ ဗေဒင်ဟောတော့မည် .... ဗေဒင်ဟောတော့မည် .... ဗေဒင်ဟောတော့မည်'

မိန်းမကြီးသည် ထိုသို့ပြောရင်း ၎င်း၏အသံသည် မှုန်ဝါး၍မှုန်ဝါး၍ ပျောက်သွားလေရာ၊ ပရိသတ်အားလုံးမှာ ထိတ်လန့်တုန်လှုပ်ဟန်နှင့် ငေးကြည့်နေကြ၏။ ၎င်းတို့ ထိတ်လန့်ခြင်းကို အပြစ်မဆိုသာ၊ ကျွန်ုပ်တို့ကိုယ်တိုင်မှာပင် ၎င်း၏ ရုပ်လက္ခဏာ၊ ၎င်း၏အသံ၊ ၎င်း၏စကားတို့ကို ကြားလိုက်ရခြင်းအားဖြင့် ကြက်သီးမွေးညင်း ထ မိကြသေး၏။

၎င်းနောက် အမယ်အိုကြီးက ဆက်လက်၍ ....

အို။ ။'သွေးများ၊ သွေးများ၊ သွေးများ ချောင်းစီးသည်ကို ငါ မြင်ရသည်။ ငါ အနံ့ရသည်၊ ငါ စမ်းမိသည်၊ မြေပေါ်၌ ရေလိုချောင်းစီး၍ ကောင်းကင်၌ မိုးလိုရွာချသည်ကို ငါ မြင်ရသည်၊ ငါ အနံ့ရသည်၊ ငါ စမ်းမိသည်။ ခြေသံများ၊ ခြေသံများ၊ ခြေသံများ .... လူဖြူများ၏ ခြေသံများကို ငါကြားရသည်။ ခြေသံများကြောင့် မြေကြီးတုန်လျက် ရှိသည်ကို ငါ စမ်းမိသည်။ လတ်လတ်ဆတ်ဆတ် ယိုစီးသောသွေးသည် ချိုသောရနံ့ ရှိသည်။ ခြင်္သေ့များသည် သွေးကိုသောက်၍ ဟိန်းဟောက်ကြလတ္တံ့။ လင်းတများသည် သွေးချောင်းထဲတွင် အတောင်ဆေး၍ မြည်အော်ကြလတ္တံ့။ ငါကား အိုလှ





ချေပြီ၊ အသက်ကြီးလှချေပြီ။ သင်တို့၏ဖခင်များ ငါ့ကို သိကြသည်။ သင်တို့၏ အဘိုးများသည် ငါ့ကို သိကြသည်။ သင်တို့၏ ဘေးများသည် ငါ့ကို သိကြသည်။ သင်တို့၏ ဘီများသည် ငါ့ကို သိကြသည်။ သင်တို့၏ ဘင်များသည် ငါ့ကို သိကြသည်။ သူတို့အားလုံး သွားကြ၍ ငါတစ်ယောက်တည်း ကျန်တော့သည်။ လူဖြူများ လာကြလိမ့်မည်။ တွာလာနဖူး၌ရှိသော စိန်တုံးမျိုးကို လိုချင်သောကြောင့် လူဖြူများ လာကြလိမ့်မည်။ ကြယ်တာရာမှ လာသည်ဆိုသော လူဖြူများ ဘာကိစ္စနှင့် သင်တို့ လာကြသနည်း။ ပျောက်သောသူကို ရှာလျှင် တွေ့သော်လည်း ဤအရပ်မှာ မတွေ့နိုင်။ သင်တို့ကား စိန်တုံးများရှာရန် လာကြသည်။ သို့သော် ယခု မရနိုင်။ သွေးများ ခြောက်သွေ့သောအခါမှ ရလိမ့်မည်။ အသားညိုသော ကိုလူညို၊ အရပ်မြင့်သော ကိုလူညို၊ သင်ကော ဘာကိစ္စနှင့် လိုက်လာသနည်း။ သင် ဘယ်သူဖြစ်သနည်း။ သင့်ကိုယ်ကား သွေးနံ့ရသည်။ သင့်ကို ငါသိသည်။ သင်၏ အဝတ်ကို လှစ်ပြစမ်းလော့။ လှစ်ပြလော့ .... လှစ်ပြလော့ .... လှစ်ပြလော့'

စသည်ဖြင့် ထပ်ကာထပ်ကာ ရွတ်ဆိုရင်း အမယ်အိုကြီးမှာ ဝက်ရူးပြန်သောသူကဲ့သို့ နှုတ်ခမ်းမှ အမြှုပ်များ တစီစီ ထွက်လာ၍ မြေပေါ်သို့ လဲကျသွားသည်နှင့် လူများသည် ၎င်းအား ထမ်းထုတ်သွားကြရလေ၏။

ထိုနောက် တွာလဘုရင်သည် တုန်လှုပ်သော အမူအရာနှင့် ထိုင်ရာမှ ထ၍ လက်ကို ယမ်းပြလိုက်သည်နှင့် စစ်သားများလည်း ထွက်ခွာသွားကြလေရာ၊ ကျွန်ုပ်တို့နှင့် တွာလာသာလျှင် ကျန်ရစ်လေတော့၏။

လာ။ ။'လူဖြူများ၊ ဂါဂူလ၏ စကားများကို ကြားရ၍ သင်တို့ကို ကျွန်ုပ် သတ်လိုသောစိတ် ဖြစ်ပေါ်လာဘိသည်။ သင်တို့ ဘာပြောရန် ရှိသနည်း'

ကျွန်ုပ်။ ။(ရယ်မောလျက်) 'ကျွန်ုပ်တို့ကား လွယ်လွယ်နှင့်သတ်၍ သေမည့်သူများ မဟုတ်၊ သင်သာလျှင် ဘေးထိလိမ့်မည်။ ထိုနွားသိုးကဲ့သို့ သင် ဖြစ်လိုသလော'

လာ။ ။‘ဘုရင်ကို ခြိမ်းခြောက်ခြင်းဌာ သင် ဝံ့သလော’

ကျွန်ုပ်။ ။‘ခြိမ်းခြောက်ခြင်း မဟုတ်၊ အမှန်အတိုင်း ကျွန်ုပ် ပြောသည်။ ကျွန်ုပ်တို့ကို သတ်စမ်းလျှင် သင် သိရလိမ့်မည်’

လာ။ ။‘သွားကြလော့၊ ယနေ့ည စုန်းကပွဲကြီး ရှိသည်၊ သင်တို့ သိရလိမ့်မည်။ နက်ဖြန်မှ ကျွန်ုပ် စဉ်းစား၍ ဆုံးဖြတ်မည်’

ကျွန်ုပ်။ ။‘ကြပ်ကြပ် စဉ်းစားပါလေ ....ဘုရင်တွာလာ’ ဟု ပြောပြီးနောက် ကျွန်ုပ်တို့လည်း တဲသို့ ပြန်လာခဲ့ကြလေ၏။

## အခန်း ၈

# စုန်းရွေးသောပွဲ

ကျွန်ုပ်တို့သည် တဲသို့ ပြန်ရောက်ကြသောအခါ အင်ဖာဒူးနှင့် တိုင်ပင်ကြလေ၏။

ကျွန်ုပ်။ ။‘ဘုရင်တွာလာဟာ အလွန်ရက်စက်တဲ့ လူတစ်ယောက်နဲ့ တူတယ် အင်ဖာဒူး’

ဒူး။ ။‘အလွန်ရက်စက်လှ၍ တစ်ပြည်လုံး ပွက်ပွက်ရိုက်နေပါပြီ။ ယနေ့ည စုန်းရွေးပွဲမှာ လူ ဘယ်နှစ်ယောက် သေကြရဦးမည် မပြောနိုင်ပါ။ နွားကောင်းကောင်းရှိသူ၊ မယားချောချောရှိသူ၊ သူပုန်ထမည် ထင်ရသူများကို ဂါဂူလနှင့် သူ့တပည့်များက စုန်း စွပ်စွဲပြီး သတ်ပစ်ကြပေါင်း များလှပြီ’

ကျွန်ုပ်။ ။‘သို့ဖြစ်လျှင် တွာလာဘုရင်ကို တိုင်းသူပြည်သားများက အဘယ့်ကြောင့် ဖြုတ်မချဘဲ ထားကြသနည်း’

ဒူး။ ။‘တွာလာပြုတ်လျှင် စကရက်လား တက်မည်ဖြစ်၍ သာပြီး ဆိုးလိမ့်မည်ဟု သိကြသောကြောင့် သည်းခံနေကြရပါသည်။ အင်မိုတူဘုရင်ရှိလျှင် ယခုလိုဖြစ်မည် မဟုတ်ပါ။ သူ့သား အီနိုစီရှိလျှင်လည်း တော်ပါလိမ့်မည်။ သို့သော် သားအဖနှစ်ယောက်လုံး သေကုန်ကြသဖြင့် ဝမ်းနည်းဖို့ ကောင်းပါသည်’

ထိုအခါ အမ်ဘိုပါက ‘အီနိုစီ သေပြီလို့ သင် ဘယ့်နှယ်သိနိုင်မလဲ’ ဟု ဝင်မေးလိုက်ရာ၊ အင်ဖာဒူးက ‘အစေခံပီပီ တိတ်တိတ်နေစမ်း’ ဟု

ပြောလိုက်လေ၏။ သို့သော်လည်း အမ်ဘိုပါသည် တိတ်တိတ်မနေဘဲ ဆက်လက်၍ ‘ကျွန်ုပ် ပုံတစ်ခု ပြောပြမည်။ ရှေးသရောအခါက အင်မိုတူဘုရင် ကွယ်လွန်၍ ၎င်း၏မယားသည် သားငယ် အီနိုစီနှင့် ထွက်ပြေးကြသည် မဟုတ်လော’

ဒူး။ ။‘ဟုတ်ပါသည်’

ပါ။ ။‘ထွက်ပြေးပြီးနောက် နှစ်ယောက်လုံး သေကြသည်ဟု သင်တို့ မှတ်ယူနေကြသည် မဟုတ်လော’

ဒူး။ ။‘ဟုတ်ပါသည်’

ပါ။ ။‘သို့သော် သူတို့မသေ၊ တောင်များကို ဖြတ်ကျော်၍ သဲကန္တာရကြီးသို့ ရောက်သောအခါ လူတစ်မျိုးနှင့် တွေ့သဖြင့် ကန္တာရတစ်ဖက်သို့ ခေါ်သွားကြသည်။ ကန္တာရတစ်ဖက်တွင် အမာဇူလူးမျိုးထဲသို့ ရောက်၍ သားအမိနှစ်ယောက် ကြာရှည်စွာ နေထိုင်ကြသေးသည်။ မိခင်သေသောအခါမှ သားအီနိုစီမှာ ဤပြည်ထိုပြည်များသို့ လှည့်လည်၍ လူဖြူများနှင့် ပေါင်းသင်းပြီး သူတို့ပညာများကို တတ်မြောက်သေးသည်’

ဒူး။ ။‘သင် ပြောသောပုံကား ယုံတမ်းစကားမျှသာ ဖြစ်သည်’

ပါ။ ။‘နားထောင်ပါဦး၊ မိခင် မသေမီ ကူကူယာနားပြည်အကြောင်းနှင့် ဘုရင့်သားဖြစ်ကြောင်းများကို သားငယ်အား ပြောပြသဖြင့် သားငယ်မှာ ဌာနရင်းသို့ ဘယ်နည်းနှင့် ပြန်ရမည်ကို အကြံထုတ်နေသည်။ နောက်ဆုံးတွင် လူဖြူသုံးယောက်နှင့်တွေ့၍ ကူကူယာနားပြည်သို့ သွားမည်ဟု ကြားသောကြောင့် ၎င်းတို့ထံ အစေခံအဖြစ်နှင့် အမှုထမ်း၍ ရောက်အောင် လာခဲ့သည်’

ဒူး။ ။‘ဤလူကား ရူးသွပ်နေပြီ ထင်သည်၊ တောက်တီးတောက်တဲ့ ပြောနေသည်’

ပါ။ ။‘ကျွန်ုပ်ကား မရူးသွပ်၊ အင်မိုတူ၏သား အီနိုစီ ဖြစ်သည်။ သို့သော် ထင်ရှားအောင် သက်သေပြဦးမည်၊ ကြည့်ကြလော့’ ဟုပြောလျက်





အမ်ဘိုပါသည် ခါးဝတ်ကို လှစ်၍ပြလိုက်ရာ၊ ခါးကိုပတ်လျက် ဆေးပြာဖြင့် မြွေရုပ်ကြီးထိုးထားကြောင်း တွေ့ရလေ၏။

အင်ဖာဒူးသည် ပထမ၌ ကြောင်တောင်ငေးလျက် ကြည့်နေပြီးမှ၊ မြေပေါ်သို့ ဒူးထောက်ပြီးလျှင် ‘ဗူးမ် .... ဗူးမ် .... ဗူးမ်’ ဟူ၍ သုံးကြိမ် ရွတ်ဆိုလေ၏။

ပါ။ ။‘ထပါလော့ ဦးလေး၊ ကျွန်ုပ်သာလျှင် ဘုရင် ဖြစ်ထိုက်ကြောင်းကို ဦးလေး သိရပြီဖြစ်၍ လုယုတ်မာများကို တွန်းဖယ်ချရန် ကူညီပေးပါမည်လော’

ဒူး။ ။(အတန်ကြာ စဉ်းစားပြီးနောက်) ‘ဖြစ်လိုရာဖြစ်စေ၊ ဘုရင်အစစ်ကို နန်းတင်ဖို့ ကျွန်ုပ် ကူညီပါတော့မည်’ ဟုပြောလျက် အီနိုစီ၏ လက်နှစ်ဖက်ကို မိမိ လက်နှစ်ဖက်ဖြင့် ဆွဲခါလေ၏။ ၎င်းနောက်–

စီ။ ။‘ကျွန်ုပ်၏မိတ်ဆွေ လူဖြူများကော ကူညီကြပါမည်လား။ အကြံ အထမြောက်လျှင် သင်တို့လိုသော စိန်များကို လိုသမျှ ရစေမည်၊ ကျေနပ်ကြပြီလော’

ထိုအခါ ကျွန်ုပ်တို့သုံးယောက်လည်း တိုင်ပင်ကြလေရာ၊ ကျွန်ုပ်တို့မှာ တွာလာဘုရင်နှင့် စကရက်လားတို့ကို ရှာစက်ဆုပ်လှသည် တစ်ကြောင်း၊ အမ်ဘိုပါခေါ် အီနိုစီမှာ ကျွန်ုပ်တို့နှင့် တစ်လှေထဲစီး တစ်ခရီးထဲသွားဖြစ်ခဲ့သည် တစ်ကြောင်း၊ နေရာကျလျှင် စိန်များရဖို့ ရှိသည်လည်း တစ်ကြောင်းကြောင့် ဖြစ်လိုရာဖြစ်စေ ကူညီကြမည်ဟု ဆုံးဖြတ်လိုက်ကြလေ၏။ ဆာဟင်နရီကမူ စည်းကမ်းချက်များတွင် ၎င်း၏ညီကို ရှာပေးရမည့် အချက်တစ်ခု ထည့်သွင်းဖို့ ပြောသေးရာ၊ အီနိုစီက အင်ဖာဒူးအား လူဖြူတစ်ယောက် ဤအရပ်သို့ လာရောက်ဖူးပါသလောဟု ချက်ချင်းပင် မေးလိုက်၏။ ထိုအခါ အင်ဖာဒူးက မိမိတစ်သက်တွင် မည်သည့်လူဖြူမျှ မလာရောက်ဖူးကြောင်း၊ လာခဲ့ဖူးလျှင် မိမိ သိရမည်သာ ဖြစ်ကြောင်းများနှင့် ပြန်ပြောသဖြင့် ဆာဟင်နရီက ‘သို့ဖြစ်လျှင် ကျွန်ုပ်၏ကိစ္စ အချည်းနှီး ဖြစ်ခဲ့လေပြီ။ သို့သော်

အတူတူ လာခဲ့သူချင်း ဖြစ်သောကြောင့် တစ်ယောက်၏ကိစ္စ မအောင်မြင်သော်လည်း တစ်ယောက်ကိုတစ်ယောက် အသက်ပေး၍ ကူညီပါတော့မည်’ ဟု လေးနက်စွာ ပြန်ပြောသောအခါ အီနိုစီမှာ အားတက်သွားဟန် ရှိပေ၏။

နောက်ဆုံး၌ အင်ဖာဒူးက တွာလာကို မကျေနပ်သော စစ်ဗိုလ်နှင့် စစ်သားများ မြောက်မြားစွာ ရှိနေကြောင်း၊ ယခုအခါ ပွဲတော်အတွက် ဆိုက်ရောက်နေကြပြီဖြစ်၍ ၎င်းတို့၏ဆန္ဒနှင့် စိတ်နေသဘောထားများကို မိမိ စုံစမ်းဦးမည် ဖြစ်ကြောင်း၊ ထိုနေ့ည စုန်းရွေးပွဲ ပြီးစီးသောအခါ ဤတဲတွင် တွေ့ဆုံ၍ ရှေ့အဖို့ မည်ကဲ့သို့ စီမံကြမည်များကို တိုင်ပင်ဆွေးနွေးကြမည် ဖြစ်ကြောင်းများနှင့် ပြောဆို အကြံပေးလေ၏။

ထိုခဏ၌ တွာလာဘုရင်ထံမှ ကျေးကျွန်များ ရောက်လာ၍၊ လက်ဆောင်များ ပါလာလေရာ၊ ၎င်းတို့မှာ သံမဏိကြိုးဖြင့် လုပ်ထားသည့် ကိုယ်ကျပ်အင်္ကျီ သုံးထည်နှင့် ပုဆိန်ကြီး သုံးလက်တို့ ဖြစ်ကြလေရာ၊ ကျွန်ုပ်တို့ ပေးခဲ့သော သေနတ်လက်ဆောင်အတွက် လက်ဆောင် ပြန်လိုက်ခြင်း ဖြစ်ပေ၏။ သံကိုယ်ကျပ်များ အကြောင်းနှင့် ပတ်သက်၍ အင်ဖာဒူးအား စုံစမ်းကြည့်ရာ၊ ၎င်းတို့မှာ ထိုပြည်၌ လုပ်နိုင်သည် မဟုတ်၊ ရှေးပဝေသဏီက ဘုရင် အစဉ်အဆက်တို့ အမြတ်အနိုး သိမ်းဆည်းလာခဲ့သည့် ပစ္စည်းများ ဖြစ်သည်ဟု သိရှိရသောကြောင့်* ကရူးဆိတ်လက်ထက်က ဥရောပတိုက်သား လူစွမ်းကောင်းများထံမှ တစ်နည်းနည်းဖြင့် ရရှိထားခဲ့ကြဟန် တူသည်ဟု တွေးတောဖွယ်ရာ ရှိပေ၏။

ထိုနေ့ တစ်နေ့လုံးတွင် ကျွန်ုပ်တို့သည် ရှေ့အဖို့ အကြံအစည်များကို တိုင်ပင်ဆွေးနွေးကြ၍၊ နေဝင်သည်နှင့် တစ်ပြိုင်နက် ထောင်သောင်းမကသော စစ်သားများ စုရုံးကြသည့် ခြေသံများကို အံ့သြစွာ ကြားကြရလေ၏။

---

* ခရစ်တော် မြှုပ်နှံရာ ဌာနဖြစ်သော ဂျေရုးစလင်မြို့ကို ပသီ ဘာသာဝင်များလက်မှ ပြန်ရဖို့ ခရစ်ယာန်စစ်တပ်များ သွားရောက် တိုက်ခိုက်ကြသောခေတ်။ ခရစ်သက္ကရာဇ် ၁၀၉၆ ခုနှစ်မှစ၍ အနှစ် ၁၅၀ တိုင်တိုင် ကာလအတွင်း။





၎င်းနောက် လပြည့်ဝန်းကြီး ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အင်ဖာဒူးသည် တပည့်စစ်သား ၂၀ တို့နှင့်အတူ၊ ကျွန်ုပ်တို့တဲသို့ ရောက်လာ၍ စုန်းရွေးပွဲသို့ သွားကြရန် ပြင်ဆင်ကြလေ၏။ ကျွန်ုပ်တို့သည် အင်ဖာဒူး၏ အကြံပေးချက်အရ သံချပ်အင်္ကျီများကို ဝတ်ဆင်ကြ၍ ခြောက်လုံးပြူးကိုယ်စီ ခါးတွင်ထိုးလျက် ပုဆိန်ကြီးများကို ကိုင်ဆောင်ကာ ထွက်လာခဲ့ကြလေ၏။

ဘုရင်၏ တဲကြီးရှေ့၌ရှိသော ကွက်လပ်ကြီး၌ကား စစ်သားနှစ်သောင်းခန့်တို့ စုရုံးလျက်ရှိရာ၊ ၎င်းတို့သည် တပ်ငယ်များ အသီးအသီးဖွဲ့ကာ အစီအစဉ် ဖြစ်နေကြသောကြောင့်၊ တပ်ငယ်များ အကြားတွင် လူလျှောက်နိုင်သည့် လမ်းကြားကလေးများသဖွယ် ဖြစ်နေကြလေ၏။ ဦးခေါင်းထက်တွင် ငှက်မွေးကိုယ်စီ ထိုးစိုက်ထောင်ကာ ဆိတ်ငြိမ်စွာ ရပ်လျက်ရှိကြသည့် နှစ်သောင်းမျှသော စစ်တပ်ကြီးကို လ ရောင်တွင် တွေ့မြင်ရခြင်းမှာ ကြောက်ရွံ့တုန်လှုပ်ဖွယ် ကောင်းလှပါပေ၏။

ကျွန်ုပ်။ ။‘ဤနှစ်သောင်းတပ်မှာ ဘုရင်၏စစ်သား အားလုံးပေလော’

ဒူး။ ။‘မဟုတ်ပါ၊ သုံးပုံ တစ်ပုံမျှသာ ရှိပါသေးသည်။ တစ်ပုံကား မြို့ပြင်၌ ကင်းစောင့်လျက် နေရပါသည်။ အခြားတစ်ပုံကား ရွာအသီးသီးတွင် အနှံ့အပြား စောင့်နေကြရပါသည်။ တစ်နှစ်လျှင် သုံးပုံ တစ်ပုံစီ အလှည့်ကျ စုန်းရွေးခံကြရပါသည်’

ကျွန်ုပ်။ ။‘စုန်းရွေးပြီး ဘယ်သို့ပြုသနည်း’

ဒူး။ ။‘သတ်ပစ်ပါသည်’

ကျွန်ုပ်။ ။‘တော်တော်များများ သေကြရပါသလား’

ဒူး။ ။‘အများကြီး သေကြရပါသည်၊ မကြာမီ တွေ့ရပါလိမ့်မည်’

ကျွန်ုပ်။ ။‘ကျွန်ုပ်တို့အတွက်ကော စိုးရိမ်ရပါသလား’

ဒူး။ ။‘အမှန် မပြောနိုင်ပါ၊ ဂါဂူလက စုန်းဟုရွေးပြီး စွပ်စွဲလျှင်

အသက်ချမ်းသာရာရဖို့ ခဲယဉ်းပါသည်။ သို့သော် ယနေ့ညချမ်းသာလျှင် ကျွန်ုပ်တို့ အကြံအစည် အောင်မြင်ဖို့ လမ်းများပါသည်'

ကျွန်ုပ်တို့မှာ အကြံအစည်ကား နောက်၊ သေတတ်သောဘေးက လက်ငင်း ဖြစ်နေသောကြောင့် အသည်းတထိတ်ထိတ် ရှိနေကြရ၏။ သို့သော် တုန်လှုပ်သော အမူအရာ မဖြစ်ပေါ်စေရအောင်မူကား အထူးသတိထားကြ၏။ ထိုအတောအတွင်း၌ ကျွန်ုပ်တို့သည် တဲကြီး၏ရှေ့ရှိ ကွက်လပ်ကြီးတွင် ခုံများဖြင့် ထိုင်လျက်ရှိကြရာ မကြာမီ တွာလာဘုရင်၊ ဂါဂူလနှင့် စကရက်လားတို့ ထွက်လာကြ၍ ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းရှိ ခုံများတွင် ထိုင်ကြလေ၏။ ဂါဂူလမှာမူ ဘုရင်၏ ခုံခြေရင်းတွင် ဆောင့်ကြောင့် ထိုင်လျက်ရှိရာ မနီးမဝေးတွင်လည်း အလုံးအရပ် အထူးထွားကျိုင်း၍ လှံတစ်ဖက်၊ တင်းပုတ်ကြီးတစ်ဖက်ကိုင်ကာ ရပ်လျက်ရှိသော သူသတ်ယောကျ်ား ၂၀ ခန့်တို့ကို အင်ဖာဒူးက ပြသဖြင့် တွေ့မြင်ကြရ၏။

တွာလာ။ ။'နှုတ်ဆက်လိုက်သည် ကြယ်တာရာမှ လူဖြူများ။ သင်တို့ကား အချိန်အခါကောင်းတွင် ရောက်လာ၍ ယနေ့ညအဖို့၌ မျက်စိအရသာခံလောက်သော အခြင်းအရာများကို သင်တို့ တွေ့ကြ မြင်ကြရလိမ့်မည်'

ဂါဂူလ။ ။'ပွဲ စ ပါလော့ .... စ ပါလော့၊ တောခွေးများနှင့် လင်းတများက အစာတောင်းကြလှပါပြီ၊ စ ပါလော့ .... စ ပါလော့' ဟု စူးရှသော အသံဖြင့် ဟစ်အော်လိုက်၏။

နောက်တစ်ခဏ၌ လူများသည် ရှေ့လာမည့် အဖြစ်အပျက်များကို စိတ်ထဲတွင် ကြိုတင် ထင်မြင်မိကြသည့် လက္ခဏာနှင့် တိတ်ဆိတ်စွာ ရှိနေကြရာ တုန်လှုပ်ဖွယ် ကောင်းလှပေ၏။ ထိုနောက် တွာလာသည် လှံကို မြှောက်လိုက်ရာ နှစ်သောင်းမျှသော ပရိသတ်ကြီးသည် ခြေတစ်ဖက်ကို မြှောက်ကာ မြေသို့ ဆောင့်လိုက်သဖြင့် အုန်းခနဲ တစ်ခဲနက် မြည်ဟိန်းသွားလေတော့၏။ ထိုအခါ ဝေးလံသောအရပ်မှ လူတစ်ယောက်တည်း၏





အသံဖြင့် 'အမိဝမ်းမှ ဖွားသူတိုင်း၏ လမ်းသည် ဘယ်နေရာ၌ ဆုံးသနည်း' ဟု သံချပ်တွင် သံတိုင်သကဲ့သို့ မေးလိုက်ရာ၊ နှစ်သောင်းသော ပရိသတ်က 'သင်္ချိုင်း၌သာ ဆုံးပါသည်' ဟု တညီတညာတည်း ဖြေလိုက်ကြသဖြင့် မိုးချုန်းသံကဲ့သို့ ဟိန်းသွားလေတော့၏။ ထိုကဲ့သို့ နှလုံးမသာဖွယ်သော အမေးအဖြေမျိုးပေါင်း လေးငါးရှစ်ခွန်းမျှ မေးဖြေကြပြီးနောက် တစ်ဖန် တိတ်ဆိတ်သွားပြန်သည်တွင် တွာလာသည် လှံကို မြှောက်လိုက်ပြန်ရာ၊ ကြောက်မက်ဖွယ်သော ပုံသဏ္ဌာန်များသည် ဤအရပ် ထိုအရပ် စသည်တို့မှ ထွက်ပေါ်လာ၍ ရှေ့သို့ တက်လာကြသဖြင့် မိန်းမများ ဖြစ်သည်ကို တွေ့မြင်ရလေ၏။ ၎င်းမိန်းမများမှာ အမယ်အိုများဖြစ်၍ မျက်နှာတွင် အဖြူနှင့် အဝါ အတန့်တန့် ခြယ်လှယ်ထားလေရာ၊ ငါး၏ ဝမ်းဗိုက်မှရသော "စီဖောင်း" များကို ဆံပင်တွင် တွဲရရွဲ ချည်ထားသည်ဖြစ်၍ ၎င်းတို့ လှုပ်ရှားပြေးလွှားသော အခါတွင် လေထဲ တန်းလန်းကြီး လွင့်ပါလျက် ရှိ၏။ ၎င်းတို့သည် ကျောတွင် မြွေရေများ ဆွဲထား၍ ခါးတွင်လည်း လူ၏ဦးခွံများ ချိတ်ထားလေရာ၊ ၎င်းတို့ လှုပ်ရှားတိုင်း အရိုးချင်း ရိုက်ခတ်သဖြင့် တခေါက်ခေါက် မြည်လျက် ရှိကြ၏။ ၁၀ ယောက်ခန့်မျှသော ထိုအမယ်အိုများသည် အဖျား ခွသော တုတ်တိုကလေး တစ်ချောင်းစီကိုင်လျက် ရှေ့သို့တက်လာကြ၍ ဘုရင်အနီးသို့ ရောက်ကြသောအခါတွင် ဂါဂူလအား တုတ်ဖြင့်ညွှန်ကာ 'အမေကြီး၊ ကျွန်ုပ်တို့ ရောက်ပါပြီ' ဟု ပြောကြ၏။

ဂါဂူလ။ ။'ကောင်းစွ .... ကောင်းစွ .... ကောင်းစွ၊ သင်တို့ မျက်စိ စူးကြပါ၏လော'

မိန်းမများ။ ။(တစ်ပြိုင်တည်း) 'စူးပါသည် .... စူးပါသည်'

ဂါဂူလ။ ။'ကောင်းစွ .... ကောင်းစွ .... ကောင်းစွ၊ သင်တို့နား ပွင့်ကြပါ၏လော၊ သူတစ်ပါးတို့ မကြားသော အသံကို ကြားနိုင်ပါ၏လော'

မိန်းမများ။ ။'ကြားနိုင်သည် .... ကြားနိုင်သည်'

ဂါဂူလ။ ။'ဘုရင်၏ ရန်သူများကို သင်တို့ အနံ့ခံနိုင်ပါ၏လော'

မိန်းမများ။ ။'ခံနိုင်ပါသည် .... ခံနိုင်ပါသည်'

ဂါဂူလ။ ။'ကောင်းစွ .... ကောင်းစွ .... ကောင်းစွ၊ ကိုင်း ဒါဖြင့် လင်းတနှင့် တောခွေးများ အူသံကို နာခံပြီး ဘုရင့်ရန်သူများ ရာစမ်းကြလော့'

ထိုအခါ ဂါဂူလ၏ တပည့်မများသည် တဂူးဂူး တဝါးဝါးနှင့် ကြောက်မက်ဖွယ် မြည်အော်ကြလျက်၊ ပစ်ကြဲလိုက်သော ပေါက်ပေါက်ပွင့်များကဲ့သို့ တောင်တစ်ယောက် မြောက်တစ်ယောက် တကွဲတပြားစီ ထွက်သွားကြ၍၊ ပရိသတ်များအနက်တွင် အနံ့ခံကာ ရန်သူရှာကြလေ၏။ ကျွန်ုပ်တို့မှာ မိန်းမအိုကြီး အားလုံးကို လိုက်ကြည့်ရန် မတတ်နိုင်သဖြင့် နီးရာ မိန်းမအိုကြီး တစ်ယောက်ကိုသာ စိုက်၍ ကြည့်နေကြ၏။ အမယ်အိုသည် စစ်သားတစ်စု အနီးသို့ ရောက်သောအခါ ရုတ်တရက် တန့်ရပ်၍ အလွန်လျင်မြန်သော အဟုန်ဖြင့် လည်ပတ်ကာ ကပြီးလျှင် နှုတ်မှလည်း 'တွေ့ပြီ၊ တွေ့ပြီ၊ ဟောဒီမှာ တွေ့ပြီ၊ လူယုတ်မာကို ဟောဒီမှာ တွေ့ပြီ' စသည်ဖြင့် တတွတ်တွတ် ရွတ်ဆိုသေး၏။ အမယ်အိုသည် စစ်သားတစ်ယောက်အနီးသို့ တိုး၍ တိုး၍ က သည့်အခါတိုင်း ထိုစစ်သားမှာ တွန့်၍တွန့်၍ သွား၏။

အမယ်အိုသည် မျက်လုံးပြူးကာ လက်မြှောက်ကာဖြင့် ချာလပတ်လည်အောင် က လျက်ရှိစဉ်၊ ပါးစပ်မှလည်း အော်ဟစ်ကာ ရွတ်ဆိုသေးသည်ဖြစ်၍ အမြှုပ်များ တစီစီ ထွက်နေလေတော့၏။ နောက်ဆုံး၌ အမယ်အိုသည် နတ်ပူးသော သူကဲ့သို့ ယိမ်းထိုးကာ တုန်တုန်ယင်ယင် ဖြစ်လာပြီး နောက် စစ်သားတစ်ယောက်ရှေ့တွင် ရုတ်တရက် ရပ်တန့်၍ ပခုံးကို တုတ်တိုနှင့် တို့လိုက်ရာ၊ ၎င်း၏ ဝဲယာတို့၌ ရပ်နေသော စစ်သားနှစ်ယောက်တို့သည် ထိုသူ၏ လက်မောင်းကို တစ်ယောက်စီဆွဲလျက် တွာလာ၏ရှေ့သို့ ခေါ်လာခဲ့ကြလေ၏။ ထိုသူမှာ ကြောက်အားကြီးလှသည်ဖြစ်၍ လက်မှလှံ လွတ်ကျပြီးလျှင် အိပ်ရာမှ နိုးခေါ်ခဲ့သော သူကဲ့သို့ ယောင်တောင်တောင်နှင့် လိုက်ပါလာရှာ၏။ ထိုခဏ၌ သူသတ်ယောက်ျားများအနက်မှ နှစ်ယောက်သည် တွာလာအနီးသို့ ချဉ်းကပ်လာကြလေ၏။ တွာလာသည် မိမိရှေ့တွင် ဒူးတုပ်





လျက်ရှိသော စစ်သားကို စေ့စေ့ကြည့်လျက် 'ဤလူယုတ်မာကို သတ်လိုက်လော့' ဟု အမိန့်ပေးလိုက်ရာ၊ ဂါဂူလကလည်း 'သတ်လိုက်လေ' ဟု ထပ်ဆင့် ပြော၍၊ စကရက်လားကလည်း 'သတ်လိုက်လော့ ....' ဟု လိုက်၍ ပြောသေး၏။

ထိုအခါ သူသတ်ယောက်ျား နှစ်ယောက်အနက် တစ်ယောက်သည် ကံဆိုးသော စစ်သား၏ ရင်ဝကို လှံဖြင့်ချိန်ထိုးစဉ်၊ အခြားတစ်ယောက်ကလည်း သေချာသည်ထက် သေချာစေခြင်းငှာ ဦးခေါင်းကို တင်းပုတ်ကြီးနှင့် ထုနှက်လိုက်သေး၏။ ထိုနှစ်ချက်မှာ တစ်ပြိုင်နက်ကဲ့သို့ ထိခိုက်သွားလေရကား မည်သည့်ဝေဒနာဖြင့် အသက်ထွက်ရရှာသည်ဟု အမှန်မပြောနိုင်ချေ။ အလောင်းမှာမူ ရင်ဝတွင် ထုတ်ချင်းခပ်ပေါက်လျက် ဦးခေါင်းမှလည်း ဦးနှောက်များ ပေါက်ထွက်လာသေး၏။ တွာလာဘုရင်ကမူ 'တစ်ယောက်' ဟူ၍ ကျယ်လောင်စွာ ရေရွတ်ကာ ဂရို့ချိုး မှတ်သားထားလိုက်၏။

မကြာမီ အခြားအမယ်အိုတစ်ယောက်၏ ရွေးချယ်ခြင်းဖြင့် ဒုတိယ စစ်သားတစ်ယောက် ခေါ်လာကြပြန်ရာ၊ ရှေးနည်းအတူ စီရင်လိုက်ကြသဖြင့် တွာလာက 'နှစ်ယောက်' ဟူ၍ ရေတွက်ကာ ဂရို့ချိုး မှတ်သားလိုက်ပြန်၏။

ဤနည်းအားဖြင့် တစ်ယောက်ပြီးတစ်ယောက် ထုတ်ကာထုတ်ကာ စီရင်လိုက်ကြရာတွင် ကျွန်ုပ်တို့မှာ နှလုံးနာလှပြီဖြစ်၍ ဘုရင်အား ရပ်တန့်ရန် ပြောမိကြသေး၏။ သို့ရာတွင် တွာလာက 'မကောင်းကြံစည်သူများကို စိတ်ထဲမှ နှိုက်ပြီး သိနိုင်သည့်အလျောက် အပြစ်စီရင်နေခြင်း ဖြစ်သည်' ဟု ပြောသဖြင့် တားဆီးခြင်းငှာ မတတ်နိုင်ဘဲ ဖြစ်နေကြလေ၏။ ထိုအတောအတွင်း စီရင်ပြီးသော အလောင်းများကို တစ်နေရာ၌ စုပုံထားကြသည်မှာ တစ်ပုံတစ်ခေါင်းကြီး ရှိနေခဲ့လေပြီ။

၁၀ နာရီခွဲလတ်သော် အမယ်အိုများသည် အတော်မောပန်းနေကြသည့် လက္ခဏာနှင့် တစ်နေရာတွင် ရပ်နားလျက်ရှိကြရာ၊ ကျွန်ုပ်တို့မှာ

ပြီးစီးချေပြီဟု ဝမ်းသာမိကြ၏။ သို့သော် ထိုခဏ၌ ဂါဂူလသည် ဘုရင်၏ ခြေရင်းမှ ရုတ်တရက် ထ လာ၍ နှစ်ခေါက်ကွေးလျက်ရှိသော ကိုယ်ဖြင့် ထိုမှညှိမှ ယိမ်းယိုင်ကာ က ပြီးလျှင်၊ စစ်ဗိုလ်တစ်ယောက်နှင့် သဏ္ဌာန်တူ သော လူတစ်ယောက်၏ ပခုံးကို တုတ်ဖြင့် ထိတို့လိုက်ရာ၊ ထိုသူမှာလည်း အခြားသူများနည်းတူ စီရင်ခြင်း ခံရရှာလေ၏။ ထိုလူမှာ တိုင်းပြည်တွင် ဂုဏ်အသရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်၍ တွာလာဘုရင်နှင့် ဆွေမျိုးနီးစပ် တော်သည်ဟု သိရှိရ၏။

ဂါဂူလမှာမူ လက်စမသိမ်းသေးဘဲ ထိုမှ ညှိမှ ခုန်ပေါက်ယိမ်းယိုင် ကာ က လျက်၊ ကျွန်ုပ်တို့အနီးသို့ တဖြည်းဖြည်း တိုး၍တိုး၍ လာလေရာ ဂွဒ်က 'ကျုပ်တို့ကိုများ စွပ်စွဲနေဦးမှာလားကရို' ဟု ထိတ်လန့်စွာ ပြောလိုက် သည်တွင် ဆာဟင်နရီက 'မဟုတ်နိုင်ပါဘူးဗျာ' ဟု ပြန်ပြောလိုက် သေး၏။

ဂါဂူလမှာ တောင်ဝှေးကိုမြှောက်လျက် ကျွန်ုပ်တို့ထံသို့ တိုး၍တိုး၍ ချဉ်းကပ်လာလေရာ ကျွန်ုပ်မှာ ဘုရားကိုသာ တ သ နေရတော့၏။ နောက် တစ်ခဏ၌ ဂါဂူလသည် ရှေ့သို့ ရုတ်တရက် ခုန်တိုးလျက်၊ ကျွန်ုပ်တို့လူစုကို တောင်ဝှေးဖြင့် ညွှန်ပြလိုက်သည်နှင့် မည်သူ့ကို ဆိုလိုသည်ဟု မသိရသေးဘဲ၊ တစ်ယောက်မျက်နှာကို တစ်ယောက် ထိတ်လန့်စွာ ငေးကြည့်နေမိကြ၏။ သို့သော် ကြာရှည်စွာ ယုံမှားသံသယ မဖြစ်ကြရပေ။ အဘယ်ကြောင့်ဆိုသော် ဂါဂူလသည် နောက်ထပ် ထ ခုန် ခုန်လိုက်ပြီးလျှင် အမ်ဘိုပါ၏ ပခုံးကို တောင်ဝှေးဖြင့် ထောက်ပြလိုက်သောကြောင့်ပေတည်း။

ယင်းသို့ ထောက်ပြစဉ် ဂါဂူလက 'ဤလူအတွက်ကြောင့် တိုင်းပြည် ကို သွေးချောင်းစီးဖို့ ကျွန်ုပ် မြင်သည်။ အမြန် သုတ်သင်လိုက်လော့၊ ခု ချက်ချင်း သုတ်သင်လိုက်လော့ ....' ဟု ပြောသေး၏။ ပရိသတ်တို့လည်း အံ့သြစွာနှင့် ငေးကြည့်နေကြ၏။ ထိုအခါ ကျွန်ုပ်သည် ထိုင်ရာမှ ရုတ်တရက် ထ ၍ တွာလာဘုရင်ဘက်သို့ လှည့်ကာ သတိပေးစကား ပြောလိုက်၏။





ကျွန်ုပ်။ ။'ဤလူကား ဧည့်သည်မျှသာ ဖြစ်သော ကျွန်ုပ်တို့၏ အစေခံ ဖြစ်သည်။ ဧည့်သည်တစ်ယောက်ကို သင်တို့၏ ဥပဒေနှင့် မစီရင် နိုင်'

တွာလာ။ ။'အတတ်ပေါင်းစုံတို့ဖြင့် စုံလင်သည့် မိခင်ကြီး ဂါဂူလက အပြစ်ရှိသည်ဟု ပြောသည်။ ထိုလူကို သတ်ရလိမ့်မည်'

ကျွန်ုပ်။ ။'ဤလူကိုသတ်လျှင် သတ်သောလူကို ကျွန်ုပ်တို့က သေအောင် သတ်ရလိမ့်မည်'

တွာလာ။ ။'နားမလည်ဘူး၊ ဖမ်းကြလော့' ဟု အမိန့်ပေးလိုက်ရာ၊ သူသတ်ယောက်ျားများလည်း အနီးသို့ ချဉ်းကပ်လာကြလေ၏။ အမ်ဘိုပါ ကမူ လှံကြီးကိုကိုင်လျက် ခုခံမည်ဟု ပြင်ဆင်ထားလေရာ၊ သူသတ် ယောက်ျားများလည်း တန့်ရပ်နေကြလေ၏။

ကျွန်ုပ်။ ။'ငါတို့လူကို လက်ဖျားနဲ့ မထိနဲ့နော်၊ တစ်ချက်ထိလျှင် နင်တို့ဘုရင်ကို ငါက အရင်သေအောင် သတ်ပစ်လိုက်မယ်' ဟု ပြောလျက်၊ တွာလာ၏ ရင်ဝကို ခြောက်လုံးပြူးနှင့် ချိန်ထားရာ၊ ဆာဟင်နရီကလည်း ခေါင်းဆောင်သော သူသတ်ယောက်ျားကို ချိန်ထား၍၊ ဂွဒ်က ဂါဂူလကို ချိန်ရွယ်ထားလေ၏။ တွာလာမှာ သေနတ်ပြောင်းနှင့် တည့်တည့်ကြီး ဖြစ် နေသည့်အတွက် အနေအထိုင် ကျပ်တပ်တပ် ဖြစ်နေဟန်နှင့် ထိုမှညှိမှ ယိမ်းယိုင်နေလေ၏။ သို့သော် ....လူရိုင်းပင် ဖြစ်လင့်ကစား ရာဇဣန္ဒြေကို ငဲ့ဟန်နှင့် ထိုင်ရာမှ မထဘဲ ကျဲ၍ထိုင်နေလေ၏။

ကျွန်ုပ်။ ။'မည်သို့နည်း ဘုရင်တွာလာ'

လာ။ ။'သင် ခြိမ်းခြောက်သည်ကို ကျွန်ုပ် ကြောက်လန့်သော ကြောင့် မဟုတ်၊ အိမ်ရှင်နှင့် ဧည့်သည် ဝတ္တရားကို ထောက်ထားသဖြင့် ချမ်းသာပေးလိုက်မည်။ ငြိမ်းချမ်းစွာ သွားကြပေလော့'

ကျွန်ုပ်။ ။(အရေးမကြီးလှသော အမူအရာနှင့်) 'သင် သတိတရား ရသည်ကို သင့်အတွက် ကျွန်ုပ် ဝမ်းသာသည်။ ကျွန်ုပ်တို့လည်း သတ်ပွဲ

ကြည့်ရခြင်းကြောင့် ငြီးငွေ့လှပြီဖြစ်၍ အိပ်ချင်ကြလှပေပြီ။ သင်တို့ပွဲလည်း ပြီးပြီ မဟုတ်လော'

လာ ။ ။(မရွှင်သော မျက်နှာထားနှင့်) 'ပြီးပါပြီ၊ ကိုင်း ဤလူယုတ်မာများ၏ အလောင်းများကို တောခွေးနှင့် လင်းတစာ ကျွေးလိုက်ကြပေတော့' ဟု ပြော၍ ပွဲပြီးသော အထိမ်းအမှတ်ဖြင့် လှံကို မြှောက်ပြလိုက်လေ၏။

ထိုအခါ စစ်တပ်များသည် အစီအစဉ်ဖြင့် ထွက်ခွာသွားကြလေရာ၊ ကျေးကျွန်များလည်း အလောင်း ၁၀၃ လောင်းကို တောထဲသို့ သယ်ထုတ်ကြလေ၏။ ကျွန်ုပ်တို့မှာမူ တဲအိမ်သို့ ပြန်လာကြ၍ အင်ဖာဒူးကို စောင့်မျှော်လျက်ရှိစဉ် အမ်ဘိုပါခေါ် အီနိုစီက ၎င်း၏အသက်ကို ကယ်ဆယ်လိုက်သည့်အတွက် ကျွန်ုပ်တို့ကျေးဇူးကို ဘယ်အခါမျှ မေ့မည် မဟုတ်ကြောင်းဖြင့် စိတ်အားထက်သန်စွာ ပြောဆိုလျက် ရှိလေ၏။

အခန်း ၉

# ကျွန်ုပ်တို့က အထိမ်းအမှတ် ပြခြင်း

ကျွန်ုပ်တို့သည် ဆေးတံသောက်ရင်း အင်ဖာဒူးကို စောင့်မျှော်နေကြသဖြင့် နှစ်နာရီခန့် ကြာသောအခါ လာတော့မည် မထင်သည်နှင့် အိပ်ကြတော့မည် အပြုတွင်မှ၊ အင်ဖာဒူးသည် ကာယိန္ဒြေကြီးလှ၍ အကြီးအကဲများနှင့် တူသော လူကြီး ခြောက်ယောက်တို့နှင့်အတူ တဲထဲသို့ ဝင်လာလေ၏။

ဒူး ။ ။'ကျွန်ုပ် လာခဲ့မည်ဟု ကတိထားသည့်အတိုင်း ရောက်အောင် လာခဲ့ပါပြီ။ ဤလူကြီးများကိုလည်း ခေါ်လာခဲ့ပါသည်။ ၎င်းတို့ အသီးသီးမှာ စစ်သား ၃,၀၀၀ စီ အုပ်ချုပ်ရသူများ ဖြစ်သောကြောင့်၊ ၎င်းတို့ ယုံကြည်လျှင် ကျွန်ုပ်တို့ အကြံအစည်အဖို့ အထောက်အပံ့ ကြီးစွာ ရပါလိမ့်မည်။ သို့ဖြစ်၍ အီနိုစီက အဝတ်ကို လှစ်ပြပြီး အဖြစ်အပျက်ကို ၎င်းတို့ ကြားရအောင် ပြန်ပြောပြပါဦး'

ထိုအခါ အီနိုစီသည် ခါးမှအဝတ်ကို လှစ်ပြလေရာ၊ လူကြီးများသည် ရှေ့တည့်တည့်တွင် တစ်ယောက်စီရပ်၍ ခါး၌ထိုးထားသော မြွေရုပ်ကို သေချာစွာ ကြည့်ရှုကြလေ၏။ ထိုနောက်မှ အီနိုစီက မိခင်နှင့်အတူ ထွက်ပြေးကြရပုံများနှင့် မိခင် ပြောပြခဲ့ဖူးသော စကားများအကြောင်းကို လူကြီး ခြောက်ယောက်တို့အား ပြန်ပြောင်း ပြောပြလေ၏။

နောက်ဆုံး၌ လူကြီး ခြောက်ယောက်အနက်တွင် ခေါင်းဆောင်သူဖြစ်၍ ဆံပင်များ ဖွေးဖွေးဖြူလျက်ရှိသော လူကြီးက 'အီနိုစီ၏ စကားကို ကျွန်ုပ် ယုံကြည်သည် ထားဘိဦး၊ သူ၏ အကြံအစည်ကို ကြယ်တာရာမှ အရှင်ကြီးများ ကူညီအားပေးမှသာ ထ မြောက် အောင်မြင်နိုင်ပါလိမ့်မည်။

အရှင်ကြီးများ၌ တန်ခိုးသတ္တိထူး ရှိသည်ဟု အင်ဖာဒူးက ပြောပါ၏။ ကျွန်ုပ်တို့လည်း မြင်တန်သလောက် မြင်ကြရပါ၏။ သို့သော် ကွယ်လွန်ပြီးသော ဘုရင်၏သားကို ပြန်၍ နန်းတင်ဖို့အရေးမှာ အလွန်ကြီးကျယ်သော ကိစ္စဖြစ်၍ အရှင်ကြီးများက အံ့ဩလောက်သော အထိမ်းအမှတ် နိမိတ်လက္ခဏာ တစ်စုံတစ်ခု ပြမှသာလျှင် ကျွန်ုပ်တို့ ကူညီအားပေးခြင်း ပြုပံ့ကြပါတော့မည်။ နိမိတ်လက္ခဏာ တစ်ခုခု ထင်ထင်ရှားရှား ပြတော်မူကြပါ' ဟု ပြောလေ၏။

ကျွန်ုပ်တို့မှာ နိမိတ်လက္ခဏာ အထိမ်းအမှတ် တစ်ခုခု ပြရမည်ဆိုသော အဓိပ္ပာယ်ကို ရိပ်မိကြသော်လည်း၊ အံ့ဩလောက်အောင် ပြသဖို့ အလုပ်မှာ လွယ်ကူမည် မဟုတ်သောကြောင့် အကြံရကြပ်လျက် ရှိကြစဉ်၊ ဂွဒ်က ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ပါရစေဦးဟု အခွင့်တောင်းပေးရန် ကျွန်ုပ်အား အကြံပေးသည်နှင့်၊ လူကြီးများအား ထိုအတိုင်း ပြောပြသဖြင့် ကောင်းပါပြီဆိုကာ တဲအပြင်သို့ ထွက်သွားကြလေ၏။

ကျွန်ုပ်။ ။'ဘယ့်နှယ်လုပ်ကြမလဲ ဆရာတို့'

ရီ။ ။'ကျုပ်တော့ ဘယ့်နှယ်မှ မကြံတတ်အောင် ဖြစ်နေပြီ'

ဂွဒ်။ ။'ကျုပ် အကြံတစ်ခု ရတယ်၊ နက်ဖြန်ခါ ဇွန်လ ၄ ရက်နေ့ ဟုတ်လား'

ကျွန်ုပ်။ ။'ဟုတ်ရင်ကော ဘာဖြစ်သလဲ'

ဂွဒ်။ ။(၎င်း၏ ဒိုင်ယာရီစာအုပ်ကလေးကို ထုတ်လျက်) 'ဒိုင်ယာရီမှာ ဆိုထားတယ်။ ဇွန်လ ၄ ရက်နေ့ည ၁၀ နာရီကျော်မှာ လငပုပ် ဖမ်းလိမ့်မယ်တဲ့။ ဖမ်းသောအခါ အာဖရိကတိုက် တောင်ပိုင်းက မြင်ရလိမ့်မယ်တဲ့။ ဒီတော့ကာ နက်ဖြန်ညမှာ လကို မှောင်သွားအောင် ကျုပ်တို့ လုပ်ပြမယ်ဆိုလျှင် မကောင်းပေဘူးလား'

ထိုအခါ ကျွန်ုပ်နှင့် ဆာဟင်နရီတို့သည် ဂွဒ်၏ စိတ်ကူးဉာဏ်ကို ချီးမွမ်းသောအားဖြင့် ၎င်း၏လက်ကို ဝမ်းမြောက်ဝမ်းသာ ဆွဲယမ်းလှုပ်ခါကြလေ၏။





ကျွန်ုပ်။ ။'နေရာတော့ ကျပြီဗျို့၊ ခင်ဗျား ဒိုင်ယာရီ လွဲသွားလျှင်တော့ မပြောတတ်ဘူး။ သို့သော်လည်း မတတ်နိုင်ဘူးလေ၊ စွန့်ပြီး လုပ်ကြရတော့မှာပဲ'

၎င်းနောက် ကျွန်ုပ်တို့သည် အင်ဖာဒူးနှင့် လူကြီးများကို တဲထဲသို့ ပြန်ခေါ်၍ နက်ဖြန်ည သန်းခေါင်မတိုင်မီ အချိန်တွင် ကောင်းကင်မှ လမင်းကို ကျွန်ုပ်တို့၏ အတတ်ပညာဖြင့် မှောင်မည်းသွားအောင် လုပ်ပြမည် ဖြစ်ကြောင်းနှင့်၊ လူကြီးများလည်း ပြောသည့်အတိုင်း လုပ်နိုင်လျှင် ယုံကြည်သဖြင့် အားပေးကူညီကြမည်ဖြစ်ကြောင်း ပြောပြကြလေ၏။ အင်ဖာဒူးကမူ နက်ဖြန်ညတွင် တွာလာဘုရင်သည် မိန်းကလေးများ၏ ကပွဲ ကျင်းပ၍ အချောဆုံး မိန်းကလေးကို ယစ်ပူဇော်ကြမည် ဖြစ်သောကြောင့်၊ လ ကို မှောင်အောင်လုပ်ပြီး မိန်းကလေး၏ အသက်ကို ကယ်ဆယ်လိုက်ရလျှင်၊ လူအပေါင်းတို့ ယုံကြည်သွားကြမည်ဖြစ်ကြောင်းနှင့် ထပ်ဆင့်ပြောပြလေ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့က လ ကို မှောင်သွားအောင် လုပ်ပြရန်အတွက် ဆေးဝါး မန္တရားများ စီရင်ရန် အလုပ်များ ရှိသေးကြောင်း ပြောသည်နှင့် လူကြီးများနှင့် အင်ဖာဒူးတို့ ထွက်သွားကြလေ၏။

အိနိုစီ။ ။'တကယ် ဖြစ်နိုင်ကြပါမည်လား အရှင်တို့'

ရီ။ ။'ဖြစ်နိုင်တာပေါ့ကွယ်၊ သို့သော် မင့်အကြံအစည် အောင်မြင်လို့ ဘုရင်ဖြစ်လျှင် တစ်ခုတော့ ကတိထားရမယ်'

စီ။ ။'ဘာလဲ အရှင်'

ရီ။ ။'ဘုရင်ဖြစ်တဲ့ နေ့ကစပြီး မင့်လက်ထက်မှာ စုန်းရွေးပွဲများ မလုပ်တော့ပါဘူးလို့ ကတိထားရမယ်'

စီ။ ။'ဒီပြင်ကော'

ရီ။ ။'ဒီပြင်လည်း အပြစ်မရှိသူ တစ်ယောက်ကို မုန်းတဲ့သဘော သက်သက်နဲ့ သတ်လား ဖြတ်လား မလုပ်ပါဘူးလို့ ကတိထားရမယ်'

စီ။ ။'စိတ်ချပါ အရှင် .... ကျွန်ုပ် ကတိထားပါတယ်၊ အကြောင်းမဲ့ မသတ်စေရပါဘူး'

ရီ။ ။'ကိုင်း ....တော်လောက်ပြီ၊ အိပ်လိုက်ကြဦးစို့'

ကျွန်ုပ်တို့သည် အိပ်ရာသို့ဝင်၍ လှဲလိုက်ကြသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားကြလေရာ၊ နောက်တစ်နေ့ နေမြင့်ချိန်တွင်မှ နိုးလာကြလေတော့၏။ ထိုနေ့တွင် ကျွန်ုပ်တို့သည် ကူကူယာနား လူမျိုးများ နေထိုင်စားသောက်ပုံများကို လှည့်လည် ကြည့်ရှုကြခြင်းအားဖြင့် အပျင်းဖြေကြ၏။

၎င်းည၌ ၈ နာရီအချိန်ခန့်တွင် တွာလာထံမှ ကျေးကျွန်တစ်ယောက် ရောက်လာ၍ မိန်းကလေးများ၏ ကပွဲကို ရှုစားရန် ဖိတ်ကြားရာ၊ ကျွန်ုပ်သည် သံချပ်အင်္ကျီများကို အခြားအဝတ်များအောက်မှ ခံဝတ်၍ သေနတ်နှင့် ခြောက်လုံးပြူးများကိုပါ ကိုင်စွဲကာ လိုက်ပါလာခဲ့ကြလေ၏။ ကွက်လပ်ကြီးမှာမူ ယမန်ညကကဲ့သို့ စစ်သားများ မရှိတော့ဘဲ ဒေသအလျောက် ဝတ်ဆင်ကာ ပန်းများ ကိုယ်စီကိုင်လျက် ရှိကြသော မိန်းမပျိုကလေးများဖြင့် ပြည့်နှက်လျက် ရှိသည်ကို တွေ့ကြရလေ၏။ ကွက်လပ်ကြီး အလယ်၌ကား တွာလာဘုရင် ထိုင်လျက်ရှိရာ ဂါဂူလ၊ စကရက်လားနှင့် အင်ဖာဒူးတို့က ခြံရံလျက် ရှိကြ၏။ ၎င်းတို့ အနီးအပါး၌ လူကြီးလူကောင်း ဆယ့်လေးငါးယောက်တို့လည်း ရှိနေကြပေရာ၊ ၎င်းတို့အနက်တွင် ယမန်ည၌ ညက ကျွန်ုပ်တို့ထံ လာဖူးသော လူကြီးများကိုလည်း တွေ့မြင်ရသေး၏။

တွာလာသည် ကျွန်ုပ်တို့ကို နှုတ်ဆက်ပြီးနောက် ထိုည၌မှာ မိန်းမများ၏ ပွဲဖြစ်ကြောင်း ပြောပြ၍၊ လောက၌ မိန်းမများသည် သူတို့နေရာနှင့် သူတို့ အသုံးဝင်ပုံများကိုပင် ချီးကျူးပြောဆိုသေး၏။ ထိုနောက် တွာလာက ကျွန်ုပ်တို့ အလိုရှိခဲ့လျှင် ယခုတွေ့မြင်ကြရသော မိန်းကလေးများအနက်မှ အချောဆုံး အလှဆုံးကို ဘယ်နှစ်ယောက်ပင် လိုချင်သည်ဖြစ်စေ၊ သားမယားအဖြစ်နှင့် ရွေးချယ်ယူနိုင်ကြကြောင်းနှင့် ပြောရာ၊ ကျွန်ုပ်က ကြယ်တာရာသားများ၏ ထုံးစံမှာ ကြယ်တာရာသူနှင့်သာ စုံဖက်လက်ထပ်နိုင်ကြောင်း ပြန်ပြောသဖြင့် တွာလာက ရှုံ့မဲ့သွားသေး၏။ ၎င်း၏သဘောမှာ မြေကြီးမှ





ဖြစ်စေ၊ တာရာမှ ဖြစ်စေ၊ နေမှ ဖြစ်စေ၊ လမှ ဖြစ်စေ ရွေးချယ်ရန် မလို။ ချောချော လှလှ ဝဝ တုတ်တုတ်ရလျှင် မြေကြီးအောက်မှ ရရ၊ ကျေနပ်မည် ဖြစ်ကြောင်း ပြောသေး၏။ ထိုအခါ ကျွန်ုပ်က ထုံးစံချင်း မတူကြောင်းပြော၍ စကားဖြတ်လိုက်ရ၏။

ထိုခဏ၌ က ပွဲ အစပြုကြရန် တွာလာက အမိန့်ပေးလိုက်ရာ၊ ပန်းခွေကြီးများကို ဦးခေါင်းတွင်စွပ်လျက် လက်နှစ်ဖက်၌ ပန်းခိုင်များ ကိုင်ထားသည့် ရာပေါင်းများစွာသော မိန်းမပျိုကလေးများသည် တေးချင်းများကို သံပြိုင်သီဆိုကာ၊ လ ရောင်တွင် လှည့်ပတ် ကပြကြလေ၏။ ၎င်းနောက် ၄ ယောက်တစ်တွဲ၊ ၈ ယောက်တစ်တွဲ တွဲလျက်လည်းကောင်း၊ စက်ဝိုင်းပုံသဏ္ဌာန်၊ လေးထောင့်ပုံသဏ္ဌာန်၊ ရှစ်ထောင့်ပုံသဏ္ဌာန် ဖြစ်အောင် အားလုံး စုပေါင်းဖွဲ့စည်းလျက် လည်းကောင်း၊ အချို့မှာ ထိုင်ချည်တစ်ခါ၊ တချို့မှာ ထချည်တစ်လှည့် လည်းကောင်း၊ အချို့ကား ရပ်လျက်၊ အချို့ကား ပတ်ချာ လှည့်လျက်လည်းကောင်း အနည်းနည်း အဖုံဖုံ က ပြကြလေရာ မိန်းကလေး သုံးလေးရာ က ပြခြင်း ဖြစ်သော်လည်း ဇာတ်ခုံပေါ်တွင် ၈ ယောက် ယိမ်း၊ ၁၆ ယောက်ယိမ်းများ ကပြဘိသကဲ့သို့၊ သူ့နေရာနှင့်သူ အမှားအယွင်း မရှိရအောင် ကပြနိုင်ကြသည် ဖြစ်သောကြောင့် ချီးမွမ်းအံ့သြလောက်ပါပေ၏။

နောက်ဆုံး၌ အားလုံးသော မိန်းကလေးများသည် စက်ဝိုင်းဖွဲ့ကာ ရပ်နေကြ၍ အချောဆုံးသော မိန်းကလေး ၈ ယောက်တို့သည် စက်ဝိုင်းကြီး၏ အလယ်တွင် တစ်ယောက်တစ်လှည့်စီ တစ်ယောက်ချင်း ကပြကြလေ၏။ တစ်ယောက် က လိုက်သည့်အခါ သူသာလျှင် ချောသည်ဟု မှတ်ထင်ရသော်လည်း၊ နောက်တစ်ယောက် ထွက်၍ က ပြန်သည့်အခါ သူက သာ၍ ချောသည်ဟု မှတ်ထင်ရပြန်လေ၏။ ယင်းကဲ့သို့ တစ်ယောက်ချင်း ထွက် က ရသည့် မိန်းကလေး ၈ ယောက်တို့အနက် နောက်ဆုံး က သော မိန်းကလေးမှာ အချောဆုံး အလှဆုံး ဖြစ်သည်ဟု ကျွန်ုပ် မှတ်ထင်မိ၏။

တွာလာက ကျွန်ုပ်အား .... 'ဘယ့်နှယ်လဲ၊ ဘယ်သူ အချောဆုံး ထင်သလဲ'

ကျွန်ုပ်။ ။'ပန်းခွေအဖြူနဲ့ နောက်ဆုံး မိန်းကလေး အလှဆုံး ဖြစ်ပါသည်'

တွာလာ။ ။'သင်နဲ့ ကျွန်ုပ် သဘောတူသည်။ နောက်ဆုံး ကသော မိန်းကလေးကို ယစ်ပူဇော်ဖို့ ပြင်ဆင်ကြစေ'

ထိုအခါမှ ကျွန်ုပ်မှာ မှားမှန်း သိရလေတော့၏။ အဘယ်ကြောင့်ဆိုသော် အချောဆုံးဟူ၍ ရွေးကောက်ထားသည့် မိန်းကလေး ၈ ယောက်အနက် ဘုရင်က တစ်ဖန် ထပ်၍ အချောဆုံးဟု ဆုံးဖြတ်သော မိန်းကလေးမှာ ထိုည၌အဖို့၌ တောင်နတ်ပူဇော်ရန် သတ်မှတ်ရသောထုံးစံ ရှိနေသောကြောင့် ပေတည်း။

သို့ဖြစ်၍ ကျေးကျွန်များသည် နောက်ဆုံး မိန်းကလေးကို သတ်ဖြတ်ပူဇော်ရန်အတွက် ဘုရင့်ရှေ့သို့ ခေါ်လာကြစဉ်၊ စကရက်လားမှာ မိန်းကလေးကို သတ်ရမည့်လူ ဖြစ်သည်အလျောက်၊ လှံသွားကို ထက်မြက်ပါ၏လောဟု လက်ဖြင့် စမ်းသပ်လျက် ရှိလေ၏။ ဂါဂူလကလည်း 'သတ်ဖို့ ပြင်စေ၊ သတ်ဖို့ ပြင်စေ' ဟု မြည်အော်လျက် ရှိလေ၏။

မိန်းကလေးသည် တွာလာရှေ့သို့ရောက်၍၊ စကရက်လား၏ လှံကို မြင်သောအခါ သေရတော့မည်အကြောင်းကို ယခုမှပင် ရိပ်မိသည့်လက္ခဏာနှင့် အော်ဟစ်ကာ ရုန်းကန်လေရာ၊ ကျေးကျွန်များက မြဲခိုင်စွာ ဆွဲကိုင်ထားကြ၏။ စကရက်လားသည် ပြင်ဆင်လျက် ရှိကြသည်အတွင်း မိန်းမပျို၏ရင်ဘတ်ကို လှံသွားဖြင့် ချိန်ရွယ်ကာ ကျီစယ်လိုက်ရာ၊ မိန်းမပျိုက တွန့်ဆုတ်သွားသောအခါတွင် သွားကိုဖြဲလျက် 'သေရမှာ ဒီလောက်တောင် ကြောက်သလား' ဟု မေးသေး၏။

ဂါဂူလ။ ။'သင့်နာမည် ဘယ်လို ခေါ်ပါသလဲ'

ပျို။ ။'ဖော်လတာ ခေါ်ပါသည်၊ ကျွန်မကို ကယ်ပါဦး အမေကြီးရယ်။ ဘာအပြစ်မှ မရှိဘဲနဲ့ ကျွန်မကို သတ်ကြတော့မလား အမေကြီးရယ်'





လ။ ။'သေတာ ဘာကြောက်စရာ ရှိသလဲ၊ ယစ်ပူဇော်ပြီး အသေခံရတာ မြတ်တယ် မဟုတ်လား'

ထိုအခါ ဖော်လတာသည် အမယ်ကြီး၌ သနားကရုဏာစိတ် မရှိကြောင်း ရိပ်မိသည်ဖြစ်၍ ၎င်းထံ အသနားခံခြင်း မပြုတော့ဘဲ ရည်းစားမျှထားရမှန်း မသိသေးမီ၊ မိဘဆွေမျိုးများနှင့် ခွဲခွာ၍ သေရမည့်လမ်းကြီးသို့ တစ်ယောက်တည်း ခရီးသွားရမည့် အကြောင်းများကို ဖွဲ့နွဲ့ညည်းတွားလေရာ၊ ဂွဒ်မှာ စကားများ၏ အဓိပ္ပာယ်ကို နားမလည်သော်လည်း သံနေသံထားနှင့် မျက်နှာထားကို မြင်ခါမျှနှင့်ပင် ကရုဏာပြင်းစွာ သက်သည်နှင့် ငိုမဲ့မဲ့ ဖြစ်နေလေတော့၏။ မိန်းမပျိုသည် ဂွဒ်၏ မျက်နှာထားကို မြင်လိုက်ရသောအခါ၊ မိမိကို ကြင်နာသနားကြောင်း သိရှိသည်နှင့် ၎င်းဘက်သို့ လှည့်လျက် မြေပေါ် ဒူးထောက်ကာ 'ကြယ်တာရာမှ အရှင်ကြီးရယ် .... ကယ်တော်မူပါဦး ရှင်' ဟု ပြောလိုက်ရာ၊ ဂွဒ်သည် ရှေ့သို့လှမ်းတက်၍ မိန်းမပျို၏လက်ကို ကိုင်ထားလေ၏။

ထိုအခါ တွာလာသည် စကရက်လားအား အချက်ပေးလိုက်သဖြင့် လှမ်းတက်လာရာ၊ ကျွန်ုပ်မှာမူ လမင်းကို မကြာခဏ မော့ကြည့်နေရာမှ၊ ငပုပ်ဖမ်းစ ပြုသဖြင့် အစွန်းအဖျားတွင် မည်းစ ပြုလာသည်ကို မြင်ရသည်နှင့် တစ်ပြိုင်နက်၊ မိန်းမပျိုနှင့် စကရက်လားတို့ အကြားသို့ ရုတ်တရက် ဖြတ်ဝင်လိုက်ပြီးလျှင် တည်ငြိမ်သော အသံဖြင့် 'ဘုရင် တွာလာ ကျွန်ုပ်စကားကို နာယူလော့၊ ဤမိန်းကလေးကို မသတ်ပါလေနှင့်' ဟု ပြောလိုက်၏။

တွာလာသည် အာဏာသံ ခပ်ပါပါနှင့် ပြောလိုက်သော ကျွန်ုပ်၏ စကားကို ကြားလိုက်ရသောအခါ၊ အသားများ ဆတ်ဆတ်တုန်ကာ ဒေါသအမျက် ပြင်းစွာထွက်လျက် 'ခြင်္သေ့မင်း၏ နယ်တွင်းသို့ ကျူးကျော်လာသည့် အသင် ခွေးဖြူ၊ အသင်ပါ အတူသေ၍ လိုက်ချင်ဘိသလော။ ငါ့အမိန့်ကို သင် ဝင်၍ နှောင့်ယှက်ဝံ့သလော။ စကရက်လား ကောင်မကလေးကို သတ်လော့၊ ကျေးကျွန်များ ဤလူကို ဖမ်းကြလော့' ဟု အမိန့်ပေးလိုက်၏။

ထိုအခါ ကျေးကျွန်အချို့တို့သည် ကျွန်ုပ်ထံသို့ ပြေးလာကြရာ ဆာဟင်နရီ၊ ဂွဒ်နှင့် အမ်ဘိုပါတို့လည်း ကျွန်ုပ်နှင့် ယှဉ်ကာရပ်ကြ၍ သေနတ်ကိုယ်စီနှင့် ချိန်ရွယ်ထားကြလေ၏။

ကျွန်ုပ်။ ။(ကျေးကျွန်များဘက်သို့ လှည့်လျက်) 'ငါ့ကို လက်ဖျားနဲ့ ထိကြစမ်း၊ ချက်ချင်း စင်းစင်းသေကုန်စေ့မယ်။ လားလား ဘာမှတ်ကြလို့လဲ' ဟု ငေါက်ပြောလိုက်ရာ၊ လူများလည်း ရပ်တန့်နေကြလေ၏။

တွာလာ။ ။'ဖမ်းသာ ဖမ်းကြ၊ ဘာလုပ် ရပ်နေကြတာလဲ'

ကျွန်ုပ်။ ။'ဖမ်းကြည့်စမ်း၊ လ ကို ချက်ချင်းမှောင်အောင် လုပ်လိုက်ပြီး တစ်ပြည်လုံး မှောင်ထဲမှာ သေကုန်စေ့မယ်'

ဂါဂူလ။ ။'လူကြွားတွေကပဲ၊ ဖမ်းသာ ဖမ်းကြ။ ကောင်းကင်က လ ကို မှောင်အောင် သူ့ဘိုးအေတောင် မလုပ်နိုင်ဘူး'

ကျွန်ုပ်။ ။(လ ကို လက်ညှိုးညွှန်လျက်) 'အသင်လမင်း မှောင်ချပေးလိုက်စမ်း၊ ဒီလူမိုက်တွေကို ကျွန်ုပ်တို့ သုတ်သင်ကြရအောင် မှောင်ချပေးလိုက်စမ်း'

လူအားလုံးသည် လ ကို မော့ကြည့်လိုက်ကြရာ၊ လ၏ အစွန်းအဖျားတွင် မည်းမှောင်စ ပြုနေသည်ကို မြင်ကြရသည်နှင့် ပါးစပ်များ ဟ ကာ ငေးကြည့်နေကြလေ၏။ ထိုနှစ်က လငပုပ်ဖမ်းခြင်းမှာ တစ်ခုလုံး ကုန်အောင် မျိုသောနှစ် ဖြစ်လေရာ၊ လ၌ အမည်းရိပ်သည် ကြီး၍ကြီး၍ လာတိုင်း မြေကြီးမှာလည်း တိုး၍တိုး၍ မှောင်လာလေ၏။ ထိုအကောအတွင်း လူအားလုံးသည်လည်း စကားပြောဖို့ သတိမရဘဲ လ ကိုသာ မော့ကြည့်နေကြသည် ဖြစ်၍ ကွက်လပ်ကြီး တစ်ခုလုံးမှာ တိတ်ဆိတ်လျက် ရှိလေ၏။

လ တစ်ခြမ်းသာသာ မျိုပြီးသောအခါ၌ မြေကြီးမှာ သိသိသာသာကြီး မှောင်လာခဲ့ပြီဖြစ်ရာ၊ နောက်ဆုံး၌ စကရက်လားက 'လူဖြူတွေက ပြုစားလိုက်လို့ လ ကြီး သေရှာတော့မယ်။ ငါတို့အားလုံးလည်း မှောင်ထဲမှာ သေကုန်ကြတော့မယ်။ ပြုစားဦးဟဲ့ လူဖြူတွေ' ဟု ကြောက်အားလန့်အား





နှင့် ခြိမ်းခြောက်ရာမှာ လှံကို မြှောက်ပြီးလျှင် ၎င်းနှင့် အနီးဆုံးရပ်နေသော ဆာဟင်နရီ၏ ရင်ဘတ်ကို တည့်တည့်ကြီး ထိုးလိုက်လေ၏။ သို့ရာတွင် ဆာဟင်နရီမှာ အဝတ်များအောက်တွင် သံချပ်အင်္ကျီခံလျက် ဝတ်ထားရကား လှံသွားသည် နံဘေးသို့ချော်၍ ထွက်သွားလေ၏။ နောက်တစ်ခဏ၌ ဆာဟင်နရီသည် စကရက်လား၏ လက်မှလှံကို လုယူ၍ ၎င်း၏ရင်ဝကို တအားနှစ်ထိုးလိုက်ရာ ကျောမှ ထုတ်ချင်းပေါက်သော ဒဏ်ရာနှင့် စကရက်လား လဲကျသေဆုံး လေတော့၏။

လငပုပ်ကြောင့် မှောင်မည်းနေသဖြင့် တုန်လှုပ်နေကြရသည့်အတွင်း ထိုအခြင်းအရာကို တွေ့မြင်ကြရသော အခါတွင်မူကား၊ မိန်းကလေးများသည် တားမနိုင် ဆီးမရ ထိတ်လန့်ကြသည်ဖြစ်၍ ငယ်သံပါအောင် ကုန်းအော်ကာ ထွက်ပြေးကြလေရာ၊ တစ်ကွင်းပြင်လုံး ကျွက်ကျွက်ညံလျက် ရှိလေတော့၏။ ထိတ်လန့်ခြင်းတို့ မည်သည်မှာ ပလိပ်ရောဂါကဲ့သို့ပင် ကူးစက်တတ်ရကား နောက်တစ်ခဏ၌ တွာလာ၊ ၎င်းနောက် ကိုယ်ရံစစ်သားများ၊ ၎င်းနောက် အကြီးအကဲများ၊ ၎င်းနောက် ဂါဂူလမှစ၍ တဲများဆီသို့ ဖရိုဖရဲ ထွက်ပြေးကြရာတွင် ကျွန်ုပ်တို့လူစုနှင့် ယစ်ပူဇော်မည့် ဖော်လတာ သာလျှင် ကျန်ရစ်လေတော့၏။ မနီးမဝေး၌မူ အင်ဖာဒူးနှင့် ယမန်ညက အကြီးအကဲ လူကြီးများ ရပ်လျက်ရှိကြ၏။

ထိုအခါ ကျွန်ုပ်က။ ။'လူကြီးများ ကျွန်ုပ် ပြလိုက်သော နိမိတ်လက္ခဏာကို မြင်ကြရပြီ မဟုတ်ပါလော။ တစ်နာရီခန့်လောက် မှောင်ဦးမည့် အခိုက်တွင် ကျွန်ုပ်တို့ အကြံအတိုင်း ဆောင်ရွက်ကြရန် တိမ်းရှောင်လိုက်ကြဦးစို့' ဟု ပြော၍ ကျွန်ုပ်တို့လူစုသည် အင်ဖာဒူးနောက်သို့ မှောင်မိုက်ထဲတွင် လိုက်သွားကြလေရာ၊ ဂွဒ်လည်း မိန်းကလေး ဖော်လတာကို တွဲခေါ်ခဲ့လေ၏။

## အခန်း ၁၀
# စစ်ပွဲအတွက် ပြင်ဆင်ကြခြင်း

ကျွန်ုပ်တို့လူစုနှင့် အင်ဖာဒူးတို့ လူကြီးစုသည် တစ်နာရီကျော်ခန့် ခပ်သုတ်သုတ် လျှောက်သွားကြ၍၊ ငပုပ်အန်ပြီးသဖြင့် လမင်း ပြန်ပေါ်လာသောအခါတွင် လူးမြို့နှင့် ၅ မိုင်ခန့်ကွာ၍ မြင်းခွာပုံသဏ္ဍာန်ရှိသော တောင်ကလပ်ထိပ်သို့ ရောက်လာခဲ့ကြလေ၏။ တောင်ကလပ်ကလေးမှာ အလွန်မြင့်သော်လည်း မတ်စောက်လှသည် ဖြစ်သောကြောင့် ခဲယဉ်းစွာ တက်ကြရ၏။ ၎င်းဌာနသည်ကား တွာလာဘုရင်ကို တော်လှန်ရန်အတွက် အင်ဖာဒူးတို့ လူစု ရွေးချယ်ထားခြင်းဖြစ်ရာ၊ တောင်ကလပ်ဆိုသည့်အတိုင်း ထိပ်ပေါ်တွင် ညီညာပြန့်ပြူးစွာ ရှိ၍၊ အင်ဖာဒူးနှင့် ၎င်း၏မိတ်ဆွေ အကြီးအကဲများ၏ လူများဖြစ်သော စစ်သားနှစ်သောင်းခန့်တို့သည် တောင်ထိပ်ပေါ်တွင် စခန်းချလျက် ရှိကြသည်ကို တွေ့ကြရလေ၏။

ကလပ်အလယ်၌ ဆောက်လုပ်ထားသော တဲကလေးသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့ တည်းခိုခဲ့သော တဲမှ ကျွန်ုပ်တို့ပိုင် ပစ္စည်းကလေးများကို ထမ်းပိုးသယ်ယူလာသည့် လူနှစ်ယောက်ကို တွေ့ကြရ၏။ ၎င်းပစ္စည်းများ အနက်တွင် ဂွဒ်၏ ဘောင်းဘီနှင့် အခြား အဝတ်အစားများလည်း ပါရှိသည်ဖြစ်၍၊ ဂွဒ်သည် ရည်းစားနှင့်ကွဲရာမှ ပြန်တွေ့သောသူကဲ့သို့ အဝတ်များကို ဝမ်းမြောက်ဝမ်းသာ ကောက်ယူဝတ်ဆင်လေ၏။ ဖော်လတာမှာမူ ကြင်နာသော မျက်နှာထားနှင့် ဂွဒ်အား စိုက်လျက်ကြည့်နေ၏။





အင်ဖာဒူးက ထိုညဉ့်အတွက်မှာ ရန်သူများကို စိုးရိမ်ဖို့မရှိကြောင်း၊ နက်ဖြန် မိုးလင်းသောအခါမှ စစ်သားများအား အကျိုးအကြောင်း ပြောပြမည် ဖြစ်ကြောင်း ပြောသည်နှင့် ကျွန်ုပ်တို့သည် အိပ်ရာသို့ ဝင်ကြ၏။ သို့ရာတွင် တွာလာဘုရင်သည် ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏ ရန်သူကြီး ဖြစ်သွားပြီ ဖြစ်သောကြောင့် စီမံဆောင်ရွက်ရန် အလုပ်များချေတော့မည် ဖြစ်သည်အလျောက် စိတ်သောကများလျက် ရှိကြ၏။

နံနက်လင်းသည်နှင့် တစ်ပြိုင်နက် နှစ်သောင်းခန့်မျှသော စစ်သားများသည် တောင်ကလပ်ထိပ်ပေါ်တွင် စစ်အစီအစဉ်ဖွဲ့လျက် ရပ်နေကြရာ၊ ကျွန်ုပ်တို့နှင့် အကြီးအကဲများ ရောက်သွားကြ၍ အင်ဖာဒူးက အကြောင်းခြင်းရာများကို ကျယ်လောင်လေးနက်သော အသံဖြင့် ပြောပြ၏။ ဘုရင်အစစ်အမှန်ဖြစ်သော အင်မိုတူကို တွာလာက ရက်စက်စွာ သတ်ဖြတ်ခဲ့သည် အကြောင်း၊ အီနိုစီတို့ သားအမိနှစ်ယောက် ဆင်းရဲငြိုငြင်စွာ ထွက်ပြေးကြရာရသည့်အကြောင်း၊ တွာလာ၏ ရက်စက်သော သဘောထားအကြောင်း၊ လူကောင်းများကို စုန်းဟု စွပ်စွဲပြီး အပြစ်မရှိဘဲ သတ်ဖြတ်ခဲ့သည်အကြောင်း၊ တွာလာ ဆိုးသွမ်းသည်ဟု ကြယ်တာရာမှ အရှင်ကြီးများပင် သတင်းကြားကြ၍ မင်းနွယ်အစစ်ဖြစ်သော အီနိုစီကို ၎င်းတို့ကိုယ်တိုင် ခေါ်လာခဲ့သည် အကြောင်း၊ သို့ဖြစ်၍ မိမိတို့မှာ လူယုတ်မာ တွာလာကို နန်းချ၍ ဘုရင်နွယ် အစစ်ဖြစ်သော အီနိုစီကို ဘုရင်တင်မြှောက်ရန် ကြိုးစားထိုက်ကြောင်းများနှင့် အင်ဖာဒူးက ပြောပြရာတွင် စစ်သားများလည်း သြဘာပေးကြလေကုန်၏။

အင်ဖာဒူး၏ စကားအဆုံးတွင် အီနိုစီက ထ၍ အစ်ကိုအရင်းကို ရက်စက်စွာ သတ်ပစ်သော တွာလာ လူယုတ်မာနှင့် နန်းညွန့်နန်းနွယ်အစစ်ဖြစ်သော မိမိတို့ နှစ်ယောက်အနက်တွင်၊ မည်သူ့ကို မေတ္တာထားထိုက်သည်ဟု လူကောင်းဟူသမျှ ဆုံးဖြတ်ရန် မခက်ခဲသင့်ကြောင်း၊ မိမိမှာ အင်မိုတူ၏ သား အီနိုစီ အစစ်ဖြစ်ကြောင်းကို လူကြီးများက အထင်အရှား တွေ့မြင်သိရှိ

ပြီးကြပြီ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြယ်တာရာမှ အရှင်ကြီးများ၏ အကူအညီဖြင့် မိမိရထိုက်သော ရာထူးကို ပြန်ရဖို့ အားထုတ်ရာတွင် လူကောင်းဟူသမျှ ကူညီကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ၎င်းပရိသတ်များအနက် မိမိ ပြောသောစကားကို မကျေနပ်သူ၊ မယုံကြည်သူ ရှိခဲ့လျှင် ယခုထွက်ခဲ့၍ မိမိနှင့် တစ်ယောက်ချင်း လှံသွားချင်း ယှဉ်ထိုးကြမည်ဖြစ်ကြောင်း ပြောပြသောအခါ ပရိသတ်အားလုံးက 'ယုံပါပြီ .... ကျေနပ်ပါပြီ ....' ဟု ကြွေးကြော်ကြလေ၏။

၎င်းနောက် အီနိုစီက မိမိဘက်မှ ကူညီတိုက်ခိုက်သဖြင့် အောင်မြင်သောအခါတွင် စစ်သားများ၏ ကျေးဇူးကို ဘယ်အခါမှ မမေ့ဘဲ၊ တစ်တိုင်းပြည်လုံးရှိ အဝဆုံးသော နွားများနှင့် အလှဆုံးသော မိန်းမပျိုများကို ထိုလူများကို ခွဲဝေပေးမည်ဖြစ်ကြောင်း ပြောပြလေရာ လူများလည်း သြဘာပေးကြလေကုန်၏။

ထိုနောက်တစ်ဖန် အင်ဖာဒူးက ထပြန်၍ 'ငါတို့၏ ဘုရင်အစစ် မင်းသွေးဖြစ်သော အီနိုစီအား သုံးကြိမ် သုံးခါ အရိအသေ ပြုကြလော့' ဟု ဟစ်အော် ကြွေးကြော်လိုက်ရာ စစ်သားများလည်း လှံများကိုမြှောက်ကာ 'ခူးမ် .... ခူးမ် .... ခူးမ်' ဟု ဟစ်အော်ကြလေ၏။

၎င်းနောက် ကျွန်ုပ်တို့သည် အစည်းအဝေးကို ရပ်စဲ၍ စစ်အစီအစဉ်နှင့် ပတ်သက်သော ကိစ္စများကို လူကြီးအချင်းချင်း ဆွေးနွေးတိုင်ပင် ကြရပြန်၏။ မည်သည့်စစ်တပ်က မည်သည့်နေရာမှ ခုခံရမည်စသော ကိစ္စများကို ဆုံးဖြတ်သတ်မှတ်ပြီးနောက် တောင်ကလပ်ထိပ်သို့ တက်ရသော လမ်းများကို ကျောက်တုံးကြီးများဖြင့် ပိတ်ဆို့ခြင်း၊ ရန်သူများ အတင်းတက်လာသောအခါတွင် လှိမ့်ချရန်အတွက် ကျောက်တုံးကြီးများ ပြင်ဆင်ထားခြင်း စသော အလုပ်များကို စစ်သားများအား ထိုနေ့တစ်နေ့ပတ်လုံး လုပ်ကိုင်စေ၏။ ညနေခင်း အချိန်၌ကား ကျွန်ုပ်တို့၏ ခံတပ်ဖြစ်သော တောင်ကလပ်မှာ အတော်ပင် တောင့်တင်းခိုင်လုံ သွားခဲ့လေပြီ။





ထိုအတောအတွင်း၌ လူးမြို့တွင်လည်း လှုပ်လှုပ်ရှားရှားရှိသော အထိမ်းအမှတ်များ တွေ့မြင်ကြရ၏။ ခြေမြန်တော်များသည် အရပ် လေးမျက်နှာတို့သို့ မနားတမ်း ထွက်သွားနေကြသည်ကို မြင်ရသဖြင့် စစ်တပ်စုဆောင်းခြင်းကိစ္စပင် ဖြစ်သည်ဟု ခန့်မှန်းနိုင်ကြ၏။ ကျွန်ုပ်တို့၏ စစ်သည်အင်အားမှာ နှစ်သောင်းခန့်ရှိပေရာ တွာလာက တစ်တိုင်းပြည်လုံးမှ စုခဲ့လျှင် လေးသောင်းခန့် ရနိုင်မည်ကား မှန်၏။ သို့သော် တစ်ယောက်နှင့် နှစ်ယောက် တိုက်ကြရစေကာမူ ကျွန်ုပ်တို့လူများမှာ လက်ရွေးစင်များ ဖြစ်သည်ပြင် အမြင့်မှ အနိမ့်ကို ခုခံရခြင်း ဖြစ်သောကြောင့် စိုးရိမ်စရာ မရှိဟု သဘောပိုက်ထားကြ၏။

တွာလာက ကျွန်ုပ်တို့အား စစ်သည် အလုံးအရင်းဖြင့် တိုက်ခိုက်တော့မည်မှာ အမှန်ဖြစ်သော်လည်း၊ နက်ဖြန်ထက်စော၍ မတိုက်နိုင်ဟူ၍ ဆုံးဖြတ်ထားကြ၏။ ယင်းသို့ ခန့်မှန်းသည်အတိုင်းလည်း မှန်ကန်ကြောင်း တွေ့ကြရ၏။

နောက်တစ်နေ့ နံနက်၌ လူးမြို့မှ ကျွန်ုပ်တို့ထံ လူတစ်စု ထွက်လာ၍ တစ်ယောက်သောသူက လက်တွင် ထမ်းရွက်တစ်ရွက် ကိုင်လာသည်ကို တွေ့မြင်ကြရလေရာ၊ ကျွန်ုပ်တို့နှင့် စကားပြောလိုသော အထိမ်းအမှတ်ဖြစ်သည်ဟု သိရှိရသည်နှင့် အီနိုစီ၊ အင်ဖာဒူးနှင့် ကျွန်ုပ်တို့လူစုသည် တောင်ခြေရင်းသို့ ဆင်းကာ တွေ့ဆုံကြလေ၏။ ၎င်းတို့အနက် ကျားသစ်ရေကို ဝတ်ထားသည့် အကြီးအမှူးသည် ရှေ့သို့တက်၍ လာပြောသည်မှာ ....

'ခြင်္သေ့မင်းကို တုပြိုင်၍ ဟိန်းလိုသော ခွေးအ များ၊ ဝန်လိုငှက်ကို အန်တုဗလ ပြုလိုသော ကျီးကန်းများ'

ကျွန်ုပ်။ ။'သင် ပြောရန်ရှိသည်ကို ပြောလော့၊ ငါတို့ကို ဆဲရေးမြည်တွန်မနေပါနှင့်'

စေတမန်။ ။'ခြင်္သေ့မင်း၏ ခံတွင်းမှ အမိန့်တော် ရှိလိုက်သည်။ သားတော်မောင် စကရက်လားကို သတ်သော ရာဟုဂြိုဟ်မှ အကောင်ကြီး၊

ထီးနန်းကို လုပ်ကြံသော အမ်ဘိုပါ၊ သူပုန်ထဖို့ ဖြားယောင်းသော ညီတော် အင်ဖာဒူး၊ ၎င်း သုံးယောက်ကို မွန်းမတည့်မီ ဘုရင့်လက်တော်ရောက် အပ်နှံခဲ့လျှင် သင်တို့၏ အပြစ်ကို ချမ်းသာပေး၍ ....'

ကျွန်ုပ်။ ။'တွာလာဘုရင် တစ်ဖက်ကန်းကို ပြောလိုက်၊ သုံးယောက် မဟုတ်ဘူး၊ တစ်ခြမ်း တစ်ပဲ့ကိုတောင် မအပ်ဘူး ပြောလိုက်။ မအပ်တဲ့အပြင် ဘုရင်အစစ်ရဲ့နန်းကို လုယူတဲ့ တွာလာလုယုတ်မာကို၊ ကြယ်တာရာမှ လူများက နှစ်ရက်အတွင်း သေအောင်သတ်ပြီး အလောင်းကို လင်းတစာ ကျွေးမယ်လို့ ပြောလိုက်။ တွာလာကိုသတ်ပြီး ဘုရင်အစစ်ဖြစ်တဲ့ အီနိုစီကို သူ့နေရာမှာ နန်းတင်ပေးမယ်လို့ ပြောလိုက်။ သွားကြ၊ မြန်မြန် ပြန်သွားကြ။ ကြာကြာနေလျှင် ငါ ကန်ထုတ်မိလိမ့်မယ် သွားကြ'

စေတမန်။ ။(ရယ်မောလျက်) 'သင် ခြောက်လို့ ကြောက်မည့် လူစားမျိုး မှတ်လို့လား။ အခုတော့ သင် သတ္တိကောင်းတယ်၊ တော်တော် ကြာတော့ ဒီလို သတ္တိကောင်းနိုင်ဦးမလား ကြည့်ရဦးမယ်။ တော်တော်ကြာ လို့ ငါတို့လာတော့ ကြယ်တာရာဆီကို ထွက်ပြေးမကုန်နှင့်ကြနဲ့နော်၊ စောင့်နေကြ'

ထိုနောက် လူစုလည်း ပြန်သွားကြသဖြင့် ကျွန်ုပ်တို့သည် တောင်ပေါ်သို့ တက်လာခဲ့ကြလေ၏။ ဆာဟင်နရီသည် အဘယ်စိတ်ကူးရသည် မသိ၊ အင်ဖာဒူးထံမှ ကူကူယာနားလူမျိုးတို့ ဝတ်ဆင်သည့် စစ်ဝတ်စစ်စား ယူနီဖောင်းတစ်ခု တောင်း၍ ကျားသစ်ရေ ဝတ်ရုံကြီးကို ပခုံးထက်၌ လည်းကောင်း၊ ငှက်မွေးအနက်ကို နဖူး၌လည်းကောင်း၊ ခါးနှင့် ဒူးများအောက်တွင် နွားမြီးအဖြူကြီးများကို လည်းကောင်း၊ ကြံ့ဦးချိုဖြင့် လက်ကိုင်ပြုလုပ်ထားသည့် စစ်ပုဆိန်ကြီးကို လည်းကောင်း၊ နွားသားရေအဖြူဖြင့် ကျက်ထားသည့် ဒိုင်းကြီးကို လည်းကောင်း ကူကူယာနား စစ်ဗိုလ်ကြီးတစ်ယောက်ကဲ့သို့ ကျကျနန ဝတ်ဆင်ထားလေ၏။ ခါး၌ကား ခြောက်လုံးပြူးသေနတ်ကို ထိုးလျက်ရှိရာ၊ အီနိုစီမှာလည်း ၎င်းအလားတူ ဝတ်ဆင်ထားသည်ဖြစ်၍





လူနှစ်ယောက်တို့မှာ လုံးတူရပ်တူ ဖြစ်နေသဖြင့် အဖြူနှင့် အညိုလောက်သာ ခြားနားခြင်း ရှိကြလေရကား .... ကျွန်ုပ်မှာ ထိုလူနှစ်ယောက်ကို ကြည့်ရသည်မှာ အလွန်အားရပါးရ ရှိလှသောကြောင့် ၎င်းတို့ထက် ခံ့ခံ့ညားညား ယောကျ်ားပီသသော လူတစ်စုံကို တစ်ကမ္ဘာလုံးတွင် ရှာသော်လည်း တွေ့နိုင်မည် မဟုတ်ဟု အောက်မေ့မိ၏။

၇ နာရီခန့် ရှိလတ်သော် တွာလာ၏ စစ်တပ်များသည် လူးမြို့မှ ထွက်လာကြရာ၊ ပုရွက်ဆိတ်အုံမှ ပုရွက်ဆိတ်များ ထွက်လာခြင်းကဲ့သို့ မဆုံးနိုင်အောင် တသီတတန်းကြီး ရှိနေကြလေ၏။ ၎င်းတို့သည် သုံးတန်း ခွဲလျက် ထွက်လာကြ၍ တစ်တန်းလျှင် လူတစ်သောင်းမှ သောင်းနှစ်ထောင်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းကြရ၏။ သုံးတန်း ခွဲထွက်လာသည်အနက် တစ်တန်းသည် တောင်ပူစာ၏ လက်ဝဲဘက်သို့ လည်းကောင်း၊ တစ်တန်းသည် လက်ယာဘက်သို့ လည်းကောင်း၊ တစ်တန်းသည် အလယ်ဗဟိုသို့ လည်းကောင်း ချီတက်လာကြသည်ဖြစ်၍ ကျွန်ုပ်တို့အား သုံးမျက်နှာတို့မှ ညှပ်၍ တစ်ပြိုင်တည်း တိုက်ခိုက်မည် ကြံရွယ်ကြကြောင်း ထင်ရှားပေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့ကလည်း စစ်တပ်များကို သုံးစုခွဲ၍ သုံးမျက်နှာမှ ခုခံကြရန် ပြင်ဆင်ထားကြရလေ၏။

## အခန်း ၁၁

# စစ်ပွဲကြီး တိုက်ခိုက်ကြခြင်း

တွာလာ၏ စစ်တပ်ကြီးသုံးတန်းသည် တောင်ပူစာသို့ ချီတက်လာကြ၍၊ အလယ်တန်းသည် တောင်ခြေရင်းနှင့် ကိုက် ၅၀၀ ခန့် ကွာသောနေရာသို့ ရောက်လာကြသောအခါ၊ လက်ယာ လက်ဝဲတို့မှ ပန်း၍တက်ရသော စစ်တပ်များနှင့် တစ်ပြိုင်တည်း ရောက်စိမ့်သောငှာ ရပ်ဆိုင်းနေကြသေး၏။ ၎င်းတို့၏ အကြံမှာ တစ်ပြိုင်တည်း ရောက်၍၊ တစ်ပြိုင်တည်း တိုက်ခိုက်ကြရန် ဖြစ်လေသည်။

ကျွန်ုပ်တို့ သုံးယောက်သည် သေနတ်ကိုယ်စီ ကိုင်လျက် ထိုလူများကို ကြည့်နေကြစဉ် ဆာဟင်နရီက ....

ရီ။ ။'ဘယ့်နှယ်လဲ ကွာတာမိန်း၊ လက်ဖြောင့်တယ်လို့ နာမည်ကျော်ပေမယ့် ဒီကနေပြီး မှန်အောင် ပစ်နိုင်ပါမလား။ ရှေ့ဆုံးက ရပ်နေတဲ့ ဗိုလ်လုပ်တဲ့လူကို မှန်စေ့၊ မမှန်စေ့ လောင်းတမ်း စားတမ်း ပစ်ဝံ့ပါမလား။ ကိုင်း .... အင်္ဂလန် ပြန်ရောက်တဲ့ တစ်နေ့မှာ ရွှေဒင်္ဂါးတစ်ပြား ပေးစတမ်း လောင်းကြစို့လေ၊ ထိအောင် ပစ်နိုင်ပါမလား'

ကျွန်ုပ်။ ။'သေနတ်မှာ ဆိုက်တပ်ထားတာက ကိုက် ၃၅၀ သာ ပြထားတယ်၊ ခရီးက ကိုက် ၅၀၀ ထက် မလျော့ပေဘူး။ သို့သော် မှန်လိုမှန်ငြားပေါ့လေ၊ စမ်းကြည့်စမ်းမယ်'





၎င်းနောက် ကျွန်ုပ်သည် ရှေ့ဆုံးမှ တစ်ယောက်တည်းရပ်နေသော ဗိုလ်၏ လည်ပင်းကို ချိန်လျှင် ရင်ဘတ်လောက် ထိမှန်ကောင်း၏ဟု မှန်းဆလျက်၊ သေနတ်ကို ကျောက်တုံးတွင် ထောက်ပြီးလျှင် သေချာစွာချိန်၍ ဆွဲလိုက်၏။ တစ်ခဏ၌ မီးခိုးများ ဖုံးအုပ်နေသောကြောင့် ဘာမျှမမြင်ရသော်လည်း မီးခိုးများ လွင့်သွားသောအခါ၌ ကြည့်လိုက်ရာတွင်၊ စစ်ဗိုလ်မှာ တစ်စုံတစ်ရာမျှ မဖြစ်ဘဲ ရပ်မြဲရပ်နေသည်ကို တွေ့ရသဖြင့် အလွန်ရှက်သွားမိ၏။ အကြောင်းမူကား အင်ဖာဒူးတို့လူစုသည် ကျွန်ုပ်တို့ကို စောင့်နေသောကြောင့် ပေတည်း။

သို့ရာတွင် စစ်ဗိုလ်နှင့် သုံးလှမ်းကွာလောက်တွင် ရပ်နေသော စစ်သားတစ်ယောက်မူကား မြေပေါ်သို့ လဲကျသွားသည်ကို တွေ့လိုက်ရ၏။ သို့သော်လည်း ကျွန်ုပ်မှာ အရှက်မပြေနိုင်ချေ။ စစ်ဗိုလ်သည် စစ်သား လဲကျသွားသည်ကို မြင်သဖြင့် ပွေ့ထူလိုဟန်နှင့် ပြေးသွားရာ၊ ကျွန်ုပ်သည် နှစ်လုံးပြူးသေနတ် ဖြစ်သည်အလျောက် ကျန်သောယမ်းတောင့်ဖြင့် စစ်ဗိုလ်ကို ခပ်သုတ်သုတ်ချိန်ကာ ဖြုတ်ချလိုက်၏။ ထိုအခါ၌ကား စစ်ဗိုလ်မှာ လက်မြှောက်ကာ ထိုးလဲသွားသည်ကို မြင်လိုက်ရသောကြောင့်၊ တစ်ကမ္ဘာလုံးတွင် လက်အဖြောင့်ဆုံးသော ဆင်ပစ်မုဆိုးဟူ၍ မိတ်ဆွေများ ပေးထားသော နာမည်ကို မပျက်စေအောင် ဆည်လိုက်နိုင်သေး၏။ လူသတ္တဝါတို့မည်သည်မှာ ရရှိထားပြီးသော နာမည်မပျက်စေမှုအတွက် အထူးလုံ့လပြုတတ်သည် ဖြစ်ရကား၊ လူတစ်ယောက်လုံး လဲကျသေဆုံးသည်ကို သနားဖို့ သတိမရနိုင်ဘဲ၊ ကျွန်ုပ်၏ အသရေ ဆည်မိချေပြီ ဟူ၍သာ ဝမ်းမြောက်မိသေး၏။

ထိုကဲ့သို့ လူနှစ်ယောက် ကျသည်ကို တွေ့ရသောအခါ အခြားသော စစ်သားများသည် ထိတ်လန့်တုန်လှုပ်ကြသည်နှင့် ကစဉ့်ကရဲ ကြဲပြန့်ထွက်ပြေးကြရာတွင်၊ ကျွန်ုပ်တို့ သုံးယောက်သည် လူများ အထူထပ်ဆုံးသော နေရာသို့ချိန်လျက် သေနတ် သုံးလေးချက်မျှစီ ပစ်ခတ်လိုက်ကြရကား၊

လူပေါင်း ၈ ယောက်ခန့် လဲကျ ကျန်ရစ်သည်ကို တွေ့ကြရ၏။ သို့ဖြစ်၍ အလယ်ဗဟိုချက်မှ တိုက်ခိုက်မည့် စစ်တပ်မှာ အတန်အခြေပျက်သွားခဲ့လေပြီ။ နောက်တစ်ခဏ၌ကား တောင်ပူစာ၏ လက်ဝဲလက်ယာ အရပ်များဆီမှ ဆူညံစွာသော ညာသံများ ထွက်ပေါ်လာသည်ကို ကြားကြရသည်နှင့်၊ သုံးမျက်နှာ ညှပ်တိုက်မည့်အစား နှစ်မျက်နှာတို့မှ တစ်ပြိုင်နက်တည်း ညှပ်တိုက်နေကြသည့် အဖြစ်ကို သိရှိရလေ၏။

ကျွန်ုပ်တို့လူစုမှာ ဗဟိုချက်မှ ခုခံတိုက်ခိုက်ကြရသူများ ဖြစ်လေရာ၊ အလယ်တန်းမှ ရန်သူများသည် ကျွန်ုပ်တို့၏ သေနတ်ကိုလန့်၍ ကစဉ့်ကရဲ ပြေးလွှားနေကြရာမှ၊ လက်ဝဲလက်ယာ အရပ်တို့မှ ညာသံများကို ကြားကြရသောအခါတွင် အားတက်လာကြသည့် လက္ခဏာနှင့် တုံ့ပြန်ချီတက်လာကြပြီးလျှင်၊ တောင်ခြေ၌ရှိသော ကျွန်ုပ်တို့၏ စစ်သားများကို တိုက်ခိုက်ကြလေ၏။ ကျွန်ုပ်တို့၏ အစီအစဉ်မှာ တောင်ခုလတ်တွင် စစ်တပ်တစ်တပ်၊ ထိုနောက် ကိုက် ၅၀ လောက် အထက်တွင် စစ်တပ်တစ်တပ်၊ တောင်ကလပ်စွန်းတွင် စစ်တပ်တစ်တပ်၊ စုစုပေါင်း သုံးဌာနခွဲလျက် ခုခံကြ၏။ လက်ဝဲလက်ယာတို့တွင်လည်း ဤနည်းအတူပင် စီစဉ်ထား၏။

ရန်သူများသည် တောင်ခြေမှ ပြေးတက်လာကြ၍၊ ပထမခံတပ်ရှေ့သို့ ရောက်ကြသောအခါ အမောပြေစိမ့်သောငှာ ခေတ္တမျှ နားနေကြပြီးနောက်၊ ပထမခံတပ်ကို ဖြိုဖျက်ရန် ကြိုးစားကြ၏။ ရန်သူများက 'တွာလာ .... တွာလာ .... တိုက်ဟ .... တိုက်ဟ' ဟု ညာသံပေးလျက် တိုက်ခိုက်ကြရာ၊ ကျွန်ုပ်တို့ လူစုများကလည်း 'အီနိုစီ .... အီနိုစီ .... တိုက်ဟ .... တိုက်ဟ' ဟု တုံ့ပြန်ဟစ်အော်လိုက်ကြ၏။ ထိုအခါ၌ကား ရန်သူများနှင့် ပထမခံတပ်သားများသည် ရင်ဆိုင်တွေ့နေကြပြီဖြစ်၍၊ တစ်ဖက်နှင့်တစ်ဖက် ပစ်လိုက်ကြသော ဓားများမှာ မိုးရွာသွန်းသကဲ့သို့ မရပ်မစဲ ဖြစ်နေလေတော့၏။

ရန်သူစစ်တပ်ကြီးသည် ရှေ့သို့ တက်လာချည်တစ်ခါ၊ နောက်သို့





ဆုတ်သွားချည်တစ်လှည့်နှင့် ဆင်းချည် တက်ချည်၊ တိုးချည် ဆုတ်ချည် ဖြစ်နေစဉ် နှစ်ဖက်လုံးမှ ကျဆုံးကြသော စစ်သားများမှာ၊ တပေါင်း တန်ခူးရာသီတွင် ကြွေကျသော သစ်ရွက်များသဖွယ် ဖြစ်နေပေတော့၏။ နောက်ဆုံး၌ ကျွန်ုပ်တို့၏ လူများသည် နှစ်ဆမက များပြားလှသော ရန်သူစစ်တပ်အင်အားကို မခံမရပ်နိုင်ကြရကား၊ ပထမ ခံတပ်သားများသည် နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာ၍ ဒုတိယခံတပ်သားများနှင့် ရောပေါင်းလိုက်ကြရ၏။ ထိုနေရာ၌ တိုက်ပွဲသည် တိုး၍ ပြင်းထန်လာသော်လည်း လူအားနည်းသော ကျွန်ုပ်တို့၏ စစ်တပ်မှာ ကြာရှည်စွာ မခုခံနိုင်သဖြင့် အထက်သို့ ဆုတ်တက်လာကြရပြန်လေရာ၊ စစ်ပွဲ စသည်မှ မိနစ် ၂၀ ခန့် အတွင်းတွင် ကျွန်ုပ်တို့၏ တတိယ ခံတပ်သားများပါ တိုက်ခိုက်နေကြရလေပြီ။

ထိုအခါ၌ကား ရန်သူများမှာ အတော်ပင်ပန်းနေကြသည့်ပြင်၊ ကျဆုံးသူ အရေအတွက်မှာလည်း မြင်မကောင်း ရှုမကောင်း ရှိနေပြီဖြစ်သောကြောင့်၊ တတိယခံတပ်ကို ဖောက်ထွင်းချဉ်းနင်းရန် မတတ်နိုင်အောင် ရှိနေကြ၏။ တောင်ကလပ်၏ အစွန်းတွင် စစ်တပ်ကြီး နှစ်တပ်တို့သည် သူတစ်ပြန် ငါတစ်လှည့်ဖြင့် တက်ချည်ဆင်းချည် ဖြစ်ကာ ကျွမ်းထိုးလျက်ရှိနေရာ၊ မည်သည့်ဘက်မှ အနိုင်ရမည်ဟု မပြောနိုင်အောင် ဖြစ်နေပေတော့၏။ ထိုအခါ ဆာဟင်နရီသည် မီးရောင်တလက်လက် ထွက်တော့မတတ် တောက်ပြောင်စွာသော မျက်လုံးများဖြင့် စောင့်ကြည့်နေခဲ့ရာမှ၊ ရုတ်တရက် ညာသံပေးလျက် ရန်သူများ အံထူထပ်ဆုံးသော နေရာသို့ ခုန်ဆင်းပြေးသွားလေရာ၊ ဂွဒ်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေ၏။ ကျွန်ုပ်မှာမူ ထိုနေရာမှသာလျှင် ငေးကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်တို့ စစ်သားများသည် ဆာဟင်နရီ၏ ထောင်ထောင်မောင်းမောင်း ရှိသော လူလုံးလူထည်ကြီးကို မြင်ကြရသောအခါ စိတ်အားတက်ကြွလာကြသည့် လက္ခဏာနှင့် 'အင်ကူဘူ၊ နံဇီးယား၊ ချီးလ်ချီးလ်' (ဆင်ပြောင်ကြီး တက်လာပြီ၊ တိုက်ကြဟ ....တိုက်ကြဟ) ဟု ညာသံပေးလျက် ယခင်က

တစ်ချက် ထိုးခုတ်သည့်အချိန်တွင် နှစ်ချက် သုံးချက်ဆင့်၍ ထိုးခုတ်ကြလေတော့၏။ စစ်ပွဲများ၌ လူတစ်ယောက်၏ စိတ်ဓာတ်အင်အားသည် အဘယ်မျှလောက် အရာရောက်သည်ကို ထိုအခါက လက်တွေ့ကြုံလိုက်ရဖူး၏။

ထိုအချိန်မှစ၍ ဆုတ်ချည် တက်ချည် ဖြစ်ခဲ့သော ရန်သူစစ်တပ်မှာ ရှေ့သို့ တက်နိုင်တော့သည် မရှိဘဲ၊ နောက်သို့ချည်းသာလျှင် တစ်ဖက်သတ် ဆုတ်ရလေတော့၏။ ဆာဟင်နရီနှင့် ကျွန်ုပ်တို့ လူများသည် ရှေ့သို့ တစ်လက်မထက် တစ်လက်မ၊ တစ်ပေထက် တစ်ပေ၊ တစ်ကိုက်ထက် တစ်ကိုက် တိုးဖွေ့ တိုက်ခိုက် အတင်းလိုက်၍ သွားကြလေရာ၊ နောက်ဆုံး၌ ရန်သူများသည် တောင်ခြေရင်းတွင် ဖရိုဖရဲ ကြဲလွင့်သွားကြလေတော့၏။

ထိုခဏ စေတမန်တစ်ယောက် ရောက်လာ၍ လက်ဝဲဘက်မှ ရန်သူများလည်း ဆုတ်ခွာသွားကြပြီဟု ပြောသဖြင့် ကျွန်ုပ်မှာ နေရာကျလှချေပြီဟု ပျော်ရတော့မည်ကဲ့သို့ ဖြစ်နေဆဲတွင်၊ လက်ယာဘက်မှ ကျွန်ုပ်တို့၏ စစ်သားများသည် နောက်သို့ အပြေးအလွှား ဆုတ်ခွာလာကြ၍ ရန်သူများက နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ် နံဘေးတွင် ရပ်လျက်ရှိသော အိနိုစီက အမိန့်ပေးလိုက်သည်နှင့် တောင်ထိပ်ပေါ်တွင် ခြေစောင့်လက်စောင့်သဘောနှင့် သီးသန့်ဖယ်ထားသော အထူးစစ်တပ်သည် လက်ယာဘက် တောင်ကလပ်စွန်းသို့ ချီတက်သွားကြလေ၏။

နောက်များ မကြာမီအတွင်း ကျွန်ုပ်မှာ ရန်သူများ အထူထပ်ဆုံးသော အပိုင်းသို့ ရောက်နေ၍ အကြိတ်အနယ် တိုက်ခိုက်နေရလေရာ၊ အိနိုစီ၏ ကြီးမား ကျယ်ဝန်းသော ကိုယ်ကာယကြီးနောက်မှ ကွယ်လျက် ရန်သူများကို တတ်အားသမျှ ထိုးခုတ်ပစ်ခတ် ချနေရလေတော့၏။ ကျွန်ုပ်မှာ နဂိုအားဖြင့် သတ္တိကောင်းလှသူတစ်ယောက် မဟုတ်သော်လည်း၊ ကူကူယာနားပြည်သို့ ရောက်ကတည်းက နေရင်း၌နရောက်ဖို့ စခန်းကွာလှသည်ဟု မှတ်ယူထားသည်နှင့် သေရခြင်း၊ ရှင်ရခြင်းတို့ကို များစွာ ခြားနားသည်ဟု သဘောမထား





တော့ဘဲ ဖြစ်လိုရာ ဖြစ်စေဆိုသော ဥပေက္ခာစိတ်မျိုးနှင့် တိုက်ခိုက်နေရကား၊ သတ္တိကောင်းသော လူတစ်ယောက်ဟူ၍ပင် လူအများက မှတ်ထင်နေကြတော့၏။ ကျွန်ုပ်၏ ရှေ့ နောက် လက်ဝဲ လက်ယာ စသည်တို့၌ ရန်သူများဖြင့် ပြည့်နှက်လျက်ရှိ၍ လှံနှင့်ဒိုင်း၊ ဓားနှင့်ဒိုင်း၊ ပုဆိန်နှင့်ဒိုင်းတို့ ထိတွေ့မိသည့် အသံတို့ဖြင့် ဆူညံလျက်ရှိစဉ်၊ လက်ခုပ်တစ်ဖောင်ခန့် မြင့်မားသည့် ရန်သူ လူရိုင်းကြီးတစ်ယောက်သည် မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် ကျွန်ုပ်ထံ ပြေးလာ၍ သွေးတစက်စက် ကျလျက်ရှိသော လှံကြီးဖြင့် ကျွန်ုပ်၏ရင်ဝကို ချိန်ထိုးလိုက်ရာ၊ ကျွန်ုပ်မှာ ခြောက်လုံးပြူးဖြင့် ချိန်ရန်ပင် အချိန်မရသည်နှင့် ထိုသူ၏ ရှေ့တည့်တည့်တွင် အလျားလိုက် ထိုးမှောက်ကာ အိပ်လိုက်ရလေ၏။ ထိုအခါ မြင့်မားသော ရန်သူကြီးသည် ကျွန်ုပ်ထံသို့ အဟုန်ပြင်းစွာနှင့် ပြေးလာခဲ့ခြင်း ဖြစ်သောကြောင့်၊ ရုတ်တရက် အရှိန်သတ်ရန် မတတ်နိုင်သည်နှင့် ပြေးမြဲတိုင်း ဆက်လက်ပြေးရာတွင်၊ ၎င်း၏ ခြေထောက်များသည် ကျွန်ုပ်၏ကိုယ်နှင့် တိုက်ခတ်မိသဖြင့် ဟပ်ထိုးကြီး လဲကျသွားလေ၏။ ကျွန်ုပ်မှာ ဗလသေးငယ်သလောက် သွက်လက်သူတစ်ယောက် ဖြစ်သည့်အတိုင်း၊ ထိုလူကြီး မထနိုင်မီ ကျွန်ုပ်က အလျင်ထ၍ လူကြီးကျောကုန်းကို ခြောက်လုံးပြူးနှင့် ပစ်သတ်လိုက်လေ၏။ ကျွန်ုပ်မှာ တော်လှချေပြီဟု အောက်မေ့လျက် အိနိုစီကို မီအောင် လိုက်ဦးမည်ဟု မျှော်ကြည့်လျက်ရှိစဉ်၊ တစ်စုံတစ်ယောက်သောသူက ဦးခေါင်းကို နောက်မှ ဆောင့်ချလိုက်သည်နှင့် ထိုးလဲ မြော့မေ့သွားလေတော့၏။

သတိရလာသဖြင့် မျက်စိများ ဖွင့်ကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏ တဲတွင်းသို့ ရောက်နေ၍၊ ဂွဒ်က ဘူးတောင်းတစ်ခုမှ ရေများ တိုက်ပေးနေသည်ကို တွေ့ရလေ၏။

'ဘယ့်နှယ်နေကြသေးသလဲ၊ နိုင်ကြပြီလား'

'အခုတော့ဖြင့် ရန်သူတွေ နောက်ဆုတ်သွားသေးတာပဲ၊ နိုင်တယ်လို့တော့ မဟုတ်သေးဘူး။ သက်သာသွားပြီလား'

'ဝေတေတေတော့ နေသေးတာပဲ၊ နို့ပေမယ့် ကိစ္စမရှိတော့ပါဘူး'

'ခင်ဗျားကို ပွေ့သွင်းလာကြတာ မြင်လိုက်ရတော့ ကိုယ့်လူ တစ်ယောက် သွားရှာပြီလားလို့ ကျုပ်မှာ အလုံးများတောင် ဆို့တက်လာသေးတယ်ဗျာ'

ငင်းနောက် ကျွန်ုပ်တို့သည် စစ်ပွဲ အခြေအနေကို ပြောနေကြစဉ် ဆာဟင်နရီ၊ အီနိုစီ၊ အင်ဖာဒူးနှင့် လူကြီး နှစ်ယောက် သုံးယောက်တို့ ဝင်လာကြလေ၏။ ထိုလူများသည် ကျွန်ုပ် သတိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာနှင့် ကျွန်ုပ်အား လက်ဆွဲယမ်းခါကြပြီးနောက်၊ စစ်နှင့် ပတ်သက်၍ ရှေ့အဖို့ မည်ကဲ့သို့ ပြုလုပ်ကြရမည့် အကြောင်းများကို တိုင်ပင်ဆွေးနွေးကြလေ၏။ တွာလာသည် ကျွန်ုပ်တို့ကို တိုက်ခိုက်ရာ၌ သုံးမျက်နှာလုံးတွင် အ ထ မမြောက်ဘဲ တွန်းလှန်ခြင်း ခံခဲ့ရကား၊ စစ်တပ်များကို ပြန်ဆုတ်စေ၍ ကျွန်ုပ်တို့အား အစာငတ် ရေငတ် ဖြစ်သည်တိုင်အောင် ဝိုင်းရံထားဖို့ စီမံလျက်ရှိသည်ဟု သိရှိရ၏။ ထိုနေ့တွင် ကျွန်ုပ်တို့ဘက်မှ စစ်သား နှစ်သောင်းရှိသည်အနက် နှစ်ထောင်ခန့် ကျဆုံးခဲ့ပြီဖြစ်၍၊ တစ်သောင်းရှစ်ထောင်ခန့် ကျန်ရှိသေးသည်ဖြစ်ရာ ကျွန်ုပ်တို့ကို လေးမျက်နှာမှ ဝိုင်းရံထားမည်ဆိုသော် ထိုလူ တစ်သောင်းရှစ်ထောင်အတွက် ရေ လုံလောက်စွာ ရဖို့ကိစ္စမှာ အတော်ပင် ကြီးလေးလှပေ၏။ ငင်းတောင်ပူစာ၌ စမ်းချောင်းကလေးတစ်ခု ရှိသော်လည်း လူပေါင်း ၁၈,၀၀၀ သောက်သုံးရန်အတွက် မလုံလောက်ချေ။

ကျွန်ုပ်တို့သည် မည်ကဲ့သို့ ပြုလုပ်ကြမည်ဟု ဆွေးနွေးတိုင်ပင်ကြစဉ် အောက်ပါ နည်းလမ်းသုံးခုအနက် တစ်ခုခုကို ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း ထင်ရှားစွာ ပေါ်ထွက်လာ၏။ (၁) မည်ကဲ့သို့ ဖြစ်ရသည်ဖြစ်စေ၊ ထိုနေရာမှ ရပ်တန့်ခုခံရန်၊ (၂) မြောက်ဘက်မျက်နှာမှ ဖောက်ထွက်ဆုတ်ခွာသွားကြရန်၊ (၃) တွာလာ၏ စစ်တပ်များကို မိမိတို့ကပင် အတင်းချင်းနင်း ဝင်ရောက် တိုက်ခိုက်ရန်တို့ ဖြစ်၏။

ကျွန်ုပ်တို့လူစုသည် ငင်းနည်းလမ်းသုံးခုကို ဆွေးနွေးရွေးချယ်လျက်





ရှိကြစဉ်၊ ကျွန်ုပ်အား စစ်ပရိယာယ်နှင့် ပတ်သက်၍ ကျွမ်းကျင်သည်ဟု အားလုံးကပင် ယုံကြည်ကြသည်ဖြစ်၍ ဆာဟင်နရီက .... 'ကိုင်း ကွာတာမိန်း စကားမရှည်ကြနဲ့စို့၊ ဒီသုံးနည်းအနက် တစ်နည်းနည်းကို ခင်ဗျားပဲ ရွေးချယ်ဆုံးဖြတ်ပေတော့' ဟု ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်မှာ ကြီးလေးလှသော တာဝန်ကြီး ဖြစ်သည်အလျောက်၊ လေးနက်စွာ စဉ်းစားတိုင်းထွာပြီးမှ၊ ကျွန်ုပ်တို့က အတင်းဝင်တိုက်ရန်ဖြစ်သော တတိယနည်းလမ်းကို ရွေးချယ်လိုက်လေ၏။

ကျွန်ုပ်က ယင်းကဲ့သို့ ရွေးချယ်ပြီးသော်လည်း ယခုကိစ္စမှာ အီနိုစီ၏ကိစ္စ ဖြစ်သည်ပြင်၊ အီနိုစီမှာ ဘုရင်လောင်းလည်း ဖြစ်နေရကား ဆုံးဖြတ်ဖို့တာဝန်မှာ သူ၏တာဝန် ဖြစ်သည်ဟု အားလုံးက ယူဆကြသည်အတိုင်း၊ အီနိုစီအား လှမ်း၍ ကြည့်နေကြလေ၏။

အီနိုစီသည် နဖူးကို လက်ဝါးနှင့် ပွတ်သပ်ကာ အတန်ကြာအောင် စဉ်းစားနေပြီးနောက် ....'ကျွန်ုပ်တို့ ဆရာကြီး ရွေးချယ်သည်အတိုင်း ကျွန်ုပ်သဘောကျပါသည်။ သို့သော် ကျွန်ုပ်က တိုက်ခိုက်မည်ဆိုလျှင် မည်သည့်အစီအစဉ်နှင့် တိုက်ခိုက်ရမည်ကို ကျွန်ုပ် ပြောပြလိုပါသည်' ဟု ပြော၍ ငင်း၏ စိတ်ကူးထားပုံများကို ရှင်းလင်းပြောပြလေရာ၊ ကျွန်ုပ်မှာ ဘုရင်ဖြစ်မည့်လူ ဖြစ်သောကြောင့်သာလျှင် ထိုမျှလောက် စိတ်ကူးကောင်းသည်ဟု စိတ်ထဲမှ ချီးမွမ်းမိသေး၏။ အီနိုစီ၏ စိတ်ကူးမှာ ဤသို့တည်း။

ကျွန်ုပ်တို့ ခုခံလျက်ရှိသော တောင်ပူစာမှာ အထက်တွင် ပြောခဲ့သည့်အတိုင်း မြင်းခွာပုံသဏ္ဌာန် ရှိနေပေရာ၊ အလယ်၌ရှိသော "အဟိုက်" မှာ အဝတွင် ပေ ၉၀ ခန့် ကျယ်ဝန်း၍၊ အနက်မှာ ကိုက်ပေါင်း ၃၀၀ မျှလည်းကောင်း၊ အနံမှာ အကျယ်ဆုံးသော နေရာတွင် ကိုက်ပေါင်း ၂၅၀ မျှလည်းကောင်း ရှိနေပေ၏။ အင်ဖာဒူး အုပ်ချုပ်ရသော လူ ၃,၀၀၀ တပ်မှာ အသက် ၄၀ ကျော် အရွယ်ရှိ ဝါရင့်ပြီး စစ်သားများချည်း စုပေါင်းဖွဲ့စည်းထားသည်ဖြစ်ရာ၊ ဆံပင်ဖြူစ ပြုနေသော လူများသာလျှင် များသည်ဖြစ်သော

ကြောင့် ၎င်းတပ်ကို "ဖောင်းဝတ်" တပ်ဟူ၍ ခေါ်ဝေါ်လေ့ ရှိကြ၏။ ၎င်းစစ်တပ်မှာ ကူကူယာနား တစ်ပြည်လုံးတွင် အကောင်းဆုံး လက်ရွေးစင် တပ် ဖြစ်သောကြောင့် ကျွန်ုပ်တို့ဘက်သို့ အင်ဖာဒူး ပါလာ၍ ၎င်းတပ်ကို ကျွန်ုပ်တို့ ရရှိထားခဲ့သည်မှာ အလွန်ကံကောင်းလှပေ၏။

အင်ဖာဒူးက ခေါင်းဆောင်ခဲ့သော စစ်ဗိုလ်တစ်ယောက်မှာလည်း "ကျွဲပေါက်" တပ်ကို အုပ်ချုပ်ရပေရာ၊ ၎င်းတပ်သားများမှာ ကာယဗလ ကောင်းလှ၍ ကျွဲပေါက်ကြီးများသဖွယ် မည်းမည်းသည်းသည်း၊ တုတ်တုတ် ခိုင်ခိုင် ရှိကြရကား တစ်ပြည်လုံးတွင် ဒုတိယစွဲသော စစ်တပ် ဖြစ်ပေ၏။ ၎င်းတပ်ကို ကျွန်ုပ်တို့ ရရှိထားခြင်းမှာလည်း ကံကောင်းခြင်းတစ်ရပ် ဖြစ်နေပေ၏။

အီနိုစီ စိတ်ကူးထားသော စစ်အစီအစဉ်မှာကား "ဖောင်းဝတ်" တပ်က မြင်းခွာပုံသဏ္ဌာန်တွင် အလယ်၌ရှိသော "အဟိုက်" ထဲသို့ ဆင်း သွား၍ တွာလာ၏ စစ်တပ်ကို ဖြားယောင်းရမည်။ တွာလာသည် ရန်သူများ ဆင်းလာသည်ကို မြင်သောအခါ တိုက်လိုအားကြီးနှင့် "အဟိုက်" ထဲသို့ ဝင်လာလိမ့်မည်။ သို့သော် "အဟိုက်" မှာ လွန်စွာ မကြီးကျယ်သည့်ပြင် အဝမှာလည်း ပေ ၉၀ ခန့်မျှသာ ရှိသောကြောင့်၊ စစ်တပ် အလုံးအရင်းဖြင့် ဝင်လာရန် မဖြစ်နိုင်ဘဲ၊ စစ်တပ် တစ်တပ်ချင်းမျှသာလျှင် စေလွှတ်နိုင်ပေ လိမ့်မည်။ တစ်တပ်ချင်း ဝင်လာသမျှကို "ဖောင်းဝတ်" တပ်က ဆီးကြို တိုက်ခိုက် သုတ်သင်ဖြိုဖျက် ပစ်ရမည်။ "ဖောင်းဝတ်" တပ်ကို အင်ဖာဒူးနှင့် ဆာဟင်နရီတို့က အုပ်ချုပ်လိုက်ပါ သွားကြရမည်။

"ဖောင်းဝတ်" တပ်၏ နောက်ဆုံး၌ကား "ကျွဲပေါက်" တပ်က ကပ်လျက် လိုက်ပါသွားရမည်။ အရေးနိမ့်ခန့်ထင်လျှင် ဝင်ကူရမည် ဖြစ် သော်လည်း တစ်ခါတည်း ပူးပေါင်းတိုက်ခိုက်ခြင်း မပြုရ၊ မတော်တဆ ဖောင်းဝတ်တပ် ပြုတ်ပြုတ်ပြုန်းခဲ့သော်၊ "ကျွဲပေါက်" တပ်က ၎င်း၏နေရာကို တက်၍ ခုခံတိုက်ခိုက်ရမည်။ ၎င်းစစ်တပ်တွင် ကျွဲပေါက်စစ်ဗိုလ်နှင့် အီနိုစီ





ကိုယ်တိုင် အုပ်ချုပ်လိုက်ပါ၍ ကျွန်ုပ်လည်း ၎င်းတို့နှင့် လိုက်ရမည်။

တောင်ပူစာမှာ မြင်းခွာပုံသဏ္ဌာန် ရှိနေသည်အလျောက် ဦးချို သဖွယ် အစွန်းနှစ်ဖက် ထွက်လျက်ရှိရာ၊ တစ်ဖက်သော အစွန်းသို့ စစ်သား ၆,၀၀၀ မျှလည်းကောင်း၊ အခြားအစွန်းသို့ လူ ၆,၀၀၀ မျှလည်းကောင်း၊ လျှို့ဝှက်စွာ သွားကြ၍ ရန်သူများကို တိတ်တဆိတ် ဝိုင်းညှပ်ထားရမည်။ တွာလာတို့လူစုမှာ "အဟိုက်" ထဲမှ ရန်သူများကိုသာ သတိပြုနေကြသော ကြောင့် အစွန်းနှစ်ဖက်မှ ဝိုင်းညှပ်ထားသော ရန်သူများကို သတိမပြုမိဘဲ ရှိကြလိမ့်မည်။ နောက်ဆုံးတွင် အချက်ပေးလိုက်သော အခါမှ အစွန်းနှစ်ဖက် စစ်သားများက ရန်သူကို တစ်ပြိုင်နက်တည်း ဝိုင်းညှပ် တိုက်ခိုက်ရမည်။ လက်ယာဘက်အစွန်း စစ်တပ်တွင် ဂွဒ် လိုက်ပါသွားရမည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၌ရှိသော စစ်သား ၁၈,၀၀၀ ကို အောက်ပါ အတိုင်း ခွဲဝေပြီးထားပြီ ဖြစ်နေပေတော့၏။

| | | |
|---|---|---|
| ဖောင်းဝတ်တပ်သား | – | ၃,၀၀၀ |
| ကျွဲပေါက်တပ်သား | – | ၃,၀၀၀ |
| လက်ယာအစွန်းတပ်သား | – | ၆,၀၀၀ |
| လက်ဝဲအစွန်းတပ်သား | – | ၆,၀၀၀ |
| | ပေါင်း | ၁၈,၀၀၀ |

ထိုအခါ၌ကား မွန်းတည့်ချိန် နီးနေပြီဖြစ်ရာ ကျွန်ုပ်တို့၏ အကြံမှာ တွာလာအား နောက်ထပ် စစ်သားများစုပေါင်းရန် အချိန်မပေးလိုသည် ဖြစ်၍၊ ထိုနေ့ညနေပင် ပြီးပြတ်အောင် တစ်ခါတည်း တိုက်ကြဖို့ ဖြစ်ရကား၊ ကျွန်ုပ်တို့သည် အထက်ပါနည်းအတိုင်း စီမံဆုံးဖြတ် ပြီးသောအခါတွင်၊ စားစရာများစား၍ အမောအပန်း ဖြေကြရန် လူစုခွဲလိုက်ကြလေ၏။

## အခန်း ၁၂
## ဖောင်းဝတ်တပ်၏ စွန့်စားပုံ

စစ်ချီတက်ရန် အချိန်တိုင်ရောက်လတ်သော် ကျွန်ုပ်တို့ သုံးယောက်မှာ တပေါင်းတစည်းတည်း ပြန်လည်ဆုံးစည်းဖို့ရန် အပုံတစ်ရာလျှင် ၅ ပုံမျှ လောက်သာ လမ်းရှိသည်ဟု တွက်ကိန်းရကြရကား၊ လက်တစ်ဖက်စီနှင့် ဆွဲယမ်းနှုတ်ဆက်ရခြင်းကို အားမရနိုင်သည်နှင့် နှစ်ဖက်စီ ကြာရှည်ဆွဲခါ လှုပ်ယမ်းကြ၏။ ဂုဒ်၏အသံမှာ တုန်ရီလျက်ရှိရာ ကျွန်ုပ်၏အသံမှာလည်း ထူးမခြားနားပင်ရှိ၍၊ ဆာဟင်နရီ တစ်ယောက်တည်းသာလျှင် ရယ်နိုင် မောနိုင် ရှိနေတော့၏။ စင်စစ်မှာ ဆာဟင်နရီသည် ဖောင်းဝတ်တပ်နှင့်အတူ လိုက်ပါရမည်ဖြစ်၍ ၎င်းစစ်တပ်မှာလည်း ပြုတ်ပြုတ်ပြုန်းသည်တိုင်အောင် ရှေ့ဆုံးမှ ခုခံတိုက်ခိုက်ရမည် ဖြစ်ရကား၊ ဆာဟင်နရီ မသေမပျောက် ပြန်ရောက်ဖို့လမ်းမှာ အပုံတစ်ရာလျှင် ဆယ်ပုံမျှပင် မရှိချေ။ သို့နှင့် ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်တို့အနက်တွင် ထိုညနေအဖို့၌ အူအရွှင်ဆုံး ဖြစ်နေနိုင်ခြင်းမှာ တိုက်ခိုက်ခြင်းအလုပ်၌ အလွန့်အလွန် ဝါသနာပါသောကြောင့်သာ ဖြစ်ရမည်ဟု တွေးထင်မိတော့၏။

ရီ။ ။'ကျုပ်တော့ သေဖို့နဲ့ ရှင်ဖို့မှာ မသာချဖို့က လမ်းများနေ ထင်ပါရဲ့။ သို့သော်....ဘယ်နေရာမှာ နေနေ တစ်နေ့တော့ သေရမှာ ချည်းပဲလေ၊ သေခြင်း သေရတော့ စစ်မြေပြင်မှာ သေရခြင်းဟာက





ယောက်ျားပီတယ်လို့ ပြောချင်တာပဲ။ ဒါထက် ကွာတာမိန်းမှာတော့ မသေလို့ နေရလျှင် စိန်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ပြန်ရဦးမလား မဆိုနိုင်ဘူး၊ ဒီလိုများဆိုလျှင် အင်္ဂလန်ပြန်ရောက်တဲ့အခါကျတော့ ကျုပ်အဖို့ မှတ်တိုင် ကလေးများ စိုက်ထူထားဖို့ မမေ့ကြပါနဲ့ဗျနော်' ....ဟု ရယ်မောကာ ပြောသေး၏။ ရယ်လျှင်သာ ရယ်ရမည်၊ ကျွန်ုပ်တို့ သုံးဦးမှာ နေရင်းဌာနနှင့် မိုင်ပေါင်းထောင်သောင်း ဝေးကွာသည့် အရိုင်းအစိုင်းများထဲသို့ ဘေးအန္တရာယ်အမျိုးမျိုး တွေ့ကြုံခဲ့ပြီးမှ ရောက်နေကြခြင်း ဖြစ်သောကြောင့်၊ တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုအရင်းမက တွယ်တာနေကြပြီဖြစ်၍၊ တစ်ယောက်၌ ဦးခေါင်းကိုက်သည် ဆိုခါမျှနှင့် နှစ်ယောက်မှာ နေမချည့်၊ ထိုင်မချည့် ရှိနေကြလေပြီ။ ဆင်းရဲဖော် ကောင်းစားဖက်ဖြစ်၍ သေတွင်းမှ အတူတကွ အကြိမ်ကြိမ် လွတ်ခဲ့ကြရသည်။ လူမျိုးတူ အချင်းချင်းသည် တစ်ရပ်တစ်ကျေး အဝေးတိုင်းပြည်များ၌ နေထိုင်ကြရသည့်အခါ အဘယ်မျှ လောက် ကြင်နာတွယ်တာခြင်း ရှိကြသည်ကို ပြော၍မယုံ ကြုံဖူးမှ သိနိုင် ကြပေလိမ့်မည်။

နေစောင်းလတ်သော် ဦးချိုစွန်းနှစ်ဖက်သို့ ချီတက်ရမည့် ၆,၀၀၀ တပ်ကြီး နှစ်တပ်တို့သည် ရန်သူများ မမြင်နိုင်စေခြင်းငှာ တောင်ပူစာ၏ အခြားဘက် ကမ်းပါးယံစောင်းမှ တိတ်ဆိတ်စွာ ချီတက်သွားကြလေရာ၊ နာရီတစ်ဝက်ခန့် ကြာသောအခါမှ "ဖောင်းဝတ်" တပ်ကြီးသည် လည်းကောင်း၊ ထိုနောက်မှ "ကျွဲပေါက်" တပ်ကြီးသည် လည်းကောင်း "အဟိုက်" ဆီသို့ ဆင်းသက်ကြလေ၏။ ၎င်းတပ်ကြီး နှစ်တပ်အနက် ဖောင်းဝတ်တပ်မှာ နံနက်ခင်းစစ်ပွဲ၌ သီးသန့်ဖယ်ရှားထားခဲ့သဖြင့် နောက်ဆုံးအချိန်တွင် အနည်းငယ်မျှလောက်သာ တိုက်ခိုက်ကြရသောကြောင့် လည်းကောင်း၊ "ကျွဲပေါက်တပ်" မှာလည်း လက်ဝဲဘက် တောင်ကလပ်အစွန်းတွင် တတိယ အဆင့် ခံတပ် ခုခံရသူများဖြစ်၍ တိုက်ခိုက်ခြင်း မပြုလိုက်ရသောကြောင့် လည်းကောင်း နှစ်တပ်လုံးမှ လူများမှာ လတ်ဆတ်စွာ ရှိနေကြပေ၏။

"ဖောင်းဝတ်" တပ်ကြီးသည် တစ်တန်းလျှင် စစ်သား တစ်ထောင်ခန့် ပါဝင်သည့် အတန်းကြီးသုံးတန်း ဖွဲ့လျက် ချီဆင်းသွားကြရာ၊ နောက်ဆုံး စစ်သားများသည် ကိုက် ၅၀၀ ခန့်သို့ ရောက်သွားကြသောအခါတွင် အီနိုစီ က "ကွဲပေါက်" တပ်နှင့် ဆက်၍ လိုက်လေ၏။ ဆာဟင်နရီသည် ဖောင်းဝတ်တပ်နှင့် လိုက်ပါသွား၍၊ ကျွန်ုပ်မှာ "ကွဲပေါက်" တပ်နှင့် အတူ လိုက်ရလေ၏။ ကျွန်ုပ်တို့ စစ်တပ်သည် တောင်ကလပ်စွန်းသို့ ရောက်ကြသောအခါ "ဖောင်းဝတ်" တပ်သည် "အဟိုက်" ကြီးထဲ၌ရှိသော လွင်ပြင်သို့ မရောက်မီ လမ်းတစ်ဝက်ခန့် ရောက်နေကြလေပြီ။ ထိုအတောအတွင်း၌ တွာလာ၏ စစ်တပ်များသည် "ဖောင်းဝတ်" တပ်ကို ပိတ်ဆို့ရန်အတွက် "အဟိုက်" ၏ အဝဆီသို့ ခပ်သုတ်သုတ် ချီတက်နေကြ၏။ "ဖောင်းဝတ်" တပ်ကြီးသည် "အဟိုက်" ၏အစွန်းတွင် တောင်ပူစာမှ ဆင်းခဲ့၍ "အဟိုက်" ၏ အလယ်ဗဟိုသို့ ရောက်ကြသောအခါ၊ သုံးတန်း တန်းလျက် ရပ်စောင့် နေကြလေ၏။ ကျွန်ုပ်တို့ "ကွဲပေါက်" တပ်ကမူ "ဖောင်းဝတ်" တပ်၏ နောက် ကိုက် ၁၀၀ ခန့်တွင်ရှိသော "အဟိုက်" ၏ အစွန်းတွင် ရပ်နေကြ၏။

တွာလာ၏ စစ်တပ်များသည် "ဖောင်းဝတ်" တပ်ဆီသို့ ချီတက် လာကြ၍ "အဟိုက်" ၏ အဝသို့ ရောက်ကြသောအခါ အဝမှာ ပေ ၉၀ ခန့်မျှသာ ကျယ်ဝန်းသဖြင့်၊ စစ်တပ်များအားလုံး မဝင်နိုင်ဘဲ တစ်ကြိမ်လျှင် တစ်တပ်မျှသာ ဝင်နိုင်ကြောင်း တွေ့ကြရ၏။ နံဘေးမှ ပန်းတက်ဝိုင်းဝန်း ရန်မှာလည်း မတ်စောက်လှသော တောင်ကမ်းပါးယံကြီး ခံနေသောကြောင့် မဖြစ်နိုင်ချေ။ မတိုက်ဘဲသော်လည်း နေရမည်၊ တိုက်လျှင်လည်း တစ်တပ် ချင်းသာ တိုက်ရမည် ဟူသော အခြေအနေမျိုး ဖြစ်နေခဲ့လေပြီ။

အတန်ငယ် ရပ်တန့်ဆင်ခြင်ပြီးနောက် တွာလာသည် ဗိုလ်မှူးကလေး များ ခေါ်ရံကာ အဝသို့ ရောက်လာ၍ အဝနှင့် အနီးဆုံးရပ်နေသော တပ် တစ်တပ်ကို ချီတက်ရန် အမိန့်ပေးလိုက်ရာ၊ ၎င်းတပ်သည် "ဖောင်းဝတ်" တပ်ဆီသို့ ညာသံပေးလျက် ဝင်လာလေ၏။ "ဖောင်းဝတ်" တပ်မှုကား





ငြိမ်လျက် စောင့်နေလေ၏။ ကိုက် ၄၀ ခန့် ကွာသောနေရာသို့ ရောက်ကြ သောအခါ နှစ်ဖက်လုံးမှ ပစ်ပေါက်လိုက်ကြသော ဓားများမှာ မိုးရွာသကဲ့သို့ ပျံ့ကြဲနေလေတော့၏။

နောက်တစ်ခဏ၌ "ဖောင်းဝတ်" တပ်ကြီးသည် ဝေါခနဲ ညာသံ ပေး၍ လှံများကိုမြှောက်ကာ ဝုန်းခနဲ ရှေ့သို့ ခုန်တိုးလိုက်ရာတွင်၊ တပ်ကြီး နှစ်တပ်တို့မှာ ကြောက်မက်ဖွယ်သော အသံကြီးဖြင့် ဂျိန်းခနဲ ထိတွေ့မိကြ လေ၏။ ဒိုင်းချင်းဒိုင်း၊ လှံချင်းလှံ၊ ပုဆိန်ချင်းပုဆိန် ထိုးခုတ် ထိတွေ့မိကြ သော အသံများမှာ နားပွင့်မတတ် ဆူညံနေလေတော့၏။ တပ်ကြီး နှစ်တပ် တို့သည် မိနစ်အနည်းငယ်မျှ ရှေ့တိုးနောက်ငင် ဖြစ်နေရာမှ၊ ရန်သူစစ်တပ် သည် ကြည့်ရင်းကြည့်ရင်း ငယ်၍ငယ်၍ သွားပြီးလျှင် သမုဒ္ဒရာ လှိုင်းကြီး သည် သောင်ကလေးကို မျိုလိုက်ဘိသည့်အလား "ဖောင်းဝတ်" တပ်သည် ရန်သူတပ်ကို လုံးလုံးမျိုလိုက် ပြီးခဲ့လေပြီ။ ရှင်းရှင်းဖော်ပြရသော် ရန်သူ စစ်တပ်မှ စစ်သားများမှာ နာကျင်သဖြင့် လည်းကောင်း၊ သေပြီးသဖြင့် လည်းကောင်း မြေပေါ်၌ လဲကျနေပြီဖြစ်၍ မတ်တတ်ရပ်လျက် တစ်ယောက် တလေမျှ မကျန်ရှိတော့ချေ။ "ဖောင်းဝတ်" တပ်မှာလည်း အပျက်အစီး မနည်းပါးလှချေ။ အတန်းကြီး သုံးတန်းအနက် တစ်တန်းလုံးလုံး ကုန်သွား ပြီ ဖြစ်သဖြင့် လူတစ်ထောင်ထက်မနည်း ကျဆုံးခဲ့လေပြီ။

သို့ရာတွင် "ဖောင်းဝတ်" တပ်ကြီးမှ လူများမှာ အနည်းငယ်မျှ တုန်လှုပ်ရွံ့ကြောက်သည့် လက္ခဏာမရှိဘဲ၊ ကွဲသွားသော နေရာများတွင် လူစားထိုးသွင်း၍ ပခုံးချင်းယှဉ်ရပ်ကာ နေကြလျက် နောက်လာမည့် ရန်သူ စစ်တပ်ကို စောင့်မျှော်ကာ ကြည့်နေကြလေ၏။ တကယ့်သတ္တိခဲများပေ တည်း။ ဥရောပတိုက်မှ လူယဉ်ကျေးများဆိုသော စစ်သည်တော်များပင်လျှင် ဤမျှထက် ထူးကဲအောင် သတ္တိပြနိုင်ကြရန် နည်းလမ်း မရှိတော့ချေ။ ကျွန်ုပ် မှာမူ ၎င်းတို့အနက်တွင် အရေးအကြီးဆုံး လူတစ်ယောက်ကို မျက်စိဖြင့် အနှံ့အပြား လိုက်ကြည့်ရာ၊ ရွှေရောင်မုတ်ဆိတ်ကြီး တဖွားဖွားနှင့် လူများ

ကို နေရာအစီအစဉ် ချထားပေးနေသော ဆာဟင်နရီကြီးကို မြင်ရသော အခါမှ အသက်ရှူ ချောင်ချိသွားပေတော့၏။

ထိုအတောအတွင်း၌ ဖောင်းဝတ် တပ်ကြီးသည် ရှေ့သို့ ကိုက်အနည်းငယ် တိုးရွေ့တက်သွားသည် ဖြစ်၍ ကျွန်ုပ်တို့ ကွဲပေါက်တပ်သည် ၎င်းတို့၏ နေရာသို့ တိုး၍ လိုက်ကြပေရာ၊ လေးထောင်ခန့်သော လူများ အတုံးအရုံး လဲလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်မှာ နလုံးနာမိသေး၏။ ဒဏ်ရာနှင့် လဲနေသော ရန်သူများကို သတ်ပစ်ရသောထုံးစံ ရှိသော်လည်း အီနိုစီက ထိုကဲ့သို့ မပြုရန် တားမြစ်သည်ကို တွေ့ရသဖြင့်၊ ကျွန်ုပ်တို့ထံမှ ယဉ်ကျေးသော အမူအရာများကို အတုယူဖော် ရလေပြီဟု ဝမ်းမြောက်မိ၏။

ထိုအတောအတွင်း၌ ငှက်မွေး အဖြူများကို စိုက်ထားသည့် ဒုတိယ စစ်တပ်တစ်တပ် ချီတက်လာပြန်ရာ၊ ဖောင်းဝတ်တပ်သားများမှာ အရေးအတွက် ယုတ်လျော့နေခဲ့ပြီ ဖြစ်သော်လည်း ယခင်ကနည်းတူ တွန့်ခြင်း ဆုတ်ခြင်း မရှိဘဲ ခုခံတိုက်ခိုက်ကြပြန်၏။ ဤအကြိမ်၌ကား ပထမတပ်နှင့် တိုက်ရစဉ်ကကဲ့သို့ အနိုင်အရှုံးကို လျင်မြန်စွာ ပိုင်းခြားရန် မဖြစ်နိုင်ချေ။ တစ်ခါက ဖောင်းဝတ်တပ်က အရေးနိမ့်ကျတော့မည်ဟူ၍ပင် တွေးထင်လိုက်ရသေး၏။ ၎င်းရန်သူစစ်တပ်မှာ လူငယ်ကလေးများချည်းသက်သက် ရွေးကောက်ဖွဲ့စည်းထားသော စစ်တပ်ဖြစ်ရကား၊ သွက်လက်လျင်မြန်ခြင်းသည် ဝါရင့်ခြင်းထက် အရေးပါတော့မည်ကဲ့သို့ မှတ်ထင်လိုက်ရသေး၏။ ကျဆုံးလိုက်ကြသည်မှာ ကြောက်ခမန်းလိလိ ဖြစ်နေ၍ တစ်မိနစ်လျှင် လူပေါင်း သုံးလေးရာမျှ တဖိုင်းဖိုင်း လဲကျနေတော့၏။ လှံသံ၊ ပုဆိန်သံ၊ ဒိုင်းသံတို့ဖြင့် ဆူညံနေသည့်အတွင်း ရန်သူ၏ဗိုက်ကို လှံနှင့် ထိုးလိုက်သော အခါများ၌ ထိုးလိုက်သောသူ၏ ပါးစပ်မှ "ဆဂီး .... ဆဂီး" ဟု အော်မြည်လိုက်သော အသံများသည် အခြားအသံများကို ဖောက်ထွင်းလွှမ်းမိုး ထွက်ပေါ်လာလေသေး၏။

လူငယ်တပ်သည် သတ္တိအရာ၌ တူညီသည် ထားဘိဦး။ စည်းစနစ်





သေဝပ်၍ မယိမ်းမယိုင် ကျောက်တိုင်ကြီးများသဖွယ် မြဲခိုင်သည့် ဝါရင့်ကြီးများ ဖွဲ့စည်းထားသော ဖောင်းဝတ်တပ်၏ဒဏ်ကို ကြာရှည်စွာ မခံမရပ်နိုင်ချေ။ တစ်ကြိမ်ပြီးတစ်ကြိမ် တစ်ဆင့်ပြီးတစ်ဆင့် ဆက်ကာဆက်ကာ ပြေးဝင်ဘိုက်ခိုက်ကြသော လူငယ်တပ်ကို အကြိမ်တိုင်း အကြိမ်တိုင်း တွန်းလှန်ပြီးနောက်၊ ဆာဟင်နရီ၏ နက်ကျယ်သော အသံမောင်းကြီးသည် လေထဲတွင် သိမ့်ခနဲ လွှမ်းမိုးထွက်လာ၍၊ ၎င်းက အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဖောင်းဝတ်တပ်သည် ရပ်၍ခံသော တိုက်နည်းမှ လိုက်၍တိုက်သော တိုက်နည်းသို့ ရုတ်တရက် ပြောင်းလဲ၍ ရှေ့သို့ တစ်ဟုန်ထိုး လိုက်တိုက်ရာတွင်၊ လူငယ်တပ်လည်း ဖရိုဖရဲ ကြဲလွင့် ထွက်ပြေးကြလေကုန်၏။ ဖောင်းဝတ်တပ်မှာ ဒုတိယအကြိမ် အောင်မြင်ခဲ့ကြပြန်လေပြီ။ သို့ရာတွင် စောစောက လူပေါင်း ၃,၀၀၀ အနက် မတ်တတ်ရပ်လျက် ကျန်သေးသော အရေအတွက်မှာ ၆၀၀ ထက် များတော့မည် မထင်ပေ။

အံ့ဩဖွယ်ကောင်းလှသော အခြင်းအရာတစ်ခုမှာ ကြွင်းကျန်သော လူ ၆၀၀ တို့သည် ကွဲပေါက်တပ်ဆီသို့ ဆုတ်၍ ပူးပေါင်းမည့်အစား၊ ရှေ့ ကိုက်တစ်ရာခန့်တွင်ရှိသော "ကမူ" ကလေးတစ်ခုသို့ ပြေးတက်သွား၍ "ကမူ" ကို သုံးထပ်ရစ်ကာ စောင့်နေကြလေတော့၏။ ဆို[illegible]မှာ စက်ဝိုင်းတစ်ဝိုင်းလျှင် လူ ၂၀၀ ခန့်ရှိသည့် စက်ဝိုင်းသုံးဝိုင်း ဖွဲ့စည်းကာ ရပ်နေကြလေ၏။ ၎င်းတို့အနက်တွင် ဆာဟင်နရီနှင့် အင်ဖာဒူးတို့ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်မှာ ဝမ်းသာမိပေ၏။ နောက်တစ်ခဏ၌ တွာလာ၏ စစ်သားများသည် ဖောင်းဝတ်တပ်ရှိရာ "ကမူ" ကလေးဆီသို့ ပြေးဝင်လာကြလေပြီ။

ရန်သူစစ်တပ်တစ်တပ်သည် "ဖောင်းဝတ်" တပ်ကို တစ်ဖက်သော နံဘေးမှ တိုက်ခိုက်မည်အပြုတွင်၊ ကျွန်ုပ် နံဘေးမှ ရပ်လျက်ရှိသော အီနိုစီသည် "ကွဲပေါက်" တပ်ကို ရုတ်တရက် ရှေ့သို့ချီတက်စေ၍ ရန်သူစစ်တပ်ကို နံဘေးတစ်ဖက်မှ ပြေးဝင်တိုက်ခိုက်လေ၏။ ယခင်က အဖြစ်အပျက်များကိုမူ ကျွန်ုပ်သည် နံဘေးမှ ရပ်ကြည့်နေရသောကြောင့် အစုံအလင်

ဖော်ပြနိုင်ခဲ့သော်လည်း၊ ယခုမှာမူ ကိုယ်တိုင်ပါဝင် တိုက်ခိုက်နေရပြီ ဖြစ်သောကြောင့် ဘာမျှ မသဲကွဲတော့ဘဲ အော်သံ၊ ဟစ်သံ၊ ညာသံ၊ ညည်းသံများဖြင့် နားထဲတွင် ပွက်ပွက်ရိုက် ဆူညံရှုပ်ထွေး နေပေတော့၏။

တစ်ခါက ကျွန်ုပ်သည် "ကျွဲပေါက်" တပ်သားများအကြားတွင် ညပ်လျက် ရှေ့သို့ပါသွား၍ "ကမူ" ကလေးအနီးသို့ ရောက်သွားလေရာ၊ ရန်သူစစ်တပ်က တွန်းလှန်လိုက်ရာတွင် "ကျွဲပေါက်" တပ်လည်း နောက်သို့ ခေတ္တ ပြန်ဆုတ်သွားရလေ၏။ ထိုအခိုက်တွင် ဆာဟင်နရီသည် ကျွန်ုပ်ကို မြင်လိုက်သည်နှင့် "ဖောင်းဝတ်" တပ် စက်ဝိုင်းအတွင်းသို့ ဆွဲသွင်းထားလိုက်ရကား၊ ကျွန်ုပ်မှာ "ကျွဲပေါက်" တပ်နှင့် ကွဲ၍ "ဖောင်းဝတ်" တပ်ထဲသို့ ရောက်နေလေတော့၏။

ထိုအတောအတွင်း ရန်သူများသည် အနည်းငယ်မျှသာ ကြွင်းကျန်နေသော "ဖောင်းဝတ်" တပ်ကလေးကို တစ်ကြိမ်ပြီးတစ်ကြိမ် တိုက်ခိုက်လေရာ၊ "ဖောင်းဝတ်" တပ်သားများကလည်း တစ်ကြိမ်ပြီးတစ်ကြိမ် တွန်းလှန်နိုင်သည်သာ ဖြစ်၏။ ဆာဟင်နရီမှာ ဦးခေါင်းကိုချိန်၍ ထိုးလိုက်သောလှံချက်တစ်ချက်ကြောင့် ငှက်မွေးကြီး ပြုတ်ကျသွားသဖြင့် ၎င်း၏ ရွှေရောင်ရှိသော ဆံပင်များသည် လေထဲတွင် ဝဲလျက်ဝဲလျက် လွင့်နေရာ ၎င်း၏ ပုဆိန်၊ လှံ၊ ဒိုင်း၊ အဝတ် စသည်တို့၌ ရန်သူများ၏ သွေးများဖြင့် ရဲရဲနီလျက်ရှိနေပေ၏။ ၎င်း၏ ပုဆိန်ချက်ကို မည်သည့်ရန်သူမျှ ခံနိုင်သည်မရှိဘဲ တုံးခနဲ တုံးခနဲ လဲကျသွားရသည်သာ ဖြစ်ပေ၏။ ဆာဟင်နရီသည် ပုဆိန်ကြီး မြှောက်၍ တအားခုတ်ပိုင်းလေ့ရှိရာ ထိလိုက်သော နေရာများ၌ ဒိုင်းသော်လည်းကောင်း၊ လှံသော်လည်းကောင်း၊ ဆံပင်သော်လည်းကောင်း၊ ဦးခွံ သော်လည်းကောင်း မခံနိုင်ဘဲ ထက်ပိုင်းကွဲကျသွားသည်သာ ဖြစ်ချေ၏။ နောက်ဆုံး၌ ရန်သူများသည် ဆာဟင်နရီနှင့် တစ်ယောက်ချင်း တိုက်ရမည့် အရေးကို ခပ်ရှောင်ရှောင်လုပ်ကြ၍ မလွှဲမရှောင်သာသော သူတို့သာလျှင် ၎င်းနှင့် တိုက်ကြလေတော့၏။





ကျွန်ုပ်သည် ဆာဟင်နရီ၏ အားရအောင်တိုက်ပုံကို အားကျလျက် ကိုယ့်တာဝန်ကိုယ် တတ်နိုင်သမျှ တိုက်ခိုက်လျက်ရှိစဉ် 'တွာလာဟေ့ .... တွာလာဟေ့ ....' ဟု ပြောသံများ ကြားလိုက်ရ၏။ ကြည့်လိုက်သောအခါ ဒိုင်းနှင့်လှံတို့ကို ကိုင်ကာ လူအုပ်ကြီးထဲမှ တိုးဝှေ့ထွက်လာသည့် လူထွားကြီး တွာလာကို မြင်ရလေ၏။

'ငါ့သားကို သတ်တဲ့လူဖြူ ဘယ်မှာလဲ၊ ငါ့ကို သတ်နိုင်ရဲ့လား။ ကြည့်စမ်းရအောင်' ဟု ဆိုကာ၊ တွာလာသည် ဆာဟင်နရီထံ ဇွတ်ဇွတ်ရွတ်ရွတ် တိုးဝင်သွားလေ၏။ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တွာလာသည် လက်ပစ်ဓားကြီးတစ်ချောင်းနှင့် ဆာဟင်နရီကို ပစ်ပေါက်လိုက်ရာ၊ ချိန်သည့်အတိုင်း တည့်တည့်ကြီး ဇွတ်ဝင်သွားသော်လည်း၊ ဆာဟင်နရီက မျက်စိရှင်သည့်အတွက်ကြောင့် ဒိုင်းနှင့် ခံလိုက်သဖြင့် ဓားသည် ဒိုင်းတွင် တန်းလန်းကြီး စူးစိုက်နေလေတော့၏။ နောက်တစ်ခဏ၌ တွာလာသည် ဆာဟင်နရီထံသို့ ခုန်ဝင်၍ ပုဆိန်ကြီးနှင့် လွှဲပြီးခုတ်လိုက်ရာ၊ ဆာဟင်နရီက ဒိုင်းနှင့်ကာလိုက်သဖြင့် ပုဆိန်သည် ဒိုင်းကိုသာ ခုတ်မိသော်လည်း၊ အလွန့်အလွန် ပြင်းထန်သော ပုဆိန်ချက်ကြောင့် အလွန်ဗလကောင်းလှသော ဆာဟင်နရီပင်လျှင် ဒူးထောက်လျက် ကျသွားသေး၏။

သို့ရာတွင် ထိုသူနှစ်ယောက်တို့မှာ ထိုအကြိမ်တွင် ဤမျှထက်ပို၍ တိုက်ခွင့်မရကြချေ။ အကြောင်းမူကား ကျွန်ုပ်သည် ညာသံများ ကြားရသည်နှင့် လှမ်းကြည့်လိုက်သောအခါ၊ လက်ဝဲနှင့် လက်ယာရှိ ဦးချိုစွန်းတို့မှ ကျွန်ုပ်တို့၏ စစ်တပ်များက တစ်ပြိုင်နက်တည်း ဝိုင်းညှပ်ကိုက်လိုက်ကြသဖြင့်၊ ရန်သူများသည် "အဟိုက်" ကြီး အပြင်သို့ ဆုတ်ခွာထွက်ပြေးကြရသောကြောင့် ပေတည်း။ စစ်တပ်တို့မည်သည်မှာ တစ်ယောက် လန့်သည်ကို မြင်ရသောအခါတွင် လန့်ဖျပ်ခြင်း ကူးစက်သွားတတ်သည်ဖြစ်ရာ၊ "အဟိုက်" တွင်းမှ စစ်သားများ လန့်ဖျပ် ပြေးလွှားလာကြသည်ကို မြင်ကြရသောအခါ၌၊ အပြင်မှ စောင့်နေသော စစ်တပ်များသည်လည်း တားမနိုင်

ဆီးမရဖြစ်လျက် လန့်ဖျပ်ထွက်ပြေးကြလေကုန်၏။ ကျွန်ုပ်တို့ အောင်မြင်ကြလေပြီ။

"အဟိုက်" ကြီး အတွင်း၌ကား တုံးလုံးပက်လက်လဲလျက် သေနေလိုက်ကြသည့် အလောင်းများမှာ "တောင်ပုံ ရာပုံ" ဖြစ်နေလေတော့၏။ ကျွန်ုပ်တို့ နိုင်နင်းရခြင်း၏ အကြောင်းရင်းဖြစ်သော "ဖောင်းဝတ်" တပ်ကြီးမှာကား လူပေါင်း ၃,၀၀၀ ကျော်အနက် ၉၅ ယောက်မျှသာ မတ်တတ်ရပ်လျက် ကျန်ရစ်ပေတော့၏။

မျှားမကြာမီ အီနိုစီသည် ကြွင်းကျန်သော တပ်သားများကို စုရုံးပြီးနောက် လူးမြို့ဆီသို့ ချီတက်သွားရာ၊ ၎င်း၏အကြံမှာ ရန်သူများ ထိတ်လန့်ပြေးလွှားနေကြသဖြင့် ပြန်လည်စုပေါင်းရန် မတတ်နိုင်မီ မြို့နှင့် ဘုရင်တို့ကို တစ်ခါတည်း ဖမ်းဆီးသိမ်းပိုက်လိုက်ရန် ဖြစ်ပေ၏။ ကျွန်ုပ်တို့ မျှော်ကြည့်နေကြစဉ် စေတမန်တစ်ယောက် ရောက်လာ၍ အင်ဖာဒူးနှင့် ကျွန်ုပ်တို့လူစုအား လူးမြို့ထဲသို့ လိုက်ခဲ့ရန် အီနိုစီက မှာကြားသွားသည်ဟု ပြောသည်နှင့် လိုက်ကြမည်ပြုစဉ်၊ ဂွဒ်လည်း အဆင်သင့်ရောက်လာ၍ ကျွန်ုပ်တို့အားလုံး မြို့ဆီသို့ ထွက်လာခဲ့ကြလေ၏။ ဖောင်းဝတ်တပ်မှ ကျန်သေးသော စစ်သား အနည်းငယ်မှာမူ ခြေလက်များကိုပင် မလှုပ်ရှားနိုင်တော့သဖြင့် "ကမူ" ၌ပင် နေရစ်ကြရလေတော့၏။

လူးမြို့ တံခါးဝသို့ ရောက်ကြသောအခါ "ကျွဲပေါက်" တပ်နှင့် အီနိုစီကိုတွေ့ရာ၊ အခြားသော တံခါးပေါက်များတွင်လည်း အီနိုစီ၏ အမိန့်အရ ကျွန်ုပ်တို့၏ စစ်တပ်အသီးအသီး ဝိုင်းလျက်ရှိသည်ဟု သိရှိရ၏။ ဘုရင်တွာလာမှာလည်း လူးမြို့ထဲတွင် ရှိနေ၏။ ၎င်း၏စစ်သည်တော်များမှာ အလွန်အားလျော့ စိတ်ပျက်လျက် ရှိကြသည်ဟု သူလျှိုတစ်ယောက်ထံမှ ကြားသိရ၏။ သို့ဖြစ်၍ အီနိုစီသည် ကျွန်ုပ်တို့လူစုနှင့် တိုင်ပင်ပြီးနောက် လက်နက်ချ၍ အရှုံးပေးသော စစ်သားဟူသမျှအား အသက်ဘေးမှ ချမ်းသာပေးမည့် အကြောင်းကို တံခါးလေးပေါက်တို့မှ မောင်းကြေးနင်းခတ်၍





ကြေညာစေ၏။ နောက်များမကြာမီ ရန်သူများသည် ဖြုတ်ထားသော ကျုံးကူးတံတားကြီးကို ချပေးလိုက်သည့်ပြင် မြို့တံခါးကိုလည်း ဖွင့်လှစ်ပေးလိုက်ရကား၊ ကျွန်ုပ်တို့၏ တပ်သားများသည် ဝမ်းမြောက်ဝမ်းသာ ညာသံပေးလျက် မြို့တွင်းသို့ ဝင်သွားကြလေ၏။

အီနိုစီနှင့် ကျွန်ုပ်တို့လူစုသည် "ကျွဲပေါက်" တပ် ခြံရံလျက် မြို့တွင်းလမ်းများတစ်လျှောက် သတိ ဝီရိယနှင့် လျှောက်လာကြစဉ်၊ တွာလာ၏ စစ်သားများမှာ အကြီးအကျယ် စိတ်ပျက်အားလျော့သော အမူအရာနှင့် လမ်းများနံဘေးတွင် မှိုင်တွေချလျက် ရှိကြသည်များကို တွေ့ကြရ၏။

ကျွန်ုပ်တို့သည် တွာလာ၏ တဲကြီးသို့ တည့်တည့်ချီတက်သွားကြ၍ ယမန်ညဥ့်က စစ်သားများ၊ မိန်းမပျိုများဖြင့် ပြည့်နှက်လျက် ရှိခဲ့ဖူးသော ကွက်လပ်ကြီးမှာ တိတ်ဆိတ်စွာ ရှိနေပေရာ၊ ကွက်လပ်ကြီး၏နံဘေးရှိ တဲကြီးရှေ့တွင်မူကား ဦးခေါင်းငိုက်စိုက်နှင့် ထိုင်လျက်ရှိသော တွာလာကို တွေ့ရ၏။ အားလုံးသော ကျေးကျွန်များသည် တွာလာကို ပစ်ထားကြဟန်တူပေရာ၊ အမယ်အိုကြီး ဂါဂူလ တစ်ယောက်တည်းသာလျှင် အနီးတွင် ငုတ်တုတ်ထိုင်လျက် ရှိလေတော့၏။

တွာလာနှင့် ကိုက် ၅၀ ခန့် ကွာသောနေရာသို့ ရောက်ကြသောအခါ အီနိုစီသည် စစ်တပ်ကို ရပ်တန့်စေ၍၊ ကိုယ်ရံစစ်သား အနည်းငယ်နှင့် ကျွန်ုပ်တို့ လူစုကိုသာခေါ်လျက် တွာလာအနီးသို့ လျှောက်လာကြ၏။ ရှေ့တည့်တည့်သို့ ရောက်ကြသောအခါမှ တွာလာသည် ဦးခေါင်းကိုမော့၍ အလွန် မုန်းတီးလှသော မျက်နှာထားဖြင့် အီနိုစီကို စိုက်ကြည့်လိုက်ရာ၊ ၎င်း၏ တစ်လုံးတည်းသော မျက်လုံးသည် နဖူး၌ စည်းထားသည့် စိန်ကြီးကဲ့သို့ပင် မီးတလက်လက် ထွက်လျက် ရှိပေတော့၏။

လာ။ ။'သားရေပေါ်အိပ်၍ သားရေနားစားသည့် ခွေ့သည်၊ အရိပ်ကိုခို၍ အခက်ကိုချိုးသည့် တစ်ပြည်သား ကြယ်တာရာသားများ၏ အောက်လမ်းအတတ်ကြောင့် ငါတို့ကို နိုင်ပါပေပြီ။ ငါ့အဖို့ အဘယ်သို့

စီရင်ချက် ချပါမည်နည်း ဘုရင်မင်းမြတ်ကြီး' ဟု လှောင်ပြောင်သော လေသံမျိုးနှင့် မေးလိုက်၏။

စီ။ ။'ငါ့မွေးသဖခင်ကို သင် စီရင်ခဲ့ဖူးသည့်အတိုင်း သင့်ကို ငါ စီရင်ရလိမ့်မည်'

လာ။ ။'ကောင်းပါပြီ ....သို့သော် ငါတို့ ကုကုယာနားပြည်သားထုံးစံအတိုင်း မသေမီ ငါ တောင်းသော ဆုတစ်ခုကို ပေးပါမည်လော'

စီ။ ။'ငါ တတ်နိုင်လျှင် ပေးမည်၊ တောင်းလေလော့'

လာ။ ။'ငါကား စစ်တိုက်ရင်း သေလိုသည်။ သင်တို့လူစုထဲမှ တစ်ယောက်ပြီးတစ်ယောက် ငါနှင့်တိုက်၍ ငါ မသေမချင်း တစ်ယောက်စီ တက်စေလိုသည်'

စီ။ ။'ကောင်းပြီ၊ သင် တောင်းသောဆုကို ငါ ပေးမည်။ ငါမှတစ်ပါး သင် တိုက်လိုသောသူကို ရွေးချယ်ပေလော့။ ငါမူကား ဘုရင်ဖြစ်၍ ဘုရင်တို့မည်သည်မှာ စစ်မြေပြင်မှတစ်ပါး ရန်သူများနှင့် တိုက်ရသောထုံးစံမရှိကြောင်း သင် သိပြီးအတိုင်း ဖြစ်သည်'

ထိုနောက် တွာလာသည် လူရွေးချယ်မည်ဟု ကျွန်ုပ်တို့လူစုကို ကြည့်လိုက်ရာ ကျွန်ုပ်နှင့် မျက်စိချင်း ဆိုင်လိုက်မိသော တစ်ခဏ၌ ကျွန်ုပ်ကို ရွေးချယ်လိုက်လျှင် ခက်ချေတော့မည်ဟု ထိတ်ခနဲ ဖြစ်သွားသေး၏။ စစ်မြေပြင်၌ တိုက်ရခြင်းကား ကိစ္စမရှိ ထားဘိဦး၊ ကျွန်ုပ်ထက် လက်ခုပ်တစ်ဖောင်ခန့်မြင့်သော လူရိုင်းတစ်ယောက်နှင့် လူရိုင်းနည်းအတိုင်း ပုဆိန်နှင့်တိုက်ရမည်ဆိုသော်၊ သေရမည်မုချ ဖြစ်သောကြောင့် မည်ကဲ့သို့ ဆင်ခြေပေးရမည်ဟုပင် တွေးတောနေမိသေး၏။ သို့သော် မောင်မင်းကြီးသားတွာလာသည် ကျွန်ုပ်ကို ကျော်လွန်၍ ဆာဟင်နရီကို ပုဆိန်ကြီးဖြင့် ညွှန်ပြလျက် 'အသို့နည်း ဆင်ဖြူကြီး၊ သင်နှင့် ကျွန်ုပ်တို့ ယနေ့ စ မိပြီးသော တိုက်ပွဲကို ဤနေရာတွင် လက်စသတ်ရလျှင် မကောင်းပါလော' ဟု မေးလိုက်၏။ ထိုအခါ အီနိုစီက 'မတိုက်ပါလေနှင့် အရှင်ကြီး' ဟု ဝင်၍ တားသေး၏။





လာ။ ။'သူ ကြောက်လျှင်တော့ မတိုက်ချင် မတိုက်ပါစေနှင့်။ လူဖြူတွေဟာ အသားဖြူသလောက် သွေးလည်းဖြူတယ်လို့ ကုကုယာနားများက ပြောရစ်ကြရုံ ရှိတာပေါ့'

ကျွန်ုပ်က စကားပြန်လုပ်၍ ပြောပြရင်း အင်္ဂလိပ်ဘာသာဖြင့် တားသေး၏။

ရီ။ ။'ဖြူတယ်၊ နီတယ် သိကြရအောင် တိုက်မယ်၊ ပြင်သာ ပြင်ပေစေတော့' ဟု ပြောလိုက်သောအခါ ကျွန်ုပ်၊ အီနိုစီနှင့် ဂွဒ်တို့မှာ ဖြစ်ရပလေခြင်းဟု အောက်မေ့ကြရတော့၏။

အီနိုစီမှာ ဆာဟင်နရီ၏ တင်းမာခိုင်မြဲသော စိတ်သဘောကို ရိပ်မိပြီး ဖြစ်သောကြောင့် တားမြစ်ရန် မကြိုးစားတော့ဘဲ တိုက်ပွဲကိုသာ ပြင်ဆင်စေတော့၏။

ထိုအချိန်၌ကား နေဝင်ဖို့ နာရီတစ်ဝက်ခန့်မျှသာ လိုတော့သည် ဖြစ်ရာ၊ ဆာဟင်နရီနှင့် တွာလာတို့သည် ကွက်လပ်ကြီးသို့ ထွက်ကြ၍ ဒိုင်း၊ ပုဆိန်၊ ဓား စသော လက်နက်များ ကိုယ်စီဆောင်ကြလျက် မျက်နှာချင်းဆိုင်ကာ တစ်ခဏမျှ စိုက်ကြည့်နေကြသေး၏။ ၎င်းတို့ နှစ်ယောက်လုံးမှာ အရပ် ၆ ပေကျော် မြင့်ကြ၍ လူလုံးလူဖန်များမှာလည်း အရပ်ကြီးနှင့်လိုက်အောင် တုတ်ခိုင်ကြပေရကား ....အလွန်ဘက်ညီလှသော လူနှစ်ယောက်ဖြစ်၍ လောင်းစားလိုသူများ ရှိခဲ့လျှင် "ဆ တူ" လောင်းစားထိုက်သူ နှစ်ယောက် ဖြစ်ပေ၏။

တစ်ခဏမျှ ရပ်ကြည့်နေကြပြီးနောက် လူနှစ်ယောက်တို့သည် ပုဆိန်ကြီးများကို မြှောက်ကာ တစ်ယောက်ကိုတစ်ယောက် ချာလပတ် ရစ်ပတ်လှည့်လည်နေကြ၏။ နောက်တစ်ခဏ၌ ဆာဟင်နရီသည် ရှေ့သို့ ရုတ်တရက် ခုန်တိုး၍ တွာလာ၏ ဦးခေါင်းကို ပုဆိန်ကြီးနှင့် တအားလွှဲကာ ခုတ်လိုက်ရာ၊ တွာလာသည် နံဘေးသို့ ပေါ့ပါးလျင်မြန်စွာ ခုန်လျက် တိမ်းရှောင်လိုက်၏။ ဆာဟင်နရီမှာ အားကုန်ထုတ်၍ ခုတ်လိုက်ခြင်း ဖြစ်သော

ကြောင့် တွာလာကို မထိဘဲ ရှိရာတွင် ၎င်းကိုယ်တိုင် ယိမ်းယိုင်လျက် ခြေလှမ်း ပျက်သွားလေရကား၊ တွာလာသည် အခွင့်ကောင်းကို သိမြင်သူ ဖြစ်သည့်အတိုင်း မိမိ၏ ပုဆိန်ကြီးကိုမြှောက်၍ ဆာဟင်နရီကို အားကုန် ခုတ်လိုက်၏။ ကျွန်ုပ်မှာ ဟန်ပျက်နေသော ဆာဟင်နရီကို မြင်ရသောကြောင့် "သွားရှာ ရှေ့ဟဲ့" ဟု အောက်မေ့မိလိုက်၏။ သို့ရာတွင် ဆာဟင်နရီသည် လက်ဝဲလက်ကို မြှောက်၍ ပုဆိန်လာမည့်လမ်းတွင် ဒိုင်းဖြင့် ဆီးကာလိုက်ရာ၊ ပုဆိန်သည် ဒိုင်း၏အစွန်းကို ရှိတ်ခနဲ တိဖြတ်ပြီးနောက် ဆာဟင်နရီ၏ လက်ဝဲပခုံးကို ခြစ်မိချေသေး၏။ နောက်တစ်ခဏ၌ ဆာဟင်နရီသည် ဒုတိယအကြိမ် ပုဆိန်နှင့် ခုတ်လိုက်ပြန်ရာ၊ တွာလာက ဒိုင်းနှင့်ပင် ကာကွယ်နိုင်ပြန်၏။ ထိုနောက် တစ်ယောက်သည် တစ်ယောက်အား ပုဆိန်ကြီးများဖြင့် သူတစ်ပြန် ငါတစ်ပြန် ခုတ်ထစ်နေကြရာ ဒိုင်းနှင့် ခံလိုက်သည် ဖြစ်စေ၊ ငုံ့၍ ရှောင်လိုက်သည်ဖြစ်စေ၊ နောက်သို့ ဆုတ်တိမ်းလိုက်သည် ဖြစ်စေ ပြုနိုင်ကြသည်သာ ဖြစ်သောကြောင့် မည်သူမျှ ဒဏ်ရာဒဏ်ချက် မရရှိနိုင်ချေ။ ထိုအခါ၌ကား တိုက်ခိုက်သူ နှစ်ယောက်တို့သာလျှင် သွေးပူလာကြသည် မဟုတ်၊ နံဘေးမှ ရပ်၍ကြည့်ရသော စစ်သားများပင်လျှင် စစ်စည်းကမ်းကို သတိမရနိုင်ကြတော့ဘဲ၊ ရှေ့သို့တိုးကာ ဆူညံစွာ ဩဘာပေးကြလေ၏။

ဆာဟင်နရီသည် တွာလာ၏ ပုဆိန်ချက်ကို ဒိုင်းဖြင့် ခံလိုက်ပြီးနောက် သွေးပူလာသဖြင့် တိုး၍ သွက်လက်လာသည်အတိုင်း၊ ပုဆိန်ကြီးကို မြှောက်ယမ်းကာ ခွန်အားရှိသမျှ ညှစ်ထုတ်ခုတ်ခွဲချလိုက်ရာ၊ ပုဆိန်သည် တွာလာ၏ ဒိုင်းကိုဖောက်ထွင်း၍ သားရေနောက်မှ ထည့်ထားသော သံနန်းကြိုးများကို ဖြတ်ပြီးလျှင် တွာလာ၏ပခုံးကို ပြဲသွားစေသေး၏။ ထိုအခါ တွာလာသည် ပုဆိန်ချက်ကြောင့် နာလည်းနာကျင်၊ ဒေါသလည်း ထွက်သည်နှင့် ကြောက်မက်ဖွယ် အသံကြီးဖြင့် မြည်အော်လျက် ဆာဟင်နရီ၏ ပုဆိန်ချက်ကို အတိုးနှင့် ပြန်ချလိုက်ရာ၊ ပုဆိန်သွားသည် ဆာဟင်နရီ၏ ပုဆိန်ရိုး





ကို တိခနဲ ပြတ်စေသဖြင့်၊ ဆာဟင်နရီမျက်နှာကို အဖျားခတ်လျက် လက်လေးသစ်ခန့်မျှ ပြဲသွားစေ၏။ ဆာဟင်နရီ၏ ပုဆိန်လက်ကိုင်ရိုးမှာ ကြံ့ဦးချိုဖြင့် ပြုလုပ်ထားသည့်ပြင် သံနန်းကြိုးများ အထပ်ထပ် ရစ်ပတ်ထားသည် ဖြစ်သောကြောင့် အဘယ်မျှလောက် ပြင်းထန်သော ပုဆိန်ချက်ဖြစ်သည်ကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။

ထိုအခါ ဆာဟင်နရီ၏ ပုဆိန်ခေါင်းကြီးသည် လက်ကိုင်ရိုးမှ ပြတ်ကျလာ၍ လက်ထဲတွင် ကြံ့ဦးချိုရိုးကြီးမျှသာ ကိုင်လျက် ကျန်ရစ်လေရကား၊ "ကျွဲပေါက်" တပ်သားများသည် လန့်ဖျပ်ကာ ဟစ်အော်မိလိုက်ကြသေး၏။ တွာလာကမူ ဆာဟင်နရီထံတွင် လက်နက်မရှိတော့သည်ကို သိမြင်သဖြင့် ရှေ့သို့ အတင်းတိုး၍တိုး၍ လိုက်လေ၏။ ကျွန်ုပ်မှာလည်း ကိုယ့်လူ ခံရတော့မည့် အဖြစ်ကို မကြည့်ရက်နိုင်သည်နှင့် မျက်လုံးများကို မှိတ်ထားလိုက်မိတော့၏။ အတန်ငယ်ကြာမှ မျက်လုံးဖွင့်ကြည့်လိုက်သော အခါတွင်မူကား ဆာဟင်နရီ၏ဒိုင်းကြီးမှာ မြေပေါ်တွင်ကျနေ၍၊ ဆာဟင်နရီ ကိုယ်တိုင်မှာလည်း တွာလာ၏ခါးကို စိစိပါအောင် လက်မောင်းကြီးများဖြင့် ညှစ်ထားသည်ကို တွေ့ရ၏။ နောက်တစ်ခဏ၌ တွာလာကလည်း ဒိုင်းကိုလွှတ်ချ၍ ဆာဟင်နရီ၏ခါးကို လက်ဖြင့် ဖက်တွယ်ထားလေရာ၊ လူနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ဖျစ်ညှစ်လျက် မြေပေါ် တွင် ဤမှထိုမှ ယိမ်းယိုင်နေကြစဉ်၊ တွာလာသည် အကြောကြီးများ ပြိုင်းပြိုင်း ထ သည်တိုင်အောင် ရှိသမျှ ခွန်အားကို တစ်ချက်တည်း ညှစ်ထုတ်၍ ဆာဟင်နရီ၏ ကိုယ်ကြီးကို မြေပေါ်မှ တက်ကြွလာအောင် မြှောက်ပစ်လိုက်ရကား၊ မြေပေါ်တွင် နှစ်ယောက်သား တွယ်လျက် လိမ့်သွားကြလေ၏။ ယင်းသို့ လူးလိမ့်နေကြစဉ် တွာလာသည် ဆာဟင်နရီ၏ ဦးခေါင်းကို ပုဆိန်ဖြင့်ခုတ်ရန် ကြိုးစားလျက်ရှိရာ၊ ဆာဟင်နရီကလည်း မိမိ၏ ပစ်ဓားကို ခါးမှဆွဲထုတ်၍ တွာလာ၏ သံချပ်အင်္ကျီကို ဖောက်ထွင်းဖို့ ကြိုးစားလျက် ရှိ၏။

ထိုအတောအတွင်း၌ ကြည့်ရှုနေကြသော ပရိသတ်တို့မှာ မချုပ်တည်းနိုင်လောက်အောင် တုန်လှုပ်ကြသည်ဖြစ်၍ ဤဘက်မှ ထိုဘက်သို့ ကူးလူးပြေးလွှားကာ ဆူညံစွာ ဟစ်အော်နေကြလေတော့၏။

ထိုခဏ၌ ဂွဒ်သည် ဆာဟင်နရီအနီးသို့ တတ်နိုင်သမျှ နီးကပ်အောင် တိုးသွားပြီးနောက် 'သူ့ပုဆိန်ကို လုယူပါတော့လား ....' ဟု အင်္ဂလိပ်ဘာသာဖြင့် ဟစ်အော်ပြောလိုက်၏။ ဆာဟင်နရီသည် ဂွဒ်၏ သတိပေးစကားကို ကြားလိုက်ရသည့် လက္ခဏာနှင့်၊ မိမိ၏ဓားကို လွှတ်ချ၍ တွာလာ၏ ပုဆိန်ကို ဆုပ်ကိုင်လုယူလေရာ တွာလာကလည်း တိုး၍ မြဲမြံစွာ ကိုင်ထားလိုက်၏။ ထိုအခါမှစ၍ လူနှစ်ယောက်တို့သည် သူတစ်ပြန် ငါတစ်လှည့်ဖြင့် အပေါ်သို့ ရောက်ချည်တစ်ခါ၊ အောက်သို့ လန်ကျသည်တစ်လှည့် ဖြစ်နေကြစဉ် တစ်ယောက်ကိုတစ်ယောက် နာကျင်အောင်ပြုလုပ်ဖို့ သတိမရကြတော့ဘဲ၊ ပုဆိန်ရမှု အတွက်ကိုသာ အထူးလုံ့လပြုလျက် လုယက်နေကြတော့၏။ တွာလာ၏ ပုဆိန်မှာ ခိုင်မြဲစွာ ဆုပ်ကိုင်ထားရုံမျှမက လက်ကောက်ဝတ်တွင် ကျွဲရေဖြင့် ခိုင်မြဲအောင် ချည်တုတ်ထားချေသေး၏။ သို့ပါသော်လည်း ဆာဟင်နရီသည် ၎င်းပုဆိန် ရမှအပေါ်တွင် မိမိ၏အသက် တည်နေမည်ဟု သိရှိသည်အလျောက်၊ နားထင်ကြောကြီးများ ထောင်လျက် ထ လာသည်တိုင်အောင် အံကြိတ်ကာ စိတ်မာန်ထုတ်ပြီးနောက် တစ်ချက်တည်း ဆောင့်၍ ဆွဲလိုက်လေရာ သားရေကြိုးများ ထောင်းထောင်းပြတ်ထွက်ပြီးလျှင် ပုဆိန်လည်း ၎င်း၏လက်ထဲသို့ လွှတ်ထွက် ပါလာလေတော့၏။

နောက်တစ်ခဏ၌ ဆာဟင်နရီသည် မျက်နှာ၌ ထိခိုက်ထားသော ဒဏ်ရာမှ သွေးများယိုစီးလျက် မြေပေါ်မှ ရုတ်တရက် လူးလဲထလိုက်ရာ၊ တွာလာလည်း ၎င်းနည်းတူ ထ၍လိုက်လာပြီးလျှင် ခါးမှဓားကို နှုတ်ယူ၍ ဆာဟင်နရီ၏ ရင်ဘတ်ကို နှိပ်ထိုးလိုက်သေး၏။ သို့ရာတွင် သံကိုယ်ချပ်ကို ဖောက်ထွင်းရန်မှုကား မတတ်နိုင်သဖြင့် ဓားဦးသည်သာလျှင် လန်ထွက်





သွားလေတော့၏။ သို့ရာတွင် တွာလာမှာ အခြားလက်နက် မရှိတော့သည်ဖြစ်၍ ဆာဟင်နရီထံသို့ ဆင့်ကာဆင့်ကာ ပြေးဝင်ပြီးလျှင် ဓားဖြင့်သာလျှင် တစ်ချက်ပြီးတစ်ချက် ဆင့်၍ ထိုးနေလေတော့၏။ ဓားသည် သံချပ်အင်္ကျီကို စူးဖောက်ခြင်းငှာ မတတ်နိုင်သော်လည်း အရှိန်ပြင်းလှသော ဓားချက်ကြောင့် ဆာဟင်နရီမှာ လန်၍လန်၍ ဆုတ်သွားရ၏။ စတုတ္ထအကြိမ် တွာလာ ပြေးဝင်လာသော အခါ၌မူကား ဆာဟင်နရီသည် ပုဆိန်ကြီးကို ဦးခေါင်းပေါ်သို့ မြှောက်ယမ်းလျက် ခွန်အားအစွမ်းရှိသလောက် ခုတ်ပိုင်းလိုက်ရာတွင်၊ တွာလာ၏ဇက်ကို လှလှကြီး မိသွားလေရကား တွာလာ၏ ဦးခေါင်းသည် ပခုံးနှစ်ဖက်တို့၏ အကြားမှ လေထဲသို့ ခုန်ဝဲ တက်လာပြီးလျှင် မြေပေါ်တွင် ဘောလုံးသဖွယ် တလိမ့်တလိမ့်နှင့် လိမ့်ဆင်းသွားပြီးမှ အီနိုစီ၏ ခြေထောက်များအနီးတွင် ရပ်နေတော့၏။ ဦးခေါင်း မပါသော တွာလာ၏ ကိုယ်ကြီးမှာ တစ်စက္ကန့်ခန့်မျှ မြေပေါ်တွင် ထောင်လျက်သားရှိနေသေး၍ လည်ပင်းမှ သွေးများ ဝေါက်ဝေါက်ပန်းထွက် နေသေး၏။ နောက် တစ်ခဏတွင်မှ ကိုယ်ကြီးသည် မြေပေါ်သို့ ဗိုင်းခနဲ လဲကျသွားလေရာ၊ ဆာဟင်နရီမှာလည်း ရပ်တည်ခြင်းငှာ မတတ်နိုင်တော့သည့် လက္ခဏာနှင့် တွာလာ၏ အလောင်းပေါ်သို့ ထပ်လျက်သား လဲကျသွားလေတော့၏။

ကျွန်ုပ်တို့သည် ဆာဟင်နရီကို ပွေ့ထူကြ၍ မျက်နှာကို ရေဖြင့် ပက်ဖျန်းပေးကြရာ၊ မကြာမီ မျက်လုံးပြာကြီးများသည် ပွင့်လာ၍ အသက်မသေသေးကြောင်း သိရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၏။

ထိုခဏ၌ နေမင်းသည် အနောက်ဘက်တောင်တန်းအောက်သို့ ငုပ်ကွယ်စ ပြုနေရာ၊ ကျွန်ုပ်သည် တွာလာ၏ နဖူးမှ စိန်ကြီးကို ဖြုတ်ယူ၍ အီနိုစီသို့ ပေးအပ်လျက် 'ကူကူယာနား ဘုရင်အစစ်ဖြစ်သော အသင်နှင့်သာ ဆိုင်သည်၊ ယူပေလော့' ဟု ပြောလိုက်၏။ အီနိုစီလည်း စိန်ကြီးကိုယူ၍ နဖူးတွင် စည်းထားလိုက်၏။

# အခန်း ၁၃
# ဂွဒ်နှင့် ဖော်လတာ

ထိုညဉ့်၌ ကျွန်တော်တို့လူစုသည် တွာလာ၏ နန်းတော်ဖြစ်သော တဲကြီး ထဲတွင် စခန်းချကြလေရာ မိန်းမပျိုကလေး ဖော်လတာသည် ကျွန်ုပ်တို့အား ဝတ်ကြီးဝတ်ငယ် ပြုပေ၏။ ဖော်လတာမှာ ကျွန်ုပ်တို့လူစုက ဝိုင်းဝန်း ကယ်ဆယ်ခြင်းအားဖြင့် အသက်ဘေးမှ ချမ်းသာရာရခဲ့သည် မှန်သော်လည်း၊ ဂွဒ်တစ်ယောက်တည်းကသာ ကယ်ဆယ်ခဲ့သည် ဟူသောအမှတ်နှင့် ဂွဒ်ကို အထူး မြတ်နိုးတွယ်တာလျက် ရှိ၏။ ဖော်လတာက ကြိုပေးသော သစ်ရွက် ပြုတ်ရည်ကို ကိုယ်တွင် လိမ်းကျံခြင်းအားဖြင့် ပွန်းပဲ့သော ဒဏ်ရာများကြောင့် နာကျင်ခြင်းမှ သက်သာရာရကြ၍၊ ၎င်းပြုတ်ပေးသော စွပ်ပြုတ်ကို သောက် မျိုကြပြီးနောက် ကျွန်ုပ်တို့လူစုမှာ တွာလာ၏ သားမွေးကော်ဇောကြီးများ ပေါ်တွင် လှူးလိုမ့်ကာ အိပ်လိုက်ကြရာ တစ်ရေးမှမနိုးဘဲ အိပ်ပျော်ကြလေ၏။

နောက်တစ်နေ့ နံနက်တွင် အင်ဖာဒူး ရောက်လာ၍ တွာလာ၏ စစ်တပ်များသည် တစ်တပ်ပြီးတစ်တပ် လက်နက်များချကာ အရှုံးပေးလျက် ရှိကြောင်း ပြောပြသည်တွင်၊ တွာလာနှင့်တကွ သား စကရက်လားပါ သေ ကျေပျက်စီးပြီး ဖြစ်သောကြောင့် ထီးနန်းကို လုပ်ကြံမည့်သူ မရှိတော့ဘဲ အီနိုစီသာလျှင် ငြိမ်းချမ်းစွာ ဆက်ခံစိုးစံဖို့ ရှိကြောင်းများနှင့် ပြောပြလေ၏။ တစ်ခဏမျှကြာသော် အီနိုစီကိုယ်တိုင် ကျွန်ုပ်တို့ထံ ရောက်လာ၍ နဖူးတွင် စိန်ကြီးစည်းလျက် အလွန်ခံ့ညားသော အမူအရာ ရှိပေရာ၊ လွန်ခဲ့သော





လ အနည်းငယ်ခန့်က ဒါဘန်မြို့၌ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါရန် အခွင့် တောင်းခဲ့ဖူးသည့် ဇူလူး၏ ပုံသဏ္ဌာန်ကို ကျွန်ုပ် သတိရမိသည်နှင့် ကံဇာတာ တက်ကြွပုံကို ဆင်ခြင်ကာ ပြုံးရယ်မိသေး၏။

ကျွန်ုပ်။ ။'ကျန်းမာပါစေသော် အို ဘုရင်'

စီ။ ။'မှန်ပါသည်၊ လက်ယာဘက် သုံးချောင်းနှင့်တူသော အသင် တို့ သုံးယောက်၏ ကျေးဇူးကြောင့် ကျွန်ုပ် ဘုရင်အဖြစ်သို့ ရောက်ရပေပြီ'

၎င်းနောက် အီနိုစီက အစစ အရာရာ နေရာတကျရှိကြောင်း ပြော ပြ၍၊ ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် တိုင်းသူပြည်သားတို့ရှေ့တွင် မိမိက မျက်နှာပြရသောပွဲ အခမ်းအနားကြီး ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြောပြ လေ၏။ ကျွန်ုပ်က ဂါဂူလအကြောင်း မေးမြန်းသောအခါ အီနိုစီက ....

စီ။ ။'ဂါဂူလနဲ့ တပည့်စုန်းမ အားလုံးကို ကျွန်ုပ် သုတ်သင်ပစ် ရမည်။ ဂါဂူလမှာ အသက်မည်မျှ ကြီးရင့်သည်ဟု မည်သူမျှ မပြောနိုင်။ တိုင်းပြည်ကို ဆင်းရဲဒုက္ခရောက်အောင် သူတို့လူစုက ဖန်တီးလာခဲ့သည် မှာ ကြာလှပြီ။ သူတို့ မရှိမှသာ တိုင်းပြည် ကောင်းစားနိုင်တော့မည်'

ထိုအခါ ကျွန်ုပ်က စောလမုန်၏ ဘဏ္ဍာတိုက်ကို ဂါဂူလ တစ် ယောက်တည်းသာ သိသဖြင့် ဂါဂူလ မရှိခဲ့လျှင် ဘဏ္ဍာတိုက်ကို ရှာဖို့ခက်ခဲ မည်အကြောင်း၊ အီနိုစီဘက်မှ ကျွန်ုပ်တို့ ကူညီတိုက်ခိုက်ခြင်း မပြုမီက အီနိုစီ ထားခဲ့သော ကတိအကြောင်းများကို ကျွန်ုပ်က သတိပေး ဖော်ပြ၍ ကျွန်ုပ်တို့ကို ကူညီရန်အတွက် ဂါဂူလကို ခေတ္တမျှဖြစ်စေ၊ အသက်ရှင်ခွင့် ပေးထားထိုက်ကြောင်းများနှင့် ပြောပြလေ၏။ ထိုအခါ အီနိုစီက ဘဏ္ဍာတိုက် ကို စုံစမ်းရှာဖွေမှု၌ ဂါဂူလ၏ အကူအညီကို လိုခဲ့လျှင် ၎င်းအား အသက် ချမ်းသာခွင့် ပေးတန်က ပေးမည်ဖြစ်ကြောင်းနှင့် ထပ်မံ ကတိထားသွား သေး၏။

ထိုနေ့ညနေ၌ ဂွဒ်မှာ ကောက်ရဘိသကဲ့သို့ ရုတ်တရက် အဖျား ရောဂါ ကပ်ရောက်လေရာ၊ ဖော်လတာသည် ဂွဒ်၏အိပ်ရာအနီးမှ တစ်ခဏ

တာမျှ စွန့်ခွာခြင်း မရှိဘဲ စောင့်ရှောက်ပြုစုလျက် ရှိ၏။ လေးငါးရက်အတွင်း ၌ ဂွဒ်၏ အဖျားရောဂါမှာ တိုးတက်သည်ထက် တိုးတက်လာ၍၊ အသက်မှ ချမ်းသာရာ ရပါမည်လော ဟူ၍ပင် စိုးရိမ်ပူပန် နေကြလေပြီ။ ထိုရက်များ အတောအတွင်း ဖော်လတာသည် လူနာအတွက် ဆောင်ရွက်ရန်ကိစ္စ ဟူသမျှ ကို နူးညံ့သိမ်မွေ့စွာနှင့် ကျင်လည်လျင်မြန်စွာ လုပ်ကိုင်ပြုစုပေးရကား .... ဆေးရုံကြီးများ၌ လေ့ကျင့်သွန်သင်ခြင်း ခံရပြီးသော သူနာပြုဆရာမများပင် မသာနိုင်ဟု ကျွန်ုပ်တို့ မှတ်ထင်မိကြ၏။ ယင်းသို့ ပြုစုစောင့်ရှောက်ရာတွင် ကျွန်ုပ်နှင့် ဆာဟင်နရီတို့က ကူညီကြသော်လည်း ဖော်လတာက "ရှုပ်သည်" ဟုပြော၍ လူနာကလည်း သဘောကျဟန် မတူသောကြောင့် ကျွန်ုပ်တို့မှာ ရှောင်ဖယ်ပေးကြရ၏။ ဖော်လတာသည် အဖျားကြီးသော ရက်များ၌ ညတွင် လည်း မအိပ်၊ နေ့၌လည်း လဲလျောင်းခြင်းမျှပင် မပြုဘဲ အိပ်ရာအနီး၌ နေ့ရော ညဉ့်ပါ မခွာဘဲ ပြုစုနေလေတော့၏။ တစ်ခါက လူနာသည် ဖော် လတာ၏ အဖျားသွယ်သော လက်ချောင်းကလေးများကို ဆုပ်ကိုင်ကာ အိပ်ပျော်လျက်ရှိရာ၊ ဖော်လတာသည် မိမိ၏လက်ကို ရုပ်ဖယ်လိုက်ပါက လူနာ နိုးသွားမည်စိုးသည်နှင့်၊ လူနာ၏နံဘေးတွင် နံရံကိုမှီလျက် တစ်ညဉ့် ပတ်လုံး မလှုပ်မရှားဘဲ ငြိမ်သက်စွာ ထိုင်လျက်ရှိလေ၏။ လူနာ နိုးလာသော အခါတွင်မူကား ဖော်လတာမှာ တစ်ကိုယ်လုံး ထုံကျဉ်လျက်၊ လက်ခြေများ ကိုမျှ ဆန့်တန်းရန် မတတ်နိုင်သည်ဖြစ်၍ လူများတွဲ၍ ထုတ်ကြရ၏။

၅ ရက် ကျော်လွန်သောအခါ လူနာသည် ရောဂါလည်လာသည် ဖြစ်၍ တဖြည်းဖြည်း သက်သာလာခဲ့ရာ၊ ထိုနေ့မှစ၍ အားအင်ဖြည့်တင်း လာပြီးလျှင် မကြာမီ လမ်းလျှောက်နိုင်သော အခြေသို့ ရောက်ခဲ့လေ၏။ နာလန်ထပြီးသည့်နောက်၌ ဆာဟင်နရီက ဂွဒ်အား ထိုညဉ့်က လူနာနိုးမည် စိုးသဖြင့် တစ်ညဉ့်ပတ်လုံး မလှုပ်မရှားဘဲ ဖော်လတာ ဝင့်ခံခဲ့ပုံအကြောင်း များကို ပြန်ပြောင်းပြောပြသောအခါ၊ ဂွဒ်မှာ မျက်ရည်များဝိုင်းလျက် နား ထောင်နေလေ၏။ ဆာဟင်နရီ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဂွဒ်သည်





ကျွန်ုပ်တို့ အားလုံးအတွက် ညစာများ ချက်ပြုတ်လျက်ရှိသော ဖော်လတာ ရှိရာသို့ ထ သွားပြီးလျှင်၊ ဖော်လတာ၏ ကြင်နာယုယစွာ ပြုစုသော ကျေးဇူး ကို ဘယ်အခါမျှ မမေ့နိုင်မည် မဟုတ်ကြောင်းနှင့် စိတ်အားထက်သန်စွာ ပြောဆိုနေလေ၏။ သဘောသားတို့မည်သည်မှာ ချစ်ကြိုက်တတ်ခြင်း အရာ ၌သာနဲ့၌ အလွန်တရာ "အညာလွယ်" သော လူစုဖြစ်ပေရာ၊ ဤမျှလောက် အဟုတ်တကယ် ချစ်ခင်ဖွယ် ကောင်းပေသော ဖော်လတာကိစ္စ၌ ရှေ့အဖို့ အနှောင်အဖွဲ့များ ဖြစ်လာဦးမည် သိမြင်သည်နှင့်၊ ကျွန်ုပ်မှာ အတော်ပင် စိတ်လေးမိသေး၏။

ဂွဒ်၏ရောဂါ သက်သာပြီးသည်နောက် ရက်အနည်းငယ် ကြာလတ် သော် အီနိုစီသည် တိုင်းသူပြည်သားတို့ရှေ့တွင် ဘုရင်အဖြစ်ကို အထင် အရှား လက်ခံသောအားဖြင့် ဘိသိက်ခံပွဲ ကျင်းပ၏။ ကျွန်ုပ်တို့မှာမူ ထိုအချိန် တွင် ဘုရင်၏တဲကြီးမှ မူလက ကျွန်ုပ်တို့ နေထိုင်ခဲ့သော ဧည့်တဲသို့ ပြောင်း ရွှေ့ နေထိုင်ခဲ့ကြလေပြီ။ ၎င်းအခမ်းအနားတွင် စစ်တပ်အားလုံးကို ပေါင်းစု ၍ စစ်ကြီး ခင်းကျင်းပြသသေးသည် ဖြစ်သောကြောင့် သိုက်မြိုက်ခမ်းနား လှပါပေ၏။ ထိုနေ့တွင် "ဖောင်းဝတ်" တပ်မှ ကျန်သမျှသော စစ်သား များကို စစ်ဗိုလ်ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည့်ပြင်၊ လယ်မြေနှင့် ကျွဲနွားများကိုလည်း ဆုလာဘ်အဖြစ်နှင့် ချီးမြှင့်ပေးကမ်းလိုက်သေး၏။ ထို့ပြင် ချီးမြှင့်ထိုက်သော အခြားလူများကိုလည်း သူကောင်းပြုရန် အီနိုစီ က မမေ့ လျော့ခဲ့ပေ။ ကျွန်ုပ်တို့ သုံးယောက်အားမူ တိုင်းသူပြည်သားများ က ဘုရင်နှင့် အတူ အလေးအမြတ် ပြုကြရမည်ဟု အထင်အရှား ညွှန်ကြား အမိန့်ရှိသည့်ပြင် "မင်းကြီးသက်တော်ရှည်" များ အဖြစ်နှင့်လည်း အသိအမှတ် ပြုသေး၏။

အခမ်းအနား ပြီးစီးလတ်သော် ကျွန်ုပ်တို့သည် အီနိုစီထံ ချဉ်းကပ်၍၊ စောလမုန်ဘဏ္ဍာသိုက်နှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ ကိစ္စကြီးတစ်ခု ကျန်သေးကြောင်း သတိပေးကြ၏။ ထိုအခါ အီနိုစီက ၎င်းဘဏ္ဍာသိုက်

အကြောင်းကို မိမိလည်း စုံစမ်းမေးမြန်းထားကြောင်း၊ ရှေး၌ မြင်ရသော "ဖိုခုံလောက်ဆိုင်" တောင်ကြီးသုံးလုံးတို့ အထဲတွင် ဂူကြီးတစ်ဂူရှိ၍ ဘုရင်များ၏ အလောင်းများကို ဖုတ်ကြည်းသင်္ဂြိုဟ်ကြကြောင်း၊ ၎င်းဂူကြီးနှင့် ဆက်လျက် အတွင်းဘက်တွင် ဥမင်လိုဏ်ခေါင်းကြီးရှိ၍ ဘဏ္ဍာများ သိုထားသည်ဟု ပြောကြကြောင်း၊ နှစ်ပေါင်းများစွာ ကျော်လွန်ပြီးသောအခါက လူဖြူတစ်ယောက် ရောက်လာ၍ မိန်းမတစ်ယောက်က ၎င်းအား ဘဏ္ဍာများကို လိုက်ပြဖူးကြောင်း၊ သို့သော် ထိုမိန်းမက လူဖြူကို အကောက်ကြံလိုက်သောကြောင့် လူဖြူမှာ ပစ္စည်းတစ်စုံတစ်ရာမျှ မရမရှိခဲ့ကြောင်း၊ ကျွန်ုပ်တို့သည် ဘဏ္ဍာများကို ရှာလိုခဲ့လျှင် ၎င်းက ကူညီမည့်ပြင် တွေ့ရှိသောအခါတွင် သယ်ယူနိုင်သလောက် သယ်ယူသွားနိုင်ကြကြောင်းများနှင့် ပြောပြလေ၏။

ကျွန်ုပ်။ ။'ဂူရှိသော နေရာကို ဂါဂူလ သိသည် မဟုတ်ပါလော'

စီ။ ။'သိသည်ဟု ပြောကြပါသည်'

ကျွန်ုပ်။ ။'သို့ဖြစ်လျှင် ဂါဂူလ လိုက်၍ ပြပါစေလော့'

စီ။ ။'ပြပါစေမည်၊ ငြင်းပယ်လျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ပေးပါမည်'

၎င်းနောက် အီနိုစီသည် ကျေးကျွန်တစ်ယောက်ကို ခေါ်၍ အမယ်အိုဂါဂူလကို ခေါ်ခဲ့ရန် စေလွှတ်လိုက်လေ၏။ ၎င်းရောက်လာသောအခါ အီနိုစီသည် အခြွေအရံများကို ဖယ်ရှားရန် အမိန့်ပေးပြီးမှ၊ ကျွန်ုပ်တို့နှင့် ဂါဂူလတို့အား တိုင်ပင်ဆွေးနွေး၏။ ဂါဂူလသည် ကြမ်းပေါ်တွင် အဝတ်စုတ်ပုံကြီးသဖွယ် ထိုင်လျက်၊ မှန်းတီးသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို ကြည့်နေ၏။

ဂါဂူလ။ ။'ကျွန်ုပ်ကို ဘာကိစ္စနဲ့ ခေါ်သလဲ။ အီနိုစီ ကျွန်ုပ်ကို လက်ဖျားနဲ့ တို့မယ် မကြံပါလေနဲ့၊ စင်းစင်းသေအောင် ပြုစားပစ်လိုက်မယ်။ ကျွန်ုပ်အတတ်ကို မကြောက်ဘူးလား'

စီ။ ။'သင့်အတတ်နဲ့ တွာလာကိုမှ မကယ်ဆယ်နိုင်ဘဲနဲ့ ဘာ





ကြောင့် ကျွန်ုပ်က ကြောက်လိမ့်မှာလဲ။ ကျွန်ုပ်တစ်ခု မေးမယ်၊ မှန်မှန်ပြောစမ်း။ ဟောဒီစိန်မျိုးတွေ ထားတဲ့ ဂူကြီးကို သင်သိတယ် မဟုတ်လား' ဟု ပြောလျက် နဖူးမှ စိန်ကို ညွှန်ပြလေ၏။

လ။ ။'ဟား ....ဟား ....ဟား ....ဒီဟာတွေ ထားတဲ့နေရာက ကျွန်ုပ်ကလွဲလို့ ဘယ်သူမှ မသိဘူး။ လူဖြူတွေက စိန်ကိုလိုချင်တယ် ဟုတ်လား။ မပြဘူး၊ ပြ မပေးဘူး ....မပြဘူး'

စီ။ ။'မပြဘဲ မနေရဘူး၊ ပြရမယ်။ မပြလျှင် ပြအောင် လုပ်ရလိမ့်မယ်'

လ။ ။'သင်က ဘုရင်ဖြစ်လို့ တန်ခိုးကြီးပေမယ့် ကျွန်ုပ် မပြချင်တာကို ပြအောင် သင် မတတ်နိုင်ပါဘူး'

စီ။ ။'တတ်နိုင်တယ်'

လ။ ။'တတ်နိုင် လုပ်စမ်း'

စီ။ ။'ပြလျှင်ပြ ...မပြလျှင် သင့်ကို သတ်ပစ်မယ်' ဟု ပြော၍ လှံနှင့် ရွယ်လေ၏။

လ။ ။'ရွယ်ပေမယ့် သင် တကယ် မထိုးဝံ့ပါဘူး'

စီ။ ။'ထိုးဝံ့တယ် ဂါဂူလ၊ ထိုးဝံ့တယ်' ဟု ပြောရင်း အီနိုစီသည် စိတ်တိုလာသည့် လက္ခဏာနှင့် ဂါဂူလ၏ကျောကို လှံနှင့် ခပ်ဆတ်ဆတ်ထိုးလိုက်ရာ၊ ဂါဂူလသည် များစွာသောလူတို့ကို သေအောင် တိုက်တွန်းလာခဲ့သော်လည်း၊ ကိုယ်တိုင် သေရမည်ဟု မှတ်ထင်သော အခါတွင်မူကား အလွန်တရာ ထိတ်လန့်တုန်လှုပ်လျက် ကွေးကွေးကောက်မျှ တွန့်လိမ်သွားလေတော့၏။

လ။ ။'မလုပ်နဲ့နော်၊ ငါ့ကို မလုပ်ကြနဲ့။ မိုးရော မြေကြီးရော အားလုံးကုန် သိမ့်သိမ့်တုန်သွားစေမယ်၊ ဖယ်ပါ လှံကြီးကို ဖယ်ပါ'

စီ။ ။'ပြောမှ ဖယ်မယ်၊ မပြောလျှင် ဗိုက်မှပေါက်ထွက်အောင် ထိုးလိုက်မယ်'

အီနိုစီကလည်း တကယ်ထိုးမည့်သဘောကို ပြလိုဟန်နှင့် ခပ်မြက်မြက် ထိုးလိုက်ပြန်၏။

လ။ ။'အမယ်လေးတော်။ ပြေပါတော့မယ် မောင်တို့၊ တော်ပါတော့ ပြေပါတော့မယ်'

စီ။ ။'ကောင်းပြီ။ နက်ဖြန်နံနက် အင်ဖာဒူးရယ်၊ လူဖြူများရယ်၊ သင်ရယ် သွားကြရမယ်။ ကောင်းကောင်းပြနော် ယီးတီးယားတား မလုပ်နဲ့။ သင့်ကို တဖြည်းဖြည်း သေအောင် ညှဉ်းဆဲပြီး သတ်မယ်၊ ကြားရဲ့လား'

လ။ ။'ကြားပါပြီ အီနိုစီ ကြားပါပြီ။ ဟား ....ဟား .... ဟား .... တွာလာနဲ့ တွေ့ရဦးမယ်။ ဟား ....ဟား ....ဟား ....တွာလာ့အဖေနဲ့ တွေ့ရဦးမယ်။ တွာလာ့အဘိုးနဲ့ တွေ့ရဦးမယ်၊ ဟား ....ဟား ....ဟား ....'

## အခန်း ၁၄
## မရဏ ရာဇာ

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်တို့သည် စောလမုန်ဘဏ္ဍာတိုက်သို့ ထွက်လာကြ၍၊ တတိယနေ့ ညနေတွင် "ဖိုခုံလောက်ဆိုင်" တောင်ကြီးသုံးလုံးတို့ ခြေရင်းတွင် စခန်းချလျက် ရှိကြ၏။ ၎င်းခရီးတွင် ပါဝင်ကြသော လူများမှာကား ကျွန်ုပ်တို့သုံးယောက်၊ အင်ဖာဒူး၊ ဖော်လတာ၊ ဂါဂူလ်နှင့် အစောင့်အရှောက် စစ်သား လေးငါးယောက်တို့ ဖြစ်ကြ၏။ ဖော်လတာမှာ ကျွန်ုပ်တို့နှင့် မလိုက်ခဲ့ရန် တားမြစ်သော်လည်း ဂွဒ်နှင့်ခွဲခွာ၍ မနေရစ်နိုင်ဟု အတင်း တွယ်ကပ်လျက်ရှိသောကြောင့် လိုက်ခွင့်ပြုကြရ၏။ ဂါဂူလမှာ ထမ်းစင်တစ်ခုပေါ်တွင်တင်၍ စစ်သားများထမ်းလျက် လိုက်ပါလာရာ၊ လမ်းတစ်လျှောက်လုံး ညည်းတွားရေရွတ်ကာ ပါလာခဲ့လေ၏။ "ဖိုခုံလောက်ဆိုင်" ဟု ခေါ်သော တောင်ကြီးသုံးလုံးတို့မှာ စင်စစ်အားဖြင့် တစ်ခုသော တောင်တန်းကြီး၏ အထွတ်ကြီးများ ဖြစ်ကြလေရာ၊ တစ်ခုမှာ ကျွန်ုပ်တို့ စခန်းချရာ အရပ်၏ လက်ဝဲဘက်၌ လည်းကောင်း၊ တစ်ခုမှာ လက်ယာဘက်၌ လည်းကောင်း၊ တစ်ခုမှာ ရှေ့တည့်တည့်၌ လည်းကောင်း တည်ရှိကြပေ၏။

ကျွန်ုပ်မှာ လှပဆန်းကြယ်သော ရှုခင်းအမျိုးမျိုးတို့ကို မြင်ခဲ့ရပေါင်းများလှပြီ ဖြစ်သော်လည်း၊ နောက်တစ်နေ့နံနက် နေထွက်ချိန်တွင် ၎င်းတောင်ထွတ်ကြီး သုံးခုတို့ကို မြင်ရပုံမှာ၊ စိတ်ထဲတွင် ဘယ်အခါမျှ မမေ့နိုင်လောက်အောင် စွဲမြဲလျက် ရှိပေတော့၏။ မိုးပွင့်များဖြင့် ဖွေးဖွေးဖြူလျက်

ရှိသော တောင်ထွတ်ကြီး သုံးခုတို့သည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်မှ မိုးလျက်၊ မိုးတိမ်များထဲသို့ အလိမ်အလိမ် ထိုး၍ တက်သွားကြပေရာ၊ မိုးပွင့်တန်း အောက်၌ကား အခါခပ်သိမ်း စိမ်းလန်းစွာရှိနေသော တောအုပ်ကြီးများဖြင့် မှိုင်းမှိုင်းညို့ညို့ ရှိနေကြကုန်၏။ ရှေ့တည့်တည့်၌ကား စောလမုန်လမ်းမကြီးသည် ဗဟိုတောင်ထွတ်၏ ခြေရင်းသို့ခိုက်အောင် ဖွေးဖွေးကြီးရှိသော အဖြူစင်းကြီးသဖွယ် မောက်တက်သွားလေရာ၊ တောင်ခြေသို့ ခိုက်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် လက်စသတ်လိုက်သည့် လက္ခဏာနှင့် တိခနဲ ပြတ်လျက် ရှိပေ၏။

ကျွန်ုပ်တို့သည် ၎င်းလမ်းကြီးတစ်လျှောက် ဆက်လက်၍ လျှောက်သွားကြစဉ် လမ်းအဆုံးသို့ ရောက်သောအခါတွင်၊ ကျွန်ုပ်တို့ မှန်းမျှော်စိတ်ကူးခဲ့သော ဘဏ္ဍာတိုက်ကို တွေ့ရချေတော့မည် အထင်နှင့် ခပ်သုတ်သုတ် နှင်သွားကြသည်ဖြစ်၍၊ ထမ်းစင်ကို ထမ်းရသော စစ်သားများမှာ ခက်ခဲစွာနှင့် မီအောင် လိုက်ရှာကြရ၏။ ထိုအခါ ဂါဂူလသည် မြက်ကန့်လန့်ကာများ အကြားမှ ဦးခေါင်းပြူလျက် 'သေမည့်လမ်း သွားရတာကို ဘာထင်လို့ ဒီလောက်တောင် အလျင်လိုကြသလဲ၊ လောကကြီးကို ငြီးငွေ့လွန်းလို့ မြန်မြန်ကြီး သေရအောင် ပြေးသွားကြတာလား၊ ငရဲမီးကို ရွှေပန်းမှတ်လို့ လက်လှမ်းပြီး ခူးတဲ့ လူဖြူတွေနဲ့ တွေ့နေပါပြီကရို့၊ ဟား .... ဟား .... ဟား .... ဟား' စသည်ဖြင့် ရယ်ကာ ပြောဆိုလေရာ ကျွန်ုပ်တို့မှာ ၎င်း၏ရယ်သံကို ကြားရသောအခါတိုင်း ကျောထဲမှ ချမ်းစိမ့်စိမ့် ဖြစ်သွားသည်နှင့် စိတ်များ လေးလံစွာ အရှိန်သတ်လိုက် ကြရလေ၏။

၎င်းနောက် တဖြည်းဖြည်း ဆက်လက်သွားကြပြန်သောအခါ၊ ဗဟိုတောင်ထွတ်နှင့် ကျွန်ုပ်တို့အကြားတွင် အနက်ပေ ၃၀၀ နှင့် မိုင်တစ်ဝက်ပတ်လည်မျှရှိသော တွင်းဝိုင်းကြီးတစ်ခုကို တွေ့ကြရလေရာ၊ တွင်းကြီး၏ နှုတ်ခမ်းများမှာ မတ်စောက်စွာ မဟုတ်ဘဲ ခပ်ပြေပြေ ဆင်ခြေလျှော ရှိနေပေ၏။





ကျွန်ုပ်သည် တွင်းကြီးနှုတ်ခမ်းသို့ရောက်၍ မြေကြီးတည်နေပုံကို ကြည့်ရှု ဆင်ခြင်သောအခါ "ကင်ဘာလီစိန်တွင်း" များကို သတိရသည်နှင့်၊ ၎င်းတွင်းကြီးမှာ ရှေးအခါက စောလမုန်တူးခဲ့သော စိန်တွင်းဟောင်းကြီးပင် ဖြစ်တန်ရာ၏ဟု အောက်မေ့သည်နှင့်၊ ဆာဟင်နရီတို့ လူစုအားလည်း ပြောပြရသေး၏။ တွင်းကြီး၏အဝသို့ ရောက်သောအခါ လမ်းမကြီးသည် နှစ်မြွာခွ၍၊ တွင်းကြီး၏ လက်ဝဲ လက်ယာတို့မှ ရစ်ပတ်ပြီးလျှင် တောင်ခြေသို့ ခိုက်သည်နှင့် တစ်ပြိုင်နက် ဆုံးသွားလေတော့၏။ လမ်းမကြီး၏ အဆုံး၌ကား အံ့သြဖွယ်ကောင်းလှသော ကျောက်ရုပ်ကြီး သုံးရုပ်တို့သည် လူးမြို့ဘက်သို့ မျက်နှာမူကာ ရပ်လျက်ရှိကြရာ၊ ထိုအခါမှ ဖော်လတာကို ယစ်ပူဇော်မည်ဆိုသော အကြံအစည်ကို ကျွန်ုပ်တို့ ရိပ်မိကြလေတော့၏။ ထိုညဉ့်က ဖော်လတာ သတ်မည့်ကိစ္စမှာ ဖိုခံလောက်ဆိုင် တောင်ကြီးသုံးလုံးကို ယစ်ပူဇော် ပသရန်အတွက် မဟုတ်၊ ထိုရုပ်တုကြီး သုံးခုသို့ ပူဇော်ပသရန် ဖြစ်ကြောင်း သိရှိကြရလေတော့၏။

ကျောက်ရုပ်ကြီး သုံးခုတို့မှာ ကျောက်နက်ပလ္လင်ပေါ်တွင် တည်ရှိကြ၍ တစ်ခုနှင့်တစ်ခု ခြေလှမ်း ၂၀ မျှ ကွာခြားလေရာ နှစ်ရုပ်မှာ ယောကျ်ား၊ တစ်ရုပ်မှာ မိန်းမပုံသဏ္ဌာန်ဖြစ်၍ ပလ္လင်ထက်မှ ဦးခေါင်းသို့တိုင်အောင် ၁၀ ပေထက်မနည်း မြင့်ကြပေ၏။ မိန်းမရုပ်ကြီးမှာ လှပသောမျက်နှာ ရှိသော်လည်း ခက်ထန်သော မျက်နှာထား ရှိပေရာ ဝတ်လစ်စလစ်ရှိသော ပုံသဏ္ဌာန်ဖြစ်၍ ဦးခေါင်းနောက်တွင် လခြမ်းစွန်းပုံသဏ္ဌာန်ရှိသည့် ဦးချိုကြီး နှစ်ချောင်း ထွက်လျက်ရှိ၏။ ယောကျ်ားရုပ် နှစ်ရုပ်မှာမူ အဝတ်အစားများ ဝတ်ဆင်ထားသည့် ပုံသဏ္ဌာန်များဖြစ်၍ ကြောက်မက်ဖွယ်ရာ မျက်နှာများ ရှိကြပေရာ၊ အထူးသဖြင့် လက်ယာဘက်မှ အရုပ်ကြီးများမှာ "စေတန်မာနတ်" ၏ မျက်နှာမျိုးဖြစ်၍ ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းလှပေ၏။ လက်ဝဲဘက် အရုပ်မှာမူ အရုပ်မဆိုးသော်လည်း သနားကြင်နာခြင်း အလျဉ်းကင်းမဲ့သည့် မျက်နှာတစ်မျိုး ရှိသည်ဖြစ်၍၊ ၎င်းကို စိုက်ငေးကြည့်ရှုသည့်

အခါ တစ်နည်းအားဖြင့် တုန်လှုပ်ဖွယ် ကောင်းပေ၏။ ၎င်းအရုပ်ကြီး သုံးရုပ်လုံးမှာ စောလမုန်ဘုရင် လက်ထက်က လူတို့ ကြောက်ရွံ့ကိုးကွယ်ကြရသည့် နတ်များ၏ ပုံသဏ္ဌာန်ဖြစ်ဟန် လက္ခဏာ ရှိပေရကား တုန်လှုပ်ဖွယ်သော မျက်နှာထားများ ရှိနေကြခြင်းကို အံ့သြဖွယ်ရာ မရှိပေ။

*(ကျွန်ုပ်တို့ မြန်မာပြည်အရုပ်ရုပ်တွင်လည်း ၃၇ မင်း နတ်ရုပ်များ ထုလုပ်ထားသည်ကို တွေ့ရသည့်အခါ၊ လှပချောမောအောင် ထုလုပ်ထားသော နတ်ရုပ်ဟူ၍ အလွန်တွေ့ရခဲလှ၏။ နတ်ရုပ်များ၏ ရည်ရွယ်ချက်မှာ မြင်ခါမျှနှင့် ထိတ်လန့်တုန်လှုပ်၍ မြင်သူ၏စိတ်ကို ညွတ်အောင် ရည်မှန်း ထုလုပ်ထားခြင်း ဖြစ်သောကြောင့်၊ အရုပ်ခပ်ဆိုးဆိုး အကျည်းတန်တန် ကိုယ်ဟန်ခပ်ကြမ်းကြမ်း ထုလုပ်ထားကြခြင်းသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သော ထုံးစံတစ်ခု ဖြစ်တန်ရာချေသည်။ **ရွှေဥဒေါင်း**)*

ကျွန်ုပ်တို့သည် နှစ်ပေါင်း ၃,၀၀၀ ထက်မနည်း အချိန်ကြာရှိရမည် ဖြစ်သော ၎င်းရုပ်တုကြီးများကို လှည့်ပတ်ကြည့်ရှုကြပြီးနောက် အင်ဖာဒူးက ဂူထဲသို့ ယခုချက်ချင်း ဝင်ကြမည်လော၊ သို့တည်းမဟုတ် နေ့စာ စားပြီးမှ ဝင်ကြမည်လောဟု မေးမြန်းရာ အချိန်မှာ ၁၁ နာရီ မကျော်လွန်သေးသည် တစ်ကြောင်း၊ ကြည့်လို မြင်လိုသော စိတ်ဇောလည်း ထက်သန်လှသည် တစ်ကြောင်း ချက်ချင်းပင် ထွက်ခွာကြမည်ဟု အမိန့်ပေးလိုက်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အမဲခြောက်နှင့် ရေဘူးနှစ်လုံးကို လက်ဆွဲခြင်းတစ်ခုတွင် ထည့်စေ၍ ဖော်လတာလက်သို့ ပေးအပ်ပြီးလျှင် ခရီးထွက်ရန် ပြင်ဆင်ကြရာ၊ ဂါဂူလလည်း ထမ်းစင်မှဆင်း၍ တောင်ဝှေးတစ်ချောင်းနှင့် ရှေ့မှ တဒေါက်ဒေါက် လျှောက်သွားလေ၏။

ကျောက်ရုပ်ကြီးများ၏နောက် ခြေလှမ်း ၅၀ ခန့်တွင် ကျောက်တောင်ကြီးသည် ပေ ၈၀ ခန့်တိုင်အောင် မတ်မတ်ကြီး တက်သွား၍၊ ထိုနေရာမှ တဖြည်းဖြည်း ပြေသွားပြီးလျှင် ပေ ၃,၀၀၀ ခန့်မြင့်သော တောင်ထွတ်ကြီး၏ အောက်ခံကြီးသဖွယ် တည်နေပေ၏။ ကျွန်ုပ်တို့သည် ဂါဂူလ





နောက်မှ လိုက်သွားကြ၍ မတ်စောက်စွာ ရှိနေသော ကျောက်နံရံကြီးသို့ ရောက်ကြသောအခါ၊ သေးငယ်သော ဂူဝတစ်ခုကို တွေ့ကြရလေရာ၊ ဂါဂူလသည် ဂူဝတွင်ရပ်လျက် ကြောက်မက်ဖွယ်ကောင်းသော ပြုံးရယ်ခြင်းဖြင့် ကျွန်ုပ်တို့အား ကြည့်နေပြီးမှ ....

ဂါဂူလ ။ ။ 'ကြယ်တာရာမှ လာကြသည်ဆိုသော လူဖြူများ၊ ဘုရင်၏အမိန့်ကို နာခံရသည်အတိုင်း ဘဏ္ဍာတိုက်ကို လိုက်ပြရန် ကျွန်ုပ် လိုက်လာခဲ့ရသည်။ ကျွန်ုပ်နှင့်လိုက်ရန် သင်တို့ အဆင်သင့် ရှိကြပြီလော'

ကျွန်ုပ် ။ ။ 'အသင့်ရှိကြသည်၊ လမ်းပြပါလော့'

လ ။ ။ 'ကောင်းပြီ .... ကောင်းပြီ။ အရှင်သခင်ကို သစ္စာဖောက်သော အင်ဖာဒူးကော လိုက်မည်လော'

ဒူး ။ ။ (မျက်မှောင်ကြုတ်လျက်) 'ကျွန်ုပ်ကား မလိုက်လို၊ လူဖြူတွေကိုသာ ခေါ်သွားလေတော့။ သို့သော် သင်၏လျှာကို သတိထားပါ၊ သူတစ်ပါးကို ကော်လား ခတ်လား မပြောပါလေနှင့်။ အထူးစကားတစ်ခွန်း ကျွန်ုပ် မှာလိုက်မည်။ ဤလူဖြူများကို လှည့်ဖြားခြင်းအားဖြင့် ၎င်းတို့ ဆံပင်တစ်ပင် ကျွတ်ခဲ့လျှင် သင်၏အတတ်ကို ကျွန်ုပ် မကြောက်။ ယခုထက် အပြန်ပေါင်း ၅၀ သင် တတ်စေကာမူ သင့်အသက်ကို ကျွန်ုပ်ကိုယ်တိုင် စီရင်လိုက်မည်၊ ကြား၏လော'

လ ။ ။ 'ငါကြားသည် အင်ဖာဒူး။ သို့သော် သင့်ကိုလည်း ငါ မကြောက်၊ ဘုရင့်အမိန့်ကိုသာ ငါ နာခံရသည်။ ဘုရင်တိုင်း ဘုရင်တိုင်း ငါက နာခံခဲ့ရသည်။ သို့သော် နောက်ဆုံးတစ်နေ့တွင် ငါ့အမိန့်ကိုသာ ဘုရင်များ နာခံကြရသည်။ ဟီး ဟီး ဟီး၊ ဟား ဟား ဟား'

ယင်းသို့ ပြောဆိုရယ်မောပြီးနောက် ဂါဂူလသည် ဆီအပြည့် ထည့်ထားသော ဘူးတောင်း မီးခွက်တစ်ခုကို အဝတ်ထဲမှ ထုတ်လေ၏။

ဂွဒ် ။ ။ 'သင်ကော လိုက်မလား ဖော်လတာ' (ဂွဒ်မှာ ဆရာကောင်း တွေ့နေသဖြင့် ဇူလူးစကားကို အတော်ပင် ပြောနိုင်နေလေပြီ။)

တာ။ ။'ကျွန်မ သိပ်ပြီး ကြောက်တာပဲ'

ဥဒ်။ ။'ဒါဖြင့် သင် ဒီမှာ နေရစ်၊ ခြင်းတောင်းကို ပေးလိုက်ပေတော့'

တာ။ ။'ဟင့်အင်း၊ ဒီလိုလည်း မနေရစ်ချင်ဘူး။ သင် သွားတဲ့ နေရာကို ကျွန်မလည်း လိုက်မှာပေါ့'

ကျွန်ုပ်မှာ ထိုသူနှစ်ယောက်တို့၏ အမူအရာကို မြင်ရသောအခါ၊ ဤအရပ်ဒေသမှ ထွက်ခွာကြရမည့် တစ်နေ့တွင် ၎င်းတို့နှစ်ယောက်နှင့် ပတ်သက်၍ အခက်အခဲ ကြုံတွေ့ရဦးတော့မည်ဟု စိတ်လေးမိသေး၏။

ထိုနောက် ဂါဂူလသည် ဂူထဲသို့ ရှေ့ဆုံးမှ ဝင်သွားလေရာ ကျွန်ုပ်တို့လည်း နောက်မှ လိုက်ပါသွားကြ၏။ ကျွန်ုပ်တို့ လျှောက်သွားကြသော လိုဏ်ခေါင်းမှာ လူနှစ်ယောက် ရင်ပေါင်တန်း လျှောက်နိုင်လောက်အောင် ကျယ်ဝန်းပေရာ၊ ကျွန်ုပ်တို့သည် ဂါဂူလ၏ အသံကိုမှန်းလျက် မှောင်ထဲ၌ လိုက်သွားကြစဉ် အတောင်ခတ်သံများ ကြားကြရ၏။

ဥဒ်။ ။'အလို .... ငါ့မျက်နှာကို ဘယ်သူက ပုတ်လိုက်တာလဲ'

ကျွန်ုပ်။ ။'လင်းနို့ပါဗျာ၊ သွားသာ သွားပါ'

ခြေလှမ်း ၅၀ ခန့် ရောက်မိကြသောအခါ တဖြည်းဖြည်း တိုး၍တိုး၍ လင်းလာသည်ကို တွေ့ရပေရာ၊ တစ်မိနစ်ခန့် ဆက်လက်လျှောက်မိကြရာတွင်မူကား၊ လူတို့မျက်စိဖြင့် တွေ့မြင်ရဖူးသမျှသော အခြင်းအရာများအနက်တွင် အထူးဆန်းဆုံး တစ်ခုဟူ၍ ခေါ်ဆိုလောက်သည့် အခြင်းအရာကို တွေ့ကြရလေ၏။

စာဖတ်သူသည် တောင်းဟောလ်၊ သို့မဟုတ် ဂျူဗလီဟောလ်၊ သို့မဟုတ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးတစ်ခု အတွင်းသို့ ရောက်ဖူးခဲ့လျှင် ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းကို တွေ့မြင်ဖူးသည်ဟု ဆိုရပေမည်။ သင်တို့ တွေ့မြင်ဖူးသည့် အကြီးဆုံးသော အခန်းကို အလျားဘက်တွင် လေးဆ၊ အနံဘက်တွင် လေးဆ၊ အမြင့်ပေ ၁၀၀ ထား၍ စိတ်ကူးကြည့်လိုက်





ပါမူ၊ ကျွန်ုပ်တို့ တွေ့မြင်ရသော ဂူကြီး၏ ကြီးကျယ်ပုံကို ထင်မြင်နိုင်ပေလိမ့်မည်။ ဂူ၏ အမိုးကြီးတွင် အပေါက်များကို ကျွန်ုပ်တို့ မတွေ့မြင်နိုင်သော်လည်း၊ မှေးမှိန်သောအလင်းရောင် ထွင်းဖောက်ဝင်ရောက်လျက် ရှိသည်ကို တွေ့ရခြင်းအားဖြင့်၊ တစ်နေရာရာ၌ အလင်းနှင့် လေဝင်နိုင်စေရန် အပေါက်များ ရှိရမည်ဟူ၍ ခန့်မှန်းနိုင်ပေ၏။

၎င်းဂူကြီး၏ အံ့ချီးဖွယ် အခြင်းအရာများအနက် ကြီးမြင့်ကျယ်ဝန်းခြင်းသည် အကြီးဆုံးသော အံ့ဖွယ်ရာတစ်ခု မဟုတ်သေးချေ။ ဂူကြီး၏ အလျားတစ်လျှောက်၌ ဖွေးဖွေးဖြူသော ကျောက်တိုင်ကြီးများသည် စီတန်းလျက် ရှိကြရာ၊ ပထမ၌ လူတို့ ထွင်းထုစိုက်ထောင်ထားသည့် ကျောက်ဖြူတိုင်ကြီးများ ဖြစ်လေသလောဟု မှတ်ထင်လိုက်ရ၏။ သို့ရာတွင် စင်စစ်သော်ကား သဘာဝဓမ္မအားဖြင့် ရေစက်ကျခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်ကြသော တိုင်ကြီးများ ဖြစ်ပေ၏။

*(ဤနေရာ၌ ကျောက်တိုင်ကြီးများ ဖြစ်ပေါ်ရပုံကို အနည်းငယ် ရှင်းလင်းဖော်ပြရပေအံ့။ အချို့တောင်များမှ စီးကျသော စမ်းရေတွင် ထုံးကျောက်သည် အရည်ပျော်လျက် ပါရှိလေရာ၊ ၎င်းရေနှင့် ထိတွေ့သော အရာဝတ္ထု ဟူသမျှမှာ ကာလရှည်ကြသောအခါ၌၊ ထုံးကျောက်ဖြင့် ဖုံးအုပ်ကာ ဖွေးဖွေးဖြူလျက် ရှိလေတော့၏။ ထို့ပြင် ၎င်းစမ်းရေသည် ဂူကြီးများ၏ အမိုးမှစိမ့်၍ ဂူထဲသို့ တစ်စက်စက် စီးကျသော အခါများတွင်၊ ဂူ၏ အမိုး၌ ကျောက်တိုင်ကြီးများ တွဲရရွဲကျလျက် လည်းကောင်း၊ ရေစက်ကျရာ ကြမ်းပြင်ပေါ်၌ ကျောက်ပလ္လင်ကြီးများ ဖြစ်ပေါ်လျက် လည်းကောင်း ရှိနေတတ်ပေ၏။ အမိုးမှ တွဲရရွဲကျသော ကျောက်တိုင်ကို "စတာလက်မိုက်" ဟု ခေါ်၍၊ ကြမ်းပြင်၌ ဖြစ်ပေါ်သော ကျောက်တိုင်ကို "စတာလက်တိုက်" ဟု ခေါ်ဝေါ်လေသည်။ ဂုတ်ထိပ်တံတားကြီး၏အောက်တွင် ဂူကြီးတစ်ခု ရှိရာ၊ ၎င်းအတွင်း၌ စတာလက်မိုက်နှင့် စတာလက်တိုက်များ ဖြစ်ပေါ်နေသည်ကို တွေ့မြင်နိုင်ပေ၏။ ထို့ပြင် ၎င်းဂူ၏အဝ၌ စမ်းချောင်းကလေး*

*တစ်ချောင်းရှိပေရာ၊ ၎င်းကို ကူးကျော်ထားသည့် သစ်သားတံတားလေးမှာ အချို့နေရာများတွင် ချောင်းရေနှင့် ထိတွေ့နေသည်ဖြစ်၍ ထုံးကျောက်များ ဖုံးအုပ်သွားသဖြင့်၊ သစ်သားကို မမြင်ရတော့ဘဲ ကျောက်သားတံတားကဲ့သို့ ရှိနေပေတော့သည်။* ***ရွှေဥဒေါင်း)***။

ဂူကြီးအတွင်း၌ "စတာလက်တိုက်" ခေါ် ကျောက်တိုင်ကြီးများသည် တသီတတန်းကြီး စီလျက်ရှိရာ၊ အချို့မှာ အောက်ခြေတွင် လုံးပတ် ပေ ၂၀ ခန့် ရှိ၍၊ ပေ ၁၀၀ ခန့် မြင့်သော အမိုးသို့ ထိလုမတတ်ရှိအောင် ထိုးတက်လျက် ရှိကြ၏။ အချို့ ကျောက်တိုင်များမှာလည်း သန္ဓေတည်စ အခြေမျိုး၌ ရှိနေသေးသဖြင့် ခပ်တိုတိုပင် ရှိကြသေး၏။ အချို့နေရာများ တွင်လည်း အထက်မှ တွဲရွဲကျလာသော ကျောက်တိုင်ကြီးနှင့်၊ အောက် ကြမ်းပြင်မှ တက်သွားသော ကျောက်တိုင်ကြီးတို့သည် ထိတွေ့လုမတတ် ရှိနေပေတော့၏။

ကျွန်ုပ်တို့ ကြည့်နေကြစဉ် အထက်ကျောက်တိုင်၏ အဖျားစွန်း ကလေးများမှ ရေစက်များသည် အောက်ကျောက်တိုင်များ၏ ထိပ်သို့ တပေါက်ပေါက်ကျလျက် ရှိကြ၏။ အချို့ကျောက်တိုင်များ၌ ရေသည် ၂ မိနစ်၊ ၃ မိနစ်တွင်မှ တစ်စက်မျှ ကျလေရာ၊ ဤနှုန်းအတိုင်း ကျခြင်း အားဖြင့် အမြင့်ပေ ၈၀၊ လုံးပတ် ၂၀ ခန့်ရှိသော ကျောက်တိုင်ကြီးတစ်တိုင် ဖြစ်လာအောင် နှစ်ပေါင်းမည်မျှ ကြာရှည်မည်ကို တွက်ချက်ခန့်မှန်းရလျှင် မောဟိုက်ဖွယ်ရာ ဖြစ်နေပေလိမ့်မည်။

အချို့နေရာများ၌ ရေစက်သည် တစ်နေရာတည်း၌ မကျဘဲ ထို နေရာ ဤနေရာတို့၌ ပြောင်းရွှေ့ကျဆင်းထားရကား "စတာလက်မိုက်" ကြီးသည် တိုင်ကြီးကဲ့သို့ ချောမွေ့ ဖြောင့်စင်းစွာ မရှိဘဲ တိရစ္ဆာန်တစ်မျိုးကြီး ကဲ့သို့ လည်းကောင်း၊ ပလ္လင်ကြီးများကဲ့သို့ လည်းကောင်း၊ ဇာပန်းများ ထုထားသကဲ့သို့ လည်းကောင်း ထူးဆန်းသော ပုံသဏ္ဌာန်များ ဖြစ်ပေါ်လျက် ရှိကြ၏။ ဤနည်းအားဖြင့် ဖြစ်ပေါ်နေသော ပလ္လင်ကြီးတစ်ခုမှာ ယုတ်စွ





အဆုံးအားဖြင့် တန်ချိန် ၁၀၀ ထက်မနည်း ရှိလိမ့်မည်ဟု ခန့်မှန်းကြရ ပေ၏။

ကျွန်ုပ်တို့ တွေ့မြင်ကြရသော ဂူမကြီးနှင့် ဆက်သွယ်လျက် သေး ငယ်သော ဂူလက်တက် ကလေးများလည်း ရှိကြပေရာ၊ တစ်ခုသော ဂူကလေးမှာ သေတ္တာလုံး ပမာဏလောက်သာ ရှိသော်လည်း ၎င်းအတွင်း၌ လည်း စတာလက်မိုက် ကလေးများနှင့် စတာလက်တိုက် ကလေးများ ရှိနေသည် ဖြစ်သောကြောင့် သဘာဝမွေ မည်သည်မှာ ကြီးသည် ငယ်သည် မရွေး၊ တသဘောတည်း ဖွဲ့စည်းပြုပြင်ပေးတတ်ကြောင်း ထင်ရှားစွာ တွေ့ကြရပေ၏။ ကျွန်ုပ်တို့သည် ၎င်းဂူကြီး၏ ဆန်းကြယ်သော အခြင်းအရာ များကို၊ အလိုရှိသလောက် ကြာရှည်စွာ ကြည့်ရှုခွင့်မရဘဲ၊ ဂါဂူလ၏ တိုက်တွန်းမှုကြောင့် ရှေ့သို့ ဆက်လက် ထွက်လာခဲ့ကြရလေ၏။

ဂါဂူလသည် ကျွန်ုပ်တို့ကို ဂူကြီး၏ တစ်ဖက်သောနံရံသို့ ခေါ်သွား၍ တံခါးပေါက်ငယ်တစ်ခုကို တွေ့ကြရပြန်လေရာ၊ ၎င်းတံခါးဝမှာ ရပ်လျက် ဂါဂူလက 'မရဏရာဇာကို သင်တို့ ကြည့်ဝံ့ကြပါ၏လော' ဟု မေး၏။ ကျွန်ုပ်က 'မရဏရာဇာ မကလို့ ဘာရာဇာကြီးဖြစ်ဖြစ် ကျွန်ုပ်တို့ ကြည့်ဝံ့ တယ်၊ ရှေ့ကသာ သွားပေတော့' ဟု မလေးမစား ပမာမခန့် ပြောလိုက် ရသော်လည်း၊ စိတ်ထဲ၌မူကား ဂူဝမှ ဝင်ခဲ့ရကတည်းက "လိပ်ပြာငယ်" လျက် ရှိနေကြရလေပြီ။ ဆာဟင်နရီက 'သွားပါ ကွာတာမိန်း၊ အမယ်ကြီး စောင့်နေရတာ အားနာပါတယ်' ဟု ပြော၍ ကျွန်ုပ်အား ရှိသေသမှုနှင့် လမ်းဖယ်ရှားပေးလိုက်ရာ၊ ကျွန်ုပ်မှာ ထိုသို့သော နေရာမျိုးတွင် ရှိသေသမှု နှင့် ရှေ့မှ တင်ပေးခြင်းကို ကျေးဇူးမတင်နိုင်အောင် ဖြစ်နေမိ၏။

ထိုအခိုက်အတွင်း ဂါဂူလသည် အပေါက်ငယ်မှ ဝင်ပြီးလျှင် တောင်ဝှေး တဒေါက်ဒေါက်နှင့် ထွက်သွားနှင့်ပြီးဖြစ်ရာ၊ ကျွန်ုပ်မှာ စိတ် လေးလံလှသည်နှင့် အပေါက်ဝတွင် ဆိုင်းငံ့လျက်ပင် ရှိနေသေး၏။ ထိုအခါ ဂွဒ်က 'လိုက်လေ ....ကွာတာမိန်း၊ အမယ်ကြီးကို မျက်ခြည်ပြတ်ကုန်ကြ

တော့မယ်။ လိုက်ပါတော့လား' ဟု ပြောသည်နှင့် ကျွန်ုပ်သည် ရုတ်တရက် ရဲစိတ်သွင်းပြီးလျှင် အပေါက်ဝမှ စွတ်၍ ဝင်လိုက်သွားရာ၊ ခြေလှမ်းနှစ်ဆယ်ခန့် သွားမိသောအခါတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့်ပေ ၃၀ ခန့် ရှိသော အခန်းတစ်ခန်း အတွင်းသို့ ရောက်သွားကြလေ၏။ ၎င်းဂူခန်းမှာ ရှေးသရောအခါက လူတို့၏လက်ဖြင့် ထွင်းဖောက်ထားခဲ့သည့် အထိမ်းအမှတ်များ တွေ့မြင်ရပေ၏။ ထိုအခန်းမှာ ကျောက်တိုင်ကြီးများ တွေ့ခဲ့ရသော ဂူကြီးကဲ့သို့ အလင်းရောင် ကောင်းစွာ မဝင်နိုင်သည်ဖြစ်၍၊ ရောက်ခါစတစ်ခဏ၌ ကျွန်ုပ်တို့သည် အလယ်တွင် အလျားလိုက် ခင်းထားသော ကျောက်စားပွဲကြီးတစ်ခုနှင့်၊ စားပွဲကြီးထိပ်တွင် ကျောက်ဖြူရုပ်ကြီးတစ်ရုပ်နှင့် လူ၏အရွယ်ရှိသော ကျောက်ဖြူရုပ်များ ဝိုင်းရံလျက် ရှိကြခြင်းကိုသာ မြင်လိုက်မိကြ၏။ ထိုနောက် ကျောက်ဖြူရုပ်များ၏ အလယ်တွင် ညိုတိုတို ရှိသော ပုံသဏ္ဍာန်တစ်ခုကို သတိပြုလိုက်မိ၏။ ထိုနောက်မှ ကျွန်ုပ်၏ မျက်စိများသည် ကျင့်သားရလာသည်ဖြစ်၍ ကျောက်စားပွဲပေါ်မှ ပုံသဏ္ဍာန်များကို သေချာစွာ ကြည့်မိသည်နှင့် တစ်ပြိုင်နက်၊ မည်သူ့ကိုမျှ အဖော်မညှိဘဲ တံခါးပေါက်ဆီသို့ စွတ်၍ ခြေကုန်တင် ပြေးလေတော့၏။

ကျွန်ုပ်မှာ သတ္တိအလွန့်အလွန် မကောင်းလှသော်လည်း တစ္ဆေသရဲစသော "တောက်တီး တောက်တဲ့" ယုံကြည်ခြင်းမျိုးတို့မှ ကင်းရှင်းခဲ့သူ တစ်ယောက် ဖြစ်သည် မှန်ပါ၏။ သို့ရာတွင် ထိုခဏ၌ ကျွန်ုပ်မှာ မိုးမမြင် လေမမြင် လန့်ထိတ်သွားကြောင်းကို ဝန်ခံရန် မရှက်နိုင်သည့်ပြင်၊ ဆာဟင်နရီက အင်္ကျီလည်ပင်းကို ကိုင်ဆွဲမထားလိုက်ပါက ဂူကြီးအပြင်ဘက်သို့ ရောက်အောင် တစ်ခါတည်း ထွက်ပြေးမည် ဧကန်ဖြစ်သည်ပြင် "ကင်ဘာလီ" စိန်တွင်း၌ရှိသော စိန်များအားလုံးကို ကျွန်ုပ်အား ပေးပါမည် ဆိုသော်လည်း ဂူတွင်းသို့ မည်သည့်နည်းနှင့်မျှ တစ်ဖန်ပြန်ဝင်တော့မည် မဟုတ်ချေ။ ယခုမှာမူ ဆာဟင်နရီက လည်ဂုတ်ကို ကိုင်ဖမ်းထားသောကြောင့် မရုန်းနိုင်သဖြင့် တန့်ရပ်နေလိုက်ရ၏။ နောက်တစ်ခဏ၌ ဆာဟင်နရီသည် ကျောက်





စားပွဲသို့ လှမ်းကြည့်၍ ကျွန်ုပ် မြင်ခဲ့ရသကဲ့သို့ မြင်လိုက်ရသော အခါတွင်မူကား၊ ကျွန်ုပ်အား ဆွဲကိုင်ထားသောလက်ကို လွှတ်လိုက်၍ နဖူးမှ ချွေးများကို သုတ်သိမ်းနေလေ၏။ ကပ္ပတိန်ဂွဒ်၏ အလှည့်ရောက်၍ မြင်လိုက်ရသော အခါတွင် ဂွဒ်သည် 'ဂေါ့ဒမ်ဘလာဒီ၊ စူး၊ ဆောက်၊ ဓားမ၊ ပုဆိန်' မကျန် ကျိန်ဆိုရေရွတ် နေလေ၏။ ဖော်လတာမူကား ဂွဒ်၏လည်ပင်းကို ဖက်ညှစ်ကာ ငယ်သံပါအောင် ဟစ်အော်လျက် ရှိလေ၏။

ဂါဂူလမှာမူကား ကျွန်ုပ်တို့၏ ထိတ်လန့်တုန်လှုပ်သော အဖြစ်ကို အရသာခံကာ ရှုစားလျက် ဟက်ဟက်ပက်ပက် ရယ်မောနေလေတော့၏။

တွေ့မြင်ကြသော အခြင်းအရာမှာ စင်စစ် အသည်းနှလုံး တုန်လှုပ်ဖွယ် ကောင်းလှပေ၏။ ရှည်လျားလှသော ကျောက်စားပွဲ၏ တစ်ဖက်သော အစွန်း၌ အရိုးစုအတိဖြစ်သော မရဏရာဇာရုပ်ကြီးသည် လှံဖြူကြီး တစ်ချောင်းကို လက်တွင်ကိုင်ကာ ငုတ်တုတ်ကြီး ထိုင်လျက်ရှိရာ၊ အရပ်မှာ ၁၅ ပေထက် မနည်း မြင့်ပေလိမ့်မည်။ မရဏရာဇာရုပ်ကြီးသည် လှံကို ထိုးစိုက်တော့မည့် ဆဲဆဲကဲ့သို့ လေထဲတွင် မြှောက်ကိုင်လျက်ရှိရာ ကျောက်စားပွဲကြီးပေါ်တွင် လက်တစ်ဖက်ထောက်လျက် ထ တော့မည့် ဟန်လွှဲနေသည့် အနေအထားမျိုးနှင့် ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်ထား၍၊ သွားဖြဲထားသော ဦးခွံကြီးသည် ရှေ့သို့ ငိုက်စိုက်ရှိသဖြင့်၊ ပါးရိုးကြီးများသည်လည်း စကားပြောတော့မည်ဟန်ဖြင့် မပွင့်တပွင့် ရှိနေသည့်ပြင်၊ အဆန်မပါသည့် ဟောက်တောက် မျက်လုံးကြီးများမှာလည်း ကျွန်ုပ်တို့ဘက်သို့ တည့်တည့်ကြီး လှည့်လျက် ရှိနေလေ၏။

ရီ။ ။'ဘယ့်နှယ် အရုပ်ကြီးပါလိမ့် ကရို့၊ အမြင်ဆိုးလှပါဘိတကား'

ဂွဒ်။ ။'အရုပ်ကြီး ထားပါဦး၊ ဟိုဟာတွေက ဘယ့်နှယ်ဟာတွေလဲ'

ရီ။ ။'အလယ်က ညိုတိုတိုကြီးကကော ဘယ်လိုဟာကြီးလဲ'

ဂါဂူလ ။ ။ 'မရဏရာဇာရဲ့ အခန်းထဲ ဝင်တဲ့လူဟူသမျှ ကောင်း စားတယ်လို့ ဘယ်တော့မှ မရှိဘူး၊ သတိသာ ထားကြတော့။ ဟီး .... ဟီး .... ဟီး၊ ဟား .... ဟား .... ဟား'

ထိုနောက် ကျွန်ုပ်တို့သည် အနည်းငယ် အတင့်ရဲလာသည်နှင့် အနီး သို့ ချဉ်းအပ်ကြည့်ရှုကြပြန်ရာတွင်၊ စားပွဲအလယ်မှ ညိုတိုတိုရှိသော အရာ ဝတ္ထုအကြောင်းကို ရိပ်မိသည်နှင့် လွတ်ခနဲ လန့်အော်လိုက်သေး၏။ ၎င်း အရာဝတ္ထုမှာကား အခြားမဟုတ်၊ တွာလာ၏ အလောင်းပင် ဖြစ်ပေရာ တွာလာသည် ဆာဟင်နရီ ခုတ်ဖြတ်ချထားသော ဦးခေါင်းကို ဒူးပေါ်တွင် တင်ကာ လက်ဖြင့်ပိုက်လျက် ငုတ်တုတ်ကြီး ထိုင်နေရကား၊ လည်ပင်းမှ အရေသည် တွန့်ဆုတ်သွားသည် ဖြစ်သောကြောင့် လည်ချောင်းကြီးသည် လည်ပင်းအထက်တွင် တစ်လက်မခန့် ငုတ်တုတ်ကြီးပေါ်လျက် ထွက်နေ လေတော့၏။ အလောင်းမှာ အဝတ်အစား အလျဉ်းမရှိ၊ တုံးလုံးကြီး ရှိနေ သည့်ပြင် အပေါ်ယံတွင် အမြေးတလက်လက် ဖုံးအုပ်စ ပြုနေသည်ဟု မှတ်ထင်ရပေ၏။ ကျွန်ုပ်တို့ ငေးကြည့်နေကြစဉ် ဂူမိုးမှ ရေတစ်စက်သည် လည်ချောင်းပေါ်သို့ ပက်ခနဲ ကျသည်ကို တွေ့ကြရသဖြင့်၊ အခြင်းအရာ အလုံးစုံကို ကျွန်ုပ်တို့ ရိပ်မိကြရလေပြီ။ စင်စစ်သော်ကား တွာလာ၏ အလောင်းကို ရေစက်ကျမည့်နေရာတွင် တည့်တည့်ထားခြင်းအားဖြင့်၊ ထုံး ကျောက်များ တဖြည်းဖြည်း ဖုံးအုပ်သွားအောင် စီမံထားကြခြင်း ဖြစ်ပေ၏။ တွာလာ၏ အလောင်းအနီးတွင် တွေ့မြင်ကြရသည့် ဖြူတူတူ အရာဝတ္ထုများ မှာလည်း၊ ရှေးဘုရင်များ၏ အလောင်းများဖြစ်၍ ကျောက်ဖုံးအုပ်နေခြင်းဖြင့် ဖြူတူတူ ရှိနေကြလေပြီ။

ကျွန်ုပ်တို့သည် အလောင်းများကို ရေတွက်ကြည့်သည့်အခါ ၂၇ ခုမျှ ရှိကြောင်း တွေ့ကြရလေရာ၊ ပါးလွှာသောကျောက်ရည် ဖုံးလွှမ်းထား သည်ဖြစ်၍ ဖြူဖွေးလျက် ရှိကြသော်လည်း၊ အသီးအသီး၏ မျက်နှာများမှာ မည်သူမည်ဝါ ဖြစ်သည်ဟု ထင်ရှားစွာ ခွဲခြား သိရှိနိုင်ပေ၏။ ၎င်းတို့အားလုံး





မှာ ကူကူယာနား ဘုရင်များချည်းဖြစ်၍ တွာလာ၏ ဖခင်လည်း ပါဝင်လေရာ မရဏရာဇာ (သေမင်း) ရုပ်ကြီးက အိမ်ရှင်အဖြစ်နှင့် အလယ်မှ ဧည့်ခံလျက်၊ ဘုရင်အလောင်းများက ဧည့်သည်များအဖြစ် ဝိုင်းရံကာ "စားပွဲထိုင်လျက်" ရှိကြခြင်းကဲ့သို့ အသည်းနှလုံး တုန်လှုပ်ဖွယ်ကောင်းသော အခြင်းအရာ တစ်ခုကို စိတ်ကူးရန်ပင် ခဲယဉ်းပေလိမ့်မည်။

မရဏရာဇာ ရုပ်ကြီးမှာ "စတာလက်တိုက်" ကျောက်တိုင်ကြီး တစ်တိုင်ကို ထွင်းထုထားခြင်း ဖြစ်ပေရာ၊ စောလမုန်ဘုရင် လက်ထက်က ဘဏ္ဍာတိုက်ခန်းသို့ သွားရာလမ်းတွင် ဘဏ္ဍာကို ခိုးယူမည့် သူခိုးများ ထိတ်လန့်စေရန်အတွက် ပြုလုပ်ထားသည်ဟု တွေးထင်ရန် ရှိ၏။ ကူကူ ယာနား လူမျိုးများသည် ၎င်းအရုပ်ကြီးကို တွေ့ကြရသောအခါ၊ မိမိတို့ ဘုရင်များ၏ အလောင်းများကို စောင့်ရှောက်စေလိုသော သဘောနှင့်၊ အရုပ်ကြီးအနီးတွင် အလောင်းများကို "ကျောက်ရည်စိမ်" ရန် အကြံရသည့် လက္ခဏာ ရရှိပေ၏။ အလောင်း ၂၇ ခု ရှိသည့်အနက် ဘုရင်တစ်ပါးလျှင် နန်းသက်နှစ်ပေါင်း ၂၀ မျှစီ ပျမ်းမျှခြင်းအားဖြင့် ကြာရှည်ငြားအံ့။ ပထမ ကျောက်ရည်စိမ်သော ဘုရင်မှာ နှစ်ပေါင်း ၅၄၀ အထက်က ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပေလိမ့်မည်။ မရဏရုပ်ကြီး၏ အသက်မှာမူ နှစ်ပေါင်း ၃,၀၀၀ ထက်မနည်း ကြာရှိရမည် ဖြစ်သောကြောင့်၊ ထွင်းထုပြီးသည့်နောက် နှစ် ပေါင်း အတန်ကြာသောအခါမှ ကူကူယာနားများက အလောင်းစောင့် အဖြစ်နှင့် အသုံးပြုကြသည့် လက္ခဏာ ရှိပေသတည်း။

## အခန်း ၁၅
# စောလမုန်၏ ဘဏ္ဍာတိုက်ခန်း

ကျွန်ုပ်တို့သည် မရဏာရာဇာရုပ်ကြီးနှင့် ၎င်း၏ ညှိသည်များကို ထိတ်လန့်အံ့သြသော မျက်နှာထားနှင့် ကြည့်ရှုလျက်ရှိကြစဉ် ဂါဂူလမှာ ကျောက်စားပွဲပေါ်သို့တက်၍ တွာလာအား လည်းကောင်း၊ တွာလာ၏ ဖခင်အား လည်းကောင်း၊ အခြားအလောင်း တစ်ခု နှစ်ခုတို့ကို လည်းကောင်း သိဟောင်း ကျွမ်းဟောင်းများကို နှုတ်ဆက်သည့်အနေမျိုးနှင့် နှုတ်ဆက်စကား ပြောဆိုလျက် ရှိလေ၏။ ကျွန်ုပ်တို့က ကြည့်ရှုအားရသဖြင့် သွားကြဖို့ ပြောသောအခါမှ ဂါဂူလသည် စားပွဲကြီးပေါ်မှ ပေါ့ပါးစွာ ဆင်းလာ၍ 'ကြယ်တာရာသားများ ကြောက်ကြသလော' ဟု မေးသေး၏။ ကျွန်ုပ်က 'လမ်းပြမှာကိုသာ ပြပါ၊ စကား မများစမ်းပါနှင့်' ဟု ပြောရာတွင် ဂါဂူလသည် ဘူးတောင်း မီးခွက်ကို ချပေး၍ မီးညှိရန် ပြောသည်နှင့်၊ ကျွန်ုပ်သည် မီးခြစ်ဆံ အနည်းငယ် ကျန်သေးသော မီးခြစ်ဘူးကိုထုတ်၍ မီးခွက်ကို ထွန်းညှိလေ၏။ ၎င်းနောက် ကျွန်ုပ်သည် သွားရာလမ်းကို ကြည့်သောအခါ တံခါးပေါက် အလျှင်းမရှိသည့် ကျောက်နံရံကြီးကိုသာ မြင်ရသည်နှင့် ဂါဂူလကို ကြည့်လိုက်ရာ၊ ဂါဂူလမှာ သွားကိုဖြဲလျက် ရယ်နေလေ၏။

ဂါဂူလ ။ ။'လမ်းက ရှေ့မှာရှိပါသည်၊ သွားသာ သွားကြပါ .... ဟား ....ဟား ....ဟား ....ဟား'

ကျွန်ုပ် ။ ။'ရွှတ်တွတ်တွတ် မလုပ်စမ်းနဲ့နော် ....မိန်းမကြီး'





လ ။ ။'မရွှတ်တတ်ပါဘူး၊ ဟိုမှာကြည့်ပါ' ဟု ပြလိုက်သဖြင့် ကျွန်ုပ်သည် ကျောက်နံရံကြီးကို ကြည့်လိုက်ရာ၊ နံရံကြီးသည် အထက်သို့ ကြွတက်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအတောအတွင်း၌ ဂျိုးဂျိုးဂျုံးဂျုံး မြည်သံများကို ကြားကြရလေရာ၊ ကျောက်နံရံကြီးမှ အနံ ၅ ပေခန့်ရှိသော ကျောက်တုံးကြီးတစ်ခုသည် တဖြည်းဖြည်း အထက်သို့ မြောက်တက်သွား၍၊ အမြင့် ၆ ပေခန့်ရှိသော အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာလေ၏။ ၎င်းကျောက်တုံးကြီးမှာ ချိန်သီးနှင့် ကြိုးများ တပ်ဆင်ထားခြင်းအားဖြင့် ဖွင့်ချည်ပိတ်ချည် ပြုလုပ်နိုင်သည့် လက္ခဏာရှိပေရာ၊ တစ်ခုသောခလုတ်ကို ဂါဂူလ နှိပ်ပေးလိုက်ခြင်းအားဖြင့် ပွင့်လာဟန် တူပေ၏။ သို့ရာတွင် ကျွန်ုပ်တို့မှာမူ ဂါဂူလ၏ ခလုတ်နှိပ်ခြင်းကို လည်းကောင်း၊ ကြိုးနှင့် ချိန်သီးများကိုလည်းကောင်း မတွေ့မမြင်ရချေ။

အနံ ၅ ပေ၊ အမြင့် ၆ ပေရှိသော အပေါက်ကြီးတစ်ခု ပွင့်လာသောအခါ၊ ကျွန်ုပ်မှာ စောလမုန်၏ ဘဏ္ဍာတိုက်ခန်းကို မြင်ရချေတော့မည်ဟု အောက်မေ့ကာ၊ ပြင်းစွာတုန်လှုပ်လျက် ဒူးများဆတ်ဆတ် တုန်နေမိသေး၏။ စောလမုန်၏ ဘဏ္ဍာများဆိုသည်မှာ အကယ်၍ပင် ရှိလေသလော၊ သို့တည်းမဟုတ် ဒဏ္ဍာရီ ယုံတမ်းစကားမျှသာ ဖြစ်လေသလော၊ မည်သို့ပင်ရှိစေ ကျွန်ုပ်တို့အဖို့ကား မကြာမီ ပိုင်းခြားသိရှိ ကြရပေတော့မည်။

'ဝင်ကြလော့ ....ကြယ်တာရာသားများ ဝင်ကြပေလော့' ဟု ပြောလျက်၊ ဂါဂူလသည် အပေါက်ကြီးထဲသို့ ဝင်ကာ ကျွန်ုပ်တို့ဘက်သို့ မျက်နှာလှည့်လျက် .... 'သို့သော် မဝင်ကြမီ ကျွန်ုပ် အမယ်အို၏ စကားကို နားထောင်ကြဦးလော့၊ ဤတိုက်ထဲ၌ သင်တို့ တွေ့ရမည့် စိန်တုံးများကား နတ်ကြီး သုံးပါးရှေ့၌ရှိသော တွင်းကြီးထဲမှ တူးဖော်ရရှိ၍ မည်သူ သိုလှောင်ထားခဲ့သည်ဟု ကျွန်ုပ် မပြောနိုင်။ သိုလှောင်သူများသည် အရေးတကြီးနှင့် ထွက်ပြေးကြရသော နေ့မှစ၍ ယနေ့သို့တိုင်အောင် ဤတိုက်ကြီးထဲသို့ ဝင်ခဲ့ဖူးသူဟူ၍ တစ်ကြိမ်သာလျှင် ပေါ်ပေါက်ခဲ့ဖူးသည်။ ဘဏ္ဍာတိုက်ကြီး

တည်ရှိကြောင်းကို အစေးတိုင်းပြည်မှ လူများ ကြားသိကြသော်လည်း တိုက်ကြီး တည်ရှိရာ နေရာကိုလည်း မသိကြ၊ ဤတံခါးဖွင့်နည်းကိုလည်း မသိခဲ့ကြချေ။ တစ်ခါက လူဖြူတစ်ယောက် ရောက်လာ၍ ဘုရင်နှင့် သင့်မြတ်အောင် ပေါင်းပြီးလျှင် ဤတံခါးကြီး ဖွင့်နည်းကို သိသော မိန်းမ တစ်ယောက်နှင့်အတူ ဤနေရာသို့ရောက်အောင် လာခဲ့ကြသည်။ ဘဏ္ဍာ တိုက်ထဲသို့ ဝင်ကြပြီးနောက် လူဖြူသည် ဆိတ်သားရေအိတ်ကြီး တစ်လုံး ထဲသို့ စိန်များကို ပြည့်အောင်ထည့်၍ ထွက်လာမည် အပြုတွင် စိန်ကြီး တစ်လုံးကို လက်ဖြင့် ကောက်ယူကိုင်တွယ် ကြည့်ရှုနေသည်' ဟု ပြော၍ ရပ်တန့်နေစဉ် ....

ကွါနိပ်။ ။'ဒီတော့ ဒီဆီလဗာ ဘာဖြစ်သွားသတဲ့လဲ'

ဂါဂူလ။ ။(လန့်သွားဟန်နှင့်) 'သူ့နာမည်ကို သင် ဘယ့်နှယ် သိသလဲ'

ကွါနိပ်။ ။'ကြယ်တာရာက လူများဆိုတာ သူတစ်ပါး မသိနိုင်တဲ့ အရာကို သိနိုင်လို့ဟာပေါ့၊ ဒါထက် ပြောစမ်းပါဦး'

ဂါဂူလ။ ။'စိန်တုံးကြီးကို လက်နှင့်ကိုင်ပြီး ကြည့်နေဆဲမှာ လူဖြူသည် တစ်စုံတစ်ခုကို ထိတ်လန့်သည်နှင့် ဆိတ်သားရေအိတ်ကြီးကို ပစ်ချထားခဲ့၍ လက်မှ စိန်တစ်လုံးတည်းနှင့် ထွက်ပြေးလာခဲ့သည်။ ၎င်း စိန်တုံးကား အီနိုစီ၏ နဖူးတွင် ယခု ဝတ်ဆင်ထားသော စိန်တုံးကြီးပင် ဖြစ်သည်'

ကွါနိပ်။ ။'ထိုအချိန်မှစ၍ ယနေ့အထိ ဤနေရာသို့ မည်သူမျှ မရောက်ဖူးသလော'

ဂါဂူလ။ ။'မည်သူမျှ မရောက်ဖူးပါ၊ တံခါးဖွင့်နည်းကိုသိ၍ ကူကူယာနား ဘုရင်တိုင်း ဖွင့်စမ်းကြည့်သော်လည်း အတွင်းသို့ မည်သူမျှ မဝင်ဖူးပါ။ အတွင်းသို့ ဝင်သောလူများမှာ တစ်လအတွင်း သေတတ်သည် ဟု ပြောကြသောကြောင့် ကြောက်ရွံ့နေကြပါသည်။ တစ်ခါက ဝင်ဖူးသော





လူဖြူတစ်ယောက်မှာလည်း တစ်လအတွင်း သေကြေပျက်စီးသောကြောင့် သူ၏အလောင်းကို ဂူတစ်ခုထဲ၌ သင်တို့ တွေ့ခဲ့ကြသေးသည် မဟုတ်လော'

ထိုအခါ ကွါနိပ်တို့မှာ ဒီဆီလဗာ၏ အလောင်းတွေ့ခြင်းအကြောင်း ကို မည်သည့်နည်းနှင့် အမယ်ကြီး သိလေသနည်းဟု အံ့သြလျက် တစ် ယောက်၏ မျက်နှာကို တစ်ယောက် ငေးကြည့်နေမိကြသေး၏။

ဂါဂူလ။ ။'ဝင်ကြပေလော့ ကြယ်တာရာသားများ .... ဝင်ကြပေ လော့၊ ကွါနိပ်၏စကား မှန်ခဲ့လျှင် ဆိတ်သားရေအိတ်ကို အတွင်း၌ သင်တို့ တွေ့ကြရလိမ့်မည်။ တစ်လအတွင်း သေမည် မသေမည် အကြောင်းကိုမူ သင်တို့ကိုယ်တိုင် မကြာမီ သက်သေခံနိုင်လိမ့်မည် ....ဟား ....ဟား .... ဟား ....ဟား'

ယင်းသို့ ပြောပြီးသည်နောက် ဂါဂူလသည် မီးခွက်ကိုကိုင်လျက် ဝင်သွားလေရာ၊ ကွါနိပ်မှာ အပေါက်ဝတွင် ရပ်တန့်နေမိပြန်သေး၏။

ဂွဒ်။ ။'ကြောက်သလား ကိုယ့်လူရယ်၊ ကိုင်း ကျုပ် ဝင်ပါမယ်' ဟု ပြော၍ ဝင်သွားသည်နှင့် ဖော်လတာလည်း ရွံ့တွံ့တွံ့နှင့် လိုက်ပါ သွားလေရာ၊ ကွါနိပ်တို့လည်း နောက်ဆုံးမှ လိုက်သွားကြလေ၏။ ခြေလှမ်း အနည်းငယ် လျှောက်မိကြသောအခါ၊ ကျဉ်းမြောင်းသော ဥမင်လိုဏ်ခေါင်း နံဘေးတွင် စီလျက်တင်ထားသည့် လေးထောင့်ကျောက်တုံးကြီးများကို တွေ့ ကြရလေရာ၊ ထိုကျောက်တုံးများမှာ ၎င်းဥမင်လိုဏ်ခေါင်းလမ်းတွင် ပိတ်ဆို့ မည်ဟု မူလသိုလှောင်သူများက ကြံရွယ်ထားပြီးမှ၊ ရုတ်တရက် ရှောင်တခင် အရေးတကြီးနှင့် ထွက်ပြေးကြရဟန် တူကြောင်းနှင့် ဂါဂူလက ပြောပြ သေး၏။

ဤနေရာသို့ ရောက်လာကြသောအခါ ဖော်လတာမှာ အလွန် တုန်လှုပ်လှုပြီဖြစ်၍၊ မည်သည့်နည်းနှင့်မျှ ဆက်လက်လိုက်ပါရန် မတတ်နိုင် သဖြင့် ထိုနေရာတွင် စောင့်နေရစ်ပါရစေဟု တောင်းပန်ပြောဆိုလေရာ၊ ကွါနိပ်တို့သည် ဖော်လတာကို ကျောက်တုံးပုံပေါ်တွင် ထိုင်စေ၍ ရိကွာ

ခြင်းတောင်းကို ၎င်းအနီးတွင် ချထားပြီးမှ ဆက်လက် ထွက်လာခဲ့ကြလေ၏။

၎င်းနောက် ၁၅ လှမ်းခန့် လျှောက်မိကြသောအခါ ဆေးသုတ်ထားသည့် သစ်သားတံခါးကြီးတစ်ခုသို့ ရောက်လာကြ၍ တံခါးကြီးပွင့်လျက်ရှိသည်ကို တွေ့ကြရလေ၏။ ထိုနေရာသို့ နောက်ဆုံးရောက်ခဲ့သောလူမှာ မည်သူပင်ဖြစ်စေ၊ အရေးကြီးသောကြောင့် ဖြစ်စေ၊ မေ့လျော့သောကြောင့် ဖြစ်စေ တံခါးကို မပိတ်ဘဲ လှပ်ထားခဲ့သည့် လက္ခဏာ ရှိပေ၏။

တံခါးဝ တည့်တည့်၌ကား ဆိတ်သားရေအိတ်ကြီးတစ်လုံး လဲကျလျက်ရှိရာ၊ အတွင်း၌ ကျောက်စရစ်ခဲများ ပြည့်နေဟန် တူပေ၏။

ဂါဂူလ။ ။'ကျွန်ုပ် မပြောဘူးလား၊ ဟီ ....ဟီ ....ဟီ ....ဟိုတုန်းက လူဖြူဟာ ကတိုက်ကရိုက် ထွက်ပြေးရလေတော့ အိတ်ကြီးကို ဒီနေရာမှာ ချပစ်ထားခဲ့ရတာ တွေ့ကြပြီ ဟုတ်လား။ ဟီ ....ဟီ ....ဟီ ....ဟီ .... လာတုန်းကတော့ အသက်စွန့်ပြီး လာခဲ့ရတယ်၊ တွေ့လို့ ယူပြီးတော့မှ ပစ်ချထားခဲ့ရတယ်။ ဘာ့ကြောင့်ပါလိမ့်၊ ဟီ ....ဟီ ....ဟီ'

ဂွဒ်သည် ဆိတ်သားရေတစ်ချပ်လုံးဖြင့် ချုပ်လုပ်ထားသော အိတ်ကြီးကို လက်ဖြင့် ချီမ၍စမ်းရာ၊ ကျောက်ခဲသံများ တချက်ချက်ကြားသဖြင့် 'အလို ဘုရားရေ ....စိန်တွေများလား ကရို' ဟု တုန်လှုပ်သော မျက်နှာနှင့် ပြောလိုက်၏။ သားရေအိတ်တစ်လုံး ပြည့်အောင် စိန်များ တွေ့ရသော လူတစ်ယောက်သည် အဘယ်မှာလျှင် မတုန်လှုပ်ဘဲ နေနိုင်ပါအံ့နည်း။

ဆာဟင်နရီမှာမူ အဆုံးသို့ရောက်အောင် ကြည့်လိုလှပြီဖြစ်၍ စိန်အိတ်ကိုပင် ဂရုမစိုက်ဘဲ စိတ်မရှည်နိုင်သော အမူအရာနှင့် 'သွားကြပါ .... ရှေ့ကို သွားကြပါ' ဟု ပြောလျက် ဂါဂူလ၏လက်မှ မီးခွက်ကို ယူပြီးလျှင် တံခါးဝကို ကျော်လွန်အောင်သွားပြီးမှ၊ မီးခွက်ကို ဦးခေါင်းပေါ်တွင် မြှောက်၍ ကြည့်လိုက်၏။ ကျွန်ုပ်တို့လည်း နောက်မှ လိုက်သွားကြလေရာ စောလမုန်၏ ဘဏ္ဍာတိုက်ခန်းကြီးအတွင်းသို့ ဆိုက်ရောက်နေကြလေပြီ။





ပထမ၌ ကျွန်ုပ်တို့သည် မှေးမှိန်သော မီးခွက်၏ အလင်းရောင်တွင် ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းသော အခန်းတစ်ခန်းကိုသာ တွေ့မြင်ကြရ၏။ ၎င်းနောက် အခန်း၏ တစ်ဖက်သောနံရံတွင် အမိုးသို့ခိုက်အောင် တစ်ချောင်းပေါ် တစ်ချောင်းဆင့်၍ စီထားသော ဆင်စွယ်ချောင်းကြီးများကို တွေ့မြင်ကြရ၏။ ဆင်စွယ်ပုံကြီးမှာ အနက်မည်မျှရှိမည်ဟု မပြောနိုင်သော်လည်း၊ ကျွန်ုပ်တို့မျက်စိဖြင့် တွေ့မြင်ရသော အတန်းကြီး တစ်တန်းပင်လျှင် ဆင်စွယ်ချောင်းရေ ၅၀၀ ထက်မနည်း ရှိပေ၏။ ထိုပြင် ဆင်စွယ်ချောင်းကြီးများမှာ အလွန်ချောမွေ့ကြီးမားလှသည့် ပထမတန်း ဆင်စွယ်ကြီးများ ဖြစ်သောကြောင့်၊ ၎င်းပစ္စည်း တစ်ရပ်တည်းနှင့်ပင် လူသုံးယောက်အဖို့ တစ်သက်လုံး ရောင်းချစားသောက်၍ မကုန်နိုင်လောက်အောင် ရှိနေခဲ့လေပြီ။ ရာဇဝင်များ၌ ဖတ်ရှုရဖူးသည့် စောလမုန်၏ အတုမရှိသော ဆင်စွယ် ရာဇပလ္လင်ကြီး ဆိုသည်မှာ ၎င်းဘဏ္ဍာတိုက်ထဲမှ ထုတ်ယူဆောက်လုပ်ထားခဲ့ဟန် တူပေ၏။

ဆင်စွယ်ပုံကြီးနှင့် မျက်နှာချင်းဆိုင်ရှိသော နံရံတစ်ဖက်၌ကား ဆေးနီရောင်သုတ်ထားသည့် သစ်သားသေတ္တာကြီးပေါင်း ၂၀ ခန့်တို့ ဆင့်ထပ်လျက်ရှိရာ၊ ဆာဟင်နရီသည် အပေါ်ဆုံးမှ သေတ္တာကိုလှပ်၍ မီးရောင်ဖြင့် ထိုးပြသည်နှင့် ကျွန်ုပ်က လက်ဖြင့်နှိုက်၍ ဆုတ်ယူလိုက်သောအခါ စိန်တုံးများ မဟုတ်ဘဲ၊ ရွှေဒင်္ဂါးများ ဖြစ်နေသည်ကို တွေ့ရလေ၏။ ၎င်းရွှေဒင်္ဂါးများမှာ ကျွန်ုပ်တို့ ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ကြရဖူးသည့် ပုံသဏ္ဍာန်အမျိုးမျိုး ရှိနေကြသည်ပြင်၊ ဟေဗြဲအက္ခရာများဖြင့် နှိပ်ထားသည်ကို တွေ့ကြရ၏။

သေတ္တာတစ်လုံးလျှင် ရွှေဒင်္ဂါး နှစ်ထောင်ခန့် အနည်းဆုံး ပါရှိမည်ဖြစ်ရာ၊ သေတ္တာလုံးရေ ၂၀ ဆိုလျှင် ရွှေဒင်္ဂါး လေးသောင်းထက်မနည်း ရှိနေမည် ဖြစ်သောကြောင့်၊ မည်သည့်နည်းနှင့်မဆို လက်ချည်းသက်သက် ပြန်လာကြရတော့မည် မဟုတ်ဟူ၍ အောက်မေ့မိသေး၏။

ကျွန်ုပ်တို့သည် စိတ်မကျေနပ်သေးသည်နှင့် စိန်များ တွေ့ရဦးမည်

ဟု မျှော်လင့်လျက် ဆက်လက်ရှာဖွေနေကြသေးရာ၊ ဂါဂူလက 'စိန်ကို ရှာနေကြလျှင်ဖြင့် ဟောဟိုဘက်က ထောင့်ထဲမှာ ကြည့်ကြလော့' ဟု ပြော လိုက်သည်နှင့်၊ ကျွန်ုပ်တို့သည် ဂါဂူလ ညွှန်ပြရာသို့ မီးခွက်ဖြင့် သွား၍ ကြည့်ကြ၏။ အခန်း၏ တစ်ခုသောထောင့်တွင် နံရံကိုထွင်း၍ လုပ်ထားသည့် ဂူကလေးတစ်ခုရှိရာ၊ ၎င်းအတွင်း၌ နှစ်ပေပတ်လည်ခန့်ရှိသည့် ကျောက် သေတ္တာကြီး သုံးလုံးကို တွေ့ရှိရ၏။ ၎င်းတို့အနက် နှစ်လုံးမှာ ကျောက်ဖျာ အဖုံးဖြင့် ဖုံးအုပ်ထားရာ၊ တစ်လုံးမှာမူ ပွင့်လျက်ရှိ၍ အဖုံးသည် သေတ္တာတွင် မှီလျက် ထောင်နေလေ၏။

ဆာဟင်နရီသည် ပွင့်နေသော ကျောက်သေတ္တာကို မီးခွက်ရောင် ဖြင့် ထိုးပြရာ၊ တစ်ခဏ၌ သေတ္တာတွင်းမှ ပြောင်တောင်တောင် အရောင် များ ဟပ်နေသောကြောင့် ရုတ်တရက် မမြင်နိုင်ကြပေ။ မျက်လုံးများ ကျင့်သားရသော အခါတွင်မှ သေတ္တာမှာ စိန်ရိုင်းများဖြင့် တစ်ဝက်သာသာ ပြည့်လျက်ရှိသည်ကို တွေ့ကြရလေ၏။ ကျွန်ုပ်သည် သေတ္တာထဲမှ တစ်ဆုပ် နှိုက်ယူ၍ကြည့်ရာ ဆပ်ပြာရည် သုတ်လိမ်းထားသကဲ့သို့ ကျိုတိတိ ချွဲတဲတဲ ရှိသည့်အဖြစ်ကို စမ်းမိသည်နှင့်၊ စိန်တုံးများဖြစ်ကြောင်း ယုံမှားဖွယ်မရှိ သည့် အဖြစ်ကို သိရှိရလေ၏။

ကျွန်ုပ်။ ။(အသက်ရှူ မမှန်အောင် ရှိနေလျက်) 'ကျုပ်တို့ သုံး ယောက်တော့ ကမ္ဘာပေါ်မှာ အဌေးဆုံး ဖြစ်ကြတော့မှာပဲဗျို့၊ ကျုပ်တို့စာလျှင် မွန်တီ ခရစ္စတိုဟာ သူတောင်းစားလောက် ရှိဦးမယ်'

ဂွဒ်။ ။'တစ်ခါတည်း ထုတ်ရောင်းလျှင် စိန်ဈေးတွေ ကျကုန်မှာ တောင် စိုးရိမ်ရတယ်'

ရီ။ ။'နို့ပေမယ့် ရောက်အောင်ထုတ်ဖို့ အရေးက ရှိသေးတယ် ဆရာကြီးတို့'

ဂါဂူလ။ ။'ဟီ .... ဟီ .... ဟီ၊ သင်တို့ ရှာနေကြတဲ့ စိန်တွေကို တွေ့ကြရပြီ ဟုတ်လား။ ယူကြ ယူကြ၊ လိုချင်သလောက် ယူကြ။ စိန်ပေါ်မှာ





အိပ်ကြ၊ စိန်ကိုပဲ စားကြ၊ စိန်ကိုပဲ သောက်ကြ။ ဟား ....ဟား ....ဟား .... ဟား ....'

ကျွန်ုပ်မှာ "စိန်ကို စားကြ၊ စိန်ကို သောက်ကြ" ဟူသောစကားကို ကြားရသောအခါ၌ မဖြစ်နိုင်သော အဖြစ်ကို စဉ်းစားမိသည်နှင့် တွေးတော ရယ်မောမိရာ၊ ဂွဒ်နှင့် ဆာဟင်နရီတို့ကလည်း လိုက်၍ ရယ်မောကြလေ၏။ စောလမုန်ဘုရင်သည် စိန်များကို ကျွန်ုပ်တို့အဖို့ တူးဖော်သိုဝှက်ထားခဲ့ခြင်း အကြောင်းကိုလည်းကောင်း၊ ပေါ်တူဂီလူမျိုး ဒီဆီလဗာသည် တွေ့လျက်နှင့် မယူနိုင်ဘဲ စွန့်ပစ်ထားခဲ့ရခြင်း အကြောင်းကိုလည်းကောင်း စဉ်းစားမိ၍ ကျွန်ုပ်တို့ သုံးဦးအဖို့ ကုဋေကုဋာ ကြွယ်ဝစေရန် ဖန်တီးစီမံထားခဲ့ကြခြင်း များကိုလည်း တွေးတောရယ်မော မိကြသေး၏။ စင်စစ်သော်ကား ကျွန်ုပ် တို့မှာ ဥစ္စာမြောက်မြားစွာ ရချေတော့မည်ဟု သိရသောကြောင့် အူရွှင်ပြီး သွပ်တွတ်တွတ် ဖြစ်လာကြဟန် တူပေ၏။

ဂါဂူလ။ ။'ဟိုဘက်က သေတ္တာကြီးတွေကို ဖွင့်ကြည့်ကြပါဦး လော့။ ယူကြ ....ယူကြ ....လိုချင်သလောက် ယူကြ၊ သဘောရှိ ယူလိုက် ကြ ....သင်တို့ပစ္စည်းချည်းပဲ။ ယူ ....ယူ ....ယူသာယူကြ ....ဟီး .... ဟီး .... ဟီး .... ဟီး'

ကျွန်ုပ်တို့သည် ဒုတိယသေတ္တာ၏ အဖုံးကို လှပ်ကြည့်လိုက်ရာ၊ နှုတ်ခမ်းသို့တိုင်အောင် စိန်များ ပြည့်လျက်ရှိသည်ကို တွေ့ကြရ၏။ တတိယ သေတ္တာကို လှပ်လိုက်ရာတွင်မူကား စိန်များပြည့်လျက် မရှိဘဲ သုံးပုံ တစ်ပုံ ခန့်လောက်သာ ရှိသော်လည်း၊ လက်ရွေးစင် စိန်တုံးကြီးများချည်းဖြစ်၍ အသေးဆုံးမှာ ခိုဥ ပမာဏခန့် ရှိနေပေ၏။ ကျွန်ုပ်တို့သည် စိန်ကြီးများကို တစ်လုံးစီ မီးရောင်တွင် ထောင်၍ထောင်၍ ကြည့်နေကြခြင်း အလုပ်တွင် မက်မောနေကြသည် ဖြစ်သောကြောင့်၊ အမယ်ကြီး ဂါဂူလ ထွက်သွားလိုက် သည့်အဖြစ်ကို သတိမပြုမိလိုက်ကြချေ။

*

ကျွန်ုပ်တို့သည် စိန်ရွေးချယ်ခြင်း အလုပ်တွင် စိတ်ဝင်စားလျက် ရှိကြစဉ် ‘လာကြပါဦး၊ ကျောက်တုံးကြီး ကျလာပြီ။ ဂူဒီ ....ဂူဒီ’ ဟု ဖော်လတာ၏ အသံဖြင့် ဟစ်အော်သံကို ကြားလိုက်ကြရ၏။ ထိုအခါ ဂါဂူလ၏ အသံက ‘လွှတ်နော် ....လွှတ် ....လွှတ် ....ကိုင်း ....ဒါဖြင့်’ ဟု ပြောလိုက်သံ ကြားရပြီးနောက်၊ ဖော်လတာက ‘ကယ်ပါဦး၊ ကျွန်မကို ဓားနဲ့ ထိုးနေပါပြီ’ ဟု ဟစ်အော်သံ ကြားရပြန်လေ၏။

ထိုအခါ၌ကား ကျွန်ုပ်တို့သည် ဝင်ခဲ့သော လမ်းတစ်လျှောက် အပြေးအလွှား ထွက်လာခဲ့ကြပြီဖြစ်ရာ၊ ထိုနေရာသို့ ရောက်သောအခါတွင်မူကား ကျောက်တံခါးကြီးသည် တဖြည်းဖြည်း လျှောကျနေလျက် ကြမ်းပြင်နှင့် သုံးပေလောက်သာ ကွာတော့သည်ကို တွေ့ကြရ၏။ တံခါးကြီး အနီး၌ကား ဂါဂူလနှင့် ဖော်လတာတို့ ထွေးလုံးသတ်ပုတ်လျက်ရှိရာ၊ ဖော်လတာသည် သွေးများယိုစီးလျက် ရှိသော်လည်း ဂါဂူလကို ဖက်တွယ်ထား၍ ဂါဂူလကလည်း အတင်းရုန်းဖယ်လျက် ရှိ၏။ နောက်ဆုံး၌ ဂါဂူလသည် ဖော်လတာ၏ လက်မှ လွှတ်ထွက်သွား၍ နှစ်ပေသာသာမျှသာ ကျန်တော့သည့် ကျောက်တံခါးပေါက်အောက်သို့ ကိုယ်ကိုပစ်လှဲကာ လှိမ့်၍တိုးလိုက်၏။ ဂါဂူလ၏ ကိုယ်သည် လျှောကျလျက်ရှိသော ကျောက်တံခါးကြီး အောက်တည့်တည့် သို့ ရောက်နေခဲ့လေပြီ။ တစ်လွန့်မျှ လွန့်လိုက်လျှင် လွတ်ချေတော့မည်။ သို့သော် မလွန့်နိုင်၊ နောက်ကျခဲ့လေပြီ။ ဖော်လတာသည် အလျားလိုက် ပစ်ထိုး၍ ဂါဂူလကို ဆွဲထားလိုက်ရာ၊ နောက်တစ်ခဏ၌ ငါးတန်ထက် မနည်း လေးလံသော ကျောက်တံခါးကြီးသည် ဂါဂူလ၏ အရိုးစုမျှသာ ရှိနေသော ကိုယ်ကာယပေါ်သို့ ပိသည်ထက်ပိ၍ ကျလာလေရကား၊ နားများ ကွဲရတော့မတတ် စူးရှစွာ တစ်ချက်ပြီးတစ်ချက် ဟစ်အော်နေသော ဂါဂူလ၏ အသံများ ရပ်စဲသွားသည်နှင့် တစ်ပြိုင်နက် ‘ဂျိ .... ဂျိ .... ဂျိ .... ဂျိ’ ဟု အရိုးများ ညက်ကြေသော အသံကြီးတစ်ချက်ကို ကြား





လိုက်ကြရ၏။ ကျွန်ုပ်တို့သည် ကျောက်တံခါးကိုပြေး၍ ကိုယ်လုံးနှင့် တိုက်ကြသော်လည်း မရချေ။ ဂါဂူလ၏ကိုယ်မှာ ကျောက်တံခါးအောက်တွင် ကြေမွလျက် ရှိလေပြီ။

ထိုနောက် ကျွန်ုပ်တို့သည် ဖော်လတာကို ကြည့်ကြရာ၊ မိန်းကလေးမှာ ရင်ဘတ်တွင် ဓားထိုးခံထားရသဖြင့် သေလောက်သောဒဏ်ရာ ရရှိထားသည့် အဖြစ်ကို တွေ့ကြရလေ၏။

တာ။ ။‘ဂူဒီ ....ဂူဒီ ....ကျွန်မ သေရတော့မယ်။ ကျွန်မ မူးနေတုန်းမှာ ဂါဂူလ ကျွန်မ မသိအောင် ထွက်သွားပြီး ကျောက်တံခါးကို ချလိုက်တယ်။ တံခါးကြီး ကျလာနေတုန်းမှာ သူက ပြန်ဝင်လာပြီး ရှင်တို့ဆီကို လှမ်းကြည့်နေတယ်။ ဒီတော့ ကျွန်မ သူ့ကို ဖက်ထားတယ်။ သူက ရုန်းလို့ မလွတ်နိုင်တာနဲ့ ကျွန်မကို ဓားနဲ့ထိုးပြီး တံခါးကြီးအောက်က ငုံ့ပြေးရာမှာ ကျွန်မက ဆွဲထားလို့ တံခါးပိပြီး သေရှာရော မှတ်တယ်။ သူလည်းသေ၊ ကျွန်မလည်း သေရတော့မယ် ဂူဒီ’

ဂွဒ်။ ။(သူငယ်မ၏ လက်ကို ဆုပ်ကိုင်ရင်း) ‘မသေရပါဘူး ဖော်လတာ .... ကျုပ်မှာ ဆေးတွေ အပါသားကပဲ။ ဟိုအပြင်ရောက်တော့ ပျောက်အောင် ကုပေးမှာပေါ့’

တာ။ ။(ဦးခေါင်းကို ယမ်းလျက်) ‘အပြင်ဘက်ရောက်အောင် ကျွန်မ မနေရတော့ဘူး ဂူဒီ။ ကျွန်မ သေတော့လေ ....ဟိုက ကြယ်တာရာကြီးမှာ သွားပြီး စောင့်နေမယ်နော်။ ဂူဒီ လိုက်လာခဲ့နော်။ ဟိုရောက်တော့ ကျွန်မလည်း ဂူဒီတို့လို ဖြူလာမယ် မဟုတ်လား။ နှစ်ယောက်စလုံး ဖြူပြီဆိုတော့မှ အတူတူနေကြရအောင်နော်။ အခုတော့ ကျွန်မက မည်းလို့ ဂူဒီက ရှက်လိမ့်မယ်။ ဟိုရောက်တော့ ကျွန်မလည်း ဖြူလာမှာကြောင့် ကျွန်မ သေရမှာ မကြောက်ပေါင်၊ နည်းနည်းမှ မကြောက်ဘူး။ ဂူဒီတို့လို ဖြူပြီး ဂူဒီနဲ့ အတူတူ နေရရင် ပြီးရော’

ဂွဒ်။ ။‘ဖြူချင်ဖြူ ....မည်းချင်မည်း၊ ဘယ်တော့မှ မခွဲပါဘူး။

ဖော်လတာ မြန်မြန်ပျောက်အောင် လုပ်၊ ပျောက်တော့ အတူတူနေကြရမယ်။ ကြားလား'

တာ။ ။ 'ဂူဒီရေ .... အို .... ဂူဒီ .... ကျွန်မကို ဖက်စမ်းပါ။ ကျွန်မဘာမှ မမြင်ရတော့ဘူး။ ဂူဒီ ဘယ်ကလဲ၊ ဖက်ပါ .... ဖက်ထားစမ်းပါ .... ကျပ်ကျပ်ကြီး ဖက်ထားစမ်းပါ .... ဖက် .... ဖက် .... ဖက်'

ဂွဒ်သည် ဖော်လတာကို စိစိပါအောင် ဖက်ထားရာမှ ရုတ်တရက် ခုန်ထ၍ 'သွားရှာပြီ မိတ်ဆွေတို့ .... သွားရှာပြီ။ ဩော် .... ဖော်လတာ .... ဖော်လတာ ....' ဟု ရေရွတ်ရင်း မျက်ရည်များ အသွယ်သွယ် ယိုစီးကျလာလေ၏။

ဆာဟင်နရီ။ ။ 'သွားရှာပေမယ့် ရှေ့ဆင့်နောက်ဆင့် နေကြမှာပါ မိတ်ဆွေ။ ကျုပ်တို့လည်း လိုက်ကြရမှာပါ၊ မစိုးရိမ်ပါနဲ့ ....'

ဂွဒ်။ ။ 'ဘယ့်နှယ်ကြောင့် လိုက်ကြရမှာလဲဗျ'

ရီ။ ။ 'ထွက်လမ်းမရှိလို့မို့ အရှင်လတ်လတ် ဂူသွင်းပြီးဖြစ်နေတာ မမြင်ကြဘူးလား ခင်ဗျားတို့'

ကျွန်ုပ်တို့မှာ ဖော်လတာအတွက် ပူပန်နေမိကြသည် ဖြစ်သောကြောင့် ဆာဟင်နရီ၏စကားကို ကြားကြရသော အခါမှသာလျှင် ကျွန်ုပ်တို့၏ အခြေအနေကို အမှန်အတိုင်း စဉ်းစားမိကြလေတော့၏။ စင်စစ်သော်ကား .... ကျောက်တံခါးကြီးမှာ ပိတ်လျက်ရှိနေသည့်ပြင်၊ ၎င်းတံခါးကြီးဖွင့်နည်းကို သိရှိသည့် တစ်ယောက်တည်းသော မိန်းမကြီးမှာလည်း ညက်ညက်ကြေလျက် ပျက်စီးခြင်းတိုင် ရောက်နေလေပြီ။ ကျောက်တံခါးကြီးမှာ ဒိုင်းနမိုင်းနှင့် ခွဲဖွင့်နည်းမှတစ်ပါး၊ အခြားနည်းလမ်း မရှိပေရာ ကျွန်ုပ်တို့လူစုမှာ တံခါးကြီး၏ အတွင်းဘက်သို့ရောက်လျက် ရှိနေကြလေပြီ။

ကျွန်ုပ်တို့ အခြေအနေကို ဟုတ်တိုင်းမှန်ရာ စဉ်းစားမိသည်နှင့်တစ်ပြိုင်နက်၊ ကျွန်ုပ်တို့လူစုမှာ ဖော်လတာ၏ အလောင်းအနီးတွင် ပျော့ခွေကာ ကျသွားလေတော့၏။ ပုဆိန်ကိုကိုင်၍ တစ်ယောက်ချင်းတိုက်ဖို့





ဦးမလေးခဲ့သော ဆာဟင်နရီပင်လျှင် မျက်နှာများပျက်လျက် ရှိလေတော့၏။ သွေးပူပူတွင် ရန်သူ၏ ပုဆိန်ချက်ဖြင့် တစ်ချက်တည်း ဖိုင်းခနဲ ခုတ်ပိုင်းခြင်းခံရခြင်းသည် တဖြည်းဖြည်း အစာငတ် ရေငတ်ခံ၍ သေရသောအဖြစ်နှင့်များစွာ ခြားနားခြင်း ရှိပေ၏။

ဂါဂူလသည် ကျွန်ုပ်တို့ကို ဂူထဲသို့ လိုက်ပို့ကတည်းက ကျွန်ုပ်တို့မက်မောလှသော ဘဏ္ဍာများ အနီးတွင် တဖြည်းဖြည်း သေကြေပျက်စီးကြရမည့်အရေးကို ကြိုတင်စီမံထားပြီး ဖြစ်သည့်အလျောက် ကြိုတင်၍အရသာ ခံစားနေခဲ့သည့် လက္ခဏာ ရှိ၏။ ထို့ကြောင့်သာလျှင် လမ်း တစ်လျှောက်လုံး တွေးမိတိုင်း အူရွှင်နေခဲ့သည့်ပြင် 'စိန်များကို စားကြလော့၊ စိန်များကို သောက်ကြလော့' ဟု ပြောလိုက်သော စကားမှာလည်း အဓိပ္ပာယ်နှင့် ပြောလိုက်ခြင်း ဖြစ်ဟန်တူပေ၏။ ကျွန်ုပ်တို့ အလျင်က ဤဂူထဲ ရောက်ခဲ့ဖူးသည့် ဒီဆီလဗာမှာလည်း ကျွန်ုပ်တို့နည်းတူ ပိတ်လှောင်ခြင်း ခံရမည့်ဘေးကို ရုတ်တရက် သိမြင်သည်နှင့် စိန်အိတ်ကြီးကို စွန့်ပစ်ထားခဲ့ပြီးအရေးတကြီး ထွက်ပြေးခဲ့ရဟန် တူပေ၏။

ရီ။ ။ 'ကိုင်း .... ဆရာတို့၊ ဒီလို မှိုင်တွေချနေလို့ မဖြစ်သေးဘူး။ မီးခွက်မှာ ဆီမကုန်ခင် ကျောက်တံခါးကြီးကို ဖွင့်တဲ့ခလုတ်များ ရှိသလားလို့ ရှာကြည့်ကြရအောင်'

ကျွန်ုပ်တို့သည် ရုတ်တရက် အသက်သွင်းပေးလိုက်သကဲ့သို့ အလွန်သွက်လက်လာကြ၍၊ အမယ်ကြီး၏ သွေးအိုင်ကို မရှောင်ကွင်းနိုင်ဘဲကျောက်တံခါးကြီး၏ အထက် အောက် နံဘေး စသည်တို့၌လည်းကောင်း၊ အနီးရှိ နံရံ၌လည်းကောင်း အဖု အထစ် အခွက် အက်ကြောင်း စသည်တို့ကိုလက်ဖြင့် စမ်းသပ် ရှာဖွေကြပါသော်လည်း မည်သည့်ခလုတ်ကိုမျှ မတွေ့ကြရချေ။

ကျွန်ုပ်။ ။ 'ကျုပ်အထင်တော့ဖြင့် ခလုတ်ဟာ တံခါးရဲ့ ဒီဘက်မှာ မရှိပေဘူး၊ ဟိုဘက်မှာ ရှိလိမ့်မယ် ထင်တယ်။ ဒါကြောင့်သာ ဂါဂူလဟာ

တံခါးကြီး မကျမီ ကတိုက်ကရိုက် ငုပ်လျှိုးပြီး ထွက်ဖို့ ကြိုးစားတာပေါ့ဗျာ တို့'

ရီ။ ။'ကျုပ်လည်း ဒီလိုပဲ တွေးမိတာပဲ၊ သို့သော် နည်းလမ်း ရှိသလောက် မချန်လှပ်ခဲ့ချင်လို့သာ ရှာကြည့်ရပါတယ်။ ကိုင်း ဒါဖြင့် ဘဏ္ဍာတိုက်ခန်းဘက်ကို သွားကြည့်လိုက်ကြပါဦးစို့'

ကျွန်ုပ်တို့သည် ဘဏ္ဍာတိုက်ခန်းဆီသို့ လျှောက်လာကြစဉ်၊ ကျောက်တုံးများပေါ်တွင် ဖော်လတာ တင်ထားသည့် လက်ဆွဲခြင်းကလေးကို တွေ့သည်နှင့် ကောက်ယူခဲ့၍ ဘဏ္ဍာတိုက်ထဲ၌ ထားခဲ့ပြီးမှ တစ်ဖန် ထွက်လာကြ၍၊ ဖော်လတာ၏ အလောင်းကို ပွေ့ချီခဲ့ကြပြီးလျှင် ရွှေသေတ္တာကြီးများ အနီးရှိ ကြမ်းပေါ်တွင် ချထားကြလေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် စိန်သေတ္တာကြီး တစ်လုံးစီ မှီလျက် ထိုင်နေကြလေ၏။

ရှေးဦးစွာ ကျွန်ုပ်တို့သည် ဆာဟင်နရီ၏ အကြံပေးချက်အရ ရိက္ခာကလေး ရှိသမျှကို သုံးပုံ အညီအမျှ ပုံကြ၍ တစ်ယောက်တစ်ပုံစီ ယူကြ၏။ ရိက္ခာဟူသည်မှာ အမဲခြောက် အနည်းငယ်နှင့် ကွတ်ပုလင်း တစ်လုံးခန့်စီ ဝင်သော ရေဘူးနှစ်လုံးမျှသာ ဖြစ်ရကား၊ အလွန် ချွေချွေတာတာ စားသောက်ကြပါမှ လေးနပ်စာမျှစီ ရကြသောကြောင့် နှစ်ရက်တိတိ အသက်ရှင်နေနိုင်ကြဖို့ ရှိသည်ဟု တွက်ကိန်းရကြ၏။

ထိုနောက် ကျွန်ုပ်တို့သည် အလွန်မွတ်သိပ်နေကြပြီဖြစ်၍ အမဲခြောက် အနည်းငယ်နှင့် ရေအနည်းငယ်မျှစီ စားသောက်ကြ၏။ ခွန်အား အတန်ငယ် တောင့်တင်းလာကြသောအခါ ကျွန်ုပ်တို့သည် ဘဏ္ဍာတိုက်ခန်း၏ နံရံနှင့် ကြမ်းများကို သေချာစွာ တီးခေါက်စမ်းသပ် စုံစမ်းကြ၏။

သို့ရာတွင် ထွက်ပေါက်နှင့်တူသည့် မည်သည့်အရာမျှ မတွေ့ကြရချေ။

ထိုအတောအတွင်း၌ မီးခွက်သည် မှေးမှိန်စ ပြုလာပြီဖြစ်၍ ဆီကုန်ခန်းတော့မည့် အထိမ်းအမှတ်ဟု သိရှိကြရ၏။





ရီ။ ။'ကွာတာမိန်း ....ခင်ဗျားနာရီ သွားနေသေးတယ် မဟုတ်လား၊ ဘယ်နှစ်နာရီ ထိုးပြီလဲ'

ကျွန်ုပ်သည် နာရီကို ထုတ်ကြည့်လိုက်သောအခါ ၆ နာရီ ထိုးနေသည်ကို တွေ့ရလေရာ၊ ၁၁ နာရီ အချိန်က ကျွန်ုပ်တို့ ဝင်ခဲ့ကြသည် ဖြစ်သောကြောင့် ၇ နာရီမျှ အချိန်ကြာသွားခဲ့လေပြီ။

ကျွန်ုပ်။ ။'အင်ဖာဒူးက ကျုပ်တို့ ဒီကနေ့ည ပြန်မရောက်လျှင် နက်ဖြန်လောက်တော့ လိုက်လာပြီး ရှာကြကောင်းပါလားဗျာ'

ရီ။ ။'ရှာတော့ ရှာကြမှာပါ့လေဗျာ၊ နို့ပေမယ့် တံခါးရှိတဲ့ နေရာကိုလည်း မသိ၊ ဖွင့်နည်းကိုလည်း မသိတော့ ဖွင့်ပေးဖို့ရာ ခပ်ကျပ်ကျပ်ပဲ။ ကျောက်တံခါးကြီးဟာက ထု ၅ ပေထက်မနည်း ထူလေတော့၊ တကယ်လို့ တံခါးကို တွေ့ကြတောင်မှ ကူကူယာနား တစ်ပြည်လုံး ဝိုင်းပြီး တူးကြဦးတော့၊ ကျုပ်တို့ အသက်မီအောင် ဖွင့်နိုင်ဖို့ အခက်သားပဲ။ ဘဏ္ဍာမက်ပြီး မရဏလမ်းကို မြန်းကြတဲ့လူတွေ အပုံပေါ့ဗျာ .... ကျုပ်တို့သုံးယောက် အပါအဝင်ပေါ့'

ထိုခဏ၌ မီးခွက်သည် တိုး၍ မှိန်သွားလေ၏။

နောက်တစ်ခဏ၌ကား မီးတောက်သည် ရုတ်တရက် ကြီးလာ၍ တစ်ခန်းလုံး ဝင်းခနဲ လင်းသွားရာတွင် ဆင်စွယ်ပုံကြီးကို လည်းကောင်း၊ ရွှေသေတ္တာကြီးကို လည်းကောင်း၊ ဖော်လတာ၏ အလောင်းကို လည်းကောင်း၊ ဆိတ်သားရေအိတ်ကြီးကို လည်းကောင်း၊ ကျွန်ုပ်တို့သုံးယောက်၏ သွေး မရှိသော မျက်နှာများကို လည်းကောင်း ထင်းခနဲ ပေါ်လာစေ၏။

ထိုနောက် တဖြည်းဖြည်း မှိန်ကျသွား၍ ဟုပ်ခနဲ ငြိမ်းသွားလေတော့သတည်း။

## အခန်း ၁၆

# မျှော်လင့်ခြင်း လုံးလုံးမရှိတော့ခြင်း

ကျွန်ုပ်တို့သည် ဘဏ္ဍာတိုက်ကြီးထဲတွင် ထိုည၌က ခံစားကြရသည့် ဆင်းရဲဒုက္ခ အကြောင်းကို စာတစ်အုပ်ပြည့်အောင် ရေးသော်လည်း ကုန်ဆုံးနိုင်မည် မဟုတ်ချေ။ ကျွန်ုပ်တို့မှာ ထိုနေ့တစ်နေ့လုံး ခရီးပန်းခဲ့၍ စိတ်နွမ်းကိုယ်ကျေ ရှိနေပါလျက်နှင့်ပင် မှေးခနဲ လစ်ခနဲ ရံဖန်ရံခါလောက်သာ အိပ်ပျော်ခဲ့၍ နိုးနေမိသော အချိန်သည်သာလျှင် များခဲ့ပေ၏။ ဆိတ်ငြိမ်နေလိုက်သည်မှာလည်း ကြောက်ခမန်းလိလိ ရှိပေတော့၏။ မြေပြင်ထက်၌မူ မည်မျှပင် တိတ်ဆိတ်လှပါသည် ဆိုသော်လည်း လှုပ်ရှားသော အရာဝတ္ထု တစ်ခုခု ရှိနေသေး၍ အသံအမျိုးမျိုး ဖြစ်ပေါ်နေတတ်သည်သာ ဖြစ်ပေရာ၊ ထိုအရပ်မှာမူ မိုးပွင့်များ ဖုံးအုပ်လျက်ရှိသည့် တောင်ကြီး၏ နက်လှစွာသော ဝမ်းခေါင်းကြီးထဲတွင် တည်ရှိနေပေရကား၊ တိတ်ဆိတ်သော အခြင်းအရာသည် အလွန်ထင်ရှား ပီသလှသည် ဖြစ်သောကြောင့် လက်ဖြင့် စမ်းသပ်၍ပင် တွေ့နိုင်တော့မလောက် မှတ်ထင်ရပေတော့၏။ အထက်၌ကား ပေပေါင်း ၃,၀၀၀ ကျော် မြင့်မားသည့် တောင်ထွတ်ကြီး ဖိနှိပ်ထားပေရာ၊ နံဘေး၌ကား အလောင်းများထားသော အခန်းကြီးနှင့်ပင် ဥမင်လိုဏ်ခေါင်း တစ်တန်း၊ ကျောက်တံခါးကြီး တစ်တန်း ကွာခြားလျက် ရှိပေတော့၏။ အလောင်းများမှာလည်း အသံထွက်သော အရာဝတ္ထုမျိုး မဟုတ်ချေ။ အထက်ကောင်းကင်၌ လေပြင်းမုန်တိုင်းကြီးတိုက်၍ မိုးကြိုးအချက်ပေါင်း ထောင်သောင်းဆင့်၍ ချုန်းသော်လည်း ကျွန်ုပ်တို့နေရာမှ သဲ့သဲ့ကလေးမျှပင် ကြားနိုင်မည် မဟုတ်ချေ။





ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ကျွန်ုပ်တို့အနီးတွင် တိုင်းပြည်နှစ်ပြည် သုံးပြည်မျှ မဟုတ်သေး၊ တိုက်ကြီး ခြောက်တိုက်အနက် ကြိုက်ရာတိုက်ကို ရွေးချယ်ဝယ်ယူနိုင်လောက်သည့် ပစ္စည်းဘဏ္ဍာများ ရှိနေသည်မှန်သော်လည်း၊ ကျွန်ုပ်တို့သည် ၎င်းပစ္စည်းအားလုံးကို ကိုယ်တိုင်လွတ်လပ်ရေးနှင့် ဝမ်းမြောက်စွာ လဲလှယ်လိုကြမည့်ပြင်၊ မကြာမီအတွင်း၌ ပေါင်မုန့်တစ်လုံး၊ ရေတစ်ခွက်မျှနှင့်ပင် လဲလှယ်ရန် အသင့်ရှိကြပေတော့မည်။ ပစ္စည်းဘဏ္ဍာတို့ မည်သည်မှာ အသက်ကိုစွန့်၍ ရှာဖွေကြရသော်လည်း နောက်ဆုံးတစ်နေ့၌ အဖိုးမတန် အချည်းနှီးမျှသာ ဖြစ်ကြပါဘိတကား။

ဤသို့သော စဉ်းစားနည်းတို့ဖြင့် ညသည် တဖြည်းဖြည်း အချိန်ကုန်လျက် ရှိတော့၏။ နောက်ဆုံး၌ ဆာဟင်နရီက စကားပြောလိုက်ရာ၊ ၎င်း၏အသံမှာ တိတ်ဆိတ်လှသော ထိုအရပ်တွင် ကြောက်မက်ဖွယ်ရာ ဆူညံသွားလေတော့၏။

ရီ။ ။'ဂွဒ် နိုးနေပြီလား၊ မီးခြစ်ဘူးထဲမှာ မီးခြစ်ဆံ ဘယ်နှစ်ချောင်း ကျန်သေးသလဲ'

ဂွဒ်။ ။'ရှစ်ချောင်း ကျန်သေးတယ်'

ရီ။ ။'ဒါဖြင့် အချိန်သိကြရအောင် တစ်ချောင်းခြစ်ပြီး နာရီကြည့်လိုက်စမ်း'

ဂွဒ်က မီးခြစ်ပြသဖြင့် ကျွန်ုပ်သည် နာရီကို ကြည့်လိုက်သောအခါ၊ ၅ နာရီ ထိုးနေကြောင်း တွေ့ရသဖြင့် မိုးလင်းလှသည့် အဖြစ်ကို တွေးတောနိုင်ပေ၏။

ကျွန်ုပ်။ ။'နည်းနည်းပါးပါး အားကလေးရှိကြအောင် အစားနည်းနည်းလောက် စားလိုက်ကြဦးစို့လား .... ဗျာတို့'

ဂွဒ်။ ။'စားနေလို့ အပိုပါပဲလေ၊ မြန်မြန်သေရင် မြန်မြန်ဒုက္ခအေးသွားကြတယ် မဟုတ်ဘူးလား'

ရီ။ ။'ဒီလို ဟုတ်ပါ့ရိုးလားလေ၊ အသက်ရှင်နေသမျှ ကာလပတ်

လုံး မျှော်လင့်စရာ ရှိသေးတယ်လို့ သဘောထားကြရမယ်။ ကိုင်း .... စားလိုက်ကြဦးစို့’

ကျွန်ုပ်တို့သည် အစားအနည်းငယ်မျှစီ စားသောက်ကြပြီးနောက် ဆာဟင်နရီ၏ အကြံပေးချက်အရ၊ တံခါးမှ အင်ဖာဒူးတို့လူစု ရှိနေခဲ့လျှင် ကြားလိုကြားငြား သဘောထားလျက် တံခါးအနီးသို့ ချဉ်းကပ်ကာ သံပြိုင်ဟစ်အော်စမ်းကြ၏။ သို့သော်လည်း မည်သို့မျှ ထူးခြားခြင်း မရှိခဲ့ချေ။

ငင်းနောက် ကျွန်ုပ်တို့သည် ဘဏ္ဍာတိုက်ခန်းသို့ ပြန်လာ၍၊ စိန်သေတ္တာကြီးများ အပေါ်တွင် မှီကြပြီးလျှင် တောင်တောင်မြောက်မြောက် စဉ်းစားရင်း ကျွန်ုပ်မှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာသည်နှင့် ဆာဟင်နရီ၏ ပခုံးကြီးပေါ်တွင် ဦးခေါင်းတင်ကာ ငိုမိလေရာ၊ ဂွဒ်မှာလည်း အခြားပခုံးတစ်ဖက်မှ ငိုသံကြားလိုက်ရ၏။ ဆာဟင်နရီကြီးမှာ ကိုယ်ကာယ ကြီးမားသလောက် စိတ်သဘောထားလည်း ကြီးမားခိုင်ခံ့ပေရာ၊ ကျွန်ုပ်နှင့် ဂွဒ်တို့မှာ ကလေးသူငယ်များသဖွယ် ထိုပုဂ္ဂိုလ်ကြီးကိုသာ မှီခိုအားထားခြင်း ပြုနေကြတော့၏။ သဘောထား ကြီးခြင်း၊ ငယ်ခြင်း စသော အခြင်းအရာတို့မှာ အကျဉ်းအကျပ် အခက်အခဲများနှင့် ကြုံတွေ့ရသော အခါများတွင်မှ ပိုမိုထင်ရှားလှပေတော့၏။

ဆာဟင်နရီကလည်း ငင်းကိုယ်တိုင် ကျွန်ုပ်တို့နှင့်အတူ ပူပန်သောကရောက်ရမည်မှန်သော်လည်း ငင်း၏ပူပန်မှုကို အလေးဂရုမပြုသည့် လက္ခဏာနှင့် ထိတ်လန့်တုန်လှုပ်နေသော ကလေးသူငယ်များအား အထိန်းဖြစ်သူက ချော့မော့အားပေးသည့်နည်းတူ ကျွန်ုပ်တို့နှစ်ယောက် အကြောက် ပြေပျောက်စေခြင်းငှာ ပုံပြင်ဝတ္ထုများ ပြောပြရှာသေး၏။ ကျွန်ုပ်တို့ကဲ့သို့ အကျဉ်းအကျပ်သို့ ရောက်နေရပြီးမှ လွတ်မြောက်ခဲ့ဖူးသော လူစွမ်းကောင်းများ အကြောင်း၊ သင်္ဘောသားများ အကြောင်း၊ စစ်သားများအကြောင်း စသည်တို့ကို ပြောပြရှာသေး၏။ ယင်းသို့ ပြောပါသော်လည်း ကျွန်ုပ်တို့မှာ စိတ်သက်သာရာ မရကြောင်း တွေ့ရသောအခါ၊ နောက်ဆုံး၌ ဘုရားသခင်၏ အလိုတော်





အတိုင်း ဖြစ်ကြရမည်ဖြစ်၍ ဘုရားသခင်ကိုသာ ဆုတောင်းကြဖို့၊ အားထားကြဖို့ ပြောရရှာတော့၏။ ဆာဟင်နရီကား တကယ့်သတ္တိနှင့် ပြည့်စုံ၍ ရေပြည့်သော အိုးကြီးနှင့် တူလှသော ပုဂ္ဂိုလ်ကြီးပေတည်း။

ဤနည်းအားဖြင့် တစ်နေကုန်လွန်သွားခဲ့ရာ ကျွန်ုပ်သည် မီးခြစ်တစ်ချောင်း ဖြန့်း၍ နာရီကို ကြည့်လိုက်သောအခါ ညဉ့် ၇ နာရီ ထိုးလျက်ရှိကြောင်း တွေ့ရပေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အမဲခြောက်နှင့် ရေအနည်းငယ်ကို စားသောက်ကြပြန်ရာ ခွန်အားပြည့်တင်းလာသောအခါ၌ ကျွန်ုပ်မှာ အကြံတစ်ခု ဖြစ်ပေါ်လာလေ၏။

ကျွန်ုပ်။ ။‘ခင်ဗျားတို့ သတိထားမိကြသလား၊ ကျုပ်တို့ ဒီနေရာရောက်တာ နာရီ ၃၀ ကျော်သော်လည်း အသက်ရှူရတဲ့လေဟာ ထင်သလောက် မဟောင်းဘူး။ လတ်ဆတ်တုန်းပဲ ရှိနေတယ် မဟုတ်လား’

ရီ။ ။‘ဟုတ်တယ်ဗျို့၊ ခင်ဗျားပြောမှ ကျုပ် သတိထားမိတယ်။ ကျောက်တံခါးကြီးဆီကတော့ လေဝင်နိုင်မှာ မဟုတ်ဘူး၊ ဘယ်အပေါက်က ဝင်သလဲ မဆိုနိုင်ဘူး။ လေသစ် ဝင်စရာ မရှိလျှင် ခုလောက်ရှိ အသက်ရှူ တော်တော်ကျပ်ကရော့မယ်။ ရှာကြည့်ကြစို့လား’

ထိုအခါ ကျွန်ုပ်တို့မှာ မျှော်လင့်စရာ အနည်းငယ်မျှကလေး ပေါ်ပေါက်လာသည်နှင့် သွက်သွက်လက်လက် ဖြစ်လာကြ၍၊ ကြမ်းပေါ်၌ လေးဖက်တွားကာ လေသစ်ဝင်သော အပေါက်ကို စုံစမ်းရှာဖွေကြရာ၊ ကျွန်ုပ်မှာ ဖော်လတာ၏ အေးစက်သောမျက်နှာကို စမ်းမိသည်နှင့် လန့်သွားမိသေး၏။

တစ်နာရီကျော်ခန့် စုံစမ်းမိကြသော် ကျွန်ုပ်တို့မှာ ဆင်စွယ်များ၊ သေတ္တာများကို ဦးခေါင်းနှင့် တိုက်ရဖန်များသဖြင့် ဦးခေါင်းကျိန်းလှပြီဖြစ်၍ ဆာဟင်နရီနှင့် ကျွန်ုပ်မှာ လက်လျှော့လိုက်ကြတော့၏။ ဂွဒ်မှာမူ အလုပ်မရှိဘဲ ငြိမ်ငြိမ်ထိုင်နေရခြင်းထက် စိတ်သက်သာရာ ရှိသည်ဟုပြော၍ စုံစမ်းမြဲတိုင်း ဆက်လက် စုံစမ်းနေသေး၏။

အတန်ကြာလတ်သော် ....'ဟော့ ဆရာတို့၊ လာကြည့်ကြစမ်းပါဦး' ပြောသည်နှင့် ကျွန်ုပ်တို့သည် အရူးယားဖားယား သွားကြ၏။

ထိုအခါ ဂွဒ်သည် ကျွန်ုပ်၏လက်ကိုယူ၍ ကြမ်းပေါ်တစ်နေရာတွင် ထားပေးပြီးနောက် 'ဘယ့်နှယ်လဲ ....' ဟု မေးရာ လေတိုးတက်နေသကဲ့သို့ တွေ့ရသည်ဟု မှတ်ထင်မိ၏။ ထိုနောက် ဂွဒ်က ကြမ်းပြင်ကို ခြေထောက်နှင့် ဆောင့်ပြရာ လိုဏ်သံပါသည်ကို တွေ့ရသောကြောင့် ဝမ်းမြောက်မိကြ၏။

ကျွန်ုပ်သည် မီးခြစ်သုံးချောင်း ကျန်သည့်အနက် တစ်ချောင်းကို တုန်ယင်သော လက်များဖြင့် ခြစ်ကြည့်လိုက်ရာ၊ အခန်းကြီး၏ အဝေးဆုံးသော ထောင့်သို့ ရောက်နေကြကြောင်း တွေ့ကြရ၏။ ၎င်းနောက် မီးခြစ်ဆံမှ အလင်းရောင်ရှိခိုက်တွင် ကြည့်လိုက်ကြရာ၊ ကျောက်ကြမ်းပြင်တွင် အဆက်ကြီး တစ်ခုတွေ့ရ၍ ကြမ်းပြင်နှင့် တစ်ညီတည်းဖြစ်နေအောင် မြှုပ်ထားသော ကျောက်ကွင်းကြီး တစ်ကွင်းကိုလည်း မြင်ကြရ၏။ ကျွန်ုပ်တို့မှာ ရင်ထဲ၌ တဒိန်းဒိန်း လှုပ်ခုန်လျက် ရှိကြ၏။ ဂွဒ်သည် ကိရိယာအစုံပါသော မောင်းချများကို ဖွင့်၍ ကျောက်ကွင်းကြီးပတ်လည်တွင် သင့်လျော်ရာ ကိရိယာနှင့် တဖြည်းဖြည်း ခြစ်ထုတ်ရာ၊ နောက်ဆုံး၌ ကျောက်ကွင်းကြီးသည် ထောင်၍ရသော အခြေမျိုးသို့ ရောက်လာတော့၏။ ဂွဒ်သည် ကွင်းတွင် လက်သွင်း၍ အားကုန်ဆွဲကြည့်လိုက်ရာ တစ်ဆံခြည်ခန့်မျှ ရွေ့ဟန်မတူချေ။

ထိုနောက် ကျွန်ုပ်က တစ်လှည့်ဆွဲကြည့်ရာ တုတ်တုတ်မျှ မလှုပ်ချေ။ ကွင်းမှာလည်း လူနှစ်ယောက် မတွယ်လောက်သည့်ပြင် နံရံထောင့်တွင် တည်နေသောကြောင့် နှစ်ယောက်အတူယှဉ်၍ ရပ်ဖို့ပင် မဖြစ်နိုင်ချေ။ ထိုနောက် ဆာဟင်နရီက တစ်လှည့် စမ်းပြန်သေး၏။ သို့သော် မထူးခြားလှချေ။

ထိုအခါ ဂွဒ်သည် လေတိုးသော အဆက်တစ်လျှောက်တွင် ဓားများကို ဓားနှင့် ခြစ်ထုတ်ပြန်၏။ ထိုနောက် ကျောက်ကွင်းတွင် ၎င်း၏





ပိုးလက်ကိုင်ပဝါ အထူကြီးကို လျှို၍ ဆာဟင်နရီအား ကိုင်စေပြီးမှ ကျွန်ုပ်က ဆာဟင်နရီ၏ခါးကို ဖက်ထား၏။ အသင့်ရှိလတ်သော် ဂွဒ်က 'ကြိတ်လိုက်ကြ' ဟု အချက်ပေးလိုက်သည်နှင့် ကျွန်ုပ်တို့နှစ်ယောက်သည် တအားကုန်ညှစ်ထုတ်၍ ဆွဲလိုက်ကြရာ တရွေ့ရွေ့ ပါလာသည်ကို တွေ့ကြရ၏။ နောက်တစ်ခဏ၌ ဂျိတ်ခနဲမြည်သံ ကြားရပြီးနောက် ကျွန်ုပ်တို့နှစ်ယောက်လုံး ပက်လက်လန်လျက် ရှိကြရာ၊ ကျောက်ဖျာကြီးတစ်ချပ် ပွင့်ပါလာခဲ့လေပြီ။

အမောဖြေပြီးနောက် ကျွန်ုပ်သည် မီးခြစ်ဆံတစ်ချောင်း ခြစ်ကြည့်လိုက်သောအခါ ကျောက်လှေကားတစ်ခု၏ ပထမအထစ်ကို တွေ့မြင်ကြသဖြင့် 'ဟူရေ' ဟု အော်လိုက်မိကြသေး၏။

၎င်းနောက် ကျွန်ုပ်တို့သည် မည်သည့်နေရာသို့ ရောက်သည်ဖြစ်စေ၊ လှေကားမှ ဆင်းလိုက်ကြရန် ဆုံးဖြတ်ကြလေရာ၊ ဆာဟင်နရီက အကြံပေးသည်နှင့် ကျွန်ုပ်သည် အမဲခြောက် အကြွင်းအကျန်နှင့် ရေကိုယူရန် ပြန်လာခဲ့လေ၏။ ယင်းသို့ ပြန်လာခဲ့စဉ် ကျွန်ုပ်သည် အကြံရသည်နှင့် စိန်သေတ္တာကြီးများထဲမှ စိန်များကို အကျီအိတ် ရှိသမျှနှင့် ဘောင်းဘီအိတ်များပါ ပြည့်အောင်သိပ်၍ ထည့်လာခဲ့၏။ မိတ်ဆွေများအားလည်း ကျွန်ုပ်နည်းတူ ယူခဲ့ကြဖို့ အကြံပေးသောအခါ၊ ဆာဟင်နရီက စိန်ဆိုလျှင် ကြားရရုံမျှနှင့် နှလုံးနာလှသဖြင့် တစ်သက်ပတ်လုံး စိန်တစ်လုံးမျှ မမြင်မတွေ့ပါရစေနှင့်ဟု ဆုတောင်းမိကြောင်းနှင့်ပြော၍ မယူခဲ့ဘဲ နေလေတော့၏။ ဂွဒ်မှာလည်း စိန်ကို သတိမရ၊ မိမိအား ကြင်နာလှသော ဖော်လတာ၏ အလောင်းဆီသို့သာ ပြေး၍ လက်ကိုကိုင်ကာ နှုတ်ဆက်နေလေတော့၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် လှေကားထစ်များတစ်လျှောက် ဆင်းသက်လာခဲ့ကြရာ၊ ၁၅ ထစ်မျှ ဆင်းမိသောအခါတွင် ရှေ့ဆုံးမှဆင်းသော ဆာဟင်နရီက လှေကားဆုံးပြီ ဖြစ်ကြောင်းနှင့် ပြောလိုက်လေ၏။ ထိုနေရာ၌ ကျွန်ုပ်တို့သည် ကျန်သော မီးခြစ်ဆံ နှစ်ဆံအနက် တစ်ဆံကို ခြစ်ကြည့်ရာ၊

လက်ဝဲဘက်သို့တစ်ခု၊ လက်ယာဘက်သို့တစ်ခု ဖောက်လုပ်ထားသည့် ဥမင်လိုဏ်ခေါင်းနှစ်ခုကို တွေ့ကြရလေ၏။ ၎င်းလမ်းနှစ်ခုအနက် မည်သည့်ဘက်သို့ လိုက်ရမည်ဟု စဉ်းစားနေကြစဉ်၊ ဂွဒ်က လက်ယာဘက်မှ လေတိုက်သဖြင့် မီးတောက်လှုပ်သွားသည်ကို မြင်လိုက်ရသောကြောင့် လေဝင်ရာဖြစ်သော လက်ယာဘက်သို့ လိုက်ထိုက်ကြောင်းပြောသည်နှင့် သဘောတူလိုက်သွားကြလေ၏။

ကျွန်ုပ်တို့သည် လက်များဖြင့် နံရံကိုစမ်းသပ်လျက် တဖြည်းဖြည်းလျှောက်သွားကြရာ ၁၅ မိနစ်ခန့် သွားမိသောအခါ၊ လက်ယာဘက်သို့ချိုးသွားသော လိုဏ်ခေါင်းတစ်ခုကို တွေ့သည်နှင့် ၎င်းအတိုင်း လိုက်သွားကြပြန်ရာ၊ မကြာမီ ဒုတိယလမ်းချိုးတစ်ခုကို တွေ့ကြပြန်လေ၏။ ထိုကဲ့သို့လမ်းချိုးတွေ့တိုင်း ချိုး၍ ချိုး၍ လိုက်သွားကြရာ၊ မည်မျှလောက် ခရီးပေါက်ရောက်ခဲ့သည်ကား မသိ၊ အချိန်မှာမူကား နာရီပေါင်းများစွာ ကြာပေတော့မည်။ ကျွန်ုပ်တို့မှာ ဝင်္ကပါကြီးတစ်ခုထဲသို့ ရောက်နေကြဟန် တူပေရာ၊ ရှေးအခါက သတ္တုတွင်းတူးသော လူများက သတ္တုကြောတွေ့တိုင်း လိုက်၍တူးဖောက်သွားခြင်းအားဖြင့် ဖြစ်ချင်တိုင်းဖြစ်နေသည့် လက္ခဏာ ရှိပေ၏။

ထိုအခါ၌ကား ကျွန်ုပ်တို့သည် အပေါက်တွေ့နိုးနိုးနှင့် လိုက်ရဖန်များသောကြောင့် အာခြောက်လှသဖြင့်၊ ကျန်သမျှသော ရေကလေးနှင့်အမဲခြောက်တို့ကို ကုန်စင်အောင် စားသောက်ပြီးကြလေပြီ။ ဂူကြီးထဲတွင်သေရသော ဘေးမှ လွတ်မြောက်လာခဲ့ကြပြီးနောက် ဝင်္ကပါသဖွယ် ရှုပ်ယှက်ခတ်နေသော ဥမင်လိုဏ်ခေါင်းကြီးအတွင်း၌ သေကြရမည့်ပုံ ပေါက်နေခဲ့လေပြီ။ ကျွန်ုပ်တို့သည် စိတ်ပျက်စွာနှင့် ရပ်နားနေကြစဉ် ဝေးလံသောအရပ်မှအသံသဲ့သဲ့ ကြားရသည် ထင်မှတ်၍ ကျွန်ုပ်က ဂွဒ်တို့အား ပြောပြရာအားလုံး နားစိုက်ထောင်နေကြ၏။

နောက်ဆုံး၌ ဂွဒ်က 'ဟုတ်တယ်ဗျို့ ....အသံပဲ၊ တခြားအသံ မဟုတ်ဘူး။ ရေစီးနေတဲ့ အသံဗျို့' ဟု ဝမ်းသာအားရနှင့် ပြောလိုက်သဖြင့် ကျွန်ုပ်





တို့သည် အသံကြားရာဘက်သို့ လိုက်သွားကြလေ၏။ အသံသည် တဖြည်းဖြည်း ကျယ်သည်ထက် ကျယ်လောင်လာခဲ့ရာ၊ ကျောက်တုံးများအကြားမှတိုး၍ဖြတ်စီးသော ရေသံဖြစ်ရမည် ဟူ၍ပင် အမှန်ပြောနိုင်ကြလေပြီ။ သို့ရာတွင် မြေကြီး၏ ဝမ်းခေါင်းနှင့်တူသော ဤဥမင်လိုဏ်ခေါင်းအရပ်တွင်မည်သည့်နည်းနှင့် ရေတသွင်သွင် စီးဆင်းလျက် ရှိနိုင်ပါမည်နည်း။

ထိုနေရာ၌ ရှေ့ဆုံးမှ ရောက်လျက်ရှိသော ဂွဒ်သည် ရေနံ့ရသည်ဟုပြောလျက် ဆက်လက်လျှောက်သွားစဉ်၊ ဝုန်းခနဲ အသံကြားလိုက်ရ၍ ဂွဒ်မှာရေထဲသို့ ကျသွားလေပြီ။

'ဂွဒ် ....ဂွဒ် ....ဘယ်ကလဲ' ဟု ကျွန်ုပ်တို့က အလန့်တကြား ဟစ်အော်လိုက်ကြရာ၊ မကြာမီ ဂွဒ်က 'တော်ပါသေးရဲ့၊ ကျောက်တုံးကြီးကိုတွယ်ထားမိသေးတယ်။ ဗျို့ ဆရာတို့ ....ခင်ဗျားတို့နေရာကို မြင်ရအောင်မီးတစ်ခြစ်လောက် ခြစ်ပြလိုက်စမ်းဗျာတို့' ဟု ပြောလိုက်သည်နှင့် ကျွန်ုပ်သည် နောက်ဆုံးကျန်နေသော မီးခြစ်ဆံကို ခြစ်ပြလိုက်လေ၏။ ကျွန်ုပ်တို့ခြေရင်း၌ နက်မှောင်သော ချောင်းကြီးတစ်ချောင်း စီးဆင်းလျက်ရှိရာ၊ လက်ဝဲဘက် အောက်နားတွင်မူကား ကျောက်စွန်းတစ်စွန်းကို တွယ်ဖက်လျက်ရှိသော ဂွဒ်အား တွေ့မြင်ကြရ၏။

ထိုအခါ ဂွဒ်က 'ခင်ဗျားတို့က ဆီးပြီး ဆွဲယူလိုက်နော်၊ ကျုပ်ကူးလာခဲ့မယ်' ဟု မှောင်မိုက်ကြီးထဲတွင် တဗုန်းဗုန်း ကူးလာသံကို ကြားကြရလေရာ၊ နောက်တစ်ခဏ၌ ဆာဟင်နရီက ကမ်းစပ်မှ ဆွဲတင်လိုက်သည်နှင့်ဂွဒ်လည်း ကျွန်ုပ်တို့ထံ ပြန်ရောက်လာလေ၏။

ဂွဒ်။ ။(ကိုယ်မှရေများကို ခါချရင်း) 'စီးလိုက်တဲ့ရေဗျာ လွန်ပါရော၊ ကျောက်စွန်းကို တွယ်လိုက်မိလို့သာ၊ နို့မို့လျှင် ဘယ်ရောက်အောင်ပါသွားမယ် မပြောတတ်ဘူး။ နက်လိုက်တာဆိုတာလည်း လုံးလုံး မထောက်မိဘူး'

ကျွန်ုပ်တို့သည် ချောင်းကမ်းပါးမှ လျှောက်၍လိုက်ရန် မဝံ့ကြသော

ကြောင့် ဂွဒ် အမောပြေသည်နှင့် တစ်ပြိုင်နက် လာခဲ့သည့်လမ်းအတိုင်း ပြန်၍၊ အခြားဘက်သို့သွားသော ဥမင်လိုဏ်ခေါင်းကို လိုက်ကြရန် ဆုံးဖြတ်ကြလေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် ရေများ ဝ အောင်သောက်၍ ဘူးတောင်းများတွင်လည်း ဖြည့်ကြပြီးလျှင် ယခင်က လာခဲ့သည့်လမ်းအတိုင်း ပြန်လျှောက် လာခဲ့ကြရလေ၏။ ထွက်ပေါက် တွေ့ကြရတော့မည်ဟု မျှော်လင့်ခဲ့ပြီးမှ လှည့်၍ပြန်ကြရခြင်း ဖြစ်သောကြောင့် အဘယ်မျှလောက် စိတ်ပျက် အားလျော့ကြသည်ကို ဖော်ထုတ်ရေးသားရန် မလိုတော့ပေ။

ဥမင်လိုဏ်ခေါင်းတစ်လျှောက် နံရံကို လက်ဖြင့်စမ်းလျက် သူတစ်လှည့် ငါတစ်လှည့် ခေါင်းဆောင်ကာ လျှောက်လာခဲ့ကြသဖြင့် အကြိမ်ကြိမ် အဖန်ဖန် လွဲကွဲ၍၊ အကြိမ်ကြိမ် အဖန်ဖန် စိတ်အားလျော့တော့မည်ပြုပြီးသည်နောက်၊ ကျွန်ုပ်တို့သည် နာရီဝိုင်း ပမာဏရှိသော အလင်းရောင်တစ်ခုကို ဝေးလံသောအရပ်တွင် တွေ့မြင်ကြရလေ၏။ စိတ်အားတက်ကြွလာကြပြန်လေပြီ။ ထိုနေရာ၌ကား လိုဏ်ခေါင်းလမ်းသည် ကျဉ်းသည်ထက်ကျဉ်း၍လာခဲ့ရာ၊ နောက်ဆုံး၌ မတ်တတ်လျှောက်ရန် မဖြစ်နိုင်သဖြင့် လေးဖက်တွား၍ သွားကြရ၏။ ထိုနောက် လေးဖက်မျှပင် မတွားလောက်သည်နှင့် ဝမ်းလျားမှောက်လျက် ရှေ့သို့ တိုးကြရ၏။

ယင်းသို့ ပင်ပန်းတကြီးဖြင့် တရွေ့ရွေ့ လာခဲ့ကြသဖြင့် နောက်ဆုံးတွင် ကျွန်ုပ်သည် အပေါက်မှ ဦးခေါင်းလျှိုထွက်၍ အပြင်သို့ ရောက်လေရာ၊ ဆာဟင်နရီနှင့် ဂွဒ်တို့လည်း နောက်မှ လိုက်ပါလာကြလေ၏။ ထိုအခါ၌ကား ကျွန်ုပ်တို့ ဦးခေါင်းထက်တွင် တလက်လက် တောက်လျက်ရှိသော ကြယ်တာရာများကို မြင်ရ၍၊ လတ်ဆတ်မွှေးကြိုင်လှသော လေကို ရှူရှိုက်လျက် ရှိကြပေရာ၊ နောက်တစ်ခဏ၌ ကျွန်ုပ်တို့ခြေအောက်မှ တစ်စုံတစ်ရာ ရွေ့လျောသွားသည်နှင့် ကျွန်ုပ်တို့လူစုမှာ မြက်ခင်းများ၊ ခြုံပင်များ၊ ရွှံ့နွံများ တစ်လျှောက် တလိမ့်ခေါက်ကွေး လျှောဆင်းလိမ့်ကျ သွားကြလေ၏။

ကျွန်ုပ်သည် တစ်စုံတစ်ခုသော အရာဝတ္ထုကို ကိုင်ဆွဲထားလိုက်





သဖြင့် ရပ်တန့်၍ ဟစ်အော်ကြည့်ရာ၊ ကျွန်ုပ်၏ အောက်အရပ်ဆီမှ ဆာဟင်နရီက ထူးသံကြားသည်နှင့် လျှောဆင်းသွား၏။ ဆာဟင်နရီမှာ မြေညီသော အကွက်ကလေး တစ်ခုတွင် တင်လျက်ရှိ၏။ ထိုနောက် ဂွဒ်ကို ရှာဖွေရာ သစ်မြစ်တစ်ခု၏ ခွကြားတွင် ညပ်နေသည်ကို တွေ့ရသဖြင့် သုံးယောက်သား ပေါင်းဆုံမိကြလေ၏။

ကျွန်ုပ်တို့သည် မြက်ပေါ်တွင် အတူတကွ ထိုင်နေကြစဉ် သေတွင်းမှ လွတ်လာကြသည့် အဖြစ်ကို ဝမ်းသာလွန်းကြသည်နှင့် မျက်ရည်များ ကျမိကြ၏။ သေကံမရောက် သက်မပျောက်ဟူသော စကားကဲ့သို့ ကျွန်ုပ်တို့မှာ တောခွေးများ တူးဖောက်ထားသည့် အပေါက်ငယ်မှ ထွက်လာနိုင်ခဲ့ကြလေပြီ။ အရှေ့အရပ်၌ကား ကျွန်ုပ်တို့ မြင်တွေ့ရန် မမျှော်လင့်ခဲ့ကြသည့် အရုဏ်တက်သော အလင်းရောင်သည် ရဲရဲနီလျက် ရှိနေလေပြီ။

ကောင်းစွာ လင်းသောအခါ၌ ကျွန်ုပ်တို့ တည်နေရာ အခြေအနေကို ကြည့်လိုက်ကြရာတွင်၊ ဥမင်လိုဏ်ခေါင်း အဝင်ဝ၌ရှိသည့် တွင်းကြီးအောက်သို့ ရောက်နေကြသည်ကို တွေ့ကြရလေရာ၊ တွင်းနှုတ်ခမ်းတွင် ရုပ်တုကြီး သုံးခုကိုလည်း မားမားကြီး တွေ့မြင်ကြရ၏။

ကျွန်ုပ်တို့သည် တွင်းကြီးထဲမှ တက်လာခဲ့ကြ၍ လိုဏ်ခေါင်းဝသို့ ရောက်ကြသောအခါ မီးပုံတစ်ပုံကိုတွေ့၍ အနီး၌ လူလေးငါးယောက် ထိုင်လျက်ရှိကြရာ၊ တစ်ယောက်သောလူသည် ကျွန်ုပ်တို့ကို မြင်သည်နှင့် အံ့သြသော အမူအရာနှင့် လက်များမြှောက်ကာ ငေးကြည့်နေသေး၏။ ဆာဟင်နရီက 'အင်ဖာဒူးရဲ့ တခြားလူတွေ မဟုတ်ပါဘူး၊ ငါတို့ပါကွယ့်' ဟု ပြောလိုက်သောအခါ အင်ဖာဒူးသည် ကျွန်ုပ်တို့ထံ ပြေးလာ၍ ....'သေရာမှ ပြန်ရှင်တဲ့လူတွေ၊ သင်္ချိုင်းမှ ပြန်လာတဲ့လူတွေ' စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ ရေရွတ်မြည်တမ်း နေလေတော့၏။

## အခန်း ၁၇

# ပျောက်တဲ့လူ ရှာလျှင်တွေ့

ကျွန်ုပ်တို့သည် ရုတ်တရက် ခရီးသွားရန် မတတ်နိုင်သေးသည်ဖြစ်၍ ၎င်းစခန်း၌ နှစ်ရက်ခန့် နားနေရကြသေးပေရာ၊ ထိုအတောအတွင်း ကျွန်ုပ်တို့၏ "ထွက်ပေါက်" ကိုလည်းကောင်း၊ မရဏရာဇာ အခန်းကို လည်းကောင်း တစ်ဖန် ကြည့်ရှုကြသေး၏။ "ထွက်ပေါက်" မှာမူ တွင်းကြီး၏နှုတ်ခမ်းတွင် တည်ရှိ၍ ကျွန်ုပ်တို့သည် အနှံ့အပြား ရှာဖွေကြပါသော်လည်း၊ တောခွေးများ တူးဖောက်ထားသည့် အပေါက်ပေါင်း အမြောက်အမြားကိုတွေ့၍၊ မည်သည့်အပေါက်သည် ကျွန်ုပ်တို့၏ထွက်ပေါက် ဖြစ်သည်ဟု အမှန်မပြောနိုင်သဖြင့် လက်လျှော့လိုက်ကြရ၏။

မရဏရာဇာ၏ အခန်းကိုမူကား ကျွန်ုပ်တို့သည် ဂါဂူလ ခေါ်လာခဲ့သည့် လမ်းအတိုင်း ဝင်လာကြသဖြင့် တွေ့ကြရ၏။ ကျောက်တံခါးကြီးကိုလည်း ဖွင့်သောနည်းလမ်းကို စုံစမ်းရှာဖွေကြသေး၏။ သို့ရာတွင် တစ်နာရီကျော်ခန့် အနည်းနည်းစမ်းသပ်၍ မရကြောင်း တွေ့ရသောအခါ လက်လျှော့၍ ပြန်ခဲ့ကြ၏။ အကယ်၍ ဖွင့်စေကာမူလည်း ဂါဂူလ၏ ကြေမွနေသော အရိုးများအပေါ်မှ ကျော်၍ ဝင်ဝံ့ကြပါမည်လော မပြောတတ်ပေ။

တတိယနေ့၌ ကျွန်ုပ်တို့သည် လူးမြို့သို့ ပြန်လာကြ၍ အီနိုစီအား အဖြစ်အပျက်များကို ပြောပြသောအခါ၊ အီနိုစီမှာ ကျွန်ုပ်တို့လူစု မသေမပျောက် ပြန်ရောက်ခဲ့သည်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာသေး၏။ သို့ရာတွင် ငါးရက်မြောက်သောနေ့၌ ကျွန်ုပ်တို့က နေရင်းဌာနသို့ ပြန်ဖို့အတွက် လမ်းပြနှင့် အဖော်များ ထည့်လိုက်ရန် ပြောသောအခါ အီနိုစီက





ကျွန်ုပ်တို့ ပြန်ဖို့မလိုကြောင်း၊ ထိုအရပ်တွင် ကျွန်ုပ်တို့လိုသမျှ အားလုံးရအောင် စီမံပေးမည်ဖြစ်၍ မိန်းမ ချောချောလှလှ လိုလျှင်လည်း ဘယ်နှစ်ယောက်မဆို ယူနိုင်ကြောင်းများနှင့် ပြောဆိုတားဆီး နေသေး၏။ ကျွန်ုပ်တို့က မနေနိုင်ကြောင်း ပြောသောအခါ အီနိုစီက သူ ခင်မင်သလို မခင်မင်ကြကြောင်းနှင့် ပြစ်တင်ပြောဆိုသေး၏။ ထိုအခါ ကျွန်ုပ်က အီနိုစီကိုယ်တိုင် ၎င်း၏မိခင် ပြောစကားနှင့် နေရင်းဌာနကို လွမ်းဆွတ်ခဲ့ဖူးသည် ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့လည်း အလားတူစွာ နေရင်းဌာနကို လွမ်းဆွတ်ကြကြောင်း ပြောသောအခါ၊ စိတ်ကောက်ခြင်း ပြေပျောက်၍ လိုက်ပို့ရန် လူများကို စီစဉ်စေ၏။

နောက်ဆုံး၌ ကူကူယာနားလူမျိုး ၃၀ ခန့်တို့က ကျွန်ုပ်တို့အတွက် စားနပ်ရိက္ခာများနှင့် ပစ္စည်းများကို ထမ်းပိုးလျက်၊ ကျွန်ုပ်တို့သည် အီနိုစီကို နှုတ်ဆက်ကာ ကူကူယာနားပြည်မှ ထွက်ခွာလာခဲ့ကြလေ၏။ စောလမုန်လမ်းကြီးသို့ ရောက်ကြသောအခါ သဲကန္တာရသို့ ဆင်းသော ဖြတ်လမ်းတစ်လမ်းကို ကူကူယာနားများက သိသည်နှင့်၊ လှေကားသဖွယ် ရှိနေသည့် ဖြတ်လမ်းမှ ဆင်းလာကြရာတွင် ယခင်ကထက် အနည်းဆုံး ၁၀ ရက်ခန့် အချိန်သက်သာသည်ကို တွေ့ကြရ၏။

သဲကန္တာရအစွန်းသို့ ရောက်ကြသောအခါ ကူကူယာနားများသည် ရေဘူးများကို ရေထည့်၍ ကန္တာရကို ဖြတ်ကူးရန် ပြင်ဆင်ကြလေ၏။ နှစ်ရက်မျှ ဖြတ်ကူးမိလတ်သော် ကန္တာရ၏အလယ်တွင် စွန်ပလွံပင်များ ပေါက်ရောက်လျက်၊ စိမ့်ရေစမ်းရေ စီးထွက်နေသည့် စိမ်းစိုသော "အိုအေစစ်" စခန်းသို့ ဆိုက်ရောက်လာကြလေ၏။ ကျွန်ုပ်တို့ ဖြတ်လာကြသောအခါကမူ ထိုလမ်း မဟုတ်သောကြောင့် ၎င်းစမ်းကို မတွေ့ကြရချေ။

ကူကူယာနားများသည် စွန်ပလွံပင်များအောက်တွင် နားနေလျက်ရှိကြစဉ် ကျွန်ုပ်တို့သုံးယောက်သည် စိမ်းစိုသော မြက်ခင်းတစ်လျှောက် လမ်းလျှောက်လာကြရာ၊ စမ်းကလေး၏ နံဘေးတွင် တဲကလေးတစ်တဲ

သပ်ရပ်စွာ ဆောက်လုပ်ထားသည်ကို တွေ့ကြရသည်နှင့် အံ့သြမိကြ၏။ ကျွန်ုပ်တို့ ကြည့်နေစဉ် သားရေများ ဝတ်လျက်ရှိသော လူဖြူတစ်ယောက်သည် တဲထဲမှ ထွက်လာသည်ကို တွေ့မြင်ကြရသဖြင့် သာ၍ အံ့သြကြ၏။ လူဖြူမှာ နက်မှောင်ရှည်လျားသော မုတ်ဆိတ်ကြီးရှိသည်ပြင် လမ်းလျှောက်သောအခါ ခြေထော့နဲ့ ဖြစ်နေသည်ကို တွေ့ကြရ၏။

ထိုလူသည် ကျွန်ုပ်တို့လူစုကို မြင်သောအခါ အံ့သြစွာနှင့် ကျွန်ုပ်တို့ထံသို့ လျှောက်လာလေရာ၊ အနီးသို့ ရောက်သောအခါ ဆာဟင်နရီက .... 'အလို ဂျော့' ဟု လွှတ်ခနဲခေါ်ကာ ပြေးဝင်၍ ပခုံးကို ကိုင်လှုပ်လေ၏။ ၎င်းနောက် လူနှစ်ယောက်တို့သည် လက်ဆွဲ၍ အားမရနိုင်သည့်ဟန်နှင့် ဆက်ကာဆက်ကာ လှုပ်ယမ်းနေကြစဉ်၊ ဆာဟင်နရီက 'တွေ့ပြီ ကွာတာမိန်း၊ ကျုပ်ညီ တွေ့ပြီ' ဟု ကျွန်ုပ်အား လှမ်းပြောလိုက်၏။ ဂွဒ်မှာမူ သိကျွမ်းပြီးကြသည့် လက္ခဏာနှင့် လက်ဆွဲနှုတ်ဆက်ကြ၏။

ထိုနောက် ကျွန်ုပ်တို့သည် ဂျော့၏တဲထဲသို့ ဝင်ကြ၍ တစ်ယောက်အဖြစ်အပျက်ကို တစ်ယောက်အား ပြန်ပြောင်း ပြောပြနေကြ၏။ ဂျော့၏အဖြစ်အပျက်များလည်း ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များထက် အောက်ကျနောက်ကျ မရှိလှချေ။ အသက်ဆံဖျား စွန့်စားရသောအခြင်းအရာတို့ မြောက်မြားစွာ ပါရှိပေ၏။ ဂျော့၏အကြံမှာ စောလမုန်ဘဏ္ဍာတိုက်ကို ရှာဖွေရန်ပင် ဖြစ်လေရာ ၎င်းသွားမည့် လမ်းမှာမူကား ကျွန်ုပ်တို့ သွားခဲ့သော လမ်းအတိုင်း မဟုတ်၊ ပြန်ခဲ့သော လမ်းအတိုင်းဖြစ်၍ တိုပင် တိုသေး၏။ သို့ရာတွင် ၎င်းလမ်းအတိုင်း လိုက်မည်ဟု ပြင်ဆင်ဆဲတွင် တောင်ကမ်းပါးယံ၌ ခြေထောက်ကို ကျောက်တုံးကြီး ပိသွားသည်နှင့် ခြေတစ်ချောင်းကျိုးပြီး ခရီးမထွက်နိုင်တော့ဘဲ၊ ဤစခန်းသို့ တပည့်တစ်ယောက်နှင့် လာရောက်နေထိုင်ရခြင်း ဖြစ်လေသည်။ ၎င်းစခန်းသို့ တပည့် တစ်ယောက်နှင့် ဂျော့တို့ ရောက်နေကြသည်မှာ နှစ်နှစ်ခန့် ကြာခဲ့ပြီဖြစ်ရာ၊ ထိုအတောအတွင်း၌ ဂျော့မှာ ရှေ့သို့လည်း မတိုးနိုင်၊ နောက်သို့လည်း





မဆုတ်နိုင်ဘဲ ၎င်းစခန်းတွင် သားကောင်များ ပစ်ခတ်ခြင်းအားဖြင့် အသက်မွေးနေရလေတော့၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ရှာသောလူကိုလည်း တွေ့ရပြီ ဖြစ်သောကြောင့် ထ မြောက်အောင်မြင်စွာနှင့် ပြန်ကြဖို့ ပြင်ဆင်ကြလေ၏။ ညီအစ်ကိုနှစ်ယောက်တို့မှာ ရန်ဖြစ်၍ ကွဲပြီးမှ "ပြန်ပေါင်း" ထုတ်ကြခြင်း ဖြစ်သောကြောင့် စကားပြော၍ မဝနိုင်ကြအောင် ဖြစ်နေပေတော့၏။ သဲကန္တာရခရီးတစ်လျှောက်လုံး ဆာဟင်နရီသည် ခြေထော့နဲ့ ဖြစ်နေသော ဂျော့ကိုကိုယ်တိုင်တွဲခေါ်လျက် စကားတပြောပြောနှင့် လာခဲ့ကြ၏။

ကျွန်ုပ်၏ စိန်များအကြောင်းကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် စိန်သေတ္တာကြီးများမှ အကြီးဆုံးစိန်များကို တတ်နိုင်သမျှ လျင်မြန်စွာ ရွေးချယ်၍၊ အင်္ကျီနှင့် ဘောင်းဘီအိတ်များပြည့်အောင် သိပ်ထည့်လာခဲ့ပါသော်လည်း၊ ဥမင်လိုဏ်ခေါင်းထဲ၌ တချို့တစ်ဝက်၊ တွင်းကြီးနှုတ်ခမ်းမှလိမ့်ကျသွားစဉ်က တချို့တစ်ဝက် ကျကျန်ရစ်ခဲ့သည် ဖြစ်သောကြောင့်၊ သုံးပုံ တစ်ပုံမျှပင် ပါပါလေစ မပြောနိုင်ပေ။ မည်သို့ပင်ဖြစ်စေ ပါရှိသမျှကို ကျွန်ုပ်တစ်ယောက်တည်း မယူမူ၍ သုံးပုံ ပုံပြီးလျှင် တစ်ယောက် တစ်ပုံစီ ခွဲဝေပေးလိုက်၏။ ဆာဟင်နရီက မည်သည့်နည်းနှင့်မျှ မယူလိုကြောင်း ငြင်းပယ်နေရာတွင်မူကား၊ ကျွန်ုပ်သည် ၎င်း၏ဝေစုကို သူ၏ညီ ဂျော့အား ပေးလိုက်၏။ ထိုသို့ ခွဲဝေပေးခြင်းကိုမူ ဆာဟင်နရီက ကန့်ကွက်ခြင်း မပြုချေ။

တိုင်းပြည်သို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်တို့သည် စိန်ရိုင်းများကို အသီးသီး ရောင်းစားကြသဖြင့် ကမ္ဘာပေါ်၌ အကြွယ်ဝဆုံး သူဌေးကြီးများ မဖြစ်လာကြစေကာမူ၊ တစ်သက်ပတ်လုံး ဝတ်ဖို့စားဖို့ မကြောင့်မကြ မပူမပန်ရသော အခြေမျိုးသို့ ရောက်ကြရလေကုန်၏။

ရွှေဥဒေါင်း


ကျေးဇူးတင်ပါသည်။
မြန်မာပြည်သား
Thank You

# ကျေးဇူးတင်ပါသည်။

မြန်မာပြည်သား

Thank You

## အမှာ

၁၉၁၆ ခုနှစ်တွင် ရေးသားပြီးဆုံး၍ ၁၉၁၇ ခုနှစ်တွင် သူရိယတိုက်မှ ရိုက်နှိပ်ရောင်းချသည့် "ရန်ကြီးအောင်" ဝတ္ထုကို ရေးသားစဉ်က ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ၎င်းဝတ္ထု အောင်မြင်ခဲ့လျှင် ဝတ္ထုရေးဆရာများ၏ ထုံးစံအတိုင်း ကိုယ်ပိုင် စိတ်ကူးဉာဏ်သက်သက်ဖြင့် ရေးသားရန်မျှသာ ကြံရွယ်ခဲ့ပါသည်။ ၎င်းဝတ္ထု ထွက်လာ၍ မျှော်လင့်သည့်အတိုင်း အောင်မြင်ခဲ့သော်လည်း သူရိယ ဦးဘဖေ (ယခု ဘကြီးဘဖေ) က မစ္စစ်ဟင်နရီဝု (Mrs. Henrywood)၏ အီစလင် (East Lynn) ဝတ္ထုကို မှီး၍ မြန်မာဝတ္ထုတစ်ခုဖြစ်အောင် ရေးရန် အကြံပေးသည်နှင့် "ရတနာပုံ" ဝတ္ထုအမည်ဖြင့် ဒုတိယ ဝတ္ထုတစ်အုပ် စီရင် ရေးသားခဲ့ရာ အောင်မြင်ခဲ့ပါသည်။ "မူ" အတွက် ရရှိသော အဖိုးနှုန်းမှာ တစ်ပုဒ်ထက် တစ်ပုဒ် ပိုမိုလာရာတွင် ကိုယ်ပိုင် စိတ်ကူးဖြင့် ပင်ပန်းစွာ ရေးမည့်အစား ခပ်ချောင်ချောင်နှင့် ဖြစ်နိုင်သော Adaptation မှီးသည့် ဝတ္ထုများက "တွက်ရေးရှိသည်" ဟု သဘောပေါက်မိပါသည်။ ထိုမှစ၍ ပီမိုးနင်း အကြံပေးချက်အရ ဆာ ဟင်နရီ ရိုက်ဒါ ဟက်ဂတ် (Sir. H.Rider Haggard) ၏ သူမ (She) ကို "ရူပနန္ဒီ" အမည်ဖြင့် ရေးသားခြင်း၊ သူရိယ ဦးလှဖေ၏ အကြံပေးချက်အရ Sir Arthur Conan Doyle ၏ Sherlock Holmes စုံထောက်ဝတ္ထုများကို "မောင်စံရှား" အမည်နှင့် ရေးသားခြင်း စသည်ဖြင့် ဆက်လက် စမ်းသပ် အောင်မြင်ခဲ့ပါသည်။

ဤတွင် ရွှေဥဒေါင်းသည် မှီးသော ဝတ္ထုများလောက်သာ ရေးတတ်သည်၊ ကိုယ်ပိုင်စိတ်ကူး မရှိဟု ပြောကြကြောင်းနှင့် သူရိယတိုက်အုပ်

ရာပြည့်စာအုပ်တိုက်

ဦးဘကလေးက ပြောပြန်သည်နှင့် "လွမ်းအောင်ဖန်" ဝတ္ထုကို စီရင် ရေးသားခဲ့ပါသည်။ သို့ရာတွင် ရေးနိုင်မှ ထမင်း နပ်မီအောင် စားရသော အလုပ်မျိုးဖြစ်သောကြောင့် သူတစ်ပါး ပြောသည်ကို ဂရုမစိုက်နိုင်ဘဲ "လွမ်းအောင်ဖန်" အောင်မြင်သော်လည်း "တွက်ရေးရှိ" သော မှီးဝတ္ထုများကို တစ်ဖန် ပြန်၍ ကိုင်ရပြန်ပါတော့သည်။

လွန်ခဲ့သောနှစ်က ရန်ကုန်သို့ ဆင်းသွားရာတွင် "သွေးသောက် မဂ္ဂဇင်း" ပိုင်ရှင် ကိုကျော်ရိုးက ကိုယ်ပိုင် စိတ်ကူး ဝတ္ထုတစ်ပုဒ် ရေးဖို့ တိုက်တွန်းပြန်သဖြင့် အစမ်းသဘောနှင့် စိတ်ကူးရင်း ဇာတ်လမ်းတစ်ခု ပြီးဆုံးသွားသည်နှင့် "မြတ် သက် မော်" ဝတ္ထု ထွက်ပေါ်လာရပါတော့သည်။

လွန်ပြီးသော အတိတ် အဖြစ်အပျက်များကို ဖော်ပြသည့် ရာဇဝင် ဝတ္ထုများ၊ ယနေ့ နက်ဖြန် အနာဂတ် အဖြစ်အပျက်များကို ဖော်ပြသည့် ပစ္စုပ္ပန်ဝတ္ထုများ၊ နောင်ဖြစ်ပျက်မည့် အခြင်းအရာများကို ကြိုတင် ခန့်မှန်း ရေးသားသည့် စာရေးဆရာကြီး H.G. Wells ၏ အနာဂတ် ဝတ္ထုများ ပေါ်ထွက်ခဲ့ကြဖူးပါပြီ။ အတိတ် ပစ္စုပ္ပန် အနာဂတ် တည်းဟူသော ကာလ သုံးပါး၏ အဖြစ်အပျက်များကို ဖော်ပြခြင်းမှာ ဤ "မြတ် သက် မော်" ဝတ္ထု၏ ထူးခြားသော အချက်တစ်ခု ဖြစ်ပါသတည်း။

**ရွှေဥဒေါင်း**

**၃-၇-၅၁**

**အခန်း ၁**

အဝေးမှ မျှော်ကြည့်လိုက်သည့်အခါ မိုးနှင့် မြေကြီး ထိစပ်သည့် နေရာ လောက်၌ စိမ်းစိမ်းစိုစို မှိုင်းမှိုင်းညို့ညို့ ရှိနေသည့်အထဲမှ တစ်ချက် တစ်ချက် တွင် လက်ခနဲ ဝင်းခနဲ မြင်ရ၍၊ အနီးသို့ ချဉ်းကပ်လာရာတွင် လက်ခုပ် တစ်ဖောင်ခန့် မြင့်သည့် ဆီးဆူး ခြံစည်းရိုးဝိုင်းကြီးအတွင်း အိမ်ခြေ ၁၀၀ ကျော် ၂၀၀ ခန့်ရှိ၍ အရပ် လေးမျက်နှာအနက် လှည့်ချင်ရာသို့ လှည့် ဆောက်ထားသည့် အိမ်များလည်းကောင်း၊ အရှေ့နှင့်အနောက် သို့မဟုတ် တောင်နှင့်မြောက် ကောက်ကောက်ကွေ့ကွေ့ဖြင့် ဗဟို မကျတကျ ဖောက် ထားသည့် တစ်ခုတည်းသောလမ်း လည်းကောင်း၊ အပေါက်ဝ တစ်ဖက် တစ်ချက်တွင် ဆီးကိုင်းနှင့် ခံခက်များကို ကန့်လန့် ချည်ထားသည့် ဆူးတံခါး နှင့် ကြမ်းပိုးသာမက ပိုးဟပ်၊ အိမ်မြှောင်များပင် ခိုအောင်းဖို့ မဖြစ်နိုင်အောင် ကြမ်းကျဲကျဲခင်းထားသည့် ကင်းတဲများလည်းကောင်း၊ အရှေ့ဘက် မျက်နှာ၌ ဘုန်းကြီးကျောင်း၊ ၎င်းနှင့် မလှမ်းမကမ်းတွင် ငုတ်တိုမျှလောက်သာ ကျန်တော့သည့် ဉာဏ်တော်အစားစား စေတီများ အနက်တွင် ဖွေးဖွေးဖြူဖြူ စေတီသစ် တစ်ဆူတလေမျှ လည်းကောင်း၊ အနောက်ဘက် မျက်နှာတွင် သစ်ပင်အို အုပ်စုအောက်၌ အမိုး စုတ်ချာကာ ထရံ နတ္ထိ ဖြစ်နေသည့် သာလာယံ ဇရပ်အိုကြီးနှင့် မလှမ်းမကမ်းတွင် အသစ် တစ်လုံးတလေမျှကို

အပဲ့အကျိုး ကိုးလုံးမျှ ခြံရံနေသည့် အုတ်ဂူများ၊ ကုလား ရွှေစက္ကူစုတ် အစအနနှင့် ဝါးကြမ်း အတိုအထွာများ လည်းကောင်း၊ တောင်မျက်နှာ သို့မဟုတ် မြောက်မျက်နှာများတွင် ကြာပဒုမ္မာကို ဗေဒါပင် လွှမ်းထားသဖြင့် နီလာများအထဲ၌ ပတ္တမြား တစ်လုံးတလေ ထည့်ထားခြင်းကဲ့သို့ ကြည်ပြာ ရောင် ဗေဒါပွင့်များ အကြားမှ ပဒုမ္မာ တစ်ပွင့်တလေ ထိုးထွက်နေသည့် သောက်ရေကန် လည်းကောင်း ဤသည်တို့ကား ရှေးယခင်အခါက ငါးမည် ရသည်ဟု ဂုဏ်ယူခဲ့သော ရွှေဘိုနယ်တစ်လျှောက်ရှိ ကျေးလက်တောရွာ များ၏ အသွင်အပြင်ပေတည်း။

အဝေးမှ ကြည့်စဉ်က တစ်ချက်တစ်ချက်တွင် တလက်လက် မြင်နေ ရသည်ဆိုသော အရာမှာ အခြား မဟုတ်၊ စေတီတော် သို့မဟုတ် "လည် ပေါ်" ကျောင်းပြာသာဒ်တို့၌ တပ်လေ့ရှိကြသော မှန်ချပ်ကို နေရောင်ဟပ် သည်နှင့် တဖျတ်ဖျတ် အရောင်ပြန်ခြင်းပင် ဖြစ်ပေသည်။

အရှေ့ပေါက်မှ ဝင်လာ၍ "ဟာနံ့နံ့ ဟာနံ့နံ့" တည်းဟူသော ဦးပဥ္စင်းများ၏ စာပြန်သံများနှင့် "ဘောဒေဝပုတ္တာ– အိုနတ်သား" တည်း ဟူသော မင်္ဂလသုတ်ကို ဘုန်းတော်ကြီး ကြားစေလောက်အောင် လေရှည် ဆွဲကာ ကုန်းဟစ်နေကြသည့် ရှာကျောင်းသားများ၏ စာကျက်သံများကို ကြားခဲ့ရပြီးနောက် ရွာထိပ်သို့ ရောက်လာသည်တွင် "ဂျောက်ဂလင်ဂျောက်" တည်းဟူသော ရက်ကန်း ရက်သံများ။ 'မိထူးရေ၊ နွားမတွေ ဖွင့်လွှတ်လိုက်ပါ တော့ ဟဲ့' စသည်ဖြင့် မိခင်က သမီးကလေးအား နွားကျောင်းခိုင်းသော အသံ။ 'ရွှေလှိုင်ရို့ ....ရွှေနိုင်ရို့၊ ငါခေါ်တာ ဘောက်မဲ့ မထူးကြသလဲ' စသည်ဖြင့် မိခင်က "ကြက်ထုပ်ပစ်တမ်း" ကစားခြင်းကို မက်မောနေကြ သော သမီးနှစ်ယောက်တို့အား ဟစ်ခေါ်လိုက်သောအသံ။ 'နွားနှယ်ကရို့၊ တစ်လှမ်းချင်း လုပ်နေလိုက်တာ.... ကြည့်စမ်း၊ ကတောက် ကတောက် ဗျင်း' စသည်ဖြင့် ဆီဆုံ တစ်ဆုံမှ နွားကို တက်ခေါက်ကာ ရိုက်မောင်း နေသော အသံ။ 'နိတာရေ၊ သလောင်းဖုံးထဲက မှင်းကြမ်းကို ညှက်ခဲလေးနဲ့





သားပီး လယ်တော သွားလိုက်ဦးဟဲ့' စသည်ဖြင့် အဘွားကြီးက မြေးကလေး ကို စေခိုင်းသော အသံတို့ကို ကြားလိုက်ရပါမူ တစ်ခါတစ်ရံမှ ရောက်လာ သည့် ဧည့်သည်တစ်ယောက် အဖို့မှာ မရယ်နိုင်သည့်တိုင်အောင် မပြုံးမိဘဲ နေနိုင်လိမ့်မည် မဟုတ်ပေ။

ရွာလယ်ပိုင်းတွင် လမ်းဘက် တစ်ချက် ကျယ်ပြန့်လှ၍ အမှိုက် သရိုက် တစ်ပင်၊ နောက်ချေးတစ်ပုံမျှ မရှိရအောင် ပြောင်စင်စွာ တံမြက် လှည်းထားသည့် ဝင်းကြီး နှစ်ဝင်းတို့ မျက်နှာချင်းဆိုင် တည်နေကြပေရာ၊ ထိုအရပ်၌ ဗိုလ်အိမ် ခေါ်ကြသည့် အမိုးလေးဖက် အုန်းလက်ချကာ ဆောက် ထားသည့် တိုက်အိမ်ကြီး နှစ်လုံးသည် ဝင်းအလယ်တွင် တစ်ဖက်နှင့် တစ်ဖက် မျက်နှာချင်းဆိုင် တည်လျက် ရှိကြ၏။ နွားတဲ၊ မြင်းဇောင်း၊ စပါးကျီ၊ ကောက်ရိုးတဲ၊ မီးဖိုတဲ၊ ကနားဖျင်း စသော အဆောက်အအုံများ သည် လည်းကောင်း၊ အိမ်ကြီး အသီးသီးကို ခြံရံလျက် လှည်းကြမ်း၊ လှည်း ယဉ်၊ ရေစည်လှည်း၊ မြင်းချည်တိုင်၊ ရေလှောင် စဉ့်အိုးကြီးများ အစရှိသော ပစ္စည်းများကို လည်းကောင်း၊ ချက်ကြ ပြုတ်ကြ၊ လုပ်ကြ ကိုင်ကြဖြင့် ရှုပ်ယှက်ခတ် ဖြစ်နေသော အခြင်းအရာကို လည်းကောင်း မြင်ရခြင်းအား ဖြင့် ကျေးတော လူရတတ်များ နေထိုင်ရာ ဌာနဖြစ်ကြောင်း အကဲခတ်နိုင် လောက်ပေ၏။

ရွာလယ်လမ်း တစ်ဖက်တစ်ချက်၌ မျက်နှာချင်းဆိုင် ရှိနေ၍ ပုံစံ ခပ်ဆင်ဆင် ဆောက်လုပ်ထားခြင်းကို ကြည့်ရခြင်းအားဖြင့် ၎င်း အိမ်ကြီးရှင် နှစ်ဦးတို့မှာ ညီအစ်ကို သားချင်းများ ဖြစ်ကြလေသလောဟု တွေးထင်ဖွယ် ရှိ၏။ စင်စစ်သော်ကား ၎င်းအိမ်ကြီးရှင်များမှာ ဦးကျော်ဟိုးနှင့် ဦးပြည့်စုံတို့ ဖြစ်ကြ၍ ညီအစ်ကိုလည်း မတော်စပ်၊ ဆွေးမျိုးသားချင်းလည်း မဟုတ်၊ တစ်ယောက်နှင့် တစ်ယောက် ဂုဏ်တုဂုဏ်ပြိုင် လုပ်နေကြသည့် လူရတတ် ကြီးများ ဖြစ်ကြလေသည်။ တစ်ယောက်က ဗိုလ်အိမ်ဆောက်လျှင် အခြား

တစ်ယောက်ကလည်း ဗိုလ်အိမ်၊ တစ်ယောက်က မြင်းကောင်း မြင်းချော ဝယ်လျှင် အခြားတစ်ယောက်ကလည်း မြင်းကောင်းမြင်းချော၊ တစ်ယောက်က ကျောင်းဆောက်လျှင် အခြားတစ်ယောက်ကလည်း ဘုရားတည်၊ တစ်ယောက်က အလှူပေးလျှင် အခြားတစ်ယောက်ကလည်း ဆွမ်းကျွေး၊ တစ်ယောက်က သိမ်နှင့် ရေတွင်း၊ အခြားတစ်ယောက်က ဇရပ်နှင့် ရေကန် စသည်ဖြင့် နေရာတကာတွင် အပြိုင်အဆိုင် ပြုလုပ်နေကြသော လူကြီး နှစ်ယောက် ဖြစ်ကြလေသည်။

နဂိုကတည်းက ဂုဏ်တုဂုဏ်ပြိုင်သဘော ထားချင်ကြသည့်အထဲတွင် ဦးကျော်ဟိုး၌ သားတစ်ယောက် ဖွားလျှင် ဦးပြည့်စုံ၌လည်း သားတစ်ယောက်၊ ဦးပြည့်စုံ၌ သမီးတစ်ယောက် ဖွားပြန်လျှင် ဦးကျော်ဟိုး၌လည်း သမီးတစ်ယောက် မွေးဖွားခြင်းအားဖြင့် သဘာဝမှုကလည်း ၎င်းတို့ နှစ်ယောက် ဂုဏ်ပြိုင်ခြင်းကို အားပေးအားမြှောက် ပြုလုပ်ပေးသကဲ့သို့ ရှိလေတော့သည်။

ဦးကျော်ဟိုး၏ သားနှင့် သမီးကို မောင်သာမြတ်နှင့် မငွေညီဟု မှည့်ခေါ်၍၊ ဦးပြည့်စုံကမူ မိမိ၏ သားနှင့် သမီးကို မောင်လူမော်နှင့် မရွှေရီဟု မှည့်ခေါ်ထား၏။ ထိုသူနှစ်ယောက်တို့၌ တူညီသော အခြား အချက် တစ်ခု ရှိသေး၏။ ၎င်းမှာ သမီးမိန်းကလေး တစ်ယောက်စီ မွေးဖွားပြီးသည်နောက် များမကြာမီအတွင်း မယား သေဆုံးကြ၍ မုဆိုးဖိုအဖြစ်နှင့် အတန်ကြာ နေခဲ့ကြခြင်းပင် ဖြစ်လေရာ၊ တစ်ယောက်၏ အကဲကို တစ်ယောက် ကြည့်နေကြရာမှ ဦးကျော်ဟိုးက ဒုတိယ အိမ်ထောင်ပြုသော အချိန်တွင် ဦးပြည့်စုံကလည်း နောက်အိမ်ထောင်ဖက် ရှာလေတော့သည်။

မိဘများ ဂုဏ်ပြိုင်ကြခြင်းကို သားသမီးများက ဆက်ခံကြသေးပုံကား သာမြတ်နှင့် လူမော်တို့သည် ဘုန်းကြီးကျောင်းတွင် သင်္ချိုဟ် ပြိုင်ဘက် လေ့ကျက်ကြ၍၊ ငွေညီနှင့် ရွှေရီတို့ကလည်း ရွာကျောင်းကလေးတွင် မင်္ဂလသုတ်၊ နမက္ကာရ စသည်တို့ကို အပြိုင်အဆိုင် ရွတ်ဆိုကြ၏။ ဦးကျော်





ဟိုးက သမီးကို ငွေညီဟု မှည့်ခေါ်ရာတွင် ဦးပြည့်စုံက ရွှေရီဟု မှည့်ခေါ်လိုက်ခြင်းကိုပင်လျှင် တစ်နည်းအားဖြင့် ဂုဏ်ပြိုင်လိုက်ခြင်း ဖြစ်တော့သည်။

သာမြတ်နှင့် ငွေညီ၊ လူမော်နှင့် ရွှေရီတို့မှာ ဗမာစစ်သည့်အတိုင်း လူချော လူလှ ရှားပါးသော နယ်ဖွားများ ဖြစ်ကြသည့်အလျောက် ရုပ်ရည် အလွန်တရာ မလှပကြားသော်လည်း တရုတ်ကပြားယောင်ယောင်၊ ကရင်ယောင်ယောင်၊ မူဆလင် ယောင်ယောင် မှတ်ထင်ရသည့် အခြား နယ်သား များကဲ့သို့ မဟုတ်ဘဲ ဗမာပီသသော မျက်နှာမျိုး ရှိကြလေသည်။ ဆိုလိုရင်းမှာ မူဆလင်ယောင်ယောင် မှတ်ထင်လောက်အောင် နှာတံ ပေါ်လွင်ခြင်းလည်း မရှိ။ တရုတ် ကပြားယောင်ယောင် ထင်လောက်အောင် ဝါကြန့်ကြန့်ရှိသော အသားလည်း မရှိ။ ဗိုလ်ကပြား တစ်ယောက် ထင်လောက်အောင် ဖြူဆွတ်သော အသားလည်းမရှိ။ ဖြူလှပါသည်ဆိုမှ လတ်ရုံရှိ၍ လူလုံးလူဟန်များလည်း ခပ်ထွားထွား ခပ်ကြမ်းကြမ်း ရှိကြလေသည်။ သို့သော် ဗမာစစ်သော အပိုင်း၌သာ တွေ့ရသည့် ခပ်တင်းတင်း ခပ်မာမာ မျက်နှာထားနှင့် တတ်သိနားလည်ခြင်းကို ဖော်ပြသည့် မျက်လုံးမျိုး ရှိကြ၏။ တစ်ခုစီ ခွဲစိတ်ကြည့်လိုက်သော် မည်သည့်အတွက်၌ မည်ကဲ့သို့ လှပပေသည်ဟု ချီးကျူးလောက်အောင် မရှိသော်လည်း မှန်တမ်းသာသာကြီး ရှိသော အရည်အချင်းနှင့် စိတ်ဓာတ်တို့ကို ၎င်းနယ်သားများ၏ မျက်နှာတွင် ဟစ်အော် ကြွေးကြော်နေဘိသကဲ့သို့ ပေါ်လွင်ထင်ရှားလျက် ရှိတော့သည်။ ထို့ကြောင့်လည်း ဦးအောင်ဇေယျနှင့် လက်ဝဲသုန္ဒရ အမတ်တို့ ချက်မြှုပ်သောဒေသ ဖြစ်ခဲ့ဟန် တူပေသည်။

မြန်မာပြည်အတွင်း အထိုက်အလျောက် ဒေသန္တရ ဗဟုသုတ ရှိသူ တစ်ယောက်အနေဖြင့် ကိုယ်တွေ့ အကြောင်းအရာတစ်ခုကို ဖော်ပြရသော် ရွှေဘိုနယ်သူ နယ်သားများသည် မြန်မာသွေး စစ်စစ်နှင့် မြန်မာပီသသော အမူအရာနှင့် မျက်နှာမျိုး ရှိခြင်းမှ တစ်ပါး သိတတ်ခြင်း သဘာဝအားဖြင့်လည်း နှစ်နှစ်၊ သုံးနှစ်ခန့် ရှေ့ရောက်သည်ဟု ဆိုချင်၏။ အဓိပ္ပာယ်မှာ ရှစ်

နှစ်သားအရွယ် ရွှေဘိုနယ်သား ကလေးတစ်ယောက်သည် ၁၀ နှစ် သို့မဟုတ် ၁၁ နှစ်သားအရွယ် ရှိသည့် အခြားနယ်သား ကလေးတစ်ယောက်နှင့် တူညီသော ပါးရည်နပ်ရည် ရှိသည်ဟု ဆိုလို၏။ ခေတ် ဗဟုသုတ အရာဌာန၌ နောက်ကျသည့်အတွက် နိုင်ငံရေး အစရှိသည့် ပြိုင်ပွဲများတွင် နောက်ကျန်ရစ်ကြသော်လည်း ပင်ကိုဉာဏ်အားဖြင့်မူကား အမှန်သာသော လူစု ဖြစ်၏။ တစ်နေ့သ၌ ခေတ်ပညာနှင့် နိုင်ငံခြားရေးဆိုင်ရာ ဗဟုသုတများသည် ပြည်ထောင်စု တစ်ဝန်းလုံးသို့ ညီညာစွာ ပျံ့နှံ့သော အချိန်အခါတွင် ရွှေဘိုနယ်သားများ တစ်စခန်း ထ ကြဖွယ်ရာ ရှိပေသေးသည်။

## အခန်း ၂

ငင်းရွာ အနောက်ပိုင်း၌ အဓိကရ မန်ကျည်းပင်ကြီး လေးပင်တို့သည် အကိုင်းချင်း စပ်ယှက်လောက်ရုံမျှ တစ်ပင်နှင့်တစ်ပင် အကွာအလှမ်းရှိ၍ နွေရာသီတွင် အေးမြသော အရိပ်အာဝါသကြီး ဖန်တီးလျက်ရှိရာ တစ်ရွာလုံးရှိ ကလေးသူငယ်တို့သည် ငင်းအရိပ်ကြီးအောက်တွင် ထုပ်ဆီးတိုးခြင်း၊ ဖန်တို့ခြင်း၊ ဖန်ခုန်ခြင်း၊ ဇယ်ခတ်ခြင်း စသည်ဖြင့် ယောက်ျားလေးနှင့် မိန်းကလေး ဆိုင်ရာ ကစားနည်း အမျိုးမျိုးတို့ကို တပျော်တပါး ကစားတတ်ကြ၏။ ငင်းကစားကွင်းကို မျက်နှာမူလျက် ဆောက်ထားသည့် တဲကလေးတွင် ဒေါ်သိန်းရင်တို့ မုဆိုးမ သားအမိ နေထိုင်ကြ၏။ ဒေါ်သိန်းရင်မှာ ရွှေဘိုမြို့သူ ဖြစ်သော်လည်း ငင်းရွာသားနှင့် အကြောင်းဆက်၍ လိုက်ပါ နေထိုင်ခဲ့ရာတွင် ခင်ပွန်းသည် "ပိုးထိ" သေဆုံး၍ ငင်းက ကျန်ရစ်သည့် လယ်မြေဇက အနည်းငယ်မျှကို လုပ်သားချပြီးလျှင် ရသမျှသော လယ်ခကလေးဖြင့် မျှလောက်အောင် စားသုံးကာ ရွှေဘိုသို့ မပြန်တော့ဘဲ သမီးကလေး တစ်ယောက်နှင့် အတူတကွ နေထိုင်လျက် ရှိကြလေသည်။ ဒေါ်သိန်းရင်သည် သစ်ပင်ရိပ်အောက်ရှိ ကစားကွင်းကို တံမြက်တလင်း လှည်းခြင်း၊ ကစား၍





မောလာသော ကလေးသူငယ်များ သောက်ရန်အတွက် ရေအိုးစင် တည်ခြင်း စသည်ဖြင့် ကလေးများ၏ ဆိုးမျိုးခံခြင်းအတွက် အားလုံးက ဝိုင်းဝန်းချစ်ခင်ကြလေရာ၊ ဒေါ်သိန်းရင်မှာ အသက် ၃၀ လောက်တွင် မုဆိုးမဖြစ်ခဲ့၍ ငင်း ရွာသူများထက် မွန်ရည်သော ရုပ်လက္ခဏာ ရှိသည်အလျောက် ကြိုက်သူကြိုက်သား မရှားသော်လည်း လင်စိတ် သားစိတ် မရှိဆို၍ ရှစ်နှစ်ခန့်အရွယ် သမီးကလေး မသက်နှံနှင့် ချမ်းမြေ့စွာ နေထိုင်လျက် ရှိလေသည်။

မသက်နှံမှာ မြို့ကြီးသူ ဒေါ်သိန်းရင်၏ သမီး ဖြစ်သည့်အလျောက် အခြားသော ရွာသူကလေးများထက် သန့်ပြန့်သော ရုပ်လက္ခဏာရှိရုံသာမက လူရတတ်သမီးများ ဖြစ်ကြသော မငွေညို၊ မရွှေရီတို့နှင့်ပင် မယှဉ်သာ အောင် လှပသော ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။ လူရတတ် သမီးများ ပိပိ တိုက်သရက်ထည်၊ ဝိုင်အစ၊ တိုဘရက်ကိုး စသော အထည်များကို ဒုံးခံကြသော်လည်း ဖျင်ကြမ်းအင်္ကျီနှင့် "ရက်လုံချည်" ကလေး ဝတ်ထားသည့် မသက်နှံလောက် မချောမလှ ဟူ၍ ပြောကြလေသည်။ ငွေညို၊ ရွှေရီနှင့် သက်နှံတို့မှာ မတိမ်းမယိမ်း အရွယ် ရှိကြ၍ ရွာကျောင်းတွင် အတူ ပညာသင်ကြသဖြင့် သူငယ်ချင်းများ ဖြစ်ကြ၏။

မသက်နှံတို့၏ တဲကလေးရှေ့၌ ရှိသော သစ်ပင်ရိပ်ကြီးအောက်၌ ကစားကြသူများ အနက်တွင် သာမြတ်နှင့် လူမော်တို့လည်း ပါဝင်ကြလေရာ ငင်းတို့နှစ်ယောက်သည် သူငယ်ဘဝ ကတည်းက မသက်နှံကို အပြိုင်အဆိုင် မိတ်ဖွဲ့ကြ၏။ တစ်ယောက်က မသက်နှံအတွက် ထန်းလျက် ယူခဲ့လျှင် တစ်ယောက်က ကြံသကာ ယူခဲ့၏။ တစ်ယောက်က ငှက်ပျောသီးပေးလျှင် တစ်ယောက်က အုန်းသီးစိတ် ပေး၏။ ကစားသော အခါများ၌လည်း သာမြတ်နှင့် လူမော်တို့သည် မသက်နှံကို သူ့ဘက် ငါ့ဘက် ပါအောင် လုယက်ကြရသည်နှင့် အမော ဖြစ်နေ၍ တစ်ယောက်နှင့် တစ်ယောက် နှောင်ကြိုး သတ်ကြရသော အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်တော့ပေ။ မုဆိုးမ ဒေါ်သိန်းရင်မှာ သစ်ပင်ရိပ်ကြီးအောက်တွင် ကလေးစုံသော အခါ

တိုင်း သာမြတ်နှင့် လှမော်တို့ လက်ဝှေ့ပွဲကို ဖျန်ဖြေပေးရချေဦးမည်လောဟု တမော့မော့ စောင့်ကြည့် နေရလေတော့သည်။ သူငယ် နှစ်ယောက်တို့ သတ်ပုတ်ကြခြင်းမှာ မိမိ၏သမီး မသက်နုံကြောင့် ဖြစ်ကြောင်း သိရ၍ 'စိတ်ညစ်လှပါပြီ' ဟု ပြောလေ့ရှိသော်လည်း ၎င်းရွာတွင် ထိပ်သီး လူရတတ် နှစ်ယောက်၏ သားများ ဖြစ်ကြရကား ဒေါ်သိန်းရင်၏ စိတ်ညစ်မှုတွင် ကျေနပ်မှုကလေး တွဲဖက်တန်ရာသည်ဟု တွေးဆပါက များကောင်းမှ များပေလိမ့်မည်။

မသက်နုံမှာ ၎င်းရွာသူကလေးများ အနက်တွင် "မွှေးထူး ရေခြား" ခေါ်လောက်သည့် ရုပ်ရည် ရူပကာယ ရှိ၍ ကြက်အုပ်ထဲတွင် လိင်ဟွန်း ကြက်မျိုးကလေး တစ်ကောင် ရောက်နေခြင်းကဲ့သို့ ကလေးအုပ်ထဲတွင် ကြည့်လိုက်သည့် အခါတိုင်း ထင်းခနဲ ကွင်းခနဲ ပေါ်လျက် ရှိပေသည်။ အမိ မုဆိုးမနှင့် အတူနေရ၍ အဆေးအကြော အလှည်းအကျင်း အစရှိသည့် အိမ်တွင်းမှု လုပ်ငန်းများ၌ ကူဖော်လောင်ဖက်ရ၍ ဝတ္တရား သိတတ်လိုက် ပုံမှာ အရွယ်နှင့် မလိုက်ဟု ချီးကျူးကြ၏။ စင်စစ်မှာ တောရွာများ၌ မွေးဖွား သော မိန်းကလေးများအဖို့၌ အိမ်တွင်းမှုဆိုင်ရာ အလုပ်မျိုး လုပ်ကိုင်ရခြင်း သည် အဆန်း မဟုတ်သော်လည်း မသက်နုံမှာ ချက်ချက်ချာချာ ရှိ၍ လူကြီး က ခိုင်းရသည်မရှိ၊ အလိုအလျောက် အလိုက်သိ၍ လာဘ်မြင်လှသည်ဟု ပြောကြရလေသည်။

ရွာသူ ရွာသားများသည် မည်သူ၏ သားနှင့် မည်သူ၏ သမီး ဟူသော လက်ထပ်မင်္ဂလာ ပြဿနာကို ကာယကံရှင်များ အရွယ် မရောက်မီ ကတည်းက မောင်းစင်၊ ဒုမင်္ဂလာ– သုမင်္ဂလဝိုင်း၊ ရေခပ်ဆိပ်၊ ဥပုသ်ကျောင်း စသောနေရာများတွင် "တစ်ပေး" သော အလေ့အထ ရှိကြသည့်အလျောက်၊ ၎င်းရွာတွင် (၁) နံပါတ် ထိပ်သီးချင်း ဖြစ်သည့် ဦးကျော်ဟိုး၏ သားသမီး တစ်စုံနှင့် ဦးပြည့်စုံ၏ သားသမီး တစ်စုံကို တစ်ပေးနှင့်ကြသည်မှာ ကြာလှ ပေပြီ။ သို့သော် မန်ကျည်းပင်ကြီးများ၏ အရိပ်အောက်၌ လှမော်နှင့်





သာမြတ်တို့ ထိုးသတ်ကြခြင်း အကြောင်းကို သိကြသော ရွာသူတို့က မှုကား တစ်နည်းတစ်ဖုံ တစ်ပေးကြပြန်လေသည်။ ဤတွင် စုံတွဲလိုက် တစ်ပေး သော ရွာသူက–

'အလကားပါ အေရယ်၊ ရုပ်ကလေး မက်ပြီး လုနေကြပေမဲ့ တော် တော်ကြာတော့ လူကြီးချင်း စေ့စပ်ပြီး ဝါလားချင်း ဝါလား ပေးစားလိုက်မှာ ပါ အေရဲ့။ ရွာဦးက ထွန်းခင်နဲ့ မယ်တော် ကြည့်ပါလား၊ မပေးစားရင် သေပါတော့မလေး ဘာလေးနဲ့။ အဆုံးကျတော့ ထွန်းခင်က အလယ်ရွာက လူရတတ် သမီးနဲ့ ယူပြတိုင်း ယူသွားတယ် မဟုတ်ဘူးလား အေရဲ့'

'ပြောတတ်ပေါင်အေ၊ သက်နုံကို သာမြတ်ရော လှမော်ရောက လက်တောက်လောက်ရှိသေး၊ ပွဲပိုးကြရလွန်းလို့ တစ်သတ်တည်း သတ်ပုတ် နေကြ ဆိုပါကလား အေရဲ့'

'ငယ်ငယ်ကလေး ရှိသေး အေရယ်၊ ဒီ အတောအတွင်း ဘာတွေ ဖြစ်ရဦးမယ် မသိ'

တစ်ညနေ၌ လှည်းယဉ်ကလေး တစ်စီးသည် ၎င်းရွာ အနောက် တံခါးမှဝင်၍ ရွာထဲသို့ ဖြတ်မောင်းလာရာ လမ်းပေါ်တွင် ရေကန်မှ ရေအိုး ကိုယ်စီနှင့် ရေခပ်ပြန်လာကြသော မိန်းကလေးတစ်စုနှင့် ဆုံမိကြ၏။ ရွာလမ်း တို့ ထုံးစံအတိုင်း ခပ်ကျဉ်းကျဉ်းရှိသည်နှင့် လှည်းယဉ်ကလေးက လမ်းနံဘေး သို့ ကပ်ကာ ရပ်ပေးပြီးမှ မိန်းကလေး တသီတတန်းကြီးအား ခြံစည်းရိုးနှင့် လှည်းအကြားမှ လျှောက်သွားစေရာ လှည်းယဉ်၌ တပ်ထားသော နွားများမှာ အလွန်ဆတ်သည်ဖြစ်၍ တရှူးရှူး ဖြစ်နေကြ၏။ ရေခပ်သော မိန်းကလေး များအနက်တွင် မသက်နုံလည်း ပါလာလေရာ မိန်းကလေး တစ်တန်းကြီး ဖြတ်လာ၍ လှည်းယဉ်အနီးသို့ မသက်နုံ ရောက်လာသည့်အခိုက်တွင် လှည်းယဉ်မှ နွားတစ်ကောင်သည် မိန်းကလေးတစ်ယောက် ဝတ်လာသော သရက်ထည် လုံချည် အပွင့်ကျဲကြီးကို လန့်သည်နှင့် နံဘေးသို့ ရုတ်တရက် ခုန်၍ အတိုးလိုက်တွင် မသက်နုံကို လှည်းဘီး တိုက်မိ၍ ရေအိုးရော လူပါ

လွင့်စဉ်သွားလေ၏။ လှည်းပေါ်၌ကား အသက် ၄၀ နီးပါး ရှိ၍ ရုပ်ရည်သန့်ပြန့်သဖြင့် ကတော်နှင့်တူသော မိန်းမ တစ်ယောက်၊ မိန်းမဖော် တစ်ယောက်နှင့် ယောက်ျားတစ်ယောက် လိုက်ပါလာကြရာ၊ ကတော်နှင့် တူသော မိန်းမသည် မသက်နံ့ ဖြစ်ရပုံကို မြင်၍ ယူကျုံးမရ ဖြစ်ဟန်နှင့် လှည်းနောက်မှ ပါလာသော တပည့်အား ချက်ချင်း ဆင်း၍ ပွေ့ထူစေပြီးလျှင် ကိုယ်တိုင်လည်း ဆင်း၍ ကြည့်ရှု၏။ မသက်နံ့၌ ခိုက်မိသောဒဏ်ရာမှာ လှည်းဝင်ရိုးစွန်းနှင့် ပေါင်ကို ခြစ်မိခြင်းမျှသာ ဖြစ်၍ မကြီးကျယ်သော်လည်း အဆစ်တွင်လေဝင်သွားသဖြင့် ရုတ်တရက် လမ်းမလျှောက်နိုင်ဘဲ ရှိရာတွင် ထိုမိန်းမသည် မသက်နံ့ကို လှည်းပေါ်သို့ တင်စေ၍ ၎င်း၏နေအိမ်သို့ လိုက်ပို့ကာ မိခင် ကျေနပ်အောင် တောင်းပန်စကား ပြောခဲ့ပေသည်။

ကတော်နှင့် တူသော ထိုမိန်းမသည်ကား ၎င်းရွာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လယ်မြေဧက မြောက်မြားစွာ ပိုင်ဆိုင်သော ရွှေဘိုသူ ခင်လေးဆွေ ဖြစ်လေသည်။ ခင်လေးဆွေ၏ ဘိုးဘွားများသည် ၎င်းရွာသူ ရွာသားများ ဖြစ်၍ ခင်လေးဆွေ၏ မိဘလက်ထက်တွင်မှ ရွှေဘိုသို့ ပြောင်းရွှေ့ကာ ဆန်စက် တည်ထောင်၍ စက်သူဌေး အမည်ခံသူများ ဖြစ်ကြလေသည်။ မိဘ သေဆုံးသည့်နောက် တစ်ဦးတည်းသောသမီး ဖြစ်သည့် ခင်လေးဆွေသည် မိဘ၏ ဆန်စက်နှင့်တကွ ၎င်းရွာ ပတ်ဝန်းကျင်၌ ရှိသော လယ်တောများကို အမွေဆက်ခံရသည်ဖြစ်၍ လယ်ခသိမ်းရန်အတွက် ထိုရွာသို့ ရံဖန်ရံခါ လာရောက်တတ်လေသည်။ ယခုမှာလည်း လယ်ကိစ္စအတွက် လာရောက်ရာတွင် မသက်နံ့ကို မိမိ၏ လှည်းယဉ်နှင့် တိုက်မိခြင်း ဖြစ်လေသည်။ ခင်လေးဆွေမှာ ရုပ်ရည်အားဖြင့် လည်းကောင်း၊ ပစ္စည်းဥစ္စာ အားဖြင့်လည်းကောင်း ဆိုဖွယ်ရာ မရှိသော်လည်း တစ်စုံတစ်ခုသော အကြောင်းကြောင့် အိမ်ထောင်ပြုခြင်း အလုပ်ကို စက်ဆုပ်၍ အသက် ၄၀ နီးပါးတိုင်အောင် အပျိုကြီး အဖြစ်၌ပင် ရှိနေခဲ့ခြင်း ဖြစ်လေသည်။

ခင်လေးဆွေသည် ထိုရွာသို့ လာသည့် အခါများတွင် ဦးလေး





တစ်ယောက်အိမ်၌ တည်းခိုလေ့ ရှိရာ မသက်နံ့ ဒဏ်ရာရသည့်အတွက် မုဆိုးမ ဒေါ်သိန်းရင်၏ တဲကလေးသို့ မကြာခဏ လာရောက်ကာ မေးမြန်းပြုစုရင်းနှင့်ပင် မသက်နံ့ကို နှစ်နှစ်ကာကာ ချစ်ခင်လျက် ရှိလေပြီ။ မြို့သို့မပြန်မီ မသက်နံ့ကို မိမိ တည်းခိုသော အိမ်သို့ ခေါ်၍ ခွဲခွာတော့သည် မရှိဘဲ၊ ကိစ္စပြီးသဖြင့် ပြန်သောအခါတွင်လည်း မသက်နံ့ကို မြို့သို့ မိမိနှင့်အတူ အလည်အပတ် ထည့်လိုက်ဖို့ ဒေါ်သိန်းရင်ထံ ခွင့်ပန်လေ၏။ မုဆိုးမဒေါ်သိန်းရင်မှာ သမီးကလေးနှင့် နှစ်ယောက်ထဲ နေကြရခြင်း ဖြစ်၍ မခွဲခွာလိုသော်လည်း မျက်နှာကြီးသော စက်ပိုင် အပျိုကြီး ခင်လေးဆွေ၏ တောင်းမံခြင်း ဖြစ်သောကြောင့် ထည့်လိုက်ရ၏။

ထိုအချိန်မှ စ၍ မသက်နံ့မှာ ၎င်းရွာနှင့် ရွှေဘိုမြို့ကို ကူးချည်သန်းချည် နေထိုင်ရ၍ အမှန်အားဖြင့် မိခင်နှင့် နေရသော အချိန်ထက် ခင်လေးဆွေနှင့် နေရသောအချိန်က ပိုမိုလေတော့သည်။ ယင်းသို့ တစ်စတစ်စနှင့် မသက်နံ့သည် တစ်လအနက်တွင် နှစ်ရက် သုံးရက် ခန့်မျှလောက်သာ ရွာ၌ နေရ၍ ကျန်သော နေ့ရက်များကို ရွှေဘိုမြို့၌သာ ကုန်လွန်ရလေတော့သည်။ ပထမ၌ မိခင်ကို လွမ်းဆွတ်သော်လည်း ခင်လေးဆွေက ဖူးဖူးမှုတ်မှုတ် အလိုလိုက်ထား၍ ဝတ်စား ဆင်ပြင်ရာ၌လည်း သူဌေးသမီး တမျှလှပအောင် ဆင်ပြင်ပေးထားရကား မသက်နံ့မှာ ခင်လေးဆွေနှင့် နေရခြင်းကို နှစ်သက် ပျော်မွေ့လျက် ရှိလေပြီ။

ယင်းကဲ့သို့ နေထိုင်ကြ၍ နှစ်တစ်ဝက်ခန့် ကြာလတ်သော် ခင်လေးဆွေသည် မသက်နံ့ကို အမွေခံ အမွေစား အဖြစ်နှင့် မွေးစားပါရစေ ဆို၍ ဒေါ်သိန်းရင်ထံမှ တောင်းခံလေတော့သည်။ သမီးကလေးကို လွမ်းသော်လည်း ရွာသူရွာသားများက သမီးကလေး ကောင်းစားသည်ကို မြင်လိုထိုက်သည်ဟု ဝိုင်းဝန်း တိုက်တွန်းကြသည် တစ်ကြောင်း၊ မသိန်းရင် ကိုယ်တိုင်ကလည်း နောက်အိမ်ထောင်ပြုဖို့ စိတ်ကူးပေါ်ပေါက်လျက် ရှိသည် တစ်ကြောင်းကြောင့် သဘောတူလိုက်လေတော့သည်။ သို့ဖြစ်၍ ခင်လေးဆွေ

သည် မသက်နှံကို ရွာလူကြီး အစုံအညီ ရှေ့တွင် လက်မှတ်ထိုး၍ မသက်နှံကို အမွေခံ အမွေစား သားသမီးအဖြစ်နှင့် မွေးမြူရန် စာချုပ်ပြုလုပ်ကြ၏။ မိခင် ဒေါ်သိန်းရင်သို့လည်း မသက်နှံက ငွေ ၁၀၀၀ ကျပ် ကန်တော့ရန် ခင်လေးဆွေက စီမံပေးရာ များမကြာမီအတွင်းတွင် ဒေါ်သိန်းရင်မှာလည်း ၎င်းရွာသား မုဆိုးဖို တစ်ယောက်နှင့် အကြောင်းဆက်၍ ပေါင်းဖက်ကြလေတော့သည်။

ခင်လေးဆွေသည် မသက်နှံကို အင်္ဂလိပ်ကျောင်း၌ ပညာသင်စေ၍ စက်ပိုင်သမီး ဖြစ်သည့်အတိုင်း စိန် ရွှေ လက်ဝတ်လက်စားများကို ညွတ်ကျအောင် ဆင်ပြင်ထား၏။ တစ်စုံတစ်ခုသော အကြောင်းကြောင့် လူ့လောကကို စိတ်နာ၍ ကြွားဝါချင်သောစိတ် မရှိသဖြင့် စပါးသိမ်းသွားသော အခါများတွင် လှည်းယဉ်ကလေးလောက်မျှနှင့် သွားခဲ့သော ခင်လေးဆွေသည် မသက်နှံကို မွေးစားသောအခါတွင်မှ ကျောင်းပို့ရန်အတွက် မော်တော်ကား အသစ်တစ်စီး ဝယ်ယူခဲ့လေပြီ။ အထည်အလိပ် အဆင်ဆန်း ပေါ်တိုင်းလည်းကောင်း၊ လက်ဝတ်လက်စား ပုံစံ အဆန်းအပြား ပေါ်တိုင်း လည်းကောင်း ခင်လေးဆွေသည် မသက်နှံအတွက် ဝယ်ပေးခဲ့ရာ၊ တစ်ထည်ခြောက်မှ တစ်ထည်လျှော်၍ ဝတ်ခဲ့ရသော မသက်နှံမှာ အဝတ်အစားတွေ မှန်ဗီရိုကြီးနှင့် အပြည့် ရှိနေခဲ့လေပြီ။ လက်ကောက်ကလေး တစ်ရန်ကိုမှ အနိုင့်အနိုင် ချွေတာ စုဆောင်းပြီးမှ ဝယ်ဝတ်ခဲ့ရသော မသက်နှံမှာ တံတောင်ဆစ် ထိမတတ် ရွှေလက်ကောက်များ အပြင် စိန်နားပွင့်၊ ရွှေဆွဲကြိုး၊ ရွှေမတ်စေ့ ကြယ်သီး စသော လက်ဝတ်လက်စားများနှင့် တဝင်းဝင်း ရှိနေခဲ့လေပြီ။ သုံးရေ သောက်ရေအတွက် ကိုယ်တိုင်ခပ်ရ၍ ထင်းခွဲခြင်း၊ တံမြက်လှည်းခြင်း စသော အိမ်သုံးမှု အလုပ်များ လုပ်ခဲ့ရသော မသက်နှံမှာ မိမိဝတ်သော အဝတ်ကို ခေါက်ပေးမည့် အစေခံ၊ သနပ်ခါး သွေးပေးမည့် မိန်းမကြီး၊ ဆံပင်ဖြီးပေးမည့် အဒေါ်ကြီး၊ ကျောင်းမှ ပြန်လာလျှင် စာအုပ်ကို ဆီးကြို ပြေးယူမည့် သူငယ်ကလေး၊ ကားပေါ်မှ ဆင်းလိုလျှင် ကားတံခါးကို





ဖွင့်ပေးမည့် ဒရိုင်ဘာ အစရှိသည်တို့ဖြင့် ခိုင်းစေစရာ အမြောက်အမြား ခြံရံလျက် ဇိမ်နှင့် နေခဲ့ရလေပြီ။

ဇိမ်နှင့် နေရခြင်းကား ကောင်းပါ၏။ သို့သော် မသက်နှံ၏ စိတ်ကလေးသည် မည်ကဲ့သို့ ရှိပေလိမ့်မည်နည်း။

ရွှေဘိုမြို့သို့ ပြောင်းရွှေ့ခါစက မသက်နှံသည် မိခင်၏ ရွာသို့ အလည်အပတ် သွားသည့်အခါ တစ်ည၊ နှစ်ည စသည်ဖြင့် မိခင်နှင့် အတူ အိပ်လေ့ ရှိ၏။ အတူတကွ နေထိုင်သည့် အခိုက်အတန့်တွင် ရေခပ်ခြင်း၊ ထင်းခွဲခြင်း စသော အိမ်မှုအလုပ်များကို ကူညီ လုပ်ဖော်ရ၏။ မိခင် ညောင်းညာမည်စိုး၍ နင်းနှိပ်ပေး၏။ ပေါင်းဟောင်း ဖော်ဟောင်းများ အိမ်သို့ လည်ပတ်၍ အရောတဝင် ခေါ်ငင် နှုတ်ဆက်၏။ သစ်ပင်ရိပ်အောက်၌ ဈေးနည်းအတိုင်း အတူ ကစား၏။ ကစားဖော် သူငယ်ချင်းများကလည်း မသက်နှံ လာသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ရှိကြ၏။ တစ်ရွာလုံး ဆိုဘိသကဲ့သို့ လှည့်လည်၍ ဦးကြီး၊ ဦးလေး၊ အရီး၊ အဒေါ် စသည်ဖြင့် ခေါ်ဝေါ် နှုတ်ဆက်၏။

မသက်နှံ၏ အမူအရာများသည် တစ်ခေါက်ထက် တစ်ခေါက် ပြောင်းလဲသွားခဲ့လေပြီ။ ဒေါ်သိန်းရင်၏ အိမ်သို့ ညဥ့်အိပ် ညဥ့်နေ အလည် မလာတော့ဘဲ လေးငါးလမှ တစ်ကြိမ် နေ့ချင်းပြန် အလည်လာ၍ ဗာဟီရကိစ္စများလည်း လုပ်ဖော်မရ၊ မိခင်အား နှိပ်နယ်ပေးခြင်းလည်း မပြု၊ အိမ်ပေါက်စေ့ လည်၍ နှုတ်ဆက်သည်လည်း မရှိ၊ သူငယ်ချင်းများကို မြင်လျှင် မခေါ်ချင် ခေါ်ချင်နှင့် မဟာတဟာ စကားပြော၍၊ လက်ကြမ်းကုန်မည် စိုးသည်နှင့် ထင်းခွဲခြင်း စသော အလုပ်ကြမ်းတို့ကို မလုပ်တော့ချေ။

ပေါင်းဟောင်းဖော်ဟောင်း သူငယ်ချင်းများသည် မသက်နှံအား "စခန်းကြီးသည်"၊ "စိတ်ကြီးဝင်သည်" စသည်ဖြင့် ကဲ့ရဲ့ကြ၍ လူကြီးပိုင်းကလည်း ကောင်မကလေး ဘဝင်မြင့်သွားပြီဟု ဦးခေါင်း ယမ်းခါ ပြောကြတော့သည်။ မိခင်ဒေါ်သိန်းရင် ကိုယ်တိုင် မိမိအပေါ်၌ စိမ်းကားသွားသည်ဟု

ထင်မိဟန် လက္ခဏာနှင့် သမီးကလေး ကောင်းစားသည့်အတွက် ဝမ်းမြောက်ခြင်းတွင် မကျေနပ်သောစိတ် တစ်စိတ်တစ်ဒေသ နှောလျက် ရှိလေပြီ။ နောက်ကာလများ၌မူကား မသက်နှံသည် မိခင်ထံသို့ တစ်နှစ်မှ တစ်ကြိမ်လောက်သာ နာရီပိုင်းမျှလောက် အလည်လာလေတော့သည်။ ဒေါ်သိန်းရင်မှာလည်း နောက်အိမ်ထောင်ပြုပြီးပြီ ဖြစ်သောကြောင့် သမီးနှင့် အမေတို့မှာ တစ်စတစ်စ ဝေးသွားကြလေပြီ။

## အခန်း ၃

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ခဲ့သည့်နောက် ၁၁ နှစ်ခန့် ကြာလတ်သော် တက္ကသိုလ် ကျောင်းတော်ကြီး၌ မောင်မယ် ရွေးပွဲ ကျင်းပမည့်ဆဲဆဲ ရှိနေသည်နှင့် ကျောင်းသူ ကျောင်းသားများ အထူး စိတ်ဝင်စားလျက် လှုပ်လှုပ်ရှရှ ရှိနေကြ၏။ ယှဉ်ပြိုင် အရွေးခံကြမည့် တက္ကသိုလ် မယ်လောင်း ၁၀ ယောက် အနက်တွင် ရွှေဘိုသူ မသက်နှံလည်း အပါအဝင် ဖြစ်လေရာ ကျောင်းသားများသည် မယှဉ်ပြိုင်မီကတည်းက မည်သူ အရွေးခံရလိမ့်မည်ဟု အမျိုးမျိုး တစ်ပေးလျက် ရှိကြ၏။ မသက်နှံမှာ ကျောင်းသားများက အများဆုံး တစ်ပေးခြင်း ခံရသူ ဖြစ်လေသည်။

မသက်နှံသည် ရွှေဘိုမြို့၌ ၁၀ တန်း အောင်ပြီးနောက် ခင်လေးဆွေက တက္ကသိုလ်သို့ ပညာ ဆက်လက်သင်ကြားရန် ပို့လိုက်ရာတွင် ရည်ရွယ်ချက် တစ်ခု ရှိလေသည်။ ခင်လေးဆွေမှာ တစ်စုံတစ်ခုသော အကြောင်းကြောင့် လောကကြီးကို စိတ်နာ၍ အပျိုကြီး လုပ်နေတော့သည်ဟု ကျွန်ုပ်တို့ ရေးသားခဲ့ဖူးရာ စိတ်နာခြင်း၏ အကြောင်းကား ဤသို့ပေတည်း။ ခင်လေးဆွေ၏ မိဘများလက်ထက် အပျိုပေါက်ကလေး ဖြစ်ခါစ အချိန်တွင် ရွှေဘိုမြို့သို့ အလုပ်သင် အောက်သား မြို့အုပ်ကလေး တစ်ယောက် ရောက်လာခဲ့ရာ ရုပ်ရည် သနားကမားရှိသည် တစ်ကြောင်း၊ ဘီအေအောင်သည် တစ်





ကြောင်း၊ မြို့အုပ်ဖြစ်သည် တစ်ကြောင်း၊ အောက်သား ဆိုသည် တစ်ကြောင်းကြောင့် မြို့ပေါ်ရှိ စက်ပိုင် သမီး၊ ပွဲစားသမီး၊ ကုန်သည်ကြီး သမီး၊ အရာရှိသမီး၊ မြေပိုင်ရှင် သမီး ဆိုသူများက မျက်စိ ကျခဲ့ကြ၏။ အချို့လည်း အတွင်းကျိတ် သဘောကျ၍ ဇက်ရဲသော မိဘများကမူ ထိုသူကို ခပ်ပြောင်ပြောင် သမက်ဖမ်းခဲ့ကြလေသည်။ ခင်လေးဆွေ၏ မိဘများမှာ ဇက်ရဲသူများအထဲတွင် ပါ၍ မြို့အုပ်ကလေးအား မိမိတို့၏ ဆန်စက်သို့ အလည်အပတ်ကြွရောက်ရန် ဖိတ်ခေါ်ကြလေသည်။

အခြားသော မိဘများသည် ဇက်ရဲသူများကို မယှဉ်ဝံ့သည်နှင့် နောက်ဆုတ်ကြသော်လည်း ခင်လေးဆွေ၏ မိဘများကဲ့သို့ပင် ဇက်ရဲသော မြေပိုင်ရှင် လင်မယားလည်း ရှိသေးသည် ဖြစ်၍ မြို့အုပ်ကလေးကို အပြိုင်အဆိုင် လုယက်ကြတော့သည်။ မြို့အုပ်ကလေးသည် လှေနံကို နှစ်ဖက်နင်းလျက် ဟိုလိုလို ဒီလိုလိုနှင့် နှစ်ဖက်သော မိဘများကို ညှဉ်းနေလေရာ တစ်ယောက်က စိန်လက်စွပ် လုပ်ပေးလျှင် တစ်ဖက်က ဒေါက်ကတ် ဝယ်ပေး၏။ တစ်ဖက်က ညစာစား ဖိတ်လျှင် တစ်ဖက်က ဥယျာဉ် ပျော်ပွဲစား ဖိတ်၏။ ယင်းကဲ့သို့ မရေမရာ မသေမချာ ရှိနေသည့်အတွင်း ခင်လေးဆွေ၏ မိဘများက မြို့ပေါ်မှ လူကြီးလူကောင်းများကို မိမိတို့၏ စက်ဝင်းသို့ လက်ဖက်ရည်သောက် ဖိတ်၍ မြို့အုပ်ကလေးကို မလိမ့်တပတ်နှင့် ဖိတ်ခေါ်ပြီးလျှင် သမီး ခင်လေးဆွေနှင့် ကြောင်းလမ်းသည့် သဘောမျိုး လုပ်၍ မင်္ဂလာ ဆောင်နှင်းရန်အတွက် ရက်သတ်မှတ်လိုက်လေတော့သည်။

ဤတွင် ၎င်းတို့နှင့် ပြိုင်ဘက်ဖြစ်သော မြေပိုင်ရှင် လင်မယားမှာ ပက်လက်လန် ကျစ်ရစ်တော့သည်။ သို့ရာတွင် လူတို့မည်သည် တစ်ဖက်နိမ့်၍ တစ်ဖက်က သာနေသည့်အခါ နိမ့်သောဘက်ကို ကူညီလိုခြင်း၊ သာသောဘက်ကို နှိမ်လိုခြင်းတည်းဟူသော စိတ်ဓာတ်မျိုး ပေါ်ပေါက်တတ်သည့် သဘာဝအတိုင်း အတွင်းသိ တစ်ယောက်သည် အရေးနိမ့်နေသော မြေပိုင်ရှင်ထံသို့ လာပြီးလျှင် မြို့အုပ်ကလေး၌ သားကြီး မယားကြီး ရှိ၍

မည်သည့် အောက်မြို့၌ နေထိုင်ကြောင်း သတင်းပေးလေ၏။ မြေပိုင်ရှင် လင်မယားသည် မစားရသော အမဲကို သဲနှင့် ပက်မည်ဆိုသော သဘောနှင့် မယားကြီးရှိသော နေရာသို့ ထိုလူကို စရိတ်နှင့်တကွ စေလွှတ်လိုက်လေသည်။

ခင်လေးဆွေနှင့် မြို့အုပ်ကလေးတို့သည် ချိန်းထားသော နေ့ရက်တွင် မင်္ဂလာအခမ်းအနား ကျင်းပ၍ ကတ္တီပါ ဖုံကြီးများပေါ်၌ အတူ ယှဉ်ထိုင်ကာ ဓာတ်ပုံရိုက်မည့်ဆဲဆဲတွင် မီးရထားဘူတာရုံမှ ကဆုန်ချ၍ မောင်းလာသည့် မြင်းရထားတစ်စီးသည် မင်္ဂလာမဏ္ဍပ်ရှေ့၌ ရပ်တန့်၍ မိန်းမကြီးတစ်ယောက်နှင့် ခပ်ရွယ်ရွယ် မိန်းမတစ်ယောက် ဆင်းလာပြီးလျှင် မိန်းမကြီးက ဓာတ်ပုံဆရာအား 'ဟေ့....မောင်ရင်၊ နေလိုက်ပါဦး'ဟု အော်ပြောလိုက်၏။ ပရိသတ်များလည်း အံ့အားသင့်ကာ ကြည့်နေကြစဉ် မိန်းမကြီးက–

'ခုဟာ ဘာလုပ်ကြတာတုံး၊ ဟေ့....မောင်သိန်းဟန်၊ မင့်မယား လာတာ မင်းက ဆီးမကြိုဘဲ ဘယ်က မိန်းမနဲ့ တွဲထိုင်နေတာလဲ။ ဟေ့ မယား မျက်နှာမြင်ဖို့ အမေ့ဆီ ပို့ထားပြီး မင်းက မယားတစ်ယောက် ယူမလို့ပေါ့လေ၊ တော်ပါပေ့ကွယ် မင်းလုပ်ပုံ'

ဓာတ်ပုံဆရာသည် အခြေမလှသည်ကို ရိပ်မိသည်နှင့် ဓာတ်ပုံကိရိယာများကို သိမ်းဆည်းလျက်ရှိစဉ် ပရိသတ်လည်း လှုပ်လှုပ်ရွရွ ဖြစ်ကြ၍ ထိုင်သူ ထိုင်၊ ထသူ ထ၊ ပြန်သူ ပြန်၊ ပြေးသူ ပြေး၊ ဗရုတ်ဗရက် ဖြစ်ကြလေတော့သည်။

လက်ထပ်ပွဲတွင် အကြီးအကဲအဖြစ်နှင့် ဆောင်ရွက်ပေးရမည့် အရေးပိုင်မင်း ကိုယ်တိုင် ထိုမိန်းမ နှစ်ယောက်ကို ချော့မော့ကာ မိမိ၏ နေအိမ်သို့ ခေါ်သွားပြီးလျှင် မြို့အုပ် ဦးသိန်းဟန်ကိုလည်း အတွင်းဝန်ချုပ်ထံ ကြေးနန်းဖြင့် အမြန် ခွင့်ပန်၍ ချက်ချင်း နယ်ပြောင်းရွှေ့ ပေးလိုက်ရဖူးလေသည်။

ခင်လေးဆွေ၏ မိဘများမှာ မဟာ အရှက်တော် ကွဲ၍ မြို့ပေါ်၌ ခေါင်းမဖော်ဝံ့တော့ဘဲ ကုပ်ကုပ်ကလေး နေရှာကြရပေရာ၊ နောက်များ





မကြာမီ အတွင်း၌ပင် မကျန်းမမာ ဖြစ်ကြ၍ လင်နှင့် မယား ရှေ့ဆင့်နောက်ဆင့် ဟူဘိသကဲ့သို့ ဘဝတစ်ပါး ပြောင်းသွားကြရှာတော့သည်။

ခင်လေးဆွေမှာ မင်္ဂလာဆောင် မဏ္ဍပ်မှ မိန်းမကြီး တစ်ယောက်နှင့် ထွက်လာ၍ ဘူတာရုံသို့ သွားပြီးလျှင် လက်ဝတ်လက်စားများကို အိမ်သို့ ပို့လိုက်၍ စစ်ကိုင်းတောင်ရိုးသို့ မီးရထားနှင့် လိုက်သွားလေ၏။ မိဘများ မကျန်းမမာဖြစ်၍ လူစေလွှတ် ခေါ်ငင်သည်တွင်မှ ခင်လေးဆွေ လိုက်လာ၍ အသက်မီရုံနှင့် မိဘများအား ကန်တော့ ဝန်ချရုံမျှ အချိန်ရလေတော့သည်။

မိဘများ ကွယ်လွန်သည့်နောက် ခင်လေးဆွေသည် ဆန်စက်ကို မောင်ဝမ်းကွဲ တစ်ယောက်နှင့် လွှဲထားခဲ့၍ စစ်ကိုင်းတောင်ရိုးသို့ ပြန်ပြီးလျှင် သီလရှင် ဝတ်သေး၏။ သို့သော် စက်ရုံကို ဦးစီး အုပ်ချုပ်ရသော မောင်တစ်ဝမ်းကွဲသည် သောက်စား မှူးယစ်၍ အလုပ်ကို နေရာတကျ ကြီးကြပ်စီမံခြင်း မရှိကြောင်း ကြားသိရသည်နှင့် ခင်လေးဆွေသည် နှစ်ကြာသည့် အလျောက် အတော်အတန် အရှက်ပြေသည် တစ်ကြောင်း၊ သီလရှင် အဝတ်နှင့် မပျော်ပိုက်နိုင်ကြောင်း တွေ့ရသည် တစ်ကြောင်း၊ ကြာကြာနေလျှင် စက်ရုံပါ ပြုတ်၍ ဗန်းခုံးနှင့် ဆန်လည်၍ တောင်းခံရသည့် အဖြစ်မျိုးသို့ ရောက်မည်စိုးရသည် တစ်ကြောင်းကြောင့် သီလရှင် အဝတ်ကို စွန့်၍ ရွှေဘိုသို့ ပြန်လာခဲ့လေသည်။ ဆန်စက်ကို ကိုယ်တိုင် ကြပ်မတ် အုပ်ချုပ်၍ အထိုက်အလျောက် စီးပွား ဖြစ်ထွန်းသည် ဖြစ်ရာ အပျိုကြီး ခင်လေးဆွေအား ပိုးပန်းကြသော ယောကျ်ား မရှားသော်လည်း ခင်လေးဆွေသည် အိမ်ထောင်ပြုလိုသောစိတ် အလျှင်းကုန်ခန်း၍ ဆန်စက်သူဌေး ခင်လေးဆွေ ဟူသော အမည်နှင့်သာ ကျေနပ် အေးချမ်းစွာ နေထိုင်လာခဲ့ခြင်း ဖြစ်လေသည်။ ခင်လေးဆွေ၏ စိတ်ထဲ၌ ယောကျ်ားများသည် အလွန် ဆိုး၍ မိန်းမများ အပေါ်၌ မတော်မတရား လှည့်စား ဖြားယောင်းဖို့လောက်သာ ကြံစည်တတ်ကြသည်ဟူ၍ ဦးနှောက်ထဲတွင် သံမှိုနှက်သကဲ့သို့ အစွဲကြီး စွဲလျက်ရှိပေပြီ။

မသက်နှံကို မွေးစား၍ တစ်နှစ်ထက် တစ်နှစ် ရုပ်ရည် သန့်ပြန့် မွန်ရည်ရှံ့မှုမက တကယ် လှပ ချောမောလာသည်ကို တွေ့ရသောအခါ ခင်လေးဆွေ၏ စိတ်ထဲ၌ ယောက်ျားအတွက်ကြောင့် မိမိ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည်ကို ယောက်ျားများအပေါ်တွင် တုံ့ပြန် လက်စားချေ လိုသော ဆန္ဒ ဖြစ်ပေါ်လာတော့သည်။ သို့ဖြစ်၍ နဂိုအားဖြင့် လှပြီးဖြစ်သော မသက်နှံကို လှသည်ထက် လှပအောင် အဝတ်အစား အမျိုးမျိုးတို့ဖြင့် ဆင်ပြင်ထား၍ ယောက်ျားဟူသမျှသည် မိမိနှင့် အဖက်မတန်၊ မိမိအပေါ်၌ ဆရာ လုပ်၍ ဩဝါဒပေးနိုင်သော ယောက်ျားသည် မမွေးသေးဟူ၍ အထင် ရောက်စေရန်လည်း မသက်နှံအား ခေတ်ပညာနှင့် တကွ ပီယာနို၊ စောင်း ကောက် စသော ဂီတပညာများပါ သင်ကြားထားခဲ့လေသည်။ ခင်လေးဆွေ ၏ စိတ်ကူးမှာကား ဥစ္စာပေါ ရုပ်ချော၍ ပညာစုံတတ်သော မသက်နှံဟူ၍ ဟိုးလေးတကျော် ရှိသဖြင့် ယောက်ျားတွေ ဝိုင်းဝန်း ပိုးပန်းကြသည့်အခါ ပိုးပန်းသမျှသော ယောက်ျားများ၏ နှလုံးသားကို ခြေနှင့် ပွတ်ခြေဘိသကဲ့ သို့ ငြိုငြင် ပင်ပန်းအောင် ညှဉ်းဆဲ နှိပ်စက်စေမည်ဟူ၍ အကြံပြုထားလေ သည်။

တက္ကသိုလ် မောင်မယ်ရွေးပွဲ ကျင်းပသောအခါ ရွှေဘိုသူ မသက်နှံ သည် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အရ အမှတ် အများဆုံး ရရှိ၍ ပထမ တက္ကသိုလ်မယ် ရွေးချယ်ခြင်း ခံရလေရာ၊ ၎င်းရွေးချယ်ချက်မှာ Popular decision ကျောင်းသားများ ကျေနပ်သော ရွေးချယ်ချက်ဖြစ်၍ တစ်ကျောင်း လုံး ဩဘာပေးကြသည်မှာ ဆူညံသွားလေတော့သည်။

*

တက္ကသိုလ်မောင်မယ် ရွေးပွဲ မကျင်းပမီ နှစ်နှစ်ခန့် အချိန်လောက်၌ ဦးကျော်ဟိုးနှင့် ဦးပြည့်စုံတို့သည် မိမိတို့၏ သားများ ဆယ်တန်း အောင်ပြီ ဖြစ်၍ ကောလိပ်ကျောင်းသို့ ပို့ရန် ပြင်ဆင်လျက် ရှိကြ၏။ ဦးကျော်ဟိုးသည် သား မောင်သာမြတ်ကို ခေါ်၍ ဘီအေအောင်သည့်တိုင်အောင် ကြိုးစား၍





ပညာသင်ဖို့ အကြောင်း၊ ဘီအေအောင်ပြီးသောအခါ မိမိတို့နယ်မှ မြို့အုပ် ဖြစ်ဖူးသူ မရှိသေးသဖြင့် မြို့အုပ်စာမေးပွဲ ဝင်ရောက် ဖြေဆိုဖို့ အကြောင်း၊ ပညာအရပ်ရပ်တွင်လည်း အခြားလူများထက် မသာလျှင် ရှိစေ၊ ဟိုဘက်အိမ် က ဦးပြည့်စုံ၏ သား လှမော်ထက် သာအောင် ကြိုးစား၍ သူ့ထက်သာသည် ဟု ကြားရမှ မိမိကျေနပ်မည် ဖြစ်ကြောင်းများနှင့် မှာထား သွန်သင်လေ၏။

လမ်း၏ အခြားဘက်၌ ရှိသော ဦးပြည့်စုံကလည်း သား မောင်လှ မော်အား အလားတူ ဩဝါဒမျိုး ပေးလိုက်၏။ သို့သော် ဦးပြည့်စုံ၏ ရည်ရွယ် ချက်မှာ မြို့အုပ် ဝန်ထောက် ဖြစ်ဖို့ မဟုတ်ဘဲ လှမော် ဘီအေအောင်ပြီးသော အခါတွင် မင်းတိုင်ပင်အမတ် ဖြစ်အောင် ကြိုးစားဖို့အကြောင်း၊ အစဉ် အဆက်မှ စ၍ ၎င်းနယ်သား ဖြစ်သည်အလျောက် တစ်နယ်လုံး အပေါ်၌ မျက်နှာနာပြီ ဖြစ်သောကြောင့် သူတစ်ပါးနည်းတူ ငွေကုန်ကြေးကျခံ၍ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင် လုယက်ရသော် မင်းတိုင်ပင်အမတ်လောက်မျှကို မရနိုင်စရာ ဘာမျှ အကြောင်းမရှိကြောင်း၊ မိမိတို့နယ်မှ ဘီအေအောင်သော အမတ်လောင်း မပေါ်ပေါက်သေးသဖြင့် နယ်သား အစစ် တစ်ယောက်က ဘီအေအောင်ပြီးမှ အရွေးခံခဲ့လျှင် နယ်သူနယ်သားများက စုပြုံ၍ မဲပေးကြ မည် ဖြစ်ကြောင်း၊ အကယ်၍ ဟိုဘက်အိမ်က သာမြတ်တစ်ယောက်လည်း အရွေးခံဖို့ စိတ်ကူးပေါက်၍ မိမိ၏ သားနှင့် ယှဉ်ပြိုင် အရွေးခံခဲ့ပါမူ မိမိ၏ စည်းစိမ် ပြုတ်သည့်တိုင်အောင် အကုန်ခံ၍ နိုင်အောင် လုမည် ဖြစ်ကြောင်း များနှင့် မှာထား ဆုံးမ ဩဝါဒ ပေးလိုက်လေသည်။

သို့ဖြစ်၍ လှမော်နှင့် သာမြတ်တို့သည် တစ်ရွာတည်းသားများ ဖြစ်သည့်အလျောက် တက္ကသိုလ်သို့ အတူတကွ သွားကြသော်လည်း မိဘ ချင်း ဂုဏ်တုဂုဏ်ပြိုင် ဖြစ်သည့်အလျောက် မိမိတို့ အချင်းချင်းလည်း ပညာ တွင် သာမက တစ်သက်ပတ်လုံး လူမှုလူရေးတွင် သူ့ထက်ငါ သာအောင် ကြိတ်မည်ဟု စိတ်ထဲ၌ အသီးအသီး အားခဲလျက် ရှိကြလေတော့သည်။

တက္ကသိုလ်သို့ ရောက်ကြသောအခါ သာမြတ်နှင့် လှမော်တို့သည်

နှစ်ယောက်စလုံး လူရည်ချွန်များ ဖြစ်ကြသည့်အလျောက် လူမော်က ကစား ခုန်စား အသင်းများ၌ ဥက္ကဋ္ဌ ဖြစ်လျှင်၊ သာမြတ်က စာဖတ်အသင်း၌ ဥက္ကဋ္ဌ ဖြစ်၏။ လူမော်က ဒီဘိတ်ခေါ် စကားရည်လုခြင်း ဆိုင်ရာ အသင်း၌ ဥက္ကဋ္ဌ ဖြစ်လျှင်၊ သာမြတ်က ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာ အသင်းတွင် ချယ်ယာမင် ဖြစ်၏။ လူမော်က ဘောလုံး ၁၁ ယောက် အသင်း၌ ကက်ပတိန်ဖြစ်လျှင်၊ သာမြတ်က တင်းနစ်ချန်ပီယံ ဖြစ်၏။ ဤသို့ဖြင့် တစ်ယောက်နှင့် တစ်ယောက် သူမသာ ငါမသာ တစ်ပြန်စီ အောင်ပန်းဆွတ်လျက် ရှိကြလေ၏။

သာမြတ်နှင့် လူမော်တို့ တက္ကသိုလ်သို့ ရောက်ကြ၍ အိုင်အေ အောင်ပြီးနောက် ဘီအေ ဂျူနီယာ အတန်းသို့ တက်ကြသောနှစ်တွင် မသက်နှံသည် တက္ကသိုလ်သို့ ရောက်လာ၍ အထက်ပါ တက္ကသိုလ် မောင်မယ်ရွေးပွဲတွင် ပါဝင် ယှဉ်နွဲခြင်း ဖြစ်လေသည်။ ဆိုလိုရင်းမှာ သာမြတ်နှင့် လူမော်တို့က တက္ကသိုလ်သို့ နှစ်နှစ် ဦးနှင့်၍ မသက်နှံ ရောက်လာသောနှစ်တွင် ဘီအေ အောက်တန်းသို့ ရောက်နေကြလေပြီ။

*

တက္ကသိုလ်မယ် အရွေးခံရသော မသက်နှံမှာ ကျောင်းသူများအနက်တွင် လက်ဝတ်လက်စား အတောင့်ဆုံးဖြစ်၍ မျက်နှာကြီးခဲ့ရသည့် အထဲတွင် ထိုကဲ့သို့ တိုင်းသိပြည်သိ ရွေးချယ်ခြင်း ခံရသောအခါ၌ အထူးတလည် မျက်နှာ ပွင့်လန်းလာပြန်သည် ဖြစ်၍ မသက်နှံကို စိတ်ထဲက ဖြစ်စေ မပိုးပန်းသော ကျောင်းသားဟူ၍ မရှိသလောက် ဖြစ်နေလေတော့သည်။ သာမြတ်နှင့် လူမော်တို့မူကား ပိုးပန်းသူများအနက်တွင် ရှေ့ဆုံးတန်းမှ ပါဝင်ကြ၍ အခြားကျောင်းသားများကဲ့သို့ ကျိတ်ပိုး မဟုတ်ကြဘဲ ပြောင်ပြောင်ကြီး ပိုးပန်းကြလေ၏။

တက္ကသိုလ်သို့ တစ်ပြိုင်တည်း ရောက်လာကြသော လူမော်နှင့် သာမြတ်တို့သည် ငယ်ကတည်းက ကွဲသွားကြသော မသက်နှံကို ကျောင်း၌





တစ်ဖန် ပြန်တွေ့ကြသည်နှင့် တစ်ပြိုင်နက်၊ ငယ်စဉ်က အဖြစ်အပျက်များကို သတိရကြ၍ ကစားဖော် လုပ်ခဲ့သော သူငယ်ဘဝမှသည် ရည်းစား လုရသော လူပျိုဘဝသို့ ရောက်ရှိလာပြန်ချေပြီဟု နှစ်ယောက်လုံးက ရိပ်မိကြ၏။ မိဘများ၏ ဂုဏ်ပြိုင်သွေးဝင်လျက် ရှိသော ဤလူငယ်နှစ်ယောက်တို့ ဖြစ်ရပုံမှာ မသက်နှံကို နှစ်နှစ်ကာကာ ချစ်ကြိုက်ကြခြင်း မဟုတ်ဘဲ လူငယ်တို့ဘာဝ တွေ့မြင်ခါ မတ္တဖြင့် လိုချင်သော ဆန္ဒမျှလောက်သာ ရှိစေဦး၊ တစ်ယောက်နှင့် တစ်ယောက် မခံချင်သောစိတ်နှင့်ပင် မလျော့တမ်း ပိုးဖန်းကြမည် ဖြစ်၏။ ယခုမှာမူ သာမြတ်ရော လူမော်ပါ မသက်နှံကို တကယ်တမ်း ချစ်ကြိုက်နေကြသည့် လက္ခဏာ ရှိရကား မည်သူကမှ နောက်ဆုတ်မည် မဟုတ်ချေ။

တက္ကသိုလ်မယ်ရွေးပွဲ ပြီးသည့် နောက်တစ်နေ့၌ သာမြတ်သည် မိမိ၏ သူငယ်ချင်းများအား မသက်နှံ၏ လက်မှတ်နှင့်တကွ ရဖူးသော ဓာတ်ပုံ တစ်ပုံကို ပြသ၍ လူငယ်တို့ဘာဝ အသားယူလျက် ရှိရာ သူငယ်ချင်းများမှာလည်း မသက်နှံကို ပိုးပန်းသူချည်း ဖြစ်သောကြောင့် သာမြတ်၏ လူရေးသာပုံကို ချီးကျူးကြ၏။

'တော်ပါပေ့ဗျာ.... ကိုသာမြတ်တို့များ၊ ကျုပ်တို့ဖြင့် ရောက်ကတည်းက တောင်းလိုက်တာ၊ ခုထက်ထိ တစ်ပုံမှ မရဘူးပေါင်ဗျာ'

'ရမှာပေါ့ဗျာ၊ သူတို့ကတော့ တစ်ရွာတည်းသားတွေကိုး'

'တစ်ရွာတည်းသားတိုင်း ရတာမှတ်လို့ဗျာ၊ ကိုလူမော်ကော ခင်ဗျားတို့ ရွာကပဲ ဆို'

'ဟုတ်ပါတယ်၊ ကျုပ်တို့ ရွာကပါပဲ'

'ကိုင်း ဘယ့်နှယ်ရှိစ၊ ကိုသာမြတ်ကိုတော့ တကယ် မြတ်နိုးလို့ ပေးတာ ဖြစ်မှာပေါ့ဗျ၊ ကျုပ်တို့တစ်တွေတော့ ဖားပါပြီဗျာ၊ ကိုသာမြတ်က အောင်ပန်းဆွတ်တော့မှာပါ'

ကျောင်းသားများက ဤကဲ့သို့ အသားပေး၍ ချီးကျူးကြသည်များ

ကို ကြားရသောအခါ သာမြတ်မှာ ပီတိ တစိမ့်စိမ့်နှင့် နှုတ်ခမ်းမွှေးသပ်ကာ ပြုံးနေလေ၏။

ထိုခဏ၌ လူမော် တက်လာ၍ ခတ်ပုံကို မြင်လိုက်သဖြင့် မသက်နှံ၏ ခတ်ပုံဖြစ်သည်ကို သိသည်နှင့် တစ်ပြိုင်နက်–

'ဘာလဲဗျ၊ ကျုပ် ခေါင်းအုံးအောက်က ခတ်ပုံ ခိုးကြည့်နေကြမှတ်တယ်'

ကျောင်းသားများလည်း မျက်လုံးပြူးလျက် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြစဉ် သာမြတ်က–

'ခင်ဗျား ခတ်ပုံက ဘာခတ်ပုံလဲ'

'မသက်နှံ ပုံပေါ့၊ ခင်ဗျားတို့ တယ်ရိုင်းတဲ့ လူစုဗျာ၊ ဥစ္စာရှင် မရှိခိုက် ခတ်ပုံ ခိုးကြည့်ကြတာပေါ့လေ'

ကျောင်းသားတစ်ယောက်က 'မသက်နှံဆီက ခင်ဗျား ခတ်ပုံ ရဖူးလို့လား'

'သယ်… တယ်လာတဲ့ လူပါကလား၊ သူများပစ္စည်း ခိုးကြည့်ပြီး မေးလိုက်ပုံ ကြည့်ကြပါဦး၊ ပေးပါဗျာ…. ကျုပ် ခတ်ပုံ'

ထိုခဏ၌ ခတ်ပုံသည် သာမြတ်၏ လက်ထဲတွင် ရှိ၍ လူမော်က ဆွဲလုလေ၏။

'ဟေ့လူ အရမ်းမလုနဲ့နော်' ဟု ဒေါသနှင့် ပြောလိုက်၏။ စင်စစ်မှာ သာမြတ်သည် လူမော်၏ စကားကို ကြားရခြင်းအားဖြင့် လူမော်မှာလည်း မသက်နှံ၏ ခတ်ပုံတစ်ပုံ ရဟန်တူသည်ဟု ရိပ်မိသော်လည်း သူငယ်ချင်းများရှေ့တွင် မိမိ တစ်ယောက်တည်း ရဖူးသည့် အနေမျိုးဖြင့် အသားယူထားသည် ဖြစ်သောကြောင့် ရှက်ရမ်း ရမ်းချင်သောစိတ် ဖြစ်ပေါ်နေလေပြီ။ ယင်းသို့ ရှိနေသည်အတွင်း လူမော်က ခတ်ပုံကို အတင်း ဆွဲလုသည်တွင် သာမြတ်သည် စကားဖြင့် ရှင်းလင်း မနေတော့ဘဲ လူမော်ကို တွန်းပစ်





လိုက်၏။ လူမော်လည်း မိမိ၏ပစ္စည်း မှန်ပါလျက် ပြန်မပေးသည့်ပြင် တွန်းပစ်ရချေသလောဟု ဒေါသွကာ သာမြတ်ကို တစ်ချက် ထိုးလိုက်၏။ ဤတွင် သာမြတ်လည်း ခတ်ပုံကို ပစ်ချ၍ လူမော်ကို ပြန်ထိုးလေရာ ကျောင်းသားများသည် သူငယ်ချင်းနှစ်ယောက်တို့၏ လက်ဝှေ့ပွဲကို အနိုင်နိုင် ဖျန်ဖြေကြရလေသည်။

နောက်ဆုံး၌ သာမြတ်တွင် နှုတ်ခမ်းပြတ်၍ နဖူးရောင်သော ဒဏ်ရာလည်းကောင်း၊ လူမော်၌ မျက်လုံးတစ်ဖက် ပိတ်မတတ် ဖူးဖူးရောင်သော ဒဏ်ရာ လည်းကောင်း အသီးသီး ရရှိကြ၍ တစ်ယောက်လျှင် သုံးလေးယောက်စီ ကိုင်ဆွဲကာ ခွာလိုက်ကြရပြီးနောက် အခန်းတစ်ထောင့်တွင် တစ်ယောက်စီ ထိုင်ကာ မောဟိုက်လျက် ရှိကြလေတော့သည်။ မသက်နှံ၏ ခတ်ပုံမှကား သူငယ်ချင်းနှစ်ယောက် သတ်ပုတ်စဉ်က ခြေထောက်နှင့် နင်းမိသဖြင့် စုတ်ပြတ်လျက် ထောင့်ထဲသို့ လွင့်နေလေပြီ။

သာမြတ်သည် ထိုင်ခုံပေါ်တွင် ထိုင်နေရာမှ ခတ်ပုံကို သတိရ၍ ကြည့်လိုက်သောအခါ ခတ်ပုံ ဖြစ်နေပုံ အခြင်းအရာကို မြင်၍ ရုတ်တရက် သတိရပြီးလျှင် ဒေါသ အလျှင်းကင်းသော မျက်နှာထားနှင့် ထိုင်ရာမှ ထ၍ လူမော်သို့ လက်ဆန့်တန်းကာ ကမ်းလှမ်းလိုက်၏။ လူမော်ကမူ ကြောင်တောင်တောင် လုပ်၍ ငေးကြည့်နေသေးရာ ကျောင်းသားများက 'ဟုတ်ပေသားပဲ၊ ကိုလူမော်က ဆွဲလိုက်ပါဘိဗျာ' ဟု ဝိုင်း၍ ပြောကြသည်တွင်မှ ထိုင်ရာမှ ထ ကာ သာမြတ်၏ လက်ကို ဆွဲလေတော့သည်။

သာမြတ်မှာ အင်္ဂလိပ် ဝတ္ထုများ ဖတ်ရာတွင် ၎င်းလူမျိုး၏ Sporting spirit ရန်ငြိုး မဖွဲ့ဘဲ အမျက်ပြေဖို့ ကြိုးစားသောဝါဒကို သဘောကျသည်နှင့် အတုခိုး ပြုမူလိုက်ခြင်း ဖြစ်လေသည်။ လူမော်မှုကား ဤနည်းအားဖြင့် မိမိအပေါ်တွင် သာမြတ်က တစ်ပန်းသာအောင် ပြုလုပ်သွားသည်ဟု စိတ်ထဲတွင် အောင့်သက်သက် ဖြစ်နေလေတော့သည်။

## အခန်း ၄

ထိုနေ့ညနေ၌ သာမြတ်သည် မသက်နှံကို တွေ့အောင် ရှာ၍ နှစ်ယောက်ထဲ ဆုံမိကြသောအခါတွင် ရွာတော့မည့် မိုးကဲ့သို့ သုန်မှုန်သော မျက်နှာထားကြီးမျိုး လုပ်နေရာ မသက်နှံမှုကား ပြုံးစိစိ မျက်နှာထား ရှိနေ၏။ မသက်နှံသည် သာမြတ်နှင့် လူမော်တို့ ထိုးသတ်ကြခြင်းနှင့် ထိုးသတ်ခြင်း၏ အကြောင်းရင်းကိုပါ ကြားသိနှင့် ပြီးလေပြီ။

'မသက်နှံတို့ လုပ်ပုံ ကောင်းပါပေ့ဗျာ'

'အလို ... ကျွန်မက ဘာများ လုပ်မိလို့ပါလိမ့်'

'ကျုပ် တစ်ယောက်တည်း ပေးတယ်မှတ်လို့ ကျုပ်က အသားယူနေလိုက်တာ၊ လက်စသတ်တော့ လူတကာ လျှောက်ဝေပစ်နေတာကိုးဗျ'

'ဓာတ်ပုံ ပြောတာလား'

'ဟုတ်ပါတယ်'

'လူတကာ မဝေရပါလား ကိုသာမြတ်'

'လူမော်ကိုလည်း တစ်ခု ပေးတယ်ဆို .... မဟုတ်လား'

'ပေးတယ်လေ၊ ဘာဖြစ်သလဲ'

'ဒါဖြင့် ဝေပစ်တာ မဟုတ်သေးဘူးလား'

'ရှင်က လူတကာ ဝေတယ်ဆို၊ ကိုယ့် ရွာသားမို့ ပေးတာ ရှင်က ဘာ တွန့်တိုစရာ ရှိသလဲ'

'ကျုပ် ထင်တာကတော့...'

'ရှင် ထင်တာတွေ လျှောက်ပြောမနေပါနဲ့၊ ကျွန်မ မသိချင်ပါဘူး၊ ကိုယ့်ဓာတ်ပုံ ကိုယ် ပေးချင်တဲ့လူ ပေးမှာပေါ့၊ ရှင်နဲ့ ဘာဆိုင်လို့လဲ'

မသက်နှံသည် ဓာတ်ပုံကို သာမြတ်သို့ ပေးစဉ်က တစ်ယောက်တည်း ပေးသည့် အနေမျိုး ထင်အောင် ပေးခဲ့ဟန်တူ၍ သာမြတ်က အထင်ကြီးခဲ့သည့် လက္ခဏာ ရှိ၏။ သို့ရာတွင် သာမြတ်က အထင်ကြီးမိသည့်





အလျောက် လူမော်သို့ ပေးခြင်းကို အပြစ်ဆိုသည့်အခါ မာနကြီးသော မသက်နှံသည် သာမြတ် နှစ်သိမ့်အောင် အထိုက်အလျောက် မပြောဘဲ သာမြတ်၏ နှလုံးသားကို ဖနောင့်နှင့် ပေါက်လိုက်လေပြီ။ ဤမျှမကသေး ဟူ၍ မသက်နှံက တစ်ရွာတည်းသားချင်း ဖြစ်၍ ငယ်သူငယ်ချင်းများ ဖြစ်သည့်အလျောက် မောင်လို နှမလို ခင်မင်သဖြင့် ဓာတ်ပုံ ပေးခဲ့မိခြင်းကို ကိုယ်ထင်ရာ အဓိပ္ပာယ်ကောက်၍ အထင်ကြီးသော လူစားမျိုး၏ ရွက်ဖွယ်ကောင်းသော အခြင်းအရာ အကြောင်းကို လက်ချာပေး၍ လွှတ်လိုက်လေ၏။

မသက်နှံကို ဆူအံ့ ကြိမ်းအံ့ဟု လာခဲ့သော သာမြတ်မှာ မဆူမကြိမ်းနိုင်သည့်ပြင် သခင်က ကန်ကျောက်လိုက်သော ခွေးကဲ့သို့ အမြီးကုပ်၍ သွားလေပြီ။ သာမြတ်သည် မသက်နှံကို ငယ်ကြိုက်ဖြစ်၍ လူငယ်တို့ဘာဝ စိတ်ကူးယဉ်သော အခါများတွင် မသက်နှံကို မြို့အုပ်ကတော်၊ ဝန်ထောက်ကတော် အရာ၌ အမြဲတမ်း ထားလာခဲ့၏။ တက္ကသိုလ်သို့ ရောက်၍ မသက်နှံကို လူတိုင်း ပိုးပန်းကြသည့်အထဲတွင် မသက်နှံသည် မိမိအား အရေးအပေးဆုံးဟု မှတ်ထင်ခဲ့၏။ ချစ်ကြိုက်ပါသည်ဟု ဖွင့်ဟ၍ မပြောရသေးစေကာမူ မိမိက ပြောသော တစ်နေ့တွင် အဆင်သင့် နေရာကျလိမ့်မည်ဟု အောက်မေ့ခဲ့၏။ ယခုမူကား သာမြတ်အဖို့၌ ဆပ်ပြာ ပူဖောင်းကြီး ပေါက်ကွဲသွားခဲ့လေပြီ။

မသက်နှံကို လူမော်တို့ တွေ့ကြသည့်အခါ –

'ဗျို့ ... မသက်နှံ၊ ဓာတ်ပုံ တစ်ပုံ ဘယ်ဈေး ရောင်းသလဲ'

'ရှင့် ပေးထားတာ ဘယ်ရောက်လို့လဲ'

'ဘယ်မှ မရောက်ပါဘူး၊ ကျုပ်တို့ အခန်းက ကိုဘသန်းက ဝယ်ချင်လို့ပါ တဲ့'

'ပိုက်ဆံနဲ့တော့ မရောင်းပါဘူး၊ ကိုယ့်ရွာမှာ မွေးရင်တော့ အလကား ပေးပါတယ်'

'မွေးတိုင်း ပေးမှာလား'

'ပေးပါတယ်၊ တောင်းရင်တော့...'

'နွားကျောင်းတဲ့ ဖိုးလူနီက တောင်းနေတယ်'

'ကိုယ်တိုင် လာတောင်းပစေ၊ ပေးပါတယ်'

လူမော်လည်း မသက်နှံ့ နာလောက်အောင် မပြောတတ်သည်နှင့် နှုတ်ခမ်းကိုကိုက်လျက် ကြည့်နေ၏။

'ရှင်တို့ ယောကျ်ားတွေ သိပ်ခက်တယ်၊ လိုချင်လှချေရဲ့ ဆိုပြီး မရမက ပူတောင်းလို့ ကိုယ့်ရှာသားချင်းမို့ ပေးလိုက်တာ။ ကိုယ့်ဟာကိုယ် အထင်ကြီးပြီး အချင်းချင်း သတ်လိုသတ် ပုတ်လိုပုတ်၊ ပေးတဲ့လူကို အပြစ်တင်လိုတင်။ တန်ပါရှင်၊ နောက်များတော့ ရှင်တို့ကို အသိတောင် မလုပ်တော့ဘူး'

မသက်နှံ့လည်း ချာခနဲ လှည့်ထွက်သွားလေရာ လူမော်သည် မသက်နှံ့ကို ငေးကြည့်နေရင်း ယခင်က အသင့်အတင့်မျှလောက် ကြိုက်မိရာမှ ထိုအချိန်ကစ၍ အပြင်းအထန် ချစ်ကြိုက်လာပြီးလျှင် 'နင့်ကို မရ မနေဘူးကွ' ဟူ၍ သန္နိဋ္ဌာန် ချလိုက်တော့သည်။

*

မသက်နှံ့သည် ရွှေဘိုမြို့၌ရှိသော ခင်လေးဆွေထံသို့ လူမော်နှင့် သာမြတ်တို့ သတ်ပုတ်ကြပုံ အခြင်းအရာနှင့် တစ်ကျောင်းလုံးက မိမိအား ဝိုင်းပိုးကြပုံ အကြောင်းအရာများကို စုံလင်စွာ ရေးသား သတင်းပေးလေရာ၊ ခင်လေးဆွေမှာ အလွန်တရာ နှစ်သက် အားရ၍ မွေးကျွေးရသော ကျေးဇူးနပ်သည်ဟု ပြန်စာ ရေးလိုက်၏။ ၎င်းစာတွင် မည်သူ့ကိုမှ စိတ်ထဲက တကယ် မကြိုက်မိစေဘဲ ချစ်ချင်ကြိုက်ချင် ပြုပြီးလျှင် နောက်ဆုံးတစ်နေ့တွင် မိမိအား ကတိထားပြီး ဖြစ်သည့်အတိုင်း မိမိပေးစားသော ယောကျ်ားဖြင့်သာ လက်ထပ်ရမည့် အကြောင်း ထပ်လောင်း၍ သတိပေးလိုက်လေသည်။

*





လက်ဖွေ့ထိုးရသော နေ့မှစ၍ သာမြတ်နှင့် လူမော်တို့သည် မသက်နှံ့ကို ယခင်ကကဲ့သို့ ပြောင်ပြောင်ကြီး မဟုတ်ဘဲ ကျိတ်ပိုး ပိုးကြလေတော့သည်။ ယူငယ်နှစ်ယောက်လုံးမှာ ကျောင်းသားများ၏ မျက်စိတွင် အရှက်ကွဲကြရသည်ဟု ယူဆသည်အလျောက် ရှာသားချင်းဆို၍ အခွင့်ရသည့် အခါတိုင်း ကပ်ပူးတွဲတွဲ မနေကြတော့ဘဲ ခေါ်ထူး မေးပြောဆိုသည့် အခြေအနေမျိုးဖြင့် ဟန်လုပ်နေကြ၏။ ဤတွင် အခြားကျောင်းသားများသည် မသက်နှံ့ကို ပိုးပန်းကြရန် အခွင့်ကောင်း အချက်ကောင်း ပေါ်လာ၍ စာပေးသူ ပေး၊ ရေမွှေး ပေါင်ဒါ လက်ဆောင် ပို့သူ ပို့ စသည်ဖြင့် အမဲသားပုပ်ကို ယင်အုံ သလို တစ်ပြုံတစ်ခေါင်းကြီး ပိုးပန်းကြ၏။ မသက်နှံ့ ကိုယ်တိုင်မှာ ခင်လေး ဆွေ အပေါ်၌ သစ္စာစောင့်သည့်အလျောက် မည်သူအားမျှ မေတ္တာတုံ့ပြန်ခြင်း မရှိသော်လည်း တစ်နေ့တခြား ဘဝင်မြင့်သည်ထက် မြင့်သွားခဲ့လေပြီ။ လူမော်နှင့် သာမြတ်တို့ လက်ဖွေ့အဆိုင်း ပြီးသည်နောက် တစ်နှစ်အတွင်း သုံးဆိုင်းထက် မနည်း ထိုးသတ်ကြသေးရာ၊ မသက်နှံ့သည် ယောကျ်ားကလေးများ ထိပ်ပေါက် ခေါင်းကွဲ နှုတ်ခမ်းပြဲသော အဖြစ်အပျက်များကို မိမိနှင့် ဘာမျှ မဆိုင်သလို လျစ်လျူ ဥပေက္ခာရှု၍ နေနိုင်ခဲ့လေပြီ။ လက်ဖွေ့ တစ်ဆိုင်း သတ်၍ ခင်လေးဆွေထံသို့ သတင်းပို့လိုက်တိုင်း ခင်လေးဆွေထံမှ လုံးပွား နားကပ်အစား စိန်တစ်လုံး နားကပ် လည်းကောင်း၊ ၁၀ ရတီ စီးသော ကြယ်သီးအစား ရတီ ၂၀ စီးသော ကြယ်သီး လည်းကောင်း တင်ပို့ ချီးမြှင့်ခြင်း ခံရလေ၏။

မသက်နှံ့သည် အတော်အတန့် ကျောင်းသားကို လူ မထင်တော့ဘဲ အကြီးအကျယ် ဘဝင်မြင့်လျက် ရှိလေပြီ။ ခင်လေးဆွေက မည်သည့် ယောကျ်ားကိုမျှ မချစ်မကြိုက်ဖို့ မှာထားသော ဩဝါဒကို အပထား၍ မသက်နှံ့ ကိုယ်တိုင်ကလည်း မိမိနှင့် ထိုက်တန်သော ယောကျ်ားသည် တက္ကသိုလ် တစ်ကျောင်းလုံး၌ မရှိသေးဟူ၍ မှတ်ထင်နေလေပြီ။ တက္ကသိုလ် ကျောင်း ဟူသည်မှာ မြန်မာတစ်ပြည်လုံး၏ ထိပ်ဆုံးတန်း ခေါ်ရသည့်

ယောက်ျားကလေးများ စုဝေးရာဌာန ဖြစ်ပါလျက် တက္ကသိုလ် ကျောင်းသားကိုမှ အဖက်တန်သည် မထင်သော မသက်နှံမှာ မည်သို့သော ယောက်ျားအတန်းအစားကို ရည်မှန်းသည် မပြောတတ်ပေ။

မသက်နှံမှာ တက္ကသိုလ်ကျောင်းသား ရွယ်တူ ရွယ်တန်များကို အဖက်တန်သည် မထင်သော်လည်း လင်စိတ် သားစိတ် ကုန်ခြင်းကား မဟုတ်၊ လှချင်လိုက်ပုံမှာ ပြောဖွယ်ရာ မရှိ၊ ဝတ်လိုက် စားလိုက်သည်မှာလည်း လျှမ်းလျှမ်းတောက်။ အတန်းထဲသို့ ပညာသင်ဖို့ လာခြင်းပင်လျှင် ပွဲနေပွဲထိုင် အခမ်းအနား သွားတော့မည်ကဲ့သို့ ထင်ရလောက်အောင် အကောင်းဆုံး ပိုးထည် ဖဲထည် အဆင်ဆန်းများဖြင့် ဖိတ်ဖိတ်တောက်လျက်၊ ရွှေထည် စိန်ထည် စသော လက်ဝတ်လက်စားများမှာလည်း ပြောင်ပြောင်ဝင်းလျက် ရှိတော့သည်။

မသက်နှံသည် မိမိအား ချစ်ကြိုက်သည် ဆိုသော ယောက်ျားကလေးများကို အရူးဖြစ်အောင် လှိမ့်ခြင်း၌ အရသာခံတတ်လေပြီ။ တွေ့တွေ့ဆိုင်ဆိုင် မဟုတ်ဘဲ ပိုးပန်းရုံမျှလောက်ကို မြှောက်ပင့်ပေး၍ မိမိဘက်သို့ ပါသည် ထင်သဖြင့် အတင့်ရဲလာသော ကျောင်းသားကိုမူ ပိသာလေးနှင့် နံဘေးပစ်သလောက် နာကြည်းအောင် ပြောလွှတ်တတ်လေသည်။

ကျောင်းသားများသည် မသက်နှံ၏ ရုပ်အဆင်းနှင့် အပြင်အဆင် အဖြီးအလိမ်းတို့ကို မျက်စိကျ၍ ပိုးပန်းကြသော်လည်း ၎င်း၏ စခန်းကြီးသော စိတ်နေ စိတ်ထားနှင့် အမူအရာတို့ကို ရွံမုန်းကြလေပြီ။ ကမ္ဘာတည်ဦး တန်ခူးရက်မစုံ ကတည်းက ကိန်းအောင်းလာခဲ့သည့် ယောက်ျားကလေးတို့၏ ဝါသနာအတိုင်း မီးကိုတိုးသော ပိုးဖလံကဲ့သို့ မသက်နှံ တည်းဟူသော မီးရောင်ကို မတိုးဖူးသူ မရှိ။ အတောင်ကျွမ်းသဖြင့် မပျံနိုင်သော အခါမှ ဖယောင်းတိုင် ခြေရင်းတွင် ပတ်ချာလှည့်ပြေးသော ပိုးကောင်ကလေးများ သဖွယ် စာအုပ်ကလေးများ တကိုင်ကိုင် မှိုင်နေကြတော့သည်။





နောက်ဆုံး၌ မသက်နှံအကြောင်းကို အကောင်းပြောသော ကျောင်းသားလည်း မရှိ၊ မရချင်သော သူလည်း မရှိချေ။ အများအားဖြင့်မူကား ကျောင်းသားများသည် စပျစ်သီး ချဉ်သည်ဟု ပြောသော မြေခွေးကဲ့သို့ 'ဒီလို ကောင်မ ဘာလုပ်ဖို့လဲ၊ သူ့ကို ရရင် သူ့ပေါင်ဒါဖိုး ရအောင် အလုပ်လုပ်ရတာနဲ့ လင်လုပ်တဲ့အကောင် လျှာထွက်သေမှာပဲ' စသည်ဖြင့် ပြောကြလေတော့၏။ သို့သော် ယနေ့ ရလျှင် ယနေ့ ယူမည့် ကျောင်းသားတို့သာ များလေသည်။

မသက်နှံ၏ စိတ်ကို နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးကြည့်မည် ဆိုပါမူကား မိမိအား ပိုးပန်းကြသော ကျောင်းသား အမြောက်အမြား အနက်တွင် သာမြတ်နှင့် လူမော်တို့ နှစ်ယောက်အပေါ်တွင် မေတ္တာ အထိုက်အလျောက် စွန်းငြိဟန် တူ၏။ ဓာတ်ပုံပေးစဉ်က မသက်နှံသည် မိမိ၏ဓာတ်ပုံကို ပေးရုံမျှ မဟုတ်၊ ဓာတ်ပုံချင်း လဲလှယ်ခြင်း ဖြစ်သောကြောင့် သာမြတ်နှင့် လူမော်တို့၏ ဓာတ်ပုံများ ရရှိထားရာ ၎င်း ဓာတ်ပုံနှစ်ခုကို ရံဖန်ရံခါ ထုတ်၍ နှိုင်းယှဉ် ကြည့်လေ့ရှိ၏။ ဤကဲ့သို့ ပြုလုပ်မိခြင်းမှာ ငယ်စဉ်တောင်ကျေးကလေးအရွယ် ကတည်းက မိမိအတွက်ကြောင့် မကြာခဏ သတ်ပုတ်ထိုးကြိတ်ခဲ့သူများ ဖြစ်၍ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ၎င်းတို့အကြောင်းသည် စိတ်ထဲတွင် မကြာ မကြာ ပေါ်လာသောကြောင့် ဖြစ်ဟန်တူပေသည်။

## အခန်း ၅

လူမော်သည် မင်းတိုင်ပင်အမတ် ဖြစ်အောင် လုပ်၍ နိုင်ငံရေးသမား လုပ်ဖို့ ကြံရွယ်ချက်ရှိသူ ဖြစ်ရကား ကျောင်းစာများကို ကောင်းစွာ မကျက်ဘဲ စကားရည်လုပွဲများ၌ ဗိုလ်ဆွဲအောင် လေ့ကျင့်ပြီးလျှင် နိုင်ငံရေးဆိုင်ရာ စာအုပ်များကို ဖတ်ရှု လေ့လာခြင်းအားဖြင့် အချိန်ကုန်ခဲ့၏။ သို့ဖြစ်၍

အိုင်အေ စာမေးပွဲတွင် အနိုင်နိုင်မျှ အောင်မှတ် ရခဲ့သော်လည်း ဘီအေ စာမေးပွဲ၌ ကျရှုံးခဲ့၏။

သာမြတ်မှာမူ ဘီအေ အောင်မှ အစိုးရဘက်တွင် ရာထူးမြင့်မြင့် ရနိုင်သည်ဆို၍ အတန်းစာကို မဲမဲသဲသဲ ကြိုးစားခဲ့ရကား မသက်နှံကို ချစ်ကြိုက်ခဲ့မိသော စိတ်လေစိတ်လွင့်ကို အထိုက်အလျောက် ချိုးနှိမ်နိုင်ခဲ့သည်လည်း ဖြစ်သောကြောင့် အချိန်တန်သောအခါတွင် ဘီအေစာမေးပွဲ အောင်မြင်ခဲ့လေပြီ။ သို့သော် သာမြတ်သည် မသက်နှံကို လက်လျှော့သေးသည် မဟုတ်။ မိမိ ကြီးပွားရေးကို မျက်ခြည်ပြတ် မခံသော လူငယ်တစ်ယောက် ဖြစ်သည့်အားလျော်စွာ စာမေးပွဲအောင်၍ အလုပ်အကိုင်နှင့် တကွ နေရာတကျ ရှိသော အချိန်တွင် မသက်နှံ ရမှုတည်းဟူသော ကိစ္စကို ဆက်လက် ဆောင်ရွက်နိုင်သည်ဟု စိတ်နှလုံးကို တုံးတုံးချထားခဲ့ခြင်းမျှသာ ဖြစ်လေသည်။

ကျောင်း၌ရှိနေစဉ် မသက်နှံ၏ သတင်းကို နားထောင်ကြည့်ရာတွင်လည်း အလွန့် အလွန် စခန်းကြီး၍ မည်သူမှ မကပ်နိုင်သော မိန်းကလေးတစ်ယောက် ဟူ၍ သတင်းပြေးလျက် ရှိသောကြောင့် တစ်နည်းအားဖြင့် မသက်နှံအတွက် စိတ်ချမိ၏။ မိမိ မရလျှင်သာ ရှိစေ၊ လွယ်လွယ်ကူကူ သူလို ငါလို ကျောင်းသားတစ်ယောက်နှင့် သမီးရည်းစား ဖြစ်သည့် မိန်းကလေး တစ်ယောက် မဟုတ်ခြင်းမှာမူ ကျောင်းသားတိုင်း၏ ပါးစပ်မှ ထွက်သော စကားအားဖြင့် စိတ်ချနိုင်ပေသည်။ ထို့ကြောင့် သာမြတ်သည် စိတ်နှစ်ခွ မထားဘဲ စာထဲ၌ တစ်ဖြောင့်တည်း အာရုံစိုက်ကာ ကြိုးစားလိုက်ရာတွင် အချိန်စေ့သောနေ့၌ ဘီအေ အောင်မြင်လေတော့သည်။

မသက်နှံမှာ လူမော်နှင့် သာမြတ်တို့ ဘီအေ စာမေးပွဲ ဝင်ကြသော နှစ်တွင် အိုင်အေ စာမေးပွဲ ဖြေဆိုရာ လှပမှုလောက်ကိုသာ ဂရုစိုက်လာခဲ့သော မိန်းကလေးဖြစ်၍ စာမေးပွဲ၌ ကျရှုံး၏။ စာမေးပွဲ ပြီး၍ ရွှေဘိုသို့ ပြန်သွားသောအခါ ခင်လေးဆွေသည် သမီးတမျှ ချစ်ခင်သော မသက်နှံကို





ရုပ်ဝေး၌ ခွဲခွာ၍ မထားလို၊ လူလားမြောက်၍ အလွန်ချောနေသော သမီးကြီးကို တက္ကသိုလ်သို့ ပို့ထားရခြင်း အတွက်လည်း စိတ်မချနိုင်၍ ချီတုံချတုံ ဖြစ်နေရသည့် အထဲတွင် အိုင်အေ စာမေးပွဲ၌ ကျရှုံးသည်ဆိုသော သတင်း ရောက်လာလေရကား ခင်လေးဆွေသည် မသက်နှံကို တက္ကသိုလ်မှ နုတ်လိုက်လေတော့သည်။

သာမြတ်နှင့် လူမော်တို့သည် ဘီအေ စာမေးပွဲ ဝင်ပြီး၍ ရွာသို့ ပြန်သွားကြသောအခါ ရွှေဘိုမြို့သို့ မသက်နှံ ရောက်နေခြင်းကိုလည်း သိကြသည်နှင့် ရွှေဘိုသို့ သွားရောက်ကြပြီးလျှင် ယခင်က တစ်ခန်း ရပ်ထားခဲ့ကြသည့် ပိုးပန်းခြင်း အလုပ်ကို တစ်ဖန် ဆက်လက်၍ ပြိုင်ပွဲဝင်ကြလေ၏။ မသက်နှံနှင့် ခင်လေးဆွေတို့သည် မိမိတို့၏ နေအိမ်သို့ တစ်လှည့်စီ အလည်လာနေကြသော သာမြတ်နှင့် လူမော်တို့ကို ကောင်းမွန်စွာ ဧည့်ခံ ကျွေးမွေးသော်လည်း လူငယ်နှစ်ယောက်တို့၏ ပိုးပန်းမှု ကိစ္စမှုကား ရေးကထက် နိုးကပ်ခြင်း မရှိချေ။ မသက်နှံသည် နှစ်ယောက်လုံးကို ဖော်ရွေစွာ လက်ခံစကားပြော၍ ခင်လေးဆွေကလည်း သမီးကြီးအား ရွှေဘို၌ အလွန်ရှားသော ကောလိပ်ကျောင်းသားများက ပိုးပန်းကြသည့်အတွက် နှစ်သက် ကြည်နူးလျက် ရှိလေတော့သည်။

ရွှေဘိုသို့ မသက်နှံ ရောက်လာသော အချိန်မှစ၍ အရာရှိပိုင်းမှ လူပျိုအစစ်များ၊ လူပျိုအတုများ၊ မယားကို တခြား၌ ပို့ထားသည့် လူပျိုဆိုသူများ၊ မုဆိုးဖိုများ မကျန် ပိုးပန်းကြတော့သည်။ အရပ်ထဲမှ ကုန်သည်ပွဲစား ဈေးသည်များသည်လည်း မသက်နှံကို လိုချင်ကြ၏။ သို့သော် ရွှေဘိုကဲ့သို့သော မြို့လတ်ကလေးများတွင် အစိုးရ အမှုထမ်းခေါ် စာရေး စာချီများနှင့် အရာရှိများသာလျှင် မျက်နှာပွင့်လန်းပေရကား ပွဲစား ကုန်သည်နှင့် ဈေးသည်ဆိုသူများမှာ (ဆန်စက်ပိုင်ရှင်များမှ တစ်ပါး) ခေတ်မစားကြသောကြောင့် အနားသို့ မသီနိုင်ကြပေ။ စက်ပိုင်များ အနက်မှမူ လူပျို ဟူ၍ မရှိသလောက် ရှားသဖြင့် မသက်နှံ ပိုးသော ပြိုင်ပွဲတွင် အရာရှိများသာ

ရှေ့တန်းမှ တိုးဝှေ့နေကြလေတော့သည်။ ရှေ့တန်း ပိုးသူများအနက်တွင် ရွှေဘိုမြို့သား ကောလိပ်ကျောင်းသား တစ်ယောက် ရှိသည်ကား မှန်၏။ သို့သော် ထိုသူမှာ ကျောင်းမှာကတည်းက ပိုးပန်းခဲ့လှသဖြင့် လက်ပန်းကျကာ ယို့တို့တို့ ဖြစ်နေခဲ့လေပြီ။

မသက်နှံမှာမူ တက္ကသိုလ်ကတည်းက စခန်းကြီးခဲ့သူဖြစ်၍ မြို့ကလေးသို့ ရောက်လာသောအခါတွင် မိုးမမြင် လေမမြင် သာ၍ပင် စခန်းကြီးနေပြန်တော့သည်။ ဘိလပ်သို့ မယားပို့ထားသော လန်ဒန်သား မျက်နှာဖြူ အရေးပိုင် တစ်ယောက်မှ လွဲ၍ မသက်နှံသည် မည်သူနှင့်မျှ မတွဲလိုချေ။ သို့သော် ပါးနပ်သော မိန်းကလေးဖြစ်၍ မသက်နှံသည် မသင့်လျော်သော အချိန်နှင့် လူသူပြတ်လပ်သော နေရာမျိုးသို့ ဖိတ်ခေါ်ခြင်းကို ငြင်းပယ်ဖို့နားလည်လေသည်။

ဘီအေနှင့် အိုင်အေ စာမေးပွဲ အောင်စာရင်း ထွက်လာ၍ အကြောင်းသိရသောအခါ မသက်နှံမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း တက္ကသိုလ်သို့ ပြန်မတက်တော့ဘဲ ကျောင်းထွက်ခဲ့လေပြီ။

မောင်သာမြတ်မူကား ဘီအေ အောင်မြင်၍ မြို့အုပ် စာမေးပွဲ မဝင်မီအတွင်းဝန်များ ရုံး၌ စာရေးအလုပ် လျှောက်ထား၍ ကံအားလျော်စွာ အလုပ်ရခဲ့လေပြီ။ မောင်သာမြတ်သည် ရန်ကုန်သို့ မဆင်းလာမီ မသက်နှံနှင့်တွေ့၍ ဘယ်နံရော အခါမှ နောင်တစ်ဖန် တွေ့ဆုံကြမည် မသိသဖြင့် နှုတ်ခွန်းဆက်သဖို့ လာရောက်ခြင်း ဖြစ်ကြောင်းများနှင့် စကားခင်းလိုက်ရာတွင် မသက်နှံမှာ မောင်သာမြတ် ဖြစ်စေလိုသည့်အတိုင်း ညိုးငယ်သော မျက်နှာ မဖြစ်ပေါ်လာဘဲ 'လူမရောက် မြင်းမိုရ်တောင်တဲ့ ကိုသာမြတ်ရယ်၊ ကျွန်မတို့လည်း ရန်ကုန်ကို ဘုရားဖူး ရောက်ချင် ရောက်ဦးမှာပေါ့၊ မတွေ့တော့ဘူးရယ်လို့ ဘယ်ဟုတ်မလဲ' ဟူ၍ ရွှင်ပျစွာနှင့် ပြန်ပြော၏။

မောင်သာမြတ်ကမူ နောက်တစ်ကြိမ် တွေ့ဖို့ ခဲယဉ်းလိမ့်မည်ဆို၍ မိမိ၏ ရင်ထဲ၌ နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့သော အချစ်မေတ္တာ စကား





ကို ဖွင့်ဟ ပြောပြလေရာ မသက်နှံသည် မောင်သာမြတ်၏ လှိုက်လှိုက်လှဲလှဲရှိသော အမူအရာကြောင့် စိတ်၌ ထိခိုက်ဟန် တူသော်လည်း မိမိမှာ ခင်လေးဆွေကို ကတိပေးပြီးဖြစ်၍ မိမိကိုယ်ကို မိမိ မပိုင်သောကြောင့် ဤကိစ္စနှင့်ပတ်သက်၍ မိမိအား ပြောနေလျှင် လေကုန်ရုံမျှသာ ရှိမည်ဆိုကာ ခင်လေးဆွေ အပေါ်သို့ လွှဲချလိုက်လေ၏။

'မသက်နှံရဲ့ စိတ်ကို နည်းနည်းကလေးလောက် သိပါရစေလားဗျာ။ ခင်လေးဆွေက ငြင်းပယ်လို့ရှိတောင် မသက်နှံက သဘောမျှတယ်ဆိုရင် ကျုပ် ကျေနပ်ပါတယ်ဗျာ'

'ဒီလို အကြောင်းနဲ့ ပတ်သက်လို့ ကိုယ့်စိတ်ကို ကိုယ် တစ်ခါမှ စစ်ဆေး မကြည့်ဖူးသေးပါဘူး ကိုသာမြတ်၊ ကိုယ်ပိုင်တဲ့ကိစ္စ မဟုတ်မှန်းသိတာနဲ့ ဒီဟာတွေ ဘယ်တော့မှ ကျွန်မ မစဉ်းစားမိဘူး။ မေမေ ခင်လေးဆွေ ပေးစားတဲ့ လူကို ယူလိုက်မှာပဲ'

'ဟိုတုန်းက မစဉ်းစားဖူးရင် အခု စဉ်းစားလိုက်စမ်းပါလားဗျာ'

'စဉ်းစားလို့ ရတာဖြင့် ကျွန်မ မြင်ဖူး တွေ့ဖူးတဲ့ ယောကျာ်းတွေထဲမှာ ကိုသာမြတ်ကို ခဏခဏ သတိရဆုံးပါပဲ၊ ငယ်သူငယ်ချင်းမို့လားတော့ မသိဘူး'

'ငယ်သူငယ်ချင်းဆိုတော့ ဖိုးလူမော်လည်း ရှိသေးတယ် ဟုတ်လား'

'ကိုလူမော်ကိုလည်း သတိမရဘူး မဆိုနိုင်ဘူးပေါ့ရှင်'

မောင်သာမြတ်မှာ ယောကျာ်းတကာအနက်တွင် သတိရဆုံးဆို၍ ဝမ်းသာရမည်ကဲ့သို့ ဖြစ်သွားရာမှ မောင်လူမော်ကိုလည်း သတိရသည်ဟု ဝန်ခံ ပြန်သောကြောင့် အတော်ကလေး အားငယ်သွား၏။ သို့သော် ရန်ကုန်သို့ မသွားမီ ဤကိစ္စကို သဲကွဲအောင် ပြုလုပ်သွားမည် ဆုံးဖြတ်ထားသည်နှင့် ခင်လေးဆွေသို့ ချဉ်းကပ်ပြန်၏။ ခင်လေးဆွေကမူ မိမိ၏ သမီးကို ကြည့်၍ မဝနိုင်သေးသဖြင့် လင်ပေးစားဖို့ စိတ်ကူး မထည့်သေးကြောင်း၊ အရွယ်လည်း ငယ်ကြသေး၍ မောင်သာမြတ်မှာလည်း အလုပ်အကိုင် အကြံအစည်

များ ရှိနေသေးသည့်အလျောက် ဤကိစ္စကို ယခု လောလောဆယ် မစဉ်းစားသေးဘဲ နောင် တစ်နှစ် နှစ်နှစ်နေပြီး ကြာသောအခါမှ ပုံတော်သလို ကြည့်စီမံမည်ဟု ခပ်ဖယ်ဖယ် ပြောလွှတ်လိုက်လေ၏။ သို့ဖြစ်၍ မောင်သာမြတ်မှာ သူငယ်ဘဝမှ ကောလိပ်ကျောင်းသားဘဝသို့ ရောက်အောင် တဖုတ်ဖုတ် ထိုးသတ်ခဲ့ရသည့် မိန်းမပြဿနာအတွက် မပြီးပြတ်ဘဲ နောက်ဆံ တတင်းတင်းနှင့်ပင် ရန်ကုန်သို့ သွားရလေတော့သည်။

မောင်လူမော်မှာ ဟိုဘက်အိမ်က ဦးကျော်ဟိုး၏သား မောင်သာမြတ် အောင်မြင်ပါလျက် မအောင်ဘဲ ရှိရချေသလောဟု ဖခင် ဦးပြည့်စုံ၏ ပြစ်တင်မောင်းမဲခြင်း ခံခဲ့ရလေပြီ။ ဘုန်းကြီးကျောင်းတွင် သင်ကြကတည်းက နိမ့်ခဲ့သည် မရှိဘဲ သူတစ်ပြန် ငါတစ်လှည့်ဖြင့် ရထားလု ဆိုဘိသကဲ့သို့ အပြိုင်အဆိုင် တက်လာကြပြီးနောက် ပညာရေးတွင် အထွတ်အထိပ် ဆိုရသော ဘီအေအတန်းသို့ ရောက်ခါမှ သူ့သား အောင်ပါလျက် ငါ့သား ကျရှုံးရလေသလောဟု ဒေါဖောင်းသော ဦးပြည့်စုံသည် မောင်လူမော်ကို အချိန်မရွေး မျက်နှာသာ မပေးတော့ဘဲ တင်းကြိမ်းတည်း ကြိမ်းလေတော့သည်။ သို့ဖြစ်၍ လူမော်မှာ စိတ်ညစ်လှလေပြီ။ တစ်ရွာလုံးက သဘောတူ ပြဋ္ဌာန်းထားကြသည့် မောင်သာမြတ်၏ နှမ မငွေညီကပင် မိမိအပေါ်၌ မော်ကြွားသော မျက်နှာထားမျိုးနှင့် ကြည့်ဘော့သည်ဟု မောင်လူမော် ထင်မိ၏။ မောင်လူမော်သည် မငွေညီကို စိတ်ထဲကမှ ပစ်မှားသည် မဟုတ်။ မသက်နှံကိုသာ အသည်းစွဲ ကြိုက်တုန်း။ သို့သော် စိတ်ကူး မထည့်ခဲ့ဖူးသော မိန်းမပင်ဖြစ်စေကာမူ မိမိအား ရှုတ်ချသော ကြည့်ခြင်းမျိုးနှင့် ကြည့်သည့်အခါ ရှက်ဖို့ သတိရတတ်ချေသေးသည်။

ဦးပြည့်စုံသည် သူတစ်ပါး တစ်နှစ်ဝင်၍ အောင်သော စာမေးပွဲကို မိမိ၏သားက နှစ်နှစ် ဝင်ရသည် ဆိုခြင်းကို မခံချင်လောက်အောင် မာနကြီးသည် ဖြစ်၍ လူမော်ကို တက္ကသိုလ်သို့ ပြန်ပို့ရန် စိတ်မကူးတော့ဘဲ ကြွေးတောင်း၊ စပါးသိမ်း အစရှိသည့် တောက်တိုမည်ရ အလုပ်များ၌ အသုံးချလေ





တော့သည်။ တောရွာဇာတိဖြစ်သည့် အချို့ကျောင်းသားများသည် တက္ကသိုလ်ရောက်အောင် ပညာသင်ခွင့် ရကြသည့်အခါ မိဘများ၏ အလိုလိုက်ခြင်းခံရ၍ မိဘတို့၏ ဩဇာကို အတော်အတန် တော်လှန်နိုင်ကြလေသည်။ ဦးပြည့်စုံသည် လည်းကောင်း၊ ဦးကျော်ဟိုးသည် လည်းကောင်း ရွှေဘိုနယ်သား ဝါလှားများ ဖြစ်ကြသည့်အလျောက် အလွန်တရာ တင်းမာခက်ထန်ကြ၍ သားသမီးကို အနည်းငယ်မျှ ပစားမပေးကြချေ။ ကောလိပ်မက၍ ဘိလပ်ပြန် ဖြစ်စေကာမူ သားသမီးအပေါ်တွင် ဩဇာညောင်းမှ ကျေနပ်၍ သေဆိုလျှင် သေမှ ကြိုက်သူများ ဖြစ်ကြလေသည်။ နဂိုကတည်းက ကြောက်ခဲ့ရသည့်အထဲတွင် စာမေးပွဲ ကျရှုံးသော မိမိ၏ အပြစ်ကလည်း ရှိနေရကား လူမော်မှာ မည်သို့မှ မတော်လှန်ဝံ့ဘဲ ဖခင် စေခိုင်းသမျှ အလုပ်ကို စိတ်ညစ်စွာနှင့် ဆောင်ရွက်နေရလေတော့သည်။

တစ်နေ့သ၌ လူမော်သည် ကိစ္စတစ်ခုနှင့် ဝက်လက် ဘူတာသို့ ရောက်သွားရာ ဟိုက်စကူး၌ အတူတကွ ပညာသင်ခဲ့ဖူးသည့် သူငယ်ချင်းတစ်ယောက်နှင့် တွေ့ဆုံကြ၏။ ထိုသူက ရဲဘော်များ၏ လွတ်လပ် ပျော်ရွှင်ဖွယ်ကောင်းသော အနေအထိုင် အကြောင်းကို ပြောပြ၏။ မိမိကိုယ်တိုင် ရဲဘော်ဖြစ်နေပုံ၊ ရဲဘော်များ အနက်တွင် ပညာတတ် နည်းပါးလှသဖြင့် လူမော်ကဲ့သို့ ပြောရေးဆိုစ ရှိ၍ ဘီအေအထိ ပညာသင်ဖူးသူ တစ်ယောက်အဖို့ ကြီးပွားစရာ လမ်းရှိပုံ၊ ရဲဘော်ကို တစ်တိုင်းပြည်လုံးက မြှောက်စားနေကြပုံ၊ နိုင်ငံရေး လိုက်လိုလျှင် ရဲဘော်အလုပ်သည် ဖြတ်လမ်းဖြစ်ပုံ အခြင်းအရာများကို ပြောပြလေ၏။ မိမိအိမ်၌ မျက်နှာကောင်း မရဘဲ တစ်ကြိမ်းတည်း အကြိမ်းခံနေရသော လူမော်မှာ သူငယ်ချင်း၏ စကားများကို ကြားရသည့်အခါ ချက်ချင်းပင် ရဲဘော် လုပ်ချင်သောစိတ် ဖြစ်ပေါ်လာခဲ့လေပြီ။ သာမန် ရဲဘော်တစ်ယောက်အဖြစ်မှ မိမိ၏ အရည်အချင်းကြောင့် ရဲဘော်ခေါင်းဆောင်ဖြစ်၍ ထိုမှတစ်ဖန် အမတ် ဖြစ်လာပြီးလျှင် ပါလီမန်

အတွင်းဝန်မှသည် ဝန်ကြီး၊ ၎င်းမှ ဝန်ကြီးချုပ်တိုင်အောင် စိတ်ကူးထဲတွင် တစ်ထိုင်တည်းနှင့် ရောက်သွားခဲ့လေပြီ။

နောက်ဆုံး၌ လူမော်သည် ရွာမှ စီးလာခဲ့သောမြင်းကို ရွာသို့ ပြန်ပို့၍ ကြွေးတောင်းရခဲ့သော ငွေ ၃၀၀ ကျပ်နှင့် သူငယ်ချင်းနောက်သို့ လိုက်ရန် ဆုံးဖြတ်လိုက်လေပြီ။ ရွှေဘို၌ ရှိသော မသက်နှံကို နောက်ဆုံးအကြိမ် အဖြစ်နှင့် နှုတ်ဆက်ဖို့ သတိရ၏။ သို့ရာတွင် မောင်သာမြတ် ဘီအေ အောင်၍ နှုတ်ဆက်သွားပြီးသည့်နောက် မိမိက ဘီအေ မအောင်ဘဲ မျက်နှာငယ်ကလေးနှင့် တွေ့ဆုံရမည့်အရေးကို တွေးရှက်သည်နှင့် ထိုအကြံကို ဖျက်၍ သူငယ်ချင်းနှင့် ချက်ချင်းပင် လိုက်သွားလေတော့သတည်း။

## အခန်း ၆

လောက၌ အချို့သောသူများသည် အထူးသဖြင့် ကျေးလက် တောရွာများ၌ နေထိုင်ကြသော လူများသည် တစ်နှစ်သော်လည်း ဤ တဲကလေး၊ တစ်နှစ်သော်လည်း နွားတစ်ရှဉ်းနှင့် လယ်လုပ်၊ တစ်နှစ်သော်လည်း တောင်သူ၊ တစ်နှစ်သော်လည်း ဤမျှလောက် အကြားအမြင်၊ တစ်နှစ်သော်လည်း ဤသို့သော အယူအဆ၊ အတွေးအခေါ် စသည်ဖြင့် တည်မြဲနေသကဲ့သို့ တွေ့ရ၍ ဘောဂ အခြေအနေအားဖြင့် လည်းကောင်း၊ အတွေးအခေါ် အမြော်အမြင်အားဖြင့် သိသာလောက်အောင် ပြောင်းလဲခြင်း ရှိသည်ကို မတွေ့ရတတ်ပေ။ ဥပမာ– တစ်နှစ်က ရွာသို့ ရောက်သွား၍ ကိုဘိုးငါးကို ကြည့်လိုက်သည့်အခါ သက်ငယ်မိုး၍ ဝါးထရံကာသော တဲကလေးတွင် မိသားဘသား တစ်စု နေထိုင်ကြ၍ မိုးတွင်းအခါ ဖြစ်သောကြောင့် လယ်တောမှ နွားတစ်ရှဉ်းနှင့် ထွန်ယက်ပြီး၍ ပြန်လာသည်ကို တွေ့မြင်ရ၏။ နောက်တစ်နှစ် ရောက်သွားပြန်၍ ကိုဘိုးငါးတို့ကို ကြည့်လိုက်သည့်အခါ ယခင် တဲကလေးတွင် နေကြ၍ ဆောင်းတွင်း (ကောက်ကြီးခါ) ဖြစ်သောကြောင့် ကိုဘိုးငါးမှာ





၎င်းနွားတစ်ရှဉ်းနှင့် တဲရှေ့ ကောက်ပြန့်တလင်းတွင် စပါးနယ် နေသည်ကို တွေ့ရ၏။ နောက်တစ်နှစ် ရောက်သွားပြန်သောအခါ ကိုဘိုးငါး အိမ်သားတစ်စုမှာ ယခင်နေရာ၊ ယခင် တဲကလေး၌ပင် နေထိုင်ကြ၍ နွေရာသီဖြစ်သောကြောင့် ကိုဘိုးငါးမှာ ယခင် နွားတစ်ရှဉ်းနှင့် လှည်းတိုက်နေသည်ကို တွေ့ရ၏။ အုဝဲ အုဝဲနှင့် ငိုနေသော နို့စို့ကလေး တစ်ယောက် တိုးလာခြင်း၊ တဲမိုးထားသည့် သက်ငယ်အသစ်မှ မီးခိုးနှင့် ဖုန်များကြောင့် ညိုတိုတိုဖြင့် ဟောင်းညစ်သွားခြင်း၊ ဝါးထရံ၌ ကပ်ချောင်းများ ခပ်ကျဲကျဲ ဖြစ်လာ၍ ဤနေရာ ထိုနေရာတို့၌ အပေါက်များ ဖြစ်ပေါ်လာခြင်းမှ တစ်ပါး ပြောင်းလဲခြင်း ရှိသည်ကို မတွေ့ရပေ။ ကိုဘိုးငါး သာမက တစ်ရွာလုံး အခြေအနေကို ကြည့်လိုက်ပြန်တော့လည်း အိမ်ထောင်စုံသစ်များ ဆောက်ထားသည့် တဲသစ်ကလေး နှစ်လုံး သုံးလုံးတို့မှတစ်ပါး ယခင် ဆူးစည်းရိုး၊ ယခင် ဆူးတံခါး၊ ယခင် တဲအိမ်များနှင့် ယခင် အနေအထိုင်အတိုင်း တွေ့မြင်ရပေသည်။ ရွာသားများနှင့် စကားစမြည် ပြော၍ စုံစမ်း ထောက်လှမ်း ကြည့်သောအခါမှ အနိစ္စရောက်သူ သုံးလေးယောက်၊ မွေးဖွားသောကလေး ငါးယောက်၊ အိမ်ထောင်သစ် သုံးလေးစုံတို့အပြင် လယ်တောပြုတ်သူ သုံးလေးဦးနှင့် လယ်တော ဝယ်နိုင်သူ သုံးလေးဦးတို့ ရှိလာခြင်း တည်းဟူသော ပြောင်းလဲမှုများကို ကြားသိရတော့သည်။ လယ်တောများပင်လျှင် အသစ် တိုးပွားခြင်း မဟုတ်ဘဲ တစ်လက်မှ တစ်လက်သို့ ကူးပြောင်းခြင်းမျှသာ ဖြစ်သောကြောင့် တစ်ရွာလုံး ခြုံကြည့်လိုက်လျှင် ပြောင်းလဲခြင်း ဟူ၍ မဆိုထိုက်ပေ။

ရွာအပြင်ဘက်၌ကား စေတီသစ် တစ်ဆူ၊ ကျောင်းဟောင်း၌ ကပ်ဆောက်ထားသည့် အဖီသစ်တစ်ခု၊ အမိုးမရှိခဲ့သော သာလာယံဇရပ်တွင် မီးလောင်သွပ်ပြားများ မိုးထားခြင်း တည်းဟူသော ပြောင်းလဲမှုများ တွေ့ရပါ၏။ သို့သော် လှည်းနှစ်စီး ရှောင်သာအောင် ဖောက်လုပ်ထားသည့် ရွာလယ်လမ်းမှာ တစ်ဖက်တစ်ချက်ရှိ အိမ်များ၏ ခြံစည်းရိုး ချဲ့ထွင်မှုကြောင့် လှည်းနှစ်စီး မရှောင်သာတော့သဖြင့် တစ်စီး ဝင်လာသောအခါတွင် တစ်စီး

က ခြံစည်းရိုး နံဘေးသို့ ကတ်ကတ်သတ်သတ် ကပ်၍ ရပ်စောင့်နေရတော့သည်။ ရွာဦး ရွာပဲ့၌ ရှိသော ဥပုသ်တော် မန်ကျည်းပင်ကြီး၊ လက်ခုပ်ပင်ကြီး၊ ညောင်ပင်ကြီး စသည်တို့မှုကား တစ်နှစ် နှစ်နှစ် ဆယ်နှစ်မျှသော အချိန်ကာလကို မဆိုထားဘိ၊ ကျွန်ုပ်တို့၏ ဘိုးဘွားများ လက်ထက်ကလည်း ဧရာမ သစ်ပင်ကြီးများအဖြစ်နှင့် ရှိခဲ့၍ အရိပ်ကြီးအောက်၌ သူငယ်တို့ ဘာဝ ကစား ခုန်စား ပြုလုပ်ကြပြီးနောက် အဘွားအို၊ အမယ်အို အဖြစ်နှင့် ဥပုသ်သီတင်း ဆောက်တည်ကြတော့လည်း ဧရာမ သစ်ပင်ကြီးများ အဖြစ်ဖြင့် အရိပ် အာဝါသ ပေးလျက် ရှိကြတော့သည့် သစ်ပင်ကြီးများအနက် ထနောင်းပင်များမှုကား အရက်ချက်သမားများက အခေါက်ခွာမှုကြောင့် ကြီးပြင်းအောင် မတည်ကြရရှာဘဲ နွားစားငုတ်အဖြစ်မှ အနိုင့်အနိုင် ကျော်လွန်အောင် ကြီးပွားရပြီးနောက် အရေခွာခံရ၍ တမျှင်းမျှင်း သေရှာကြသဖြင့် အပင်သစ် အပင်ပေါင်း မကြာမကြာ ပြောင်းလဲခြင်း ရှိလေသည်။ အတွင်း၌ ပတ်ဝန်းကျင်ရှိသော သစ်ပင်ကြီးများမှုကား ကြည့်လိုက်သည့်အခါတိုင်း ညို့ညို့မှိုင်းမှိုင်း စိမ်းစိမ်းစိုစိုဖြင့် နဂိုအသွင် မပြောင်းသကဲ့သို့ ထာဝစဉ် တည်မြဲသလို မှတ်ထင်ရလေတော့သည်။

ရွာ၌ နေထိုင်ကြသော ဦးပြည့်စုံ၊ ဦးကျော်ဟိုး စသော ပုဂ္ဂိုလ်များမှာ ယခင်က ဝင်းကြီးများအတွင်း ယခင်က နည်းအတိုင်း တိုလီမိုလီ အဆောက်အအုံ ခြံရံသည့် တိုက်ခံအိမ်ကြီးများ၌ပင် နေထိုင်လျက် ရှိကြသေးသော်လည်း၊ ရွာမှ ထွက်ခွာသွားကြသည့် ကျွန်ုပ်တို့၏ ဓာတ်လိုက် သုံးဦးမှာမူ နောက်ဆုံး ဖော်ပြခဲ့သည့် ကာလနောက် သုံးနှစ်မြောက် အချိန်တွင် အခြေအနေအားဖြင့် အကြီးအကျယ် ပြောင်းလဲခြင်း ရှိနေကြလေပြီ။

မသက်နှံမှာ အိမ်ထောင်ရက်သား မပြုသေးမူ၍ အပျိုဘဝ၌ ရှိနေသေးသည့်ပြင် ရုပ်ရည်မှာလည်း ယခင် သုံးနှစ်အခါက အတိုင်းပင် ချောမောလှပပါပေသေး၏။ သို့ရာတွင် မင်္ဂလာပွဲထိုင် အခမ်းအနား သွားတော့မည့်ကဲ့သို့ လက်ဝတ်လက်စား အမြဲ ဝတ်ထားလေ့ရှိသော မသက်နှံမှာ သရက်ထည် လုံချည် တစ်ပတ်နွမ်းနှင့် လက်ကောက်ကလေး တစ်ရန်မျှလောက်သာ ဝတ်၍ စက်ဝင်းအနီးရှိ နှစ်ဆင့်တိုက်ကြီးမှ ခပ်အိုအိုရှိသော ပျဉ်ထောင်အိမ်ကလေးသို့ ပြောင်းရွှေ့ နေထိုင်ကြရတော့သည်ကို တွေ့ရတော့သည်။ ၎င်းနှင့်အတူ ခင်လေးဆွေ နေထိုင်လျက် ရှိသည်ကား မှန်၏။ သို့သော် ခင်လေးဆွေမှာ ယခင်က ခင်လေးဆွေ မဟုတ်တော့ချေ။ လယ်ဧက တစ်ထောင်ကျော်ပိုင်သော မြေပိုင်ရှင်လည်း မဟုတ်၊ စက်သူဌေးမျှလည်း မဟုတ်တော့ချေ။

မောင်သာမြတ်မှာ ရွှေဘိုမြို့မှ ထွက်လာစဉ်က အတွင်းဝန်များရုံးတွင် စာရေးအလုပ်ကို လက်ခံရန် ဖြစ်သော်လည်း သုံးနှစ် ကျော်လွန်လာခဲ့သော ထိုအချိန်တွင် ကက်ပတိန် စစ်ဗိုလ်အဖြစ်နှင့် ပြည်ထောင်စု နိုင်ငံတော်၏ ကြည်းတပ်၌ အမှုထမ်းလျက် ရှိသည်ကို တွေ့ရ၏။ ကက်ပတိန် စစ်ဗိုလ်များ အနက်တွင်လည်း ကက်ပတိန်သာမြတ် ဆိုလျှင် အထက်ဆုံးသို့ ပေါက်ရောက်အောင် သိနေသည့် အထူး နာမည်ရ စစ်ဗိုလ်တစ်ယောက် ဖြစ်နေခဲ့လေပြီ။

မောင်လူမော်မှာ ရဲဘော် သူငယ်ချင်း တစ်ယောက်နှင့် နယ်မှ ထွက်သွားသည်ဟု ကျွန်ုပ်တို့ ဖော်ပြခဲ့ရာ သုံးနှစ် ကျော်လွန်သောအခါ၌ မင်းတိုင်ပင် အမတ် ဖြစ်နေသည်ကို တွေ့ရလေပြီ။

သို့ဖြစ်၍ သုံးနှစ်မျှသော အချိန်ကာလအတွင်း ၎င်းတို့၏ ရွာအခြေအနေနှင့် ရွာသူရွာသားများ၏ နေထိုင်ရေး အဆင့်အတန်းသည် မည်သည့်နေရာတွင်မျှ သိသာ ထင်ရှားလောက်အောင် ပြောင်းလဲခြင်း မရှိသော်လည်း၊ ဓာတ်လိုက် သုံးယောက်တို့၏ အခြေအနေမှုကား မမှတ်မိလောက်အောင် တက်သူ တက်၍၊ ကျသူ လျှောကျသွားသည်ကို တွေ့ကြရလေပြီ။ ထိုသူတို့သည် ဘယ်နည်း ဘယ်ပုံဖြင့် ဤမျှ ပြောင်းလဲခြင်း ဖြစ်သွားကြရသည်ကို တစ်လှည့်စီ ဖော်ပြရပေဦးအံ့။

လုံထမ်းလာသည်ကို မြင်နိုင်သော်လည်း ကံထမ်းလာသည်ကို မမြင်နိုင် ဟူ၍ ပြောတတ်ကြလေသည်။ အနောက်တိုင်းသားများသည် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်သကဲ့သို့ ကံစီမံသည့်အတိုင်း ခံရသည် ဟူ၍ လည်းကောင်း၊ အတိတ်ဘဝများက ပြုခဲ့သည့် ကံတည်းဟူသော အခြင်း အရာသည် ဖြစ်လေရာ ဘဝသို့ လိုက်၍ အကျိုးပေးတတ်သည်ဟု လည်း ကောင်း မယုံကြည်ကြဘဲ ဘုရားသခင်၏ အလိုတော်အတိုင်း စီမံရာ ခံကြ ရသည်ဟု ယုံကြည်ကြသော်လည်း Misfortunes never come single (မကောင်းကျိုးများသည် တစ်ခုချင်း မလာဘဲ အပြွတ်လိုက် လာတတ်သည်) ဟု ပြောတတ်ကြလေရာ အတိတ်ဘဝ မရှိလျှင် အပရာပရိယကံ ဟူ၍ မရှိသင့်ပါဘဲလျက် ၎င်းတို့က မကောင်းကျိုးများ လိုက်လာပုံကို ဘယ်ကဲ့သို့ လက်ခံနားလည်ကြသည်ဟု မပြောတတ်ပေ။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် ကံ ကံ၏ အကျိုးကို ယုံကြည်သောလူများ အဖို့မူကား ကံကို မမြင်နိုင် ဆိုစေကာမူ ကံ၏အရိပ်နိမိတ်ကို ကြည့်တတ်လျှင် မြင်ရသကဲ့သို့ ဖြစ်တတ် ၏။ ကုသိုလ်ကံ ဖြစ်စေ၊ အကုသိုလ်ကံ ဖြစ်စေ အကျိုးပေးဖို့ အခွင့်ကောင်း စောင့်နေသည့် လက္ခဏာရှိရာ အခွင့်သာသည်နှင့် တစ်ပြိုင်နက် ထိုသူကို ဖိ၍ အကျိုးပေးဟန် တူ၏။ အကုသိုလ်ကံ တစ်ခုက အခွင့်သာ၍ အကျိုးပေး သည့် အလှည့် ရသည့်အခါ အကြင်သူသည် ၎င်း အကုသိုလ်ကံ၏ အစွမ်း ကြောင့် ပြားပြားဝပ် ခံနေရသည်အတွင်း အခြားသော အကုသိုလ်ကံများ ကလည်း မြေနိမ့်ရာ လှံစိုက် ဟူသော စကားကဲ့သို့ ပြားပြားဝပ် လဲနေသော လူကို ဝိုင်းပြုံ၍ ဖိထောင်းကြဟန် တူ၏။ ထို့ကြောင့် မကောင်းကျိုးများသည် တစ်ခုချင်း မလာဘဲ အပြွတ်လိုက် အပြုံလိုက် လာတတ်သည် ဟူသော အနောက်တိုင်းသားများ၏ အယူအဆသည် (ကံကို မယုံကြည်သော လူစု၏





ပါးစပ်မှ ထွက်လာစေကာမူ) ကိုက်တိုက်တိုက် ရှိတော့သည်ဟု အောက်မေ့ မိပေသည်။

ထိုနည်းတူ ခွန်အားကောင်းသော ကုသိုလ်ကံ တစ်ခုက အခွင့်သာ၍ အကျိုးပေးသည့် အလှည့်ရသည့်အခါ ၎င်းကံ၏ အစွမ်းကြောင့် ထိုသူသည် မတ်မတ်ထောင်ထောင် ဖြစ်နေ၍ အခြားသော ကုသိုလ်ကံများကလည်း ဝိုင်းဝန်း ထောက်ပံ့ကာ မတ်သည်ထက် မတ်၊ ထောင်သည်ထက် ထောင်၊ ကြွသည်ထက် ကြွတက်အောင် ကူညီ အကျိုးပေးကြဟန် တူပေသည်။ မကောင်းကျိုး ဖြစ်စေ၊ ကောင်းကျိုးဖြစ်စေ တစ်ခုနှင့် မပြီးတတ်ဘဲ ဆက်ကာ ဆက်ကာ ပေါ်လာတတ်သည်ကို သတိနှင့်နေသူများ တွေ့ကြုံကြရမည် ဖြစ်ရာ ရှေ့ဆုံးမှ လာသော မကောင်းကျိုး သို့မဟုတ် ကောင်းကျိုးကို ကြည့်ခြင်းအားဖြင့် နောက်မှ လိုက်လာတတ်သည့် အကျိုးပေးများကို ကြိုတင် အကဲခတ်နိုင်ဖို့ ရှိသည်ဟု ဆိုခဲ့ခြင်း ဖြစ်လေသည်။ ကံထမ်းလာသည်ကို မမြင်နိုင်သော်လည်း အတော်အတန် အကဲခတ်နိုင်ဖို့ ရှိသည် ဟူလို။

မသက်နံနှင့် ခင်လေးဆွေတို့သည် ဆန်စက်နှင့် မနီးမဝေးရှိ နှစ်ထပ် တိုက်တွင် အစေခံ အခြွေအရံနှင့် ရွှေမရှား ငွေမရှား စိန်နီလာ လက်ဝတ် လက်စားများနှင့် တကွ တပျော်တပါး၊ လည်လား ပတ်လား စားစားသောက် သောက် နေထိုင်ကြစဉ် ဧက တစ်ထောင်နီးပါးရှိသော လယ်မြေများကို လယ်မြေဝေခြမ်းရေး ကော်မတီက သိမ်းယူလိုက်သည် ဆိုသော သတင်းဆိုး တစ်ခုသည် ရှေးဦးစွာ ဈေးဦးပေါက် ရောက်လာလေ၏။ ထိုတွင်မှ မကသေး၊ မသက်နံ မွေးသောရွာ၌ အကြီးဆုံးသော ခင်လေးဆွေ၏ စပါးကျီကြီး အတွင်း တစ်နှစ်တွက် လယ်စုရသော စပါးများနှင့် ဈေးနှုန်းချောင်သဖြင့် ဝယ်ယူ သိုလှောင်ထားသော စပါးများကိုပါ သူပုန်များက သိမ်းယူလိုက် သည် ဆိုသော သတင်းသည်လည်း နောက်ဆက်တွဲ အဖြစ်နှင့် လိုက်ပါလာ ပြန်တော့သည်။

လယ်စုနှင့် လူလုပ်သော လူရတတ်ဖြစ်ပါက ဤမျှဆိုလျှင်ပင် ချုံးပွဲ

ချ၍ ငိုလောက်ပေပြီ။ သို့သော် ခင်လေးဆွေမှာ မြို့ပေါ်၌ ဆန်စက်တစ်လုံး ရှိနေသောကြောင့် ခံနိုင်ရည် ရှိသည်ဟု ဆိုနိုင်ပါသေး၏။ သို့ရာတွင် ခင်လေးဆွေ၏ ကံကြမ္မာသည် ဤမျှနှင့် မရပ်တန့်သေးချေ။ အထက်ပါ သတင်း နှစ်ရပ် ရောက်လာပြီး၍ ရက်သတ္တ နှစ်ပတ်မျှ မကြာသေးမီ ခင်လေးဆွေ၏ ဆန်စက်တွင် ဘွိုင်လာ ပေါက်ကွဲ၍ အလုပ်သမား သုံးလေးယောက် ဒဏ်ရာ အနာတရ ထိခိုက်ရုံမျှမက ဓာတ်ဆီနှင့် ရေနံဆီများ သိုလှောင်ထားသော အခန်းကို မီးသင့်လောင်၍ ၎င်းမှ ဆန်စက်ကြီးကိုပါ ကူးစက် ပျံ့နှံ့သွားခဲ့ရာ တစ်နာရီကျော်ကျော်အတွင်း ခင်လေးဆွေမှာ စက်သူဌေးအရာမှ လျောကျ သွားခဲ့လေပြီ။ ခင်လေးဆွေ၌ စက်ဆို၍ မီးလောင်ထားသည့် သံဘီးဝိုင်းကြီး များနှင့် မသက်နှံ အပျင်းပြေ ချုပ်လုပ်သည့် စင်းကား အပ်ချုပ်စက်မျှသာ ကျန်လေတော့သည်။ မော်တော်ကားပင်လျှင် ဆန်စက်ထဲသို့ သွားခိုက်နှင့် ကြုံ၍ ဘွိုင်လာ ပေါက်ကွဲသော နေရာအနီးတွင် ဆိုက်ရပ်ထားသောကြောင့် မီးထဲသို့ ပါသွားခဲ့လေပြီ။

မိန်းမသားဖြစ်သည့်အလျောက် မီးအာမခံ ကုမ္ပဏီသို့ ပေးသွင်းရသော ငွေသည် စက်ကို မီးမလောင်ခဲ့လျှင် အလကား ပေးရခြင်း ဖြစ်သည်ဟု ယူဆခဲ့ရကား ခင်လေးဆွေမှာ ဆန်စက်ကြီးကို မီးပေါ်လည်း မထားခဲ့ချေ။ ထိုမျှသာမက မြန်မာစက်ပိုင်များသည် စပါး သိုလှောင်သော ရာသီများတွင် ချစ်တီးထံမှ ငွေတိုးနှင့် ချေးယူသဖြင့် အကြွေးမကင်းဘဲ ဖြစ်တတ်ကြရာ ခင်လေးဆွေမှာလည်း သူတစ်ပါးနည်းတူ ချေးယူခဲ့မိသည် ဖြစ်၍ မိမိ၏ နှစ်ထပ်တိုက်ကို ချစ်တီးလက်သို့ ကြွေးသွင်းလိုက်ရလေတော့သည်။ အားနာသော ချစ်တီးက ရုတ်တရက် မဆင်းသေးဘဲ ဆက်လက် နေထိုင်ဖို့ ပြောသော်လည်း မာနကြီးသော ခင်လေးဆွေက တိုက်ပေါ်မှ ဆင်းလာ၍ ပျဉ်ထောင်အိမ် တစ်လုံးတွင် လခနှင့် ငှားရမ်း နေထိုင်လေတော့သည်။

ဤမျှနှင့် မပြီးသေးချေ။ ခင်လေးဆွေနှင့် မသက်နှံတို့သည် တစ်ယောက်တည်းသော အစေခံ မိန်းမကြီးနှင့်အတူ အိမ်ဦးခန်းတွင် ရေဒီယို





ကာ စိတ်ပြေလက်ပျောက် နားထောင်လျက် ရှိကြစဉ် လူသုံးယောက် ရောက်လာ၍ ခြောက်လုံးပြူးပြ တောင်းသောကြောင့် မသက်နှံ၏ လက်ဝတ် လက်စား အကုန်လိုပင် ပေးလိုက်ရတော့သည်။

အထက်ပါ အဖြစ်အပျက် အားလုံးမှာ သုံးလခန့်အတွင်း တစ်ခုပြီး တစ်ခု ဆက်လက် ဖြစ်ပျက်ခဲ့ရကား လွန်ခဲ့သော သုံးလအချိန်က စက်သူဌေး အပျိုကြီး ခင်လေးဆွေဟု ခေါ်ဝေါ် သမုတ်ခဲ့ကြသော မိန်းမကြီးမှာ ပစ္စည်းမဲ့ လူတန်းစား ဘဝသို့ ခုန်ဆင်း လျောကျသွားခဲ့လေပြီ။

စက်ပိုင်သူဌေး ဖြစ်စဉ်က ဝင်လား ထွက်လား၊ စားလား သောက် လား နေခဲ့ကြသော မိတ်ဆွေများသည် တိုက်ကြီးကို ကြွေးသွင်း၍ ပျဉ်ထောင် အိမ်သို့ ပြောင်းရွှေ့လာခဲ့စ အခါက ခင်လေးဆွေအိမ်သို့ ဝင်ကြ ထွက်ကြ သေး၍ 'ဘယ်လို အကူအညီ လိုသလဲ၊ ကူပါရစေ ညီပါရစေ' စသည်ဖြင့် ပြောဖော် ရကြပါ၏။ သို့သော် မာနကြီးသော ခင်လေးဆွေက တောက် တောက်ခါးခါး ပြောလွှတ်တတ်သည် တစ်ကြောင်း၊ ဆင်းရဲသောအခါတွင် ကောင်းစားစဉ်က မိတ်ဆွေများကို တွေ့ရခြင်းသည်ပင်လျှင် ရှက်ဖွယ်တစ်ခု ကဲ့သို့ မှတ်ယူဟန်တူသည် တစ်ကြောင်း၊ အဖက် မလုပ်ချင်သူများက ရှောင်ကြ ကွင်းကြသည် တစ်ကြောင်းကြောင့် ခင်လေးဆွေ၏ နေအိမ်မှာ ခြောက်သွေ့ ငြီးငွေ့ဖွယ်ရာ ဖြစ်နေခဲ့လေပြီ။

မသက်နှံ ကိုယ်တိုင်မှာလည်း အလွန့်အလွန် စန်းပွင့်ခဲ့ရာမှ စန်းကုန် ၍ ခေတ်မှိန်သွားသည့် လက္ခဏာ ရှိ၏။ ယခင်ကမူ မသက်နှံကို ပိုးပန်းကြ သော မင်းပိုင်း စိုးပိုင်း လူများနှင့် ပွဲစား ကုန်သည်များသည် မသက်နှံကို တကယ် ရလျှင် တကယ် ယူမည်ဆိုသော အကြံအစည်နှင့် ပိုးပန်းခဲ့ကြခြင်း ဖြစ်၏။ ထိုအချိန်ကစ၍မူကား ပိုးပန်းသူ မရှားသေးသော်လည်း ရချင်သည် ကား အရင်၊ ယူဖို့ မယူဖို့ကား နောက် ဟူဘိသကဲ့သို့ အတည်သဘောမျိုး မဟုတ်တော့ဘဲ ကျောချင် နှပ်ချင်သော သဘောမျိုးနှင့် ပလူးပလဲ လုပ်ကြ တော့သည်။ ယခင်ကဲ့သို့ ခင်လေးဆွေထံ စပ်သူဟပ်သူ၊ ဘေးတီး အောင်

သွယ်သူများ မပေါ်လာတော့ဘဲ မသက်နှံကို ဘိုင်စကုတ် ပြချင်သူ၊ ဓာတ်ပွဲ ပြချင်သူတို့သာ ပေါ်လာကြလေတော့သည်။ သို့ရာတွင် မသက်နှံမှာ တက္ကသိုလ်မှ တစ်ခေါက်ပြန်ခဲ့၍ နပ်ပြီးသော မိန်းကလေးတစ်ယောက် ဖြစ်သောကြောင့် မျက်နှာချိုသွေးသော လူပေါ်ကြော့များ၏ ကျော့ကွင်းမှ လွတ်အောင် ရှောင်နိုင်ခဲ့လေသည်။ အသက် နှစ်ဆယ်ကျော်ရုံမျှ ရှိသေး၍ ပြည့်ဖောင်းသော ကိုယ်ကာယ ရှိနေသေးစေကာမူ မသက်နှံမှာ “သမီးကညာ အခါ မလင့်သာ” ဟူသော စကားကို မနာယူခဲ့သည့်အတွက် လင် တစ်ယောက်ကို ခေါင်းခေါက်ယူနိုင်ခဲ့သော အခြေအနေမှ စာရေးကြီး ကတော်၊ ဈေးသည်မယား အခြေအနေထက် တက်နိုင်ဖွယ်ရာ မရှိတော့ ဟူ၍ပင် ခန့်မှန်း ကုန်ကြလေပြီ။

နောက်ဆုံး၌ ခင်လေးဆွေသည် ရွှေဘိုမြို့၌ နေထိုင်ရခြင်းကို ရှက်သည်ဆို၍ မန္တလေးမြို့သို့ ပြောင်းရွှေ့ပြီးလျှင် ရပ်ကွက်တစ်ခုတွင် သေးငယ်သော အိမ်တစ်လုံးကို အိမ်လခ ခပ်ချောင်ချောင်နှင့် ငှား၍ သားအမိ နှစ်ယောက်နှင့် အစေခံမကြီး တစ်ယောက်၊ စုစုပေါင်း သုံးယောက် နေထိုင်ကြလေသည်။ မိန်းမကြီးမှာ လခဟူ၍ မပေးရဘဲ ငယ်ပေါင်းဖြစ်၍ မခွဲနိုင်သည့်အတွက် အတူ လိုက်ပါ နေထိုင်ခြင်း ဖြစ်လေသည်။

သားအမိနှစ်ယောက်တို့သည် ဝင်ငွေ မရှိသည်နှင့် ၎င်းတို့ ဝတ်ခဲ့သည့် ဇန်ကောက်လုံချည်၊ ဇင်းမယ်လုံချည်၊ ပိုးအင်္ကျီ စသော အဝတ်အစားများကို တစ်ထည်ပြီး တစ်ထည် ပေါင်နှံခြင်းအားဖြင့် လည်းကောင်း၊ နှုန်းချောင် ရချင်သော အိမ်နီးချင်းများသို့ ရောင်းချခြင်းအားဖြင့် လည်းကောင်း ဈေးသုံးရအောင် ဖန်တီးကြ၏။ ပထမ၌ ရွှေတို ငွေစ၊ ၎င်းနောက် ဝတ်ကောင်း စားကောင်းများ၊ ထို့နောက် သရက်ထည် လုံချည်၊ ဓာဘော်လီ စသည့် အဖိုးများစွာ မတန်သော အဝတ်များကိုပင် ရောင်းချ စားသောက်ကြရလေသည်။

ထိုအတောအတွင်း ခေတ်ပညာကို အိုင်အေထိအောင် သင်ဖူးသော





မသက်နှံက လခစားအလုပ် တစ်ခုခု ရှာဖွေ လုပ်ကိုင်ပါရစေဟု ပြောသော်လည်း ခင်လေးဆွေက သဘောမတူသဖြင့် မျှော်လင့်ချက် လုံးဝ မရှိဘဲ ရေစီးအတိုင်း မျှောလိုက်သော သူတို့ကဲ့သို့ ဆိုက်ချင်ရာ ဆိုက်၍ တင်ချင်ရာ ကမ်း တင်စေတော့ ဆိုကာ မျက်စိမှိတ်လိုက်ကြလေတော့သည်။

မန္တလေးမြို့သို့ ခေတ္တ ခဏမျှ အလည်အပတ် ရောက်ဖူးသော လူများသည် နန်းတော်၏ အနောက်ဘက်နှင့် တောင်ဘက် မျက်နှာတို့တွင် ပေ ၁၀၀ တိတိ ကျယ်ဝန်း၍ ဖြူးဖြောင့်လျက်ရှိသော လမ်းကြီးများနှင့် ၎င်းလမ်းများကို မျက်နှာမူကာ ဆောက်လုပ်ထားသည့် တိုက်တာ နေအိမ်များကိုသာ မြင်တတ်ကြ၍ မန္တလေးမြို့တွင် ၎င်း နေအိမ်များသာ ရှိသည်ဟု မှတ်ထင်ကောင်း မှတ်ထင်ကြပေလိမ့်မည်။ မန္တလေးမြို့၌ လမ်းတစ်လမ်းနှင့် တစ်လမ်း အကွာအဝေးကို “တစ်ပြ” ခေါ်၍ တစ်ပြ ပတ်လည် ဧရိယာ အတွင်း၌ ဝင်းကြီးများရှိရာ ဝင်းတစ်ဝင်းလျှင် လေးစိတ် ခွဲထား၍ ၎င်းတို့ကို လေးစိတ်ဝင်း ဟူ၍ ခေါ်ကြလေသည်။ လမ်းတိုင်းတွင် နံပါတ်လည်း ရှိ၍ လမ်းအမည်များလည်း မှည့်ခေါ်ထားသေးရာ လမ်းကို မျက်နှာပြုသည့် အိမ်တန်း၏ နောက်၌ရှိသော အထက်ပါ လေးစိတ်ဝင်းများမှာလည်း သူ့ အမည်နှင့်သူ တပ်ကြလေသည်။ ဥပမာ– ဂုဏ်တန်ရပ် ဆေးရိုးဝင်း ဟူ၍ လည်းကောင်း၊ ရသာတန်းရပ် ပဒေသာပင်ဝင်း ဟူ၍ လည်းကောင်း ရပ်ကွက်ရော ဝင်းအမည်ပါ ခေါ်တတ်ကြလေသည်။

တစ်ပြ ပတ်လည်ရှိ ဝင်းကြီးကို လေးခြမ်း ခြမ်း၍ လေးစိတ်ဝင်း ဖြစ်လာရာတွင် လေးစိတ်ဝင်း တစ်ဝင်း တစ်ဝင်း၌ အချို့နေရာတွင် လှည့်ချင်ရာ လှည့်၍ ဆောက်သော အိမ်များ၊ အချို့နေရာတွင် အတန်းလိုက် ဆောက်သော အိမ်များ၊ အချို့နေရာတွင် ဗဟို၌ အိမ်ကြီးတစ်လုံးရှိ၍ ၎င်းဘက်သို့ မျက်နှာမူကာ ပတ်ပတ်လည် ဆောက်ထားသော အိမ်များ စသည်ဖြင့် အမျိုးမျိုး ရှိကြလေသည်။ ခင်လေးဆွေနှင့် မသက်နှံတို့သည် အိမ်လခကြီး၍ အသွားအလာ ရှုပ်သော လမ်းမတန်း အိမ်ကို မငှားဘဲ နှုန်းချောင်၍ လူရှင်း

သော လေးစိတ်ဝင်း တစ်ဝင်းရှိ အိမ်ကလေး တစ်လုံးကို ငှားရမ်း၍ နေထိုင်ကြလေသည်။ ၎င်း လေးစိတ်ဝင်းများမှာ အလွန် ရှုပ်ထွေး စည်ကား၍ မော်တော်ကား၊ မြင်းရထားနှင့် ဆိုက်ကားသံတို့ဖြင့် ဆူညံစွာ ရှိနေသည့် ရုံတော်ကြီး အစရှိသော ရပ်ကွက်မျိုးနှင့် ကပ်လျက် ရှိစေကာမူ တိတ်ဆိတ်စွာ ရှိသည်ကို တွေ့ရ၏။ လေးစိတ်ဝင်းထဲမှ ထွက်လာ၍ ခြေလှမ်းများစွာ မလှမ်းရမီ တချွင်ချွင် တခွပ်ခွပ် တဝေါဝေါ တပေါ်ပေါ် မြည်အောင် ကူးသန်း သွားလာနေကြသော ယာဉ်အမျိုးမျိုးတို့၏ ဆူညံသော အသံကို ကြားရသဖြင့် အံ့သြကြပေလိမ့်မည်။

မသက်နှံတို့ နေကြသော အိမ်ကလေးသည် လေးစိတ်ဝင်း အလယ်၌ သားသားနားနား ဆောက်လုပ်ထားသည့် တိုက်ခံအိမ်ကြီး တစ်လုံးဘက်သို့ မျက်နှာမူလျက်ရှိရာ ၎င်းအိမ်ကြီးတွင် “ပန်းပေါင်း ခင်လေး” အမည်ရှိ မိန်းမကြီးတစ်ယောက် နေထိုင်၏။ ထိုမိန်းမကြီးမှာ မြန်မာမင်း လက်ထက် မင်းစိုးရာဇာ အဆက်အနွယ် ယောင်ယောင်၊ ခေတ်အရာရှိ ကတော်ကျယောင်ယောင်၊ ဘာယောင်ယောင်နှင့် အတော် အခံ့သား နေထိုင်လျက်ရှိ၏။ လေးစိတ်ဝင်းပေါက်မှ ရပ်၍ ၎င်းအိမ်ကြီးဆီသို့ မျှော်ကြည့်လိုက်လျှင် အိမ်ရှေ့ ပန်းပင် ပန်းအိုးများ၊ ပြတင်းပေါက်များ၌ တိုက်သရက်ထည် ခန်းဆီးများ၊ အိမ်နံဘေး၌ ယခင်က ကိုယ်ပိုင်ရထားလုံး၊ ယခု မော်တော်ကား ထားသည့် ရုံကလေး၊ ယောကျ်ား အစေခံ၊ မိန်းမ အစေခံများနှင့် အမြဲတမ်း ဖြီးလိမ်း၍ အခံ့သား ဝတ်ဆင်လျက် ရပ်ရည် သနားကမားရှိသော မိန်းကလေးများကို မြင်ရသဖြင့် လည်းကောင်း၊ စန္ဒရားသံ၊ ရေဒီယိုသံများ အကြားမှ တစ်ချက် တစ်ချက် ပေါ်ထွက်လာသည့် ရယ်မောသံများကို ကြားရသဖြင့် လည်းကောင်း အလွန် ပျော်စရာကောင်း၍ စည်းစိမ်နှင့် အခံ့သား နေထိုင်သော အိမ်ရှင်ပေတကားဟု ယူဆကာ ဝင်းထဲသို့ အတော် အတန်လူ ဝင်ဝံ့မည် မဟုတ်ချေ။

ပန်းပေါင်းခင်လေး ခေါ် ခင်ခင်ကြီး ခေါ် မြမြမှာ အသက် ၅၀ ခန့်





အရွယ်ရှိ၍ ဖြူဖြူဖိုင့်ဖိုင့်၊ မျက်ခုံးတုတ်တုတ်၊ နှုရေ ဖပ်ရေနှင့် စည်းစိမ်ရှင် ရုပ်လက္ခဏာရှိသူ တစ်ယောက် ဖြစ်ပေ၏။ မန္တလေးသို့ ရောက်လာသော ဘိလပ်သား အရာရှိကြီး မှန်လျှင် ထိုမိန်းမကြီး၏ အိမ်သို့ မရောက်ဖူးသူ မရှိချေ။ မြန်မာထဲက ဆိုပါမူ ဝန်ထောက် မြို့အုပ်များပင် ပုန်းလျှိုး ကွယ်လျှိုး ဝင်ထွက်ကြရ၏။ စာရေးစာချီ အတန်းအစားများမူကား အိမ်နားသို့ပင် မကပ်နိုင်ချေ။ နာမည်သုံးမျိုး ရှိနေရသည်မှာ အရပ်သူ အရပ်သားများက ပန်းပေါင်းခင်လေး ဟူ၍ လည်းကောင်း၊ အတော်အတန် အကျွမ်းဝင်သူများက ခင်ခင်ကြီး ဟူ၍လည်းကောင်း၊ ဥရောပတိုက်သား အရာရှိကြီးများက မြမြ ဟူ၍ လည်းကောင်း တစ်မျိုးစီ ခေါ်ကြသောကြောင့် ဖြစ်လေသည်။

မျက်နှာဖြူ အရာရှိကြီးများ၏ မျက်စိ၌ ဤ မိန်းမကြီးသည် ဖူးစာရေး နတ်သမီးကြီးဖြစ်၍ ၎င်း စေ့စပ် ပေးစားလိုက်သည့် အရေးပိုင်ကတော်၊ ရာဇဝတ်ဝန်ကတော်၊ မင်းကြီးကတော်များမှာ လက်နှစ်ဖက်နှင့် ရေတွက်၍ မစေ့နိုင်အောင် ရှိတော့၏။ အရာရှိကြီးများသည် ခင်လေးအပါး၌ အမြဲခြွေရံလျက်ရှိသော မိန်းကလေးများ၏ ရုပ်ရည် သန့်ပြန့်ခြင်းနှင့် အနောက်တိုင်း အမူအရာ နားလည်ခြင်းတို့ကို မြင်ရခြင်းအားဖြင့် ဗိုလ်ကတော်လောင်းကလေးများ ဟူ၍ နားလည်ကြ၏။ ငွေနှင့် ဝယ်၍ ရသည်ဟု တစ်ဦးတစ်ယောက်သော အရာရှိကမျှ မယူဆချေ။ အရေးပိုင် ဖြစ်စေကာမူ မိန်းကလေး တစ်ယောက်ကို မော်တော်ကားဖြင့် လေညင်းခံ ခေါ်၍ ခင်လေးက မထည့်၊ နောက်တောက်တောက် ပြီတီတီ အလုပ် မခံချေ။ အရေးပိုင်ကလုပ်လျှင် မင်းကြီးကို တိုင်နိုင်သော သတ္တိလည်း ရှိလေသည်။

မြန်မာများအနက်မှ မြို့အုပ် ဝန်ထောက် စသော အရာရှိများကမူ ၎င်းအိမ်ကို ဥရောပတိုက်သားများ အထင်ကြီးသကဲ့သို့ မကြီးကြချေ။ ခင်လေးအိမ်၌ ရှိသော မိန်းကလေးများအနက်မှ တစ်ယောက်တလေကို အချောင်ဖြုတ်ဖို့ ကြိုးစားတတ်ကြ၏။ နေရာကျသူများလည်း ကျကြ၏။ သို့ရာတွင် မိမိတို့ အထက်၌ ရှိသော ဥရောပတိုက်သား အရာရှိကြီးများကို ကြောက်ရ

သည့်အတွက် ၎င်းအိမ်ကြီးတွင် မင်းမူခြင်း၊ အနိုင်ကျင့်ခြင်း စသည်ဖြင့် လုပ်ဝံ့မည် ဝေးစွ၊ အထင်အရှား ထွက်ဝင်ခြင်းမျှပင် မပြုဝံ့ကြပေ။ အရေးပိုင်က အိမ်ရှေ့မှ ဝင်လာလျှင် မြို့အုပ် ဝန်ထောက် ဆိုသူများသည် နောက်ဖေးပေါက်မှ ခြေကုန်သုတ်ကြရလေသည်။ တောမှ ရောက်လာသော ဝန်ထောက် မြို့အုပ် လူလည်များသည် ခင်လေး၏ အိမ်ကို ဝင်လား ထွက်လား လုပ်ကြသော်လည်း အများအားဖြင့်မူ အန္တရာယ် များလှသည်ဆို၍ ဝေးဝေးမှ ရှောင်ကွင်းကြလေသည်။

မြန်မာပြည်မှ ဗြိတိသျှတို့ ထွက်ခွာသွား၍ လွတ်လပ်ရေး ရကြသော အခါ၌လည်း ခင်ခင်ကြီးသည် ရုပ်ရည် သန့်ပြန့်သော မိန်းကလေးများကို မွေးစား၍ လူကြီး လူကောင်း သားမယားအဖြစ်နှင့် တည်တည်တံ့တံ့ နေတတ် ထိုင်တတ်အောင် သင်ပြပေးပြီးလျှင် မင်းကတော် ဖြစ်စေအောင် စေ့စပ် လှော်ခပ်ပေးဖို့ ကြိုးစားသေး၏။ သို့ရာတွင် မြန်မာအရာရှိများနှင့် နိုင်ငံရေးသမားများကမူကား မျက်နှာဖြူ အရာရှိကြီးများ အထင်ကြီးဖူးသကဲ့သို့ ခင်ခင်ကြီးကို အထင် မကြီးကြတော့ချေ။ သို့နှင့်ပင် မြို့အုပ်ကတော်၊ ရာဇဝတ်အုပ်ကတော် မျှလောက် ဖြစ်အောင် ရံဖန်ရံခါ တတ်နိုင်ပေသေးသည်။

ခင်ခင်ကြီးသည် တောင်ပြုန်းပွဲ၊ ကထိန်ပွဲ၊ ဆွမ်းတော်ကြီးကပ်၊ ဘုရားပွဲ စသော ပွဲတော်များသို့ ပထမတန်း ဝတ်စား ဆင်ပြင်ထားသည့် မိမိ၏သမီးများနှင့် သိုက်သိုက်ဝန်းဝန်း သားသားနားနား သွားကြပုံများကို အခြားသော မိန်းကလေးများ မြင်ရသည့်အခါ ဤမိန်းမကြီး မွေးစားသော သမီး ဖြစ်ရလျှင် တော်လေစွဟု သွားရည်ကျလောက်အောင် ပျော်စရာကောင်းလှပါပေသည်။ မသက်နှံမှာလည်း ခင်ခင်ကြီးနှင့် မိန်းကလေးများ၏ အနေအထိုင်ကို အကဲခတ်မိရာ မဝတ်နိုင် မစားနိုင်သော ဘဝသို့ ရောက်နေသူ ဖြစ်သည့်အတိုင်း ၎င်းတို့ကဲ့သို့ ဝတ်ဝတ်စားစား သွားသွားလာလာ နေရလျှင် ကောင်းလေစွဟု တစ်ခါတလေ မအောက်မေ့မိဘဲ မနေနိုင်ချေ။





သို့သော် အခံ့စား ယောကျ်ားများ ဝင်ကြ ထွက်ကြသည်ကို မြင်ရသောကြောင့် မှုမှန်ပါ၏လောဟု ယုံမှားသံသယ ဖြစ်မိလေသည်။

ခင်ခင်ကြီးသည်လည်း မသက်နှံတို့ ပြောင်းရွှေ့လာသည်ကို မြင်ကတည်းက မသက်နှံ၏ ရုပ်ရည်ကို သဘောကျ၍ မျက်နှာချိုသွေးကာ မိတ်ဖွဲ့၏။ မိန်းကလေးများကို မသက်နှံ၏ အိမ်ကလေးသို့ လွှတ်၍ တစ်ခါတစ်ရံ အလည်အပတ် လာဖို့ ဖိတ်ခေါ်စေ၏။ သို့သော် မသက်နှံက မသင်္ကာသည်နှင့် တစ်ကြိမ်မျှ လည်ပတ်ဖူးသည် မရှိသေးချေ။ ခင်ခင်ကြီးကမူ မသက်နှံက တွန့်ဆုတ်ခြင်းအတွက် စိတ်ပျက်ဟန် မရှိဘဲ သဇင်ပန်း၊ ခွာညိုပန်း၊ သရဖီပန်း အစရှိသည့် တစ်နှစ်တစ်ခါ ရာသီအလျောက် ပေါ်သော ပန်းများကို မသက်နှံသို့ လက်ဆောင်ပို့လျက် ရှိလေသည်။ စင်စစ်မှာ ခင်ခင်ကြီးသည် မုဆိုးမဖြစ်၍ ကွယ်လွန်သူ လင်ယောကျ်ား ထားခဲ့သည့် ဆီစက် တစ်လုံးမှ ဝင်ငွေဖြင့် စားနိုင်သောက်နိုင် ရှိရကား မိန်းကလေးများ အပေါ်မှ မျှော်လင့်ချက် သက်သက်ဖြင့် မွေးမြူထားခြင်း မဟုတ်၊ မိန်းမချောကလေး တစုတဝေး ခြံရံကာ နေချင်သော ဝါသနာနှင့် အောင်သွယ်ပေးရခြင်း အလုပ်၌ အရသာခံတတ်သည့်အတွက် ထိုကဲ့သို့ မွေးမြူထားခြင်း ဖြစ်လေသည်။ မသက်နှံတို့ ၎င်းဝင်းထဲသို့ ရောက်လာပြီးသည့်နောက် တစ်နှစ်ခန့် အတွင်းတွင် ခင်ခင်ကြီးနှင့် မသက်နှံတို့ အတော်အတန် မျက်မှန်းတန်းမိကြသော်လည်း မသက်နှံသည် ခင်ခင်ကြီး၏ အိမ်သို့ အပူတပြင်း အလည် ခေါ်ခြင်းကြောင့် တစ်ခေါက် ရောက်သွားခြင်းမှ တစ်ပါး ကူးသန်းခြင်း မများလှသေးပေ။

## အခန်း ၈

သူငယ်ချင်း ရဲဘော်တစ်ယောက်နှင့် နယ်မှ ထွက်ခွာသွားသည့်နောက် သုံးနှစ် အတွင်းတွင် မောင်လူမော်မှာ မင်းတိုင်ပင်အမတ် အဖြစ်သို့ ရောက်နေသည်ဟု ဖော်ပြခဲ့ရာ ဖြစ်ပုံဖြစ်နည်းကို ဖော်ပြရပေဦးမည်။

မောင်လူမော်သည် ကြွေးတောင်းရသော ငွေသုံးရာကို ပိုက်၍ သူငယ်ချင်း ရဲဘော်နှင့်အတူ ရဲဘော်များ အလုံးအရင်းနှင့် စုဝေးနေသော နယ်တစ်နယ်သို့ ရောက်သွားကြ၏။ ရဲဘော်များမှာ အများအားဖြင့် ခေတ်ပညာ အနည်းငယ်မျှသာ တတ်ကြသည်ဖြစ်၍ ပညာတတ်ဆိုလျှင် ၎င်းတို့အနက်တွင် အကြီးအကဲဖြစ်ဖို့ များစွာ မခဲယဉ်းလှပေ။ မောင်လူမော်မှာ ဘီအေ မအောင်ရုံတမည် ကျန်တော့သည့် တက္ကသိုလ်ကျောင်းသား တစ်ယောက် ဖြစ်သည့်ပြင် နိုင်ငံရေးစာအုပ်များကို ဖတ်ရှု လေ့လာခဲ့ခြင်း၊ စကားရည်လုပွဲ အလေ့အကျင့်နှင့် နဂို ပါရမီခတ်ခံကြောင့် သူတစ်ပါး နားကျလောက်အောင် ပြောတတ်ခြင်း၊ အမှန်အားဖြင့် ကြံရည်ဖန်ရည် ရှိခြင်းတို့ကြောင့် ရဲဘော်ထဲသို့ ရောက်သွားပြီးနောက် မကြာမီ အတွင်း၌ပင် ၎င်းနယ်အတွက် ခေါင်းဆောင်တစ်ယောက် ဖြစ်လာတော့သည်။ မောင်လူမော်သည် နိုင်ငံရေးလမ်းဖြင့် တက်လိုခဲ့လျှင် မိမိကို ကြည်ညိုအားထားသည့် နောက်လိုက်နယ်သား အများအပြား ရှိရမည်ဟူ၍ နားလည်၏။ နယ်သားများ ကြည်ညိုအားထားခြင်း ခံယူရရှိဖို့ဆိုလျှင် ဘာမဆို ပြုလုပ်မည် ဟူ၍လည်း ဆုံးဖြတ်ထား၏။ တိုင်းပြည် လှုပ်လှုပ်ရွရွ ဖြစ်နေသော ထိုအချိန်တွင် အစိုးရကိုယ်တိုင် ဝိုင်းဝိုင်းလည်လျက် ရှိသောကြောင့် အစိုးရ ဥပဒေနှင့် လျော်ညီသည် ဖြစ်စေ၊ မလျော်ညီသည် ဖြစ်စေ နယ်သူနယ်သား အကျိုးအတွက် မိမိက စွမ်းစွမ်းတမံ စီမံ ဆောင်ရွက်လျှင် အစိုးရ၌ မိမိကို အရေးယူရန် ခွန်အား မရှိ၊ နယ်သူနယ်သားများ၏ လေးစား အားထားခြင်း ခံရလိမ့်မည် ဟူ၍ တွက်ကိန်း ထုတ်လေတော့သည်။

မောင်လူမော် ရောက်သွားသောနယ်၌ နယ်သူ နယ်သားများမှာ ဆန်စပါး ရှားပါးသောဒုက္ခနှင့် ရင်ဆိုင်လျက်ရှိရာ အစိုးရက အခမဲ့ လုံလောက်အောင် ဝေငှရန်လည်း မတတ်နိုင်။ မြေပိုင်ရှင်ကြီးများ၏ ကျီထဲ၌ရှိသော စပါးများမှာလည်း အဖိုးကြီးလှသောကြောင့် နယ်သူနယ်သားများက ပိုက်ဆံပေး၍ ဝယ်ယူစားသောက်ရန် မတတ်နိုင်ဘဲ ရှိကြတော့သည်။





သို့ဖြစ်၍ ၎င်းနယ်၌ အသင့်အတင့် တတ်နိုင်သော လူများသည် ဆန်အနည်းငယ်ကို ပဲနှင့် ရော၍ လည်းကောင်း၊ ရေကျဲကျဲဖြင့် ဆန်ပြုတ် ပြုတ်၍ လည်းကောင်း စားသောက်နိုင်ကြသေးသော်လည်း လက်လုပ်လက်စားများမှုကား တစ်နေ့ပတ်လုံး တစ်အိမ်သားလုံး အလုပ် လုပ်ကြပါလျက်နှင့် ဆန် တစ်စလယ်ဖိုး မရနိုင်သဖြင့် ကွေ့ဥ၊ မျောက်ဥ စသော ဥမျိုးစုံတို့ကို ပြုတ်စားကြရ၏။

တစ်နေ့၌ မောင်လူမော်သည် မိမိ၏ တပည့်ရဲဘော်များနှင့် စည်းဝေးတိုင်ပင်၍ ၎င်းနယ်တစ်ဝိုက်၌ရှိသော မြေပိုင်ရှင်များ၏ စပါးကျီများကို ဖောက်ယူပြီးလျှင် ငတ်ပြတ်သော နယ်သူနယ်သားများသို့ ဝေငှရန် ဆုံးဖြတ်ကြလေသည်။ စပါးရှင်များ၌ စပါး ဆုံးရှုံးရုံနှင့် မသေနိုင်။ ဆင်းရဲသားများမှာ ချက်ချင်း ဝမ်းဝ၍ ချက်ချင်း ချောင်ချိသွားသဖြင့် မိမိတို့အား ကျေးဇူးတင်ကြ၍ နောက်နောင်တွင် အသုံးဝင်လိမ့်မည်ဟု မောင်လူမော် တွေးမိလေသည်။

နောက်တစ်နေ့တွင် မောင်လူမော် အမှူးရှိသော ရဲဘော်များသည် ရွာသားများအား ဆန်လိုချင်လျှင် လှည်းနှင့် လိုက်ခဲ့ကြ ဆို၍ လှည်းပေါင်း ၁၀၀ ကျော်မျှကို ရှေ့ဆောင် ခေါ်ငင်သွားကြပြီးလျှင် မြို့ကလေး တစ်မြို့နှင့် မနီးမဝေးတွင်ရှိသော ဆန်စက်မှ ဆန်အိတ်များကို လှည်းများနှင့် တိုက်ယူကြလေ၏။ စက်ပိုင်ရှင်သည် မြို့၌ရှိသော ဌာနသို့ လူလွှတ် တိုင်တန်းသော်လည်း ထိုအခါက စိတ်မပါ့တပါ အမှုထမ်းလျက် ရှိသော ပုလိပ်များက ယီးတီးယားတား လုပ်နေ၍ ၎င်းတို့ ရောက်လာသောအချိန်တွင် စက်ဂိုဒေါင်မှ ဆန်အိတ်များသည် လှည်းများပေါ်သို့ ပါသွား၍ ရွာသူရွာသားများက ချက်ပြုတ် စားသောက်နေကြလေပြီ။

ဤနည်းဖြင့် ဓနရှင်များ၏ ဆန်စက်များမှ ဆန်အိတ်များကို ထုတ်ယူ၍ ပြောင်စင်သည့်အခါ လူမော်တို့ လူစု ရဲဘော်များသည် အစိုးရ ဝယ်ထားသော ဆန်အိတ်များကို လုယူကြပြန်လေရာ၊ အစိုးရမှာလည်း နိုင်ငံခြားသို့ တင်ပို့ ရောင်းချရန်အတွက် ဆန်အိတ် တန်ချိန် ထောင်ပေါင်း

များစွာ ဝယ်ယူ စုဆောင်းနေခိုက် ဖြစ်၍ တစ်နေရာ တစ်နေရာ၌ အစုလိုက် အပုံလိုက် ရှိနေရကား ရဲဘော်များသည် လူအင်အားကောင်းသည့် အခါများတွင် ဖွတ်ဝင်လုကြ၍၊ အင်အား မတောင့်တင်းသော အခါတွင် အလစ်ချောင်းကာ အုပ်ကြလေ၏။

ဤကဲ့သို့ လုဖန်များလှသော် အစိုးရ၌ အရှုံးကြီး ရှုံး၍ ပုလိပ် အဖွဲ့လောက်မျှနှင့် မနှိမ်နင်းနိုင်သဖြင့် စစ်တပ် စေလွှတ် နှိမ်နင်းရလေတော့သည်။ ထိုအခါ ဌာနာမှ ပုလိပ်မျှလောက်ကို မဖြုံသော လူမော်တို့ ရဲဘော်များသည် ရွာများတွင် မနေတော့ဘဲ တစ်ခါတည်း တောခို၍ သူပုန်ဖြစ်သွားကြလေတော့သည်။ သို့နှင့်ပင် လူမော်သည် "ဗိုလ်နေမျိုး" ဟူသော နာမည်ကို ယူလျက် ဂျပန်လက်ထက်က အနှံ့အပြား ကျဲပြန့်နေခဲ့သော ရိုင်ဖယ် သေနတ်နှင့် လက်ပစ်ဗုံးများကို စုဆောင်းပြီးလျှင် အစိုးရ ဆန်များသာမက အစိုးရ ငွေတိုက်များကိုပါ အလစ်ဝင်၍ တိုက်ခိုက် လုယူလေတော့သည်။ ရရှိသော ဆန်နှင့် ငွေများကို နယ်သားများသို့ အထိုက်အလျောက် ဖြန့်ဖြူး ဝေငှလေရကား နယ်သားများသည် လူမော်ကို ဗိုလ်နေမျိုး ဟူသောအမည်နှင့် နှုတ်ဖျားတွင် ချီးကျူး၍ မဆုံးအောင် ရှိကြလေ၏။ ဗိုလ်နေမျိုး၏ ထောက်ပံ့ စွန့်ကြဲခြင်း ခံရသော နယ်သားများကမူ ၎င်းအား အဟုတ်တကယ် ကြည်ညိုလေးစားလျက် ရှိကြသည်ဖြစ်၍ အစိုးရတပ်ကြီးများ ချီတက်လာသည်ဟု သတင်းရသော အခါများတွင် မိုင်ပေါင်း ၂၀ ကျော်၊ ၃၀ ခရီးမှ ခြေကျင်လာ၍ လူမော်အား သတင်းပေးကြလေသည်။ တောသူတောင်သားတို့ မည်သည်မှာ စည်းကမ်း ဥပဒေသော ဘာသော နားမလည်၊ မိမိတို့ စားရသောဘက်သို့ မေတ္တာထားကြလေရကား လူမော်မှာ သူလျှိုအမြောက်အမြား အချောင်ရထား၍ ၎င်းကိုနှိမ်နင်းသော အစိုးရစစ်တပ်များမှာ အခက်အခဲ တွေ့ရလေတော့သည်။ အစိုးရတပ်က စုံစမ်းသည့်အခါ လူမော်တို့ တောင်ဘက်၌ ရှိလျှင် မြောက်ဘက်သို့ ပို့လိုက်၍ လူမော်ထံသို့ကား အပြေးအလွှား သွားရောက် သတင်းပို့ကြလေ၏။





လူတို့မည်သည် မကောင်းသောအလုပ်ကို ဆောင်ရွက်သည် ဖြစ်စေ၊ ကောင်းသောအလုပ်ကို ဆောင်ရွက်သည် ဖြစ်စေ ကုသိုလ်ကံ ထောက်ပံ့သည့် အလှည့်အပတ်တွင် လုပ်သမျှ အောင်မြင်တတ်ခြင်းကို အသက် လေးငါးဆယ် နေမိသောအခါ၌ သဘောပေါက်ကြပေလိမ့်မည်။ ငယ်ရွယ်တုန်းအခါကမူ ကောင်းသော အလုပ်ဘက်မှ အခါခပ်သိမ်း အောင်မြင်ရမည် ကဲ့သို့ မှတ်ထင်တတ်ကြ၍ ကံ အကြောင်းကို နားမလည်ကြချေ။ စင်စစ်သော်ကား မကောင်းသော အလုပ်ပင် ဖြစ်စေ ကံလိုက်သော အခိုက်တွင် ထမြောက် အောင်မြင်၍ ကံ မလိုက်သော အလှည့်အပတ်၌ အမှန် ကောင်းမြတ်သော လုပ်ငန်း ဖြစ်ပါလျက် ထစ်ထစ်ငေါ့ငေါ့ အလွဲလွဲ အချော်ချော် ဖြစ်ရတတ်ပေရာ လူမော်မှာ ဆောင်ရွက်သမျှတွင် အောင်မြင်၍ မိမိကိုယ်ကို အထင်ကြီးလာပြီးလျှင် မိမိ၏ ကြံရည်ဖန်ရည်ကြောင့် အောင်မြင်သည်ဟု တစ်ထစ်ချ ယူဆလာခဲ့လေပြီ။ ဆန်စပါးများကို လု၍ ဝေငှခဲ့ရာမှ ပုလိပ်ဌာနာများကို စီး၍ လက်နက်များ လုယူခြင်း၊ ငွေတိုက် တူးဖောက်ခြင်း၊ မီးရထားများကို ရပ်၍ ဓားပြတိုက်ခြင်း စသည့် အလုပ်များတိုင်အောင် တဖြည်းဖြည်း ဇက်ရဲလာခဲ့လေပြီ။ ဗိုလ်နေမျိုး၏ စည်းကမ်းတစ်ခုမှာ ပစ္စည်းကို လုယူစေကာမူ လူကို သတ်သည်အထိ မဖြစ်စေရအောင် နောက်လိုက် ငယ်သားများအား အထူးသတိထားစေ၏။ အသက် အသေခံ၍ ခုခံသောလူ ဟူ၍ အလွန်ရှားသောကြောင့် လူမော်တို့လူစုသည် လူသတ်မှု မဖြစ်စေဘဲ အစိုးရ ဘဏ္ဍာများကို လုယူနိုင်ခဲ့ကြလေသည်။

သို့ဖြစ်၍ လူမော်မှာ နယ်မှ ထွက်လာ၍ တစ်နှစ်ခန့်မျှ အတွင်းတွင် နယ်သူနယ်သားများ၏ နှုတ်ဖျား၌ "ဗိုလ်နေမျိုး.... ဗိုလ်နေမျိုး" စသည်ဖြင့် တစ်မျိုးတည်း မျိုးလျက် ချီးကျူး တသကြရသည်နှင့်အတူ အစိုးရဘက်၌လည်း နာမည် အလွန်ကြီးလာ၍ ဗိုလ်နေမျိုးကို ဖမ်းဆီးရန် ကိစ္စအတွက် ပုလိပ်မင်းကြီးနှင့် စစ်ဗိုလ်ချုပ်တို့ တိုင်ပင်ကြရသည်အထိ ကြီးကျယ်လျက် ရှိလေပြီ။ ထိုအချိန်မှာ နယ်မှ လူမော် ထွက်လာပြီးသည့်နောက် တစ်နှစ်

ကျော်မှုလောက်သာ ရှိသေးသည်ဖြစ်၍ လူမော်သည် မင်းတိုင်ပင် အမတ်မဖြစ်သေးဘဲ ဗိုလ်နေမျိုး အမည်နှင့် သူပုန်ဗိုလ်တစ်ယောက် အဖြစ်၌သာ ရှိပေသေး၏။

## အခန်း ၉

မောင်သာမြတ်သည် အတွင်းဝန်များရုံး၌ စာရေးလုပ်နေခိုက်တွင် နှမဖြစ်သူ မငွေညီ အသည်းအသန် ဖျား၍ ရွှေဘိုမှ ဆရာဝန်များ ပင့်ခေါ် ကုသနေရကြောင်း ကြေးနန်းရသည်နှင့် အထက်လူကြီးထံ ခွင့် ၁၀ ရက် ပန်၍ ရွာကို အမြန် ပြန်လာခဲ့လေ၏။ မောင်သာမြတ် ရောက်လာပြီးသည့် နောက်တစ်နေ့၌ပင် မငွေညီ ရောဂါမှာ ဆေးရုံကြီးသို့ ပို့၍ ကုသမှ ဖြစ်နိုင်မည် ဆိုသောကြောင့် မော်တော်ကားကို ဖြည်းညင်းစွာ မောင်းလျက် ရွှေဘို ဆေးရုံသို့ ပို့လိုက်ကြရလေသည်။

ထိုအခါက မသက်နုံတို့ သားအမိမှာ စီးပွား မပျက်သေးသဖြင့် နှစ်ထပ်တိုက်၌ပင် နေထိုင်လျက်ရှိရာ မောင်သာမြတ်သည် နှမကို ဆေးရုံသို့ တင်ထားရင်း မသက်နုံတို့၏ နေအိမ်သို့ နေ့စဉ်အမျှ သွားရောက်ကာ ပိုးပန်းသမှု ပြုခွင့်ရပြန်၏။ မသက်နုံကမူ ဤကိစ္စကို မိမိအား နားမပူဘဲ ခင်လေးဆွေကိုသာ ပြောဖို့ လွှဲချ၍ ခင်လေးဆွေကမူ လူတစ်ဖက်သား ယောက်ယက်ခတ် ဖြစ်နေခြင်းကို အရသာခံ၍ ကြည့်နေသည့် လက္ခဏာနှင့် ငယ်သေးသဖြင့် မခွဲနိုင်ဆိုသော ဆင်ခြေတစ်လုံးဖြင့် ကာကွယ်လျက် ရှိလေတော့သည်။ တစ်နေ့သ၌ မောင်သာမြတ်နှင့် မသက်နုံတို့ တစ်ယောက်ချင်း စကားပြောခွင့် ရခိုက်တွင်–

'ကိုသာမြတ် အလုပ်က ရုံးမှာ ဘာများ လုပ်ရတာလဲရှင့်'

'အောက်ဆုံးတန်းစာရေး ရှိသေးတော့ ကိုယ့်ဌာနနဲ့ဆိုင်တဲ့ စာတစ်စောင် ရောက်လာရင် သက်ဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ဖိုင်တွဲကို ယူ၊ စက္ကူရွက်ကလေး အပ်ထိုးကပ်၊ မှတ်ချက်ရေး၊ ရုံးဝန်ထောက်ဆီတင်၊ ဒါမျိုးလောက်ပါပဲဗျာ'

'ပျင်းစရာကြီးရှင်၊ ယောကျ်ားတန်မဲ့နဲ့ ဒါလောက်နဲ့ ပြီးရတော့မှာလား'

'ပျင်းရင်လည်း ဘယ့်နှယ်လုပ်မလဲဗျ၊ အလုပ်က ဒါပဲ ရှိတာကိုး'

'ယောကျ်ားဆိုပြီး ယောကျ်ားနဲ့တန်တဲ့ အလုပ်မျိုး လုပ်မှပေါ့၊ ရှင့်ဟာက မိန်းမတွေ လုပ်နိုင်တဲ့ အလုပ်မျိုးကပဲ'

'ဟုတ်တော့ ဟုတ်တာပဲ မသက်နုံ၊ ကျုပ်လည်း စဉ်းစားနေတာပဲ၊ ဝန်ထောက်စာမေးပွဲ ဝင်ဖို့ စာကျက်ရင်း ဝင်ရတဲ့ အလုပ်ပါပဲ'

'စာမေးပွဲအောင်လို့ ဝန်ထောက်ဖြစ်တော့ကော စားပွဲနဲ့ ကလောင်တံပဲ မဟုတ်ဘူးလား'

'ကလောင်တံနဲ့ ရေးဖို့ ဦးနှောက်ထဲက ဉာဏ်ထုတ်ရသေးတာကိုး မသက်နုံရဲ့'

'ဒါကလည်း ဟိုလို ဒီလို ဖြန်းသန်းပြီး အစီရင်ခံစာ ရေးတယ်ဆိုတာပါပဲ၊ မိန်းမ မလုပ်နိုင်တဲ့ အလုပ်မျိုး မဟုတ်ပါဘူး'

'လုပ်တတ်ရင် မိန်းမလည်း ဖြစ်နိုင်မှာပေါ့လေ'

'ကျွန်မတို့ကတော့ ယောကျ်ားဆိုရင် ယောကျ်ားမှ လုပ်နိုင်တဲ့ အလုပ်မျိုး လုပ်မှ သဘောကျတယ်၊ အားရတယ်၊ ကျေနပ်တယ်။ တကယ်ဆိုကိုလူမော်ကို ကြည့်ပါလား၊ လူအများကတော့ သူပုန်လို့ ခေါ်ကြမှာပေါ့၊ ဒါပေမဲ့ ကျွန်မတော့ သဘောကျတယ်၊ သိပ်အားရတယ်'

'သတင်းစာတွေထဲမှာ သူပုန်ဗိုလ် လိုလို၊ ဓားပြလိုလို ကြေညာပြီး ဆုငွေ ထုတ်ထားပါကလား'

'ဘာဆိုဆို ဘာပြောပြော ယောကျ်ားဆို စွန့်စွန့်စားစား နင်လားငါလား လုပ်တတ်ပါမှပေါ့၊ ပန်ကာအောက်မှာ ကုလားထိုင်ပေါ် ထိုင်ပြီး

ကလောင်တံကလေးနဲ့ ခြစ်နေလို့ ဘာလုပ်မှာလဲ၊ ဒါမျိုးတော့ မိန်းမလည်း သင်ထားရင် လုပ်တတ်တာပဲ’

မောင်သာမြတ်မှာ မသက်နှံ့ ပြောသော စကား၌ အဓိပ္ပာယ် အထိုက်အလျောက် ရှိသည့်ပြင် လူမော်နှင့် နှိုင်းယှဉ် ဖော်ပြခြင်းကို ဘယ်အခါမှ မခံမရပ်နိုင်လေရကား မသက်နှံ့က တမင် ခနဲ့၍ ပြောလိုက်ခြင်းကိုပင် တကယ် မခံချင်သောစိတ် ဖြစ်ပေါ်လာလေတော့သည်။ လောက၌ လူတစ်ယောက်၏ အနာဂတ်ရေးသည် တစ်ခါတစ်ရံတွင် ကရော်ကမည် ပြောလိုက်သော စကား တစ်ခွန်းတလေကို အကြောင်းပြု၍ အကြီးအကျယ် ပြောင်းလဲခဲ့ဖူးလှလေပြီ။

မောင်သာမြတ်သည် ခွင့်ရက်စေ့ကုန်၍ ရန်ကုန်သို့ ပြန်ရောက်သော အခါတွင် အစိုးရက စစ်ဗိုလ် အတတ်သင်ကျောင်းအတွက် ပညာတတ် လူငယ်များ ခေါ်ယူနေခိုက်နှင့် ကြုံကြိုက်၍ လျှောက်လွှာတင်လိုက်ရာ လက်ခံကြောင်း ပြန်စာ ရသဖြင့် စာရေးအလုပ်မှ နုတ်ထွက်ပြီးလျှင် စစ်ကျောင်းသို့ တက်လေတော့သည်။

ကျောင်းမှ ဆင်းလာသည့်နောက် လက်ဖတင်နင် သာမြတ်သည် စစ်ဘက်ဆိုင်ရာ အလုပ်ဝတ္တရားများ ဆောင်ရွက်နေဆဲတွင် လူမော်မှာ ဗိုလ်နေမျိုး အမည်နှင့် တိုင်းပြည်တွင် နာမည်ကြီးလျက် ရှိနေလေပြီ။ လူမော်သည် တစ်နေ့တခြား ဖက်ရဲလာ၍ အစိုးရ၏ ဘဏ္ဍာကို လုယူရုံသာမက အစိုးရ စစ်မှုထမ်းများကို အရှုး လုပ်သည်အထိ စော်ကားလျက် ရှိလေပြီ။ တစ်ခါက လူမော်သည် တောသားတစ်ယောက်ယောင် ဆောင်၍ စစ်စခန်းသို့ သွားပြီးလျှင် ဗိုလ်နေမျိုးတို့ လူစုရှိသော နေရာကို သတင်းပေးသွား၏။ စစ်ဗိုလ်က တကယ်မှတ်၍ သတင်းပေးသော နေရာသို့ စစ်သား အလုံးအရင်းနှင့် လိုက်သွားရာတွင် လူမော်တို့လူစုသည် အစောင့်စစ်သား အနည်းငယ်နှင့် ထားခဲ့သော ငါးသေတ္တာဘူး၊ အာလူး၊ ပဲ၊ ငါးခြောက် စသော စားနပ်ရိက္ခာများကို ဝင်ရောက် လုယူသွားကြလေသည်။ စစ်ဗိုလ် ပြန်ရောက်လာ၍





အဖြစ်အပျက်ကို သိရသည့်အခါ ဒေါပွလှသဖြင့် ‘ဒီအကောင်ကို တွေ့ရာ နေရာတွင် အရှင် မဖမ်းဘဲ အသေ ပစ်သတ်မည်’ ဟု ကြုံးဝါးလေသည်။ ၎င်းစစ်ဗိုလ်သည် ဌာနကြီးသို့ ခေတ္တ ပြန်သွားရာတွင် မိမိ၏ အမည်နှင့် စာတိုက်မှ စာတစ်စောင် ရောက်နေ၍ ဖွင့်ကြည့်သောအခါ “မိတ်ဆွေ.... ပစ်သတ်တာတော့ ဟုတ်ပါပြီ၊ တွေ့အောင် ရှေးဦးစွာ ရှာစမ်းပါဦး” ဟူ၍ ရေးထားသည်ကို တွေ့ရလေသည်။

တစ်နေ့သ၌ လက်ဖတင်နင် သာမြတ်သည် သူပုန်နှိမ်နင်းရေး အတွက် ဗိုလ်ချုပ်က တာဝန်ချထားရာတွင် မိမိအား အခြားဒေသသို့ မပို့ဘဲ ဗိုလ်နေမျိုး သောင်းကျန်းနေသော နေရာသို့ စေလွှတ်ပါမည့် အကြောင်း၊ နေမျိုး ဆိုသူသည် မိမိ ထင်သောလူ ဖြစ်ခဲ့လျှင် ကျောင်းနေဖက် ဖြစ်၍ ၎င်းကို ကောင်းကောင်းသိသောကြောင့် အခြား စစ်ဗိုလ်တစ်ယောက်ကို အရှုး လုပ်သကဲ့သို့ မိမိကို အရှုးလုပ်နိုင်ဖို့ မရှိကြောင်း ပြောပြလေ၏။ ဗိုလ်ချုပ်သည် ထိုအချိန်၌ နာမည် အကြီးဆုံးတစ်ယောက် ဖြစ်နေသော ဗိုလ်နေမျိုးကို ဖမ်းပေးပါရစေ ဆိုခြင်းအတွက် ဝမ်းမြောက်လှ၍ သာမြတ်ကို စစ်သား ၁၀၀ တပ်နှင့် လက်နက် ရိက္ခာ အပြည့်အစုံ စေလွှတ်လိုက်လေ၏။ သာမြတ်ကလည်း နေမျိုးနှင့် နောက်ပါများကို မမိမချင်း ဌာနကြီးသို့ ပြန်မလာတော့ပြီဟု မိတ်ဆွေ စစ်ဗိုလ်များအား ပြောသွားလေ၏။

ဗိုလ်သာမြတ်သည် သေနတ်ကိုင် စစ်သား ၁၀၀ တပ်ကို ဦးစီးလျက် ရိက္ခာ အပြည့်အစုံနှင့် ထွက်လာ၍ လူမော်တို့လူစုကို လိုက်လံ ရှာဖွေရာ နယ်သားများသည် လူမော်ဘက်မှ မေတ္တာထားကြသည့် လက္ခဏာနှင့် လူမော်ကို ကြိုတင် သတင်းပေးကြရကား၊ သာမြတ်တို့ ရောက်သွားသော နေရာတိုင်း လူမော်တို့အဖွဲ့ ထွက်ခွာသွားနှင့်ကြသည်ကိုသာ တွေ့ရတော့သည်။ တစ်ခါတစ်ရံ ညနေပိုင်းတွင် သာမြတ် ရောက်သွားသောအခါ လူမော်တို့ အဖွဲ့သည် နေ့ခင်းက ထွက်သွားကြောင်း တွေ့ရ၍၊ နံနက်ခင်းအချိန် ရောက်သွားပြန်လျှင်လည်း သန်းခေါင်လောက်က ထွက်သွားနှင့်ကြလေပြီ။

သို့နှင့် လက်မတင်ကလေးလောက်မျှ လွဲ၍ လွဲ၍ အဖွဲ့ချင်း ဆိုင်မိကြသည် ဟူ၍ မရှိချေ။

သာမြတ် စဉ်းစားမိသည်ကား ဤသို့ဖြစ်ရခြင်းသည် လူမော်တို့ကို ကြိုတင် သတိပေးနှင့်သောလူ ရှိသောကြောင့်သာ ဖြစ်ရမည်။ ထိုကဲ့သို့ သတိပေးခွင့် မရအောင် ဘယ်ကဲ့သို့ ပြုလုပ်ရမည်နည်းဟု အကြံထုတ်၏။ အချိန် တော့ကပ်၍ တိမ်းရှောင်နိုင်ကြခြင်းကို ထောက်သောအားဖြင့် သတိပေးသော သူသည် ကြာရှည်စွာ မကြိုတင်ဘဲ မိမိတို့ ထွက်ခါနီးကလေးတွင်မှ ကပ်၍ သတင်းပေးခြင်း ဖြစ်ရမည် ဟူ၍လည်း စဉ်းစားမိ၏။ စင်စစ်မှာ လူမော်တို့ နောက်သို့ မိမိတို့ လိုက်ကြရာတွင် တစ်ဟုန်ထိုး လန့်ထွက်ပြေးသော လူများနောက်သို့ လိုက်ရခြင်းကဲ့သို့ တစ်ခါတည်း ဒုန်းစိုင်း၍ လိုက်ဝံ့ကြသည် မဟုတ်။ လမ်းခရီးမှ ချောင်း၍ ပစ်မည်ကိုလည်း စိုးရိမ်ရသဖြင့် သတိနှင့် ခပ်မှန်မှန်လိုက်ရခြင်း ဖြစ်သောကြောင့် မိမိတို့ မထွက်မီ ၅ မိနစ် ကြိုတင်၍ တစ်ယောက်ယောက်က သွားပြောလျှင်ပင် လူမော်တို့မှာ တိမ်းရှောင်ဖို့ အချိန်ကောင်းကောင်း ရတော့သည် ဟူ၍လည်း စဉ်းစားမိ၏။ သာမြတ် တွေ့ကြုံရသည်မှာ တစ်နေရာ၌ မိမိတို့က နှစ်ရက်နားနေခဲ့လျှင် လူမော်တို့ကလည်း ရှေ့၌ရှိသော နေရာတွင် နှစ်ရက်မျှပင် နားသွားကြောင်း တွေ့ရ၍၊ မိမိတို့က တစ်ရက်တည်း နားလျှင်လည်း သူတို့က တစ်ရက်တည်းပင် နားသည်ကို တွေ့ရလေသည်။ ဖြစ်ရပုံမှာ လူမော်တို့သည် တစ်ခါတည်း တောက်လျှောက်ပြေး၍ မတိမ်းရှောင်ဘဲ လွတ်ရုံကလေးမျှ အေးအေးဆေးဆေးနှင့် ပမာမခန့် လုပ်နေကြလေသည်။

သာမြတ်သည် လူမော်ကို လက်မတင်ကလေး ကပ်ကာ လွတ်၍ လွတ်၍ သွားသည် ဆိုရာ၌ လူမော်တို့ရှိသော နေရာကို သတင်းမှန် ရရှိထားသော အခါများကိုသာ ဆိုလိုပေရာ၊ လူမော်တို့က မြောက်အရပ်တွင် ရှိနေပါလျက် နယ်သားများက လူမော်တို့ကို မေတ္တာထားသည့်အတွက် တောင်အရပ်၌ ရှိသည်ဟု မမှန်သတင်း ပေးကြသော အခါများလည်း ရှိပေသေးသည်။





ထိုသို့သော အခါများ၌မူ သာမြတ်တို့ ရောက်သွား၍ လူမော်တို့ကို အစအနမျှ မတွေ့ခဲ့ရသဖြင့် လှည့်ပြန်ပြီးလျှင် မမှန်သတင်းပေးသော ရွာသားကို အရေးယူမည် ကြံ၏။ သို့သော် လူတစ်ယောက်သည် တမင်တကာ မမှန်သတင်းပေးသည်၊ သို့တည်းမဟုတ် သူကိုယ်တိုင် သတင်းအမှားကို ကြားထား၍ သူသိသည့်အတိုင်း သဘောရိုးနှင့် ပြောခြင်း ဖြစ်သည်ဟူ၍ အမှန်အကန် ဆုံးဖြတ်ရန် ခဲယဉ်းသောကြောင့် အရမ်းမဲ့ အပြစ်မပေးလိုသော သာမြတ်မှာ အကျပ်ကျ၍ နေတော့သည်။

တစ်နေ့သ၌ သာမြတ်တို့ လူစုသည် ဇရပ်တစ်ခု အနီး၌ စခန်းချလျက် ရှိစဉ် သာမြတ်သည် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ၎င်း စခန်းမှ ထွက်ခွာမည်ဟု အကြံပြုထား၏။ သန်းခေါင်ကျော် အချိန်တွင် သာမြတ်သည် မိမိ၏စစ်သားများအနက် အထူးသဖြင့် ယုံကြည်စိတ်ချရသော စစ်သားလေးယောက်ကို ခေါ်၍ မိမိတို့ ထွက်မည့်လမ်းမှ စောင့်နေကြပြီးလျှင် မိမိတို့ စစ်တပ် မရောက်လာမီ ၎င်း လမ်းပေါ်သို့ လာသော လူများကို ဖမ်းဆီးရန် မှာထား၍ စေလွှတ်လိုက်လေ၏။

နံနက်လင်းအားကြီးအချိန်တွင် သာမြတ်နှင့် စစ်သားများသည် ဇရပ်စခန်းမှ ထွက်လာ၍ မိုင်တစ်ဝက်ခန့် ရောက်ကြသောအခါ ယခင် စေလွှတ်ထားသော စစ်သားလေးယောက်က ရွာသားနှစ်ယောက်အား ဖမ်းထားသည်ကို တွေ့ရလေ၏။ သာမြတ်သည် ထိုလူနှစ်ယောက်ကို စစ်ဆေးသော်လည်း “ဘူး”ကွယ်ကြတော့သည်။ ဤတွင် သာမြတ်သည် လူနှစ်ယောက်ကို သစ်တစ်ပင်၌ ချည်ထားစေ၍ ‘မှန်မှန် မပြောလျှင် ပွဲချင်းပြီး ပစ်သတ်လိုက်မည်’ ဟု ခြိမ်းခြောက်သည်တွင်မှ လူနှစ်ယောက်က ဖြောင့်ချက်ပေးကြတော့သည်။ ၎င်း တောသားနှစ်ယောက်မှာ လူမော်တို့က ကျွေးမွေးသော ကျေးဇူးကြောင့် အစိုးရ စစ်တပ်လာမည့် အကြောင်းကို ညတွင်းချင်း သွားရောက် သတင်းပေးမည် အကြံနှင့် ထွက်လာကြပါသည်ဟု ထွက်ဆိုကြလေသည်။ သာမြတ်

သည် သူလျှိုကင်းထောက်များ ဖြစ်ရမည်ဟု ယူဆသော်လည်း ချက်ချင်းအပြစ် မပေးလိုသည်နှင့် စစ်တပ်နှင့် အတူ ခေါ်လာခဲ့လေ၏။

သာမြတ်နှင့် စစ်သား ၁၀၀ တို့ ချီတက်သွားကြ၍ ၁၀ မိုင်ခန့် ရောက်ကြသောအခါ ရှေ့ဆုံးမှ ကင်းထောက်အဖြစ်နှင့် စေလွှတ်ထားသည့် စစ်သား လေးယောက်တို့သည် သူလျှိုများကို စောင့်မျှော်နေကြသော သူပုန်ကင်းထောက် နှစ်ယောက်တို့နှင့် ပက်ပင်းပါ တွေ့ဆုံမိကြ၏။ သူပုန် ကင်းထောက် နှစ်ယောက်တို့မှာ အစိုးရစစ်တပ် မလာမီ မိမိတို့ လွှတ်ထားသော သူလျှိုနှစ်ယောက်တို့ ရောက်လာကြလိမ့်မည် အထင်နှင့် စိတ်ချလက်ချ စောင့်မျှော်နေကြခြင်း ဖြစ်လေသည်။ အခါတိုင်းမူကား သတင်းပို့သော သူလျှိုများက အစိုးရစစ်တပ် မရောက်မီ ရောက်နေကျ ဖြစ်သော်လည်း ဤတစ်ကြိမ်၌မူ သာမြတ်က သတင်းပို့မည့် သူလျှိုနှစ်ယောက်ကို ဖမ်းချုပ်ထားလိုက်သဖြင့် သတင်းပို့မည့်သူ မရှိဘဲ ဖြစ်နေရာတွင် သူပုန် ကင်းထောက် နှစ်ယောက်တို့မှာ အစိုးရ စစ်တပ်မှ တပ်ဦး ကင်းထောက် လေးယောက်တို့နှင့် မမျှော်လင့်ဘဲ ဆုံမိကြခြင်း ဖြစ်လေသည်။

ဤတွင် စိတ်ချလက်ချ စောင့်မျှော်နေသော သူပုန်ကင်းထောက်နှင့် သတိ ဝီရိယနှင့် တက်သွားသော အစိုးရကင်းထောက်များ တွေ့ဆုံခြင်း ဖြစ်သည့်ပြင် အရေအတွက်အားဖြင့် လေးယောက်နှင့် နှစ်ယောက် ဖြစ်နေရကား တစ်ပြန်တစ်လှန် ပစ်ကြသော်လည်း သတိနှင့် သွားသော စစ်သားများက ရှေးဦးစွာ ပစ်ခွင့် ရကြသဖြင့် ပစ်လျှင်ပစ်ချင်း သူပုန်တစ်ယောက် ကျဆုံးခဲ့လေပြီ။ ကျန်တစ်ယောက်သည် ခုခံ ပစ်ခတ်သေးသော်လည်း နောက်ဆုံးတွင် ကိုယ်လွတ်ရန်း ပြေးဖို့ ကြိုးစား၍ စစ်သားများက ပစ်ချလိုက်ကြ၏။ စစ်သားတစ်ယောက်တွင် လက်မောင်း၌ ကျည်ဆန် ထိမှန်သော်လည်း အသားဒဏ်ရာမျှသာ ဖြစ်၍ မထောင့်တာဘဲ နောက်က တပ်မနှင့် အတူ ပါလာသော ဆရာဝန်က ကျပ်စည်းပေးခါမျှနှင့် ဆက်လက် လိုက်ပါနိုင်တော့သည်။





ထိမှန်သော သူပုန် နှစ်ယောက်အနက် တစ်ယောက်မှာ ပွဲချင်းပြီး သေဆုံး၍ ကျန်တစ်ယောက်မှာ ပခုံးကို ထိမှန်ထားရာ ၎င်းတို့ထံမှ လူမော်တို့၏ သူပုန်တပ်စခန်း အခြေအနေကို သာမြတ်တို့ သိရလေသည်။

သာမြတ်တို့စစ်တပ် ချီတက်သွားသောအခါ သူပုန်များသည် သူလျှိုများ လည်းကောင်း၊ ကင်းထောက်နှစ်ယောက် လည်းကောင်း စေလွှတ်ထားသည်ဆို၍ ၎င်းတို့ထံမှ သတင်း တစ်စုံတစ်ရာ မကြားရသေးသဖြင့် စိတ်ချလက်ချ ချက်ပြုတ် စားသောက်လျက် ရှိကြ၏။ သို့ရာတွင် လူမော်သည် စစ်စခန်းချပုံ အနေအထားနှင့် ပတ်သက်၍ စာအုပ်များမှ ဗဟုသုတ အတော်အတန် စုဆောင်းရရှိထားသည် ဖြစ်သောကြောင့် မိမိတို့ လူစုကို အမှတ်မဲ့ အလစ် ဝင်မတိုက်နိုင်စေရန် အထိုက်အလျောက် စီမံထားလေသည်။ တစ်ဖက်၌ ပေ ၁၀၀ ခန့် ကျယ်သော ချောင်းကလေးကို ကျောပေးလျက်၊ တစ်မျက်နှာတွင် အုတ်ပုံသကဲ့သို့ ရှိနေသည့် စေတီတော် ငုတ်တိုကြီး ရှိရာ တတိယမျက်နှာ၌မူကား ပုဆိုး တစ်ပတ်ခန့်ရှိသည့် ညောင်ပင်ကြီး သုံးလေးပင်တို့ ပေါက်ရောက်လျက် ရှိ၏။ အကယ်၍ တလင်းပြောင် ဖြစ်နေသည့် စတုတ္ထ မျက်နှာဘက်မှ ရန်သူများ လာခဲ့သည်ရှိသော် လူမော်တို့ လူစုသည် စေတီငုတ်တိုကြီးနှင့် သစ်ပင်ကြီးများ နောက်တွင် အကာအကွယ်ယူ၍ ရိုင်ဖယ်သေနတ်မျိုးစုံနှင့် ခုခံ ပစ်ခတ်ရန် စီမံထားလေသည်။

ယင်းသို့ စီမံထားပါသော်လည်း လူမော်တို့ လူစုသည် မိမိတို့ စေလွှတ်ထားသည့် သူလျှိုနှင့် ကင်းထောက်များကို အားကိုးသည်နှင့် ပေါ့လျော့စွာ နေမိကြရာ သာမြတ်တို့ စစ်တပ်ကလေးက လမ်းကွေ့ကို ကျော်လွန်၍ ဘွားခနဲ ပေါ်လာသောအခါ ကတိုက်ကရိုက် ပြင်ဆင်ကြရလေတော့သည်။ ဤတွင် သာမြတ်က မြန်မာ အချင်းချင်းဖြစ်၍ မပစ်သတ်လိုကြောင်း ပြောပြီးလျှင် လက်နက်ချကြဖို့ အမိန့်ပေးလိုက်၏။

လူမော်သည် သာမြတ်၏အသံကို ကြား၍ ကြည့်လိုက်သောအခါတွင်မှ တစ်သက်လုံး ပြိုင်ဘက်ဖြစ်လာခဲ့သော သာမြတ် ဖြစ်နေကြောင်း

သိရ၍ အံ့ဩမိတော့သည်။ ထိုအခါ လူမော်သည် ပဝါဖြူ တစ်ထည်ကို သေနတ်ဖျားတွင် ချည်၍ ပေ ၂၀၀ ခန့်လောက်၌ရှိသော သာမြတ်တို့ စစ်တပ်က မြင်လောက်အောင် ယမ်းပြလျက်–

'မောင်သာမြတ်.... မဟုတ်လားဟေ့'

'ဟုတ်တယ်၊ မင်းလည်း မောင်လူမော် မဟုတ်လား'

'ဟုတ်ပါတယ်၊ စကားတစ်ခွန်းလောက် မပြောရဘူးလား'

'ဘာပြောချင်သလဲ'

'အဝေးက လှမ်းအော်ရတာ ပင်ပန်းပါတယ် သူငယ်ချင်း၊ အနားကပ် ပြောကြဖို့ စီမံကြရအောင်။ မကောင်းဘူးလား'

'ဘယ်လို စီမံမလဲကွ'

'မင်းနဲ့ ငါနဲ့ တစ်ယောက်ချင်း ရှေ့တက်လာပြီး ဗဟိုမှာ ဆုံပြောကြ ရအောင်လေ'

'ကောင်းပြီ၊ မင်းလူတွေကို ထွက်လည်း မပြေးဖို့၊ ပစ်လည်း မပစ်ဖို့ မှာထားခဲ့။ ငါကလည်း မပစ်ဖို့ မှာထားခဲ့မယ်'

'စိတ်ချမောင်၊ ထွက်လို့တော့ မပြေးပါဘူး၊ ငါ့လူများ ဒီလောက် သွေး မနည်းပါဘူး၊ မပစ်ဖို့လည်း မှာထားခဲ့ပါ့မယ်'

'စိတ်ချရရဲ့လားကွ၊ မင့်လူတွေ'

'မင်းက သူပုန်ဆိုလို့ သစ္စာမရှိဘူး မှတ်နေသလား၊ ငါ့လူတွေ လက် ရွေးစင်တွေပါကွ'

'ကောင်းပြီ၊ ဒါဖြင့် .... လာခဲ့'

ဤတွင် သာမြတ်နှင့် လူမော်တို့သည် မိမိတို့၏ နောက်ပါများအား လက်နက်များ အသင့်ပြင်ထားကြ၍ မိမိတို့နှစ်ယောက် တွေ့ဆုံကြသည်ကို ငြိမ်သက်စွာ စောင့်ကြည့်နေကြဖို့ အသီးသီး မှာထားကြလေ၏။ ၎င်းနောက် သာမြတ်နှင့် လူမော်တို့သည် အဖွဲ့နှစ်ခု အကြား၌ရှိသော ကွက်လပ်သို့





မျက်နှာချင်းဆိုင် လျှောက်လာခဲ့ကြလေ၏။ အလယ်၌ တွေ့ဆုံကြသောအခါ သာမြတ်က–

'ဘာပြောချင်လို့လဲကွ'

'ငါတို့ ကျောင်းမှာနေတုန်းက ဖတ်ခဲ့ရတဲ့ ဒူးမတ်စ် ရေးတဲ့ ဂျေဟူး ၏ ရဲဘော်များ (Companions of Jehu)ဆိုတဲ့ ဝတ္ထုထဲမှာ သူပုန်စစ်တပ်နဲ့ အစိုးရစစ်တပ်နဲ့ ရင်ဆိုင်မိကြတော့ သူပုန်ခေါင်းဆောင်က အစိုးရ စစ်ဗိုလ် ကို တစ်ယောက်ချင်း တိုက်ဖို့ အကြံပေးရာမှာ အစိုးရစစ်ဗိုလ်က ငြင်းတော့ ကယ်ပြီး သတ္တိနည်းတဲ့ စစ်ဗိုလ်ပဲလို့ မင်းက ပြောဖူးတဲ့စကားကို သတိရ သေးသလား...'

သာမြတ်လည်း မိမိ ပြောခဲ့ဖူးသော စကားကို သတိရသည့်ပြင် အခြေအနေမှာလည်း ထပ်တူထပ်မျှ ရှိနေသော အဖြစ်ကို စဉ်းစားမိ၍ အံ့ဩ စွာနှင့်–

'သတိရပါတယ်'

'အေး.... ကောင်းပြီ၊ ငါတို့လည်း ယခု သူတို့ အခြေအနေအတိုင်း ဖြစ်နေတာကော စဉ်းစားမိရဲ့လား'

'ခုပဲ.... စဉ်းစားမိတယ်'

'ကောင်းပြီ၊ ဒါဖြင့် မင့်လူတွေလည်း မသေရအောင် ငါ့လူတွေလည်း မသေရအောင် မင်းနဲ့ငါ တစ်ယောက်ချင်း တိုက်ကြစို့လား၊ ဘယ့်နှယ်လဲ'

သာမြတ်လည်း ချက်ချင်းပင် သဘောတူလိုက်ချင်၏။ သို့သော် လူအနည်းနှင့် အများ ဖြစ်နေ၍ သေချာပေါက် ရှုံးမည်ကို သိသောကြောင့် လူမော်က ဤကဲ့သို့ အကြံပေးခြင်း ဖြစ်လေသလောဟု ရုတ်တရက် စဉ်းစား မိသည်နှင့်–

'မင့်မှာ လူဘယ်လောက် ရှိသလဲ'

'လူတစ်ရာကျော် ရှိပါတယ်ကွ၊ မင်းတို့တပ်က စစ်သား တစ်ရာထဲ ရှိတာ ငါ သိပါတယ်'

'ကောင်းပြီ .... တစ်ယောက်ချင်း တိုက်ပြီး ရှုံးတော့ ဘယ်လို၊ နိုင်တော့ ဘယ်လိုတုံး'

'မင်းရှုံးလျှင် မင့်စစ်သားတွေ သွားချင်ရာ သွားဖို့ ငါ ခွင့်ပြုလိုက်မယ်၊ ငါရှုံးလျှင် ငါ့လူတွေ အဖမ်းခံစေမယ်'

သာမြတ်သည် လူမော်ပေးသော အကြံကို စဉ်းစားကြည့်ရာ ငယ်ကတည်းက သတ္တိပြိုင်ဘက် ဖြစ်ခဲ့ကြသည့်ပြင် ဝတ္ထုထဲက အစိုးရ စစ်ဗိုလ်ကို သူရဲဘောနည်းသည်ဟု ကဲ့ရဲ့ခဲ့ဖူးသော မိမိ၏ စကားအတွက်ကြောင့် ငြင်းပယ်ရန်လည်း ရှက်သည်နှင့် သူပုန်တစ်ရာကျော် အဖမ်းခံမည် ဆိုခြင်းကို ယုံကြည်လှသည် မဟုတ်သော်လည်း 'ကောင်းပြီ .... တိုက်မယ်' ဟု ပြန်ပြောလိုက်၏။ ဤတွင် လူမော်က–

'ငါ့လူ ငယ်တုန်းက စကားကို ပြန်မပြင်ဘူး၊ တော်ပေသားပဲ။ ကိုင်း.... ဒါဖြင့် ဘာလက်နက်နဲ့ တိုက်ကြမလဲ'

'ဓားချင်း တိုက်ပေါ့ကွာ၊ သေနတ်က အစီအစဉ်လုပ်ရတာ ရှုပ်ပါတယ်'

'မရှုပ်ပါဘူးကွ၊ လုပ်ရင် ဖြစ်ပါတယ်၊ ဂျေဟူးဝတ္ထုထဲမှာ ရှိလင်နဲ့ လူတစ်ယောက်နဲ့ တိုက်ကြပုံ ဖတ်ရတုန်းက ပြင်သစ်လူမျိုးတွေ တိုက်ကြပုံ တယ်ကောင်းတယ်ဆို၊ မင်းပြောဖူးတာ မှတ်မိသေးတယ် မဟုတ်လား'

သာမြတ်လည်း ဝတ္ထုထဲတွင် တိုက်ကြပုံနှင့် တကွ မိမိ ပြောခဲ့ဖူးသည့် စကားကို မှတ်မိ၏။ မိမိ ကိုယ်တိုင်လည်း ခြောက်လုံးပြူးသေနတ် ပစ်ခြင်း၌ အတော်အတန် အလေ့အကျင့် ပြုလုပ်ထားခဲ့သည်လည်း မှန်၏။ သို့သော် စစ်ဗိုလ် အတတ်သင်ကျောင်း၌ စက်ကွင်းကို ပစ်၍ လေ့ကျင့်ထားခြင်းမျှသာ ဖြစ်၍ လူကို ထိမှန်အောင် တစ်ကြိမ်မျှ မပစ်ခဲ့ရသေးဖူးချေ။ ဤလူငယ်နှစ်ယောက်တို့ ဖြစ်နေကြပုံမှာ အူဝဲမြည်တတ်ကတည်းက တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဘက် ဖြစ်လာခဲ့ကြသောကြောင့် တစ်ယောက်က ပြုလုပ်ရဲသမျှကို တစ်ယောက်က မပြုလုပ်ရဲပါဟု ဝန်ခံမည့်အစား အသေခံမည်ဟူ၍





ပင် မာနကြီးလျက် ရှိကြလေတော့သည်။ တက္ကသိုလ်မှ အပြန် စစ်ကိုင်းတံတားကြီးပေါ်မှ နှစ်ယောက်လုံး လက်တွဲ၍ ခုန်ချခဲ့ဖူးရာ သာမြတ်မှာ ပေါင်တစ်ဖက် မျက်သွား၍ လူမော်မှာ ခါးအောင့်ခဲ့ရဖူးလေသည်။

သို့ဖြစ်ရကား သာမြတ်သည် လူမော် ပြောသည့်အတိုင်း ခြောက်လုံးပြူး သေနတ်တစ်လက်စီ ကိုင်၍ ပြင်သစ်တိုက်နည်း တိုက်ကြရန် သဘောတူညီလေ၏။

## အခန်း ၁၀

သာမြတ်နှင့် လူမော်တို့သည် ထိုနေရာမှ ခွဲခွာ၍ မိမိတို့ နောက်ပါများထံသို့ အသီးအသီး ပြန်သွားကြပြီးလျှင် မိမိတို့ သဘောတူခဲ့သော အစီအစဉ်ကို ပြောပြကြရာ၊ သာမြတ်၏ စစ်သားများကမူ မိမိတို့ဗိုလ် ကျလျှင် မိမိတို့ ပြန်သွားကြရုံမျှသာ ရှိသောကြောင့် ရှောရှောရှူရှူ သဘောတူညီကြလေသည်။ လူမော်၏ နောက်လိုက်များမူကား လူမော် ကျဆုံးလျှင် လူမော်ကဲ့သို့ ကြံရည်ဖန်ရည်ရှိသော ခေါင်းဆောင်တစ်ယောက် ရခဲသည်ဆို၍ ကန့်ကွက်ချင်ကြ၏။ အချို့ကလည်း လူမော် ကျလျှင် မိမိတို့ပါ အဖမ်းခံရမည် ဆိုသောကြောင့် သဘောမတူသလို ဖြစ်နေကြ၏။ သို့သော် တစ်ယောက်သော ဗိုလ်ကလေးက (လူမော်၏နေရာကို လိုချင်သည်နှင့်) လူမော်ကျစေကာမူ မိမိတို့က အဖမ်းမခံဘဲ ခုခံ တိုက်ခိုက်နိုင်ကြောင်းနှင့် တီးတိုးပြောလိုက်သည်တွင် သူပုန်များ သဘောတူညီကြလေ၏။

လူမော်နှင့် သာမြတ်တို့ တိုင်ပင်ထားကြသည့်အတိုင်း တပည့်လေးယောက်စီ ခေါ်ခဲ့၍ ဗဟို ကွက်လပ်ကလေးသို့ ထွက်လာကြလေ၏။

ဂျေဟူးရဲဘော်များ ဝတ္ထု၌ ဖော်ပြ ပါရှိသော ပြင်သစ်တိုက်နည်း အစီအစဉ်မှာ ရှေးဦးစွာ မြေကြီးပေါ်တွင် ကိုက် ၅၀ တိုင်းထွာ၍ အစွန်းတစ်ဖက် တစ်ချက်တွင် ငုတ်တိုင် တစ်တိုင်စီ စိုက်ထူထား၏။ ခြောက်လုံး

ပြူး သေနတ်များတွင် ကျည်ဆန် တစ်တောင့်စီ ထိုး၍ တစ်ယောက် တစ်လက်စီ ကိုင်လျက် ငုတ်တိုင်ရှိရာ၌ မျက်နှာချင်းဆိုင် ရပ်နေရမည်။ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ယောက်ထံသို့ တစ်ယောက် လျှောက်လာ၍ ပစ်ချင်သော အချိန်တွင် ပစ်ချင်သူက အလျင် ပစ်နိုင်ခွင့် ရှိသည်။ သို့သော် ထိုကဲ့သို့ ပစ်၍ မထိမှန်ဘဲ ချော်သွားသည် ဖြစ်စေ၊ ထိပင် ထိသော်လည်း မပစ်ရသေးသော လူက မလဲကျဘဲ ရှိနေသည် ဖြစ်စေ ပစ်ပြီးသော လူသည် ထွက်မပြေးရဘဲ မိမိရောက်နေသော နေရာ၌ ရပ်လျက် ထိုသူ ပစ်သည့်တိုင်အောင် စောင့်နေရမည် ဖြစ်လေသည်။

နောက်လိုက်များသည် စည်းကမ်းအတိုင်း ကွက်လပ်တွင် ကိုက် ၅၀ (အတောင် ၁၀၀) တောင်နှင့် မြောက် တိုင်းထွာ၍ ငုတ်တိုင် တစ်တိုင်စီ စိုက်ထူထားကြလေသည်။ အချိန်မှာ နံနက် ၉ နာရီခန့် ရှိပြီ ဖြစ်နေ၍ နေဘက်သို့ မည်သူမျှ မျက်နှာ လှည့်မနေစေရန် တောင်နှင့်မြောက် တိုင်းထွာကြရခြင်း ဖြစ်လေသည်။ ၎င်းနောက် သာမြတ်၏ ခြောက်လုံးပြူး သေနတ်တွင် ယမ်းတောင့် တစ်တောင့်၊ လူမော်၏ သေနတ်တွင် ယမ်းတောင့် တစ်တောင့် ထိုး၍ မဲချကြရာ လူမော်က မြောက်ဘက်၊ သာမြတ်က တောင်ဘက်မှာ ကျသည်နှင့် ၎င်းအတိုင်း မျက်နှာချင်းဆိုင် နေရာချထားကြ၏။ တောင်နှင့်မြောက် မျက်နှာချင်းဆိုင် ရပ်ကြ၍ နံနက် ၉ နာရီအချိန် ဆိုစေကာမူ ၎င်းရာသီတွင် နေသည် တောင်ဘက်သို့ ခပ်ယွန်းယွန်း ခရီးသွားသည် ဖြစ်သောကြောင့် မြောက်ဘက်မှ ကျသော လူမော်၏ မျက်နှာသို့ နေရောင် အနည်းငယ် ထိုးသဖြင့် သာမြတ်က မဆိုစလောက် တစ်ပန်းသာသည်ဟု ဆိုရပေမည်။

မျက်နှာချင်းဆိုင် ရပ်မိကြသောအခါ သာမြတ်၏ နောက်လိုက် လေးယောက်သည် တိုင်းထွာထားသော တာလမ်း၏ အရှေ့ဘက်မှ လည်းကောင်း၊ လူမော်၏ နောက်လိုက် လေးယောက်သည် အနောက်ဘက်မှ လည်းကောင်း ရပ်ကြည့်နေကြသည်။ တစ်တောင့်တည်းသော ယမ်းတောင့်





ထိုးထားသည့် သေနတ်တစ်လက်စီ ကိုင်ကာ မျက်နှာချင်းဆိုင် ရပ်မိကြရာတွင် ဗိုလ်ကလေး တစ်ယောက်က အချက်ပေးလိုက်သဖြင့် သာမြတ်နှင့် လူမော်တို့သည် ငုတ်တွင် စိုက်ထားသော နေရာမှ ရှေ့သို့ လှမ်းတက်လာကြလေတော့သည်။

နှစ်ယောက်လုံးမှာ အတော်အတန် သတ္တိကောင်းသူများ ဖြစ်၍ မတုန်မယင် ခြေလှမ်းမှန်မှန်နှင့် လှမ်းလာနိုင်ကြပေသည်။ အကယ်၍ စိတ်ထဲ၌ တုန်လှုပ်စေကာမူလည်း တပည့်များ ကြည့်နေသည်က တစ်ကြောင်း၊ တစ်သက်ပတ်လုံး ပြိုင်ဘက် ဖြစ်လာကြ၍ အခြား လူရှေ့တွင် ကြောက်ချင် ကြောက်မည်၊ ဤအကောင်နှင့်မူကား မည်သည့်နည်းနှင့်မျှ ကြောက်စိတ် မဖော်ပြ ဟူ၍ နှစ်ယောက်လုံးက စိတ်တင်းထားကြဟန် တူပေသည်။

သို့ဖြစ်၍ လူမော်သည် အံကြိတ်လျက် လည်းကောင်း၊ သာမြတ်သည် နှုတ်ခမ်းကိုကိုက်လျက် လည်းကောင်း ခြေလှမ်းမှန်မှန် မမြန်မနှေး ခပ်အေးအေး အမူအရာမျိုး ဖော်ပြလျက် သေနတ်ကို ရှေ့၌ ချိန်ရွယ်ကာ လျှောက်လာကြရာ သူအလျင် ပစ်ချေမည်လော၊ ငါကပင် အလျင် ပစ်ရမည်လော ဟူသော ပြဿနာကို စိတ်ထဲတွင် အသီးအသီး နှိုင်းချိန်လျက် ရှိကြ၏။ ၎င်းတို့မျက်နှာများပေါ်သို့ နေမင်း၏ အလင်းရောင်သည် ဝင်းပြောင်စွာ ကျရောက်လျက်ရှိရာ သေနတ်ပစ်လျှင် အနည်းနှင့်အများ မျက်နှာထား ပြင်ရမည် ဖြစ်သောကြောင့် တစ်ယောက်၏ မျက်နှာကို တစ်ယောက် စူးစိုက်စွာ အကဲခတ်လာကြတော့၏။

ကိုက် ၅၀ အကွာအဝေးမှ စတင် လျှောက်လာ၍ ခရီး တစ်ဝက်ခန့် ကျိုးသဖြင့် ကိုက် ၃၀ အကွာအဝေးသို့ ချဉ်းကပ်လာကြသောအခါ လူမော်၏ နဖူးကြောများ တင်းသွားသည်ကို သာမြတ် မြင်လိုက်ရ၍ ပစ်ချေတော့မည်ဟု သိလိုက်၏။ စိတ်သည် အလွန် လျင်မြန်၏။ သာမြတ်သည် ဤသို့ သိလိုက်သည်နှင့် တစ်ပြိုင်နက် ဝမ်းလျားမှောက်၍ လှဲအိပ်လိုက်ချင်၏။ သို့သော် စည်းကမ်းချက်အရ ဤကဲ့သို့ မပြုလုပ်ရကြောင်းကို သတိရ၍

သူပစ်သော အချိန်တွင် တစ်ပြိုင်နက်တည်း ပစ်လိုက်တော့မည်ဟု အကြံ ဖြစ်ပြန်၏။ သို့ဆိုလျှင် မိမိက ဤခရီးလောက်မှ သေချာပေါက် ထိမှန်အောင် ပစ်နိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် စိတ်မချရကား မိမိ၏ ကျည်ဆန်သာ လျှင် အချည်းနှီး ဆုံးသွားချေတော့မည်ဟု စဉ်းစားမိပြန်၏။ မည်သည့်နည်း နှင့်မဆို မိမိ ကျည်ဆန်သည် လူမော်၏ကျည်ဆန် ထွက်လာပြီးသည့်နောက် မှ ထွက်သွားမည် ဖြစ်သောကြောင့် လူမော် လက်ဖြောင့်ခဲ့လျှင် မိမိမှာ အသေမလွတ်၊ ပစ်လိုက်ရဖူးသည် ဆိုရရုံမျှသာ ဖြစ်နေတော့မည်ဟု စဉ်းစား မိ၏။ သည့်အတူတူ လူမော် ပစ်ခြင်းကို "တစ်ချက်ရှိန်း" အောင့်ခံလိုက်တော့ မည်ဟု ဆုံးဖြတ်၍ ခလုတ်ဖြုတ်မည်ဟု တောင့်လိုက်သော လက်ညှိုးကို ပြန်လျှော့ချလိုက်တော့၏။ ၎င်း စိတ်ကူးများသည် လူမော်က ပစ်တော့မည် ဟု နဖူးကြော တင်းလာသောအချိန်မှ ဒိုင်းခနဲ ကျည်ဆန် ထွက်လာသော အချိန်အတွင်း (တစ်စက္ကန့် ကြာကောင်းမှ ကြာမည်) သာမြတ်၏ ဦးနှောက် ထဲ၌ ဖြစ်ပေါ်လာသော စိတ်ကူးများ ဖြစ်တော့သည်။

လူမော်၏ သေနတ်ပြောင်းမှ ထောင်းခနဲထွက်လာသော မီးခိုးကို ရှေးဦးစွာ မြင်ရ၍ နားရွက်အနီးမှ ရှီခနဲ ကျည်ဆန် ဖြတ်သွားပြီးသည့် နောက်မှ ဒိုင်းခနဲဖြုတ်သော သေနတ်သံ ကြားလိုက်ရသည်နှင့်အတူ နားရွက် တွင် ပူခနဲ ဝေဒနာ ခံစားလိုက်ရ၏။ ထို့နောက် ပူနွေးနွေးရှိသော ရေပေါက် များသည် ပခုံးပေါ်သို့ တစ်စက်တစ်စက် ကျလာသည် ထင်ရ၏။ စင်စစ်မှာ ကျည်ဆန်သည် သာမြတ်၏ နားရွက်အစွန်းတွင် စပါးလုံး တစ်ထောက်ခန့် ငြိသွား၍ သွေးများ ယိုစီးကျလာခြင်း ဖြစ်လေသည်။

လူမော်သည် သာမြတ် လဲကျသည်ကို မျှော်လင့်သော မျက်လုံးများ ဖြင့် စူးစိုက်စွာ ကြည့်နေရာ နားရွက်ဖျားမှ သွေးကျခြင်းကိုသာ မြင်ရသည် နှင့် လူမော်၏ မျက်နှာ၌ သွေး မရှိတော့သကဲ့သို့ ဖွေးခနဲ ဖြစ်သွား၏။ အကြောင်းမူကား မိမိက ပစ်လိုက်သော ကျည်ဆန်သည် သာမြတ်ကို





မထိမှန်ဘဲ သာမြတ်၏ လက်ဝယ်၌ မပစ်ရသေးသည့် သေနတ် ရှိနေသည်ကို စဉ်းစားမိသောကြောင့် ဖြစ်လေသည်။

သာမြတ်အဖို့မူကား ဝမ်းမြောက်လိုက်သည်မှာ ပြောဖွယ်ရာ မရှိတော့ ပေ။ မိမိ၌ အသေလွတ်ရုံသာမက လူမော်ကိုလည်း ပစ်သတ်နိုင်ခွင့် ရနေလေ ပြီ။

သာမြတ်သည် မူလ စည်းကမ်းချက်အတိုင်း လူမော်အနီးသို့ ကြိုက် သလောက် ချဉ်းကပ်နိုင်သော အခွင့်အရေး ရှိ၏။ သို့သော် ယနေ့အထိ လူတစ်ယောက်ကို ပစ်သတ်ဖူးခြင်း မရှိသေးသောကြောင့် သေသေချာချာ ကြီး ပစ်သတ်ရမည်ကို မနှစ်သက်ချေ။ မိမိကိုယ်တိုင်က လူမော် ပစ်ခြင်းကို စွန့်စား၍ ခံခဲ့ပြီးနောက် လူမော် လွဲချော်၍သာ မိမိ အသက်ရှင်လျက် ရှိရာတွင် လူမော် ပစ်သောနေရာမှ ပစ်မည်ဆိုလျှင်လည်း မိမိအဖို့ နစ်နာမည် ထင်၏။ လူမော်အားလည်း သေချာပေါက် သေဖို့ မဟုတ်ဘဲ လွတ်လို လွတ်ငြား (Sporting Chance)ဆိုသော အခွင့်အရေး တစ်ခုလည်း ပေးလို၏။ သို့ဖြစ်၍ သာမြတ်သည် ရှေ့သို့ ခြေသုံးလှမ်းတည်းသာ တက်လာပြီးလျှင် သေနတ်နှင့် ချိန်ကာ လူမော်၏ အကဲကို ကြည့်နေတော့သည်။

လူမော်ကား မိမိ၏ လက်ချက် ချော်သွား၍ သာမြတ် မလဲဘဲ ရပ်နေ သည်ကို တွေ့ရသဖြင့် မျက်နှာ ပျက်သွားပြီးသည့်နောက် ထွက်ပြေးအံ့ အကြံနှင့် ဤမှ ထိုမှ လှမ်းကြည့်လိုက်သေး၏။ သို့သော် အခြားလူများ ထက် သာမြတ်နှင့် စည်းကမ်းဖျက်ရမည်ကို သာမြတ်အပေါ်၌ပင် ရက်သည် နှင့် ပြေးတော့မည် ဟန်ပြင်ပြီးမှ စိတ်ကို တင်း၍ ရပ်နေတော့သည်။

'ဟေ့ကောင် .... လူမော်'

'ဘာလဲကွ'

'သေရမှာ .... မကြောက်ဘူးလား'

'ကြောက် ကြောက် .... မကြောက် မကြောက် မင့်အပူ မဟုတ်ပါ ဘူး ကွ၊ ပစ်မှာသာ .... ပစ်ပါ'

'ကြောက်လို့ရှိရင် "ကျွန်တော့်ကို ချမ်းသာပေးပါ"လို့ တောင်းပန်မလား'

'တောင်းပန်တော့ .... မင်းက မပစ်ဘူးလား'

'တောင်းပန်ရင် .... ငါ စဉ်းစားမှာပေါ့'

'တန်ပါကွာ၊ မင်းက ငါ့ကို အရှက်ခွဲမလို့။ ပစ်မှာ ပစ်ပါ ....စကားမရှည်နဲ့'

'တောင်းပန်ရင် မပစ်ဘူးလို့ ငါက ကတိပေးရင်ကော....'

လူမော်မှာ အကြီးအကျယ် အကျပ်ကျလျက် ရှိ၏။ သေဖို့ ကြောက်လိုက်သည်မှာ သတ္တဝါအပေါင်းတို့၏ ထုံးစံအတိုင်းပင်။ အာဇာနည် မဟုတ်တတ်သောကြောင့် စိတ်ထဲက လွန်စွာ တုန်လှုပ်လျက်နှင့် မာနကြောင့် တောင့်ခံနေရခြင်း ဖြစ်လေသည်။ တောင်းပန် လိုက်ရချေမည်လော၊ မုန်ချင်မှ မုန်မည်ဖြစ်၍ မတောင်းပန်ဘဲ ကြံ့ကြံ့ခံလိုက်ရချေမည်လော၊ မဝေခွဲနိုင်သည်နှင့် တွေဝေလျက် ရှိတော့သည်။

'ဟေ့ ပြောလေကွာ၊ ငါ ကတိပေးရင် တောင်းပန်မလား'

'မင်းက အရင် ကတိပေးပါဦး၊ ငါက ပြီးတော့မှ စဉ်းစားပါရစေလားကွာ'

"ဒိုင်း" ခနဲ သေနတ်သံ တစ်ချက် ထွက်လာရာတွင် နောက်ပိုင်းမှ အသီးသီး စောင့်ကြည့်နေကြသော လူမော်၏ နောက်လိုက် သူပုန်များနှင့် သာမြတ်၏ နောက်လိုက် စစ်သားများမှာ အလန့်တကြား ဖြစ်သွားကြ၏။ ၎င်းတို့သည် လူမော်နှင့် သာမြတ်တို့ အပြန်အလှန် စကားပြောနေကြသည်ကို စိတ်ဝင်စားလျက် နားထောင်နေကြရာ သာမြတ် ကိုင်ထားသော သေနတ်မှ မီးခိုးထွက်ခြင်းကိုလည်း မမြင်ရ၊ သာမြတ်မှာလည်း မောင်းဖြုတ်သေးသည့် အမူအရာမျိုး ဖော်ပြသည်ကို မတွေ့မမြင်ရသည်နှင့် အံ့အားသင့်လျက် ရှိကြ၏။ သာမြတ် ကိုယ်တိုင်မှာလည်း သေနတ်နှင့် ချိန်ရွယ်ထားရာမှ တစ်ဖက် ဦးခေါင်းငဲ့ကာ မျှော်ကြည့်လိုက်ရာ ဘုရားငုတ်တိုနောက်မှ ရိုင်ဖယ်





သေနတ်များ ကိုင်ကာ ထွက်လာကြသော လူများနှင့် ခြောက်လုံးပြူး တစ်လက်ကို လောလောဆယ် ပစ်ဖောက်လိုက်သော လူတစ်ယောက်ကိုသာ တွေ့မြင်ရလေ၏။

စင်စစ်သော်ကား ကွန်မြူနစ်များသည် ရဲဘော်များကို ဖမ်းမည့် အစိုးရ စစ်တပ်ကလေး တစ်တပ် ရောက်လာသည်ဟု သတင်းရ၍ ရဲဘော်နှင့် ကွန်မြူနစ်တို့ စာချုပ် စည်းကမ်း ပြုလုပ်ကာ ပူးပေါင်းခြင်းကား မဟုတ်စေကာမူ သူပုန်အချင်းချင်း ဖြစ်၍ အစိုးရစစ်တပ်ဆိုလျှင် ရန်သူဟု သဘောထားရမည် ဖြစ်သည့်အတိုင်း လာရောက် ဝိုင်းဝန်းကြခြင်း ဖြစ်လေသည်။

ကွန်မြူနစ်ခေါင်းဆောင်သည် အထက်ပါအတိုင်း သေနတ်တစ်ချက် ဖောက်ပြီးနောက် အစိုးရ စစ်တပ်က အရှုံးပေး၍ လက်နက်များကို မိမိတို့ လက်ဝယ်သို့ အပ်နှင်းပါမူ စစ်ဗိုလ်ရော ငယ်သားများပါ လွတ်လပ်စွာ ထွက်သွားခွင့် ပြုမည်ဟု ပြော၏။ သာမြတ်သည် အခြေအနေကို ကြည့်လိုက်သောအခါ သူပုန်နှစ်တပ်သည် မိမိတို့အား ဝိုင်းညှပ်လျက် ရှိနေသည့်ပြင် အရေအတွက်အားဖြင့်လည်း သူတို့ဘက်က များ၏။ သို့သော် မိမိတို့ဘက်မှ အလေ့အကျင့် ရပြီးသော စစ်သားများ ဖြစ်သည့်ပြင် လက်နက်လည်း အထိုက်အလျောက် သာသည်ဟု ယူဆ၏။ လူမော်ကို လှမ်းကြည့်လိုက်သောအခါ မိမိတို့၏ တစ်ယောက်ချင်း တိုက်ပွဲ ပြီးဆုံးသည်ဟု ယူဆသည့် လက္ခဏာနှင့် ထိုနေရာမှ ထွက်သွားတော့မည့်ကဲ့သို့ ဟန်ပြင်လျက် ရှိသည်ကို တွေ့ရ၏။

သာမြတ်သည် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု ရုတ်တရက် မဆုံးဖြတ်နိုင်သဖြင့် မိမိအနီး၌ ရှိသော လက်ထောက် ဗိုလ်ကလေးများနှင့် တိုင်ပင်မည် ပြုဆဲတွင် ဆုံးဖြတ်ခြင်း တာဝန်သည် သာမြတ်၏ လက်မှ လွတ်ထွက်သွားတော့သည်။ အကြောင်းမူကား စစ်တပ်နှင့်အတူ ထားခဲ့သော စစ်ဗိုလ်ကလေး တစ်ယောက်သည် မိုက်ရူးရဲဖြစ်၍ စိတ်ဆတ်သည်နှင့် မိမိတို့၏ အကြီးအကဲ ဖြစ်သော ဗိုလ်သာမြတ်အား သေနတ်နှင့် ချိန်ရလေသလောဆို၍ ကွန်မြူနစ်

ခေါင်းဆောင်အား ရိုင်ဖယ်နှင့် ပစ်ချရာ အခြားစစ်သားများကလည်း နောက်ဆုံး ရောက်လာသော ကွန်မြူနစ် သူပုန်များဆီသို့ ရိုင်ဖယ်များနှင့် ပစ်ခတ်ကြသည်တွင် တိုက်ပွဲ အစပြုပြီး ဖြစ်သွားသောကြောင့်ပေတည်း။

ယင်းကဲ့သို့ တစ်ဖက်နှင့် တစ်ဖက် စတင် ပစ်ခတ်ကြရာတွင် သာမြတ်နှင့် လက်ထောက် ၄ ယောက်တို့သည် လည်းကောင်း၊ လှမော်နှင့် လက်ထောက် ၄ ယောက်တို့သည် လည်းကောင်း မိမိတို့ ငယ်သားများ ရှိသော နေရာသို့ အသီးသီး ပြေးသွားကြရလေ၏။

အဖွဲ့များမှာ ဖိုခုံလောက်ဆိုင် ဖြစ်နေ၍ သာမြတ်၏ စစ်သားများသည် နှစ်ဌာနသို့ မျက်နှာမူကာ ပစ်ခတ်ကြရလေရာ သူပုန်နှစ်ဖွဲ့တို့ကမူကား အစိုးရ စစ်တပ်ကလေးရှိရာသို့ တစ်ဖက်သတ် ပစ်ခတ်နိုင်ကြသည် ဖြစ်၍ အစိုးရစစ်တပ်မှာ အညှပ်ခံနေရလေပြီ။ စစ်သားများသည် နီးရာ သစ်ပင်များသို့ ပြေးကပ်ကာ အကာအကွယ် ယူကြသော်လည်း နှစ်မျက်နှာမှ ပစ်ခြင်း ခံကြရသောကြောင့် အထိအခိုက် မလွတ်နိုင်ဘဲ ရှိကြ၏။ သူပုန်ဘက်ကမူ နှစ်ဖွဲ့ ညှပ်ထားနိုင်သောကြောင့် အားတက်၍ ရှေ့သို့တိုးနိုင်ကြရာ သာမြတ်တို့မှာ ဆုတ်ခံ ခံကြရလေတော့သည်။

သို့နှင့် သူပုန်တို့က ဖိသည်ထက် ဖိလာကြ၍ အစိုးရ တပ်ကလေးမှာ တဆုတ်တည်း ဆုတ်နေကြရပေရာ နောက်ဆုံးတွင် စစ်သားများ အားလျော့၍ ပြေးသူ ပြေးကုန်ကြလေပြီ။ သာမြတ်မှုကား ဆုတ်ခံ ခံကြသူများ အနက်တွင် နောက်ဆုံးအပိုင်းမှ ဖြစ်၍ သတ္တိကောင်းသော ဗိုလ်ကလေး နှစ်ယောက်နှင့် စစ်သား လေးငါးယောက် ခြံရံကာ ခုခံ တိုက်ခိုက်ကြသေး၏။ သို့ပါသော်လည်း ကျသူ ကျ၍ ပြေးသူများ ပြေးကုန်ကြပြီ ဖြစ်သောကြောင့် သာမြတ်နှင့် တပည့် သုံးလေးယောက်တို့သည် သူပုန်များ ဝိုင်းဝန်းခြင်း ခံရပြီးလျှင် နောက်ဆုံးတွင် လက်ရ ဖမ်းဆီးခြင်း ခံကြရလေတော့သည်။

ရဲဘော်ခေါင်းဆောင် ဖြစ်သော လှမော်နှင့် ကွန်မြူနစ် ဒုတိယ ခေါင်းဆောင်တို့သည် လက်ရ ဖမ်းဆီးရမိထားသော သာမြတ်နှင့် စစ်သား





လေးငါးယောက်တို့ ကိစ္စကို တိုင်ပင်ကြ၏။ ကွန်မြူနစ်များဘက်မှ ပထမ ခေါင်းဆောင်မှုကား တိုက်ပွဲ အစပြုကတည်းက မိုက်ရူးရဲ စစ်ဗိုလ်ကလေး၏ ရိုင်ဖယ် ကျည်ဆန်ကြောင့် ကျဆုံးခဲ့လေပြီ။

ကွန်မြူနစ် ခေါင်းဆောင်သည် မိမိတို့၏ အကြီးအကဲကို စစ်မကြေညာမီ ပစ်သတ်လိုက်ခြင်း အတွက်ကြောင့် မိထားသော စစ်သားများကို လက်စားချေသော သဘောနှင့် သတ်ပစ်ချင်၏။ သို့သော် ကွန်မြူနစ် ခေါင်းဆောင်ကို ပစ်ချသော စစ်ဗိုလ်ကလေးမှာ ဤလူစုအနက်တွင် မပါရှိသောကြောင့် လူတစ်ယောက် အပြစ်အတွက်နှင့် အခြား လူများအပေါ်၌ လက်စားချေခြင်းသည် မသင့်လျော်ကြောင်းဖြင့် လှမော်က ကန့်ကွက်လေသည်။ လှမော်က–

‘တစ်ချက်ကလည်း ရှိသေးတယ် မိတ်ဆွေရဲ့၊ တော်လှန်ရေးဆိုတာမျိုးဟာ တောက်လျှောက် တစ်ဆက်တည်း အောင်မြင်သွားလိမ့်မယ်လို့ ဘယ်သူမှ မထင်စားဝံ့ပေဘူး။ သူတစ်ခါ ငါ တစ်လှည့် ဆိုသလို အနိမ့်အမြင့် ကြုံရတတ်ပါတယ်။ ကိုယ်က သာတဲ့အလှည့်မှာ အရမ်း နှိပ်လိုက်မယ်ဆိုရင် အမျိုးသား အချင်းချင်း စိတ်နာကုန်ကြပြီး နောက်ဆုံးကျတော့ တစ်မျိုးလုံး ပြုတ်ပြုတ်ပြုန်းကုန်ပါလိမ့်မယ်။ မိတ်ဆွေ စဉ်းစားပါ’

‘ဘယ့်နှယ်လဲဗျာ၊ ကျုပ်တို့က အမျိုးသားချင်းမို့လို့ မတိုက်ချင်လို့ စကား ကမ်းလှမ်းနေရာမှာ စကားပြောတဲ့ လူကို ပစ်ချတာ တော်ရော့လား ဗျ’

‘မလျော်တာတော့ မှန်ပါတယ်၊ သို့သော် ပထမ ပစ်တဲ့ လူက ဒီအထဲမှာ မပါတော့ဘူးဗျ၊ လွတ်ထွက်သွားပြီ။ ဒါနဲ့ မိရာလူကို လက်စားချေသလို လုပ်လို့ မတော်ပေဘူး ထင်တယ်ဗျာ’

သာမြတ်သည် မိမိတို့ အတွက်နှင့် ပတ်သက်၍ ခေါင်းဆောင် နှစ်ယောက် ဆွေးနွေး တိုင်ပင်ကြသည်များကို အလုံးစုံ ကြားရ၍ လှမော်ကို မိမိက ပစ်မချမိသည့်အတွက် တော်သေးသည်ဟု အောက်မေ့မိ၏။

နောက်ဆုံး၌ ကွန်မြူနစ် ခေါင်းဆောင်သည် လူမော်၏ စကားကို နားဝင်၍ မိထားသော စစ်သားများကို လွှတ်ပစ်ဖို့ သဘောတူလေ၏။ သို့သော် သာမြတ်တို့လူစုကို စကားချည်လိုသေးသော ကွန်မြူနစ် ခေါင်းဆောင်က သာမြတ်အား–

'တစ်ခုတော့ ပဋိညာဉ် ပြုခဲ့ကြပါလားဗျာ'

'ဘာလဲဗျ'

'ကျုပ်တို့ ယခု တော်လှန်ရခြင်းဟာ တိုင်းပြည်လူထု ကောင်းစားရေးအတွက် ပြုလုပ်ရခြင်း ဖြစ်သောကြောင့် ခင်ဗျားတို့ကို လွှတ်ပေးလိုက်ရင် ကျွန်တော်တို့ကို နောက်နောင်အခါတွင် ဘယ်တော့မှ မတိုက်ပါဘူးလို့ ကတိပေးကြရင် မကောင်းပေဘူးလားဗျာ'

'ဒါကတော့ မဖြစ်နိုင်ပေဘူး ထင်တယ်၊ ကျုပ်တို့က စစ်ဝန်ထမ်း ဆိုတော့ ပြည်ပိုင်အစိုးရကို ဘယ်လို လူက ဘယ်လို ရည်ရွယ်ချက်နှင့် တော်လှန်သည် ဖြစ်စေ၊ ကျုပ်တို့က အစိုးရဘက်မှ တိုက်ပါမယ်လို့ သစ္စာပြုထားရတဲ့ အကြောင်းကို ခင်ဗျားတို့လည်း သိလောက်ပါတယ်။ တစ်ဖက်ကို သစ္စာပြုထားပြီးတဲ့နောက် တစ်ဖက်ကို တစ်မျိုးတစ်မည် သစ္စာပြုရဦးမယ် ဆိုလို့ မဖြစ်နိုင်ဘူး ထင်ပါတယ်ဗျာ'

ဤတွင် လူမော်က–

'သူပြောတာ ဟုတ်ပါပေတယ်ဗျ၊ ဟိုတစ်မျိုး ဒီတစ်မျိုး ဆန့်ကျင်ဘက် သစ္စာပြုလို့ ဘယ်ဖြစ်နိုင်ပေမလဲဗျာ'

'ဒါဖြင့်လည်း ကျုပ် သဘောတော့ စစ်သား ငါးယောက် လျှော့ရင် ရန်သူငါးယောက် လျှော့သွားတာပဲ ဆိုပြီး သုတ်သင်လိုက်ချင်တယ်ဗျာ'

ကွန်မြူနစ်ခေါင်းဆောင်သည် အစိုးရစစ်တပ်တွင် အကြီးအကဲ ဖြစ်သော သာမြတ်၏သွေးကို စမ်းလိုသည့် လက္ခဏာနှင့် ဤသို့ ပြောလိုက်ခြင်း ဖြစ်သည့်အလျောက် သာမြတ်၏ မျက်နှာကဲကို ခတ်နေ၏။ သေရမည်ကို မကြောက်သူ မရှိသောကြောင့် သာမြတ်မှာ မျက်နှာပျက်သွားသည်





မှန်သော်လည်း ကတိပေးပါတော့မည် ဟူ၍ မပြောဘဲ နှုတ်ခမ်းကို ကိုက်နေ၏။ စစ်သားတစ်ယောက်ကမူ 'ကတိပေးလိုက်ပါ ဗိုလ်ကြီး' ဟူ၍ပင် သာမြတ်ကို တိုက်တွန်းသေးရာ သာမြတ်က မျက်လုံးပြူး၍ ပြလိုက်တော့သည်။ နောက်ဆုံး၌ ကွန်မြူနစ်ခေါင်းဆောင်က–

'ခင်ဗျား သွေးကို စမ်းကြည့်တာပါဗျာ၊ ကတိပေးပြီး တော်တော်ကြာ ဝင်တိုက်တော့ ကျုပ်တို့ ဘာတတ်နိုင်မှာလဲ။ တော်ပေ့ဗျာ.... ခင်ဗျား သတ္တိကို ကျုပ် ချီးကျူးပါတယ်။ ဗမာ စစ်ဗိုလ်ထဲမှာ ဒီလို သတ္တိကောင်းတဲ့ လူ တွေ့ရတော့ ကျုပ်ဖြင့် တော်လှန်ချင်တဲ့ စိတ်တောင် အတော်နည်းသွားတယ်ဗျို့။ ချီးကျူးပါတယ်ဗျာ'

လူမော်သည် လည်းကောင်း၊ ကွန်မြူနစ်ခေါင်းဆောင်သည် လည်းကောင်း ခေတ်ပညာတတ်ကလေးများ ဖြစ်ကြသည့် အားလျော်စွာ သာမြတ်ကို လက်ဆွဲ၍ ချီးကျူးကြလေသည်။

လူမော်ကမူ သာမြတ်၏ လက်ကို အကြိမ်ကြိမ် ဆွဲလှုပ်ရင်း 'သူငယ်ချင်းရာ၊ မင်းနဲ့ ငါနဲ့ ငယ်ငယ်ကလေးက စပြီး အပြိုင်အဆိုင် လုပ်လာခဲ့ကြတာ ဒီကနေ့ အဖို့ဖြင့် မင်းလုပ်ပုံကလေးတွေ ငါ ကြည်ညိုပါတယ်ကွာ။ အမှန်ပါပဲ'

'နေပါဦး သူငယ်ချင်း၊ ခုနင်တုန်းက ငါတို့ စကားကလေး မဆုံးခင် တိုက်ပွဲဖြစ်သွားလို့ စကားပြတ်သွားပါတယ်'

'ပြီးတာ ပြီးပါစေတော့ သူငယ်ချင်းရာ'

'အေးလေ.... ပြီးတာကတော့ ပြီးပါပြီ၊ ငါကလည်း ပစ်တော့မှာ မဟုတ်ပါဘူး၊ သို့သော် ဟိုတုန်းက ငါက ကတိပေးလိုက်လို့ရှိရင် မင်းက တောင်းပန်မှာလား'

'ခုနေ ပြောလို့ အပိုပေါ့ သူငယ်ချင်းရာ၊ ငါက မတောင်းပန်ဘူးလို့ ပြောရင် မင်းက ယုံမှာလား။ သို့သော် ဘာပဲဖြစ်ဖြစ် မင်းကို ငါက ပစ်ပြီးတဲ့နောက် မင်းက တစ်ခါတည်း မပစ်သေးဘဲ စကားဆိုနေလိုက်ပုံကလေး

တော့ ငါ ချီးကျူးတယ်ကွာ။ ငါသာ မင့်နေရာမှာရှိရင် ဘာသော ညာသော ပြောမနေဘူး၊ ရင်ဝ တည့်တည့်ကြီး ဆော်ထည့်လိုက်မှာပဲ ဟေ့။ တော်ပေ့ ကွာ ငါ့လူ’

နောက်ဆုံးအကြိမ် လက်ဆွဲပြီးနောက် သာမြတ်နှင့် စစ်သား လေးငါး ယောက်တို့သည် သူပုန်များ၏ နယ်မှ ထွက်လာခဲ့ကြလေတော့သည်။

## အခန်း ၁၁

မသက်နှံနှင့် ခင်လေးဆွေတို့သည် မန္တလေးမြို့ လေးစိတ်ဝင်းအတွင်းရှိ တဲအိမ်ကလေးတွင် ဆင်းရဲ ငြိုငြင်စွာ နေထိုင်ခဲ့သော အစေခံ မိန်းမကြီးသည် ပင်လျှင် ဝမ်းဝအောင် မစားရဆို၍ ၎င်းတို့နှင့်အတူ မနေတော့ဘဲ စွန့်ခွာ သွားခဲ့ပြီ ဖြစ်သောကြောင့် သားအမိ နှစ်ယောက်ထဲ ရှိကြလေတော့သည်။ အဝတ်ကောင်းများကို ရောင်းချရာမှ တစ်ပတ်နွမ်း အဝတ်များကို ရောင်းချ စားသောက်ရသည်အထိ ချို့ငဲ့လာခဲ့ပြီ ဖြစ်သော်လည်း မသက်နှံမှာ အလုပ် အကိုင် ရှာ၍ အပေါက်မတည့်နိုင်သေးဘဲ ကျပ်တည်းသည်ထက် ကျပ်တည်း လာခဲ့ကြလေပြီ။ အလုပ်အကိုင်ရှာခြင်း ဟူသည်မှာ မိန်းမသားတစ်ယောက် အဖို့ မဆိုထားနှင့်၊ မည်သည့် အလုပ်မျိုးမဆို လုပ်ပါမည်ဟူသော ကြံရွယ် ချက်နှင့် ရှာသော ယောကျာ်းကြီးများပင်လျှင် အပေါက် မတည့်ချင်သည့် အခါများ၌ လက်မတင်ကလေးမျှ လွဲသွားခြင်းများ၊ “အင်တာဗျူး” ခေါ်၍ အခြား လူများနှင့် ယှဉ်ပြိုင်ရသည်တွင် အခြားလူသာ အရွေးခံရ၍ မိမိ မရဘဲ စရိတ်ကုန် အဝတ်နွမ်းရုံမျှ ဖြစ်ရခြင်းများ၊ အလုပ်လက်မဲ့ ဘဝ၌ ဝမ်းမဝ ခါးမလှ ဖြစ်နေရသည့် အထဲတွင် အလုပ်ရလိုလျှင် ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ် ပေးရမည်ဟု ညှဉ်းခြင်း၊ လက်ငင်းမပေးနိုင်လျှင် တစ်လခ နှစ်လခ စသည်ဖြင့် အလကား လုပ်ပေးရမည်ဟု ပဋိညာဉ် တောင်းခြင်း





စသည့် အခြင်းအရာများကို အလုပ်လက်မဲ့ အဖြစ်ဖြင့် အလုပ်ရှာကြသူတို့ ကြုံခဲ့ကြရဖူးပေလိမ့်မည်။

မသက်နှံမှာ ပစ္စည်းအားလုံး ကုန်သည့်တိုင်အောင် အလုပ်အကိုင် မရနိုင်ဘဲ ရှိရသည်အတွင်း ခင်လေးဆွေ မကျန်းမာခြင်း တည်းဟူသော ဒုက္ခသည် ထပ်ဆင့် နေခဲ့ပြန်လေပြီ။ မိန်းမတို့မှာ ဓမ္မတာကိစ္စ ပြီးဆုံးသည့် အခါ၌ စင်းလုံးချော ကျန်းမာသူ အလွန်နည်း၍ ကိုက်ခြင်း၊ တုန်ခြင်း စသော မတောက်တခေါက် ရောဂါအသေးအဖွဲ ဖြစ်စေ ကပ်ငြိတတ်လှပေရာ ခင်လေးဆွေမှာ ၎င်း အဆစ်အပိုင်းသို့ ရောက်ရာတွင် ရောဂါ အသေးအဖွဲ မျှလောက် မကဘဲ အိပ်ရာထဲ၌ လဲနေသည်အထိ မကျန်းမမာ ရှိနေခဲ့လေပြီ။

ခံလိုက်ရသည့် အနှိပ်၊ ပင့်လိုက်ရသည့် ဆေးဆရာ၊ ခေါ်လိုက်ရသည့် ဆရာဝန်၊ ပေးလိုက်ရသည့် ဆေးဖိုးဝါးခတို့မှာ စရိတ်ဆယ်ပြန်လည်း မက တော့ချေ။ ဇင်းမယ်လုံချည် တစ်ထည် ရောင်းလိုက်ရသည့်ငွေ ၁၅ ကျပ် အနက်မှ နှစ်ကျပ်သာ ရွေးသုံးရ၍ ဆရာဝန် တစ်ဆယ်၊ ဆေးဖိုး သုံးကျပ် ပေးလိုက်ရလေပြီ။ ဗန်ကောက်လုံချည် တစ်ထည် ရောင်းရသည့်ငွေ တစ်ဆယ့်သုံးကျပ်အနက်မှ အနှိပ်သည် သုံးကျပ်၊ ဆေးပုလင်း ငါးကျပ်၊ သမားတော် ငါးကျပ် ပေးလိုက်ရသဖြင့် နှစ်ကျပ်ဖိုးမျှပင် ဆန်ကလေး ဝယ်လိုက်ရတော့သည်။ ဤအတောအတွင်း အိမ်လခကလေး ၁၂ ကျပ်ကို လည်း မပေးနိုင်။ ဈေးဆိုင်ကလေးမှ အကြွေးယူထားသည့် ဆီဖိုး၊ ထင်းဖိုးနှင့် ငရုတ် ကြက်သွန်ဖိုး နှစ်ဆယ့်ခုနစ်ကျပ်ကလည်း တဂိမ်ဂိမ် တောင်းလျက် ရှိလေပြီ။ အိမ်လခမှာလည်း သုံးလတွက် ကြွေးတင်နေပြီဖြစ်၍ နောက်လ မပေးနိုင်လျှင် အိမ်ရှင်က ဆင်းပါတော့ဟု နှင်လေပြီ။ ငွေကျပ်စက အပေါင် ဆိုင်၌ သူငယ်ကလေး တစ်ယောက်အား ပေါင်ခိုင်းထားသည့် အပေါင် လက်မှတ်များမှာလည်း တစ်ထပ်ကြီး ရှိနေ၍ ရွေးနိုင်သော အိမ်နီးချင်းများ အား ရွေးယူကြစေရန် လက်မှတ်တစ်စောင်လျှင် ၂ ကျပ်၊ ၃ ကျပ် စသည်ဖြင့် ရောင်းချရ၏။ ၎င်းတို့မှာလည်း အထည်ကို မမြင်ရဘဲ ပိုးလုံချည်၊ ပိုးအင်္ကျီ

စသည်ဖြင့် လက်မှတ်ပေါ်၌ ရေးထားသည့်စာကို ကြည့်၍ ဝယ်ကြရခြင်း ဖြစ်သောကြောင့် ရွေးယူပြီး ကြည့်လိုက်သော အခါမှ နှုန်းချောင်သည်၊ မချောင်သည် သိကြရတော့သည်။ နှုန်းချောင်သည် ထင်သော အခါများ၌ တပြုံးပြုံးနှင့် ကြည်ရွှင်ကြ၍ အဝယ်မတော်ဟု ထင်သော အခါများတွင် မသက်နှံကို သုန်ကြ မှုန်ကြလေတော့သည်။

ဝင်းလယ်၌ရှိသော အိမ်ရှင် ခင်ခင်ကြီး ခေါ် မြမြကမူ မသက်နှံကို အခါခပ်သိမ်း မျက်နှာချိုသွေးလျက် ရှိ၏။ မသက်နှံကမူ အင်္ဂလိပ် အစိုးရ လက်ထက်က မျက်နှာဖြူ အရာရှိကြီးတွေ အပေါ်၌ ၎င်းမိန်းမ မျက်နှာကြီးခဲ့ခြင်းကို မမြင်လိုက်ရဘဲ ခင်ခင်ကြီး အတန်းလျော့ကျနေသော အခါမှ မြင်ရခြင်း ဖြစ်သောကြောင့် မိန်းမကြီးအပေါ်၌ အထင်အမြင်သေး၍ ခပ်တန်းတန်း နေခဲ့လေသည်။ နောက်ဆုံး၌ မိန်းမကြီးကိုယ်တိုင် မသက်နှံကို လက်လျှော့လိုက်သည့် လက္ခဏာနှင့် မိန်းကလေးများအား ဆွယ်တရား ဟောရန် မစေလွှတ်တော့ချေ။

တစ်ညသ၌ မသက်နှံသည် ငါးခြောက်ဖုတ်နှင့် ဆီဆမ်းစားရသော ညစာထမင်း စားသောက်ပြီးသည့်နောက် နံနက်စာအတွက် ချက်ရန် ဆန် မရှိခြင်းထက် ခင်လေးဆွေအတွက် ဆာလဖာဗစ်တား (Sulphur Bitters) ခေါ် ဆေးပုလင်း မဝယ်နိုင်ခြင်းအတွက် သက်ပင့် တရှူရှူနှင့် ထိုင်ကာ မှိုင်နေလေ၏။ ခင်လေးဆွေမှာ ၎င်းဆေး သောက်ရသောအခါမှ နေသာ ထိုင်သာ ရှိ၍ ဆေးမသောက်ရလျှင် တစ်ကိုယ်လုံး ကိုက်ခဲသောဝေဒနာဖြင့် တလိန်လိန် တလွန့်လွန့်နှင့် အလူးအလဲ ခံရရှာ၏။ ဆေးတစ်ပုလင်းကို ၅ ရက် သောက်ရ၍ တစ်ပုလင်းလျှင် ၇ ကျပ် ၁၄ ပဲ ပေးရလေရာ နောက်ဆုံး ဆေးတစ်ခွက်ကို ညနေ သုံးနာရီလောက်က သောက်ထား၍ ၇ နာရီတွင် တစ်ခွက်သောက်ဖို့ လိုပြန်၏။ ယခုမှာ ၈ နာရီ ထိုးနေပြီဖြစ်၍ ခင်လေးဆွေမှာ တစ်နာရီခန့်မျှ ဆေးပြတ်နေသည့်အတွက် "အလိုလေး" "အမယ်လေး" တညည်းညည်း တညူညူ ဝေဒနာ ခံစားနေရရှာလေပြီ။ မသက်နှံက





ကျောရိုးကို လက်မနှင့် နှိပ်ပေးသည့်အခါ အနည်းငယ် သက်သာရာ ရသည်နှင့် နှိပ်ပေးခဲ့၏။ သို့ရာတွင် နှိပ်ပေးသော အခိုက်တွင် သက်သာ၍ လက်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုက်မြဲ ကိုက်ခဲပြန်တော့သည်။ မသက်နှံ၏ လက်ချောင်းကလေးများမှာလည်း နှိပ်ပေးရသည့် အလုပ်နှင့်ပင် အသားမာ တည်တော့မည်ကဲ့သို့ ဖြစ်နေလေရာ ယခုညမှာလည်း လက်ညောင်းလွန်းသဖြင့် ခေတ္တ အနားယူရင်း တဲကလေး ရှေ့၌ ထိုင်နေစဉ်တွင် လူနာက ညည်းညူနေခြင်း ဖြစ်သည်။

ယခုည ဆေးပုလင်း မဝယ်ရလျှင် တစ်ညလုံး အိပ်နိုင်ရှာတော့မည် မဟုတ်သည့် ခင်လေးဆွေအတွက် ကရုဏာဖြစ်လျက် မသက်နှံသည် တဲရှေ့၌ ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းဆင်ခြင်၍ ယခုနေအခါတွင် ကိုသာမြတ်တို့၊ ကိုလူမော်တို့နှင့် တွေ့ရပါက ခင်လေးဆွေအတွက် အကူအညီတောင်းရလျှင် ဧကန် မုချ ကူညီကြလိမ့်မည်ဟု စဉ်းစားမိ၏။ ၎င်းတို့၏ ဓာတ်ပုံတစ်ခုစီ ရှိသေး၍ ရံဖန်ရံခါ ထုတ်ကြည့်မိသော်လည်း ထိုအချိန် ထိုအခါတွင် မည်သည့်နေရာ၌ ရောက်နေကြသည်ဟု သတင်း မရချေ။

'သမီးရေ.... မသက်နှံ၊ ဘယ်ကလဲ ဟေ့'

'ကျွန်မ ဒီကပါ မေမေ၊ ရှိပါတယ်၊ အိမ်ထဲမှာ အိုက်လွန်းလို့ ခဏ ထွက်ထိုင်နေပါတယ်'

'ကျောရိုးထဲက စစ်စစ် စစ်စစ်နဲ့ ကိုက်လိုက်တာ သမီးရယ်'

'လာပြီ မေမေ.... ကျွန်မ လာပြီ၊ သမီး နှိပ်ပေးပါဦးမယ် မေမေရယ်'

မသက်နှံသည် လူနာ၏ကွပ်ပျစ်သို့ လာ၍ ကျောရိုးကို နှိပ်ပေးရင်း လူနာ၏ဝေဒနာ သက်သာမှုအတွက် ဆေးပုလင်းဖိုးရအောင် မည်ကဲ့သို့ လုပ်ရပါမည်နည်းဟု စိတ်ကူးလေ၏။ ရောင်းချစရာ ပစ္စည်းဟူ၍ သရက်ထည်လုံချည် လတ်လတ်တစ်ထည်ဖြင့် မရှိတော့ချေ။ ၎င်းကို ရောင်းစေကာမူလည်း ဆေးပုလင်းဖိုး ပြည့်လိမ့်မည် မဟုတ်သေးချေ။ ထိုခဏ၌ မြမြတို့

အိမ်ကြီးဘက်မှ ဝါးခနဲ ရယ်လိုက်သော ယောကျ်ားနှင့် မိန်းမသံများ ပေါ်ထွက်လာလေရာ မသက်နှံသည် တစ်ခဏမျှ တွေဝေနေပြီးနောက် မျက်နှာရဲခနဲ နီသွားတော့သည်။

ခင်လေးဆွေမှာ လူနာတို့ ထုံးစံအတိုင်း မသက်နှံ၏ နှိပ်နယ်မှုကြောင့် ဝေဒနာ သက်သာသည်နှင့် တစ်ပြိုင်နက် တရှူးရှူး အိပ်ပျော်သွားလေ၏။ မသက်နှံမှုကား မိမိကိုယ်ကို မိမိ အဆုံး စီရင်တော့မည်ဟု သန္နိဋ္ဌာန်ချသော လူတို့၏ မျက်နှာမျိုးဖြင့် အံကြိတ်လျက် တဘက်ကလေးကို ခေါင်းမြီးခြုံပြီးလျှင် မြမြ ခေါ် ခင်ခင်ကြီး၏အိမ်သို့ နောက်ဖေးလှေကားမှ တက်သွားလေ၏။

ထိုခဏ၌ အိမ်ရှေ့ ဆင်ဝင်ဆောင်တွင် ဧည့်သည် ယောကျ်ား နှစ်ယောက် သုံးယောက်နှင့် မိန်းကလေးများသည် ရယ်ကာမောကာ စကားပြောလျက်ရှိရာ၊ နောက်ဖေးဆောင်တွင် ခင်ခင်ကြီးနှင့် မိန်းကလေး တစ်ယောက်သည်သာလျှင် ကိစ္စတစ်ခုနှင့် စကားပြောနေကြ၏။ ခင်ခင်ကြီးသည် ခေါင်းမြီးခြုံထားသော တဘက်ကို တစ်ချက်တည်း လှပ်ပြရုံနှင့် မသက်နှံမှန်း သိ၍ အံ့ဩစွာနှင့် နေရာထိုင်ခင်း ပေးလေရာ မသက်နှံကမူ ဒေါ်ဒေါ်ကြီးနှင့် တိုင်ပင်စရာ ကိစ္စကလေး ရှိသည်ဟု ပြောသည်နှင့် မိန်းမကြီးသည် မိန်းကလေးကို ရှောင်ပေးရန် မျက်ရိပ်ပြလိုက်လေ၏။

မိန်းမကြီးနှင့် နှစ်ယောက်တည်း ကျန်ရစ်ကြသည်တွင် မသက်နှံက စကားသွယ်ဝိုက် မနေဘဲ လူနာအမေကြီးအတွက် ဆေးဖိုးဝါးခ လိုနေသောကြောင့် မိန်းမကြီး ခိုင်းသမျှကို လိုက်နာပါမည်၊ သို့သော် မိမိ၏မျက်နှာကို မဖော်လိုသဖြင့် ခေါင်းမြီးခြုံကို မလှပ်ဘဲ ထားနိုင်ဖို့ စည်းကမ်းချက် တစ်ခုသာ ပြုလုပ်ပေးပါတော့ဟု ပြောလေ၏။ မိန်းမကြီးသည် မသက်နှံ၏ ရုပ်ရည်ကို သဘောကျပြီးဖြစ်၍ နောင်အရှည်သဖြင့် ပွဲခရဖို့ အရေးကိုပါ မျှော်တွေးမိသည်နှင့် ဝမ်းမြောက်ဝမ်းသာပင် စီမံပေးပါမည်ဟု တာဝန်ခံလေ၏။





အိမ်ရှေ့ ဧည့်ခန်းထဲတွင် မည်သူတွေ ရောက်နေကြသည် ထင်ဘိသနည်း။ အခြားလူများ မဟုတ်၊ အစိုးရ စစ်တပ်မှ စစ်ဗိုလ်ကလေး သုံးယောက် ရောက်နေကြရာ ၎င်းတို့အနက်တွင် ဗိုလ်သာမြတ်လည်း ပါဝင်လေသည်။ သာမြတ်မှာ ဤသို့သော အပျော်အပါးမျိုး၌ များစွာ ဝါသနာမပါသဖြင့် ထိုအိမ်ကြီးသို့ ပထမအကြိမ် ရောက်ဖူးခြင်း ဖြစ်လေရာ၊ ထိုညဉ့်၌ စစ်ဗိုလ်ကြီးတစ်ယောက် ဌာနပြောင်းရွှေ့ခြင်းအတွက် နှုတ်ဆက် ညစာစားပွဲတွင် အတော်များသွားသည်နှင့် သူငယ်ချင်း စစ်ဗိုလ်များနှင့်အတူ တစ်ခေါက်တစ်ခါ လိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။ သူငယ်ချင်းများကလည်း သာမြတ်ကို တကဲကဲ ပြုလုပ်နေကြရာတွင် မိန်းမကြီးက "အသစ်ကလေး" တစ်ယောက် ရောက်လာသည်ဟု ပြောသောအချိန်၌ သာမြတ်ကိုသာ တွန်းထည့်ကြလေတော့သည်။ သာမြတ်ကိုယ်တိုင်ကလည်း ခပ်ထိုထိုဖြစ်နေ၍ သူငယ်ချင်းများ တိုက်တွန်းသမျှကို လိုက်နာမည့် အခြေအနေမျိုး၌ ရှိနေလေတော့သည်။

သို့ဖြစ်၍ သာမြတ်သည် မိန်းမကြီး၏ ညွှန်ပြသောအခန်းသို့ ဝင်သွားသောအခါ တစ်ခန်းလုံး မှောင်ချထား၍ ခုတင်ပေါ်တွင် တဘက်ကို ခေါင်းမြီးခြုံကာ ထိုင်နေသော မိန်းကလေး တစ်ယောက်ကို ရေးရေး မြင်ရတော့သည်။ အစိမ်းကလေး ဖြစ်၍ ရှက်တတ်သောကြောင့် ဤကဲ့သို့ စီမံရပါသည်ဟု မိန်းမကြီးက ပြောထားသော်လည်း ယောကျ်ားတို့ သဘာဝအတိုင်း နောက်ချင်သေးသည် ဖြစ်၍ မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သေး၏။ သို့ရာတွင် မိန်းကလေးက တဘက်နှင့် ဖုံးလိုက်သောကြောင့် သာမြတ် မမြင်ရချေ။

*

'သမီးရေ ဘယ်ကလဲဟော့၊ မေမေ့ကို တစ်ဆိတ်ကလေး ထူပေးပါကွယ်'ဟု ခင်လေးဆွေက ခေါ်သော်လည်း မသက်နှံ ထူးဖော်မရတော့ချေ။ 'ဖြစ်ရလေ

ကွယ်၊ သမီးနှယ် ဘယ်ဆီ သွားနေပါလိမ့်၊ ဩော်.... တပိုတပါးများ သွားထင်ပါ့လေ'

'ဒိန်း၊ ဒိုင်း၊ ဝုန်း၊ ဂျုံး၊ ဂုန်း၊ ဂွမ်း၊ ဒက်၊ ဒက်၊ ဒက်၊ ဒက်၊ ဒက်၊ ဒက်၊ ရွှီ၊ ရွှီ၊ ရွှီ၊ ဗြီ၊ ဗြီ၊ ဗြီ၊ ဗျောင်း၊ ဂျောင်း၊ ဂေါင်း စသည်ဖြင့် တစ်မြို့လုံး ရုတ်တရက် ကျွက်ကျွက်ဆူ မြည်ဟိန်းသွားလေရာ ခင်လေးဆွေ ခမျာမှာ ခိုကိုးရာမဲ့ ဖြစ်၍ 'သမီးရေ .... သမီးရေ' နှင့် တသ နေရှာလေသည်။ ထိုအတောအတွင်း၌ တဗြီဗြီ မောင်းနှင်လာသော မော်တော်ကားများ၊ တပေါ်ပေါ် မြည်သော ဟွန်းသံများ၊ တချွင်ချွင် တချွမ်ချွမ်မြည်သော ဘဲလ် အသံများ၊ တဂေါက်ဂေါက်၊ တဂွပ်ဂွပ်၊ တဒိန်းဒိန်း၊ တဂျောင်းဂျောင်း မောင်းနှင်သော ရထားသံ ကားသံတို့ဖြင့် တစ်မြို့လုံး ဆူညံလျက် ရှိတော့သည်။

ခင်ခင်ကြီးတို့ အိမ်ကြီးပေါ်၌ကား တစ်ယောက်သောသူက 'ကရင်သူပုန်တွေ ဆိုထင့်ပါလား၊ ဟုတ်တယ်ဟ ဟုတ်တယ်၊ လုပ်ကြဟ ငါ့လူများ' ဟု ပြောလိုက်သည်တွင် တစ်အိမ်လုံး ဗရုတ်ဗရက် ဖြစ်၍ ဧည့်သည်များ ဖိနပ်ကိုမှ စီးဖို့ အချိန်မရသူ မရဘဲ ကတိုက်ကရိုက် ဆင်းပြေးကြရလေတော့သည်။

လက်ဖတင်နင် သာမြတ်သည်လည်း ဒိန်းဒိန်း ဒိုင်းဒိုင်း အသံများ ကြားကတည်းက စစ်သားတို့ သဘာဝအတိုင်း မိမိတို့တာဝန် ဖြစ်သည်ဟု နားလည်သည့်အလျောက် အိမ်ခန်းထဲမှ ကပျာကယာ ထွက်ပြေးလာခဲ့၍ ဧည့်ခန်း၌ရှိသော သူငယ်ချင်း စစ်ဗိုလ်ကလေးများနှင့် ပူးပေါင်းပြီးလျှင် ဂျစ်ကားတစ်စီးနှင့် စစ်ဌာနသို့ အတင်း မောင်းနှင်သွားကြလေတော့သည်။

မသက်နှံသည် ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ရာတွင် တစ်စုံတစ်ခုကို ခြေထောက်နှင့် တွက်မိ၍ သာမြတ် မေ့ကျန်ရစ်သော လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သဖြင့် ပိုက်ဆံထည့်သည့် သားရေအိတ်တစ်လုံး ဖြစ်သည်ကို တွေ့ရလေသည်။ ၎င်းပစ္စည်းမှာ ထိုလူ၏ပစ္စည်း ဖြစ်တန်ရာသည်ဟု





စဉ်းစားမိသော်လည်း တတ်နိုင်သမျှ လျင်မြန်စွာ လူချင်းကွဲလိုသည် တစ်ကြောင်း၊ ဧည့်သည်များလည်း အိမ်ပေါ်မှ ကတိုက်ကရိုက် ဆင်းပြေးနေကြပြီ တစ်ကြောင်းကြောင့် ဧည့်သည်ကို ပြန်မခေါ်ဘဲ နေလိုက်၏။ ၎င်းနောက် သားရေအိတ်ကို အိမ့်ရှင် မြမြသို့ ပေးအပ်မည်ဟု အကြံရသေး၏။ သို့ရာတွင် တစ်အိမ်လုံး၊ တစ်ရပ်လုံး၊ တစ်မြို့လုံး ရှုပ်ယှက်ခတ်ဖြစ်၍ အချိန် မရသည့်ပြင် အမှန်အားဖြင့် ခင်လေးဆွေအတွက် ဆေးပုလင်းဖိုးကိုပင် မည်သူ့ထံမှ တောင်းရမည် မသိသောကြောင့် မရိုးသားသော စိတ်ကလေးလည်း ဝင်လာသည့် လက္ခဏာနှင့် ပိုက်ဆံအိတ်ကို မိမိ၏ အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်လေသည်။ သို့ရာတွင် ဆေးပုလင်းဖိုး ရစေရန် မိမိကိုယ်ကို ရောင်းစားရသည့် အဖြစ်သို့ ရောက်နေသော မသက်နှံအား ဤမျှလောက် မရိုးသားခြင်းအတွက် စာဖတ်သူတို့က ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်ပေသည်။

သားရေအိတ်ကို အိတ်ထဲသို့ ထည့်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အိမ်ရှင် ခင်ခင်ကြီးသည် အခန်းထဲသို့ ဝင်လာ၍ အိမ်၌ လူနာတစ်ယောက်တည်း ရှိသည်ဆိုကာ မသက်နှံအား ပြန်သွားစေရာ မသက်နှံလည်း နောက်ဖေးလှေကားမှ သုတ်ခြေတင်လာခဲ့လေတော့သည်။ တဲပေါက်ဝသို့ ရောက်၍ မီးရောင်တွင် သားရေအိတ်ကို ဖွင့်ကြည့်လိုက်သောအခါ ငွေစက္ကူ ၁၀ ကျပ်တန် ငါးချပ်နှင့် အကြွေ အနည်းငယ်အပြင် နဝရတ်လက်စွပ် တစ်ကွင်းကိုလည်း အကန့်ကလေးထဲ၌ တွေ့ရှိရလေသည်။

ထိုအတောအတွင်း၌ မြို့ထဲသို့ သူပုန်များ ဝင်သည်ဆို၍ မြို့သူမြို့သားများသည် တောင်မှ မြောက်၊ မြောက်မှ တောင်၊ အရှေ့မှ အနောက်၊ အနောက်မှ အရှေ့သို့ ခြေဦးတည့်ရာ ပြေးလွှားနေကြရာ ကားသံ၊ ရထားသံ၊ မြင်းရထားသံနှင့် ဘဲလ်သံတို့သည် ကျောက်လမ်းမကြီးများပေါ်တွင် ဆူညံလျက် ရှိတော့၏။ မသက်နှံတို့ နေထိုင်သော လေးစိတ်ဝင်းမှုကား လမ်းမကြီး မဟုတ်သောကြောင့် ဖြတ်လမ်းမှ ပြေးလွှားကြသော ခြေကျင်ခရီးသည်များမှ

တစ်ပါး ယာဉ်ရထား အသွားအလာ မရှိသဖြင့် ခပ်ဆိတ်ဆိတ် ရှိနေလေသည်။

မသက်နံ့သည် တဲထဲသို့ ဝင်ပြေး၍ ဆူညံသော အသံများကြောင့် ကတုန်ကယင် ဖြစ်နေသော လူနာ ခင်လေးဆွေအား ချော့မော့ နှစ်သိမ့်စေလျက် ဆေးပုလင်း ဝယ်ရန်အတွက် ပိုက်ဆံ ချေးနေရခြင်းကြောင့် အချိန်အနည်းငယ် ကြန့်ကြာသွားပါသည်ဟု ပြောရာတွင် လူနာခမျာမှာ ဆေးပုလင်းဖိုး ရခဲ့သည်ဟု ကြား၍ မိမိအား ပစ်ထားခဲ့သည့်အတွက် အပြစ်မတင်လိုတော့ချေ။

သို့သော် မသက်နံ့တို့၏ ဒုက္ခမှာ ဤမျှနှင့် လက်စမသိမ်းသေးချေ။ မသက်နံ့တို့၏ တဲကလေးနှင့် သုံးလေးအိမ်မျှ ခြားသော အိမ်တစ်ဆောင်မှ အိမ်ရှင်သည် တစ်မြို့လုံး ဗရုတ်ဗရက် ဖြစ်ခြင်းကြောင့် အလန့်လန့် အထိတ်ထိတ် ဖြစ်၍ ခွင်ပေါ်တွင် ကြော်လှော်နေသော ငါးကြော် ဒယ်အိုး အောက်၌ ရှိသည့် မီးဖိုထဲသို့ ရေနှင့် ငြိမ်းသတ်ရာတွင် မီးဖိုထဲသို့ မလောင်းမိဘဲ ဒယ်အိုးထဲသို့ ရေလောင်းမိလျက်သား ကြုံသည်နှင့် မီးဟုန်းဟုန်း ထ တောက်လေ၏။

'မီးဟေ့ .... မီး လုပ်ကြပါဦးဟဲ့၊ လောင်ကုန်ပါပြီဟဲ့၊ ကိုယ်ကျိုးနည်းပါပြီတော်' စသည်ဖြင့် ကုန်းအော်ဖို့လောက်သာ သတိရ၍ အိမ်ရှင်မိန်းမသည် မီးကို မငြိမ်းသတ်ဘဲ အိမ်ရှေ့သို့ ထွက်ပြေးလာတော့ရာ မီးတောက်သည် ခေါင်မိုးကို စွဲငြိ၍ တစ်အိမ်လုံး ပျံ့နှံ့စ ပြုနေလေပြီ။ အခြားသော အိမ်နီးချင်းများလည်း ညံ့ဖျင်းသော ရပ်ကွက်သူ ရပ်ကွက်သားတို့၏ ထုံးစံအတိုင်း လောင်သောမီးကို ငြိမ်းသတ်ဖို့ ကြိုးစားရမည့်အစား အထုပ်အပိုးသာ ပြင်ကြတော့ပေရာ မီးသည် ငါးမိနစ် မကြာမီ ဒုတိယအိမ်သို့ ကူးစက်နေလေပြီ။

ခင်လေးဆွေမှာ အခြားသော အချိန်များတွင် လူ ထူမှ ထနိုင်သော





လည်း မီးဆိုသော အသံကို ကြားသည်နှင့် တစ်ပြိုင်နက် တဲပြင်သို့ ခုန်ပေါက်ထွက်ပြေးလေတော့သည်။ ၎င်းတို့ သားအမိမှာ သားရေသေတ္တာကလေးတစ်လုံးမှ တစ်ပါး သယ်ယူစရာ အဖိုးတန်ပစ္စည်းများလည်း မရှိ၊ မီးမှာလည်း နီးကပ်လွန်းသောကြောင့် အိပ်ရာ၊ ခေါင်းအုံးများကို သယ်ယူရန် အချိန်မရလေရကား မသက်နံ့သည် လက်တစ်ဖက်တွင် သားရေသေတ္တာကို ဆွဲလျက် အခြားတစ်ဖက်ဖြင့် ခင်လေးဆွေကို တွဲခေါ်ကာ ဝင်းပြင်သို့ ထွက်လာခဲ့ကြလေ၏။

*

လက်ဖတင်နင် သာမြတ်သည် သူပုန်များ ပြန်ဆုတ်သွား၍ မြို့ကို အစိုးရစစ်တပ်က ပြန်လည် သိမ်းပိုက်သောအခါတွင် ခင်ခင်ကြီးတို့၏ အိမ်ကြီးကို သွားရောက်ရှာဖွေရာ အိမ်ကြီးသာမက တစ်ဝင်းလုံးရှိ ပတ်ဝန်းကျင် အိမ်ကလေးများပါ ပြာအတိ ဖြစ်နေသည်ကို တွေ့ရလေ၏။ ခင်ခင်ကြီးတို့အကြောင်းကို စုံစမ်းကြည့်ရာ အချို့က စစ်ကိုင်းဘက်သို့ ကူးသွားသည်ဟု ပြော၍၊ အချို့ကလည်း တောရွာတစ်ရွာသို့ ပြောင်းသွားသလိုလို ပြောကြလေသည်။ သာမြတ် အရေးကြီးသည်ကား ပျော်ပါးမှုအတွက် မဟုတ်၊ လက်စွပ်အတွက် ဖြစ်လေသည်။ ၎င်း လက်စွပ်မှာ နှယ်နှယ် မဟုတ်၊ မိခင် ကွယ်လွန်ခါနီးတွင် ကိုယ်တိုင် ဝတ်ပေးခဲ့၍ မိမိတို့၏ ဘေးတော်သည့်သုံးပါးမင်းကြီး ကိုယ်တိုင် နက္ခတ်နှင့် ကွင်းလုပ်ထားသည့် နဝရတ် ကိုးပါး လက်စွပ် ဖြစ်ကြောင်း၊ ၎င်း လက်စွပ် ဝတ်ထားသမျှ ကာလပတ်လုံး ဘေးအန္တရာယ် မငြိတွယ်နိုင်။ သို့သော် မသန့်ရှင်းသော နေရာများတွင် မဝတ်မဆောင်ရန်လည်း မှာထားခဲ့လေသည်။ သာမြတ်သည် ထိုညဥ့်က မသန့်ရှင်းသော ပျော်ပါးမှုဆို၍ လက်စွပ်ကို ချွတ်ထားခြင်းဖြစ်ရာ ၎င်းလက်စွပ်သည် သူငယ်ချင်း မသက်နံ့ ထံသို့ ရောက်နေခြင်းကိုလည်း သာမြတ် မသိ။ သာမြတ်၏ လက်စွပ် ဖြစ်ခြင်းကိုလည်း မသက်နံ့ မသိချေ။

## အခန်း ၁၂

လက်ဖတင်နင် သာမြတ်သည် သူပုန်များကို နှိမ်နင်းရသော အထူး စစ်ဗိုလ်ကလေး အဖြစ်နှင့် စစ်ဗိုလ်ချုပ်က သတ်မှတ်ထားရာ လူမော်တို့နှင့် တစ်ကြိမ်ယှဉ်ခဲ့ရစဉ်က အရေးမလှခဲ့ဖူးသည် တစ်ကြောင်း၊ လူမော် ကိုယ်တိုင်မှာလည်း ဗိုလ်နေမျိုးဘွဲ့ကို ခံယူလျက် သူပုန်များ အနက်တွင် အထူးသဖြင့် နာမည်ကြီးလျက်ရှိသည် တစ်ကြောင်းကြောင့် လူမော်နှင့် ၎င်း၏အဖွဲ့ကို အပြုတ်တိုက်ဖျက်ရန် စီမံလေ၏။ သို့ဖြစ်၍ သာမြတ်သည် စစ်နှင့် ပတ်သက်၍ အကြောင်းထူး မပေါ်ပေါက်ခဲ့လျှင် လူမော်တို့ကို မမိမချင်း စစ်ဌာနသို့ မပြန်ခဲ့ပါရစေနှင့် ဆို၍ ဗိုလ်ချုပ်ထံမှ အခွင့်တောင်းပြီးလျှင် စားနပ်ရိက္ခာနှင့် လက်နက်အပြည့်အစုံ ပါသည့် စစ်သား ၁၀၀ တို့ကို ရှေ့ဆောင်ကာ ထွက်လာခဲ့လေ၏။

လူမော်တို့မှာ ထိုအခါ၌ ရိုးမတောင်ခြေဘက်သို့ ဆုတ်ခွာ၍ တောကြီးထဲတွင် သစ်ခက်တဲများ ဆောက်လုပ်ကာ အခြေတကျ တောခိုနေကြသည်ဟု သတင်းရ၏။ သို့သော် သူပုန်များသည် တောကြီးထဲတွင် ကြာရှည်စွာ မနေနိုင်ဘဲ နီးကပ်ရာ ရွာများသို့ ချဉ်းကပ်၍ ရိက္ခာများ စုဆောင်းပြီးလျှင် လုံလောက်သောအခါမှ တောင်ခြေသို့ ဆုတ်ခွာသွားကြသည် ဆို၏။ သို့ဖြစ်၍ ၎င်းတို့သည် ကျေးရွာများနှင့် အဆက်မပြတ်ဘဲ တစ်ချိတစ်ချိ ထွက်လာ၍ တစ်ချိတစ်ချိတွင် ငုပ်ကွယ်နေကြလေတော့သည်။

သာမြတ်နှင့် နောက်ပါ စစ်သားများသည် ရိုးမတောင်ခြေနှင့် မိုင် ၂၀ ခန့် ကွာဝေးသော ရွာကလေး တစ်ရွာသို့ ရောက်သွားကြ၍ ရွာသားများအား တီးခေါက် စုံစမ်းရာတွင် သူပုန်များသည် ယမန်နေ့ကပင် ၎င်းတို့ရွာသို့ လာရောက်၍ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စသော ရိက္ခာများ ဝယ်ယူပြီးလျှင် လှည်းသုံးစီးနှင့် ပြန်သွားကြသည်ဟု သတင်း ရရှိလေ၏။ သာမြတ်သည် ခရီးပန်းလာကြသော မိမိ၏ စစ်သားများအား ၎င်းရွာကလေး





တွင် နှစ်ရက်မျှ အနားပေး၍ ထိုအတောအတွင်း သူပုန်များက မိမိတို့အား အလစ်တွင် ဝင်မတိုက်နိုင်စေရန် ကင်းစောင့်များ ချထားပြီးနောက် သူပုန်စစ်တပ် အခြေအနေနှင့် ပတ်သက်၍ စုံစမ်း ထောက်လှမ်းရန်အတွက်လည်း ကင်းထောက် တပ်ကလေး စေလွှတ်လိုက်လေသည်။

ကင်းထောက်များသည် နောက်တစ်ရက်တွင် ပြန်ရောက်လာကြ၏။ လူမော်တို့ သူပုန်တပ် တည်နေပုံ အခြေအနေကို သာမြတ်ထံ အစီရင်ခံလေ၏။ ရိုးမတောင်ခြေ၌ ပေ ၁၀၀ ခန့် ကျယ်သော စမ်းချောင်းကလေး ရှိရာ ၎င်း၏ အခြားဘက်၌ အိမ်လုံးခန့် ပမာဏရှိသော ကျောက်လုံးကြီးများ ကျဲပြန့်လျက် ရှိကြောင်း၊ ၎င်း ကျောက်လုံးကြီးများကို အမှီပြုကာ အကာအကွယ်ယူလျက် သစ်ခက်တဲကလေးများ ဆောက်လုပ်ထားကြောင်း၊ ချောင်းကလေးမှာ အခြားနေရာ၌ သုံးလေးပေခန့်မျှသာ နက်၍ လူထောက်မိသော်လည်း တဲကလေးများ ရှိသော နေရာ၌မူ ခြောက်ပေထက် မနည်း နက်၍ ရေကူးတတ်သူများမှ တစ်ပါး ဖြတ်ကျော်ရန် မဖြစ်နိုင်ကြောင်း၊ ကျောက်တုံးကြီးများအနက် အကြီးဆုံးသော ကျောက်တုံးကြီးမှာ ပေ ၂၀၀ ခန့် အမြင့်ရှိ၍ ၎င်းကျောက်တုံးကြီးထိပ်မှ ကင်းစောင့်နှစ်ယောက် စောင့်ကြည့်နေကြသည်ကို မှန်ပြောင်းဖြင့် အဝေးမှပင် မြင်နိုင်ကြောင်း၊ ကင်းထောက်များမှာ ချုံပုတ်များကို ကွယ်၍ မြေပေါ်၌ ဝပ်တွားကာ သွားခဲ့ကြသောကြောင့်သာလျှင် အတော်အတန် နီးအောင် ချဉ်းကပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ညဥ့်အချိန်တွင် ကင်းထောက် စစ်သားတစ်ယောက်က စမ်းချောင်းကလေးသို့ ရောက်အောင် တွားသွား၍ သန်းခေါင်ကျော်လောက်တွင် ချောင်းထဲသို့ ဆင်းသက် စုံစမ်းခြင်းအားဖြင့် လူ မထောက်မိအောင် နက်သောအဖြစ်ကို သိခဲ့ရကြောင်း၊ သို့သော် အထက်ပိုင်းသို့ ကိုက် ၅၀၀ ခန့် တွားသွား၍ ဆင်းသက် စုံစမ်းပြန်သောအခါတွင် စမ်းချောင်းတစ်ဖက်သို့ ရောက်အောင် ခြေထောက်မိသည်ကို တွေ့ခဲ့ရကြောင်း၊ ကျောက်တုံးကြီး ထိပ်ပေါ်၌ ကင်းစောင့် နှစ်ယောက် အမြဲထားသည်ကို မြင်ရခြင်းအားဖြင့် သူပုန်များသည် သတိ

ဝီရိယနှင့် နေကြခြင်းဖြစ်သည်ဟု သိရကြောင်း စသည်ဖြင့် ကင်းထောက်များက အစီရင်ခံကြလေသည်။

မိမိ၏ စစ်သားများ အမောအပန်းပြေလတ်သော် သာမြတ်သည် စစ်သည် အလုံးအရင်းနှင့်တကွ တောင်ခြေသို့ ချီတက်လေ၏။ လှည်းလမ်းပေါက်သော နေရာတွင် ရိက္ခာများကို လှည်းများဖြင့် တင်ဆောင်၍ အလွန်လမ်းကြမ်းသော နေရာသို့ ရောက်ခါမှ စစ်ဗိုလ်ချုပ်က ထည့်ပေးလိုက်သော ဝန်တင်လား ခြောက်ကောင်ဖြင့် အခေါက်ခေါက် အခါအခါ သယ်ယူစေပြီးလျှင် သင့်လျော်သော နေရာ၌ တပ်စခန်းချကြလေ၏။ သူပုန်များ လက်ဝယ်၌ မှန်ပြောင်း မရှိသောကြောင့် အစိုးရစစ်တပ် ချဉ်းလာခြင်းကို သူပုန်များ သိကြဟန် မတူချေ။ သို့သော် ကျောက်တုံးကြီးပေါ်၌ စောင့်နေသော ကင်းစောင့် နှစ်ယောက်ကိုမူ သာမြတ်တို့က မှန်ပြောင်းဖြင့် မြင်နိုင်ပေ၏။

စခန်းချရန်အတွက် နေရာတကျ အစီအစဉ် ပြုလုပ်ပြီးသည့်နောက် သာမြတ်သည် စစ်သား အနည်းငယ်နှင့် အကာအကွယ် ယူကာ တဖြည်းဖြည်း ချဉ်းကပ်သွား၍ စမ်းချောင်းနှင့် ကိုက် ၂၀၀ ခန့် ဝေးကွာသော နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျောက်တုံးထိပ်၌ စောင့်နေသော သူပုန်က သေနတ်တစ်ချက် ပစ်ဖောက်လိုက်သည်ကို သာမြတ်တို့ မြင်ရ၏။ ဤတွင် သာမြတ်သည် သစ်တစ်ပင်နောက်၌ အကာအကွယ်ယူ၍ စကားပြောရန်အတွက် ဆောင်ယူလာခဲ့သော ကတော့ အော်လန်ကြီးကို တောင်းယူပြီးလျှင်—

'နေမျိုး ခေါ် လူမော် အကြီးအမှူး ပြုလုပ်သည့် သူပုန်များ၊ မင်းတို့ပုန်းအောင်းတဲ့ နေရာကို ငါတို့ သိပြီ၊ လက်နက်ချမလား .... မချဘူးလား'

'မင်း ဘယ်သူလဲကွ' ဟု လူမော် အသံဖြင့် ပြန်မေးလိုက်၏။

'လက်ဖတင်နင် သာမြတ်ဟေ့'

'မင်းမှာ စစ်သား ဘယ်လောက်ပါသလဲ'





'ဘယ်လောက် ပါပါ မင်းတို့ကို အပြုတ်တိုက်ဖို့ လုံလောက်တယ်ဟေ့'

'ဟား ဟား ဟား ဟား၊ မင်း ခြောက်လို့ ငါ လန့်မှာလား သာမြတ်ရာ။ တိုက်ကြည့်စမ်းပါလားကွ'

'မင်းတို့ကို ဝင်မတိုက်ဘဲ ဝိုင်းထားရင်ကောကွ'

'ငါတို့မှာ တစ်လစားလောက်အောင် ရိက္ခာအပြည့်အစုံ ရှိတယ်ဟေ့'

'မဖြန်းပါနဲ့ လူမော်ရာ၊ မင်းတို့မှာ ဆန်အိတ် ဆယ်လုံးလောက်ရှိတာ ငါ သိပါတယ်ကွ'

'ဟေ့ ဆန်ပြုတ်စားရင် တစ်လ စားနိုင်တယ်ကွ၊ မင်းတို့မှာကော ဘယ်လောက်များများ ပါလို့လဲ'

'ငါတို့က သွားယူနိုင်တယ်၊ မင်းတို့မှာ သွားယူစရာ လမ်းမရှိဘူး'

'ဒါဖြင့် ပိတ်ကြည့်စမ်းပါလား မောင်ရာ'

'ဟေ့ လူမော်'

'ဘာလဲကွ သာမြတ်'

'ဒုက္ခ မခံချင်ပါနဲ့ ငါ့လူရာ၊ နောက်ဆုံးမှာ မင်းတို့ အရှုံးပေးရမှာ အမှန်ပါကွ'

'ဘာပြုလို့ အရှုံးပေးရမှာလဲ၊ မင်းတို့ စစ်သားတွေက ထမင်း တစ်နပ်မစားရရင် ခွေအိပ်ကုန်ကြမယ်၊ ငါတို့ သူပုန်တွေက သုံးရက် မစားရလို့ ဘာမှ မဖြစ်ဘူး၊ ကျင့်သား ရတယ်ကွ၊ မင်းတို့ကို မကြောက်ဘူး'

'စဉ်းစားပါ လူမော်ရာ၊ မင်းတို့ လက်နက်ချရင် ...'

'ဟေ့ လေကုန်တယ်ကွာ သာမြတ်ရာ၊ မင်းတို့ နိုင်တဲ့နည်းနဲ့ လုပ်စမ်း၊ ငါတို့က မကြောက်ဘူးဟေ့။ ဘယ်တော့မှ လက်နက် မချဘူးကွ'

ယင်းသို့ ပြောပြောဆိုဆိုနှင့် လူမော်က လက်ပြလိုက်သည်တွင် သေနတ်သံ တစ်ချက် ထွက်လာ၍ ကျည်ဆန်သည် သာမြတ်အနီးမှ ရှီခနဲဖြတ်သွားလေ၏။ ထိုအခါမှ သာမြတ်သည် အသာတကြည်နှင့် အရှုံးပေးပုံ

မရသော လူမော်တို့ကို အသေအကျေ တိုက်အံ့ဟု မိမိ၏ စစ်တပ်ရှိရာသို့ ပြန်ဆုတ်သွားလေ၏။

သာမြတ်သည် စစ်စခန်းသို့ ရောက်သောအခါ နောက်ပါ ဗိုလ်ကလေးများနှင့် တိုင်ပင်လေ၏။ သူပုန်များသည် အစိုးရ စစ်တပ်ထက် လူဦးရေအားဖြင့် အနည်းငယ် များကောင်း များပေမည်။ သို့ရာတွင် အစိုးရ စစ်တပ်က လက်နက် သာ၍ ရိက္ခာအတွက်လည်း စိုးရိမ်စရာ မရှိချေ။ လူမော် ပြောသည့်အတိုင်း သူပုန်များသည် ထုသား ပေသားရ၍ အစိုးရ စစ်သားများထက် အငတ်အပြတ် ခံနိုင်ကြမည်ကား မှန်ပေသည်။ သို့ရာတွင် လက်နက် ကိုင်စွဲရာ၌မူကား ယုတ်စွအဆုံးအားဖြင့် ရိုင်ဖယ်နှင့် စက်ကွင်း ပစ်၍ ကျင့်ထားသူများ ဖြစ်သောကြောင့် သူပုန်များထက် လက်ဖြောင့်ရမည်ဟု ယူဆ၏။ သာမြတ် စဉ်းစားမိသည်ကား မိမိတို့သည် သူပုန်များကို ရှေ့မှ ပိတ်ထားခြင်းအားဖြင့် ရိက္ခာပြတ်စေ၍ လက်နက်ချအောင် တတ်နိုင်သည် မှန်သော်လည်း ထိုနည်းမှာ အချိန်ကုန် လူပန်း ဖြစ်သောကြောင့် နောက်ဆုံး တစ်နေ့တွင်မှ အသုံးပြုမည်။ မိမိတို့၏ လက်ဖြောင့်ခြင်းကို အားကိုး၍ ၎င်းတို့နှင့် သေနတ်ချင်း ဆိုင်ပစ်သော တိုက်နည်းကို ရှေးဦးစွာ စမ်းကြည့်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

သာမြတ်သည် မိမိ၏ စစ်သားများကို နှစ်စုခွဲ၍ စမ်းချောင်း၏ လက်ဝဲ လက်ယာတို့သို့ ချီတက်စေပြီးလျှင် အကာအကွယ် ယူစေလျက် သူပုန်စခန်းကို နှစ်ဖက်မှ ညှပ်၍ ချိန်ထား၏။ ထို့နောက် သူပုန်များ အထဲမှ မည်းခနဲ မြင်သော လူကို လက်ဖြောင့်သော စစ်သားများက ပစ်ချရာ နှစ်ချက်တွင် တစ်ယောက်၊ သုံးချက်တွင် တစ်ယောက် စသည်ဖြင့် ထိမှန်သည်ကို တွေ့ရလေသည်။ ထိမှန်သည့် အခါတိုင်း စစ်သားများက ဩဘာပေးကြရာ သူပုန်ဘက်ကလည်း ထိုနည်းအတူ ချောင်း၍ ပစ်ကြ၏။ သူပုန်များ အကာအကွယ် ယူထားသော ကျောက်တုံးများမှာ ကြီးမားသောကြောင့် နှစ်ဖက်ညှပ်ပစ်စေကာမူ ခိုအောင်းရန် နေရာရှိသေးသော်လည်း သူပုန်များ





အဖို့ အနေအထိုင် အလွန် ကျဉ်းကျပ်သွားလေပြီ။ သူတို့ဘက်မှလည်း တုံ့ပြန် ပစ်ခတ်၏။ သို့သော် အစိုးရဘက်ကဲ့သို့ ကျည်ဆန်ကို အရမ်း မသုံးနိုင်သောကြောင့် သုံးလေးချက်ကို တစ်ချက်မျှသာ တုံ့ပြန်နိုင်လေသည်။

သူပုန်များသည် ရေအတွက် စမ်းချောင်းကို အားပြုထားကြရာ သိုလှောင်စရာ ဝတ္ထုပစ္စည်း မရှိသောကြောင့် အခက်အခဲ တွေ့ကြရ၏။ ရေငတ်တိုင်း စမ်းချောင်းသို့ ဆင်းသောက်ရမည်ကဲ့သို့ ဖြစ်နေရာ ဦးခေါင်း ပြူလာတိုင်း စစ်သားများက စောင့်ပစ်ကြ၏။ နောက်ဆုံး၌ သူပုန်များသည် ချက်ပြုတ်ရန်အတွက် လည်းကောင်း၊ သောက်ရန်အတွက် လည်းကောင်း စမ်းချောင်းမှ ရေခတ်ဖို့ လိုပေရာ နေ့အချိန်တွင် မခပ်ဝံ့တော့ဘဲ ညဥ့်အချိန်မှ ခပ်ကြရ၏။ သာမြတ်သည် ဤအကြောင်းကို သိ၍ စမ်းချောင်း တစ်ဖက်မှ အကာအကွယ်ယူကာ စောင့်နေကြရာ မှောင်မိုက်ထဲ၌ ရေခပ်ရန် ထွက်လာသော သူပုန်များကို ပစ်ချလေတော့သည်။ ထိုရက်များမှာ လပြည့်ခါနီး ဖြစ်၍ တစ်ညဥ့်လုံးလိုပင် လသာလျက်ရှိရာ သူပုန်များမှာ လမိုက်အောင် စောင့်ဖို့ အခွင့် မရတော့ဘဲ စွန့်စား၍ ရေခပ် ထွက်ကြရ၏။ တစ်နေရာ၌ ပစ်ချခြင်း ခံရလျှင် အခြား တစ်နေရာသို့ ပြောင်းရွှေ့ ခပ်ယူရန် သူပုန်များက ကြိုးစားကြသေး၏။ သို့ရာတွင် သာမြတ်က စမ်းချောင်းတစ်လျှောက်တွင် လူစုခွဲ၍ အနှံ့အပြား ကင်းစောင့်များ ချထားသောကြောင့် ရေခပ် ထွက်လာရသော သူပုန်များမှာ သေနတ်ဒဏ် ခံကြရလေတော့သည်။ ဤနည်းအားဖြင့် သူပုန်ဘက်မှ တပ်သား အတော်အတန် ဒဏ်ရာ ရရှိခဲ့ကြလေပြီ။

လူမော် ရှေ့ဆောင်သော သူပုန်များမှာ အခက်အခဲ ကြုံတွေ့နေကြလေပြီ။ တစ်ဖက်မှ သာမြတ်တို့ စစ်တပ်က ပိတ်ဆို့ထား၍ နောက်သို့ ဆုတ်ခွာရန်မှာ ရိုးမတောင်ကြီး ကာဆီးလျက် ရှိသောကြောင့် မိမိတို့ လက်ဝယ်၌ ရှိသော စားနပ်ရိက္ခာမျှလောက်နှင့် တောင်တန်းကြီးကို ကျော်ဖြတ်ရန် မဖြစ်နိုင်ချေ။ စားနပ်ရိက္ခာများမှာလည်း လိုသောအခါမှ လှည်း

သုံးလေးစီးတိုက်မျှ သွားရောက် တိုက်ယူထားခဲ့ခြင်းဖြစ်ရာ ယခုအခါ၌ ကုန်လုမတတ် ဖြစ်နေလေပြီ။ သို့ဖြစ်၍ လက်နက်ချသော နည်းလမ်းမှ တစ်ပါး ၎င်းတို့ အသက်ရှင်မှုမှာ သာမြတ်တို့ စစ်တပ်ကို ဖောက်ကျော် ဖြတ်ထွက်သွားရန်မျှသာ ရှိတော့၏။ လက်နက်ချဖို့ အလုပ်ကို စိတ်ကူး မထည့်သော လူမော်အဖို့မှာ သာမြတ်တို့ စစ်တပ်ကို တွေ့တွေ့ဆိုင်ဆိုင် တိုက်ခိုက်ရန်မျှသာ ရှိလေတော့သည်။

တစ်နေ့သ၌ လူမော်သည် မိမိ၏ လက်ထောက်များနှင့် တိုင်ပင်၍ သာမြတ်တို့၏ ဝိုင်းညှပ်ခြင်းကို ခံနေမည့်အစား သေလျှင် မြေကြီးဟု သဘော ထားကာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခြင်းအားဖြင့် အစိုးရ စစ်တပ်ကို ချဉ်းနင်း ဖောက်ထွက်ကြရန် ဆုံးဖြတ်လေ၏။ အစိုးရ စစ်တပ်၌ ခဲယမ်း မီးကျောက် အမြောက်အမြား ရှိသော်လည်း မကုန်မခန်းနိုင်သည် မဟုတ်၊ နောက်ထပ် ဖြည့်စွက်ရန်လည်း မလွယ်ကူကြောင်းကို လူမော် သိသည်ဖြစ်၍ ရှေးဦးစွာ ရိုင်ဖယ်ချင်း ဆိုင်ပစ်ခြင်းအားဖြင့် သာမြတ်တို့၏ ခဲယမ်း မီးကျောက် ကုန်စေအောင် စီမံမည်ဟု အကြံရ၏။ သို့သော် မိမိတို့၌ ရှိသော ယမ်းတောင့် အရေအတွက်မှာ အစိုးရစစ်တပ်၌ ရှိသော ယမ်းတောင့် အရေအတွက် ထက်ပင် နည်းသေးသည်ဖြစ်၍ ကုန်ချင်း ကုန်လျှင် မိမိတို့ဘက်မှ ရှေးဦးစွာ ကုန်ခန်းသွားမည်ကိုလည်း ရိပ်မိ၏။ သို့ဖြစ်၍ လူမော်သည် မိမိ၏ လူများ အား ယမ်းတောင့်ကို များစွာ မဖြုန်းတီးဘဲ အစိုးရ စစ်သားများက ပစ်ချင် လောက်အောင် လူယောင်ပြ၍ ၎င်းတို့ ယမ်းတောင့် ကုန်စေအောင် မြှူပေးဖို့ သွန်သင်၏။ မိမိတို့ကမူ စစ်သားများ ရဲလွန်း၍ အနီးသို့ မချဉ်းကပ်ဝံ့စေရုံမျှ သာ ပြန်လှန် ပစ်ခတ်ဖို့ မှာထားလေသည်။

တစ်နေ့ စောစော၌ လူမော်တို့ လူစုသည် ၎င်း အစီအစဉ်အရ ကျောက်တုံးကြီး အကာအကွယ်နောက်မှ ပြူထွက်လာကြ၍ စမ်းချောင်း ကို ဖြတ်ကျော်မည်ကဲ့သို့ ဟန်ပြင်ကြလေရာ သာမြတ်၏ စစ်သားများသည် သူပုန်များ ထွက်ပြေးတော့မည် အထင်နှင့် ရိုင်ဖယ်များဖြင့် ပစ်ခတ်ကြ၏။





သူပုန်များကလည်း ဤသို့ ပစ်တော့မည်ကို သိပြီးဖြစ်၍ မြေပေါ်၌ မှောက်သူ မှောက်၊ အကာအကွယ် ယူသူ ယူသောကြောင့် ထိမှန်သည်ဟူ၍ မရှိဘဲ စစ်တပ်ဘက်၌ ယမ်းတောင့် လေးငါးဆယ်မျှသာ ကုန်သွားတော့သည်။ ဤသို့ဖြင့် ရံဖန် တုံ့ပြန်၍ ပစ်ခြင်း၊ ရံဖန် နံဘေးမှ ပန်းထွက်ခြင်း၊ ရံဖန် အလုံးအရင်းနှင့် ထွက်တိုက်တော့မည်ကဲ့သို့ ပရိယာယ်လုပ်ခြင်း စသည်ဖြင့် အမျိုးမျိုး လှန့်ကြသည်တွင် သာမြတ်တို့က သူပုန်များသည် မိမိတို့ကို ခုခံ တိုက်ခိုက်ကြတော့မည် အထင်နှင့် မထွက်ဝံ့အောင် ရိုင်ဖယ်များနှင့် လှန့်ထားခြင်းအားဖြင့် ယမ်းတောင့် အမြောက်အမြား ဖြုန်းတီးကြတော့ ၏။

ဤနည်းအားဖြင့် လူမော်တို့ဘက်မှ ယမ်းတောင့် တစ်တောင့် ကုန် တိုင်း သာမြတ်တို့ဘက်မှ ဆယ်တောင့်မက ဖြုန်းတီးလျက် ရှိကြရာ နေ့ တစ်ဝက်မျှ မရပ်မနား လူမော်တို့က ဤမှ ထိုမှ ခြောက်လှန့်ကာ တိုးထွက် ခြင်း ပြုလိုက်သည်တွင် သာမြတ်တို့ စစ်တပ်မှာ ယမ်းတောင့် အမြောက် အမြား ပြုန်းတီးသွားလေပြီ။ တစ်ခါက လူမော်သည် သူပုန်များကို နှစ်စုခွဲ လျက် စစ်တပ်၏ လက်ဝဲလက်ယာတို့မှ အဟုတ်တကယ် ဖောက်ထွက်တော့ မည့်ဟန် ပြုသည်တွင် အကယ်ထင်သော သာမြတ်၏ စစ်သားများက ဒိန်းဒိန်းချင်း ဆက်စပ်သွားအောင် တရစပ် ပစ်ခတ်ကြတော့သည်။ လူမော်၏ လူများက နောက်သို့ပြန်တုံ့ကာ အကာအကွယ် ယူကြခြင်းမှာ မူလ အစီ အစဉ်အတိုင်း ဖြစ်သော်လည်း သာမြတ်တို့ကမူ အကြံမအောင်သဖြင့် ပြန်ဆုတ်ရသည် ထင်ကြ၍ ဝမ်းမြောက်ကြတော့သည်။

နံနက်စာကို တစ်လှည့်စီ စား၍ လူမော်တို့ သူပုန်များသည် စမ်းချောင်း အထက်အောက်မှ ဖောက်ထွက်ဖို့ ဟန်ပြင်ကြရာ မွန်းလွဲအချိန် လောက်တွင် အစိုးရ စစ်တပ်မှာ ယမ်းတောင့် အတော်ကုန်ပြီဖြစ်၍ သာမြတ် သည် နောက်ထပ် ဖြည့်စွက်ဖို့ အစီအစဉ်များပင် ပြုလုပ်ရလေပြီ။ ဤတွင် ယမ်းတောင့်ကို ချွေတာသုံးဖို့ စစ်သားများအား အမိန့်ပေးရသဖြင့် အပစ်

အခတ် နည်းသွားသောကြောင့် လူမော်သည် အစိုးရ စစ်တပ်၌ ယမ်းတောင့် အခြေအနေကို အကဲခတ်နိုင်လေပြီ။

ညနေစောင်းတွင် လူမော်သည် အစိုးရစစ်တပ်၌ ယမ်းတောင့် ဖြည့်စွက်ဖို့ အချိန် မရမီ ချဉ်းနင်း တိုက်ခိုက် ဖောက်ထွက်ရန် ဆုံးဖြတ်ချက်ချပြီးနောက် စမ်းချောင်းအောက်ဘက်ဆီမှ သေနတ်သံ အမြောက်အမြား ပေးလျက် အထက်ဘက်မှ ဖောက်ထွက်ဖို့ ပြင်ဆင်ကြ၏။ ကျောက်တုံးကြီးများ နောက်၌ သူပုန်များ ဤမှ ထိုမှ ရွေ့ပြောင်းကြသည်ကို စစ်တပ်မှ ကောင်းစွာ မမြင်နိုင်ပေ။ သို့ဖြစ်၍ သာမြတ်တို့ စစ်သားများအနက်မှ အမြောက်အမြားသည် သေနတ်သံ ကြားရာသို့ ပြေးသွား စောင့်မျှော်နေကြဆဲတွင် လူမော်တို့ လူစုသည် စမ်းချောင်း အထက်ပိုင်းဆီမှ အလုံးအရင်းနှင့် ထွက်လာ၍ စမ်းချောင်းကို ကတိုက်ကရိုက် ဖြတ်ကျော်နိုင်ကြလေပြီ။

စမ်းချောင်း၏ အခြားဘက်သို့ ရောက်လာကြ၍ အစိုးရတပ်နှင့် အပြိုင်အဆိုင် ပစ်ခတ်ကြရသည်ကား မှန်၏။ သို့ရာတွင် တိုက်ပွဲတို့ မည်သည်မှာ သေနတ်ဖြင့် အချက် ၁၀၀ ပစ်သော်လည်း လူတစ်ယောက် ထိမှန်ချင်မှ ထိမှန်သည် ဖြစ်သောကြောင့် အသံ ကျယ်သလောက် အထိအခိုက် မများဘဲ ယမ်းတောင့်သာလျှင် နှစ်ဖက်လုံး ဖြုန်းတီးကြလေတော့သည်။ ဤနည်းဖြင့် တစ်နာရီခန့် ပစ်ခတ်မိကြသော် နှစ်ဖက်လုံးပင် ယမ်းတောင့် မရှိတော့ဘဲ ဓား၊ ဓားမြှောင်နှင့် ဘက်နက်တို့ကိုသာ အားကိုးနိုင်တော့သဖြင့် လူချင်း တဖြည်းဖြည်း နီးကပ်လာကြလေပြီ။ နောက်ဆုံး၌ သာမြတ်၏ စစ်သားများသည် လူမော်၏ သူပုန်များနှင့် ပူးကပ်ကာ တွေ့ဆိုင်ခုတ်ထစ် ထိုးသတ်ကြရသော အခြေသို့ ရောက်သွားကြလေပြီ။

စစ်သားများသည် သေနတ်များ ကိုယ်စီကိုင်ဆောင်၍ ဘက်နက်များကို အသုံးပြုသော်လည်း အချို့မှာ ဘက်နက်နှင့် တိုက်ရခြင်းထက် ဓားများကို သာ၍ အားရသည်နှင့် သေနတ်ကို ပစ်ချကာ ဓားနှင့် တိုက်ကြ၏။ သူပုန်ဘက်မှမူ သေနတ်ကို လူစေ့အောင် မကိုင်ဆောင်နိုင်သဖြင့် ဓား၊





ဓားမြှောင်၊ လှံ၊ ပုဆိန် စသော လက်နက်အမျိုးမျိုး ကိုင်စွဲကာ တိုက်ခိုက်ကြ၏။ လူမော်တို့၏ အကြံမှာ တောင်ခြေမှ စွန့်ခွာ ထွက်သွားခြင်းထက် အစိုးရ စစ်တပ်ကို တွန်းလှန် ဖြိုဖျက်ရန်မျှသာ ဖြစ်ရကား နယ်ရဖို့ မကြိုးစားဘဲ နေရာကောင်း ရဖို့သာ လုံ့လပြုကြ၏။ ဆိုလိုရင်းမှာ ရှေ့သို့ ချီတက် ဖောက်ထွက်ခြင်းထက် စစ်သားများ ဆုတ်ပြန် ထွက်ပြေးခြင်းကိုသာ ရည်မှန်းသည် ဖြစ်သောကြောင့် စစ်သားများ နောက်ဆုတ်တိုင်း မလိုက်မူ၍ တိုက်ခင်းကောင်းသောနေရာကို လက်မလွှတ်ဘဲ တိုက်ခိုက်ကြသည် ဟူလို။ သာမြတ်ကမူ သူပုန်များကို တောင်ရိုးတန်းမှ ကွာအောင် ပရိယာယ်နှင့် မျှားခေါ်သေး၏။ သို့ရာတွင် လူမော်သည် အကြောင်းရှိက တောင်ရိုးတန်းကို ကျောကပ်၍ ခုခံမည် ဖြစ်သောကြောင့် နယ်ကျွံအောင် မလိုက်ဘဲ ခပ်ဆွဲဆွဲ တိုက်ခိုက်လေသည်။

သာမြတ်သည် လူမော်ကို တောင်ခြေမှ ကွာအောင် ဖြားယောင်းသွေးဆောင်၍ မရသောအခါ ရက်ရှည်စွာ စောင့်နေရခြင်းကို မနှစ်သက်သည်နှင့် ညနေ့၌ပင် အရှုံးအနိုင် ပေါ်အောင် တိုက်တော့အံ့ဟု စိတ်ကူးလျက် မိမိ၏ လူများရှေ့မှ ခေါင်းဆောင်ကာ လူမော်တို့ကို အတင်း ချဉ်းနင်း တိုက်ခိုက်လေတော့သည်။

ထိုအချိန်၌ကား နှစ်ဖက်လုံးမှာ ခဲယမ်း မီးကျောက်ဆို၍ ပြောပလောက်အောင် မရှိတော့သည် ဖြစ်၍ တစ်ဖက်နှင့် တစ်ဖက် ပူးကပ်စွာ တိုက်ခိုက်နိုင်ကြ၏။ အစိုးရ စစ်တပ်နှင့် သူပုန်တပ်သည် အရေအတွက်အားဖြင့် မတိမ်းမယိမ်း ရှိနေကြရာ တပ် နှစ်တပ်သည် မျက်နှာချင်းဆုံမိကြသည်နှင့် တစ်ပြိုင်နက် မိမိနှင့်နီးကပ်ရာ ရန်သူကို တိုက်ခိုက်ကြသည် ဖြစ်၍ တောင်ခြေတစ်လျှောက်တွင် တစ်ယောက်ချင်း တိုက်သော တိုက်ပွဲများ အနှံ့အပြား ဖြစ်ကြရလေတော့သည်။ လူမော်သည် အစိုးရ စစ်သား တစ်ယောက်နှင့် ရင်ဆိုင်တိုက်ရ၍ မကြာမီအတွင်း စစ်သားကို ဓားရှည်နှင့် ခုတ်ပိုင်းပြီးနောက် အခြား ရန်သူတစ်ယောက်ကို ရှာလျက်

ရှိစဉ် သူပုန်တစ်ယောက်ကို ဘက်နက်နှင့် ထိုးသတ်ပြီးသဖြင့် လူလွတ်ဖြစ်နေသော သာမြတ်နှင့် ဆိုင်မိကြလေ၏။

စစ်ဗိုလ် သာမြတ်နှင့် သူပုန်ခေါင်းဆောင် လူမော်တို့ တစ်ယောက်ချင်း ဆိုင်မိကြရာတွင် အခြားသော ငယ်သားများသည် ဗိုလ်ချင်းချင်း တိုက်ခိုက်ခြင်းကို ကြည့်လိုကြသည် ဖြစ်၍ မိမိတို့၏ တိုက်ခိုက်မှုကို ရပ်ဆိုင်းပြီးလျှင် သဘောတူ တိုင်ပင်ထားကြသည့်အလား ရပ်နားရင်း ကြည့်နေမိကြလေတော့သည်။

လူမော်၌ ဓားရှည်တစ်ချောင်းနှင့် ဓားမြှောင်တစ်လက် ကိုင်စွဲထားရာ သာမြတ်မှာမူ ဘက်နက် တပ်ထားသော သေနတ်တစ်လက်နှင့် ဓားမြှောင်တစ်ချောင်း ကိုင်ဆောင်ထား၏။ တစ်ယောက်နှင့် တစ်ယောက် ဆိုင်မိကြစဉ်တွင် တိုက်တော့မည် လုပ်ပြီးမှ သာမြတ်က 'နေဦး သူငယ်ချင်း၊ လက်နက်ချင်း မတူသေးဘူး၊ တော်တော်ကြာလို့ မင်းရှုံးတော့ ဟိုနှယ် ဒီနှယ် ပြောနေလိမ့်မယ်၊ ငါ ကိုင်သလို မင်းကလည်း ဘက်နက်စွပ်တဲ့ သေနတ်တစ်လက် ယူကိုင်ဦး' ဟု ပြောသည်နှင့် လူမော်သည် တပည့် တစ်ယောက်ထံမှ သေနတ်ကို ယူ၍ မိမိ၏ ဓားရှည်ကို ပစ်ချလိုက်လေ၏။

သာမြတ်နှင့် လူမော်တို့မှာ ငယ်ကတည်းက အတိုက်အခိုက် ဝါသနာ ပါခဲ့ကြ၍ အလေ့အကျင့် ပြုလုပ်ထားကြသည့်ပြင် မကြာခဏလည်း လက်သီးချင်း ထိုးခဲ့လှဖူးလေပြီ။ ကျောင်းသားဘဝ ကတည်းက လူမော်သည် ရွှေလီချောင်းမှ သိုင်းဆရာ တစ်ယောက်ကို ခေါ်ယူ၍ သိုင်းအတတ်ကို လေ့ကျင့်ထားခဲ့ရာ၊ သာမြတ်ကလည်း ဤအကြောင်းကို ကြားသည်နှင့် ရှမ်းဆရာ တစ်ယောက်ကို ပင့်ခေါ်၍ တုတ်သိုင်း၊ ဓားသိုင်း၊ လှံသိုင်းတို့ကို ဆည်းပူး လေ့ကျင့်ခဲ့လေသည်။ သို့ဖြစ်၍ ဘက်နက် စွပ်ထားသော သေနတ် ကိုယ်စီ ကိုင်ကာ မျက်နှာချင်းဆိုင် ရပ်လျက်ရှိသော လူမော်နှင့် သာမြတ်တို့မှာ ကာယဗလအားဖြင့် လည်းကောင်း၊ အလုံးအရပ်အားဖြင့် လည်းကောင်း၊





ကျင်လည် ပါးနပ်မှု၌ လည်းကောင်း အလွန်တရာ ညီညာမျှတသော လူနှစ်ယောက် ဖြစ်ပေ၏။

လူနှစ်ယောက်တို့သည် ဘက်နက်တိုက်ပွဲတို့ ထုံးစံအတိုင်း မျက်နှာချင်းဆိုင် ရပ်ကာ အဖျားချင်း ထိကြပြီးနောက် တစ်ယောက်ကို တစ်ယောက် လှည့်ပတ်ကာ အလစ်ကို ချောင်းရင်း အကဲစမ်းကြလေရာ တစ်ယောက်က ထိုးလိုက်သော အချက်ကို တစ်ယောက်က သွက်လက်စွာ ရှောင်တိမ်းလိုက်သည် ဖြစ်စေ၊ ဘက်နက်ချင်း ဆီးကာလိုက်သည် ဖြစ်စေ ပြုလုပ်နိုင်သည် ဖြစ်သောကြောင့် ၁၅ မိနစ်ခန့် ကြာသော်လည်း ပခုံး၊ လက်မောင်း စသည်တို့၌ အနည်းငယ် ခြစ်မိရုံမှတစ်ပါး ဒဏ်ရာ အနာတရ ထိခိုက်ခြင်း မရှိကြသေးချေ။ ယင်းသို့ လှည့်ပတ်နေကြစဉ် လူမော်သည် သာမြတ် လစ်လောက်ပြီ ထင်၍ အဖျားချင်း တေ့ဆိုင်ထားသော ဘက်နက်ကို ရုတ်တရက် ခွာယူပြီးနောက် သာမြတ်၏ ရင်ဝသို့ တအား နှိပ်သွင်းလိုက်၏။ သာမြတ်သည်လည်း မျက်စိရှင်သူဖြစ်၍ နံဘေးသို့ ခြေတစ်လှမ်း တိမ်းရှောင်ကာ ဖဲ့ထွက်ပြီးနောက် နံဘေးသို့ ပွတ်သီသွားသော ဘက်နက်သွားကို လွတ်ရုံကလေးမျှ ရှောင်တဲ့၍ လူမော်ကို နံဘေးမှ ဘက်နက်နှင့် ထိုးနှိပ်လိုက်၏။ သို့ရာတွင် လူမော်မှာလည်း အလားတူ ကျင်လည်သူ ဖြစ်၍ မိမိ ထိုးနှိပ်လိုက်သော ဘက်နက်ကို ပြန်ရုပ်ကာ သာမြတ်၏ ဘက်နက်သွားကို လမ်းလွှဲပေးလိုက်နိုင်လေတော့သည်။

ဤတွင် နှစ်ဖက်မှ ငယ်သားများသည် လက်ဝါး တီးကာ သြဘာ ပေးကြလေ၏။

ထို့နောက် တစ်ဖန် ဘက်နက်ချင်း တေ့ဆိုင်ပြန်၍ လူချင်း လှည့်ပတ်ကာ အကဲခတ်ကြပြန်လေရာ သာမြတ်သည် မညီညာသော မြေပြင်တွင် ကျောက်ငုတ်တစ်ခုကို နင်းမိ၍ နံဘေးသို့ ယိုင်သွား၏။ လူမော်သည် ချက်ကောင်း တွေ့ပြီဆို၍ ယိုင်နေသော သာမြတ်ကို ဘက်နက်သွားနှင့် အတင်း ဝင်ထိုးလေရာ၊ သာမြတ်ကမူ ယိုင်သွားသော ခြေထောက်ကို ပြန်မထူဘဲ

မြေပေါ်သို့ လှဲအိပ်လိုက်သည် ဖြစ်၍ လူမော်၏ဘက်နက်သည် သာမြတ်အပေါ်မှ လျှော့သွားလေ၏။ လူမော်သည် သာမြတ် လဲပြီဟု မိမိကိုယ်ကို အရှိန်သတ်၍ လှည့်ပါသော်လည်း အားစိုက်၍ ထိုးလိုက်သော အချက်ဖြစ်သောကြောင့် လေးလံသော သေနတ်နောက်သို့ အားလွန် ပါသွားလေတော့သည်။ သို့ဖြစ်၍ လူမော် လှည့်လာသော အချိန်တွင် သာမြတ်သည် မြေပေါ်မှ ထလျက်သား အသင့် စောင့်နေသည်ကို တွေ့ရသဖြင့် လူမော်မှာ သာမြတ်ကို မိမိ ကြံရွယ်သည့်အတိုင်း ပြုလုပ်ရန် မဖြစ်နိုင်တော့ချေ။ ရှေ့အဖို့၌မူ သာမြတ်သည် မညီညာသော မြေပြင်ကို သတိပြု၍ ယခင်ကဲ့သို့ သွက်လက်စွာ မလှည့်ပတ်ဝံ့တော့ချေ။ လူမော်မူကား သာမြတ် ဖြစ်ရခြင်းကို မိမိ ဖြစ်ရခြင်း မဟုတ်သောကြောင့် အထူးတလည် သတိပြုဟန် မရှိဘဲ သာမြတ်ကို ခြေသွက်စွာနှင့် ချာလပတ်လှည့်၍ တိုက်ခိုက်လေရာ လူမော်ကား ထိုးစစ်၊ သာမြတ်ကား ခံစစ် ဖြစ်နေခဲ့လေပြီ။

သို့ရာတွင် တိုက်ခိုက်ရခြင်း အလုပ်သည် ခုခံရသော အလုပ်ထက် ပိုမို လှုပ်ရှားရသဖြင့် သက်လုံကောင်းဖို့ လိုခြင်းကို တိုက်ခိုက်ရဖူးသူတိုင်း နားလည်ကြပေလိမ့်မည်။ ထို့ပြင် သာမြတ်နှင့် လူမော်တို့သည် လုံးတူရုပ်တူ ဗလတူ ဖြစ်သော်လည်း လူမော်သည် သဘာဝအားဖြင့် သာမြတ်ထက် အပျော်အပါး လိုက်စားတတ်သည်ဖြစ်၍ သာမြတ်ကဲ့သို့ သက်လုံ မကောင်းရသည့်အထဲတွင် သူပုန်အဖြစ်နှင့် အစား မမှန်၊ အအိပ် မမှန် နေခဲ့ရသော ချို့ယွင်းချက်များလည်း ရှိ၏။ သို့ဖြစ်၍ တစ်ယောက်ကို တစ်ယောက် လှည့်ပတ်ကာ တိုက်ခိုက်ကြရသော အလုပ်တွင် လူမော်မှာ သာမြတ်ထက် ပိုမို၍ မောဟိုက် ပင်ပန်းစ ပြုနေလေပြီ။

အပျော်တမ်း တိုက်ခိုက်ကြသော တိုက်ပွဲဖြစ်ခဲ့လျှင် အချိန်စေ့သောအခါ၌ ဒိုင်က မောင်းတီး၍ အနားပေးရမည် ဖြစ်သော်လည်း ယခုမှာ ထိုကဲ့သို့ မျှော်လင့်ချက် မရှိချေ။ လူမော်သည် သာမြတ်ထက် မိမိက ပို၍ မောဟိုက်ခြင်းကို တွေ့ရသောအခါ နောက်ဆုံးတွင် မိမိက ပင်ပန်း၍ ရှုံးရ





တော့မည်ဟု သိမြင်၏။ သို့ဖြစ်၍ မိမိ မမောပန်းမီ သာမြတ်ကို နိုင်အောင် တိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ ဤသည်လည်း လူမော်အဖို့ အမှားကြီး တစ်ခုပေတည်း။

လူမော်တွင်သာ မက သာမြတ်သည်လည်း ဤအကြောင်းကို ရိပ်မိလေပြီ။ သို့ဖြစ်၍ သာမြတ်သည် လူမော်၏ အတင်း တိုက်ခိုက်ခြင်းကို ခြေလှမ်းမှန်မှန်နှင့် ကာကွယ် ခုခံ၍ နောက်ဆုံးအချိန်တွင် မိမိ နိုင်ရမည်ဟု သိပြီးဖြစ်ရကား အထူးတလည် အပန်းမခံတော့ဘဲ မလစ်စေရုံမျှလောက်သာ သတိပြု၍ ခံစစ်ဆင်လျက် ရှိ၏။

လူမော်သည် မိမိ လက်ပန်းမကျမီ သာမြတ်ကို နိုင်အောင် တိုက်အံ့ဟု အားခဲလျက် သာမြတ်ကို လှည့်ပတ် တိုက်ခိုက်ပါသော်လည်း မိမိသာ မောသည်ထက် မောဟိုက်လာ၍ သာမြတ်မူကား လစ်တော့သည် မရှိချေ။ ဤအချိန်တွင် လူမော်မှာ တိုက်စက ကဲ့သို့ မဟုတ်တော့ဘဲ ဒေါသ ထွက်လာ၍ ခြေလှမ်းများပင် မှားကုန်လေပြီ။ သို့သော်လည်း သာမြတ်ကမူ နောက်ဆုံးတွင် မိမိက အနိုင်ရမည်ဟု သေချာပေါက် သိပြီး ဖြစ်သောကြောင့် လူမော်လစ်သော အချိန်များ၌ပင် စွန့်စား၍ မဝင်တော့ဘဲ အလိမ္မာနှင့် အချိန်ဆွဲ၍သာ တိုက်ခိုက်လေတော့သည်။

လူမော်ကား မောသည်ထက် မောပန်းလာခဲ့လေပြီ။ နိုင်ချင်အားကြီးနှင့် တစ်ချက် တစ်ချက်တွင် အတင်း ဝင်၍ ထိုးနှိပ်ပါသော်လည်း သာမြတ်သည် ခပ်အေးအေးနှင့် ပြုံးပြုံးကလေးသာ တိုက်နေတော့၏။ ဤ အခြင်းအရာကို မြင်ရ၍ လူမော်သည် သာ၍ပင် ဒေါသ ထွက်သေး၏။ ဒေါသအလျောက် ပြေးဝင် တိုက်ခိုက်သောအခါတိုင်း သာမြတ်က မျက်စိရှင်စွာနှင့် ကျင်လည်စွာ ခုခံ ကာကွယ်ထားရကား လူမော်မှာ ဤနေရာ ထိုနေရာတွင် ဒဏ်ရာများ ရ၍ သွေးများ ယိုစီးလျက် ရှိလေပြီ။

တစ်ခါက လူမော်သည် သာမြတ်ထံသို့ အတင်းဝင်၍ သာမြတ်က ကာကွယ်ထားသော ဘက်နက်ကို မိမိ၏ဘက်နက်ဖြင့် ရိုက်ဖယ်လျက်

သာမြတ်၏ လည်မျိုကို တအား ထိုးနှစ်ဖို့ ကြိုးစား၏။ သို့ရာတွင် မျက်စိရှင်သော သာမြတ်က လည်ပင်းကို တစ်ဖက်သို့ ငဲ့စောင်း၍ လူမော်၏ ဘက်နက်အောက်မှ ငုံ့လျှိုးပြီးလျှင် လူမော်၏ ခြေထောက်ကို နင်းလျက် လူမော်၏ ရင်ဝကို ချိန်လိုက်၏။ လူမော်သည် ကြောက်အားနှင့် နောက်သို့ တုံ့လိုက်ရကား သာမြတ်က ခြေထောက်ကို နင်းထားသည့်အတွက် ပက်လက်လန်၍ လဲကျသွားလေတော့သည်။ ဤတွင် သာမြတ်သည် လူမော်၏ ခါးပေါ်သို့ ခြေထောက်တင်လျက် အရှုံးပေးဖို့ ပြော၏။ လူမော်ကမူ 'ထိုးလိုက်ကွ.... အရှုံးမပေးဘူး၊ ဦးအောင်ဇေယျ နယ်သား သတ္တိကို မင်းလည်း သိတယ် မဟုတ်လား'

ဟု ပြန်ပြောလိုက်၏။ သာမြတ်သည် တိုက်ပွဲအတွင်း ဖြစ်၍ သွေးဆူနေသည့်အလျောက် လူမော်ကို ထိုးသတ်လိုက်တော့မည် ပြုပြီးမှ ဒေါသကို ချုပ်တည်း၍ လူမော်၏ သေနတ်ကို သိမ်းယူပြီးလျှင် အရှင်လတ်လတ် ဖမ်းဆီးလိုက်လေသည်။ သို့သော် မိမိအား အန္တုဗလ မပြုတော့ပါ ဟူ၍ လူမော်ထံမှ ပဋိညာဉ်တစ်ခု တောင်းခံလေရာ လူမော်ကလည်း ဤကဲ့သို့ ပဋိညာဉ် ပေးရုံမျှနှင့် မိမိအတွက် ဂုဏ်အသေရေ ညှိုးငယ်ခြင်း မရှိနိုင်ဟု ယူဆသည်နှင့် ကတိပေးလိုက်၏။

ထိုအတောအတွင်း လူမော်၏ တပည့် သူပုန်များသည် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေရာ စစ်သားများက လက်နက်ချဖို့ ပြောသော်လည်း ယီးတီးယားတား လုပ်နေကြ၏။ ထို့နောက် တင်းတင်းကျပ်ကျပ် အမိန့်ပေးရာတွင် တစ်ယောက်သော သူပုန်က စတင် ခုခံသည်နှင့် ကျန်လူများသည် လက်နက် မချဘဲ ခုခံကြသည်တွင် တိုက်ပွဲ တစ်ဖန် ဖြစ်ရပြန်လေသည်။ သို့သော် လူမော် ကိုယ်တိုင်မှာ ကတိပေးပြီးဖြစ်သောကြောင့် မတိုက်ခိုက်ဘဲ ထိုင်ကြည့်နေလေရကား သူပုန်များမှာ စီမံ အုပ်ချုပ်သူ မရှိသည့်အတွက် စိတ်အား ထက်သန်ခြင်း မရှိဘဲ ပြေးသူ ပြေး၊ လျှောသူ လျှော၊ ရှုံးသူ ရှုံး၊ ကျသူ ကျသည်နှင့် မကြာမီအတွင်း တိုက်ပွဲ ပြီးစီးသွားလေတော့သည်။ နောက်ဆုံး၌





လူမော်နှင့် တကွ သူပုန် ၁၅ ယောက်ခန့်တို့မှာ ဖမ်းဆီးခြင်း ခံကြရလေ၏။

သာမြတ်သည် အကျဉ်းသမားများကို စစ်ဌာနသို့ ခေါ်ဆောင်သွား၍ ဗိုလ်ချုပ်ထံသို့ ဝင်ပြီးလျှင် လူမော်၏ သစ္စာကတိ တည်ကြည်ခြင်းအကြောင်းကို ပြောပြ၍ မိမိနှင့် တစ်ရွာတည်းသား ကျောင်းနေဖက် သူငယ်ချင်းဖြစ်သည့်ပြင် သူပုန်များ လက်ဝယ်သို့ မိမိ ကျရောက်စဉ်က လူမော်၏ ထောက်ခံချက်ကြောင့် မိမိကိုယ်တိုင် အသက် ချမ်းသာရ၍ လွတ်မြောက်လာခဲ့ရဖူးခြင်းများကိုပါ ပြောပြလေ၏။ နောက်ဆုံး၌ ဗိုလ်ချုပ်က လူမော်ကိုယ်တိုင် တစ်သက်ပတ်လုံး အစိုးရကို တော်လှန် ပုန်ကန်ခြင်း မပြုတော့ပါ ဟူ၍ သစ္စာရေ သောက်ခဲ့လျှင် ချမ်းသာပေးမည် ဖြစ်ကြောင်း ပြော၍ လူမော်က သဘောတူ သစ္စာရေ သောက်သည်တွင် ရာဇဝတ် ပြစ်ဒဏ်မှ ချမ်းသာရာ ရခဲ့လေသတည်း။

## အခန်း ၁၃

လောက၌ တောင့်တသော အခြင်းအရာများသည် မဖြစ်တတ်ဘဲ မတောင့်မတ၊ အလိုလည်း မရှိအပ်သော အခြင်းအရာများသည် ဖြစ်တတ်လှပေသည်။ လယ်တော၌ မျိုးများကြဲထားရာတွင် ဖြစ်စေလိုသော စပါးပင်များသည် လှိုလှိုကင်းကင်း ပေါက်လာကြ၍ ၎င်းတို့အကြား၌ မြက်ပင် ပေါင်းပင်များမူကား ဖွံ့ဖြိုးသန်စွမ်းစွာ ပေါက်ကြလေတော့သည်။ စီးပွားဥစ္စာ ခိုင်လုံ တောင့်တင်း၍ ကျွေးနိုင် မွေးနိုင်၊ ပညာသင်ပေးနိုင်သော မိဘများ၌ သားသမီး တစ်ယောက်တလေမျှသာ မွေးဖွား၍၊ နံနက်စာနှင့် ညစာကို အလျဉ်မီအောင် ခဲယဉ်းစွာ ရှာကြံ စားသောက်ရသော မိဘများ၌မူကား သားသမီးတွေ တစ်ပြုံတစ်ခေါင်းကြီး မွေးဖွားတတ်လှ၏။ တစ်ယောက်တလေမျှသာ မွေးလာသော သူဌေးသားမှာ အဖတ်မတင်ဘဲ ကလေးတွေ တိုးလိုးတွဲလဲနှင့် မနိုင်နိုင်အောင် မွေးထားသော လူဆင်းရဲ သားသမီးများမှာ မဝတဝ စားကြရ

ပါလျက် တစ်ယောက်မကျန် အသက်ရှင်တတ်လှ၏။ တစ်ဦးတည်းသော သား ဆို၍ ဖူးဖူးမှုတ် ကြင်နာစွာ မွေးမြူထားသော စက်ပိုင်သားမှာ ချူချူ ချာချာ ရှိနေ၍ စက်ကူလီ လင်မယား၏ ကလေးခြောက်ယောက်မှုကား မိုးရွာနေပူ မရှောင် ပြေးလွှား ခုန်ပေါက်နေကြပါလျက် ရာခိုင်နှုန်းအပြည့် အဖတ်တင်လှပေသည်။

မသက်နုံမှာ မွေးစားသူ ခင်လေးဆွေ အပေါ်၌ ကရုဏာဖြစ်လှသည်နှင့် ဆေးပုလင်ဖိုး ရစေတော့ ဆို၍ မိမိကိုယ်ကို တစ်ကြိမ်တစ်ခါတည်း ရောင်းစားခဲ့မိရာ အထက်တွင် ဖော်ပြခဲ့သည့် မလိုရာ ဖြစ်တတ်သော သဘာဝအတိုင်း ၎င်းတစ်ကြိမ်မျှ အတွက်နှင့်ပင် ပဋိသန္ဓေ တည်နေခဲ့လေပြီ။

မသက်နုံနှင့် ခင်လေးဆွေတို့သည် လေးစိတ်ဝင်းအတွင်းရှိ အိမ်ကလေးတွင် နေထိုင်ကြရာမှ တစ်ရပ်လုံး မီးလောင်သဖြင့် သားအမိနှစ်ယောက် ထွက်ပြေးခဲ့ကြရသည်တွင် မန္တလေးမြို့ မင်္ဂလာဈေးတောင်ဘက် ဟော်ကုန်းရပ်သို့ ရောက်သွားကြ၍ အိမ်ကလေးတစ်ဆောင် ငှားရမ်း နေထိုင်ကြရလေသည်။ ဗိုလ်သာမြတ် ကျန်ရစ်ခဲ့သော သားရေအိတ်ထဲမှ ငွေ ၅၀ ကျပ်ကို အရင်းအနှီးပြု၍ အိမ်ဆိုင်ကလေး တည်ထောင်ရာတွင် အရပ်သူ အရပ်သားများ၏ ကရုဏာကြောင့် ဝမ်းမဝတဝ စားနိုင်သော အခြေအနေသို့ ရောက်ခဲ့၏။ နဝရတ်လက်စွပ်ကိုမူ မသက်နုံသည် ဥစ္စာရှင်သို့ ပြန်ပေးခြင်းထက် မိမိအရှက်၏ အထိမ်းအမှတ် အဖြစ်နှင့် သိမ်းဆည်းထားမည် အကြံနှင့် ရောင်းချခြင်း မပြုခဲ့ချေ။ သားရေအိတ်ကို သိမ်းထား၍ ဥစ္စာရှင် ပေါ်ပေါက်အောင် မစုံစမ်းသည့်အတွက်လည်း မသက်နုံ အပေါ်၌ မရိုးဖြောင့်မှုဖြင့် စွပ်စွဲခြင်းငှာ ထိုက်သည် မထင်ပေ။ ရှက်ဖွယ်ကောင်းသော အလုပ်ကို လည်းကောင်း၊ ထိုအလုပ်အတွက် အဖိုးအခဟူ၍ မရဘဲ ၎င်း သားရေအိတ်မျှသာ ရလိုက်ခြင်းကို လည်းကောင်း ထောက်ထားသည် ရှိသော် မသက်နုံသည် ဥစ္စာရှင်ကို တွေ့အောင် ရှာ၍ ရှက်ဖွယ်ကောင်းသော မိမိ၏





အလုပ်ကို ဖော်ထုတ်ကာ ရှင်းလင်းပြောပြခြင်း မရှိသည့်အတွက် ခွင့်လွှတ်ထိုက်သည်ဟု သဘောရပေသည်။

ခင်လေးဆွေမှာ ထိုညဉ့်က မီးလောင်သည့်အတွက် ရုတ်တရက် ထ ပြေးရခြင်းကြောင့် အကြော လန့်သွားသောကြောင့်ပေလော မဆိုနိုင်။ ၎င်း၏ ကိုက်ခဲ ထုံကျဉ်သောရောဂါမှာ တစ်ခါတည်း ပျောက်ကင်းသွား၍ အိမ်တွင်း အလုပ်များတွင် ကူဖော်လောင်ဖက် ရလျက် သားအမိ နှစ်ယောက် အတူတကွ လုပ်ကိုင် စားသောက်နိုင်သော အခြေသို့ ရောက်ခဲ့လေတော့သည်။ မန္တလေးမြို့၌ အိမ်ဆိုင်ကလေး ဖွင့်လှစ်ခြင်းသည် မုဆိုးမများနှင့် အဘိုးအို အမယ်အိုများ၏ အားကိုးရာသော အလုပ်ကလေးတစ်ခု ဖြစ်ရာ စကားချေင်စွာ ပြော၍ လောဘ မကြီးလွန်းဘဲ အထိုက်အလျောက်သာ အမြတ်စား ရောင်းချမည်ဆိုပါက ဈေးသို့ နေ့တိုင်း မသွားနိုင်ဘဲ အချိန်ကုန်သော အခါမှ ထိုနေ့အတွက် လုပ်ခကလေးနှင့် အိမ်သို့ ပြန်ရောက်လာကြသည့် ကူလီအတန်းအစား အလုပ်သမားများ၏ အားပေးမှုဖြင့် ထမင်းတစ်လုတ် မှန်မှန် စားသောက်နိုင်သော အလုပ်ကလေးတစ်ခု ဖြစ်ချေသည်။ "သုံးစားပါကျ" လျက်ရှိသော သားအမိနှစ်ယောက်တို့မှာ မသက်နုံက ဈေးသို့ သွား၍ ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ ခင်လေးဆွေက ဈေးဆိုင်တစ်ဖက်နှင့် ချက်ပြုတ်ခြင်း စသည်ဖြင့် ကိုယ့်တာဝန်နှင့် ကိုယ် ဆောင်ရွက်ကြရာတွင် စီးပွား မဖြစ်စေကာမူ ထမင်းတစ်လုတ်ကို မှန်မှန်စားနိုင်သော အခြေအနေ၌ ရှိနေကြလေတော့သည်။

ပြောင်းရွှေ့ပြီးနောက် တစ်လခန့် ကြာလတ်သော် မသက်နုံသည် မိမိ၏ မွေ့တာ မမှန်သောအဖြစ်ကို ခင်လေးဆွေအား ပြောပြသော်လည်း အပျိုကြီးဖြစ်သော ခင်လေးဆွေမှာ မဆုံးဖြတ်တတ်အောင် ရှိနေ၏။ သုံးလေးလ ကြာရှိ၍ မသက်နုံက မိမိ၏ အဖြစ်အပျက်ကို ခင်လေးဆွေအား အလုံးစုံ ပြောပြပြီးနောက် အနှိပ်သည်တစ်ယောက် ခေါ်ယူ စမ်းသပ်စေသည်တွင်မှ ပဋိသန္ဓေ တည်နေသည့် အကြောင်းကို သိကြရလေတော့သည်။

ခင်လေးဆွေကမူ အကြောင်းခြင်းရာ အလုံးစုံကို သိရှိရသောအခါတွင် လော်လီခြင်းကင်းသော မသက်နှံ၏ အနေအထိုင်ကိုလည်း ယုံကြည် စိတ်ချပြီး ဖြစ်သောကြောင့် မသက်နှံအပေါ်၌ အပြစ် မဖို့သည့်ပြင် မိမိအား ကြင်နာသည့် အတွက်ကြောင့် ဤကဲ့သို့ ဖြစ်ရရှာသည်ဆို၍ မသက်နှံအား ယခင်ကထက် နှစ်ဆထမ်းပိုး တိုး၍ကြင်နာ ချစ်ခင်လေတော့သည်။ အရပ်သူ အရပ်သားများအား မူကား ခင်လေးဆွေက မသက်နှံမှာ အပျို မဟုတ်၊ လင်နှင့်ကွဲနေသော မိန်းကလေးဟူ၍ ပြောထားသည်နှင့် ဘာမဆို မသက်ံတတ်သော မိန်းမတစ်ယောက်၊ နှစ်ယောက်တို့၏ ရှုံ့မဲ့ခြင်းမှ တစ်ပါး ရှက်ဖွယ်ရာ မကြုံကြရချေ။

အချိန် စေ့ရောက်သောအခါ မသက်နှံသည် သားကလေး တစ်ယောက် ချောမောစွာ ဖွားမြင်လေရာ ခင်လေးဆွေမှာ ယခင်ကထက် ကျန်းမာလာသည်ဖြစ်၍ ချက်ပြုတ် ဖွပ်လျှော်ခြင်း စသော အလုပ်များသာမက မသက်နှံ ဆောင်ရွက်ခဲ့သည့် ဈေးဝယ်ခြမ်းခြင်း၊ ဆိုင်တည်ခင်း ရောင်းချခြင်း စသော အလုပ်ဝတ္တရားများကိုပါ ဆောင်ရွက်နိုင်လေတော့သည်။ မသက်နှံ၏ သားကလေးအား မြေးကလေးဆို၍ ချီပွေ့ နမ်းရှုပ်လိုက်ရသည်မှာလည်း အားတော့သည် မရှိချေ။

ထိုအချိန်ကာလ အတောအတွင်း မောင်သာမြတ်သည် မသက်နှံနှင့် ဆုံစည်းဖူးခြင်းကို လည်းကောင်း၊ မသက်နှံ၌ ပဋိသန္ဓေ တည်နေခြင်းကိုလည်းကောင်း လုံးဝ မသိသော်လည်း ငယ်ကတည်းက (တစ်ဘီးလိမ့်သဘောနှင့်) ချစ်ကြိုက်ခဲ့ဖူး၍ ပင်ပန်းဆင်းရဲနေလိမ့်မည် ထင်မိသည့် မသက်နှံ သားအမိကို တွေ့လို မြင်လို၊ စောင်မ ကူညီလိုသည်နှင့် ရွှေဘိုမြို့သို့ ရောက်သော အခါများတွင် လိုက်လံ ရှာဖွေလေ့ ရှိ၏။ အချို့က မသက်နှံ သားအမိသည် မန္တလေးမြို့သို့ ပြောင်းရွှေ့ နေထိုင်လျက် ရှိသည်ဟု ပြောကြသည်နှင့် မောင်သာမြတ်သည် မန္တလေးမြို့သို့ ရောက်သည့်အခါတိုင်းလည်း ထောက်လှမ်း စုံစမ်းလေ့ ရှိ၏။ တစ်နေ့သ၌ မသက်နှံသည် သားကလေး





အတွက် ကာတစ် ဆေးတိုက်သို့ ဝင်၍ စမုန်ဆီတစ်ပုလင်း ဝယ်ယူပြီးနောက် လက်ယာဘက် တံခါးပေါက်မှ ထွက်သွားရာ၊ မောင်သာမြတ်သည်လည်း ဆူဆေး တစ်ပုလင်း ဝယ်ယူရန် ၎င်းဆေးတိုက်သို့ လက်ဝဲဘက် တံခါးပေါက်မှ ဝင်သွားမိသည်နှင့် သီသီကလေး လွဲသွားကြလေသည်။ အခါတစ်ပါး၌လည်း မောင်သာမြတ်သည် မီးရထား ဘူတာရုံမှ ထွက်လာခဲ့ရာ၊ မသက်နှံကလည်း အမရပူရသို့ ချည်ထုပ်ဝယ်ရန် သွားသည်နှင့် ဘူတာရုံ အဝတွင် လက်မတင်ကလေးမျှ လွဲသွားကြလေသည်။

မသက်နှံတို့ သားအမိသည် မိမိတို့ ဆင်းရဲနေသည့် အခိုက်တွင် ရွှေဘိုမှ အသိမိတ်ဆွေများနှင့် အတွေ့လည်း မခံလို။ တစ်ခါတစ်ရံ ပက်ပင်းပါ တွေ့ပြန်တော့လည်း ပြောပြခြင်း မပြုသောကြောင့် ရွှေဘို မြို့သူမြို့သားများထံမှ မောင်သာမြတ် သတင်းထောက်ခြင်းမှာ အချည်းနှီး ဖြစ်လေတော့သည်။ သို့နှင့် မြမြအိမ်၌ မောင်သာမြတ်နှင့် မသက်နှံတို့ ထိုည၌က တစ်ယောက်ကို တစ်ယောက် မသိကြဘဲ ကံအားလျော်စွာ ဆုံစည်းကြသည့်နောက် တစ်နှစ်ကျော် နှစ်နှစ်ခန့် ကြာခဲ့သော်လည်း နောက်ထပ် တွေ့ဆုံခွင့် မရကြချေ။

မသက်နှံသည် ကောလိပ်ကျောင်းသူဘဝ၌ ရှိစဉ်က သာမြတ်နှင့် လူမော်တို့ထံမှ ဓာတ်ပုံ တစ်ပုံစီ ရရှိခဲ့ဖူးရာ ဆင်းရဲပင်ပန်း၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်ဆင်ခြင်မိသည့် အခါများတွင် ၎င်းဓာတ်ပုံ နှစ်ပုံကို ရံဖန်ရံခါ ထုတ်ကြည့်လေ့ ရှိ၏။ ၎င်းတို့ နှစ်ယောက်အနက် တစ်ယောက်၏ စကားကို လက်ခံမိပါမူ ယခုကဲ့သို့ မိမိ ဆင်းရဲရမည် မဟုတ်ဟူ၍ အောက်မေ့ကောင်း အောက်မေ့မည် ဖြစ်သော်လည်း ထိုသူ နှစ်ယောက် အနက်တွင် မည်သူ့အပေါ်၌ မေတ္တာပိုသည် ဟူ၍ကား ရှေးကလည်း မဆုံးဖြတ်ခဲ့၊ ယခုလည်း မဆုံးဖြတ်နိုင်ချေ။ အမှန်အတိုင်း ဖော်ပြရသော် မသက်နှံသည် ခင်လေးဆွေ၏ မြောက်ပင့် ချီးကျူးလွန်းသော စကားများကြောင့် ယောက်ျားဆိုလျှင် မိမိနှင့် အဖက်တန်သူ မရှိသလောက် သွေးကြီး

ခဲ့သည်နှင့် ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးကို လေးလေးနက်နက် မစဉ်းစားဘဲ နေခဲ့ရာ မာနကုန်နေသော နောက်အချိန်ကာလများ၌မူ မသက်နှံ ကိုယ်တိုင် "စန်း" ကုန်သော အလှည့်အပတ်သို့ ရောက်နေပြီဖြစ်၍ လေးလေးနက်နက် စဉ်းစားထိုက်သော ကြိုက်သူကြိုက်သားပင် မပေါ်ပေါက်တော့ချေ။ လက်ရှိ အခြေအနေအရဆိုသော် သားတစ်ယောက် အမေ ဖြစ်နေသော မသက်နှံမှာ အိမ်နီးပါးချင်း စက်ချုပ်သမားနှင့် ဆိုက်ကား ပြင်သော လူပျိုကြီးထက် မြင့်သည့် ကြိုက်သူကြိုက်သားပင် မပေါ်ပေါက်တော့ချေ။ ဤမျှလောက်နှင့် ဆိုပါမူ မသက်နှံသည် ဤတစ်ဘဝသာမက ဆယ်ဘဝ ဆက်၍ အပျိုကြီး လုပ်ရပေစေ့၊ ကိုယ့်ဝမ်းစာကို ဖြစ်တတ်သလို ရှာကြံစားတော့မည် ဖြစ်လေသည်။

ဓာတ်ပုံနှစ်ပုံကို ထုတ်၍ နှိုင်းယှဉ် ကြည့်ရှုမိသော အခါများ၌ မောင်သာမြတ်ကား မျက်ခုံးသွယ်သွယ်၊ မျက်လုံးကြည်ကြည်၊ အသားညိုစိမ့်စိမ့်နှင့် ယဉ်စစရှိသည် ဟူ၍ လည်းကောင်း၊ မောင်လူမော်ကား မျက်လုံး ပြူးပြူး၊ မျက်ခုံးတုတ်တုတ်၊ အသား ခပ်လတ်လတ်နှင့် အတော် ခံ့ထည်သည် ဟူ၍ လည်းကောင်း အကဲဖြတ်မိသော်လည်း ခပ်မြင့်မြင့် ခပ်ထွားထွားနှင့် ယောကျ်ား ပီသသူများချည်း ဖြစ်ကြ၍ မည်သူထက် မည်သူက သာသည်ဟု ဘယ်နံရောအခါကမျှ ဆုံးဖြတ်ချက် ချခဲ့မိခြင်း မရှိပေ။ ကောလိပ်ကျောင်း၌ လည်းကောင်း၊ ရွှေဘိုမြို့၌ လည်းကောင်း ရှိနေစဉ် အခါကာလများက မသက်နှံအား ပိုပန်းကြသော အခြားယောကျ်ားများ ရှိခဲ့ဖူးရာတွင်လည်း မသက်နှံသည် မည်သူ့အပေါ်၌မျှ ငြိတွယ်ဖူးခြင်း မရှိရုံသာမက အခြားသော ယောကျ်ားများနှင့် နှိုင်းစာလျှင် မောင်သာမြတ်နှင့် မောင်လူမော်တို့က သာပါပေသည်ဟု ဆုံးဖြတ်ချက် ချဖူး၏။ သို့သော် မိမိတို့ ရွာသားချင်း ဖြစ်သည့်အတွက်ကြောင့် မျက်နှာလိုက်၍ ထင်မိခြင်း ဖြစ်လေသလော ဟူ၍ လည်း မသက်နှံ စဉ်းစားဖူးလေသည်။ တည့်တည့်ရေးရသော် မသက်နှံမှာ သားတစ်ယောက် မိခင် ဖြစ်နေသော အရွယ်သို့တိုင်အောင် မည်သည့်





ယောကျ်ားအပေါ်၌မျှ စိတ်ထဲက ငြိတွယ်ခြင်း မရှိ။ ဖြစ်ချင်း ဖြစ်ရလျှင် ဤလူငယ် နှစ်ယောက်အနက် တစ်ယောက်နှင့် ဖြစ်ဖွယ်ရာ ရှိသည်ဟု ဆိုရပေမည်။ သို့သော် ထိုနှစ်ယောက်အနက်တွင် မည်သူက သာသည်ဟု မဆုံးဖြတ်နိုင်ခဲ့သည့်အတွက် ယခုလောက် ကြာရှည်အောင် တစ်ကိုယ်တည်း နေခဲ့ရဟန် တူ၏။ အကယ်၍ ၎င်းရွာတွင် သာမြတ်နှင့် လူမော်တို့ ပြိုင်တူ မပေါ်ထွန်းဘဲ သာမြတ် တစ်ယောက်တည်း ဖြစ်စေ၊ လူမော် တစ်ယောက်တည်း ဖြစ်စေ ပေါက်ဖွားခဲ့ပါမူကား မသက်နှံသည် ကောလိပ်မှ ထွက်၍ ရွှေဘိုသို့ ပြန်ရောက်သည့် အချိန်ကတည်းက အိမ်ထောင်သည်ဘဝသို့ ရောက်ခဲ့မည့်လက္ခဏာ ရှိပေသည်။

မသက်နှံမှာ "သားသည်မအေ" ဘဝသို့ ရောက်နေပြီ ဖြစ်သော်လည်း စင်စစ်အားဖြင့် ၎င်း၏ရုပ်ရည်မှာ အပျိုစင်ဘဝကထက် လျော့ကျသေးသည် မဟုတ်ချေ။ တစ်သက်ပတ်လုံး မိမိကိုယ်ကို အရိပ်ကြည့်လျက် ပြုပြင် နေထိုင်တတ်သော ဝါသနာရှိသည် တစ်ကြောင်း၊ အိုသည်ဟု ဆိုရစေကာမူ ဘုရားဖူး ကျမ်းဖူး လွတ်ရုံမျှ အိုခဲ့ရခြင်းဖြစ်၍ တင်လျှော ရင်လျှောသော အဖြစ်မျိုး ရောက်သွားသည့် "တစ်ခုလပ်"မျိုး မဟုတ်သည် တစ်ကြောင်း၊ နဂိုကတည်းက ငါးရံ့ကိုယ်ကလေးနှင့် ကျစ်လျစ်သော အဆက်အပေါက်ရှိ၍ တင်းမာသော အရေအသားရှိသည် တစ်ကြောင်း၊ ပိုက်ဆံပင် မရှိသော်လည်း စိတ်မကျတတ်သည် တစ်ကြောင်းကြောင့် အသက် ၂၁ နှစ်ကျော် အရွယ်တွင် မသက်နှံမှာ ကုမ္မာရီ အရွယ်တုန်းကထက် ရုပ်ရည် အဆင့်အတန်း နိမ့်ကျသည်ဟု မဆိုသင့်ချေ။ စင်စစ်မှာ ငယ်ရွယ်လွန်းသော အရွယ်တွင် ထန်လွန်းသောစိတ်ကြောင့် မောက်မာသလို ဖြစ်နေခဲ့ရာ အသက် ၂၀ ကျော်သော ထိုအရွယ်တွင်မှ ညက်ညော သိမ်မွေ့ သိပ်သည်း ပြေပြစ်သော ကိုယ်အမူအရာတို့ကြောင့် တစ်မျိုးပင် ချစ်ခင်ဖွယ် ကောင်းနေပေတော့သည်။ သို့ရာတွင် မိန်းမတို့၌ ဖြစ်စေ၊ ယောကျ်ားတို့၌ ဖြစ်စေ စန်းပွင့်ခြင်း၊ စန်းမှိန်ခြင်း တည်းဟူသော သဘာဝရှိတတ်သည် ဖြစ်ရာ စန်းပွင့်သော

အလှည့်အပတ်၌ ဘာမဟုတ်သော ရုပ်ရည်သည်ပင်လျှင် လူကြိုက်များ၍ လျှမ်းလျှမ်းတောက် ဖြစ်တတ်သော်လည်း စန်းမှိန်သည့် အခိုက်အတန့်တွင် အကယ်ချောသော မိန်းမ ဖြစ်လင့်ကစား ယောကျ်ားများ မျက်စိ လျှံသကဲ့သို့ ဖြစ်ရလေတော့သည်။

ကလေးတစ်ယောက်နှင့် ဈေးဆိုင်ကလေး၌ ထိုင်နေသော မသက်နှံ၏ ရုပ်အဆင်းကို မြင်ကြရသော ယောကျ်ားများသည် မသက်နှံကို မလိုချင်ဘဲ မရှိကြသော်လည်း စန်းမှိန်သော အလှည့်အပတ်သို့ ရောက်နေသော မသက်နှံမှာ ငွေရှင်သော ဂျော်ကီများ၊ မယားငယ် ထားလိုသော စာရေးကြီးများ၊ မုဆိုးဖိုကုန်သည်များ၊ အပျော်လိုက်ချင်သော အရာရှိများ စသည်တို့သာလျှင် မျက်စိကျလေတော့သည်။ ခေနခန်း၍ လင်ယောကျ်ား အထင်အရှားမပြနိုင်သော အခြေသို့ ရောက်နေစေကာမူ မသက်နှံသည် ငယ်စဉ်ကတည်းက အထင်ကြီးအောင် တမြှောက်တည်း မြှောက်လာခဲ့သော ခင်လေးဆွေ၏ စကား အငွေ့အသက်များ မကုန်သေးသည်ဖြစ်၍ အထက်ပါ အတန်းအစား ယောကျ်ားများ၏ အငယ်အနှောင်းခံဖို့ မဆိုထားဘိ၊ သားကြီး မယားကြီး အဖြစ်နှင့် လက်ထပ်ပါမည် ဆိုစေကာမူလည်း စဉ်းစားရဦးမည် ဖြစ်လေသည်။ မိန်းမများအဖို့၌ မိမိကိုယ်ကို အထင်ကြီး၍ မာနရှိခြင်းသည် တစ်နည်းအားဖြင့် ကောင်းလှ၏။ ၎င်းတို့သည် အတော်အတန် ယောကျ်ားများ ဖြားယောင်းရုံမျှနှင့် အလွယ်တကူ ပျက်စီးခြင်းသို့ မရောက်နိုင်ကြပေ။

## အခန်း ၁၄

လူမော်သည် သူငယ်ချင်း သာမြတ်၏ ထောက်ခံချက်ကြောင့် ရာဇဝတ်ပြစ်ဒဏ်မှ ချမ်းသာရာ ရခဲ့ရာတွင် သူပုန်အလုပ်ကို အဟုတ်တကယ် ငြီးငွေ့ခဲ့သည့်အလျောက် ရွာသို့ပြန်လာ၍ လူကောင်းတစ်ယောက် အဖြစ်နှင့် နေထိုင်ရန် သန္နိဋ္ဌာန် ချမှတ်လိုက်တော့သည်။ ထိုစဉ်အခါက တစ်ပြည်လုံးအတွက်





ရွေးကောက်ပွဲများ ကျင်းပရန် အစိုးရက စီမံလျက်ရှိရာ လူမော်သည် နိုင်ငံရေးသမား အဖြစ်နှင့် ကြီးပွားအောင် တိုးတှေ့ရန် တစ်သက်ပတ်လုံး ရည်မှန်းလာခဲ့သူ ဖြစ်သည့်အတိုင်း ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်နွဲဖို့ ဆုံးဖြတ်လေ၏။ သူ၏ဖခင် ဦးပြည့်စုံကလည်း သားတစ်ယောက် အမတ်ဖြစ်ရလျှင် ကုန်ချင်သလောက် ကုန်ပါစေဆို၍ အားပေးလျက် ရှိသည့်အတိုင်း လူမော်သည် ရွေးကောက်ပွဲတွင် မည်သည့်နယ်အတွက် အရွေးခံရပါမည်နည်းဟု ဆင်ခြင်၏။ ဦးပြည့်စုံကမူ ၎င်းနယ်တွင် ဦးကျော်ဟိုးမှတစ်ပါး မိမိနှင့် ဖက်ပြိုင်လောက်အောင် ဂုဏ်ရည် အဆင့်အတန်းမြင့်သူ မရှိဆို၍ မိမိတို့နယ်အတွက် အရွေးခံစေလို၏။ မိမိနှင့် ဂုဏ်ရည်တူဖြစ်သော ဦးကျော်ဟိုး၏သား မောင်သာမြတ်လည်း အရွေးခံမည်ဟု သတင်း မကြားရသောကြောင့် လူမော်အတွက် သေချာပေါက် ဟူ၍ မှန်းထားလေသည်။

လူမော်ကမူကား ရွှေဘိုနယ်ဘက်တွင် ဖခင် ဦးပြည့်စုံ ဂုဏ်ကြီးခြင်းမှာ သူ့ဘာသာ ပိုက်ဆံရှိခြင်းမျှသာ ဖြစ်၍ နယ်သူနယ်သားများအတွက် တစ်စုံတစ်ရာ ဆောင်ရွက်ပေးခဲ့ဖူးခြင်း မရှိသေး။ သူပုန်အဖြစ်နှင့် မိမိ တော်လှန်ခဲ့ဖူးသော နယ်၌မူ နယ်သူနယ်သားများ၏ အကျိုးကို မိမိကိုယ်တိုင် လက်တွေ့နည်းအားဖြင့် ဆောင်ရွက်ပေးခဲ့ဖူးသည် ဖြစ်သောကြောင့် ရွှေဘိုနယ်ထက် မိမိ တော်လှန်ခဲ့ဖူးသော နယ်အတွက် ဝင်ရောက် ယှဉ်ပြိုင်ပါက ထမြောက် အောင်မြင်ဖို့ သာ၍ လမ်းများသည်ဟု စဉ်းစားမိ၏။

ဤကိစ္စနှင့် ပတ်သက်၍ သားအဖနှစ်ယောက် တိုင်ပင်ကြသောအခါ သဘောမတူနိုင်ဘဲ ရှိသော်လည်း ဖခင်ကပင် လက်လျှော့၍ လူမော်၏ ဆန္ဒအတိုင်း သူပုန် ထခဲ့သော နယ်အတွက် အရွေးခံလေ၏။ လူမော်သည် ရန်ကုန်မြို့မှ ရောက်လာသော နိုင်ငံရေးသမားဆိုသူ မြို့ကြီးသား တစ်ယောက်နှင့် ၎င်းနယ်အတွက် ယှဉ်ပြိုင် အရွေးခံလေရာ မိမိနှင့်အတူ သူပုန် ထခဲ့ဖူးသော ရဲဘော်များ အနက်မှ အထိုက်အလျောက် စကားပြောတတ်သော လူများကို ရွေးချယ်၍ မိမိအတွက် ၎င်းနယ်တစ်ဝိုက်တွင် တရားဟောစေ၏။

၎င်းတို့ ပြောဟောရမည့် စကားများကိုလည်း လူမော်ကိုယ်တိုင် စိတ်ကူးရေးသား၍ ထိုသူတို့အား အာဂုံဆောင်ထားစေ၏။ လူမော် ကိုယ်တိုင်မှာမူ ကျောင်းသားဘဝ ကတည်းက စကားရည်လုပွဲများတွင် ရှေ့ဆောင်အဖြစ်နှင့် အကြိမ်ကြိမ် ပါဝင် လေ့ကျင့်ထားခဲ့သူဖြစ်၍ အာဝဇ္ဇန်းရွှင်ရွှင်နှင့် လူမော်ပြောဟောသော စကားများသည် နယ်သားများ၏ နားထဲ၌ အတော်ပင်ပွဲကျခဲ့လေသည်။

လူမော် အရွေးခံသောနယ်မှာ တောင်သူလယ်သမား ပေါများသောတောနယ်ဖြစ်၍ လူမော်သည် မိမိအတွက် ပြောဟောသော ရဲဘော်များအဖို့ စကားလုံးများ ရေးသားပေးရာတွင် တောင်သူများ ကြိုက်လုံးတွေချည်း ရွေးချယ် စီစဉ်ထား၍ မြို့သား အမတ်ကို ထိခိုက်စေမည့် စကားလုံးများ ပါရှိ၏။ သို့ရာတွင် ရွေးကောက်ပွဲဟူသည်မှာ မည်သူ့ကို ထိခိုက်၍ မည်သူနစ်နာသည် ဖြစ်စေ၊ ကိုယ်နိုင်ဖို့အတွက်သာ ပဓာနထား၍ ပြောကြခြင်းဖြစ်သောကြောင့် မည်မျှလောက် မှန်ကန်သည်၊ မည်မျှလောက် သဘာဝကျသည်ကို နားထောင်သူတို့က ဆန်းစစ်ဖို့ နားမလည်ဘဲ တစ်ပွဲတိုး သဘောနှင့် ပြောချင်ရာ ပြောစတမ်းဆို၍ လက်တမ်းကျိတ်ကြသော စကားပွဲမျိုးဖြစ်လေသည်။

လူမော် စီစဉ်ပေးသော စကားများ၏ အဓိပ္ပာယ်မှာ–

မြန်မာပြည်သည် ကောက်ပဲသီးနှံကို အားကိုး အားထားပြု၍ စီးပွားရေး ထူထောင်ရသောတိုင်းပြည် ဖြစ်သောကြောင့် ကောက်ပဲသီးနှံ စိုက်ပျိုးသော လူစုသည်သာလျှင် အရေးအကြီးဆုံး ဖြစ်ကြောင်း၊ မြို့သူမြို့သားဆိုသူများသည် တိုင်းပြည်အတွက် ဘာတစ်ခုမှ ထွက်အောင် မစွမ်းဆောင်နိုင်ဘဲ တောင်သူများကို မှီခို ကပ်ရပ် စားသောက်ကြ၍ တောင်သူများ အပေါ်မှ အညွန့်ချိုးသော လူစု ဖြစ်ကြောင်း၊ ဥပဒေပြု လွှတ်တော်သို့ မြို့သားကို အမတ်အဖြစ်နှင့် ရွေးချယ် တင်မြှောက်လိုက်မည် ဆိုပါလျှင် ထိုသူသည် မြို့သူမြို့သား လူညွန့်ချိုးသမားများ ကောင်းစားစေမည့် ဥပဒေမျိုးတွေကိုသာ





ပြုလုပ်၍ တောင်သူလယ်သမားများ၏ လည်ကုပ်ပေါ်မှ ခွစီးမည် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအဖို့ အကျိုးရှိစေမည့် ဥပဒေမျိုးကို မြို့ကြီးသား ဆိုသူတို့ နားမလည်ဘဲ တောင်သူရိုးရာ ဖြစ်သော အမတ်သည်သာ နားလည်မည် ဖြစ်ကြောင်း၊ မြို့သားတွေ ဥပဒေပြုခွင့် ရခဲ့လျှင် မြို့ကြီးသား ကုန်သည်တွေ အကျိုးရှိအောင် စပါးဈေးကို ဖိနှိပ်ထား၍ ၎င်းတို့ အမြတ်ကြီး စားနိုင်ဖို့ အတွက်သာ ဖန်တီးလိမ့်မည် ဖြစ်ကြောင်း၊ မြို့ကြီးသား ကုန်သည်များသည် စပါးတစ်စေ့မျှလည်း မစိုက်၊ နွားဆို၍လည်း အထီးနှင့် အမကိုမျှ မခွဲခြားနိုင်၊ ခြေထောက်ကိုမျှလည်း ရေစိုမခံ၊ တိုက်ကြီးပျဉ်ထောင်အိမ်ကြီးများပေါ်တွင် ဒူးနန့်ကာ ထိုင်နေကြသော်လည်း စပါးနှင့်ပတ်သက်၍ မြတ်စရာရှိလျှင် မြို့ကြီးသား ကုန်သည်တွေသာ မြတ်စွန်းကြကြောင်း၊ ရွံ့ထဲသို့ ဆင်း၍ ကျွဲနွားနှင့်အတူ ဖက်ပြိုင် လုပ်ကိုင်ကြရသော တောင်သူလယ်သမား ကျောမွဲများမှာမူ တစ်နှစ်စေ့ကုန်၍ နောင်နှစ်အတွက် စိုက်ပျိုးရန် မျိုးစပါးများပင် မရှိကြသဖြင့် လူရတတ်များထံမှ အတိုးနှုန်းကြီးမြင့်စွာနှင့် ချေးယူကြရကြောင်း၊ ဤကဲ့သို့ မြို့သား ချောင်၍ တောသားကျပ်တည်းရခြင်းမှာ အင်္ဂလိပ်အစိုးရက မြို့သားတွေကို လွှတ်တော်အမတ်ခန့်၍ မြို့သားတွေ အကျိုးချည်းသက်သက် စီမံခဲ့သောကြောင့်ဖြစ်ရာ ယခုမြန်မာအစိုးရ လက်ထက်၌ ရှေးနည်းအတူ မြို့သားကို အမတ် တင်မြှောက်ကြဦးမည် ဆိုလျှင် ရွေးချယ် တင်မြှောက်သော တောင်သူလယ်သမားထက် မိုက်မဲသောလူ မရှိနိုင်ကြောင်း၊ "တစ်ခါ သေဖူး ပျဉ်ဖိုး နားလည်" ဆိုသော စကားပုံရှိရာ ယခုမှာ တစ်ခါ၊ နှစ်ခါ၊ သုံးခါ၊ လေးခါ၊ ဆယ်ခါလည်း မကပါဘဲလျက် နားမလည်နိုင်ကြသေးပါက ဤမျှလောက် မိုက်မဲသော နယ်သူနယ်သားသည် တစ်ကမ္ဘာလုံးတွင် ရှိလိမ့်မည် မထင်ကြောင်း၊ ခေတ်ပညာတတ်မှ အမတ်လုပ်တတ်သည်ဟု အချို့က ပြောကြရာ ခေတ်ပညာတတ်ရုံ သက်သက်နှင့် မပြီးဘဲ အမတ်လောင်း ဦးလူမော်ကဲ့သို့ တောင်သူအမျိုးအနွယ် ဖြစ်မှသာလျှင် တောင်သူအကျိုးကို ကောင်းစွာ နားလည်၍

စေတနာကောင်းနှင့် လိုက်လိုက်လဲလဲ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ဦးလူမော်မှာ အစိုးရ၏ အာဏာကို တော်လှန် ဖီဆန်ခဲ့ရာ၌ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ တောင်သူလယ်သမားများ၏ နစ်နာချက်များကို မရှုရက်နိုင်သည့်အတွက် တော်လှန်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင်မှာ မြေပိုင်ရှင် တစ်ယောက်၏ တစ်ဦးတည်းသော သားဖြစ်၍ လယ်စုနှင့်ပင် ဒူးနှန့် စားနိုင်လောက်သော အခြေရှိသော်လည်း မိမိ တစ်ကိုယ်တည်း ဝမ်းဝ ခါးလှ၍ တောင်သူလယ်သမားများ ပင်ပန်း ဆင်းရဲသည်ကို မကြည့်နိုင်သည့်အတွက် မိမိ တတ်နိုင်သောနည်းနှင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ သူပုန်အဖြစ်နှင့် ဆင်းရဲပြိုငြင်စွာ နေထိုင် စားသောက်ခဲ့ရသည့် အချိန်ကာလ အတောအတွင်း၌လည်း မိမိတို့ ရသမျှသော စပါးများကို ရောင်းချခြင်းအားဖြင့် စီးပွားမရှာဘဲ နယ်သူနယ်သားများနှင့်အတူ ဝေငှ စားသောက်ခဲ့ခြင်းမှာလည်း နယ်သူနယ်သားတိုင်း အသိပင် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ အကျိုးအတွက် ဆိုလျှင် အချို့လူများကဲ့သို့ ဥပဒေအတွင်းအပြင် ရွေးချယ်မနေဘဲ ဥပဒေအပြင်ဘက်က လုပ်မှ ဖြစ်သည့်အခါ အပြင်ဘက်မှ အလုပ် လုပ်ခဲ့၍ ဥပဒေ အတွင်းသို့ ဝင်လုပ်ခွင့် ရသည့်အခါ အတွင်းမှ ဝင်လုပ်နေခြင်း ဖြစ်ကြောင်း၊ ဦးလူမော်မှာ တောင်သူလယ်သမား အကျိုးအတွက်ဆိုလျှင် ပန်ကာအောက်တွင် စားပွဲ ကုလားထိုင်နှင့် လုပ်ရမှ လုပ်မည်ဟု သဘောမထားဘဲ ရင်ဘတ်ကို မြေကတုတ်လုပ်၍ တောကြိုတောင်ကြား၊ ချုံကြိုချုံကြားမှာလည်း အလုပ်လုပ်ခဲ့ဖူးကြောင်း၊ မြို့သားအမတ်ဆိုလျှင် တောင်သူလယ်သမား အကျိုးရှိစေဖို့ ကိစ္စတစ်ခုအတွက် ခြင်ထောင်မပါဘဲ ခြင်ကိုက်ခံ၍ တစ်ညဥ့်အိပ်ဖို့ ခဲယဉ်းလိမ့်မည်ဖြစ်ရာ ဦးလူမော်မှုကား ယင်လောက်၊ ခြင်လောက် မဆိုထားဘိ၊ ဆင် ကျား မရွေး၊ မြွေပွေး မြွေဟောက် မကြောက် အခေါက်ခေါက် အခါခါ စွန့်စား ဆောင်ရွက်ဖို့ အသင့်ရှိကြောင်း.... အစရှိသော အဓိပ္ပာယ်များဖြင့် ရေးသား ပါရှိလေသည်။

လူမော်ကိုယ်တိုင် ဟောပြောသော အခါများတွင်လည်း နားထောင်





သော ပရိသတ်များအနက်တွင် မိမိ၏ တပည့်များကို ဤနေရာ ထိုနေရာ စသည်ဖြင့် အနှံ့အပြား လွှတ်ထား၍ မေးခွန်း ပုစ္ဆာများကို သံပြိုင် ဖြေဆိုဖို့ သင်ကြားထား၏။ လူမော်က မေးခွန်းထုတ်သည့် အခါတိုင်း တပည့်များက ပရိသတ်အလယ်မှ သံပြိုင် ဖြေဆိုကြလေရာ အတန်ကြာလတ်သော် တပည့်မဟုတ်သော ပရိသတ်များကပင် ရောယောင် ဖြေဆိုကြလေတော့သည်။ မေးခွန်း ပုစ္ဆာများနှင့် အဖြေများမှာ ဤသို့ပေတည်း။

'တိုင်းပြည်မှာ အရေးကြီးဆုံး လူများဟာ ဘယ်သူတွေလဲ'

'လယ်သမား ခင်ဗျ'

'တိုင်းသူပြည်သားကို ဘယ်သူက ထမင်းကျွေးထားသလဲ'

'လယ်သမား ခင်ဗျ'

'လယ်သမားတွေ လယ် မလုပ်ကြရင် တစ်ပြည်လုံး ဘယ်လိုဖြစ်ကြမလဲ'

'ငတ်ကုန်မယ် ခင်ဗျ'

'တိုင်းပြည်မှာ ပင်ပန်းတော့ ဘယ်သူတွေ ပင်ပန်းသလဲ'

'လယ်သမားတွေ ခင်ဗျ'

'ကောင်းစားတော့ ဘယ်သူတွေ ကောင်းစားသလဲ'

'မြို့ကြီးသားတွေ ခင်ဗျ'

'နွံ့ထဲကို ဘယ်သူ နှိုက်ရသလဲ'

'လယ်သမား ခင်ဗျ'

'ကျွဲ နွားနဲ့ ဖက်ရုန်းတာ ဘယ်သူလဲ'

'လယ်သမား ခင်ဗျ'

'တိုက်ကြီးနဲ့ နေနိုင်တာ ဘယ်သူတွေလဲ'

'မြို့က ကုန်သည်တွေ ခင်ဗျ'

'မော်တော်ကားစီးတော့ ဘယ်သူတွေလဲ'

'မြို့က ကုန်သည်တွေ ခင်ဗျ'

ဤနေရာတွင် ပရိသတ်အထဲမှ 'အရာရှိတွေ ခင်ဗျ' ဟု ပြောသူ ပြော၍ 'နိုင်ငံခြားသားတွေ ခင်ဗျ'ဟု ပြောသူက ပြော၏။ ထိုအခါ လူမော်က–

'အရာရှိတွေလည်း ဟုတ်တယ်၊ သို့သော် သူတို့ လခတွေ လျှော့ပစ်ရမယ်၊ လာဘ်စားတဲ့ အရာရှိတွေ ဖြုတ်ပစ်နိုင်အောင် ဥပဒေ လုပ်ပေးရမယ်။ နိုင်ငံခြားသား ဆိုတာကတော့ ကုန်သည်တွေပဲ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ ကုန်သည်တွေပါ'

'တောင်သူ ဆင်းရဲပြီး ကုန်သည် ချမ်းသာတာဟာ ဘာကြောင့်လဲ'

'ဥပဒေ မကောင်းလို့ ခင်ဗျ'

'ဘယ်လို ဥပဒေမျိုး လုပ်ပေးရမလဲ'

'လယ်သမားတွေ ချောင်ချိအောင် ဥပဒေ လုပ်ပေးရမယ်'

'ဒီလို ဥပဒေမျိုးကို ဘယ်သူတွေမှ လုပ်နိုင်သလဲ'

'တောင်သူ့အကျိုးကို နားလည်တဲ့ အမတ်မှ လုပ်နိုင်တယ် ခင်ဗျ'

'မြို့ကြီးသား အမတ်ဖြစ်လျှင် ဘယ်လို လုပ်လိမ့်မလဲ'

'မြို့သား ကုန်သည်တွေ ချမ်းသာအောင် လုပ်မယ် ခင်ဗျ'

'ကုန်သည်တွေက ဘာများ ထွက်အောင် လုပ်နိုင်သလဲ'

'ဘာမှ ထွက်အောင် မလုပ်နိုင်ဘူး ခင်ဗျ'

'သူတို့က ဘာလုပ်ကြသလဲ'

'စပါး ဈေးချောင်ချောင်ဝယ်ပြီး အမြတ်ကြီး တင်ရောင်းတယ် ခင်ဗျ'

'စက်ပိုင်တွေကကော ဘာများ လုပ်သလဲ'

'ဒီလိုပဲ ခင်ဗျ'

'စပါးကို ဆန်ဖြစ်အောင် မကြိတ်ဘူးလား'

'ကြိတ်တယ် ခင်ဗျ'

'သူကိုယ်တိုင် ကြိတ်သလား'





'မကြိတ်ဘူး ခင်ဗျ'

'ဘယ်သူတွေ ကြိတ်ရသလဲ'

'ကူလီတွေ ကြိတ်ရတယ် ခင်ဗျ'

'တောင်သူတွေ စုပေါင်းပြီး ဆန်စက် တည်ထောင်လျှင် မကောင်းဘူးလား'

'ကောင်းတယ် ခင်ဗျ'

'စပါး ဈေးကောင်းကောင်းရလျှင် တောင်သူတွေ စုပေါင်းပြီး စက်မတည်နိုင်ပေဘူးလား'

'တည်နိုင်တယ် ခင်ဗျ'

'ချက်ချင်း မတည်နိုင်လျှင် အစိုးရက စပါးအတွက် ငွေထုတ်ချေးလျှင် မဖြစ်နိုင်ပေဘူးလား'

'ဖြစ်နိုင်တယ် ခင်ဗျ'

'ဒီဥပဒေမျိုးကို ဘယ်သူ လုပ်ပေးနိုင်သလဲ'

'လယ်သမား အမတ်ကမှ လုပ်ပေးနိုင်မယ် ခင်ဗျ'

'မြို့သား အမတ်က လုပ်မပေးဘူးလား'

'မလုပ်ပေးဘူး ခင်ဗျ'

'ဘာကြောင့်လဲ'

'သူတို့ မြို့သားတွေ ဝတ်ကုန်မှာ စိုးလို့ ခင်ဗျ'

'နိုင်ငံခြားသားတွေ မော်တော်ကား စီးတာ ကြည့်နိုင်သလား'

'မကြည့်နိုင်ဘူး ခင်ဗျ'

'သူတို့က ဘယ်ကငွေနဲ့ စီးနိုင်သလဲ'

'ကျွန်တော်တို့ အပေါ်က အမြတ်တွေနဲ့ ဝယ်စီးတယ် ခင်ဗျ'

'ဘယ်လို မြတ်ကြသလဲ'

'စပါးအပေါ်က မြတ်တယ်၊ သွင်းကုန် အပေါ်ကလည်း မြတ်ကြတယ်'

'သွင်းကုန်တွေကို နိုင်ငံခြားသားတွေ မသွင်းစေဘဲ လယ်သမားအသင်းတွေက သွင်းရလျှင် မကောင်းဘူးလား'

'ကောင်းတယ် ခင်ဗျ'

'ငွေရင်း ဘယ်က ရမလဲ'

'စုကြမယ် ခင်ဗျ'

'လယ်သမားတိုင်း ငွေစုပြီး သမဝါယမ အသင်းတွေ ထောင်လျှင် မကောင်းဘူးလား'

'ကောင်းတယ် ခင်ဗျ'

'လယ်သမားတစ်ယောက် ငွေ ၁၀၀ ကျပ် ထည့်နိုင်လျှင် ကုမ္ပဏီကြီး မဖြစ်နိုင်ဘူးလား'

'ဖြစ်နိုင်တယ် ခင်ဗျ'

'ဒီအလုပ်တွေကို ဘယ်သူက စီမံပေးနိုင်မလဲ'

'ဥပဒေပြု အမတ်တွေက စီမံပေးနိုင်တယ် ခင်ဗျ'

'တောင်သူ့အပေါ်က နိုင်ငံခြားသားတွေ ခေါင်းပုံမဖြတ်ရလျှင် တောင်သူတွေ ဘယ်လို ဖြစ်လာမလဲ'

'ချောင်ချိလာမယ်၊ ချမ်းသာလာကြမယ် ခင်ဗျ'

'တောင်သူတွေ ချောင်ချိစေချင်လျှင် ဘယ်သူ့ကို အမတ် ရွေးမလဲ'

'တောင်သူရိုးရာကို အမတ် ရွေးရမယ် ခင်ဗျ'

'ဒီနယ်မှာ တောင်သူရိုးရာ အမတ်လောင်း ဘယ်သူလဲ'

'ဦးလူမော် ခင်ဗျ'

'ဦးလူမော်ကို သဘောတူကြသလား'

'တူကြပါတယ် ခင်ဗျား'

တရားဟောပွဲများ၌ ဤသို့သော အမေးအဖြေများ သွင်းညှပ်ကာ စီစဉ်ထားရာ တရားနာဖို့ သဘောမထားဘဲ အပျင်းပြေ လာရောက် ကြည့်ရှုကြသော လူများပင်လျှင် အလွန်ပွဲကျလျက် ရုတ်တရက် မပြန်နိုင်ဘဲ နားစွဲနေ





ကြလေသည်။ ရွေးကောက်ပွဲနေ့၌ မြို့သားအမတ်သည် မဲဆန္ဒရှင်သို့ မဲဆန္ဒရှင်များကို လှည်းများနှင့် တင်၍ ခေါ်ငင်ကြပါသော်လည်း နယ်သားများသည် ထိုအမတ်လောင်း၏ လှည်းကို စီးကြ၍ လူမော်ကို မဲပေးကြလေရကား၊ လူမော်မှာ အပြတ်အသတ် အနိုင်ရရုံ သာမက မြို့သား အမတ်လောင်းမှာ လိုအပ်သော မဲအရေအတွက်ပင် မရသည်နှင့် အာမခံငွေပင် ဆုံးရှုံးရလေတော့သည်။ သို့ဖြစ်ရကား လူမော်မှာ ကလေကဝ နေရသော သူပုန်အဖြစ်မှ အမတ်ဘဝသို့ ရောက်လာခဲ့လေပြီ။

## အခန်း ၁၅

ရွေးကောက်ပွဲ ပြီးစီး၍ ပထမအကြိမ် လွှတ်တော် အစည်းအဝေး ကျင်းပသဖြင့် တစ်ပြည်လုံးရှိ အမတ်များသည် ရန်ကုန်သို့ လာရောက် တွေ့ဆုံကြရာတွင် အစိုးရ ဖွဲ့စည်းရေးအတွက် စီမံကြ၏။ ရွေးကောက်ပွဲတွင် မည်သည့်ပါတီကမျှ အစိုးရ ဖွဲ့စည်းလောက်အောင် အပြတ်အသတ် အနိုင်မရဘဲရှိသည်နှင့် အမတ်များသည် ညွန့်ပေါင်း (ကိုလီရှင်း) အစိုးရ ဖွဲ့စည်းဖို့ စိုင်းပြင်းကြ၏။ လူမော်မှာ ရဲဘော်အမတ် အနေဖြင့် ဝင်ရောက် အရွေးခံခဲ့ခြင်းဖြစ်ရာ ၎င်း၏ ပါတီမှ ဝန်ကြီးသုံးဦး ခန့်ထားရန် သဘောတူညီကြသော်လည်း ပထမ၌ လျာထားသော ဝန်ကြီးသုံးဦး အနက်တွင် လူမော် မပါဝင်ချေ။ သို့ရာတွင် ပါတီ အစည်းအဝေးခေါ်၍ လုပ်ငန်း အစီအစဉ်များ ရေးဆွဲကြသော အခါ၌ စကားအရာတွင် အလွန်တရာ လိမ္မာကျွမ်းကျင်၍ ဖြန်းဖြန်းကွဲပြောတတ်သော လူမော်မှာ နေရာတကာတွင် သူ မပါဘဲ မပြီးသကဲ့သို့ လူတွင်ကျယ် တစ်ယောက် ဖြစ်နေလေရကား ရဲဘော် အမတ်တိုင်းက 'ကိုလူမော်' 'ဦးလူမော်' 'မောင်လူမော်' စသည်ဖြင့် နှုတ်ဖျားတွင် သီးနေကြရလေတော့သည်။ အပြိုင်အဆိုင် ပြောဖို့လည်း မကြောက်၊ မတတ်သာလျှင် လူချင်းယှဉ်၍ ထိုးသတ်ဖို့ပင် အသင့်ရှိနေသော လူမော်မှာ ပါတီ အစည်း

အဝေး သုံးလေးကြိမ် ခေါ်မိသော အခါတွင် ဤအဖွဲ့၏ အတွင်းရေးမှူး၊ ထိုအဖွဲ့၏ ဥက္ကဋ္ဌ၊ ၎င်းအဖွဲ့၏ ကော်မတီ စသည်ဖြင့် တင်မြှောက်ခြင်း ခံနေရသည် ဖြစ်၍ နောက်ဆုံးတွင် ရဲဘော်ဝန်ကြီး သုံးနေရာအနက် တစ်နေရာကို လူမော်အတွက် ရည်မှန်းကြရလေ၏။

အချို့ ရဲဘော်များသည် တော်လှန်ရေး လုပ်ငန်းတွင် ကိုယ်တိုင် ပါဝင် ဆောင်ရွက်ခဲ့ဖူး၏။ သို့သော် ခေတ်ပညာ၌ လေးငါးခြောက်တန်းမျှ သာ တတ်ကြ၏။ အချို့လည်း ခေတ်ပညာတတ်ပါလျက် ဖွန့်ဖွန့်စားစား နင်လား ငါလား ဆောင်ရွက်ဖူးခြင်း မရှိချေ။ အနည်းငယ်မျှတို့မှာ ခေတ် ပညာလည်း တတ်၊ ဖွန့်စားသော အလုပ်မျိုးလည်း လုပ်ခဲ့ဖူး၏။ သို့ရာတွင် ပြောရေးဆိုစ မရှိလှချေ။ လူမော်မူကား ခေတ်ပညာတွင် ဘီအေ မအောင်ရုံ တမည် ရှိ၍ စကားရည်လုပွဲများတွင် ဗိုလ်ဆွဲခဲ့သည့်ပြင်၊ ဖွန့်စားခြင်း အလုပ်တွင်လည်း ကံကောင်း၍ ကြိုးစင် မတက်ခဲ့ရသူ ဖြစ်သောကြောင့် သတ္တိ ဗျတ္တိပါ စုံလင်လေရကား၊ ရဲဘော်များ ပါတီတွင် ခေါင်းဆောင်ကြီး ဖြစ်လာ၍ (၁) နံပါတ်နေရာ၌ ထိုင်ရလေတော့သည်။ လွှတ်တော် အစည်း အဝေးများ၌ အတိုက်အခံဂိုဏ်းက အစိုးရအဖွဲ့ကို ပုတ်ခတ် ဖွပ်ဖွဲ့သည့်အခါ လူမော် ဖြေရှင်းမှ ပွဲလည်း ကျ၍ လိပ်ပတ်လည်သွားပေတော့သည်။ နောက်ဆုံး၌ လူမော်သည် မိမိ၏ ပါတီ၌သာမက လွှတ်တော်တစ်ခုလုံးတွင် “ပဲခူးဆား” လူတွင်ကျယ်တစ်ယောက် ဖြစ်လာပြီးလျှင် နန်းရင်းဝန် ရာထူး ကိုပင် မျှော်မှန်းနိုင်သော အခြေသို့ ရောက်ခဲ့၏။ သို့သော် လူမော်၏ လက်ရှိ ရာထူးမှာ ကာကွယ်ရေးဝန်ကြီး ဖြစ်လေသည်။

တစ်နေ့သ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နယ်စပ် အရေး မငြိမ်းအေးဘဲ ရှိနေသည်နှင့် အရေးကြီးသော ဌာနကိုင် ဝန်ကြီးများနှင့် ရေကြောင်း၊ လေကြောင်းနှင့် ကြည်းတပ် လေတပ်ဘက်မှ အရာရှိကြီးများ၏ အစည်းအဝေးတစ်ခု ခေါ်ယူ ကျင်းပကြ၏။ ၎င်း အစည်းအဝေးတွင် နန်းရင်း ဝန်ကြီး၊ ကာကွယ်ရေးဝန်နှင့် ပြည်ထဲရေးဝန်တို့အပြင် စစ်ဘက်မှ အရာရှိကြီး





များလည်း တက်ရောက်ကြရာ နန်းရင်းဝန်က ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဝန်ကြီး ဦးလူမော်က အတွင်းရေးမှူးအဖြစ်နှင့် ဆောင်ရွက်ကြ၏။ စစ်ဌာနဘက်မှ လည်း အထက်ဆုံး အရာရှိ သုံးယောက်စီ တက်ရောက်ကြရလေရာ၊ ကြည်း တပ်ဘက်မှ အရာရှိ သုံးယောက်အနက်တွင် ဗိုလ်သာမြတ်မှာ တတိယ အရာရှိ အဖြစ်နှင့် လိုက်ပါရလေသည်။ သို့ဖြစ်၍ ဗိုလ်သာမြတ်မှာ ကြည်းတပ် အရာရှိများ အနက်တွင် တတိယ အရာရှိမျှသာ ဖြစ်သောကြောင့် (၁) နံပါတ်ဖြစ်သူ စစ်ဗိုလ်ချုပ်ပင်လျှင် လူမော်၏ အမိန့်ကို နာယူရမည့်သူ ဖြစ်လေရာ ၎င်းအပေါ်၌ အမိန့်ပေးနိုင်သော စစ်ဗိုလ်ချုပ်သည်ပင်လျှင် ကာကွယ်ရေးဝန်ကြီး ဦးလူမော်၏ အမိန့်ကို နာခံရမည် ဖြစ်သောကြောင့် လူမော်သည် သာမြတ်ထက် အဆင့်အတန်း အတော်မြင့်လျက် ရှိ၏။ လူမော်က စစ်ဗိုလ်ချုပ်ကို ခိုင်းစေနိုင်၍ စစ်ဗိုလ်ချုပ်က သာမြတ်ကို တစ်ဆင့် ခိုင်းစေရဦးမည် ဖြစ်လေသည်။

အစည်းအဝေး၌ လူမော်နှင့် သာမြတ်တို့သည် မျက်နှာချင်း ဆုံမိကြ လေရာ သာမြတ်သည် လူမော် ကာကွယ်ရေးဝန် ဖြစ်သည်ဟု ကြားသိရ ကတည်းက လူမော်နှင့် မဆုံစည်းမိစေရန် ကြိုးစားခဲ့၏။ ယခုမှာမူ အလွန် အရေးကြီးသော နိုင်ငံတော်ကာကွယ်ရေး အစည်းအဝေး ဖြစ်၍ တိမ်းရှောင် ရန် မဖြစ်နိုင်သဖြင့် ပထမအကြိမ် မျက်နှာချင်းဆိုင်ကြရခြင်း ဖြစ်လေသည်။ ပထမ၌ သာမြတ်သည် တစ်သက်ပတ်လုံး ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်လာခဲ့ သော လူမော်ကို မျက်လုံးချင်း မဆိုင်မိစေဘဲ သာမန် သူတစ်မ်း တစ်ယောက် ၏ အမူအရာမျိုးဖြင့် ပြုမူမည်ဟု စိတ်ကူးမိ၏။ သို့သော် ဤသို့ ပြုမူချေက သဘောထား သေးနုပ်ရာ ကျမည်ဟု စဉ်းစားမိသည်နှင့် လူမော်၏ အမူအရာ ကို အကဲခတ်ပြီးမှ “မိုးစင်ကြည့်” က မည်ဟု အကြံပြုထားလေသည်။

လူမော်ကမူ ဗိုလ်သာမြတ် ဝင်လာသည်ကို မြင်သည်နှင့် တစ်ပြိုင် နက် ထိုင်ရာမှ ထ ကာ အူယားဖားယား နှုတ်ခွန်းဆက်သပြီးလျှင် မိမိနှင့် တစ်ရွာတည်းသား ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ပါကြောင်းနှင့် အခြား

ဝန်ကြီးများနှင့် အရာရှိများအား ပြောပြလေရာ၊ သာမြတ်မှာ တစ်ဖက်က ဤကဲ့သို့ လောကဝတ် ပျူငှာ ပြုမူသော အခါတွင် မိမိက အောက်သိုးသိုး လုပ်နေ၍ မလျော်ကြောင်း သိသည်နှင့် သူငယ်ချင်းတစ်ယောက် ဝန်ကြီး ဖြစ်ခြင်းအတွက် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ရှိပါကြောင်းနှင့် ပြန်ပြော ရလေသည်။ လူမော်သည် သာမြတ်နှင့် တစ်သက်ပတ်လုံး ဂုဏ်တု ဂုဏ်ပြိုင် ဖြစ်ခဲ့၍ ယခုအခါ၌ မိမိကသာ အရေးသာလျက် ရှိသည့်အတွက် ဝမ်းထဲတွင် အလွန်ကြည်နူး နှစ်သိမ့်စေကာမူလည်း အမူအရာအားဖြင့်မူကား အနည်း ငယ်မျှ ထင်ရှားအောင် ဖော်ပြခြင်း မရှိချေ။ ပထမ၌ သာမြတ်သည်ပင်လျှင် လူမော်၏ စိတ်နေသဘောထားနှင့် ပတ်သက်၍ အထင်အမြင် မှားလျက် ဂျင်းတဲလ်မင်း (Gentleman)ပီသပါပေသည်ဟု ချီးကျူးမိ၏။

အစည်းအဝေး၌ ဆွေးနွေးကြသော အခါတွင်လည်း ကာကွယ်ရေး ဝန်ကြီး ဖြစ်သော လူမော်သည် ၎င်း၏ ဌာနနှင့် တိုက်ရိုက် သက်ဆိုင်သော နယ်စပ် ကာကွယ်ရေးကိစ္စ ဖြစ်သည့်အလျောက် ဝန်ကြီးချုပ်မှ တစ်ပါး အများဆုံး တာဝန်ယူ၍ စကားပြောရသူ ဖြစ်လေရာ စစ်ဗိုလ်ချုပ်၏ အကြံဉာဏ်ကို အများဆုံး တောင်းယူရမည့်အစား တတိယ အရာရှိမျှသာ ဖြစ်သော သာမြတ်ကို ပိုမို အလေးပြုဟန်နှင့် ၎င်း၏မျက်နှာကို မျက်မှန်း တန်းကာ အကြံဉာဏ်တောင်းလျက် ရှိ၏။ ဤအတွက်ကြောင့် စစ်ဗိုလ်ချုပ် ကိုယ်တိုင် အနည်းငယ် မကျေနပ်သော အမူအရာမျိုး ဖော်ပြသည်ကို သာမြတ် မြင်ရ၍ အားနာမိ၏။ သို့သော် လူမော်ကမူ စစ်ဗိုလ်ချုပ် တစ် ယောက်လုံးကိုပင် လက်အောက်ခြေသား တစ်ယောက်အနေဖြင့် သဘော ထားဟန်နှင့် အမှတ်မဲ့ နေခဲ့လေသည်။

၎င်း အစည်းအဝေး၌ လူမော်က နယ်စပ်သို့ စစ်သား မည်မျှ စေလွှတ် ရန် လိုပါသနည်းဟု ဗိုလ်ချုပ်အား မေးလိုက်ရာ ဗိုလ်ချုပ်က 'ကိုသာမြတ်ကို မေးပါတော့ခင်ဗျား' ဟု ပြန်ပြောလိုက်သည်တွင်မှ လူမော်က မိမိမှားကြောင်း သတိရ၍ 'စိတ်မရှိပါနဲ့ ဗိုလ်ချုပ်ခင်ဗျား၊ ကျွန်တော်တို့က တစ်ရွာသားတည်း





ဖြစ်လို့မို့ ပထမအကြိမ် တွေ့ရခြင်း ဖြစ်သည့်အတွက် အင်မတန် ဝမ်းမြောက် ပြီး သူ့ကိုချည်း သတိရနေမိတဲ့အတွက် ဖြစ်ပါတယ်၊ ဗိုလ်ချုပ်ကို မလေးစား လို့ မဟုတ်ရပါဘူး ခင်ဗျား' ဟု ကျေနပ်လောက်အောင် တောင်းပန်ရလေ သည်။

အစည်းအဝေး ပြီးစီးသောအခါ၌ ဝန်ကြီးများနှင့် အရာရှိကြီးများ သည် ဝန်ကြီးချုပ်၏ အခန်းမှ ထွက်လာကြလေရာ လူမော်သည် သာမြတ်၏ ပခုံးကို ဖက်လျက် မိမိ၏ ရုံးခန်းသို့ ခေါ်သွားပြီးလျှင် ရှေးဟောင်း နှောင်းဖြစ် များနှင့် ပတ်သက်၍ ရောက်တတ်ရာရာ ပြောဆိုကြ၏။

ရွာ၌ ရှိကြသော သူ့မိဘ ကိုယ့်မိဘ၊ သူ့ဆွေမျိုး ကိုယ့်ဆွေမျိုးမှ စ၍ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် မေးမြန်း ဖြေဆိုကြပြီး နောက် လူမော်က–

မော်။ ။ 'ဒါထက် မသက်နဲ့တစ်ယောက် တွေ့သေးလား သူငယ်ချင်း'

မြတ်။ ။ 'မတွေ့ဘူးဗျာ၊ ကျုပ်လည်း ရွာရောက်တိုင်း ရွှေဘိုရောက်တိုင်း စုံစမ်းတာပဲ'

မော်။ ။ 'မန္တလေး ရောက်နေတယ်လို့ ကြားတယ်ဗျ'

မြတ်။ ။ 'ကျုပ်လည်း ဒီလို ကြားတာပဲ၊ မန္တလေးမှာတောင် ကျုပ် လိုက်ရှာသေးတယ်၊ မတွေ့ပေါင်ဗျာ'

မော်။ ။ 'ကျုပ် ကြားတော့ မင်္ဂလာဈေးနားမှာလို့ ကြားတယ်၊ တစ်နေ့ က မန္တလေးရောက်ပေမဲ့ မအားတာနဲ့ လိုက်မရှာနိုင်ခဲ့ပါဘူးဗျာ'

မြတ်။ ။ 'ကျုပ်ကတော့ ရောက်တိုင်း မေးကြည့်တာပဲ၊ သဲလွန်စကို မပေါ်ဘူး'

မော်။ ။ 'အိမ်ထောင်များ ကျနေရော့လားဗျ'

မြတ်။ ။ 'ကျမယ်ဆိုလည်း ကျလောက်ပြီပေါ့ဗျာ၊ ငယ်ကြတော့တာမှ မဟုတ်ဘဲကိုး၊ ခင်ဗျားကော ဘယ့်နှယ်လဲ၊ သားမယား မရှိ သေးဘူးလား'

မော်။ ။ ‘မရှိသေးပေါင်ဗျာ၊ စပ်ကြ ဟပ်ကြတာတွေတော့ ပေါပါရဲ့၊ သို့သော် တကယ် စဉ်းစားလိုက်တော့ မဟာန်ဘူးဗျ၊ မေတ္တာရှိမှ အိမ်ထောင်ပြုလို့ ကောင်းတာကိုး၊ ငွေတို့ ဂုဏ်တို့ ကြည့်နေလို့ အလကား ပါဗျာ’

မြတ်။ ။ ‘ယူရင်လည်း မြန်မြန် ယူလေဗျာ၊ ခင်ဗျားတို့ နိုင်ငံရေးဆိုတာ သာသနာတော်ပိုင် ပြောတာမျိုးလို ငှက်ခါးပျံသလို နိမ့်ချည် မြင့်ချည် ဖြစ်တတ်တဲ့ သဘာဝ ရှိလေတော့ ယခုလို ဝန်ကြီးတို့ ဘာတို့ ဖြစ်ရတဲ့ အခိုက်မှာ အမြင့်ဆုံးဆိုတဲ့ ပန်းကို လှမ်းခူးနိုင်တာပေါ့ဗျ’

မော်။ ။ ‘ဟား ဟား ဟား ဟား ဟုတ်ပါပေ့ဗျာ၊ တယ် နေရာကျ။ သို့သော် ကျုပ်အဖို့ကတော့ ခင်ဗျား ပြောသလို မဖြစ်တန် ကောင်းပါဘူးဗျာ။ ဘယ်အခါမဆို ပစ်တိုင်းထောင်ရုပ် ပြောသလိုမျိုး ဘယ်လို ပစ်ချလိုက် ချလိုက် ထောင်လျက် ထောင်လျက်ပဲ နေရမှာပေါ့ဗျာ’

မြတ်။ ။ ‘ခင်ဗျားက သဘာဝကို လွန်ဆန်အောင် ကျင့်ကြံနိုင်ရင် တော် ပေတာပဲ့ဗျာ။ ကျုပ်တို့တော့ အင်္ဂလန်ပြည်တို့ အမေရိကန် ပြည်တို့ အစရှိတဲ့ ခေတ် ဒီမိုကရေစီ တိုင်းပြည်တွေ ကြည့်ပြောရတာကိုး။ ဒီ့ပြင်လူ မကြည့်ပါနဲ့၊ အင်္ဂလန်ပြည်မှာ ဒုတိယကမ္ဘာစစ်ကို နိုင်အောင် စီမံခဲ့တဲ့ ချာချီကို ကြည့်ပါလား၊ စစ်ပြီးတော့ ပြုတ်ကျတယ် မဟုတ်ဘူး လား’

မော်။ ။ ‘မှန်ပါတယ်၊ နန်းရင်းဝန် အဖြစ်ကတော့ ပြုတ်ကျပါတယ်၊ သို့သော် အတိုက်အခံဘက်မှာ ခေါင်းဆောင်တစ်ယောက် ဖြစ်နေသေးတယ် မဟုတ်လား။ ကျုပ်လည်း ဒီလို ဖြစ်စေရမှာပေါ့ဗျ။ ကုလား ထိုင်ပေါ်က မဆင်းဘဲ နေရတဲ့နည်းလို့တော့ ဘယ်မှာ ရှိမလဲ။ သို့သော် ကျုပ်တို့ကတော့ ခွေးဖြစ်ရတောင် ခွေးဘီလူးတို့၊ ဘွတ်ခွေးတို့ ဖြစ်စေရ မပေါ့ဗျာ။ မြင်းဖြစ်လည်း ဒုံးမြင်းထဲကပေါ့’





မြတ်။ ။ ‘ဟား ဟား ဟား ဟုတ်ပေတယ်ဗျို့၊ ခင်ဗျားအကြံလည်း တယ်မရိုင်းလှဘူး။ ဒီအတိုင်း အောင်မြင်ပါစေ သူငယ်ချင်း’

မော်။ ။ ‘ကုသိုလ် အကုသိုလ်ကံ ဆိုတာတော့ ရှိပေတယ်ပေါ့လေ၊ သို့သော် အမြော်အမြင်နဲ့ အစီအစဉ် လုပ်ထားရင်တော့ ခုနင်က ပြောသလို ပြုတ်ချင်တဲ့နေ့ ပြုတ်၊ ကျချင်တဲ့နေ့ ကျ၊ ခေါင်းဆောင် ခေါင်းဆောင်ပဲ ဖြစ်ရမယ်ပေါ့ဗျ’

မြတ်။ ။ ‘ဖြစ်နိုင်တယ် ထားပါဦးဗျာ၊ အမတ်သက်တမ်းက ၅ နှစ်ဆို မဟုတ်လား၊ ရွေးကောက်ပွဲမှာ ရှုံးတော့ ဘယ့်နှယ်လုပ်မတုံး’

မော်။ ။ ‘ရွေးကောက်ပွဲ ဆိုတာကတော့ အစီအစဉ်သာ လိုရင်းပါဗျာ၊ လူကြီးအဖြစ်နဲ့ အလုပ်လုပ်စဉ်က ပြစ်မှုထင်ရှားတယ် ဆိုပြီး ရုံးတော်က ထောင်ဒဏ် အပြစ်ပေးထားတဲ့ လူကြီးတွေတောင် နောက်တစ်ချီ ရွေးကောက်ပွဲမှာ အရွေးခံကြရသေးတယ် မဟုတ်လားဗျ။ မဲဆန္ဒရှင်တွေက တကယ် နားလည်ကြသေးတာ မဟုတ်သေးပါဘူး၊ အသိုင်းအဝိုင်း ကောင်း ရင် နိုင်နိုင်တာပဲဗျ’

မြတ်။ ။ ‘ဟုတ်ကဲ့၊ ခင်ဗျား ပြောတာလည်း မရိုင်းပါဘူး၊ လက်တွေ့ပေ ပဲကိုး။ သို့သော် ကျုပ်တို့တော့ မလုပ်တတ်ဘူးဗျ၊ ရိုးရိုးပဲ’

မော်။ ။ ‘ခင်ဗျား အဖို့တော့ ဟုတ်မှာပေါ့၊ ခင်ဗျားကတော့ နိုင်ငံရေး သမား မဆိုထားနဲ့၊ အစိုးရအမှုထမ်း အလုပ်မှာတောင် ကြာ ရှည် ခံနိုင်မှ ခံမယ် ထင်တယ်၊ တော်တော်ကြာ နုတ်ထွက်တယ် ကြားရ မလား မဆိုနိုင်ဘူး’

မြတ်။ ။ ‘ပြောတတ်ဘူးဗျို့၊ ဟုတ်ချင် ဟုတ်မှာပဲ၊ ကိုင်း တော်တော် ကြာသွားပြီ၊ ကျုပ် သွားလိုက်ပါဦးမယ်’

မော်။ ။ ‘ဟုတ်ကဲ့ဗျာ၊ အကြောင်းရှိရင် ပြောဗျို့နော်၊ ကျုပ်တို့ တစ်ရွာ တည်း သားချင်းတွေပဲဗျာ၊ ကူညီရတာပေါ့’

မြတ်။ ။ ‘ကျေးဇူးတင်ပါတယ်ဗျာ....’

## အခန်း ၁၆

ခင်လေးဆွေနှင့် မသက်နှံ သားအမိတို့သည် မန္တလေးမြို့ ဟော်ကုန်းရပ်၌ အိမ်ဆိုင်ကလေး ဖွင့်၍ နေထိုင် စားသောက်ကြစဉ် အလျဉ်မိရုံမျှ ရှိသော်လည်း အရပ်သူ အရပ်သားများနှင့် အနည်းငယ် အကျွမ်းတဝင် ဖြစ်လာကြသောအခါမှ စ၍ အကြွေး မပေးဘဲ မဖြစ်နိုင်သော အခြေသို့ ရောက်လာသည် ဖြစ်သောကြောင့် ဈေးသည်တို့ဘာဝ အဆုံးအရှုံး ရှိလာလေတော့သည်။ မျက်နှာစိမ်းစဉ်က လက်ငင်းရမှ ရောင်းမည်ဆို၍ ဖြစ်နိုင်သော်လည်း မျက်နှာနာလာကြသော အခါတွင် လုပ်စား ကိုင်စားများက 'ညနေမှ ယူပါ ဒေါ်ခင်ဆွေ' ဟူ၍ လည်းကောင်း၊ စာရေးစာချီ စသော လခစားများက 'လခထုတ်မှ ယူပါ ဒေါ်ခင်ဆွေ' ဟူ၍လည်းကောင်း နေ့ဆိုင်း၊ ရက်ဆိုင်း၊ လဆိုင်း ပေးဖို့ တောင်းပန်ကြလေတော့သည်။ ခင်လေးဆွေမှာ ၅ ကျပ်၊ ၁၀ ကျပ် မဆိုထားဘိ။ ၃၀၀ ကျပ်၊ ၄၀၀ ကျပ် မျှပင် အရေး မလုပ်ခဲ့သော မိန်းမ တစ်ယောက် ဖြစ်ရကား မသက်နှံက အကြွေး မပေးဖို့ တောင်းပန်သော်လည်း မသက်နှံ ဈေးသွားဝယ်သည့် အခိုက်တွင် တစ်ဦး နှစ်ဦးမှ ၉ ဦး ၁၀ ဦးအထိ အကြွေးကျ ကုန်ခဲ့လေပြီ။ ဤနည်းဖြင့် တရွေ့ရွေ့ တက်သွားရာတွင် နောက်ဆုံး၌ လက်ငင်းဝယ်သူ နည်းပါး၍ အကြွေးသမားချည်း ဖြစ်ကုန်ခဲ့လေပြီ။ ထိုအခါတွင် ဈေးဝယ်များသည် လက်ငင်းစနစ်မှ "အဟောင်းပေး အသစ်ယူ" စနစ်သို့ ရောက်ကုန်ကြလေသည်။

ဤအတောအတွင်း နေ့တွက် မှန်မှန် မရသော ကူလီနှင့် ဆိုက်ကားသမားများ၊ အလုပ်ပြုတ်သော စာရေးများလည်း ပေါ်လာကြသေး၏။ ထိုသူတို့သည် တစ်ရက်အတွက် အကြွေးယူရာမှ ၂ ရက်၊ ၃ ရက် လည်းကောင်း၊ လခထုတ်လျှင် ပေးမည်ဆို၍ တစ်လခအတွက် အကြွေးယူသော လခစားသမားများက နှစ်လ၊ သုံးလ ထားဖို့ တောင်းပန်ကြခြင်း လည်းကောင်း စသည်ဖြင့် မြတ်သလောက်မျှမက အကြွေးထဲသို့ မြုပ်ကုန်ခဲ့လေပြီ။





အချို့သော ကူလီများနှင့် လခစားများသည် "အဟောင်းပေး အသစ်ယူ" စနစ်အတိုင်း အကြွေးယူနေကြရာမှ အသုံးအစွဲ များသဖြင့် ပေးရန်ရှိသော အကြွေးက လခထက် များနေသောအခါ အခြားသော မြို့ရှင်များကိုသာ ပေးဆပ်ကြ၍ သဘောကောင်းသော ခင်လေးဆွေတို့ သားအမိကိုမူကား နောက်တစ်လမှ ယူပါရန် တောင်းပန်ကြ၏။ ငွေ မလည်ပတ်သောကြောင့် တောင်းပန်စကားဖြင့် အသနားခံပါသော်လည်း 'ကျုပ်တို့ အပေါ်က အကြာကြီး မြတ်လာကြတာကပဲ' ဆို၍ ဖွတ်ပေနေကြ၏။ အချို့မှာလည်း လခထုတ်သောအချိန်တွင် အဟောင်းဆပ်၍ အသစ်ယူရမည် ဖြစ်ပါလျက် အဟောင်းကို မဆပ်နိုင်သည့်အတွက် အခြားသော ဆိုင်များတွင် အကြွေးအသစ် ယူကြလေတော့သည်။ သို့ဖြစ်၍ ထိုလူများ အပေါ်တွင် အကြွေးဆုံးရှုံးသာမက ဖောက်သည်ပါ ပျက်သွားတော့သည် ဖြစ်သောကြောင့် နောင်အဖို့၌ မြတ်ရမည့် အတွက်ကလေးပါ ပြုတ်သွားလေတော့သည်။

ဤနည်းအားဖြင့် တတိတိနှင့် လုံးပါး ပါးလိုက်ခဲ့ရာတွင် မသက်နှံတို့မှာ ရောက်ခါစဉ်က အထိုက်အလျောက် ကြီးပွားလာရာမှ ဆိုင်ကလေးပင် ပြုတ်လုမတတ် ငွေကျပ်လာခဲ့လေပြီ။ ဤတွင် မသက်နှံသည် ခေတ်ပညာတတ် ဖြစ်သည့်အလျောက် အကြံတစ်ခု ရ၍ လက်ရေးတို ကျောင်းသို့ တက်ပြီးလျှင် နေ့ရော ညဉ့်ပါ ကြိုးစား လေ့ကျင့်သည်နှင့် မကြာမီအတွင်း လက်ရေးတို စာရေးမ လုပ်နိုင်သော အခြေသို့ ရောက်ခဲ့၏။ ကံအားလျော်စွာ သူဌေးတိုက် တစ်တိုက်၌ အလုပ် လစ်လပ်၍ လျှောက်ထားသောအခါ ရုပ်ရည် သန့်ပြန့်၍ သွက်လက် ချက်ချာသော မိန်းကလေးတစ်ယောက် ဖြစ်သည့်အတိုင်း သူဌေးက မျက်စိကျ၍ ရွေးချယ် ခန့်ထားခြင်း ခံရလေသည်။

၎င်းအလုပ်တွင် တစ်နှစ်ခန့် လုပ်မိလတ်သော သတင်းစာ တစ်စောင်၌ လက်ရေးတို စာရေးမတစ်ယောက် အလိုရှိသည် ဆိုသော ကြော်ငြာကို တွေ့ရ၏။ လခမှာ လက်ရှိ လခထက် ကောင်းသော်လည်း ရန်ကုန်မြို့

ကာကွယ်ရေးဌာန ဝန်ကြီးရုံးတော်မှ ဖြစ်နေ၍ စဉ်းစားစရာ ဖြစ်နေ၏။ ခင်လေးဆွေနှင့် တိုင်ပင်ကြည့်သောအခါ မန္တလေးမှာထက် ရန်ကုန်မှာ နေရလျှင် ရွှေဘိုနှင့် သာ၍ ကွာလှမ်းသည်ဆို၍ သဘောကျ၏။ ခင်လေးဆွေမှာ ရွှေဘိုမြို့မှ အသိမိတ်ဆွေများကို တွေ့ချင်မည် ဝေးစွ၊ ၎င်းတို့နှင့် မတော်တဆ တွေ့ဆုံမိမည့် အရေးကို တွေးကြောက်သည်နှင့် တတ်နိုင်သမျှ ဝေးကွာအောင် ခွာလိုသော ဆန္ဒသာ ရှိလေတော့သည်။ သို့ဖြစ်၍ ခင်လေးဆွေ၏ တိုက်တွန်းချက်အရ လျှောက်လွှာတစ်စောင် တင်ပို့လိုက်လေ၏။

ကာကွယ်ရေးဌာန လက်ရေးတိုစာရေးမ ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီး ဦးလူမော်အတွက် ဖြစ်ရကား ဦးလူမော်သည် လျှောက်လွှာများကို ကိုယ်တိုင် ကြည့်ရှု ရွေးချယ်လေသည်။ ဦးလူမော်သည် မသက်နှံ၏ လျှောက်လွှာကို တွေ့ရသောအခါ ၎င်းတွင် ဖော်ပြပါရှိသော အသက်သည် လည်းကောင်း၊ အိုင်အေ စာမေးပွဲ အောင်မြင်သော ခုနှစ်သက္ကရာဇ်သည် လည်းကောင်း မိမိသိခဲ့သော မသက်နှံနှင့် ကိုက်ညီလျက် ရှိသည်ကို တွေ့ရ၏။ မသက်နှံနှင့် ခင်လေးဆွေတို့ အကြောင်းကို မိမိ ကြားသိရသလောက်မှာ လည်း ဤအလုပ်မျိုးကို မသက်နှံက လျှောက်ထားမည် ဆိုလျှင်လည်း လျှောက်ထားနိုင်လောက်ပေသည်။ သို့သော် ဟုတ် မဟုတ်ကိုကား အသေအချာ မပြောနိုင်ချေ။

ဤတွင် ဝန်ကြီး ဦးလူမော်သည် မန္တလေးသို့ ခရီးထွက်နိုင်အောင် စီစဉ်၍ မသက်နှံ ထံသို့လည်း မည်သည့် နေ့ရက်တွင် ဆာကွတ်ဟောက်စ် ဗိုလ်တဲသို့ အလုပ်အတွက် "အင်တာဗျူး" ပေးရန် အမိန့်စာတစ်စောင် ပြန်ကြားစေ၏။ မသက်နှံကမူကား ကာကွယ်ရေးဝန်ကြီး တစ်ယောက် ရှိ၍ ၎င်း၏ အမည်မှာ ဦးလူမော် ဖြစ်သည်ဟု ကြားဖူးသလိုလို ရှိသော်လည်း သူငယ်ချင်း ဦးလူမော် ဖြစ်သည် ဟူ၍လည်းကောင်း၊ ဗိုလ်တဲ၌ "အင်တာဗျူး" ပေးရမည့် ပုဂ္ဂိုလ်မှာ ဝန်ကြီးဖြစ်သည် ဟူ၍လည်းကောင်း မသိရှိချေ။ မည်သို့ပင် ဖြစ်စေ မသက်နှံသည် အမိန့်စာကို ရရှိသောအခါ ချိန်းဆိုသော





နေ့ရက်တွင် သွားရောက် တွေ့ဆုံမည်ဟု ကြံရွယ်ထားလေသည်။ သို့ဖြစ်၍ မသက်နှံသည် မိမိနှင့်အတူ လိုက်ပါရန် စာရေးမကလေး တစ်ယောက်အား လည်း တောင်းပန်ထား၏။

ချိန်းဆိုသောနေ့၌ မသက်နှံနှင့် မိန်းမဖော်ကလေးသည် ဆာကွတ် ဟောက်စ်သို့ ရောက်သွားကြ၍ အမိန့်စာကို ပြသည်တွင် သပ်ရပ်စွာ ဝတ်ဆင် ထားသော လူတစ်ယောက်က ဧည့်ခန်းသို့ လိုက်ပြသည်နှင့် မိန်းကလေး နှစ်ယောက်လည်း ဧည့်ခန်းသို့ ဝင်၍ စောင့်နေကြ၏။ မကြာမီ အထက် ထပ်မှ ဆင်းလာသော ခြေသံများ ကြား၍ မိန်းကလေး နှစ်ယောက်သည် မျက်နှာပိုး သတ်လျက် စောင့်နေကြစဉ် ပုဆိုး တောင်ရှည်၊ ခေါင်းပေါင်း အုပ်ပေါင်း စသည်ဖြင့် သိုက်မြိုက်စွာ ဝတ်ဆင်ထားသော လူတစ်ယောက် ဝင်လာလေ၏။ မိမိတို့ ရှာသား ကိုလူမော် ဖြစ်သည်ဟု တစ်ကြိမ် တစ်ခါမျှ မစဉ်းစားမိသော မသက်နှံမှာ ထိုသူကို မြင်ရသောအခါ၌ မြင်ဖူးသလိုလို ရှိပါသည်ဟု အောက်မေ့မိ၏။ သို့သော် ယောကျ်ားနှင့် မိန်းမ ဖြစ်သည့် အတွက် စူးစူးစိုက်စိုက် မကြည့်ဝံ့သည်နှင့် တစ်ချက်မျှ ကြည့်လိုက်ပြီးသည် နောက် မျက်လွှာချကာ စဉ်းစားနေမိတော့သည်။

ကိုလူမော်မူကား မသက်နှံကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် "ဟုတ်ပြီ" ဟု တစ်ခါတည်း ဆုံးဖြတ်ချက် ချနိုင်၏။ အဘယ်ကြောင့် ဆိုသော် နှစ်ပေါင်း အတန်ကြာ ကွဲကွာနေကြစေကာမူ မသက်နှံ၏ ရုပ် အဆင်းမှာ "ဝမ်းပြင်း" အဖြစ်မှ ဝင်းဝင်းဝါဝါ မှည့်လာသော သစ်သီး၏ ပြောင်းလဲခြင်းထက် ပိုမို ပြောင်းလဲခြင်း မရှိဘဲ လှတုန်း၊ ချောတုန်း၊ ချစ်ခင် ဖွယ် ကောင်းတုန်းပင် ရှိနေသောကြောင့်ပေတည်း။

မိန်းကလေး နှစ်ယောက်က အရိုအသေပြုသော သဘောနှင့် ထိုင်ရာ မှ ထ ကြသည်ကို ကိုလူမော်က 'ထိုင်ကြပါ ....ကိစ္စမရှိပါဘူး' ဟု ပြောလိုက် သောအခါ မသက်နှံမှာ အသံကလည်း မိမိ ကြားဖူးသည့်အတိုင်း ရှိတော့ သည်ဟု အောက်မေ့မိ၏။

မော်။ ။ 'ဘယ့်နှယ်လဲဗျ၊ မသက်နှံ ကျုပ်ကို မမှတ်မိဘူးလားဗျ'

နှံ။ ။ (ပြုံးရွှင် အားရသော မျက်နှာနှင့် မော့ကြည့်လျက်) 'ဟုတ်သားပဲကိုး၊ ကျွန်မက ထင်တော့ ထင်နေတာ၊ ဟုတ်မှ ဟုတ်ပါ့မလားလို့ စဉ်းစားနေမိပါတယ်'

မော်။ ။ (ကုလားထိုင်ပေါ်တွင် ရင်ကော့ကာ ထိုင်လျက် နှုတ်ခမ်းမွှေး သပ်ရင်း) 'ထင်တာက ဘယ်တုန်းက ထင်တာလဲဗျ'

နှံ။ ။ 'အခု လူကိုယ်တိုင် မြင်ရမှ ထင်မိပါတယ်'

မော်။ ။ 'ကျုပ် ဝန်ကြီးဖြစ်တာကို မကြားမိဘူးပေါ့'

နှံ။ ။ 'ကာကွယ်ရေးဝန်ကြီး ဦးလူမော်လို့တော့ ကြားမိပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ ရွာသား ကိုလူမော်လို့ မတွေးမိပါဘူး'

မော်။ ။ 'ကျုပ်တို့ ရွာသားထဲက ဝန်ကြီးဖြစ်ဖို့ဟာ သိပ် အလှမ်းဝေးတယ် ပေါ့လေ'

နှံ။ ။ 'ဒီလိုတော့ မဆိုလိုပါ၊ နာမည်တူ မရှားဘူးလို့ အောက်မေ့မိလို့ပါ'

မော်။ ။ 'ကျုပ် နာမည်မျိုးက တစ်ပြည်လုံးမှာ သိပ်များများကြီး မရှိပါဘူးဗျ'

နှံ။ ။ 'မှန်ပါတယ်၊ သို့သော် ကျွန်မက သတင်းစာနဲ့ ဘာနဲ့ ဝေးနေတာနဲ့ ရွေးကောက်ပွဲဝင်တာကိုတောင် သတိမပြုလိုက်မိလို့ပါ'

မော်။ ။ 'ဒါထက် မသက်နှံက အလုပ်လျှောက်ထားတယ် မဟုတ်လား'

နှံ။ ။ 'မှန်ပါတယ်'

မော်။ ။ 'ကျုပ်ကလည်း လျှောက်လွှာကို လက်ခံ ရရှိကတည်းက ကျုပ်တို့ မသက်နှံများ ဖြစ်နေမလားလို့ စဉ်းစားမိတာနဲ့ တမင်တကာ မန္တလေး တက်လာပြီး အင်တာဗျူး ခေါ်ကြည့်တာပဲ'

နှံ။ ။ 'ကျေးဇူးတင်ပါတယ် ဝန်ကြီးမင်းရှင်'

မော်။ ။ 'မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားတို့ ကျုပ်တို့က ငယ်ပေါင်းတွေကပဲ၊





ဝန်ကြီးတွေ ဘာတွေ မလုပ်ပါနဲ့၊ ငယ်ငယ်တုန်းက အတိုင်း ပေါ့ဗျ'

နှံ။ ။ 'မလျော်ပါဘူးရှင်၊ လူကြားလို့ မတော်ပါဘူး'

မော်။ ။ 'ဘယ့်နှယ် မလျော်ရမလဲ၊ မလိုချင်ဘူး၊ မသက်နှံပဲ၊ ကိုလူမော်ပဲ၊ တော်ရောပေါ့ဗျာ၊ ဒါထက် ကျုပ်တို့ ကိုသာမြတ် တစ်ယောက်ကော တွေ့ရဲ့လား'

နှံ။ ။ 'မတွေ့ပါဘူးရှင်'

မော်။ ။ 'ကိုယ့်လူကလည်း မေဂျာတွေ ဘာတွေ ဖြစ်နေပြီကောဗျ၊ သို့သော် ကျုပ်က ကာကွယ်ရေးဌာနဆိုတော့ သူတို့ အထက်က ပေါ့လေ'

နှံ။ ။ 'ရှင်နဲ့ကော တွေ့ပါသေးသလား'

မော်။ ။ 'ဟုတ်ကဲ့၊ ရန်ကုန်မှာ တွေ့ကြပါတယ်။ ကျုပ် လက်အောက် ရောက်နေလို့ တယ်ပြီး ခံချင်ပုံ မပေါ်ဘူးဗျ။ ကျုပ်ကတော့ အသားမယူပါဘူးဗျာ၊ သူငယ်ချင်းဆို သူငယ်ချင်းပါပဲ၊ သူနဲ့ ကျုပ်နဲ့က နေရာတကာမှာ ပြိုင်ဘက် လာလာ ဖြစ်ရတယ်ဗျာ။ ကျုပ် တောခိုတုန်းက သူက စစ်ဗိုလ်ဖြစ်လေတော့ ကျုပ်နဲ့ ၁ ချီ ၂ ချီ တွယ်ကြရဖူးသေးတာကိုး'

ဤတွင် ကိုလူမော်သည် ကိုသာမြတ်နှင့် စစ်မြေပြင်၌ ဆုံမိခဲ့ပုံ အခြင်းအရာများကို မသက်နှံအား ပြန်ပြောင်း ပြောပြလေသည်။ နောက်ဆုံး၌--

မော်။ ။ 'ဟိုတစ်နေ့က အစည်းအဝေးမှာ ကိုသာမြတ်နဲ့ ဆုံမိကြလို့ မသက်နှံအကြောင်းတောင် ပြောမိကြသေးတယ်'

ထိုအခါ မသက်နှံမှာ ငယ်စဉ်အခါက မိမိအား သာမြတ်နှင့် လူမော်တို့က ပိုးပန်းကြပုံများနှင့် မိမိအတွက်ကြောင့် နောင်ဂျိန်ချခဲ့ကြပုံ အခြင်းအရာများကို စဉ်းစားမိသည်နှင့် မျက်နှာထား တစ်မျိုးတစ်မည် ဖြစ်သွားသေး၏။

မော်။ ။ ‘သူငယ်ချင်းချင်း မေးရဦးမယ်၊ အိမ်ထောင်ရက်သားတော့ မရှိသေးပေါင်နော်’

နံ့။ ။ ‘မရှိပါဘူးရှင်’

လူမော်လည်း မျက်နှာတစ်မျိုး ဖြစ်သွား၏။

မော်။ ။ ‘အိမ်ထောင်ပြုတယ်ဆိုတာ ကျောင်းက ထွက်စအရွယ် ရှူးရှူး မိုက်မိုက်တုန်းက လွယ်တယ်ဗျ၊ တော်တော်ကလေး ကြီးလာလို့ စဉ်းစားတတ်လာရင်ပဲ တောင်တွေး မြောက်တွေး၊ တောင်ချိန် မြောက်ချိန်နဲ့ ရုတ်တရက် ဆုံးဖြတ်ချက် ချဖို့ ခဲယဉ်းပြီး ချေးထူလာကြ ထင်ပါရဲ့။ ဒါကြောင့်လည်း သူတို့ အနောက်နိုင်ငံများမှာ အပျိုကြီး လူပျိုကြီးတွေ သိပ်များတယ် ဆိုပဲ’

မသက်နံ့သည် ယောက်ျားနှင့် မိန်းမ၊ လူပျိုကြီးနှင့် အပျိုကြီး ဆိုင်မိကြပြီ ဖြစ်သောကြောင့် မည်သို့မျှ ထင်မြင်ချက် မပေးဘဲ ဆိတ်ဆိတ်နေလေ၏။

မော်။ ။ ‘ဟိုဘက်က သူငယ်မက မိတ်ဆွေတစ်ယောက်ပဲ မှတ်တယ်’

နံ့။ ။ ‘မှန်ပါတယ်၊ ကျွန်မနဲ့ တစ်တိုက်တည်း လုပ်တဲ့ လုပ်ဖော် လုပ်ဖက်ပါ’

ကိုလူမော်သည် ငယ်စဉ်က ကိုသာမြတ်နှင့် တုပြိုင်၍ မသက်နံ့အား ပိုးပန်းခြင်းများကို သတိရလာပြန်သည်နှင့် လွန်ခဲ့ပြီးသော အိပ်မက်အကြောင်းကို ပြောပြသောနည်းဖြင့် ဇိမ်ယူမည် ကြံမိသော်လည်း အဖော်မိန်းကလေးရှိနေသည့် အတွက်ကြောင့် မိမိ၏နှုတ်ကို ဘရိတ်အုပ်ပြီးလျှင် မသက်နံ့၏ အလုပ်ဝါနှင့် လက်ရေးတို့၌ မည်မျှ ကျွမ်းကျင်သည်များကိုသာ စုံစမ်း မေးမြန်းလေ၏။ မသက်နံ့၏ အဖြေများမှာ ကျေနပ်လောက်အောင် ရှိသည်နှင့် ခန့်စာ ပို့လိုက်ပါမည်ဟု ကတိထားပြီးနောက် လွှတ်လိုက်လေ၏။

မကြာမီ မသက်နံ့သည် ခန့်စာတစ်စောင် ရရှိ၍ ခင်လေးဆွေအား ဆိုင်ကလေးကို ဖြုတ်သိမ်းစေပြီးလျှင် မသက်နံ့ သားအမိနှင့် ခင်လေးဆွေ





တို့သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကြလေ၏။ သားကလေး မောင်ခွေးမှာ ငါးနှစ်သား အရွယ် ရှိလာပြီဖြစ်၍ စာသင်ကျောင်း တစ်ကျောင်း၌ အပ်နှံထားခဲ့လေပြီ။

## အခန်း ၁၇

ဝတ္ထုရေးဆရာများသည် မိမိတို့၏ ဇာတ်လိုက် အချင်းချင်း တွေ့ဆုံစေလိုသည့်အခါ ကမ္ဘာ့ အစွန်အဖျား ကြိုကြိုကြားကြား နေရာများ၌ မမျှော်လင့်ဘဲနှင့် ရုတ်တရက် ပက်ပင်းပါ တွေ့ဆုံစေသည့်နည်းတူ မတွေ့စေလိုသော လူအချင်းချင်းမူကား တစ်မြို့တည်း၊ တစ်လမ်းတည်း နေပါလျက်နှင့် လွဲမိအောင် လွဲစေသည်ဟူ၍ အပြစ်ဆိုတတ်ကြလေသည်။ အချို့က ဤကဲ့သို့ ဖန်တီးခြင်းသည် အလွန်ဖြစ်ခဲသော အခြင်းအရာကို မဖြစ် ဖြစ်အောင် ဇွတ်ဖန်တီးသည်ဆို၍ သဘာဝ မကျဟု ပြောတတ်ကြ၏။ သို့ရာတွင် ဤအခြင်းအရာသည် ဖြစ်ခဲသည် မှန်သော်လည်း မဖြစ်နိုင်ဟု ဆိုသင့်သော အရာ မဟုတ်ချေ။ ဝတ္ထု ဆိုကတည်းက ဖြစ်ရိုးဖြစ်စဉ်ထက် အထိုက်အလျောက် အဆန်းတကြယ် ဖြစ်ပျက်သော အကြောင်းအရာများ ဖော်ပြပါရှိလိမ့်မည် ဟူ၍ မျှော်လင့်သော စာဖတ်ပရိသတ်များလည်း ရှိကြပေသည်။ ဈေးသို့ သွား၍ ပစ္စည်းတစ်ခု ဝယ်ပြီးနောက် အိမ်သို့ ချောမောစွာ ပြန်ရောက်လာခြင်းကိုပင် အဆန်းတကြယ် ဖတ်ချင်ဖွယ်ဖြစ်အောင် ရေးသားတတ်သော ကလောင်ရှင်များလည်း ရှိကြပါ၏။ သို့ရာတွင် ဤသို့သော ပုဂ္ဂိုလ်များသည် လောက၌ များစွာ မရှိတတ်ပေ။ ဇာတ်ကွက် ဇာတ်လမ်းဖြင့် အာရုံကို ဆွဲကြသော ဝတ္ထုရေး ဆရာများမှာ လက်မတင်ကလေးမျှ လွဲချော်သွားသော အကြောင်းအရာမျိုးကို အားကိုးအားထား ပြုကြရမည်သာ ဖြစ်ပေ၏။

မသက်နံ့တို့ အိမ်သားတစ်စုသည် ရန်ကုန်သို့ ရောက်၍ မောင်ခွေးကို ကျောင်းအပ်ခြင်း၊ နေအိမ် ရှာဖွေငှားရမ်းခြင်း စသော ကိစ္စများ ပြီးစီးသဖြင့်

မသက်နံ့သည် အတွင်းဝန်များရုံးသို့ အလုပ်ဝင်၍ နေသားတကျ ရှိပြီးသည် နောက် သုံးရက်မြောက်သောနေ့တွင် ရုံးမှ ဆင်းလာ၍ ဘတ်စ်ကား ဆိပ်သို့ လျှောက်လာစဉ် ရုံးဝင်းထဲမှ ဂျစ်ကားတစ်စီးနှင့် ထွက်လာသော ဗိုလ်ကြီး သာမြတ်နှင့် ပက်ပင်းပါ တိုးမိလေ၏။ သာမြတ်သည် မသက်နံ့ကို နောက် ပိုင်းမှ ရှေးဦးစွာ မြင်လိုက်ရ၍ ဟန်ပန်ကို မြင်ဖူးပါသည်ဟု အောက်မေ့ သည်နှင့် ကျော်လွန်သော အခါ၌ လှည့်ကြည့်လိုက်မိ၏။ မသက်နံ့ကလည်း ပလက်ဖောင်းပေါ်မှ လျှောက်လာ၍ ဂျစ်ကားဆီသို့ လှမ်းကြည့်လိုက်မိသည် တွင် မျက်လုံးချင်း ဆုံမိကြလေတော့သည်။

နောက်ပိုင်းမှ မြင်လိုက်ရပြီးဖြစ်၍ တူပါသည်ဟု တမင် လှည့်ကြည့် မိသော သာမြတ်က ရှေးဦးစွာ မှတ်မိသည်နှင့် ကားကို ရုတ်တရက် ရပ်လိုက် သည်တွင် မသက်နံ့မှာ အံ့ဩသော မျက်နှာထား ရှိနေသည့် သာမြတ်ကို မြင်ရ၍ အူကြောင်ကြောင် ဖြစ်သွားသေး၏။ ထို့နောက်မှ အနီးသို့ ရောက် လာ၍ 'ကျုပ်ကို မမှတ်မိဘူးလားဗျ မသက်နံ့' ဟု ပြောလိုက်သော သာမြတ် အသံကို ကြားရသည်တွင်မှ ပေါ်လာလေတော့သည်။

'ဘယ်တုန်းက ရောက်သလဲဗျာ၊ ဘယ်မှာ နေကြသလဲ၊ ဘာလုပ် နေသလဲ၊ ခင်လေးဆွေ တစ်ယောက်ကော....' ဟူသော မေးခွန်းများသည် သာမြတ်၏ နှုတ်မှ ဒလဟော ထွက်လာလေရာ မသက်နံ့မှာ မည်သည့် မေးခွန်းကို ဖြေရမည် မသိဘဲ သာမြတ်အား ပြုံးပြုံးကြီး ကြည့်နေရုံမျှသာ တတ်နိုင်ပေတော့သည်။ နောက်ဆုံး၌ မသက်နံ့၏ နေရပ်ကို သိရသည်နှင့် တစ်ပြိုင်နက် 'ကိုင်း.... ဒါဖြင့် လာဗျာ၊ ကားပေါ်တက်၊ ကျုပ် လိုက်ပို့ပေး မယ်၊ အိမ်ကိုလည်း တစ်ခါတည်း သိသွားရအောင်' ဆို၍ အတင်း တိုက်တွန်း ရာတွင် မသက်နံ့မှာ ငြင်းဆန်ရန် မတတ်နိုင်ဘဲ ဂျစ်ကားပေါ်သို့ တက်ရလေ တော့သည်။

ကျောက်မြောင်း ရပ်ကွက်ရှိ မသက်နံ့၏ နေအိမ်သို့ ရောက်သော အခါ သာမြတ်သည် ကားကို လမ်းနံဘေးတွင် ရပ်ထား၍ မသက်နံ့နှင့်





အတူ အိမ်ပေါ်သို့ လိုက်သွား၏။ ကားပေါ်၌ သာမြတ်က အလောသုံးဆယ် မေးမြန်းသော မေးခွန်းများကို မသက်နံ့က မဖြေဘဲ 'ကားကို ကောင်းကောင်း ကြည့်မောင်းပါဦး ကိုသာမြတ်ရယ်၊ ရှင် မောင်းပုံ ကြည့်ရတာ ကျွန်မ ကြောက်လိုက်တာ၊ အိမ်ရောက်တော့မှ ဖြည်းဖြည်းဆေးဆေး မေးသေးတာ ပေါ့၊ ခုနင်က စတော့ဂိတ်ထောင့်ကွေ့မှာ ဘတ်စ်ကားနဲ့ တိုက်တော့မလို နည်းနည်း လိုတော့တယ်။ ကောင်းကောင်း ကြည့်မောင်းပါ၊ အချိန်တွေ ရှိပါသေးတယ်' ဟု တောင်းပန်ထားခဲ့ရ၏။ သို့ဖြစ်၍ အိမ်ပေါ်သို့ ရောက် သည်နှင့် တစ်ပြိုင်နက် ယခင်က မေးခွန်းများနှင့်တကွ သိလိုသော အကြောင်း အရာများကို သာမြတ်က တောက်လျှောက်မေး၍ မသက်နံ့က ဖြေဆိုနေရ ဆဲတွင် ခင်လေးဆွေက ကော်ဖီပန်းကန်များနှင့် ရောက်လာလေတော့သည်။

သာမြတ်သည် မသက်နံ့နှင့် ခင်လေးဆွေတို့ အကြောင်းများကို သိလိုသမျှ သိရပြီးသည့်နောက်–

မြတ်။ ။ 'တကတဲပါမှဗျာ၊ ကျုပ်ကဖြင့် လိုက်ရှာလိုက်ရတာ၊ ရွှေဘို ရောက်တိုင်း၊ ရွာရောက်တိုင်း၊ မန္တလေးရောက်တိုင်း တစ်မေး တည်း မေးလိုက်ရတာ။ ဘယ်မှာမှ သဲလွန်စ မပေါ်လာဘူးဗျာ၊ အံ့ဩပါရဲ့၊ တွေ့မယ့် တွေ့တော့ လုံးဝ မထင်မိဘဲ ရန်ကုန်မှာမှ လာတွေ့ပေတော့ တယ်ဗျာ။ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်း.... မပြောပါနဲ့တော့ဗျာ၊ ထီပေါက် သလောက် မကပါဘူး။ ဘုရားကို စူးရပါစေရဲ့'

နံ့။ ။ 'မကျိန်ပါနဲ့ရှင်၊ ယုံပါတယ်၊ ရှင်တို့ကတော့ မြေပိုင်ရှင် သူဌေး မို့လို့ ထီပေါက်တာလောက်တော့ အပျော့ပေါ့။ ကျွန်မ ယုံကြည် ပါတယ်'

မြတ်။ ။ 'မြေပိုင်ရှင် ဆိုပေမဲ့ ဒီခေတ်မှာတော့ သိပ် မထင်လိုက်ပါနဲ့ ဗျာ။ ငွေကို လိုချင်တာပါပဲ။ ငွေလောက်မက ဝမ်းသာလို့ ပြောတာပါ'

ဤသို့ဖြင့် တစ်နာရီခန့်တိုင်အောင် စကားပြောနေကြပြီးမှ သာမြတ်

သည် အိမ်မှ ထွက်လာခဲ့သည့် အလွန် အရေးကြီးသော ကိစ္စကို သတိရသည်နှင့် နက်ဖြန် လာပါဦးမည်ဆိုကာ နှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။

မသက်နှံမှာ သာမြတ်နှင့် စကားပြောနေစဉ်အတွင်း လမ်းဘက်သို့ မကြာခဏ မျှော်ကြည့်မိ၏။ အကြောင်းမူကား သားကလေး ဖိုးခွေးသည် ကျောင်းမှ ပြန်ရောက်ချိန်တန်ပါလျက် မပေါ်လာဘဲ ရှိနေသောကြောင့်ပေတည်း။ သာမြတ် ပြန်သွား၍ ငါးမိနစ် မကြာမီ ကျောင်းမှ လိုက်ပို့သော ကား ဆိုက်လာ၍ ဖိုးခွေးလည်း အိမ်ပေါ်သို့ တက်လာလေ၏။

စင်စစ်သော်ကား မသက်နှံသည် ဖိုးခွေး လာမည့် လမ်းဘက်သို့ မကြာခဏ မျှော်ကြည့်မိခြင်းမှာ လမ်းပန်းကိစ္စအတွက် စိုးရိမ်သောကြောင့်ကား မဟုတ်၊ ဖိုးခွေးကို ကိုသာမြတ် မတွေ့မြင်စေလိုသောကြောင့်မျှသာ ဖြစ်လေသည်။ မန္တလေးမြို့၌ ရှိစဉ်က မသက်နှံသည် မိမိကိုယ်ကို လင်နှင့်ကွဲကွာနေသော "တစ်ခုလပ်" ဟူ၍ လည်းကောင်း၊ မုဆိုးမ ဟူ၍ လည်းကောင်း ပုံတော်သလို လှည့်ဖြား ပြောပြထား၍ ရန်ကုန်သို့ ရောက်လာသော အခါတွင်လည်း ဖိုးခွေးမှာ မသက်နှံ၏သား မဟုတ်တော့ဘဲ မုဆိုးမ ခင်လေးဆွေ၏ သားကလေး ဖြစ်သည်ဟူ၍ သတင်း ပေးထားစေကာမူ ကိုသာမြတ်ကိုမူကား ဤကဲ့သို့သော နည်းမျိုးဖြင့် လှည့်စားရန် ဖြစ်နိုင်မည် မဟုတ်သည်ကို သိရှိသည်နှင့် ဖိုးခွေးကို ကိုသာမြတ် တွေ့မသွားပါစေနှင့် ဟူ၍သာ ဆုတောင်းခဲ့ရလေတော့သည်။ ယခုတစ်ကြိမ်တွင် ကံကောင်းထောက်မသဖြင့် ဖိုးခွေးနှင့် ကိုသာမြတ်တို့ လွဲသွားကြသည် မှန်သော်လည်း ကိုသာမြတ်က ၎င်းနေအိမ်သို့ မကြာခဏ လာရောက် လည်ပတ်ပုံ ပေါ်သည့် အတိုင်း လာရောက်ဘြားအံ့၊ တစ်ခေါက်ခေါက်တွင် ဖိုးခွေးနှင့် ဆုံမိတော့မည်မှာ ဧကန် ဖြစ်လေသည်။

မသက်နှံသည် ဤအကြောင်းကို ခင်လေးဆွေနှင့် တိုင်ပင်၍ ဖိုးခွေးအား မည်သူ၏သား ဖြစ်ပါသည်ဟု ပြောရပါမည်ကို ဆင်ခြင်ကြရာတွင် ကျေနပ်လောက်သော ဆုံးဖြတ်ချက် ချရန် မတတ်နိုင်ဘဲ ရှိကြ၏။ ဟုတ်မှန်





သည့်အတိုင်း ပြောလိုက်ရလျှင် မကောင်းပေဘူးလောဟု မသက်နှံက အကြံပေးသောအခါ ခင်လေးဆွေက သဘောမတူနိုင်ဘဲ ရှိနေ၏။ ခင်လေးဆွေက မိမိအဖို့မှာ "ဓားမ ဆေးကျ၊ သုံးမရ" သော အဖြစ်သို့ ရောက်နေပြီဆို၍ မိမိသား အဖြစ်နှင့် လှည့်စားလိုသော်လည်း တစ်ရပ်တည်း တစ်ရွာတည်း သားချင်းဖြစ်သော ကိုသာမြတ်က အလွယ်တကူနှင့် ယုံကြည်လိမ့်မည် မဟုတ်ချေ။ မည်သည့်အချိန်က မည်သူနှင့် အိမ်ထောင်ကျသည်ဆိုသော အကြောင်းကိုပါ ပြောပြမှ သင့်လျော်ပေလိမ့်မည်။ ယုံချင် ယုံ၊ မယုံချင်နေဆိုသော သဘောမျိုးနှင့် ပြောမည် ဆိုပါမူကား ဖြစ်နိုင်ပါ၏။ သို့သော် အကယ်၍ မယုံမကြည် ရှိနေပါမူ ကိုသာမြတ်သည် စစ်ဆေး မေးမြန်းခြင်း ပြုမည် မဟုတ်သော်လည်း ဤနှယ် ထိုနှယ် တွေးတောဦးမည် ဖြစ်သောကြောင့် မသက်နှံကိုပါ သိက္ခာမကင်းသော အခြေသို့ ရောက်သွားနိုင်ပေသည်။ ကိုသာမြတ်က မိမိအား လှည့်စားသည်ဟု တွေးတောမိသော် ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟ ပြောဆိုခြင်းထက်ပင် ဆိုးရွားလိမ့်ဦးမည် ဟူ၍လည်း စဉ်းစားမိကြ၏။ နောက်ဆုံး၌ မသက်နှံနှင့် ခင်လေးဆွေတို့သည် ကိုသာမြတ် ယုံကြည် ကျေနပ်လောက်အောင် လှည့်ဖြားပြောဆိုရမည့် နည်းလမ်း တစ်စုံတစ်ခုကို ရှာကြံရန် မတတ်နိုင်ကြသည် ဖြစ်၍ ဖိုးခွေးအား ကျောင်းအိပ်ကျောင်းစား "ဘော်ဒါ" အဖြစ်နှင့် အပ်ထားရန် အကြံ ပေါ်ပေါက်သည့် အတိုင်း နောက်တစ်နေ့၌ပင် အပ်နှံလိုက်ကြလေတော့သည်။ ကျောင်းစာရင်းထဲ၌မူ ဖိုးခွေးမှာ ခင်လေးဆွေ၏ သားအဖြစ်နှင့် ထည့်သွင်း ဖော်ပြထားလေသည်။

## အခန်း ၁၈

အတွင်းဝန်များ၏ ရုံး၌ မသက်နှံသည် ကာကွယ်ရေးဝန်ကြီး ဦးလူမော်၏ စကားများကို လက်ရေးတိုနှင့် လိုက်ရေးရ၍ ၎င်းတို့ကို လက်နှိပ်စက်နှင့်

ရိုက်ကူးပြီးနောက် ဦးလူမော်ထံသို့ တင်ပြရ၏။ ဦးလူမော်က ပြင်ဆင်ရန်၊ ဖြည့်စွက်ရန် ရှိသမျှကို ဆောင်ရွက်ပြီးနောက် မသက်နှံထံသို့ ပြန်ပို့၍ မသက်နှံက အချော ရိုက်ကူးပြီးသည့်နောက်မှ ဝန်ကြီးက လက်မှတ်ထိုးလေသည်။ ဝန်ကြီးက နှုတ်ဖြင့်ပြောသော စာများမှာ များသောအားဖြင့် အင်္ဂလိပ်ဘာသာဖြစ်၍ မြန်မာလို အနည်းငယ်မျှသာ ပါရှိလေသည်။ ဝန်ကြီးသည် မြန်မာစာများကို အထိုက်အလျောက် သွက်လက်စွာ ပြောနိုင်သော်လည်း အင်္ဂလိပ်ဘာသာ စာများကိုမူ ရှေးယခင်က မျက်နှာဖြူအရာရှိများ အနက်မှပင် အလွန် ဝါရင့်၍၊ အလွန် ကျင်လည်သော အရာရှိများသာလျှင် တတ်နိုင်ပေရကား စင်စစ်အားဖြင့် လူမော် ကဲ့သို့သော ဝန်ကြီးများအား လက်ရေးတိုစာရေး ပေးထားခြင်းသည် အခြောက်တိုက် အသားယူခြင်းဖြစ်၍ အခွန်ထမ်းသမားများ၏ အခွန်တော်ငွေကို ဖြုန်းတီးနည်း တစ်မျိုးမျှသာ ဖြစ်တော့၏။ သို့ပါသော်လည်း လက်ရေးတိုစာရေး ရှိမှ အလုပ် တွင်ကျယ်သည်ဆို၍ လူမော် ကဲ့သို့သော ဝန်ကြီးများသည် လက်ရေးတို စာရေးမ တစ်ယောက်စီ ရှိကြသည်သာ ဖြစ်လေသည်။

ဝန်ကြီး အလိုရှိသည့်အခါ မသက်နှံသည် ဝန်ကြီး၏အခန်းသို့ ဝင်၍ လက်ရေးတို မှတ်စု စာအုပ်နှင့်တကွ စားပွဲတစ်ခု၌ ထိုင်ရလေရာ ဝန်ကြီး ဦးလူမော်လည်း အနေအထား အမျိုးမျိုး ပြုပြင်နိုင်သော ကုလားထိုင်ကြီးတွင် နောက်သို့ ခပ်လှန်လှန် ထိုင်လျက် နှုတ်ခမ်းမွေး တသပ်သပ်ဖြင့် စားပွဲခြေထောက်ကို ခြေနှင့်ကန်ကာ တစ်လုံးချင်း ပြောလေသည်။ လူမော်အဖို့မူကား ဤကဲ့သို့ ပြုလုပ်ခွင့်ရခြင်းသည် အလွန် ကြီးကျယ်သော ဇိမ်ကြီး တစ်ခုပေတည်း။ သူငယ်ဘဝ ကတည်းက ပိုးပန်းခဲ့၍ မအောင်မြင်ခဲ့ဘဲ "တိတ်စမ်းပ ကိုလူမော်၊ တစ်ခါလာ ဒီစကားချည်း ကြားရတာ နားငြီးလှပါပြီ" စသည်ဖြင့် ငေါက်ငမ်း ပြောဆိုခြင်းကို အကြိမ်ကြိမ် ခံခဲ့ရသော လူမော်သည် ထိုမိန်းမကို အလိုရှိသော အချိန်တွင် မိမိ၏အခန်းသို့ ခေါ်ယူကာ ပြောချင်ရာ ပြောဆိုနိုင်ခွင့် ရှိခြင်းတည်းဟူသော အချက်တစ်ခုနှင့်ပင်





မိမိ၏ အခြေအနေကို လွန်စွာ ကျေနပ်လျက် ရှိ၏။ သို့ရာတွင် လူမော်သည် သာမန် မိန်းကလေးတစ်ယောက် မဟုတ်သော မသက်နှံ၏ မာနကို လည်းကောင်း၊ ဘီလူးစည်း လူစည်းကို နားလည်သော မသက်နှံ၏ အရည်အချင်းကို လည်းကောင်း သိရှိပြီး ဖြစ်သောကြောင့် မသက်နှံအပေါ်၌ လွန်မင်းစွာလည်း အသားမယူ၊ နုပ်ဖွဲ့သော အမူအရာမျိုးလည်း မဖော်ပြဘဲ တည့်တည့်မှန်မှန်ကြီး အလုပ် လုပ်လျက် ရှိ၏။ အကယ်၍ မိမိက ပြီတီတီ လုပ်မိသည်ဖြစ်စေ၊ တန်ခိုးအာဏာ ပြလွန်းသည် ဖြစ်စေ ပြုမိချေသော် ငြိမ်ဝပ်စွာ သည်းခံမနေဘဲ အလုပ်ပြုတ်ရုံမက ထမင်း ငတ်သွားစေကာမူလည်း အလျှော့ပေးမည့် မိန်းမမျိုး မဟုတ် ဟူ၍ လူမော် သိပြီး ဖြစ်လေသည်။

သို့ဖြစ်၍ လူမော်သည် မသက်နှံကို အလုပ်ဝတ္တရား ရှိသော အခါများ၌သာ ခေါ်ယူ၍ မျက်နှာချင်းဆိုင် ထိုင်ကာ အလုပ်လုပ်ကြသော အခါများတွင်လည်း ဖုံးဖိရန် မဖြစ်နိုင်သည့် မိမိ၏အဖြစ်ကို မိမိ ကျေနပ်ခြင်း တည်းဟူသော အမူအရာမျိုး ထင်ရှားစေခြင်းမှတစ်ပါး ခြေလှမ်း မမှားရအောင် အမြဲ ထိန်းသိမ်းလျက် ရှိလေသည်။ မသက်နှံသည် ထိုအခြင်းအရာကို မြင်၍ လူမော်အား ကျေးဇူးတင်မိသည့်ပြင် ရှေးယခင်များကနှင့် မတူဘဲ လူရည်လည်လျက် ရှိလာပေသည်ဟု ချီးကျူးမိပေသည်။ မသက်နှံ၏ ကျေနပ်ခြင်းကိုလည်း လူမော်က ရိပ်မိ၍ မိမိ၏ ကာယိန္ဒြေကို အထူးစောင့်ရှောက်ပေတော့သည်။ ရှေးအခါများ၌ လူမော်သည် မိမိကိုယ်ကို လူရတတ်သားတစ်ယောက် ဆို၍ မသက်နှံကို ပိုးပန်းရာ၌ပင် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း အမူအရာမျိုးနှင့် ဇွတ်အတင်း ပြောချင် ပြောခဲ့မိရာ အကယ်၍သာ ထိုအချိန်က ဤမျှလောက် လူပါးဝခဲ့ပါမူ အပျိုကြီး၊ လူပျိုကြီး....။

'ဟုတ်ကဲ့ရှင်၊ နေ့စွဲနှင့် ပေးပို့လိုက်သော စာကို ရရှိပါသည်'

ဝန်ကြီး ဦးလူမော်သည် မသက်နှံကိုခေါ်ယူ၍ စာတစ်စောင် ပြန်ကြားရန် နှုတ်ဖြင့် ပြောပြနေဆဲ အခိုက်အတွင်း ရောက်တတ်ရာရာ စိတ်ကူးမိသောကြောင့် စကားစ ပြတ်နေသည်နှင့် မသက်နှံက ရေးပြီးသော စာပိုဒ်ကို ဖတ်ပြကာ သတိပေးလိုက်ခြင်း ဖြစ်လေသည်။

မော်။ ။ 'ဟား ဟား ဟား တော်ပါသေးရဲ့ဗျာ၊ အပျိုကြီး လူပျိုကြီးတွေ ထည့် မပြောမိပေလို့သာပေါ့'

မသက်နှံက မော့ကြည့်လိုက်၏။

မော်။ ။ 'တခြား မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ ငယ်ငယ်တုန်းက အဖြစ်အပျက်ကလေးတွေ စိတ်ထဲမှာ ပေါ်လာလို့ တွေးမိတွေးရာ လျှောက်တွေးနေမိလို့ပါ မသက်နှံ'

နှံ။ ။ 'ရှင်'

မော်။ ။ 'အခုနေများ ကိုယ့်ကိုယ်ကိုယ် ပြန်ငယ်လို့ဖြစ်ရင် မငယ်လိုက်ချင်ဘူးလားဗျာ'

မသက်နှံလည်း သားသည်မအေ ဖြစ်နေရသော အခြင်းအရာကို စဉ်းစားမိသည်နှင့်–

နှံ။ ။ 'ငယ်ချင်ဘိလားရှင်'

မော်။ ။ 'ငယ်ရင် ဘယ်လိုများ လုပ်မလဲ၊ ကိုယ့် အဆုံးအဖြတ်ကို ပြန်ပြီး ပြင်ဆင်ချင်တဲ့ အချက်များ ရှိလို့လား'

နှံ။ ။ 'လူဆိုတာ ဒီလိုဟာမျိုး ရှိကြမှာချည်း ထင်ပါရဲ့ရှင်'

မော်။ ။ 'တကယ်လို့ ကိုယ့်အဖြစ်ကို ပြန်ပြီး ပြင်လို့ ဖြစ်တယ် ဆိုခဲ့ရင် ဘယ်ဟာကို ပြင်ချင်သလဲ မသက်နှံ'

နှံ။ ။ 'အို .... ကိုလူမော်ကလဲ'

ယင်းကဲ့သို့ ပြောလိုက်ခြင်းကား မသက်နှံသည် လူမော်၏ မေတ္တာကို အကြိမ်ကြိမ် ငြင်းဆန် ဖယ်ရှားခဲ့ဖူးခြင်း တည်းဟူသော အဖြစ်ကို လူမော်က သတိရ၍ ဤမေးခွန်းကို မေးခြင်း ဖြစ်သည်ဟု ရိပ်မိသောကြောင့် ဖြစ်လေသည်။

မော်။ ။ 'ကျုပ်ကလည်း ကျုပ်ပါပဲဗျာ၊ ဟိုတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင်ကြီးခဲ့မိပေတာကိုး'

နှံ။ ။ 'ဘယ်လို အထင်ကြီးပုံလဲ'





မော်။ ။ 'ကိုယ် လည်လိုက်ရရင် ဘယ်မိန်းမမှ မခံနိုင်ဘူး၊ ပါရမှာချည်းပဲလို့ အထင် ရောက်ခဲ့မိပေတယ်'

နှံ။ ။ 'ငယ်တဲ့ အရွယ်ဆိုတာ ဒီလို ထင်စမြဲချည်း မှတ်ပါတယ်ရှင်'

မော်။ ။ 'ခင်ဗျားတို့ မိန်းမတွေကလည်း ဒီလိုပဲ ထင်ပါရဲ့'

နှံ။ ။ 'ဒီလို နေကြမှာပေါ့၊ တက်ကြွတဲ့ အရွယ်ဆိုတာ ထောင်လွှားတဲ့ စိတ် ရှိတတ်တာမျိုးချည်းဟာကိုး'

မော်။ ။ 'အခု နားလည်သလောက် ဟိုတုန်းက နားလည်ခဲ့လို့ရှိရင် မသက်နှံတောင် အပျိုကြီး ဟုတ်ချင်မှ ဟုတ်မယ်နော်'

နှံ။ ။ 'ဒါကတော့ သူ့အကျိုးပေးနဲ့သူ ထင်ပါရဲ့ရှင်၊ ကံဆိုတဲ့ စကားကလည်း ရှိပေသေးတာကိုး'

မော်။ ။ 'ကံဆိုတာ သူတစ်ပါးက လုပ်ပေးတာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်တာပါဗျာ'

နှံ။ ။'မှန်ပါတယ်၊ သို့သော် ဟိုအတိတ်က ပြုခဲ့တဲ့ ကံဆိုတာက ရှိသေးတာကိုးရှင့်'

မော်။ ။ 'ဗုဒ္ဓဘာသာဆိုတော့ ရှေးကံကိုလည်း မပယ်ကောင်းပေဘူးပေါ့၊ သို့သော် ရာခိုင်နှုန်း ၉၉ လောက်က လက်ငင်းအတွက် ထားပြီး တစ်ရာခိုင်နှုန်းလောက်သာ အတိတ်အဖို့ ထားသင့်တယ် ထင်တယ်'

နှံ။ ။ 'ရာခိုင်နှုန်းဖွဲ့လို့တော့ ခပ်ခက်ခက်ပဲ၊ သို့သော် အိမ်ထောင်ရေးကိစ္စတို့ ဆိုတဲ့ အရေးကြီးတဲ့ဟာတွေကျတော့ အတိတ်ကံက တော်တော်များများ ဖန်တီးပေးတယ်လို့ ကျွန်မတော့ ထင်မိတာပဲ'

မော်။ ။ 'ဟုတ်ချင်လည်း ဟုတ်မယ်ပေါ့လေ၊ သို့သော် လူတစ်ယောက်ရဲ့ အခြေအနေကို ကြည့်ပြီး မညာတမ်း ဆုံးဖြတ်ရရင် သူလုပ်ပုံနဲ့ သူ့အခြေအနေနဲ့ ဘောင်ဝင် အံကျ ဖြစ်နေတာ တွေ့ရတာချည်းပဲဗျ'

နှံ။ ။ 'ဝန်ကြီးတစ်ယောက် ဖြစ်အောင် ရှင် ကြိုးစားခဲ့တဲ့အတွက် ဝန်ကြီးဖြစ်ရတယ်ပေါ့လေ'

မော်။ ။ 'ဒါလည်း ဟုတ်တာပါပဲ၊ ဝန်ကြီး မဖြစ်တောင် တစ်ခုခုတော့ ဖြစ်ရမှာပေါ့ဗျာ။ သို့သော် ဒါက တခြား၊ ဖူးစာရေးနတ်ဆိုတာက တခြား ဖြစ်လေမလားတော့ မဆိုနိုင်ဘူးပေါ့'

မသက်နှံလည်း ထင်မြင်ချက် မပေးဘဲ ဆိတ်ဆိတ်နေသည်နှင့်–

မော်။ ။ 'ကျုပ်ကိုယ် ကျုပ်တော့ မိန်းမ မရအောင်၊ ကျုပ်ကို လူကြိုက်ချင်အောင် မလုပ်တတ်ခဲ့တဲ့အတွက် လူပျိုကြီး ဖြစ်နေရတယ် မှတ်တာပဲ'

နှံ။ ။ 'ဒါကတော့ မယူချင်လို့ နေမှာပါရှင်၊ ကြိုက်သူ ကြိုက်သား တွေတော့ ရှိကြမှာပါ'

မော်။ ။ 'ရှိကြမှာပေါ့လေဗျာ၊ ဒါပေမဲ့ ကိုယ် သဘောကျတဲ့ မိန်းမက ကိုယ့်ကို သဘောကျအောင် မလုပ်တတ်ခြင်းဟာလည်း ကျုပ်ရဲ့ ညံ့ဖျင်းမှု နေမှာပါပဲ။ ကျုပ်ကတော့ အတိတ်တွေ ဘာတွေ လှမ်းတွေးမနေဘူး။ လက်ငင်းအကြောင်း တွေ့အောင် ရှာကြည့်တတ်တယ်'

နှံ။ ။'ကိုယ် သဘောကျတဲ့ မိန်းမတွေ ခဏ ခဏ တွေ့ပါလျက်နဲ့ တစ်ယောက်ကမှ ရှင့်ကို သဘောကျအောင် ရှင် မလုပ်နိုင်ဘူး တဲ့ လား'

မော်။ ။ 'ဟာ .... ခဏ ခဏ တွေ့နေရင်တော့ တစ်ယောက်ယောက် သဘောကျအောင်တော့ လုပ်တတ်မှာပေါ့ဗျာ၊ ဟော တစ်ယောက်.... ဟော တစ်ယောက် မတွေ့တတ်လို့ပေါ့'

မသက်နှံလည်း မျက်လွှာချလျက် ဆိတ်ဆိတ်နေလိုက်၏။

မော်။ ။ 'ကျုပ် သဘောကျတဲ့ မိန်းမ တစ်ယောက်တည်းပဲ တွေ့ဖူးတယ်။ အဲဒီတစ်ယောက် သဘောကျအောင် ကျုပ် မလုပ်တတ်ခဲ့တာ ခက်တာပဲ'

မသက်နှံလည်း အဖြေမပေးဘဲ မျက်လွှာချလျက် ထိုင်နေ၏။





မော်။ ။ 'သို့သော်လည်း အခုတော့ဖြင့် ကိုယ့်ကိုယ်ကိုယ်တော့ ပညာတိုးလာပြီ ထင်တာပဲ၊ မပြောတတ်သေးဘူး၊ ကြည့်ရဦးမှာပဲ'

ထိုခဏ၌ အတွင်းဝန်တစ်ယောက်သည် အရေးကြီးသော ကိစ္စတစ်ခုအတွက် ဝန်ကြီးနှင့် တိုင်ပင်ရန် ရှိသည်ဆို၍ စာရွက်ကလေး ပို့လိုက်လေရာ လူမော်လည်း 'ထားခဲ့ဦးဗျာ၊ ခုနင်က စာကို နောက်မှပဲ ဆက်ရေးကြဦးစို့' ဟု မသက်နှံအား ပြောသည်နှင့် မသက်နှံသည် မှတ်စုစာအုပ် သိမ်း၍ ဝန်ကြီး၏ အခန်းမှ ထွက်လာခဲ့လေ၏။

## အခန်း ၁၉

မိန်းမ ဟူသမျှအပေါ်၌ အထင်မကြီးဘဲ ခပ်လွယ်လွယ် မိန်းမများကိုသာ တွေ့ဖူး၍ ပိုးပန်းခြင်း အလုပ်၌ အများအားဖြင့် အောင်မြင်ခဲ့သော ယောကျ်ားများကမူ ဝန်ကြီး ဦးလူမော်က မသက်နှံကို သဘောရိုးနှင့် ကြံစည်ခဲ့ပါမူ အောင်မြင်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိနိုင်ပြီဟူ၍ မှတ်ယူမိကြပေလိမ့်မည်။ မသက်နှံ ကိုယ်တိုင်မှာလည်း မိမိကိုယ်ကို ရှေးယခင်ကကဲ့သို့ အထင်မကြီးဘဲ မာန အထိုက်အလျောက် ကျိုးကျခဲ့ခြင်းလည်း မှန်ပေသည်။ မသက်နှံ၌ အိမ်ထောင်ပြုလိုသော စိတ်ဆန္ဒလည်း မကုန်ခန်း။ အကယ်၍ အိမ်ထောင်ပြုပါလျှင်လည်း လူမော်ထက် အဆင့်အတန်း မြင့်သော ယောကျ်ားတစ်ယောက်ကို ရဖို့ မျှော်လင့်ဖွယ် မရှိနိုင်ခြင်းလည်း မှန်ပေသည်။ သို့ရာတွင် အခက်အခဲတစ်ခု ရှိပြန်သည်ကား ဖိုးခွေးကို ဘယ်ကဲ့သို့ စီမံရချေမည်နည်း၊ ဟုတ်မှန်သည့်အတိုင်း ဖွင့်ပြောလိုက်ရလျှင် နောက်သို့ ဆုတ်သွားသော ယောကျ်ားတို့သာ များမည့်ပြင် မသက်နှံ ကိုယ်တိုင်ကလည်း မိမိအတွက် အနစ်နာခံ၍ ကျေးဇူးရှင် တစ်ယောက်ကို ကယ်ဆယ်ခြင်း၏ မြင့်မြတ်သောအဖြစ်ကို အနောက်တိုင်းထုတ် ဝတ္ထုစာအုပ်များတွင် ဖတ်ဖူးသည့်အတွက် ငယ်ရွယ် နုနယ်သော ထိုစဉ်အခါက ပြုမိပြုရာ ပြုခဲ့သော်

လည်း ယခုအချိန်၌ ပြန်ပြောင်း ဆင်ခြင်မိရာတွင် ၎င်းကိစ္စအတွက် ရှက်သလိုလို ဖြစ်နေသောကြောင့် ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟ ပြောပြဖို့ ခဲယဉ်းလျက် ရှိ၏။ အကယ်၍ ပြောပြခဲ့ပါလျှင်လည်း ယုံချင်မှလည်း ယုံပေမည်။ မယုံကြည်ခဲ့လျှင် ပြောရခြင်းသာ အဖတ်တင်၍ မိမိအပေါ်၌ အထင်သေးစွာနှင့် နောက်ဆုတ်သွားမည် ဖြစ်၏။ အကယ်တန္တု ယုံကြည်ပါသည် ဆိုစေကာမူလည်း မိုက်လှသော မိန်းမတစ်ယောက်ပေတည်းဟု ဆိုကာ နောက်ဆုတ်ချင်လည်း ဆုတ်နိုင်ပေသေးသည်။

ထိုနေ့အဖို့၌ လူမော်သည် မသက်နှံအား အတည့်အလင်း မဟုတ်သေးဘဲ အရိပ်အမြွက်လောက်သာ ပြောခြင်း ဖြစ်သော်လည်း နောက်နောင်တွင် ဤအကြောင်းကို ဆက်လက်၍ ပြောဦးမည့်ပြင် မိမိထံမှ "ဘူး ဖရုံ" ကွဲအောင် စုံစမ်းသော အခြေသို့ တစ်နေ့နေ့တွင် ရောက်ရဦးမည် ဟူ၍လည်း စဉ်းစားမိ၏။ သို့ဖြစ်၍ မသက်နှံသည် အိမ်သို့ ရောက်လာသော အခါ၌ ခင်လေးဆွေအား ဤအကြောင်းကို ပြောပြကာ တိုင်ပင်လေ၏။

ဆွေ။ ။ 'သူကလည်း ယခုထက်ထိ လူပျိုကြီးအတိုင်း ရှိသေးလေတော့ ဒီအလုပ်ကို လက်ခံတယ် ဆိုကတည်းက တစ်နေ့နေ့တော့ ဒီကိစ္စ ပေါ်ပေါက်လာလိမ့်မယ် ဆိုတာ ငါ စဉ်းစားမိပါတယ်'

နှံ။ ။ 'ကျွန်မကတော့ တယ်ကြာလိမ့်မယ် မထင်ဘူး၊ ဒီတော့ ကျွန်မတို့ ကြိုတင် ပြင်ဆင်ထားရင် ကောင်းလိမ့်မယ် ထင်တယ်'

ဆွေ။ ။ 'ညည်း သဘောက ဘယ်လိုလဲ'

နှံ။ ။ 'ကျွန်မကတော့ ဝတ္ထုစာအုပ်များထဲမှာလို ဘယ်သူ့ကို ချစ်ပါတယ်၊ ဘယ်သူ့ကို ကြိုက်လှပါတယ် လို့တော့ မရှိပါဘူး။ ဒေါ်ဒေါ် သင့်လျော်တယ်ဆိုရင် နားထောင်ရုံပဲ၊ မသင့်လျော်ဘူး ဆိုရင်လည်း သူ့အလုပ်က ထွက်ရ ထွက်ရ ငြင်းပယ်ရုံ ရှိတာပေါ့'

ဆွေ။ ။ 'အိမ်ထောင်ပြုမယ် ဆိုရင်လည်း ငြင်းပယ်စရာ အကြောင်း မရှိတဲ့ လူတစ်ယောက်ပေပါ့လေ'





နှံ။ ။ 'ကိုယ့် ဝမ်းထဲကလည်း ကြိုက်လှတယ် မဟုတ်၊ ကိုယ့်ထမင်းကို ရှာစားနိုင်တဲ့ အခြေမျိုးလည်း ရှိတယ်ဆိုရင် ကျွန်မကတော့ ဒီအတိုင်း နေတာ အကောင်းဆုံး ထင်တာပဲ'

ဆွေ။ ။ 'ဒါလည်း ဟုတ်တာပဲအေ့၊ တကယ်ဆိုတော့ ဖိုးခွေး ကိစ္စလည်း ရှိသေးတယ်'

နှံ။ ။ 'ဟုတ်တာပေါ့၊ ကျွန်မလည်း ဒီကလေးအကြောင်း စဉ်းစားမိတယ်။ တကယ့်တကယ် တွေ့တွေ့ထင်ထင်ဆိုရင် ဖွင့်ပြောရ ကောင်းမလား၊ မပြောဘဲ ထားရင် ကောင်းမလား၊ မပြောဘဲ ထားပြန်ရင် ဘယ်လောက်ကြာကြာ လုံနိုင်မလဲ၊ အဲဒါတွေ စဉ်းစားရလိမ့်မယ် ဒေါ်ဒေါ်'

ဆွေ။ ။ 'ဟုတ်တာပေါ့၊ ငါ့အမြင်မှာတော့ ဖွင့်ပြောလို့ ဘယ်နည်းနဲ့မှ မဟန်ဘူး ထင်တယ်၊ ဒီထိအောင် သဘောထား ကြီးနိုင်တဲ့ ယောက်ျား ရှိ မထင်ပေါင်အေ'

ထိုခဏ၌ သာမြတ်သည် အိမ်ရှေ့တွင် ဂျစ်ကား ဆိုက်၍ ပန်းသီး၊ သပျစ်သီး စသော သစ်သီး လက်ဆောင်များနှင့် တကွ အိမ်ပေါ်သို့ တက်လာလေ၏။ သာမြတ် တက်လာသည်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မသက်နှံနှင့် ခင်လေးဆွေတို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်မိကြ၏။ ၎င်းတို့ အသီးအသီး စိတ်ထဲ၌ "ဤသည်လည်း တစ်ခက် ပေါ်လာဦးမည်" ဟု စဉ်းစားမိကြဟန် တူလေသည်။

ဖိုးခွေးမှာ "ဘော်ဒါ" အပ်နှံထားလိုက်ပြီး ဖြစ်၍ မသက်နှံသည် သာမြတ်နှင့် စကားပြောရာတွင် ထိုနေ့ကကဲ့သို့ စိတ်အာရုံ ပျံ့လွင့်ခြင်း မရှိဘဲ စကား အသွားအပြန်တို့ကို ဟန်ကျအောင် ပြောဆိုတတ်လေပြီ။ သာမြတ်သည် ဤ အခြင်းအရာကို တွေ့မြင်ရ၍ မသက်နှံက မိမိ အပေါ်၌ ထိုနေ့ကထက် စိတ်ဝင်စားခြင်း ရှိသည်ဟု အားတက်မိလေသည်။

ငယ်စဉ်က အကျွမ်းတဝင် ရှိခဲ့ကြ၍ နှစ်ပေါင်း အတန်ကြာ ကွဲကွာပြီး

သည့်နောက်မှ တစ်ဖန် ဆုံစည်းကြရသော မိတ်ဆွေများ အဖို့မှာ ပြောစရာ စကားလုံး မရှားဘဲ တစ်ဖက်နှင့် တစ်ဖက် ရေပက်၍ မဝင်နိုင်အောင် လေပေးဖြောင့်တတ်ခြင်းမှာ ဓမ္မတာပင် ဖြစ်လေသည်။ သို့ဖြစ်၍ သာမြတ်မှာ ထိုအိမ်၌ တစ်နာရီကျော် ထိုင်ခဲ့မိခြင်းကိုပင် စိတ်ထဲ၌ ၁၅ မိနစ်ခန့်မျှသာ ထင်မိတော့သည်။ သာမြတ်သည် အခြားသော အကြောင်းအရာများထက် မသက်နှံတို့အား လိုက်၍ ရှာခဲ့ပုံများနှင့် သဲလွန်စ မတွေ့ရတိုင်း စိတ်ပျက် ဝမ်းနည်းခဲ့ရပုံများကို အားရပါးရ ပြောပြတတ်လေသည်။ ထိုကဲ့သို့ ပြောပြသည့် အခါတိုင်းလည်း မသက်နှံနှင့် ခင်လေးဆွေတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက် တန်းခနဲ တန်းခနဲ လှမ်းကြည့်မိကြတော့သည်။

သာမြတ်မှာလည်း လူပျိုကြီး အဖြစ်၌ပင် ရှိနေသေးခြင်းကို ခင်လေးဆွေနှင့် မသက်နှံတို့သည် သိကြပြီး ဖြစ်၏။ သို့သော် ထူးခြားသော အချက် တစ်ခုမှာ လှမော်သည် မသက်နှံအား ထိုနေ့က အရိပ်အမြွက်အားဖြင့် ပြောဖူးသော်လည်း သာမြတ်ကမူကား လက်ဆောင်များ ဝယ်လာခြင်းနှင့် လိုက်ရှာခဲ့ရသည့် အကြောင်းများကို ခဏခဏ ပြောပြခြင်းမှ တစ်ပါး ပွတ်ကာသီကာပင် ပြောဖူးခြင်း မရှိချေ။ လက်ဆောင် ဟူသည်မှာ ရင်းနှီးသော မိတ်ဆွေများ ဖြစ်သည့်အလျောက် သဘောရိုးနှင့် ယူလာခြင်းလည်း ဖြစ်နိုင်ပေသည်။

သာမြတ်သည် အားလပ်သော နေ့များတွင် ဂျစ်ကားနှင့် ရောက်လာ၍ မသက်နှံနှင့် ခင်လေးဆွေတို့ကို ကားနှင့် တင်ပြီးလျှင် ကန်တော်ကြီး၊ တိရစ္ဆာန်ရုံ စသော နေရာများသို့ လေညင်းခံ ထွက်လေ့ ရှိလေသည်။ သာမြတ်၏ အပြုအမူ အပြောအဆို စသည်များကို စုပေါင်း ဆင်ခြင်သည် ရှိသော် မောင်နှင့်နှမ သဘောမျိုးထက် ပိုမိုသော အဓိပ္ပာယ်မျိုး တွေ့ရသည်ဟူ၍ မဆိုနိုင်ပေ။ သို့သော် ဤမျှသာ ရည်ရွယ်ချက် ရှိသည်ဟူ၍ တစ်ထစ်ချ ဆုံးဖြတ်နိုင်သည်လည်း မဟုတ်ချေ။

## အခန်း ၂၀

တစ်နေ့သော စနေနေ့၌ မသက်နှံသည် နေ့တစ်ဝက် ရုံးပိတ်သည် ဖြစ်၍ လွယ်အိတ်ကလေးကို လွယ်လျက် ရုံးမှ ဆင်းလာပြီးလျှင် စတော့ဂိတ် လမ်းထောင့်၌ ဘတ်စ်ကားစောင့်နေစဉ် ပက်ကက် ကားကြီး စီးလာသော ဝန်ကြီး ဦးလှမော်နှင့် တွေ့ဆုံမိလေ၏။ လှမော်သည် ဒရိုင်ဘာအား ကားရပ်စေရန် အမိန့်ပေး၍ ကားတံခါးကို ဖွင့်ပေးပြီးလျှင် 'လာလေ မသက်နှံ၊ ကျုပ် လိုက်ပို့ပါ့မယ်' ဟု ခေါ်လိုက်ရာ မသက်နှံသည် ပထမ၌ "တော်ပါပြီရှင်" ဆိုကာ ငြင်းလိုက်မည် ကြံ၏။ သို့သော် ဤသို့ ငြင်းလိုက်ချေက ရိုင်းရာ ကျမည် စိုးသည်နှင့် ခပ်ရှိန်းရှိန်း ခပ်ရှန့်ရှန့်နှင့်ပင် ကားပေါ်သို့ တက်ရ၏။ အနီးအပါးရှိ ရုံးစာရေးနှင့် စာရေးမများက မျှော်ကြည့်နေကြသဖြင့် မသက်နှံမှာ မျက်နှာ၌ ရှိန်းခနဲ ပူသွားသော်လည်း လှမော်မှာ ပိုးပန်းခြင်း ကိစ္စနှင့် ပတ်သက်၍ ရုံးတွင် နာမည်ပျက် မရှိသောကြောင့် ကဲ့ရဲ့ကြခြင်း မဟုတ်တန်ရာဟု ဖြေဆည်မိ၏။ စင်စစ်မှာလည်း လှမော်သည် နာမည်ကောင်းရအောင် အတော် ကြိုးစားသူ တစ်ယောက် ဖြစ်၍ မိမိ၏ နယ်သူ စာရေးမတစ်ယောက်ကို အလုပ်ခန့်ထားသည် ဆိုခြင်းထက် ပိုမို၍ ကဲ့ရဲ့ ပြောင်လှောင်ခြင်း မရှိလှချေ။

ကားပေါ်၌ ထိုင်မိကြ၍ ကားထွက်သောအခါ ခင်လေးဆွေ အကြောင်းကို လှမော်က မေးမြန်းရာမှ စကားဆက်မိသည်နှင့် မိမိတို့ အိမ်သို့ ဗိုလ်သာမြတ် အလည်အပတ် လာရောက်ကြောင်းများကို မသက်နှံက ပြောမိရာ လှမော်မှာ မျက်နှာထားတစ်မျိုး ဖြစ်သွား၏။

မော်။ ။ 'တွေ့လည်း တွေ့တတ်တဲ့ လူပါပဲနော်'

နှံ။ ။ 'တွေ့တတ်ဆို သူက ကျွန်မတို့ကို တမင် လိုက်ရှာနေတာတဲ့ရှင်'

မော်။ ။ 'ကျုပ်က ဒါပြောတာ မဟုတ်ပါဘူး၊ ဟိုမှာ ဒီမှာဆုံ၊ ရှိပါစေတော့လေ'

လူမော် ဆိုလိုခြင်းကား မသက်နှံကို မိမိက စိတ်ကူးမိတိုင်း သာမြတ်နှင့် အကြံတူ ဉာဏ်တူ ဖြစ်နေမိခြင်းကို ပြောလိုခြင်း ဖြစ်၏။ သို့သော် စကားကို ဆုံးအောင် မဆက်ဘဲ ဘရိတ်အုပ်ထားလိုက်လေသည်။

မော်။ ။ 'မသက်နှံက ဘယ်အရပ်မှာ နေသလဲ'

နှံ။ ။ 'ကျောက်မြောင်းထဲမှာ နေပါတယ်'

မော်။ ။ 'ရောက်ပါစေ့မယ်လေ.... လိုက်ပို့ပါမယ်၊ ကန်တော်ကြီး တစ်ပတ်လောက် လေညင်းခံလိုက်ကြပါဦးစို့၊ ဒီကနေ့ အိမ်မှာ ဘာအလုပ် ရှိသေးသလဲ'

နှံ။ ။ 'အလုပ်တော့ မရှိပါဘူး၊ ဒါပေမဲ့....'

မော်။ ။ 'အလုပ် မရှိရင် ပြီးရောပေါ့၊ ခင်လေးဆွေ မျှော်နေမှာလောက်တော့ ကိစ္စ မရှိပါဘူး ထင်ပါရဲ့'

အမှန်မှာ ထိုနေ့တွင် ဗိုလ်သာမြတ် လာနေကျ ဖြစ်၍ မသက်နှံက သတိရသောကြောင့် ပြောမိသော်လည်း ဆက်လက်၍ မပြောတော့ဘဲ ရပ်ထားလိုက်၏။

ကန်တော်ကြီးကို တစ်ပတ် လှည့်ပြီးနောက် လူမော်သည် ဒရိုင်ဘာအား ပြည်လမ်းမကြီးသို့ ထွက်စေ၍ အင်းစိန်တိုင်အောင် မောင်းစေပြီးမှ ပြန်လှည့်၍ စထရင်းဟိုတယ်သို့ မောင်းစေ၏။

ဟိုတယ်၌ စားသောက်စရာများ စားသောက်စဉ်၌ လည်းကောင်း၊ ကားပေါ်တွင် အတူ ထိုင်စဉ်၌ လည်းကောင်း လူမော်သည် စကားတစ်ခွန်းကို ပြောမည်ပြုပြီးမှ ဘရိတ်အုပ်ထားလိုက်သော အမူအရာမျိုး နှစ်ကြိမ်သုံးကြိမ်မျှ မသက်နှံ မြင်လိုက်ရ၏။ ထိုမှတစ်ပါးမူ လူမော်သည် လူကြီးလူကောင်း (ဂျင်းတဲလ်မင်း) အမူအရာမျိုးမျှသာ တစ်လျှောက်လုံး ဖော်ပြသေသည်။ စင်စစ်သော်ကား ရှေးယခင်က ပြောရန်ရှိလျှင် ဘွင်းဘွင်းရှင်းရှင်း





ပြောလေ့ရှိသော လူမော်သည် မိမိ၏ လက်အောက် ခြေသား တစ်ယောက် သဖွယ် ဖြစ်နေသော အခါတွင်မှ မသက်နှံကို အတော်ရှိန်နေဟန် တူပေသည်။

မသက်နှံ ရွှေဘို၌ ရှိစဉ်က လူမော်သည် ရွှေဘိုသို့ ရောက်တိုင်း မသက်နှံတို့၏ နေအိမ်သို့ ဝင်၍ ကြိုက်ချင် ကြိုက်၊ မကြိုက်ချင် နေ ဆိုသော သဘောမျိုးနှင့် နှုတ်လျှာ သွက်လက်စွာဖြင့် အနည်းဆုံး နှစ်ခွန်းသုံးခွန်း ဖြစ်စေ စွံ့အောင် ပြောလေ့ရှိ၏။ ပြောဖန်များလွန်းသည့်အတွက် မသက်နှံ ကပင် ရှောင်တောင်တောင် ဖြစ်၍ ပျက်ရယ်သဘောမျိုးဖြင့်သာ အဖြေပေးလေတော့သည်။ "ဒီကကောင်ဖြင့် သတိရလွန်းလို့ သေရတော့မယ်" ဟူ၍လည်းကောင်း၊ "စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ဆိုတဲ့ထဲက ဖြစ်နေပါပြီဗျာ" ဟူ၍ လည်းကောင်း၊ "တစ်လောကလုံးမှာ ယောကျ်ားတစ်ယောက်မှ မရှိဘဲနဲ့ ကျုပ် တစ်ယောက်တည်း ရှိစေချင်တယ်" ဟူ၍ လည်းကောင်း ပြောတတ်သူ ဖြစ်လေရာ ဝန်ကြီးအဖြစ်နှင့် တွေ့ရသည်မှ စ၍မူကား ထိုကဲ့သို့ ရွှတ်တွတ်တွတ်လည်း မပြော၊ အခြားနည်းအားဖြင့်လည်း မပြောတော့ဘဲ အလွန် မှင်သေလျက် ရှိတော့၏။

စထရင်းဟိုတယ်မှ ထွက်လာကြ၍ ကားပေါ်သို့ တက်ကြသောအခါ၌သာ လူမော်သည် ဒရိုင်ဘာအား ကျောက်မြောင်းဘက်သို့ မောင်းစေ၍ မသက်နှံ၏ နေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်၍ ပို့၏။ အိမ်ရှေ့၌ ကားဆိုက်၍ ကားပေါ်မှ မဆင်းဘဲ လူမော်သည် အိမ်ပေါ်သို့ လှမ်းကြည့်လိုက်ရာတွင် မသက်နှံကို စောင့်မျှော်နေသော ဗိုလ်သာမြတ်နှင့် မျက်နှာချင်းဆိုင်မိ၍ တစ်ယောက်နှင့် တစ်ယောက် ဆလံပေးကာ နှုတ်ဆက်ကြ၏။ ၎င်းနောက် မသက်နှံသည် အိမ်ပေါ်သို့ တက်သွားရာတွင် လူမော်လည်း ထွက်သွားတော့သည်။ အမှန်မှာ မသက်နှံက အိမ်ပေါ်သို့ တက်ရန် ဖိတ်ခေါ်ခြင်းလည်း မပြုချေ။ ဝန်ကြီးတစ်ယောက် ဖြစ်၍ တက်ချင်မှ တက်မည်ဟု စဉ်းစားမိခြင်းအပြင် အိမ်၌ ဗိုလ်သာမြတ် ရောက်နေနှင့်လိမ့်မည်ဟု တွေးထင်

မိသောကြောင့်လည်း ဖြစ်၏။ အဘယ့်ကြောင့် ဤလူ နှစ်ယောက်ကို မိမိ၏ အိမ်၌ မဆုံမိစေလိုသနည်းဟူမူ မိန်းမတို့၏ ဓမ္မတာပင် ဖြစ်ပေ၏။

သာမြတ်သည် အိမ်သို့ ရောက်လျှင် ရောက်ချင်း မသက်နှံ မပြန်လာသေးသည်ကို သိရ၍ အနည်းငယ် စိတ်ပျက်သော်လည်း ရုံးဆင်း နောက်ကျသောကြောင့် ဖြစ်သည်ဟု တွေးထင်မိသောကြောင့် မည်သို့မျှ မရှိချေ။ သို့ရာတွင် တစ်နာရီကျော်၊ နှစ်နာရီခန့် ကြာပြီးမှ လူမော် လိုက်ပို့သည်ကို တွေ့ရသော အခါ၌ကား အတော်ကလေး ဒေါဖောင်းချင်၏။ သို့သော် မသက်နှံ၏ စိတ်နေ သဘောထားကို ရိပ်မိထားသော လူတစ်ယောက် ဖြစ်သောကြောင့် ဒေါဖောင်းခြင်းကို မဆိုထားဘိ၊ မကျေနပ်သော အမူအရာမျိုးပင် မဖော်ပြချေ။ ရုံးဆင်းနောက်ကျခြင်းကိုလည်း သတိမထားမိ၊ လူမော်လိုက်ပို့ခြင်းကိုလည်း ဂရုမစိုက်ဘိသကဲ့သို့ အခါတိုင်း အမူအရာမျိုးဖြင့်သာ နှုတ်ဆက်လေသည်။

နှံ။ ။ 'ကိုသာမြတ် ရောက်နေတာ တော်တော် ကြာသွားပြီလား'

မြတ်။ ။ 'ဟုတ်ကဲ့၊ တော်တော်ကလေး ကြာသွားပါပြီ'

ဆွေ။ ။ 'တော်တော်ကလေး မကပေါင်တော်၊ နှစ်နာရီလောက်တောင် ရှိရှာပါပြီ'

နှံ။ ။ 'ဟုတ်ကဲ့လား.... ဆောရီး ကိုသာမြတ်၊ ဖြစ်ရပုံက စတော့ဂိတ် ထောင့်မှာ ဘတ်စ်ကား စောင့်နေတုန်း ကိုလူမော်နဲ့ တွေ့တာနဲ့ လိုက်ပို့မယ်ဆိုပြီး မုန့်တွေ ဘာတွေ ကျွေးနေတာနဲ့ အချိန် တော်တော် ကြာသွားတယ်'

ဆွေ။ ။ 'ညည်းတို့ ဘယ်ဆီ ရောက်ခဲ့ကြသေးသလဲ'

နှံ။ ။ 'စထရင်းဟိုတယ်မှာ လန့်ချ် စားခဲ့ကြတယ်'

သာမြတ်မှာ မသက်နှံကို စိတ်ထဲက ရည်မှန်းနေဟန် တူသော်လည်း ဖွင့်ဟ ပြောပြ၍ မသက်နှံက လက်ခံပြီးသည့် သမီးရည်းစားလည်း မဟုတ်သောကြောင့် သိုးအောက်သော မျက်နှာထားမျိုး အလျှင်း မဖော်ပြဘဲ တတ်နိုင်သမျှ ကြည်ရွှင်အောင် ကြိုးစားလျက် ရှိ၏။





ဆွေ။ ။ 'ဒီပြင်ကောအေ.... ဘယ်ရောက်ခဲ့ကြသေးလဲ'

နှံ။ ။ 'ကန်တော်ကြီး ပတ်ပြီး လေညင်းခံ ထွက်တာပါပဲ'

ယင်းသို့ ပြောစဉ် မသက်နှံသည် သာမြတ်၏ မျက်နှာကို အကဲခတ်၏။ သို့သော် မျက်နှာပျက်သည်ကို မတွေ့ရဘဲ ခပ်အေးအေးပင် သွားဖြဲလျက် ရှိ၏။ ခင်လေးဆွေကလည်း ထိုနည်းအတူ အကဲခတ်၏။ သို့သော် သာမြတ်၏ အေးဆေးသော မျက်နှာကို မြင်ရ၍ အလွန် သဘောထားကြီးသောကြောင့် ပေလော၊ သို့တည်းမဟုတ် မသက်နှံကို အလျှင်း ချိန်ရွယ်ခြင်း မရှိသောကြောင့် ပေလော ဟူသည်ကို မဆုံးဖြတ်နိုင်အောင် ရှိတော့သည်။ မည်သို့ပင်ဖြစ်စေ မသက်နှံကမူ စူစူအောင့်အောင့် မလုပ်သည်ကို တွေ့ရ၍ ကျေနပ်မိသည်။ မသက်နှံ ရောက်လာပြီးသည့်နောက်တွင် သာမြတ်သည် အခြားသော စနေနေ့များမှာကဲ့သို့ နေကုန်အောင် မနေတော့ဘဲ နာရီဝက်ခန့်မျှ လောက်သာ စကားစမြည် ပြော၍ ကိစ္စတစ်ခု ရှိသေးသည်ဆိုကာ ပြန်သွားလေသည်။ မိန်းမ နှစ်ယောက်တို့သည် သာမြတ်၏ အမူအရာကို အကဲခတ် နေခဲ့ကြသော်လည်း သာမြတ် ဆင်းသွားသည့်နောက်တွင် တစ်ယောက်နှင့် တစ်ယောက် ထင်မြင်ချက် မပေးကြဘဲ ကျိတ်နေကြတော့သည်။

ထိုနေ့ညနေ ထမင်းစားပြီးကြသောအခါ–

ဆွေ။ ။ 'ဘယ့်နှယ်လဲဟေ့ မသက်နှံ'

နှံ။ ။ 'ဘာလဲ ဒေါ်ဒေါ်'

ဆွေ။ ။ 'မောင်လူမော်က ဘာများ ပြောလိုက်သေးလဲ'

နှံ။ ။ 'ဘာမှ မပြောပေါင် ဒေါ်ဒေါ်၊ ပြောလို့ရှိရင် ဒေါ်ဒေါ့်ကို ပြောမှာပေါ့'

ဆွေ။ ။ 'မောင်သာမြတ်ကဖြင့်အေ.... ညည်း မရောက်မလာမချင်း ဖင်တကြွကြွနဲ့ အိမ်မြှောင် မြီးပြတ် ဖြစ်နေတော့တာပဲ၊ သူက ကားနဲ့ သွားကြိုမယ်တောင် လုပ်သေးတယ်၊ ဒေါ်ဒေါ်က မတော်တဆ လမ်းလွဲနေမယ် ပြောထားလို့ ပြန်ထိုင်လိုက်တယ်'

နှံ။ ။ 'ဟုတ်ပါရဲ့ ဒေါ်ဒေါ်၊ အားနာစရာကြီးပါပဲ'

ဆွေ။ ။ 'ဒါပေမဲ့ ချိန်းထားတာမှ မဟုတ်ဘဲအေ၊ ဘယ်တတ်နိုင်မလဲ'

## အခန်း ၂၁

"မြတ် သက် မော်" အဖြစ်အပျက်တွင် သာမြတ်နှင့် လှမော်တို့ အကြောင်းအားလျော်စွာ ဆုံစည်းခဲ့ကြခြင်းများမှာ မွေးကတည်းက ယခုအချိန်တိုင် ဆိုရမလောက် ရှိပေတော့သည်။ တစ်ရွာတည်းနေ လူရတတ်သားချင်း ဖြစ်၍ သူငယ် ဘဝမှ ကောလိပ်ကျောင်းတိုင်အောင် မသက်နှံကို အပြိုင်အဆိုင် ပိုးပန်းခဲ့ကြရရုံနှင့် အားမရသေးဘဲ ယခုတစ်ဖန် ရန်ကုန်မြို့ကြီးပေါ်တွင်လည်း အကြံတူ ဉာဏ်တူ ဖြစ်နေကြရပြန်လေပြီ။ သို့သော် ဤ လူငယ်နှစ်ယောက်တို့ တိုက်ဆိုင်မိကြပုံမှာ ဤမျှလောက် မကသေး၊ မိမိတို့၏ အကြံအစည်ကို ဖွင့်ဟ ပြောကြပုံမှာလည်း နည်းပရိယာယ်နှင့် တကွ အချိန်ကာလပါ တူညီကြပြန်လေတော့သည်။ ဆိုလိုရင်းမှာ အထက်ပါ အခြင်းအရာများသည် စနေနေ့တွင် ဖြစ်ပျက်ခဲ့ပြီးနောက် တနင်္လာနေ့၌ မသက်နှံသည် စာတိုက်မှ စာနှစ်စောင် ရရှိလေရာ ၎င်းတို့မှာ လှမော်ထံမှ တစ်စောင်၊ သာမြတ်ထံမှ စာတစ်စောင် ဖြစ်နေကြလေတော့သည်။

လှမော်၏ စာ၌ မိမိသည် ရှေးယခင်က ဤကိစ္စ၌ နှုတ်လျှာ သွက်သလောက် ယခုအခါ၌ နှုတ်လေးလျက် ရှိသည် တစ်ကြောင်း၊ မိမိ လက်အောက်၌ အလုပ် လုပ်လျက်ရှိသော မိန်းမတစ်ယောက်အား နှုတ်ဖြင့် ဖွင့်ဟ ပြောဆိုရလျှင် အနိုင်ကျင့်ရာ ရောက်လိမ့်မည်ဟု ထင်မိသည် တစ်ကြောင်း၊ အထူးသဖြင့် မိမိက အလုပ်သွင်းပေးခြင်း ဖြစ်သောကြောင့် ကျေးဇူးရှိပေသည် ဆို၍ အားတုံ့အားနာဖြစ်လျက် အဖြေရ ခက်မည်ကို စိုးရိမ်မိသည် တစ်ကြောင်း၊ ၎င်း အကြောင်းများကြောင့် နှုတ်ဖြင့် ဖွင့်ဟခြင်း မပြုဘဲ လွတ်လပ်စွာ အဖြေပေးနိုင်ခွင့် ရစေရန် စာဖြင့် ရေးသားရခြင်း ဖြစ်ကြောင်း၊





မသက်နှံ စိတ်ချစေလိုသော အချက်တစ်ခုမှာ အကယ်၍ လက်မခံနိုင် ဆိုစေကာမူလည်း အလုပ်အကိုင်နှင့် ပတ်သက်၍ မည်သို့မျှ အနှောင့်အယှက် မပေးဘဲ လုပ်မြဲတိုင်း ဆက်လက် လုပ်ကိုင်ပြီးလျှင် နဖူးစာ မပါသောကြောင့် မဆုံစည်းရခြင်း ဖြစ်သည်ဟူ၍ မိမိကိုယ် မိမိ တရားချမည် ဖြစ်ကြောင်း အစရှိသော အဓိပ္ပာယ်မျိုး ပါရှိလေသည်။ ထိုမှတစ်ပါးမူ ယခု အရွယ်သို့ တိုင်အောင် မသက်နှံမှ တစ်ပါး မည်သည့် မိန်းမကိုမျှ လှိုက်လှိုက်လှဲလှဲ စွဲစွဲမြဲမြဲ ချစ်ကြိုက်ဖူးသည် မရှိသောကြောင့် လူပျိုကြီး အဖြစ်နှင့် နေခဲ့ပါသည် ဆိုသော ဖော်ပြချက်တစ်ခုလည်း ပါရှိပေသည်။

သာမြတ်၏ စာ၌ကား မသက်နှံအား နှစ်ပေါင်း အတန်ကြာ လိုက်လံရှာဖွေခဲ့၍ မမျှော်လင့်ဘဲနှင့် တွေ့ဆုံကြသောကြောင့် ဝမ်းသာမည် မကြုံရသေးမီ စိုးရိမ် တုန်လှုပ်ဖွယ် သတင်းတစ်ရပ်က တွဲညှပ် လိုက်ပါလာသည်ကို တွေ့ရကြောင်း၊ မသက်နှံ ငုပ်ကွယ်နေစဉ် အတောအတွင်း ကိုလှမော်သည်လည်း မိမိကဲ့သို့ အပန်းတကြီး လိုက်လံ စုံစမ်းခြင်း ပြုမပြုကိုကား မသိရကြောင်း၊ သို့သော် ကိုလှမော်မှာ ကြီးပွားရေးကို မိမိထက် ပိုမို ဂရုစိုက်သူ ဖြစ်သည့်အတွက် ကြီးပွားရေးနောက်သို့ လိုက်နေရသောကြောင့် မသက်နှံကို ထောက်လှမ်း စုံစမ်းရာတွင် မိမိကဲ့သို့ အချိန်မရဘဲ ဖြစ်ချင်လည်း ဖြစ်နိုင်ပေကြောင်း၊ အပန်းတကြီး အသေအချာ ထောက်လှမ်း စုံစမ်းခဲ့သူက မတွေ့ရဘဲ ကိုလှမော်က ရှေးဦးစွာ တွေ့သွားသည့်ပြင် မသက်နှံကို ကျေးဇူးပြုနိုင်သော အခွင့်အရေးတစ်ခု ရရှိသွားခြင်းကို ထောက်ခြင်းအားဖြင့် ဤကိစ္စတွင် လှမော်က ကံသာပုံ ရသည်ဟု မိမိ အကဲခတ်မိကြောင်း၊ မိဘမျိုးရိုး အခြေအနေချင်းမှာ တူညီသည် ထားဘိဦး၊ လက်ရှိ အခြေအနေအရမှာ ကိုလှမော်သည် မိမိထက် သာလွန်ခြင်းကို ဝန်ခံရမည် ဖြစ်ကြောင်း၊ မသက်နှံနှင့် ဆုံရကတည်းက ဤအကြံအစည်ကို ဖွင့်ဟ ပြောလိုသော်လည်း ကိုလှမော်တစ်ယောက် ရှိသေးခြင်းကို သတိရ၍ "စွံ" မည် မထင်သောကြောင့် ဆိုင်းလင့်နေခဲ့ရကြောင်း၊ ဤသို့ ဆိုခြင်းအားဖြင့် မသက်နှံနှင့် ကိုလှမော်တို့

အပေါ်တွင် သက်ာမကင်းသော သဘော ရှိနေသည် ဟူ၍ မယူဆစေလိုကြောင်း၊ မိမိထက် သာသည်ကို ဝန်ခံလိုခြင်းမျှသာ ဖြစ်ကြောင်း၊ ဤအတောအတွင်း အိမ်ထောင်ရေးနှင့် ပတ်သက်၍ မိဘများထံမှ စာတစ်စောင် ရရှိပါသဖြင့် မည်သည့်နည်းနှင့်မဆို "ဘူး ဖရုံ" ကွဲအောင် စုံစမ်းသင့်သည် ဆို၍ ဤစာကို ရေးသားရခြင်း ဖြစ်ကြောင်း၊ အကယ်၍ မိမိ တွေးထင်သည့်အတိုင်း အခြေအနေချင်း မယှဉ်နိုင်သော ကိုလှမော်၏ စကားကို လက်ခံပြီးပြီ သို့မဟုတ် လက်ခံတော့မည် ဆိုပါလျှင်လည်း မိမိက လုံးဝ အပြစ်တင်ရန် မရှိဘဲ သူ၏ ကံသာခြင်းကိုသာ ချီးကျူးရမည် ဖြစ်ပေကြောင်း၊ ကိုလှမော်သည် မသက်နှံ့ အပေါ်၌ ညစ်ပတ်သော အကြံအစည် ရှိလိမ့်မည် မဟုတ်၊ သဘောရိုးနှင့်ပင် ထိမ်းမြားလိုလိမ့်မည်ဟု မိမိ သိရှိကြောင်း၊ ကောက်ကောက်ကွေ့ကွေ့ အကြံအစည် ရှိပါက မိမိက မည်သည့်နည်းနှင့်မျှ ကြည့်နေလိမ့်မည် မဟုတ်သည်ကိုလည်း သူ သိရမည် ဖြစ်ကြောင်း၊ အခြားသော အကြောင်းများကို အပထား၍ ကိုလှမော်သည် မိမိ အပေါ်၌ အသားယူလိုသော အချက်တစ်ခုတည်းနှင့်ပင် မသက်နှံ့ကို လက်ထပ်လိမ့်မည် ဖြစ်ကြောင်း၊ ယခုအချိန်၌ မပြောရသေးလျှင် တစ်နေ့နေ့တွင် ဧကန် မုချ ပြောလိမ့်မည် ထင်ကြောင်း၊ မိမိမှာ အမှန်အားဖြင့် မျှော်လင့်ချက် မရှိသော်လည်း မပြောလိုက်မိလေခြင်း ဆို၍ နောက်နောင် အခါများ၌ နောင်တ ပူပန်ခြင်း မဖြစ်ရစေခြင်း အလို့ငှာသာလျှင် ဤစာကို ရေးသားလိုက်ရခြင်း ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြ ပါရှိလေသည်။

ထိုညဦးအဖို့၌ မသက်နှံ့နှင့် ခင်လေးဆွေတို့မှာ အိပ်ကြရတော့သည် မရှိဘဲ စဉ်းစားခန်း ဝင်ခြင်း၊ တိုင်ပင် ဆွေးနွေးခြင်းတို့ဖြင့်သာ အချိန်ကုန်ကြလေတော့သည်။

ဆွေ။ ။ 'ခက်ပလေ တူမရယ်၊ ညည်းဟာက ငါတို့ အညာမိုးလို ဖြစ်နေပြီကော။ မရွာချင်တော့လည်း တစ်စက်ကမှ မကျဘူး၊ ပူလိုက်တာ ချစ်ချစ်လန်လို့၊ ရွာမယ့် ရွာတော့လည်း တစွေတည်း စွေပြီး ဗွက်ပေါက်ကုန်ရော ဆိုတာမျိုးလို ဖြစ်နေပြီကော'





နှံ့။ ။ 'ဒေါ်ဒေါ်ကလည်း ပုံနှိုင်းပဲ နှိုင်းတတ်တယ်၊ ဟုတ်တော့လည်း ဟုတ်ပါရဲ့ ဒေါ်ဒေါ်ရယ်'

ဆွေ။ ။ 'နေစမ်းပါဦးအေ့၊ ညည်းစိတ်ကကော ဘယ်လို ရှိသလဲ'

နှံ့။ ။ 'ဒီအကြောင်းကို တစ်ခါမှ ကျွန်မ ပြောမပြဖူးသေးဘူး။ အမှန်ပြောရမှာဖြင့် ကျွန်မ စိတ်မှာတော့ ဟို ပသီပုံပြင်ထဲက မင်းသမီးလို ဖြစ်နေပြီ ဒေါ်ဒေါ်ရဲ့'

ဆွေ။ ။ 'ဘယ်လို ဖြစ်ပုံလဲအေ့၊ ညည်းမင်းသမီးအကြောင်းကို ငါ မဖတ်ဖူးပါဘူး။ ပြောပြစမ်းပါဦး၊ ဘယ်လိုတဲ့လဲ'

နှံ့။ ။ 'ပသီပုံပြင်ထဲမှာ နတ်တွေ လှည့်စားလေတော့ မင်းသမီးနဲ့ မင်းသား တစ်ညတည်း အိပ်မက်ထဲမှာလိုလို တွေ့ကြဖူးသတဲ့။ မင်းသမီးမှာလည်း သူ့ခမည်းတော်က အရွယ်ရောက်ပြီးမို့ မင်းသားတစ်ပါးနဲ့ လက်ထပ်ဖို့ စီမံရာမှာ မင်းသမီးက ခမည်းတော် ပေးစားတဲ့ မင်းသားကို မကြိုက်နိုင်ဘဲ သူ့အိပ်မက်ထဲက မင်းသားကိုချည်း စွဲလမ်းနေတယ်တဲ့ ဒေါ်ဒေါ်ရဲ့'

ဆွေ။ ။ 'ဟုတ်လှပြီကွယ်၊ ညည်းမှာလည်း ဒီလိုပဲ ဖြစ်နေတယ်လား'

နှံ့။ ။ 'ခပ်ဆင်ဆင်ပဲ ဒေါ်ဒေါ်၊ သို့သော် မင်းသမီးလိုတော့ သူ့ဆိုသူ့မှ တမ်းတမ်းစွဲတော့ မဟုတ်တတ်ပါဘူး။ အခြေအနေအရ ပုံတော်သလို ကြည့် လုပ်ကြရမှာပါပဲ။ သို့သော်လည်း အမှန်အတိုင်း အစစ်ခံရမယ် ဆိုရင်တော့ ကျွန်မဖြင့် ဘယ်ယောက်ျားကိုမှ ချစ်လှ ကြိုက်လှပါတယ်လို့ ရှိမှာ မဟုတ်ပါဘူး၊ ဖြစ်ရရင်တော့ ဖိုးခွေးရဲ့ အဖေနဲ့ ဆုံစည်းချင်တာပဲ ဒေါ်ဒေါ်'

ဆွေ။ ။ 'ဟင် ညည်းဟာက လေဖမ်းပြီး ကြိုးတန်းဆိုတဲ့ စကားလို၊ ယုန်ချို လိပ်မွေး ပုစွန်သွေးဆိုတဲ့ စကားပုံလို၊ မရှိမှန့် ဆိုတာမျိုးလို ဖြစ်နေပြီကော တူမရဲ့'

နှံ့။ ။ 'ကျွန်မက ဆန္ဒကို ပြောပြတာပါ၊ ဒီလိုမှ ဖြစ်နိုင်မယ်လို့ ဆိုလိုခြင်း မဟုတ်ပါဘူး'

ခွေ။ ။ 'နေပါဦး.... အေရဲ့၊ ဖိုးခွေးအဖေကို ထည့်ပြောနေတာက ညည်းက မျှော်လင့်ချက် ရှိနေသေးလို့လား'

နှံ။ ။ 'မျှော်လင့်ဖို့တော့ ခဲယဉ်းပါတယ် ဒေါ်ဒေါ်၊ ဘယ်သူ ဘယ်ဝါ မှန်းမှ မသိဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး မျှော်လင့်လို့ ဖြစ်ပါ့မလဲ'

ခွေ။ ။ 'နို့ ဒါဖြင့် ညည်းက ဘယ်လိုပုံမျိုး စွဲလမ်းတာလဲအေ၊ မျက်နှာ မမျှားချင်တဲ့ သဘောလား'

နှံ။ ။ 'ဒီလိုပဲ ထားလိုက်ပါတော့ ဒေါ်ဒေါ်၊ ကျွန်မဟာတောင် ကျွန်မ မပြောတတ်ပါဘူး။ တစ်နေ့နေ့တော့ တစ်နည်းနည်းနဲ့ ဆုံစည်းလိမ့်ဦးမယ်လို့ စိတ်ထဲက ထင်နေမိတာပါပဲ'

ခွေ။ ။ 'ကိုင်း ဒါဖြင့်လည်း ဒီအကြောင်း ဖျောက်လိုက်ပါတော့ တူမ ရယ်'

နှံ။ ။ 'ဟုတ်ကဲ့ ဒေါ်ဒေါ်'

ခွေ။ ။ 'ဒီနှစ်ယောက်မှာ ညည်းက ဘယ်လို သဘောရသလဲ'

နှံ။ ။ 'ကျွန်မဖြင့် မဆုံးဖြတ်တတ်အောင် ဖြစ်နေပြီ ဒေါ်ဒေါ်၊ ဖိုးခွေး အဖေက လွဲရင် ဒီနှစ်ယောက်မှာ တစ်မျိုးစီ သင့်လျော်တယ် ထင်ပါရဲ့။ ဒေါ်ဒေါ်က ဘယ်လိုလဲ၊ ပြောသာ ပြောပါ ဒေါ်ဒေါ်၊ ကျွန်မမှာ တော့ ဘယ်သူ့ပေါ်မှာမှ အစွဲအလမ်း မကြီးလှပါဘူး၊ ဒေါ်ဒေါ့် ပြောစကားကို ကြားစမ်းပါရစေဦး'

ခွေ။ ။ 'ယူရမှာက ညည်း ယူရမှာပါလားတော်'

နှံ။ ။ 'မှန်ပါတယ်လေ၊ ဒေါ်ဒေါ့် ထင်မြင်ချက်ကို ကြားချင်လို့ပေါ့'

ခွေ။ ။ 'ဒီလိုရှိတယ် တူမရဲ့၊ နှစ်ယောက်စလုံးဟာတော့ ခတ်သိ နှမ်းဖတ်ချဉ် ဆိုတဲ့ စကားလို အူဝဲ ဆိုကတည်းက သိလာကြ တာပဲ၊ လူရုပ် လူရည်မှစ၍ အစစ အရာရာမှာ တော်တော်ညီတဲ့ လူနှစ် ယောက်ပဲ၊ နွားများဖြင့် တစ်ရှဉ်းဖက်လောက်ရဲ့၊ ခက်တာကလည်း ခပ်





ဆတ်ဆတ်ကလေးတွေချည်းပဲ၊ သို့သော် စိတ်သဘောထားတွေကကော ညည်းက ဘယ်လို အကဲခတ်မိသလဲ'

နှံ။ ။ 'ကျွန်မ သိသလောက်တော့ဖြင့် လူကောင်းချည်း ထင်တာပဲ ဒေါ်ဒေါ်'

ခွေ။ ။ 'ညည်းက ဆိုတာတော့ ထားလိုက်ပါတော့၊ သူတို့နှစ်ယောက် ကကော ညည်းကို ဘယ်သူက ပိုပြီး မေတ္တာရှိပုံ ရသလဲ'

နှံ။ ။ 'ဒါလည်း မပြောနိုင်ဘူး ဒေါ်ဒေါ်၊ ခင်မင်ပုံ ရတာချည်းပဲ၊ အိမ်လာတာတော့ ကိုသာမြတ်က လာဖော်ရပေတယ်'

ခွေ။ ။ 'ဒါကတော့အေ မောင်လူမော်က ဝန်ကြီးတစ်ယောက် ပေကိုး အေ့၊ ဟန်လုပ်ထိုက်ပေတာပေါ့၊ ပြီးတော့လည်း ကိုယ့်အပါး တော်မြဲ ဆိုတော့ မလျော်သလို ဖြစ်နေတာကိုး၊ လူပြောခံရမှာလည်း စိုးရ သေးတယ်'

နှံ။ ။ 'ဟုတ်ပါရဲ့ ဒေါ်ဒေါ်'

ခွေ။ ။ 'တစ်ခုတော့ ရှိတယ်အေ၊ မောင်လူမော်ရဲ့ ကျေးဇူးတော့ ညည်း အပေါ်မှာ ရှိပေတယ်၊ သူ ခန့်လို့ ရတဲ့ အလုပ်ပေကိုး'

နှံ။ ။ 'ဒါကတော့ ဒေါ်ဒေါ်၊ သူကိုယ်တိုင်က ဒီကျေးဇူးကို ထည့်ပြီး မစဉ်းစားပါနဲ့လို့ ပြောပေတယ်၊ အိမ်ထောင်ပြုတဲ့ ကိစ္စမှာ ဒီကျေးဇူးကို ထည့်စဉ်းစားရင် မှားတတ်တယ်လို့ ပြောတယ်၊ ကျွန်မလည်း သဘောတူတယ်'

ခွေ။ ။ 'မောင်သာမြတ်ကတော့ ညည်းကို တရှာတည်း လိုက်ရှာ နေပေတယ်နော်'

နှံ။ ။ 'ဒါကလည်း ကိုသာမြတ် စာထဲမှာ ပါတဲ့အတိုင်း ကိုလူမော် မှာတော့ လိုက်ရှာဖို့ အခွင့်မကြုံဘဲ သူ့ဟာနဲ့သူ အလုပ်ရှုပ်နေ လို့ ဖြစ်နိုင်တာကိုး ဒေါ်ဒေါ်၊ သူ့မှာတော့ တောခိုနေရတာနဲ့ အချိန်ကုန်နေဆို ထင်ပါရဲ့'

ဆွေ။ ။ 'ဒါလည်း ဟုတ်ပေတာပဲ၊ သို့သော် ရာထူးကတော့ လူမော်က သာပေတယ်နော်'

နှံ။ ။ 'ဒါကတော့ သူ့အလုပ်က နိုင်ငံရေးကိုး ဒေါ်ဒေါ်ရဲ့၊ အောင်မြင်တဲ့ အလှည့်မှာ ဝန်ကြီး၊ နေရာမကျတဲ့ အလှည့်မှာ သာမန်အမတ်ပေါ့'

ဆွေ။ ။ 'အမတ်တောင်မှ ပြုတ်ချင် ပြုတ်နိုင် မဟုတ်လား'

နှံ။ ။ 'လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲ လုပ်ရတယ် ဒေါ်ဒေါ်၊ ပြုတ်ချင်လည်း ပြုတ်တတ်တာပဲ'

ဆွေ။ ။ 'စစ်ဗိုလ် ဆိုတာကတော့ အမြဲတမ်း အလုပ်ပေါ့နော်'

နှံ။ ။ 'ဟုတ်ကဲ့'

ဆွေ။ ။ 'လခချင်းကော ဘယ့်နှယ်နေသလဲ'

နှံ။ ။ 'ဟာ လခချင်းတော့ အများကြီး ကွာတာပေါ့ ဒေါ်ဒေါ်'

ဆွေ။ ။ 'စစ်ဗိုလ်အလုပ်ကလည်း သားနဲ့ မယားနဲ့ တော်ရဲ့လားအေ'

နှံ။ ။ 'ဗိုလ်ကြီးဖြစ်တဲ့ အချိန်ကျတော့ ဒီလို ယူကြတာပါပဲ'

ဆွေ။ ။ 'စစ်တိုက်ရတဲ့ အလုပ်ကတော့ ငါဖြင့် တယ်မကြိုက်ပေါင်အေ'

နှံ။ ။ 'ကြိုက်တဲ့ မိန်းမတွေလည်း အပုံကြီးပါ ဒေါ်ဒေါ်'

ဆွေ။ ။ 'ညည်းကတော့ကော ဒီအလုပ် ကြိုက်သလား'

နှံ။ ။ 'ကြိုက်လှတယ်လို့တော့ မဟုတ်ပါဘူး၊ ကိုယ့်အမျိုးသားချင်း တိုက်ရရင် မကောင်းဘူး၊ တိုင်းတစ်ပါးက ရန်သူနဲ့ တိုက်ရရင်တော့ ကိုယ့်တိုင်းပြည်အတွက် အသက်စွန့်တဲ့ လူစုဆိုပြီး ဟီးရိုးတွေပေါ့ ဒေါ်ဒေါ်'

ဆွေ။ ။ 'ဟင် ငါတို့ တူဝရီးလည်း တိုင်ပင်ကြတာ ချာလပတ် လည်နေပါပြီကော၊ ဘယ်ဆီ လက်စသတ်လို့ ဘယ်သူ့ကို သဘောကျရမယ် မပြောတတ်အောင် ဖြစ်နေပြီ'

နှံ။ ။ 'ကျွန်မတော့ အကြံတစ်ခု ရတယ် ဒေါ်ဒေါ်'





ဆွေ။ ။ 'ဆိုစမ်းပါဦးအေ'

နှံ။ ။ 'ကျွန်မ ခုနစ်နှစ် သမီးလောက်တုန်းက ရွာထဲက အဖော်မိန်းကလေး တစ်စုနဲ့ တောထဲကို နွားကျောင်းလိုက်သွားဖူးတယ်၊ တောထဲ မရောက်ဖူးလို့ အမေ့ဆီ အခွင့်တောင်းပြီး ဒီတစ်နေ့ပဲ လိုက်ခဲ့ဖူးတယ်။ တောထဲ ရောက်တော့ သစ်ပင်ကြီးအောက်မှာ မီးတွေဖို၊ ပြောင်းဖူးတွေချိုး၊ ကန်စွန်းဥတွေ တူးပြီး ဖုတ်စားပြီးတဲ့နောက် သူတို့တစ်တွေက ပြန်ခါနီးမို့ နွားတွေ သွားမောင်းနေတုန်း သစ်ပင်ကြီးအောက်မှာ ကျွန်မတစ်ယောက်တည်း နေရစ်ရတယ်။ အတော်ကလေး ကြာတော့ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးတစ်ယောက် ပေါက်လာပြီး ပြောင်းဖူး နည်းနည်းပေးပါ တောင်းလို့ ကျွန်မက အိမ်ယူဖို့ ပြောင်းဖူးထဲက နှစ်ဖူး ခွဲပေးလိုက်တယ်။ အဘိုးကြီးက ဆုတွေ ဘာတွေ တောင်းပြီး "နင့် လက္ခဏာ ပြစမ်း" တဲ့၊ ကျွန်မက လက်ဖြန့်ပြလို့ လက္ခဏာကို ကြည့်ပြီး "နင့် ဇာတာက ကြီးမှ ကောင်းစားမယ့် ဇာတာပဲ၊ ငယ်တုန်းတော့ ဒုက္ခအမျိုးမျိုး တွေ့တတ်တယ်၊ သို့သော် ငါ တစ်ခုပြောခဲ့မယ်၊ မှတ်ထားနော်" တဲ့။ ကောင်းပါပြီ အဘိုးရယ်လို့ ကျွန်မက ပြောတော့ အဘိုးကြီးက "နင့်အသက် ၂၇ နှစ် မပြည့်မချင်း လင် မယူနဲ့နော်၊ ဒီအတောအတွင်းမှာ လင်ကောင်းလည်း မရဘူး၊ မြဲလည်း မမြဲဘူး" တဲ့၊ ပြောသွားတယ်။ ဒီဟာကို ကျွန်မ သတိမရတစ်ချက် ရတစ်ချက်နဲ့၊ အခုမှပဲ ဘွားခနဲ ပေါ်လာတယ် ဒေါ်ဒေါ်'

ဆွေ။ ။ 'ညည်းအသက် အခု ဘယ်လောက်ပါလိမ့်'

နှံ။ ။ '၂၆ နှစ်နဲ့ ၃ လရှိပြီ ဒေါ်ဒေါ်'

ဆွေ။ ။ 'ဒါဖြင့် ၉ လ လိုသေးတာပေါ့'

နှံ။ ။ 'ဟုတ်ကဲ့'

ဆွေ။ ။ 'လက္ခဏာတို့၊ ဗေဒင်တို့ ဆိုတာတွေဟာ မှန်ချင်လည်း မှန်တတ်တာပဲ အေရဲ့'

နှံ။ ။ 'ဒါဖြင့် ဒီလိုလုပ်ကြစို့ ဒေါ်ဒေါ်'

ဆွေ။ ။ 'ဆိုစမ်းပါဦး'

နံ့။ ။ 'အချိန်ကလည်း ကိုးလ လိုတော့တာပဲ။ ဒီတော့ စဉ်းစားပါရစေဦးလို့ စာပြန်လိုက်ရင် မကောင်းပေဘူးလား'

ဆွေ။ ။ 'ဘယ်သူ့ဆီကိုလဲ'

နံ့။ ။ 'နှစ်ယောက်လုံးဆီကိုပေါ့'

ဆွေ။ ။ 'သမီးကညာ အခါမလင့်စေနှင့် ဆိုတဲ့ စကားတော့ ရှိတာပဲ အေရယ်'

နံ့။ ။ 'ပြီးတော့ တစ်ချက်ကလည်း စဉ်းစားစရာ ရှိသေးတယ် ဒေါ်ဒေါ်'

ဆွေ။ ။ 'ဘာလဲအေ'

နံ့။ ။ 'ဖိုးခွေးကိစ္စကကော ဒေါ်ဒေါ်ရဲ့'

ဆွေ။ ။ 'တတ်နိုင်ပါဘူးအေ၊ ဒါကတော့ ငါ့သား လုပ်လိုက်တာပေါ့'

နံ့။ ။ 'ဒီလောက် လွယ်ပါ့မလား ဒေါ်ဒေါ်၊ မပေါ်မှာလည်း မဟုတ်ဘူး။ တစ်နေ့နေ့တော့ ပေါ်မှာပဲ၊ ပေါ်လာတဲ့ အခါကျတော့ ယောကျ်ားဆိုတာ ခက်တယ် ဒေါ်ဒေါ်ရဲ့၊ သူ့လိမ်ရမလား ဆိုပြီး ဇွေန္တဒေါဖောင်းပြီးသားပဲ'

ဆွေ။ ။ 'နို့ .... ဖွင့်ပြောပြရင်ကော အေ'

နံ့။ ။ 'ပြောပြပြန်တော့လည်း ယုံချင်မှ ယုံမယ်။ တကယ်လို့ ယုံစေဦးတော့၊ ရှက်လှတယ်ဆိုပြီး နောက်ဆုတ်သွားရင် ကျွန်မမှာ ကိုယ့်အရှက်ကိုယ် အလကား ဖော်ထုတ်ပြောရာ ရောက်မနေပေဘူးလား ဒေါ်ဒေါ်'

ဆွေ။ ။ 'ဟုတ်ပါရဲ့အေ၊ ဒါကလည်း တစ်ခက်ပဲကိုး'

နံ့။ ။ 'ဒီတော့ကာ လက္ခဏာဖတ်တဲ့ အဘိုးကြီး စကားအတိုင်း စောင့်ကြည့်ရာလည်း ရောက်အောင် စဉ်းစားပါရစေဦးလို့ သူတို့ နှစ်ယောက်လုံးထံ စာပြန်လိုက်ရင် မကောင်းဘူးလား'





ဆွေ။ ။ 'အေးလေ၊ ဒီလိုပဲ လုပ်ကြပါစို့'

သို့ဖြစ်၍ မသက်နံ့သည် လှမော်နှင့် သာမြတ်တို့ထံသို့ စာတစ်စောင်စီ ရေးသား ပြန်ကြားလိုက်ရာ ၎င်းစာ နှစ်စောင်မှာ အမည်မျှသာ ကွဲလွဲကြ၍ အဓိပ္ပာယ်မှာ ခပ်ဆင်ဆင် တူပေတော့သည်။ ၎င်းစာများတွင် မိမိ အပေါ်၌ ဤကဲ့သို့ နှစ်ပရိစ္ဆေဒ ကြာရှည်စွာ စွဲမြဲသောမေတ္တာ ထားရှိခြင်းအားဖြင့် မေတ္တာ အစစ်အမှန် ဖြစ်သည်ဟု ယုံကြည် စိတ်ချနိုင်သည့်အတွက် ဝမ်းလည်း မြောက်၍ ဂုဏ်ရောက်ဖွယ် ဖြစ်ပါသော်လည်း ယခု လောလောဆယ် အိမ်ထောင်ပြုရန် မသင့်လျော်သေးဟူ၍ ဗေဒင် တွက်ဆိုချက် ပါရှိသောကြောင့် အလွန် ဝမ်းနည်းစွာဖြင့် ငြင်းပယ်လိုက်ရကြောင်း၊ အရှေ့တိုင်းသားများ၏ ထုံးစံအားဖြင့် ငယ်ရွယ်သူများ မဟုတ်ကြသော်လည်း အိမ်ထောင်ပြုခြင်းကိစ္စတွင် အရှေ့တိုင်းသားများသည် အလျင်လိုလွန်းကြသည်ဟု သဘောရရှိကြောင်း၊ အနောက်တိုင်းသားများ အဖို့မှာ အသက် ၃၀ ဟူသော အရွယ်သည် ယောကျ်ားများအဖို့ "ဟိုင်း" ပြီဟု မဆိုကြပေရာ ၎င်းတို့က မှန်ကန်သည်ဟု မိမိ ထင်မိကြောင်း၊ သို့သော် ဤသို့ ရေးသားခြင်းအားဖြင့် မိမိ အပေါ်၌ ပဋိညာဉ် ကတိပေးထားသည်ဟု မယူဆဘဲ ယောကျ်ား ဖြစ်သည့်အလျောက် မိမိ အလိုရှိသော အချိန်တွင် သဘောအတိုင်း ပြုခွင့် ရှိသည်ဟူ၍ နားလည်ပါကြောင်း ဟူသော အဓိပ္ပာယ်မျိုး ဖော်ပြ ပါရှိလေသည်။

## အခန်း ၂၂

လှမော်သည် မသက်နံ့၏ ပြန်စာကို ရရှိသောအခါ နေရာတကာတွင် အောင်မြင်ခိုက် ဖြစ်၍ မိမိကိုယ်ကို အထင်ကြီးတတ်သော လူတို့၏ ထုံးစံအတိုင်း မိမိ၏မာနကို ထိခိုက်သည့်အလျောက် စိတ်ထဲ၌ အတော်ပင် မခံချင်ဘဲ ရှိသော်လည်း မသက်နံ့၏ မာနကိုလည်း ရိပ်မိသည်ဖြစ်၍ ရုံး၌ အလုပ်ဝတ္တရားအလျောက် မျက်နှာချင်းဆိုင်ကြရသော အခါများတွင် မခံချင်သော

အမူအရာမျိုး၊ ရက်သော အမူအရာမျိုး၊ မကျေနပ်သော အမူအရာမျိုး အလျှင်း မဖော်ပြဘဲ ရှေးနည်းအတိုင်း တည်တည်တံ့တံ့ ခံ့ခံ့ညားညားနှင့် ယဉ်ကျေးသိမ်မွေ့သော အမူအရာမျိုးသာလျှင် ထင်ရှားစေ၏။ စင်စစ်မှာ မသက်နှံ၏ စာ၌ ယတိပြတ် တစ်ခါတည်း ငြင်းပယ်သော အဓိပ္ပာယ်မျိုး ပါရှိသည်ဟု မယူဆသောကြောင့် မျှော်လင့်ဖွယ်ရှိသေးသည်ဟု ထင်မြင်သည့်ပြင် မိမိကလည်း တစ်ခါတည်း လက်လျှော့သည် မဟုတ်ဘဲ တစ်နေ့နေ့တွင် အောင်မြင်ရမည်ဟု ယုံကြည်လျက်ပင် ရှိသဖြင့် မသက်နှံ၏ စိတ်ကို ထိခိုက်စေမည့် အပြုအမူမျိုးကိုမှ ကြိုးစား၍ ရှောင်ရှားလေသည်။ အကယ်၍ လူမော်က မိမိကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး၏ မေတ္တာကို ငြင်းပယ်ရချေသလော ဆို၍ ငါတကောကောသော အမူအရာမျိုး ဖော်ပြသည်နှင့် တစ်ပြိုင်နက် မသက်နှံသည် အလုပ်လက်မဲ့ဖြစ်၍ ငတ်သေလျှင်လည်း သေရစေ၊ ၎င်းအလုပ်မှ နုတ်ထွက်သွားမည် ဖြစ်လေသည်။ လူမော်ကလည်း ဤအကြောင်းကို သိပြီးဖြစ်၏။ ထို့ကြောင့် လူမော်သည် မသက်နှံကို ခေါ်၍ အလုပ် ဝတ္တရား အလျောက် ခိုင်းစေသော အခါများတွင် ရူအောင့်ခြင်း၊ ဆောင့်အောင့်ခြင်းစသော မျက်နှာထားမျိုး အရိပ်အမြွက်မျှ မဖော်ပြဘဲ တတ်နိုင်ခဲ့လျှင် ယခင်ကထက် လေးစားသော အမူအရာမျိုးပင် ထင်ရှားစေ၏။ မသက်နှံသည်လည်း လူမော်၏ အမူအရာကို အကဲခတ်လျက် ရှိရာ ထိုအခြင်းအရာများကို တွေ့မြင်ရသဖြင့် လူမော်အပေါ်၌ တစ်တန်းတက်၍ အထင်ကြီးသွားပြန်လေသည်။

သာမြတ်ကမူ မသက်နှံ၏ ပြန်စာကို ရပြီးသည့်နောက် ရက်သတ္တပတ်ခန့်မျှ အိမ်သို့ မပေါ်လာဘဲ နေ၏။ သို့သော် တစ်ညနေတွင် မသက်နှံ ရုံးဆင်းလာသည်နှင့် လမ်းထောင့်၌ ဆုံမိကြ၍ နှုတ်ဆက်ပြီးနောက် သာမြတ်က လိုက်ပို့ပါရစေ ဆို၍ ဂျစ်ကားနှင့် လိုက်ပို့ရသည့်နောက်၌မူ မသက်နှံ၏ အိမ်သို့ ရှေးနည်းအတိုင်း ဝင်ထွက် ပြန်လေတော့သည်။ စင်စစ်မှာ သာမြတ်သည် ထိုစာကို ရပြီးသည့်နောက် မသက်နှံကို တွေ့ရမည်





မှာ မျက်နှာပူသလို ရှိသည်နှင့် တိမ်းရှောင်နေခဲ့ခြင်းဖြစ်ရာ ကြာရှည်စွာ တိမ်းရှောင်ရန် မဖြစ်သည့်အတွက် မသက်နှံ ရုံးဆင်းချိန်တွင် ထိုလမ်းသို့ ဂျစ်ကားနှင့် တမင် မောင်းထွက်လာခြင်း ဖြစ်လေသည်။

ဤသို့ ရှိနေခိုက်အတွင်း ရွာ၌ရှိကြသော မိဘနှစ်စုံတို့သည် သားရေးသမီးရေးအတွက် စီမံကိန်းများ ရေးဆွဲလျက် ရှိကြလေပြီ။ ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း လူမော်၏ မိဘနှင့် သာမြတ်၏ မိဘတို့သည် ၎င်းရွာ၌ (၁) နံပါတ်များ ဖြစ်၍ ဂုဏ်တုဂုဏ်ပြိုင် ဖြစ်ကြသော်လည်း မိဘ အသီးသီး၌ လျှို့ဝှက်စွာ ရည်မှန်းထားကြသည့် ရည်ရွယ်ချက် တစ်ခုစီ ရှိကြလေသည်။ ထိုရည်ရွယ်ချက်မှာကား အခြား မဟုတ်။ မိမိတို့၌ ရှိသော တစ်ဦးတည်းသော သားနှင့် တစ်ဦးတည်းသော သမီးကို လူရတတ် သားသမီး အချင်းချင်း "မောင်လည်း နှမလည်း" ပေးစားကြရန်ပင် ဖြစ်လေသည်။ ဆိုလိုရင်းမှာ လူမော် မောင်နှမကို သာမြတ် မောင်နှမနှင့် ပေးစား၍ ၎င်းရွာတွင် ပြိုင်ယှဉ်သူမပေါ်ပေါက်သည့် ဆွေဆက် မျိုးဆက်ကြီးတစ်ခု တည်ထောင်ရန် ဖြစ်လေသည်။ ၎င်း အကြံအစည်မှာ တစ်ရွာလုံး၊ တစ်နယ်လုံးက သိကြ၍ ကောင်းလှပေသည်ဟု လူတိုင်း ချီးကျူးခဲ့ကြသော်လည်း လူမော်နှင့် သာမြတ်တို့ကြောင့် အထမမြောက်ဘဲ ဖြစ်လာခဲ့လေသည်။ ထိုလူငယ်နှစ်ယောက်လုံးသည် မသက်နှံမှ လွဲ၍ မချစ်ကြိုက်နိုင်သကဲ့သို့ ဖြစ်ခဲ့ရကား လူမော်က သာမြတ်၏ နှမ "ငွေညို" ကို သဘောမကျနိုင်သလောက်ပင် သာမြတ်ကလည်း လူမော်၏ နှမ "ရွှေရီ" ကို လက်မခံနိုင်ဘဲ ရှိခဲ့ကြလေသည်။ မိဘနှစ်စုံတို့သည် အခွင့်အရေး ရရှိသည့်အခါတိုင်း မိမိတို့၏ သားများကို နားချခဲ့ကြသော်လည်း လူငယ်နှစ်ဦးလုံးတို့သည် မိဘများ၏ သင့်လျော်သော စိတ်ကူးကို ဝန်ခံကြရစေကာမူ သဘောမတူနိုင်ဘဲ ရှိခဲ့ကြ၏။ သမီးများ အဖို့မှာမူကား သာမြတ်နှင့် လူမော်တို့ကို သဘောမကျစရာ အကြောင်းအချက်လည်း မရှိ၊ ၎င်းနယ်တစ်ဝိုက်တွင် လူမော်နှင့် သာမြတ်တို့ထက် သာလွန်သော ယောကျာ်းဟူ၍လည်း မရှိသည့်ပြင် ကျေးလက် တောရွာများ၌ ရှိသော လူရတတ်

သမီးများ၏ ထုံးစံမှာလည်း မိဘများ စေ့စပ် ပေးစားသည့်အတိုင်း လိုက်နာလက်ခံကြရသော အစဉ်အလာလည်း ရှိပေသည်။ သို့ဖြစ်၍ လူကြီးမိဘများက လူမော်နှင့် သာမြတ်တို့ကို နားချနေကြသည့် အတောအတွင်း၌ မိန်းကလေးများသည် (စင်စစ်အားဖြင့် လူမော်နှင့် သာမြတ်တို့ကို တုပြိုင်နိုင်သော ယောကျ်ားကလေးများလည်း မရှိသည့်အတွက်) မိဘများ၏ အဆုံးအဖြတ်ကို စိတ်ရှည်စွာနှင့် စောင့်မျှော် နေရှာကြသည့် လက္ခဏာရှိ၏။ အထက် တောရွာများ၌ ထုံးစံသည် ထုံးစံဖြစ်၍ လူများကို ဘာနှင့်မျှ မတူအောင် ကျပ်တည်းစွာ နှောင်ဖွဲ့နိုင်သော သတ္တိရှိ၏။ အကယ်၍ မိန်းကလေးများက မိဘများ စိတ်ရှည်ကြသလို စိတ်မရှည်ဘဲ အခြား လူငယ်တစ်ယောက်ယောက်နှင့် ထွက်ပြေးမိသည် ဆိုအံ့၊ တံတွေးခွက်တွင် တစ်သက်ပတ်လုံး ပက်လက် မျောရတော့မည်ကဲ့သို့ မှတ်ယူကြလေသည်။ မိန်းကလေးများကို ကူညီ နှောင်ဖွဲ့ ပေးသကဲ့သို့ ဖြစ်နေသော အချက်တစ်ခုမှာလည်း သာမြတ်နှင့် လူမော်တို့သည် ယခုတိုင် လူပျိုကြီး အဖြစ်နှင့် ရှိနေကြခြင်းပင် ဖြစ်လေသည်။ အကယ်၍ တစ်ဦးဦးက အိမ်ထောင်ကျခဲ့ပါမူကား ၎င်းအတွက် ရည်မှန်းထားသော မိန်းကလေးမှာ လွတ်လပ်ခြင်း ရသကဲ့သို့ ဖြစ်နိုင်ပေသေးသည်။

ထိုအတောအတွင်း၌ မိဘနှစ်စုံတို့၏ လယ်မြေဧက ပေါများခြင်းနှင့် မြှုပ်နှံထားသော ငွေသားအိုးများ ရှိခြင်းကို သတင်းရသည်ဖြစ်၍ မုဆိုးဖိုမြို့အုပ်၊ မြေတိုင်းစာရေး၊ အရေးပိုင် ရုံးစာရေးကလေး အစရှိသည့် "သိုက်" သမားများ ပေါ်ပေါက်ကြပါ၏။ သို့ရာတွင် မျှော်လင့်ချက်ကြီး တန်းလန်းရှိနေကြသော မိဘနှစ်စုံတို့သည် ၎င်းသိုက်သမားတို့ကို လူမော်၊ သာမြတ်တို့နှင့် နှိုင်းယှဉ်ကြည့်လိုက်သည့်အခါ အတော်ကွာခြားနေခြင်းကို သိမြင်ကြသည် ဖြစ်၍ သိုက်သမားများမှာ "ခြေမန်းကွင်း" ရှာကြံကြရသည်နှင့်ပင် အချိန်ကုန်၍ မအောင်မြင်ဘဲ လက်လျှော့သွားကြရလေတော့သည်။ နောက်ဆုံး၌ မရွှေရီနှင့် မငွေညီတို့သည် မိမိတို့ အချင်းချင်း "ကံတူ အကျိုးပေး" ဖြစ်နေကြတော့သည်ဟု အောက်မေ့သည့် လက္ခဏာနှင့် ရှေးကကဲ့သို့





တစ်ယောက်နှင့် တစ်ယောက် ဂုဏ်တုဂုဏ်ပြိုင် သဘော မထားကြတော့ဘဲ အလွန် ချစ်ခင်ရင်းနှီးကြ၍ သွားအတူ လာအတူ၊ အဝတ်ဆင်တူ၊ စတိုင်ဆင်တူ ဖြစ်နေကြပြီးလျှင် မောင်ကြီးများက နှမများထံသို့ အသီးသီး ပို့လိုက်ကြသော ပေါင်ဒါ၊ ရေမွှေး၊ ဖဲကြိုး အစရှိသည့် အပျိုကလေး အသုံးအဆောင်များကို တစ်ယောက်နှင့် တစ်ယောက် ခွဲဝေ သုံးစွဲကြလေသည်။ တစ်ယောက်ထက် တစ်ယောက်က ပို၍လှချင်သော စိတ်မျိုးပင် မရှိကြတော့ချေ။

ယခုတလောတွင်မူကား မိဘ နှစ်စုံတို့သည် အချင်းချင်း တိုင်ပင်ကြ၍ မိမိတို့၏ သားများထံ စာတစ်စောင်စီ အသီးသီး ရေးထည့်လိုက်ကြ၏။ ၎င်းစာများတွင် မိဘများလည်း အသက် ကြီးရင့်ကုန်ကြပြီ ဖြစ်သည့်အလျောက် မိမိတို့ မသေမီအတွင်း သားသမီးများကို နေရာချထားခဲ့လိုကြောင်း၊ သားများအတွက် မိမိတို့မှာ စိုးရိမ်ဖွယ် မရှိထားဘိဦး၊ သမီးအတွက်အရေးကြီးသောကြောင့် သားသမီး နှစ်စုံတို့ကို ငယ်ကတည်းက မိဘများက မျှော်မှန်းလာခဲ့ကြသည်အတိုင်း ထ မြောက် အောင်မြင်ပါက ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိကြလိမ့်မည် ဖြစ်ကြောင်းများနှင့် ဖော်ပြပါရှိလေသည်။

သာမြတ်သည် မိဘများထံမှ စာကို ရရှိသောအခါ၊ လူမော်မှာလည်း ၎င်း၏ မိဘများထံမှ အလားတူ စာတစ်စောင် ရရှိသည် ဟူ၍ ရိပ်မိ၏။ ထိုနည်းအတူ လူမော်ကလည်း စာရရှိသောအခါ၌ ရိပ်မိလေသည်။ သို့သော် သူငယ်ချင်း အချင်းချင်း ဖွင့်ဟ တိုင်ပင်၍ မကောင်းသောကိစ္စ ဖြစ်သည့်အတွက် အသီးသီး မြုံ၍ နေကြလေသည်။

လူမော်နှင့် သာမြတ်တို့သည် မိဘ အသီးသီးထံမှ ရရှိသော စာကို ကိုင်လျက် စဉ်းစားကြသော အခါတွင် မိမိအဖို့ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ သို့သော် သူငယ်ချင်းကား အဘယ်သို့ ရှိချေမည်နည်းဟု အသီးသီး စဉ်းစားမိသေး၏။ ယခုအချိန်တွင်လည်း မသက်နှံကို ပြိုင်တူ ပိုးပန်းလျက်ပင် ရှိသည်ဟု ရိပ်မိကြသော လူမော်နှင့် သာမြတ်တို့မှာ မိမိအဖို့ မဖြစ်နိုင်လျှင် သူငယ်ချင်း အဖို့လည်း ဖြစ်နိုင်လိမ့်မည် မဟုတ်ဟူ၍ စဉ်းစားမိ၏။

သို့ဖြစ်သောကြောင့် မိဘများ၏ အမြင်အားဖြင့် အလွန်တရာ လျော်ကန်သင့်မြတ်လှသော ၎င်းအကြံအစည်သည် ထမြောက် အောင်မြင်ဖွယ်ရာလမ်း မရှိတော့ပြီဆို၍ မိဘများအတွက် အသီးသီး ဝမ်းနည်းမိကြတော့သည်။

**အခန်း ၂၃**

တစ်နေ့သ၌ လူမော်သည် မိဘများထံမှ ရရှိသောစာကို တတိယအကြိမ်မြောက် ဖတ်၍ မိမိ၏နေအိမ် ဆင်ဝင်ဆောင်ရှိ ဆိုဖာပေါ်တွင် ထိုင်လျက် စိတ်ကူးနေစဉ် အစေခံ တစ်ယောက်သည် စာတိုကလေး တစ်စောင်နှင့် ဝင်လာ၍ လူမော်၏ လက်သို့ ပေး၏။ ၎င်း စာတွင်–

ကျွန်တော်တို့ ပခုံးပေါ်မှ ဝန်ကြီးရာထူးသို့ တက်လှမ်းသောသူသည် ပခုံးပွန်းခံရသော တပည့်များကို ပစ်ထားလိမ့်မည် မထင်ပါ။

*ပခုံးပွန်းရသူ နှစ်ယောက်*

ဟူ၍ ရေးသားပါရှိလေသည်။

'တယ်လာတဲ့ လူစုပါလား၊ ဘယ်မှာလဲဟေ့.... သူတို့'

'အစေခံ တန်းလျားထဲမှာပါ'

'လူပုံပန်း ပြောစမ်း'

'တစ်ယောက်က မည်းမည်းမြင့်မြင့်၊ ပါးမှာ အမာရွတ်ကြီးနဲ့ပါ'

'သာလူ .... မှတ်တယ်၊ တစ်ယောက်ကကော'

'အသားလတ်လတ်၊ အရပ် ပုပု၊ သွားခေါခေါ၊ မျက်စိ စွေပါတယ်'

'တန်တော့ .... သာလူနဲ့ မြတ်ကျော်တို့ပဲ၊ ခေါ်ခဲ့စမ်းဟေ့'

အစေခံ ထွက်သွား၍ မကြာမီ လူနှစ်ယောက်ကို သွင်းလာခဲ့သည်။ လူမော်သည် လူနှစ်ယောက်ကို လှမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိ တွေးထင်သည့်အတိုင်း ဖြစ်နေကြောင်း တွေ့ရ၍ အစေခံအား ကော်ဖီနှင့် မုန့်များ ယူခဲ့ရန် အမိန့်ပေးလိုက်၏။

'ထိုင်ကြလေကွယ်၊ ဖိုးသာလူတို့ တွေ့ရတာ ဝမ်းသာသကွယ်၊ မင်းတို့နှယ်ကွယ် ငါ့ဆီများ ပခုံးပွန်းသူတွေ ဘာတွေ လုပ်နေရသေးသကိုးကွယ့်၊ တွေ့ချင်တယ်ဆို ဘယ်အချိန်မဆို လာတွေ့နိုင်တာပဲကွယ်'

လူနှစ်ယောက်တို့မှာ စုတ်ချာသော အဝတ်များ ဝတ်ဆင်ထားသော်လည်း ဆိုဖာပေါ်တွင် စွင့်လှအောင် ထိုင်၍ ငွေသေတ္တာထဲမှ ဆေးပြင်းလိပ်များကို တစ်လိပ်စီ နှိုက်ယူကာ ရှူဖွာလျက် ရှိကြ၏။ သာလူနှင့် မြတ်ကျော်တို့သည် ရဲဘော်ဟောင်းများ ဖြစ်ကြ၍ လူမော် လက်အောက်၌ တောခိုခဲ့ကြဖူးသည့်ပြင် ရွေးကောက်ပွဲတွင်လည်း လူမော်အတွက် မဲဆန္ဒ အများဆုံးရအောင် တရားသောနည်း၊ မတရားသောနည်းများဖြင့် ကူညီ ဆောင်ရွက်ခဲ့သူများ ဖြစ်ကြလေသည်။ ကော်ဖီနှင့် မုန့်များ ရောက်လာ၍ လူနှစ်ယောက်တို့သည် မွတ်သိပ်သော လက္ခဏာနှင့် ပါးဖြံနားဖြံ စားသောက်လျက် ရှိစဉ် လူမော်သည် ဆေးတံကိုဖွာရင်း လူနှစ်ယောက်ကို အကဲခတ်နေရာမှ ရုတ်တရက် အကြံတစ်ခု ရလာသည့် လက္ခဏာနှင့် မျက်နှာထား ရွှင်လာတော့သည်။ စားသောက်ပြီးကြ၍ တစ်ဝက်မျှ မကျွမ်းလောင်သေးသော ဆေးပြင်းလိပ်များကို ပြန်မညှိဘဲ ငါးသုံးလုံး စီးကရက်ဘူးမှ စီးကရက်များကို လှမ်းယူညှိသောက်ကြပြီးနောက် ခေါင်းဆောင်နှင့်တူသော သာလူက–

လူ။ ။ 'ဒီမုန့်မျိုးနဲ့ ဒီစီးကရက်မျိုး မတွေ့ရတာ ရက်ပေါင်း မရေမတွက်နိုင်ပါဘူး ဆရာ'

မော်။ ။ 'ဒါပေါ့ကွယ်၊ ရဲဘော်ဆိုတာ နဲ့သမားပါး ပြောသမျှလို ပိန်ချည် ဖောင်းချည်ပေါ့လေကွယ်'

လူ။ ။ 'ပိန်ချည် ဖောင်းချည် ဆိုတဲ့ စကားထက် ပိန်တဲ့လူ ပိန်၊ ဖောင်းတဲ့လူ ဖောင်းဆိုရင် သာပြီး မှန်မယ် ထင်တယ်ဆရာ'





ရာပြည့်စာအုပ်တိုက်

မော်။ ။ 'ဖောင်းတဲ့လူလည်း တစ်သမတ်တည်း ဖောင်းနိုင်ရိုးလား ကွယ်၊ ပိန်တဲ့ အလှည့်လည်း ကြုံချင် ကြုံရဦးမှာပေါ့ကွယ်'

လူ။ ။ 'ခေါင်းဆောင်တွေကတော့ ဖောင်းတာ များပါတယ် ဆရာ၊ ငယ်သားတွေမှာသာ ပိန်တာနဲ့ ကပ်တာနဲ့၊ ပြတ်တာနဲ့ ငတ်တာနဲ့ တစ်လှည့်စီ ပြောင်းခံရပုံ ပေါ်တယ်'

မော်။ ။ 'ဒါကတော့ ငါ့လူ၊ ထိုင်စားနေချင်လို့တော့ ဘယ်ဖြစ်မတုံး၊ ခေါင်းဆောင်ဆိုတဲ့ လူလည်း အလုပ်လုပ်မှ ဖောင်းနိုင်မှာကိုး ကွယ့်'

လူ။ ။ 'အလုပ် လုပ်ချင်ပေမဲ့ အလုပ် ရှိဦးမှကိုး ဆရာ'

မော်။ ။ 'အလုပ်လိုချင် တောင်းမှပေါ့ကွယ့်၊ ဘယ်သူက လာပြီး ဆွဲခန့် ပေးနိုင်မှာတုံး ငါ့လူရဲ့'

လူ။ ။ 'ဆရာ ပြောတာလည်း မှန်ပေတယ်၊ ကိုင်း....ဒါဖြင့် ကျွန်တော် တို့ကို အလုပ်ကလေး ကြည့်ပေးပါဦး ဆရာ'

မော်။ ။ 'အမြဲတမ်း အလုပ်ကတော့ ဖြည်းဖြည်းကြည့်ပေးရမပေါ့ကွယ်၊ လောလောဆယ် သုံးဖို့ စွဲဖို့ ရအောင်တော့ ငါ စီမံပေးရမှာပေါ့'

လူ။ ။ 'ကျေးဇူးပါပဲ ဆရာ'

ဤတွင် လူမော်သည် သာလူနှင့် မြတ်ကျော်တို့အား အလုပ် တစ်ခုစီ ပေးပြီးလျှင် ငွေစက္ကူ တစ်ရာတန် တစ်ချပ်စီ ပေးလိုက်ရာ လူနှစ်ယောက် ကလည်း 'စိတ်ချပါ ဆရာ၊ ဖြစ်ပါစေ့မယ်' ဆို၍ အိမ်ပေါ်မှ ဆင်းသွားကြလေ၏။

*

မသက်နုံသည် စနေနေ့ဖြစ်၍ နေ့တစ်ဝက် ရုံးပိတ်သည်နှင့် ရိုး ကုမ္ပဏီသို့ ဝင်၍ ပစ္စည်းကလေး အနည်းငယ် ဝယ်ရန် အစီအစဉ် ရှိသည့်အလျောက် လက်နှိပ်စက်ကို ပိတ်ပြီးလျှင် လွယ်အိတ်ကလေး လွယ်လျက် ရုံးလှေကားမှ ဆင်းမည်ပြုစဉ် အသက် ၃၀ ခန့်ရှိ မိန်းမတစ်ယောက်သည် မျက်နှာထား





ပြုံးပြုံးနှင့် မသက်နုံထံသို့ ကတိုက်ကရိုက် ချဉ်းကပ်လာ၏။ မသက်နုံက ထိုမိန်းမကို မြင်ဖူးသည် မထင်သောကြောင့် မိမိအား ပြုံးခြင်း မဟုတ်၊ အခြား တစ်ယောက်ယောက်အား ပြုံးခြင်းဖြစ်လိမ့်မည် ထင်၍ မိမိ နောက်သို့ ပင် လှည့်ကြည့်သေး၏။ သို့ရာတွင် မည်သူမျှ မရှိ၊ လှေကား အနီး၌ မိမိ တစ်ယောက်တည်း ရှိနေခြင်းကို တွေ့ရသောအခါမှ ထိုမိန်းမသို့ လှည့်၍ ရောယောင်ကာ ပြုံးလိုက်ရတော့သည်။ ထိုမိန်းမက–

'ရှင်က ကျွန်မကို သတိမထားမိပေမဲ့ ကျွန်မက ရှင့်ကို သိပါတယ်၊ ရှင်တို့ တောင်ဘက်က နှစ်အိမ်ခြားမှာ ရှိတဲ့ ဆေးလိပ်ရုံကလေ'

'ဪ ဟုတ်လား.... စိတ်မရှိပါနဲ့ရှင်၊ ဆေးလိပ်ရုံ ဆိုတော့ မိန်းမ တွေ များလို့မို့၊ ကျွန်မက သတိမထားမိခြင်း ဖြစ်ပါလိမ့်မယ်'

'ဟုတ်ပေမှာပေါ့ရှင်၊ ကျွန်မကို အရပ်လူကြီးက လွှတ်လိုက်လို့ လာခဲ့ရပါတယ်'

'အရပ်လူကြီးက ဘာကိစ္စ ရှိလို့ပါလိမ့်'

'တခြား မဟုတ်ပါဘူး၊ ရှင့်အဒေါ် ခင်လေးဆွေဆိုလား၊ အဲဒီ အဒေါ် ကြီးဟာ မနက်ကတည်းက မူးနေလို့ တစ်ရပ်လုံး ဝိုင်းကြည့်နေရပြီး အရပ် လူကြီးက ရှင့်ကို ခေါ်ပေးပါဆိုပြီး ကျွန်မကို လွှတ်လိုက်လို့ပါ'

'အို ဖြစ်ရလေရှင်၊ လာပါ လာပါ.... ဒါဖြင့် မြန်မြန်'

လှေကားမှ ဆင်းပြေးလာကြ၏။

'ရှင် ဘာနဲ့ လာခဲ့သလဲ'

'ကျွန်မတို့ ဆရာကတော်ရဲ့ ကားနဲ့ လာခဲ့ပါတယ်၊ ဆရာကတော် ကလည်း အဒေါ်ကြီးအတွက် သိပ်စိုးရိမ်ပြီး ဘတ်စ်ကားနဲ့ သွားရင် သိပ်ကြာ နေလိမ့်မယ်ဆိုပြီး သူ့ကား ပေးလိုက်ရှာတယ်'

'အရပ်က ဒီလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်'

မသက်နုံနှင့် မိန်းမသည် ရုံးလှေကားအောက်သို့ ရောက်သောအခါ

ဆလွန်းကား တစ်စီးသည် လမ်းဘေးသို့ ထိုးရပ်ပေးလိုက်၏။ ကားကြီးပေါ်၌ကား ဒရိုင်ဘာနှင့်အတူ ထိုင်လျက် လူတစ်ယောက် ပါလာလေသည်။

မသက်နှံနှင့် မိန်းမတို့သည် ကားနောက်ပိုင်းသို့ တက်ထိုင်ကြပြီးနောက် ကားထွက်လာကြသောအခါ မိန်းမသည် နှုတ်လျှာ သွက်လက်သူ တစ်ယောက် ဖြစ်သည့်အတိုင်း ခင်လေးဆွေအား လက်နှိပ်ဆရာရော၊ ဆရာဝန်ပါ ပင့်ခေါ်ပေးကြရပုံ အကြောင်းအရာများကို ရေပက် မဝင်အောင် ပြောပြလေရာ မသက်နှံမှာ မိမိက မမေးရဘဲလျက်နှင့် စုံလင်စွာ ပြောပြပေသည်ဆို၍ ကျေးဇူးတင်စွာနှင့် နားထောင်လိုက်ပါလာလေတော့သည်။

ကန်တော်ကြီးအနီးမှ ဖြတ်၍ တက်ပြီးနောက် လမ်းကြားတစ်ခုသို့ ချိုးဝင်သွားသောအခါ မသက်နှံသည် မိမိတို့ နေအိမ်သို့ သွားသောလမ်း ဟုတ်ပါလေ၏လောဟု ယုံမှားခြင်း ဖြစ်မိသည်နှင့်–

'ဘယ့်နှယ်လဲ အစ်မကြီး၊ ဒီလမ်း ဟုတ်ကဲ့လား'

'အတူတူပါပဲ၊ ဒီလမ်းကလည်း ရောက်ပါတယ်'

မသက်နှံမှာ ရန်ကုန်လမ်းများအကြောင်းကို ကောင်းစွာ မကျေပွန်သည်နှင့် ဟုတ်ပါလိမ့်မည် ထင်၍ အမှတ်မဲ့ နေလိုက်မိ၏။

'တစ်ချက် တစ်ချက် သတိရလာတိုင်း မသက်နှံ ခေါ်ပေးပါ၊ မသက်နှံ တစ်ယောက်ကောနဲ့ ခဏ ခဏ မေးလွန်းလို့ အရပ်လူကြီးက ကျွန်မကို လွှတ်လိုက်ရတာတယ်'

'ကျေးဇူးပါပဲရှင်'

'ဘတ်စ်ကားနဲ့ လာနေရင် ဒီအချိန် ဘာရောက်ဦးမလဲ၊ ခုလောက်ရှိမှ ....'

'ကျွန်မနဲ့ လွဲနေမှာ ဧကန်ပဲ၊ ကျွန်မက ရိုးကုမ္ပဏီတိုက် ဝင်ပြီးဈေးဝယ်ဦးမလို့ အစ်မကြီးရဲ့'

'ဟာ .... ဒါဖြင့် ကံကောင်းလို့ပါလား၊ မတော်လို့များ....'

'အို .... ဘာလုပ်တာလဲ'





ဤကဲ့သို့ မသက်နှံက မေးလိုက်ခြင်းမှာ ဒရိုင်ဘာနှင့် အတူထိုင်လာသော လူသည် နောက်သို့ ရုတ်တရက် လှည့်ကာ ဓားမြှောင်တစ်လက်ကို ပြလိုက်ခြင်းကြောင့် ဖြစ်၏။

'ငြိမ်ငြိမ်နေရင် ဘာမှ မလုပ်ပါဘူး၊ အော်လား ဟစ်လား လုပ်ရင်တော့ ဒီဟာ ကြည့်ထားပေတော့၊ ယီးတီးယားတားတော့ မလုပ်နဲ့နော်'

မသက်နှံသည် မိမိနံဘေး၌ ထိုင်လျက်ရှိသော မိန်းမ၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ ထိုမိန်းမသည် ပြုံးတုံ့တုံ့ မျက်နှာထားနှင့် ပြန်ကြည့်လျက် 'သူပြောသလို ငြိမ်ငြိမ်လိုက်ပါလေ၊ ဘာမှ မဖြစ်ရပါဘူး'

မသက်နှံလည်း မိမိအား လှည့်စား၍ ခေါ်လာခြင်း ဖြစ်ကြောင်း သိရလေပြီ။ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ အလွန် လူပြတ်သော လမ်းတစ်လမ်းမှ ချိုး၍ လမ်းကြားကလေးထဲသို့ ဝင်တော့မည် ပြုနေသည်ကို တွေ့ရ၏။ မသက်နှံမှာ ရန်ကုန်မြို့၏ အနေအထားနှင့် ပတ်သက်၍ မကျွမ်းကျင်သေးသောကြောင့် မည်သည့်လမ်းသို့ ရောက်၍ မည်သည့်နေရာနှင့် နီးကပ်သည်ကိုပင် မသိနိုင်ချေ။ ပထမ၌ ဟစ်အော်လိုက်မည် ကြံမိသေး၏။ မိမိက ဟစ်အော်တိုင်း ဓားနှင့် မုချ ထိုးလိမ့်မည်ဟု မယုံကြည်သော်လည်း အကူအညီ ရောက်လာမည့် အရိပ်အယောင် မမြင်ရသောကြောင့် အချည်းနှီး စွန့်စားရာ ရောက်နေလိမ့်မည်ဟု စဉ်းစားမိ၏။ အကယ်၍ ယောကျ်ားသုံးလေးယောက် အစုအဝေးမျိုး တွေ့ခဲ့ပါလျှင် ဖြစ်ချင်ရာဖြစ်စေ၊ ဟစ်အော်၍ အကူအညီ တောင်းမည်ဟု ကြံစည်မိသည်နှင့် မသက်နှံသည် ပတ်ဝန်းကျင်ကို မျှော်ကြည့်ပါသော်လည်း ဝင်းခြံကြီးများ အလယ်၌ တိုက်အိမ်ကြီးများကိုသာ တွေ့ရ၍ မော်တော်ကား အနီးအပါး၌ ယောကျ်ားနှစ်ယောက်၊ သုံးယောက်အုပ်ကိုပင် မတွေ့ရချေ။

မော်တော်ကားသည် လမ်းကျဉ်းကလေး တစ်ဖက်တစ်ချက်၌ရှိသော ခြံကြီးများ အတွင်းရှိ အိမ်ကြီးများကို ကျော်လွန်၍ ဆက်လက်မောင်းနှင်သွားစဉ် ရှေ့၌ရှိသော ခြံဝင်းကြီးထဲမှ အလံစိုက်ထားသော ကားကြီး

တစ်စီးသည် ဘွားခနဲ ထွက်လာ၍ မသက်နံ့တို့ ကားဆီသို့ မျက်နှာချင်းဆိုင် မောင်းလာ၏။ မသက်နံ့သည် ၎င်းကားကြီးကို မြင်ဖူးပါသည် ထင်မိ၍ မျှော်ကြည့်နေစဉ် ဓားမြှောင်နှင့်လူက 'ယီးတီးယားတား မလုပ်နဲ့နော်၊ ဒါပဲ ပြောလိုက်မယ်' ဟု ပြော၍ ဓားမြှောင်ကို ပြလိုက်၏။ မသက်နံ့ ကမူ ဓားမြှောင်ကို ဂရုမစိုက်၊ ထိုကားထဲ၌ မည်သူများ လိုက်ပါလာမည်ကိုသာ မျှော်ကြည့်နေ၏။

ကားနှစ်စီးတို့သည် အလွန် ကျဉ်းမြောင်းသော လမ်းကြား ဖြစ်သောကြောင့် အရှိန်လျှော့ကာ မောင်းလာကြ၍ ကားဦးချင်း ဆိုင်ပြီးနောက် တစ်စီးကိုတစ်စီး ဖြတ်ကျော်ကြသည်နှင့် တစ်ပြိုင်နက် မသက်နံ့သည် ၎င်းကားထဲ၌ စီးကရက်သောက်ကာ အေးအေးဆေးဆေးမှီလျက် ထိုင်လိုက်လာသော လူမော်ကို မြင်လိုက်ရ၏။ ထိုကား ရှေ့ပိုင်း၌ကား လူမော်၏ သက်တော်စောင့်နှင့်တူသော လူတစ်ယောက်သည် ဒရိုင်ဘာနှင့်အတူ ထိုင်လျက် လိုက်ပါလာသည်ကိုလည်း မြင်လိုက်ရ၏။ ကားချင်း ယှဉ်ပြီးနောက် ဖြတ်ကျော်လျှင် ဖြတ်ကျော်ချင်း မသက်နံ့သည် မှန်တံခါးကို ပုတ်လျက် 'ကိုလူမော် .... ကယ်ပါဦးရှင့်'ဟု လွှတ်ခနဲ အော်လိုက်၏။ ဓားမြှောင်နှင့်လူသည် ဒေါသကြီးသော အမူအရာနှင့် မသက်နံ့ကို ဓားနှင့် ထိုးလိုက်သလို ပြုသော်လည်း မသက်နံ့သည် ကြောက်စိတ် မရှိတော့ဘဲ တံခါးကို ဖွင့်၍ ရုတ်တရက် ခုန်ဆင်းလိုက်တော့သည်။ ထိုခဏ၌ ကားသည် အရှိန်ပျော့ဆဲပင် ရှိသေးသောကြောင့် မသက်နံ့မှာ မြေကြီးပေါ်သို့ ထိုးလဲသွားရုံမှတစ်ပါး ထိခိုက်ခြင်း မရှိချေ။

ထိုအတောအတွင်း၌ လူမော်သည် မိမိ၏ကားကို ရပ်စေ၍ ခုန်ဆင်းကာ ပြေးလာလေရာ ၎င်းနောက်မှ သက်တော်စောင့်လည်း ခြောက်လုံးပြူး တစ်လက်ကို ကိုင်ကာ ပြေးလိုက်လာ၏။ လူမော်က မသက်နံ့ကို မြေကြီးပေါ်မှ ထူပေးစဉ် သက်တော်စောင့်က 'ဟေ့ ကားရပ်လိုက်ကွ၊ ပစ်လိုက်





မယ်နော်' ဟု အော်ပြောသော်လည်း ကားသည် အရှိန်နှင့် မောင်းသွားသောကြောင့် သက်တော်စောင့်က တစ်ချက် နှစ်ချက် လှမ်းပစ်လိုက်၏။ ဤတွင် လူမော်က 'အရပ်ထဲက လူတွေ မတော်တဆ မှန်ကုန်ပါ့မယ်ကွာ၊ ပြီးတော့မှ လိုက်တာပေါ့' ဟု ပြောလိုက်သည်နှင့် မပစ်ဘဲ နေတော့သည်။

လူမော်သည် မသက်နံ့ကို ထူပေး၍ ကြင်နာသော မျက်နှာထားနှင့် အထိအခိုက် ရှိပါသလောဟု မေးမြန်းရင်း မိမိ၏ကားပေါ်သို့ ခေါ်သွား၏။ အားလုံး တက်မိကြသောအခါ လူမော်က ထိုလူစုနောက်သို့ လိုက်ရန် ကားကို လှည့်ဖို့ အမိန့်ပေးသော်လည်း မသက်နံ့က မိမိ၌ တစ်စုံတစ်ရာမျှ အနာတရ မရှိသောကြောင့် လူဆိုးများနှင့် သတ်ပုတ်ခြင်းအားဖြင့် အန္တရာယ် မရှာပါနှင့်တော့ဟု တောင်းပန်လေသည်။

'ဖြစ်ရိုးလား၊ မသက်နံ့ စော်ကားတဲ့ အကောင်တွေကို မိအောင် လိုက်ဖမ်းဦးမှပေါ့'

'ဟုတ်ပါရဲ့ ဝန်မင်း၊ လိုက်ကြပါဦးစို့ ခင်ဗျာ'

'တောင်းပန်ပါရစေတော့ရှင်၊ ကျွန်မကိုသာ အိမ်ရောက်အောင် လိုက်ပို့ကြပါတော့'

'ဟိုရှေ့က ကျုပ် အတွင်းဝန်ရဲ့ အိမ်ပဲ၊ ခဏတစ်ဖြုတ် ဝင်ကြပါဦးစို့လား'

'တော်ပါပြီရှင် .... ဒေါ်ဒေါ် စိတ်ပူနေတော့မယ်၊ တစ်ဆိတ်လောက် အိမ်ကိုသာ လိုက်ပို့ပါတော့'

လူမော်လည်း 'ရိုင်းလိုက်လေကွယ်' ဟု တက်တခေါက်ခေါက်နှင့် ကားပေါ်သို့ တက်ကြ၍ မသက်နံ့တို့ အိမ်ဘက်သို့ မောင်းလာကြရာတွင် လူမော်က 'ဒီကောင်တွေ လူပြန်ပေးလုပ်မယ်လို့ ထင်တယ်၊ ကံကောင်းလို့ပါလား မသက်နံ့၊ ကျုပ်ကလည်း ကျုပ် အတွင်းဝန်အိမ်ကို ဘယ်တော့မှ မလာဖူးဘူး၊ ဒီကနေ့မှ နယ်ခြားရေးကိစ္စ အရေးကြီးလေတော့ ရုတ်တရက် ခိုင်းစရာကလေး ပေါ်လာပေလို့ပေါ့။ နို့မဟုတ်ရင် ငွေ ဘယ်လောက်နဲ့

ရွှေးဖို့ တောင်းနေဦးမလဲ မဆိုနိုင်ဘူး။ ဟော့ ဒရိုင်ဘာ နေဦးဟေ့၊ မသက်နှံက ဌာနာဝင်ပြီး တိုင်ချက်ပေးခဲ့ဦးမှ ထင်တယ်၊ ဌာနာဘက်ကို မောင်းဟေ့'

'တောင်းပန်ပါရစေရှင်၊ အရှက်ကွဲ မခံရပါစေနဲ့တော့၊ ဒီတိုင်းပဲ ကျိတ်ခံပါရစေတော့'

'သဘောပေါ့ဗျာ၊ ကျုပ်ကတော့ တိုင်ချက်ပေးရင် ကောင်းတယ် ထင်တာပဲ'

'မလုပ်ပါရစေနဲ့တော့ရှင်'

'ကိုင်း .... ဒါဖြင့် ကျောက်မြောင်းဘက်ကို မောင်းဟေ့'

## အခန်း ၂၄

အထက်ပါ အဖြစ်အပျက်များမှာ လူမော်၏အစီအစဉ် ဖြစ်ကြောင်းကို စာဖတ်သူတို့ ရိပ်မိကြပေလိမ့်မည်။ လူမော်၏ တပည့်များဖြစ်သော သာလူနှင့် မြတ်ကျော်တို့သည် မိန်းမရုပ်တစ်ယောက်ကို ရှာ၍ ပရိုက်ဗိတ် တက္ကစီတစ်စီး ငှားပြီးလျှင် မသက်နှံကို လှည့်ဖြား ခေါ်ငင်၍ တိုင်ပင်ထားသော နေရာသို့ မောင်းလာကြခြင်း ဖြစ်လေသည်။ လူမော်က ထိုအိမ်ကြီးမှ အဆင်သင့် စောင့်နေ၍ ကားကို မြင်ရသောအခါမှ ထွက်လာပြီးလျှင် မူလက စီစဉ်ထားသည့်အတိုင်း ဟီးရိုးတစ်ယောက် အနေဖြင့် မသက်နှံကို ကယ်ဆယ်လိုက်ခြင်း ဖြစ်လေသည်။

လူမော်သည် မိမိ လက်ထဲသို့ ရောက်နေသော မသက်နှံကို အဘယ်ကြောင့် လွှတ်လိုက်ရပါသနည်းဆိုသော် မသက်နှံကို အတင်းအဓမ္မ ကြံစည်ခြင်းသည် သာမန် လူညစ်တစ်ယောက်၏ အလုပ်မျှသာ ဖြစ်၍ လူမော်မှာ သာမန် လူညစ်တစ်ယောက် မဟုတ်ပေသောကြောင့်တည်း။ မသက်နှံကို ဤနည်းဖြင့် လုယူ၍ မိမိက အတည်ပေါင်းသဖြင့် မသက်နှံက ကျေနပ်သည်ပင် ထားဘိဦး၊ မသက်နှံသည် မိမိအပေါ်၌ ဘယ်နံ့ရောအခါမှ လေးစား





ခြင်း ရှိတော့မည် မဟုတ်သည်ကို လူမော် သိမြင်၏။ အကယ်၍ ဤအကြောင်းကို မတော်တဆ သာမြတ် ကြားသွားပါလျှင်လည်း မသက်နှံကို ရအောင်ယူခြင်းနှင့် ပတ်သက်၍ သာမြတ်အပေါ်၌ အသားယူနိုင်ဖို့ ရှိတော့မည် မဟုတ်ချေ။ သာမြတ်က မတတ်နိုင်သဖြင့် အရှုံးပေးရစေကာမူ သူခိုးဓားပြနည်းဖြင့် ရအောင်လုပ်သည်ဆို၍ နှာခေါင်းရှုံ့မည် ဖြစ်လေသည်။ မိမိထက် လူမော်ကို မသက်နှံက ချစ်ကြိုက်သောကြောင့် အောင်မြင်ခြင်း မဟုတ်၊ လူဆိုးလူမိုက် ဉာဏ်မျိုးနှင့် လုယူခြင်း ဖြစ်သည် ဟု သာမြတ်က ဆိုပေလိမ့်မည်။ ဤလူ နှစ်ယောက်တို့၏ ဂုဏ်ပြိုင်မှုမှာ မသက်နှံကို ရလျှင် ပြီးတမ်း ဟူ၍ သဘောထားကြသည် မဟုတ်။ မသက်နှံက မည်သူ့ကို ပိုမို ချစ်ခင်သည် ဟူသော အချက်တွင် ပြိုင်ဆိုင်နေကြခြင်း ဖြစ်လေသည်။

လူမော်သည် မသက်နှံကို အိမ်သို့ လိုက်ပို့ရုံသာမက ဤတစ်ခေါက်တွင် အိမ်ပေါ်သို့ တက်၍ ခင်လေးဆွေအား အဖြစ်အပျက်များကို ပြောပြရင်း မသက်နှံ၏ ကံကောင်းသော အခြင်းအရာကိုသာ အမွှမ်းတင်၍ ပြောလေသည်။ အကယ်၍ မိမိကိုယ်ကို ဟီးရိုးလုပ်၍ အသားယူ ပြောပြပါမူ မသက်နှံက အထင်အမြင်သေး၍ သင်္ကာမကင်း ဖြစ်တတ်ခြင်းကိုလည်း လူမော် နားလည်လေသည်။ သို့ရာတွင် ခင်လေးဆွေကမူကား လူမော်၏ ကျေးဇူးကို အကြိမ်ကြိမ် ဖော်ထုတ်ကာ ချီးကျူးတော့သည်။

ဆွေ။ ။ 'ကျေးဇူးကြီးလိုက်တာ ကိုလူမော်ရယ်၊ ကျုပ်တူမလေး လူဆိုးတွေ လက်ထဲ ရောက်သွားရင် ကျုပ်တော့ သေဖို့ ရှိတော့တာပဲ၊ မောင်မင်းကြီးသား ကယ်ပေလို့ပါတော်'

မော်။ ။ 'ကယ်တာက အဆန်း မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ဒီလို ဖြစ်တယ်ဆို ဘယ်မိန်းကလေးမဆို ကျွန်တော် ကယ်ဆယ်ဖို့အသင့်ပါပဲ'

ဆွေ။ ။ 'ဟုတ်တော့ ဟုတ်မှာပါလေ၊ ဒါပေမဲ့ ဒေါ်ဒေါ်တို့ကတော့ ကျေးဇူးတင်လို့ မဆုံးနိုင်ပါဘူး မောင်ရယ်၊ ကံကောင်းလို့ပါလား တူမကြီးရယ်'

ခင်လေးဆွေလည်း မသက်နှံကို ကလေးအရွယ်ကဲ့သို့ သဘောထားသေးဟန်နှင့် အကြိမ်ကြိမ် ပွေ့ဖက်လျက် ရှိ၏။

လူမော်သည် ဤနေ့မှစ၍ ခင်လေးဆွေကား မိမိ၏လူ လုံးဝ ဖြစ်ချေတော့ပြီဟု နားလည်လျက် ကြာရှည်စွာ မထိုင်တော့ဘဲ အိမ်မှ ဆင်းသွားလေ၏။

*

ထိုနေ့ ညနေ၌ သာမြတ်သည် ရုတ်တရက် နယ်သို့ ထွက်ရန် အမိန့်ရသည်နှင့် အစီအစဉ်များ ပြုလုပ်နေရသောကြောင့် နေ့လယ် အချိန်၌ အခါတိုင်းကဲ့သို့ မလာရောက်နိုင်ခြင်း အကြောင်းများကို ပြောပြရင်း နှုတ်ဆက်ရန် လာရောက်လေရာ၊ ခင်လေးဆွေက ခရီးရောက်မဆိုက်ပင် မသက်နှံ၏ အဖြစ်အပျက်များကို ပြောပြလေ၏။ သာမြတ်သည် ဤအကြောင်းအရာကို ကြားရသည်နှင့် တစ်ပြိုင်နက် မျက်နှာငယ်သွားတော့သည်။ အဘယ့်ကြောင့်ဆိုသော် အတိတ်ကံသည် လူမော်ဘက်မှ ကူညီ၍ မဲတင်းပေးနေသည်ဟု ယူဆမိသောကြောင့်ပေတည်း။ မသက်နှံ၏ မျက်နှာကို လှမ်းကြည့်လိုက်သော အခါတွင်လည်း မသက်နှံသည် အခါတိုင်းကဲ့သို့ မိမိအား ရဲရဲတင်းတင်း မကြည့်တော့ဘဲ မျက်နှာ ခပ်လွှဲလွှဲ လုပ်နေသည်ဟု သာမြတ် ထင်မိ၏။ ဟုတ်ချင်လည်း ဟုတ်လိမ့်မည်လော မဆိုနိုင်ပေ၊ မသက်နှံ ကိုယ်တိုင်က စိတ်ထဲ၌ အတည့်အလင်း ဆုံးဖြတ်ချက် ချသေးဟန် မတူသော်လည်း မသက်နှံ၏ မေတ္တာသည် လူမော်ဘက်သို့ ချိန်ခွင်လျှာ ငဲ့သွားသည့် လက္ခဏာ ရှိ၏။ သို့ဖြစ်၍ သာမြတ်သည် ကြာရှည်စွာပင် မထိုင်တော့ဘဲ နက်ဖြန် တောတက်ရန်အတွက် အစီအစဉ်လုပ်ဖို့ ရှိသေးသည်ဟု အကြောင်းပြကာ နှုတ်ဆက်၍ ထွက်သွားလေ၏။ မသက်နှံသည် သာမြတ်၏မျက်နှာ ညှိုးငယ်သော အဖြစ်အပျက်ကို ရိပ်မိသော်လည်း မည်သို့မျှ မတတ်နိုင်သည်နှင့် နှုတ် ခပ်ဆိတ်ဆိတ်ပင် နေလိုက်မိတော့သည်။

သာမြတ်သည် သူငယ်ချင်း လူမော်၏ ဉာဏ်နီဉာဏ်နက် ထုတ်





တတ်သော သဘောကို ရိပ်မိ၍ ထိုနေ့က အဖြစ်အပျက်များသည် လူမော်၏ ဆင်လုံးဖြစ်ချေမည်လောဟု တွေးမိသော်လည်း နက်ဖြန်ပင် တောတက်ရန် အလုပ် ရှိနေသောကြောင့် “တတ်နိုင်ပါဘူးကွာ၊ သူတို့ နဖူးစာပဲ ထင်ပါရဲ့” ဆို၍ လက်လျှော့လိုက်တော့သည်။ အကယ်၍ အချိန် ရှိပါမူကား သာမြတ်သည် မည်သည့်နည်းနှင့်မဆို ထောက်လှမ်း စုံစမ်းဦးမည် ဖြစ်လေသည်။ ဤကဲ့သို့ အရေးကြီးသောအချိန် အဆစ်အပိုင်းတွင်မှ မိမိ၌ တောတက်ဖို့ ကိစ္စ ပေါ်လာခြင်းသည်ပင်လျှင် မသက်နှံနှင့် လူမော်တို့၏ နဖူးစာကြောင့် ဖြစ်သည်ဆို၍ သာမြတ်သည် ဤကိစ္စနှင့် ပတ်သက်၍ စိတ်နှလုံး တုံးတုံးချလိုက်လေတော့သည်။

သို့ဖြစ်၍ ထိုည၌ သာမြတ်သည် မိဘများထံသို့ စာတစ်စောင် ပြန်ကြားလိုက်၏။ ဖခင်ထံမှ စာရစဉ်က ၎င်း၏စကားကို မည်သည့်နည်းနှင့်မျှ နားမထောင်နိုင် ဟူ၍ စဉ်းစားမိသော်လည်း မသက်နှံနှင့် လွဲရသည့် အတူတူ ဖခင်၏စကားကို နားထောင်လိုက်ပါတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်၏။ တစ်ကြောင်းမှာလည်း မိမိသည် လူမော်၏နှမ မရွှေရီ အပေါ်၌ ချစ်ကြိုက်သောစိတ် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးစေကာမူ မိဘများ၏ အကြံအစည်ကို ရိပ်မိသည့်အလျောက် မိန်းကလေးအား စိတ်ဝင်စားလျက် အကဲခတ်ဖူးရာတွင် အပြင်အဆင်အားဖြင့် တန်းမပြည့်လှသော်လည်း ပင်ကိုရုပ်မှာ မခေလှသည့်ပြင် လူကြီးများ၏ ကြံရွယ်ချက်ကို ရိပ်မိသည့်အလျောက် မိမိအပေါ်၌ စိတ်ဝင်စားလျက် ရှိသည့်အဖြစ်ကို သိမြင်ရ၏။ ထိုအချိန်၌မူ စိတ်ရှည်လက်ရှည်နှင့် မိမိအား စောင့်မျှော်နေရှာတော့သည် ဟူ၍ပင် ကရုဏာ သက်ဝင်လာလေတော့သည်။ သို့ဖြစ်၍ သာမြတ်သည် မိဘများ၏ စီမံချက်အတိုင်း လိုက်နာပါတော့မည်ဟူသော အဓိပ္ပာယ်မျိုး ပါရှိသည့် စာတစ်စောင်ကို ရေးသား ပေးပို့လိုက်လေသည်။

“နဖူးစာ” ဟူသည်မှာ လူက လုပ်၍ ဖြစ်သည်ဟု အချို့က ပြောကြ၏။ အိမ်ထောင်စုံ ၁၀၀ မျှကို စစ်ဆေးသည်ရှိသော် များစွာသော လင်မယား

အစုံတို့မှာ ၎င်းအယူအဆအတိုင်း ဟုတ်မှန်သကဲ့သို့ ကာယကံရှင်များ၏ သဘောဆန္ဒ အလျောက် ပေါင်းဖက်မိသည်ကိုလည်း တွေ့ရကောင်း တွေ့ရပေလိမ့်မည်။ သူတို့ချင်း ချစ်ကြိုက်ကြ၍ အနှောင့်အယှက် အဖျက်အဆီး မရှိဘဲ ချောမောစွာ ထမြောက် အောင်မြင်ခြင်းများလည်း ရှိကြပေသည်။ သို့ရာတွင် ရာခိုင်နှုန်း အနည်းငယ်မျှသော အိမ်ထောင်စုံတို့လည်း ရှိသေး၏။ ၎င်းတို့မှာ ချစ်ကြိုက်ပါလျက်နှင့် လွဲကြရခြင်းများ၊ နှစ်နှစ်ကာကာ ချစ်ကြိုက်လှသည် မဟုတ်ဘဲ အကြောင်းအားလျော်စွာ တွေ့ဆုံ ပေါင်းစည်းမိခြင်းများ၊ ကတ်ကတ်သတ်သတ် ခဲခဲယဉ်းယဉ်း လွဲရ၍၊ ကတ်ကတ်သတ်သတ် ခဲခဲယဉ်းယဉ်း ပေါင်းဆုံမိခြင်းများလည်း ရှိကြသေး၏။ ၎င်းတို့မှာမူ ကာယကံရှင်များ၏ ဆန္ဒထက် အတိတ်ကံက ကြိုတင် ဖန်တီးထားသည့် အရိပ်နိမိတ်က ပိုမို ထင်ရှားသည်ဟု ဆိုရပေမည်။ ယောကျ်ားကရော မိန်းမကပါ နေမထိ ထိုင်မထိ ချစ်ကြိုက်၍ နှစ်ဖက်သော မိဘများကလည်း သဘောတူကြပါလျက် မဖြစ်စလောက်သော အကြောင်းကလေးမျှနှင့် လွဲချော်သွားကြရသူများလည်း ရှိသေးပေရာ၊ ထိုကဲ့သို့သော လူများမှာ “နဖူးစာ” မပါသောကြောင့် ဟူသော အကြောင်းပြချက်မှတစ်ပါး အခြားနည်းလမ်း ရှိနိုင်မည် မထင်ပေ။

သာမြတ်နှင့် လှမော်၏ နှမ မရွှေရီ ကိစ္စ၌ သာမြတ် တစ်ဦးတည်း အတွက်ကြောင့်သာလျှင် ဤမျှလောက် ကြာရှည်စွာ လွဲနေကြခြင်း ဖြစ်သောကြောင့် သာမြတ်က သဘောတူလိုက်သည်နှင့် တစ်ပြိုင်နက် ကွဲနိုင် လွဲနိုင်ဖို့ မရှိတော့ပြီဟူ၍ မှတ်ထင်ဖွယ် ရှိ၏။ သို့ရာတွင် လူတို့စီမံသော အရာများသည် စင်းလုံးချော ညီညွတ်ခြင်း အလွန်ရှား၍ အဖုအဆစ်၊ အထစ်အငေါ့များနှင့် တွေ့ရတတ်သည်သာ ဖြစ်လေသည်။

ထိုအချိန်အခါက စစ်ကိုင်းတောင်ရိုးရှိ ချောင်တစ်ချောင်တွင် ကမ္မဋ္ဌာန်း အပြ ကောင်းလှသည်ဟု ကျော်စောလျက်ရှိသော သီလရှင်တစ်ပါး ပေါ်ပေါက်လျက် ရှိရာ မန္တလေး၊ ရွှေဘို၊ စစ်ကိုင်း အစရှိသော မြို့ကြီးများမှ





လူကုံထံများ၏ သမီးများသည် ၎င်းချောင်သို့ သွား၍ ဥပုသ်ရက်ရှည် စောင့်ရင်း ကမ္မဋ္ဌာန်းတရား အားထုတ်ကြသောခေတ် ဖြစ်လေ၏။ ခေတ်ဆိုသည်မှာ အလွန် ဆန်းကြယ်သော သဘာဝတစ်ခုဖြစ်၍ ခေတ်အလျောက် ဆိုလျှင် ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ကြားရသူတိုင်း စိတ်ဝင်စားချင်ကြ၏။ ဥပုသ် ရက်ရှည်စောင့်ခြင်း၊ ကမ္မဋ္ဌာန်း ထိုင်ခြင်း စသော အလုပ်မှာ အထူးအဆန်း မဟုတ်ဘဲ ဗုဒ္ဓသာသနာတော် ပျံ့နှံ့လာသည်မှ စ၍ တတ်နိုင်သူများ ကြိုးစားကြသော အလုပ်များ ဖြစ်သော်လည်း တတုံတုံ ခေတ်မှိန်၍ တစ်ချီတစ်ချီတွင် ခေတ်စားသည် ဟူ၍ ရှိပေသေးသည်။ ထိုအချိန်၌မူ မန္တလေးမြို့မှ အရေးပိုင်သမီး မည်သူ၊ စစ်ကိုင်းမြို့မှ ဝန်ထောက်သမီး မည်ဝါ၊ ရွှေဘိုမြို့မှ စက်ပိုင်သမီး ဘယ်သူ၊ မြေပိုင်ရှင် သမီး ဘယ်ဝါ စသည်တို့သည် ၎င်းချောင်၌ ဥပုသ်ရက်ရှည် မည်မျှ စောင့်၍ ကမ္မဋ္ဌာန်း အဘယ်မျှလောက် နေ့တိုင်းထိုင်သည် အစရှိသော သတင်းများသည် တစ်နေ့တခြား ပျံ့နှံ့၍ (ခေတ် ဖြစ်လာချင်သောကြောင့်) သူငါကစ စိတ်ဝင်စားစွာနှင့် ၎င်းအကြောင်းများကို ဆွေးနွေးချင်ကြလေသည်။

သာမြတ်၏ နှမ “ငွေညီ” နှင့် လှမော်၏ နှမ “ရွှေရီ” တို့သည် ဤသတင်းကို ကြားကြရသောအခါ အမှန်အားဖြင့်လည်း လူကြီးများ၏ မျှော်မှန်းချက်ကြီး အောင်မြင်ဖို့လည်း စခန်း မနီးသည်ကို သိမြင်ကြ၍ တစ်ယောက်နှင့်တစ်ယောက် (ကံတူအကျိုးပေး ဆို၍) အလွန် ချစ်ခင်နေကြသည့်အတိုင်း ၎င်းချောင်သို့ သွားဖို့ မိဘများထံ ခွင့်ပန်ကြရန် တိုင်ပင်ဆုံးဖြတ်ကြ၏။ မိဘများသည် ပထမ၌ သဘောမတူကြသော်လည်း သမီးများ၏ ကောင်းမြတ်သောဆန္ဒကို ကန့်ကွက်သည်ဟု ရွာသားများက ကဲ့ရဲ့မည် စိုးသည်နှင့် မိန်းကလေး တစ်ယောက်စီ အဖော်ထည့်လျက် ခွင့်ပြုလိုက်ကြရလေ၏။ ထိုအခါ၌ မိန်းကလေး နှစ်ယောက်တို့မှာ အပျိုဟိုင်းကြီးတွေ ဖြစ်နေကြတော့သဖြင့် စိတ်မချစရာ မရှိသည့်ပြင် နှစ်ယောက်တွဲ ဆိုသောကြောင့်လည်း သာ၍ စိတ်ချဖို့ ဖြစ်နေ၏။ လူကြီးများသည် မိန်းကလေးများ

၏ အကြံအစည်ကြောင့် မိမိတို့ ရေးကတည်းက မျှော်မှန်းထားကြသည့် ကြံရွယ်ချက်ကြီးကို အသစ်တစ်ဖန် သတိရလာခဲ့ပြန်သည်နှင့် မိမိတို့ အချင်းချင်း တိုင်ပင်ကာ လူမော်နှင့် သာမြတ်တို့ထံသို့ စာတစ်စောင်စီ ရေးထည့်ခဲ့ကြခြင်း ဖြစ်လေသည်။ သို့သော် မိန်းကလေး နှစ်ယောက်တို့ကိုမူကား ၎င်းတို့၏ ခွင့်တောင်းချက်အရ တပည့်မကလေး တစ်ယောက်စီနှင့် စစ်ကိုင်းချောင်သို့ သွားကြဖို့ ခွင့်ပြုလိုက်ကြရလေပြီ။

သာမြတ်က မိဘများထံသို့ ပို့လိုက်သော စာသည် ရွာသို့ ရောက်၍ မိဘများ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် စစ်ကိုင်းသို့ လူစေလွှတ်ကာ မိန်းကလေး နှစ်ယောက်တို့ကို ခေါ်ယူစေ၏။ သို့ရာတွင် လွှတ်လိုက်သောလူမှာ မသာယာသော သတင်းတစ်ရပ် ကြားသိရလေသည်။ အကြောင်းကို ဆိုသော် ယမန်နေ့က မိန်းကလေး နှစ်ယောက်တို့သည် တပည့်မ ကိုယ်စီနှင့် မန္တလေးသို့ အလည်အပတ် ထွက်လာကြ၍ မြစ်ကို သမ္ဗန်ဖြင့် ကူးဖြတ်ကြစဉ် မြစ်လယ်ကောင်၌ သမ္ဗန်ကို ရုတ်တရက် လေပြင်း တိုးဝှေ့သည်နှင့် တိမ်းမှောက်သွားကြောင်း၊ သမ္ဗန်သမားနှင့် အစေခံ မိန်းကလေး နှစ်ယောက်တို့မှာ အခြားခရီးသည်များ ဖြစ်သော သီလရှင် သုံးပါးနှင့်အတူ သမ္ဗန်ကို တွယ်ဖက်ထားနိုင်သဖြင့် အသက်ဘေးမှ ချမ်းသာရာ ရကြသော်လည်း မိန်းကလေး နှစ်ယောက်မှာမူ ရေကူး မတတ်ကြသဖြင့် သမ္ဗန် တိမ်းမှောက်သည်နှင့် တစ်ပြိုင်နက် လွင့်စဉ် ထွက်သွား၍ ရေလယ်၌ အသက် ဆုံးရှုံးရကြောင်း ဟူသော သတင်းပင် ဖြစ်လေသည်။ သီလရှင် ဆရာကြီးသည် မိန်းကလေးများ နေထိုင်သော ရွာသို့ လူစေလွှတ် အကြောင်းကြားရန် စီစဉ်ဆဲတွင် ရွာမှလူ ရောက်သွားခြင်း ဖြစ်သောကြောင့် ထိုသူမှာ အစေခံ မိန်းကလေး နှစ်ယောက်တို့ကိုသာ ရွာသို့ ပြန်လည် ခေါ်ဆောင်သွားရလေတော့သည်။

သို့ဖြစ်ရကား သာမြတ်၏ ဖခင် ဦးကျော်ဟိုးမှာ သာမြတ်၏





စာကြောင့် ဝမ်းမြောက်မည် မကြံရသေးမီ သမီးရော ချွေးမလောင်းပါ ဆုံးရှုံးရ၍ ဝမ်းနည်းပက်လက် ဖြစ်ရလေတော့သတည်း။

## အခန်း ၂၅

လူမော်သည် ယခင်အခါများက မသက်နှံ၏ နေအိမ်သို့ လာရောက်လည်ပတ်လေ့ မရှိသော်လည်း ထိုနေ့မှစ၍ ညဉ့်အချိန်များတွင် ကားကလေးတစ်စီးနှင့် အလည်အပတ် လာလေတော့သည်။ အလည်လာတိုင်းလည်း ခင်လေးဆွေ အတွက်ဆို၍ အဖိုးတန်သော စားစရာများကို ကိတ်မုန့်တိုက်မှ ဖြစ်စေ၊ တရုတ်တန်းမှ ဖြစ်စေ ဝယ်ယူလာခဲ့သည်သာ ဖြစ်လေသည်။ အမှန်မှာ ခင်လေးဆွေသည် မိမိအတွက် ဤကဲ့သို့ လာဘ်မထိုးစေကာမူလည်း မသက်နှံအား အလုပ်ခန့်ထားခြင်းနှင့် ကယ်ဆယ်ခြင်းတို့အတွက် ကျေးဇူးတင်လှသဖြင့် လူမော်အဖို့ အလွန် အရေးပါ အရာရောက်သော ရှေ့နေကြီး ဖြစ်နေခဲ့လေပြီ။

ပထမ၌ ခင်လေးဆွေသည် ယောကျ်ားများကို ညှဉ်းလိုသော ဒေါမနဿစိတ် အကြွင်းအကျန် ရှိနေသေးသည်ဖြစ်၍ မသက်နှံအား ဝန်ကတော်ဖြစ်စေလိုသောဆန္ဒ ရှိလျက်နှင့်ပင် မသက်နှံ၏ ငြင်းပယ်ခြင်းကို ထောက်ခံခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်မူကား ခင်လေးဆွေသည် လူမော်၏ ချော့မြှူခြင်းများထက် ပြုခဲ့ဖူးသော ကျေးဇူးကို ထောက်ထားသည် ဖြစ်၍ မသက်နှံအားအချိန်ရှိသမျှ တိုက်တွန်းလေတော့သည်။ မသက်နှံ၏ ကွယ်ရာ၌လည်း လူမော်သည် ခင်လေးဆွေနှင့် တွေ့အောင် သွား၍ မိမိကမူ မသက်နှံအားထပ်လောင်း တောင်းပန် တိုက်တွန်းဖို့ အခွင့် မရှိတော့ဘဲ ခင်လေးဆွေကိုသာ လုံးဝ တာဝန် လွှဲထားလိုက်ပါတော့သည်ဟု ပြောသွားလေသည်။

ဆွေ။ ။ 'ဘယ့်နှယ်လဲကွယ့် တူမကြီးရဲ့'

နှံ။ ။ 'ဘာ ဘယ့်နှယ်လဲ ဒေါ်ဒေါ်ရဲ့'

ဆွေ။ ။ ‘တစ်သက်လုံး အိမ်ထောင် မပြုတော့ဘူးလို့ ညည်းက ဆုံးဖြတ်ထားလို့ဟာလား’

နှံ။ ။ ‘ထမင်း တစ်လုတ်ကို ကိုယ့်ဟာကိုယ် ရှာဖွေ စားနိုင်သမျှ ကာလပတ်လုံး ကျွန်မဖြင့် ဒီလိုပဲ နေတော့မယ် အောက်မေ့တာပဲ ဒေါ်ဒေါ်’

ဆွေ။ ။ ‘ဖြစ်မထင်ပေါင် တူမရယ်’

နှံ။ ။ ‘ဘာကြောင့် မဖြစ်ရမှာလဲ ဒေါ်ဒေါ်’

ဆွေ။ ။ ‘စဉ်းစားကြည့်တော့ မိန်းမ ဖြစ်ရတာ ယောက်ျား မရှိရင် တယ်ပြီး မျက်နှာငယ်တယ်အေ့’

နှံ။ ။ ‘ဘာကြောင့် ငယ်ရမှာလဲ၊ ရှေးခေတ်ကတော့ ဟုတ်ချင် ဟုတ်မယ်၊ ဒီခေတ်မှာတော့ ကျွန်မတို့လို မိန်းကလေးတွေ အပုံကြီးကပဲ’

ဆွေ။ ။ ‘ဝမ်းရေးကတော့ ဟုတ်ပါပြီ ထားပါတော့၊ ဟိုလို ဒီလို လူမှုရေးတွေက ရှိသေးတာကိုး တူမကြီးရဲ့’

နှံ။ ။ ‘ဘယ်လို ဘယ်လို လူမှုရေးတွေလဲ’

ဆွေ။ ။ ‘ဒီလိုပါ တူမကြီးရယ်၊ ဟန်ရပန်ရထဲက ကြိုက်သူကြိုက်သား မပေါ်လာတဲ့ မိန်ကလေးများ အဖို့တော့ တော်အောင်လျော်အောင် ယောက်ျားကိုတော့ဖြင့် မယူဘူး၊ ကိုယ့်ထမင်း ကိုယ်ရှာစားမယ်ဆိုတာ လမ်းမှန်တာပေ့ါ။ သို့သော် ဒီအဖြစ်မျိုးဟာက ဒုတိယတန်း အကောင်းစားမျှသာ ဖြစ်ပါတယ်၊ ပထမတန်း မဟုတ်နိုင်ပါဘူး။ မိန်းမ ဖြစ်လာတယ်ဆိုကတည်းက တတ်နိုင်ရင် ရှင်ဘုရင်ကတော် ဖြစ်ဖို့၊ ဝန်ကြီးကတော် ဖြစ်ဖို့၊ ဘာကတော် ညာကတော် ဖြစ်ဖို့ ရည်မှန်းကြရခြင်းဟာ ဓမ္မတာပဲ တူမကြီးရဲ့။ ကိုယ့်တိုင်းပြည် ကိုယ်အုပ်ချုပ်နိုင်လို့ ဘုရင်မကြီးဖြစ်တဲ့ ပုဂ္ဂိုလ်များတောင် လင်မရှိ မတင့်တယ်လို့ လက်ထပ်ကြရသေးတယ် မဟုတ်ဘူးလား’





နှံ။ ။ ‘လက်မထပ်ဘဲ အပျိုကြီး လုပ်နေတဲ့ အင်္ဂလိပ်ဘုရင်မကြီးလည်း ရှိခဲ့ဖူးပါတယ် ဒေါ်ဒေါ်’

ဆွေ။ ။ ‘ဟုတ်ကဲ့လား၊ ဘယ်သူတဲ့လဲ’

နှံ။ ။ ‘အယ်လိဇဘက်တဲ့’

ဆွေ။ ။ ‘နို့ နေပါဦး၊ ရာဇဝင်က သူ့အကြောင်းကို အကောင်း ရေးရဲ့တဲ့ လား’

နှံ။ ။ ‘ဘယ်လို အကောင်းလဲ ဒေါ်ဒေါ်’

ဆွေ။ ။ ‘ဟိုလူနဲ့ ဒီလူနဲ့ မယုတ်ပတ်ကြဘူးလား’

နှံ။ ။ ‘ဒါကတော့ ဒေါ်ဒေါ်၊ လူလွတ်ဆိုရင် ဟိုလူနဲ့ ဒီလူနဲ့…’

ဆွေ။ ။ ‘အဲဒါကြောင့် ပြောတာပေ့ါ၊ လူလွတ်ဆိုပေမယ်လို့ ယောက်ျားလူလွတ်က ကိစ္စမရှိဘူး၊ မိန်းမ လူလွတ်ဆိုတော့ ခက်တယ် တူမကြီးရဲ့’

နှံ။ ။ ‘သူတစ်ပါးက ယုတ်ပတ်ပေမဲ့ ကိုယ်က မဟုတ်ရင် ပြီးတာပဲ ဒေါ်ဒေါ်’

ဆွေ။ ။ ‘မဟုတ်သေးဘူးနော်၊ ကိုယ် မဟုတ်ပေမဲ့ ယုတ္တိ ယုတ္တာနဲ့ ယုတ်ပတ်ပြီဆိုတော့ ဟုတ်တာလောက် ရှက်စရာကောင်းတာပဲ တူမကြီးရဲ့’

နှံ။ ။ ‘ယုတ်ပတ်တိုင်း လိုက်ပြီး ရှက်မနေနိုင်ပေါင် ဒေါ်ဒေါ်’

ဆွေ။ ။ ‘ယုတ်ပတ်ရုံ ယုတ်ပတ်တာက ကိစ္စမရှိဘူး ထားလိုက်ပါဦး၊ တစ်နေ့ကလို ဖြစ်တော့ ဘယ့်နှယ် လုပ်မလဲ’

နှံ။ ။ ‘ဘယ်လိုတုံး ဒေါ်ဒေါ်’

ဆွေ။ ။ ‘တစ်နေ့က ဖြစ်တာမျိုးမှာ မောင်လူမော် မကယ်လိုက်ရင် ဘယ့်နှယ်နေမလဲ တူမကြီးရယ်’

မသက်နှံမှာ ဤကဲ့သို့ နောက်တစ်ကြိမ် ဖြစ်လိမ့်မည်ကို ထည့်သွင်းဆင်ခြင်ခြင်း မပြုမိသောကြောင့် အဖြေ မပေးနိုင်ဘဲ ငေးနေမိလေတော့သည်။ ခင်လေးဆွေက ဆက်လက်၍–

ဆွေ။ ။ 'မိန်းမဆိုတာ ခက်တယ် တူမကြီး၊ ကိုယ်က ကောင်းကောင်း မွန်မွန် နေပေမယ်လို့ ဖျက်ဆီးချင်တဲ့ လူတွေက ရှိသေးတယ်။ တခြားလူ မကြည့်ပါနဲ့၊ စိဥ္စမာန အလောင်းနဲ့ ဘုရားအလောင်းကို ကြည့်စမ်းပါ။ စိဥ္စမာနအလောင်းဟာ တကယ် မိန်းမ သူတော်ကောင်း တစ်ယောက် မဟုတ်ဘူးလား၊ တကယ်ကောင်း အဟုတ်ကောင်းပြန်တော့လည်း ယောကျ်ားတွေက မကြည့်နိုင်လို့ အလောင်းတော်ကို ဝိုင်းပြီး မြှောက်ပေးကြတယ် မဟုတ်ဘူးလား'

မသက်နှံလည်း သက်ပင့်ရှူလျက် ရှိ၏။

ဆွေ။ ။ 'အခွင့်ကောင်း ဆိုတာ ခဏ ခဏ ပေါ်တတ်တာ မဟုတ်ဘူး နော်၊ မင်္ဂလာဈေးနားမှာ နေခဲ့ကြတုန်းက ဘယ်လို ကြုံခဲ့ရသလဲ၊ တူမကြီး သိတယ် ဟုတ်လား။ မှီခိုရမယ့်လူ မရှိလို့ စိတ်ကူးထည့်ကြည့် ပြန်တော့ မုဆိုးဖိုတို့၊ စက်ချုပ်သမားတို့ အငယ်အနှောင်းဖြစ်ဖို့ ဒါလောက် ချည်း ပေါ်လာကြတယ် မဟုတ်ဘူးလား'

နှံ။ ။ 'ကျွန်မကဖြင့် စိတ်မကူးမိပါဘူး ဒေါ်ဒေါ်'

ဆွေ။ ။ 'တူမကြီးက စိတ်မကူးမိပေမဲ့ ဒေါ်ဒေါ်က စိတ်ကူးကြည့်စမ်းတယ်'

နှံ။ ။ 'ကျွန်မဖို့လား'

ဆွေ။ ။ 'ညည်းဖို့ပေါ့တော်၊ ကျုပ်ဖို့ စိတ်ကူးပါ့မလား၊ မိုက်လိုက်ပါဘိတော့'

နှံ။ ။ 'ကြံကြံစည်စည် ဒေါ်ဒေါ်ရယ်'

ဆွေ။ ။ 'တူမကြီးရဲ့ အဖြစ်ကို ဒေါ်ဒေါ် မသိရသေးခင်က ပြောတာပါ၊ ပဋိသန္ဓေ အကြောင်းကို သိရတော့ စိတ်ကူး မထည့်မိတော့ပါဘူး'

နှံ။ ။ 'ဒေါ်ဒေါ် ပြောတာတွေ အားလုံး ကောင်းတယ်၊ လမ်းမှန်တယ် ထားပါတော့။ ဖိုးခွေး အတွက်က ခက်တယ် ဒေါ်ဒေါ်'





ဆွေ။ ။ 'ဘာခက်စရာရှိသလဲ တူမကြီးရယ်၊ ခုအတိုင်းပဲ ကျောင်းအိပ် ကျောင်းစား ထားလိုက်တာပေါ့'

နှံ။ ။ 'ဒါက ကိစ္စ မရှိဘူး၊ ဘယ်လိုလုပ် ပြောမလဲ ဒေါ်ဒေါ်ရယ်'

ဆွေ။ ။ 'ဘာလုပ် ပြောမလဲ၊ နောက် တဖြည်းဖြည်းမှ ပြောပြပေါ့'

နှံ။ ။ 'ဘယ်ကလာ ဖြစ်မှာလဲ ဒေါ်ဒေါ်၊ သိသွားတော့ ကျွန်မ ခွေးမဖြစ်ပေဘူးလား'

ဆွေ။ ။ 'မသိအောင် ထားပေါ့အေ၊ ဒေါ်ဒေါ့်သားလို့ ပြောပေါ့'

နှံ။ ။ 'တစ်နေ့ ပေါ်ကုန်တော့ ခက်ပါလိမ့်မယ် ဒေါ်ဒေါ်'

ဆွေ။ ။ 'တစ်ယောက်ယောက်ကို မွေးစားစေရင်ကော....'

နှံ။ ။ 'အမယ်လေး.... မလုပ်ပါနဲ့ ဒေါ်ဒေါ်၊ ကျွန်မ သားကလေး အခု ခွဲထားရတာတောင် ကျွန်မ ရင်ထဲမှာ နေ့တိုင်း ဆွေးနေပါတယ်'

ဆွေ။ ။ 'မွေးစားပေမဲ့ ကိုယ် တွေ့ချင်တဲ့အခါ တွေ့နိုင်တာပဲ တူမကြီးရယ်'

နှံ။ ။ 'မဖြစ်ဘူး ဒေါ်ဒေါ်၊ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ ကိုင်း ဒါဖြင့် ဒီလို လုပ်ကြစို့၊ အဖြစ်အပျက်ကို မှန်တဲ့အတိုင်း ဖွင့်ပြောပြလိုက်မယ်.... ဘယ့်နှယ်လဲ'

ဆွေ။ ။ 'မလုပ်ပါနဲ့အေ .... ဒီလိုတော့ မဟန်ပါဘူး ထင်တယ်၊ ပက်လက်လန်သွားရင် ဘယ့်နှယ်လုပ်မလဲ'

နှံ။ ။ 'ပက်လက်လန်သွားလည်း လွဲကြရုံ ရှိတာပေါ့'

ဆွေ။ ။ 'လွဲလည်း လွဲရသေး၊ ကိုယ့်ကိုလည်း အထင်သေး ခံရသေး ဆိုရင် ဘယ့်နှယ်နေမလဲ'

နှံ။ ။ 'ဒီတော့လည်း ကံအတိုင်းပေါ့ ဒေါ်ဒေါ်'

ဆွေ။ ။ 'မလုပ်လိုက်ပါနဲ့အေ.... ဒီလိုတော့'

နှံ။ ။ 'ဒါကြောင့် ကျွန်မ ပြောတယ် ဟုတ်လား၊ ဖိုးခွေးအဖေက လွဲလို့ ကျွန်မအဖို့ ဒီတစ်သက်မှာ မဖြစ်နိုင်ပါဘူးလို့ စဉ်းစားမိသားပဲ'

ဆွေ။ ။ 'ဖိုးခွေး အဖေက ဘယ်မှာလဲ'

နှံ။ ။ 'ကျွန်မ စိတ်ချမ်းသာဖို့ နဖူးစာပါရင် ပေါ်လာရမှာပေါ့ ဒေါ်ဒေါ်'

ဆွေ။ ။ 'ပေါ်လာတော့ ညည်းက ဘယ့်နှယ်လုပ် သိမလဲ၊ သူကကော ဘယ်လိုလုပ် သိမှာတဲ့လဲ'

နှံ။ ။ 'ကျွန်မ ပြောချင်တာက ကျွန်မ စိတ်ချမ်းသာဖို့ ကံပါရင် အားလုံး အဆင်သင့် ဖြစ်မှာပေါ့ ဒေါ်ဒေါ်'

ဆွေ။ ။ 'ညည်းဟာက သိန်းထီပေါက်ဖို့ထက် ခဲယဉ်းပါသေးတယ် အေရယ်၊ သိန်းထီကမှ တစ်စောင်ထိုး ထိုးသလောက် ပေါက်ဖို့ရာ လမ်းရှိသေးတယ်၊ ညည်းဟာက လမ်းစကို ကြည့်မမြင်တဲ့ ကိစ္စပါအေ'

နှံ။ ။ 'ဘယ့်နှယ်လုပ်မလဲ ဒေါ်ဒေါ်၊ ကိုယ်တတ်နိုင်တဲ့ ကိစ္စမှ မဟုတ်ဘဲ'

ဆွေ။ ။ 'မတတ်နိုင်ဘူးဆိုပြီး မျက်စိမှိတ် စောင့်နေလို့ ဘယ်ဖြစ်မလဲ အေ့၊ အခွင့်အရေး ပေါ်လာတာကို ကိုယ်က နေရာကျအောင် ကြည့်ပြီး ဖန်တီးမှပေါ့'

နှံ။ ။ 'ဘယ်လို ဖန်တီးရမှာလဲ ဒေါ်ဒေါ်'

ဆွေ။ ။ 'ဖန်တီးဆို တခြား ဟုတ်ရိုးလား၊ မောင်လူမော်ကို ယူလိုက်ရုံပေါ့'

နှံ။ ။ 'စဉ်းစားပါရစေဦး ဒေါ်ဒေါ်'

ဆွေ။ ။ 'ကြာကြာတော့ မစောင့်နိုင်ဘူးအေ့၊ ငါက စကားပြန်လိုက်တော့မှာပဲ'

ဤနည်းအားဖြင့် ဇွတ်တရွတ် တိုက်တွန်းဖန် များလတ်သော် မသက်နှံမှာ တဖြည်းဖြည်း နားဝင်စ ပြုလာ၏။ သို့သော် ခင်လေးဆွေ၏ စကားကို နားထောင်လိုက်ပါတော့မည်ဟု အောက်မေ့မိသည့် အခါတိုင်း မသက်နှံသည် ငယ်ကတည်းက ရရှိထားသော သာမြတ်၏ ဓာတ်ပုံနှင့်





လူမော်၏ ဓာတ်ပုံတို့ကို ထုတ်၍ နှိုင်းယှဉ် ကြည့်ရှုမိလေသည်။ အမှန်အတိုင်း ဖော်ပြရသော် မသက်နှံသည် ဖိုးခွေးအဖေမှ လွဲ၍ မည်သူနှင့်မျှ အိမ်ထောင်ကျလိုသော စိတ်ဆန္ဒ မရှိသည့်အလျောက် လူမော်နှင့် သာမြတ်တို့ နှစ်ယောက် အနက် မည်သူ့ကိုမှ ချစ်ကြိုက်လှပါသည်ဟု မဆိုနိုင်သော်လည်း လူမော်၏ ကျေးဇူးများသည် မသက်နှံ၏ စိတ်ကို အမြဲ မဲတင်းလျက် ရှိ၏။ သို့သော် လူမော်ကို ယူပါတော့မည်ဟု စိတ်ကူးမိသည့် အခါတိုင်း သာမြတ်အား သနားသောစိတ် ဖြစ်ပေါ်လာ၍ ၎င်းဓာတ်ပုံကို ထုတ်ယူ ကြည့်ရှုမိခြင်း ဖြစ်လေသည်။

တစ်နေ့သ၌ လူမော်သည် မိဘများထံမှ ကြေးနန်းတစ်စောင်ရ၍ မိမိ၏ နှမနှင့် သာမြတ်၏ နှမတို့ ရေနစ် သေဆုံးကြသည့် အဖြစ်အပျက်ကို သိရှိရသဖြင့် ဝမ်းနည်းသောမျက်နှာနှင့် မသက်နှံတို့ အိမ်သို့ လာရောက်ပြောပြ၏။ မသက်နှံက ကော်ဖီများ ဖျော်လျက် ရှိစဉ် လူမော်သည် သာမြတ်၏ လုယက်ခြင်းကို အသစ်လော၍ ပူပန် စိုးရိမ်လာသည့် လက္ခဏာနှင့် ခင်လေးဆွေအား မိမိတို့ကိစ္စကို အလောသုံးဆယ် တိုက်တွန်းပေးရန် ပူဆာလေ၏။

မသက်နှံမှာ အသက် ၂၆ နှစ် ရှိလာပြီဖြစ်၍ ၂၀ ကျော်စ အရွယ်ကကဲ့သို့ မြင်ရသူတိုင်း ငေးလောက်အောင် နုရည် ဖပ်ရည်နှင့်တကွ လှပတော့သည်ဟု မဆိုနိုင်ချေ။ ထို့ပြင် ကလေးတစ်ယောက် အမေ ဖြစ်ရသည် အတွက် မည်သည့်နည်းနှင့်မဆို အနည်းငယ်မျှ ဖြစ်စေ "ကျ" ထိုက်သည်လည်း မှန်ပေသည်။ ဆုတောင်းကောင်းသော မိန်းမတစ်ယောက် ဖြစ်၍ အသားအရေမှာ ၂၀ ကျော်စ အရွယ်ကနှင့် မခြားနားဘဲ ကျစ်လျစ် တောင့်တင်းလျက် ဖြိုးလိမ်း ဆင်ပြင်ပုံနှင့် ကိုယ်ဟန် အမူအရာများမှာ တစ်မျိုး သိုက်မြိုက်၍ ကျက်သရေ မင်္ဂလာ တိုးတက်လာသည် ဟူ၍ပင် တစ်ဖက်က ဆိုနိုင်ပြန်ပေသည်။ ယခုအရွယ်၌ပင် မြင်ရလျှင် မလိုချင်သူ ခပ်ရှားရှား ရှိသည်ဟု ဆိုနိုင်သော်လည်း တစ်ခါတစ်ရံ မြင်ရသူတို့ အဖို့မူ လူမော်နှင့်

သာမြတ်တို့ အခြေ၌ ရှိသော ယောကျ်ားများက တမ်းတမ်းစွဲ ဖြစ်လောက်အောင် မဟုတ်ဟူ၍ ဆုံးဖြတ်ကြပေလိမ့်မည်။ သို့သော် ငယ်ငယ်ကတည်းက အတူတကွ ကြီးပြင်းလာ၍ ငယ်ကတည်းက စွဲလမ်းလာခဲ့သော ယောကျ်ားများသည် မိမိတို့ စွဲလမ်းသော မိန်းမ၌ ရင့်ရော်ခြင်းတည်းဟူသော အထိမ်းအမှတ်များ ပေါ်ထွက်လာသည်ကို မမြင်နိုင်ဘဲ ရှိတတ်ကြလေသည်။ အရေးအကြီးဆုံးသော အချက်တစ်ခု ရှိသေးသည်ကား လူမော်သည် လည်းကောင်း၊ သာမြတ်သည် လည်းကောင်း မသက်နှံနှင့် တစ်ယောက်ချင်းသာ ရှိကြပါက ဤမျှလောက် တမ်းတမ်းစွဲ ခေါ်လောက်အောင် ရှိကောင်းမှ ရှိကြပေမည်။ ယခုမူ တစ်သက်ပတ်လုံး ပြိုင်တူ ပိုးပန်းခဲ့ကြ၍ ရသည့်အတွက် ဂုဏ်ယူခြင်းထက် မရသည့်အတွက် ရှက်သောစိတ်သည် အမြဲတိုက်တွန်းလျက် ရှိရကား မသက်နှံသည် ဤမျှမက ရုပ်ရည် "ကျ" သွားစေကာမူလည်း ဤလူနှစ်ယောက်မှာ လုကြဦးမည်ပင် ဖြစ်လေသည်။ ပြိုင်ဆိုင်ချင်သော စိတ်သည် လူများကို လှည့်စားတတ်ချေသည်တကား။

နောက်ဆုံး၌ မသက်နှံသည် ခင်လေးဆွေ၏ သဘောရိုးဖြင့် တိုက်တွန်းချက်ကြောင့် လူမော်နှင့် လက်ထပ်လိုက်တော့သည်။ သို့သော် ခင်လေးဆွေ အကြံပေးသည့်အတိုင်း ဖိုးခွေးအကြောင်းကို လျှို့ဝှက် ထိမ်ချန်ထားလိုက်ကြ၏။ ခင်လေးဆွေက ဤကဲ့သို့ အကြံပေးမိခြင်းမှာ အကြောင်းစုံသိရ၍ လူမော် စိတ်ပျက်သဖြင့် နောက်ဆုတ်သွားချေသော် လွဲချော်မည်စိုးရ၍ လွဲချော်ခြင်း မခံနိုင်သည့် အတွက်ပင် ဖြစ်လေသတည်း။

## အခန်း ၂၆

သာမြတ်သည် တောတက်ရာမှ ရန်ကုန်သို့ ပြန်ရောက်လာသောအခါ မသက်နှံနှင့် လူမော်တို့ မင်္ဂလာဆောင်နှင်းပြီးသော သတင်းနှင့်တကွ ရွာမှ ရောက်လာသော ဖခင်၏စာတွင် မိန်းကလေး နှစ်ယောက် သေဆုံးကြသော





သတင်းကိုပါ ကြားသိရလေ၏။ မင်္ဂလာသတင်းမှာ သာမြတ်အဖို့ အထူးအဆန်း မဟုတ်၊ မိမိ ကြိုတင် တွက်ချက်ထားသည့်အတိုင်း ဖြစ်၍ မအံ့ဩသော်လည်း မိန်းကလေး နှစ်ယောက်တို့၏ သတင်းမှာမူ ပက်လက်လန်မတတ် ဖြစ်မိလေတော့သည်။ နှမအတွက် ဝမ်းနည်းခြင်းမှာ ထုံးစံအတိုင်း ဖြစ်၍ ဝတ္ထုသွားအတွက် ပြောပလောက်အောင် မရှိချေ။ သို့ရာတွင် လူမော်၏ နှမ သေဆုံးရခြင်းအတွက်မှာမူ သာမြတ်၏ စိတ်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်သွား၏။ လူမော်နှင့် တုပြိုင် ပိုးပန်းခြင်း ကိစ္စ၌ မိမိ အရေးနိမ့်ရစေကာမူလည်း မိဘစကားကို နားထောင်သည်ဆို၍ တစ်နည်းအားဖြင့် အသားယူနိုင်စရာလမ်း ရှိသည့်ပြင် လူမော် ကိုယ်တိုင်ကလည်း မိမိနှင့် သမီး ယောက်ဖ ဖြစ်လာသောအခါ၌ မိမိအပေါ်တွင် အသားယူနိုင်သောစိတ် လျော့ပေါ့လိမ့်မည်ဟု မျှော်လင့်မိ၏။ ရှက်မိသောလူများသည် ဤနည်းအားဖြင့် ကြံဖန်ကာ အရှက်ပြေအောင် ဖြေကြရခြင်းမှာ ဓမ္မတာပင် ဖြစ်လေသည်။ ယခုမှာမူ သာမြတ်သည် လူမော်၏နှမ သေဆုံးသွားပြီဖြစ်၍ အရှက်ပြေအောင် စဉ်းစားရန် နည်းလမ်းတစ်ခု ပြုတ်သွားခဲ့လေပြီ။

သာမြတ်နှင့် လူမော်တို့သည် နေရာတကာတွင် ပြိုင်ဘက် ဖြစ်ခဲ့ကြသော်လည်း အနောက်တိုင်း ဝတ္ထုများကို ဖတ်ရ၍ ဂျင်းတဲလ်မင်း (Gentleman) အမူအရာမျိုး ဖော်ပြရန် နှစ်ယောက်လုံးပင် ကြိုးစားခဲ့ကြလေသည်။ သို့ဖြစ်၍ သာမြတ်သည် မြန်မာလူငယ် စိတ်ထား သက်သက်မျှသာ ရှိပါက လူမော်နှင့် မသက်နှံတို့ကို တတ်နိုင်သမျှ ရှောင်ကွင်းတော့မည် ဖြစ်လေသည်။ ယခုမှာ ဤကဲ့သို့ ပြုမူချေက နိုင်သော လူကို ရှုံးသူက ရှောင်ကွင်းသည် ဆို၍ သဘောထားသေးသည်ဟု စွပ်စွဲခြင်း မခံလိုသည် ဖြစ်သောကြောင့် သာမြတ်သည် တောမှ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် လူမော်တို့အိမ်သို့ ဂျစ်ကားနှင့် ထွက်လာခဲ့၏။

လူမော်နှင့် မသက်နှံတို့သည် ဝင်ဒါမီယာကုတ်အတွင်းရှိ အိမ်ကြီးတစ်ဆောင်၌ နေထိုင်လျက် ရှိကြရာ သာမြတ်သည် အိမ်ပေါ်သို့ ရောက်

သွားသည်နှင့် တစ်ပြိုင်နက် လူမော်တို့ လင်မယားအား 'ကွန်ဂရက်ကျူလေးရှင်း' ဆိုလျက် အားရပါးရ လက်ဆွဲ ကိုင်လှုပ်လေသည်။ လူမော်နှင့် မသက်နှံတို့သည် သာမြတ်၏ အပြုအမူကို နားလည်ကြသော်လည်း ခင်လေးဆွေမှုကား အံ့အားသင့်လျက် ငေးကြည့်နေမိလေတော့သည်။ ခင်လေးဆွေက သာမြတ်နှင့် တွေ့ရသော တစ်နေ့တွင် မိမိအား "အလိုတူ အလိုပါ" ဟူ၍ အပြစ်တင်ကာ စကားနာ ထိုးလိမ့်ဦးမည်ဟု စိတ်တနွေးနွေး ရှိနေမိရာ သာမြတ်၏ အမူအရာကို တွေ့ရ မြင်ရသော အခါမှ ရင်ထဲ၌ အေးသွားပေတော့သည်။ စင်စစ်အားဖြင့် သာမြတ်သည် ကြိုးစား၍ ဟန်လုပ်ရခြင်းမျှသာ ဖြစ်သော်လည်း ၎င်း၏ လှိုက်လှဲ ရွှင်ပျ အားရပါးရ ရှိသော အမူအရာကို မြင်ရသောအခါ၌ ခင်လေးဆွေက မိမိ ထင်သလို မသက်နှံကို အဟုတ်တကယ် ချစ်ကြိုက်ခြင်း မဟုတ်ချေတကား ဟူ၍ပင် ယူဆမိလေသည်။ သို့ဆိုလျှင်လည်း တော်ပါသေး၏ဟု ခင်လေးဆွေ စဉ်းစားမိ၏။ မသက်နှံမှာလည်း သာမြတ်၏ အမူအရာကြောင့် အနေအထိုင် ချောင်ချိသွားပေတော့သည်။

'တယ်ဆိုးတဲ့ လူတွေဗျာ၊ ကျုပ်ကိုတောင် မဖိတ်ကြဘူး'

'စစ်ဌာနကိုတော့ ဖိတ်စာ ပို့လိုက်ပါတယ်ဗျာ'

'ဟုတ်လား.... မရပေါင်ဗျာ၊ ရရင် လာမှာပေါ့'

'ရွာက အကြောင်းတွေကော ကြားပြီးပြီလား ကိုသာမြတ်'

'မြို့ ပြန်ရောက်မှ ကြားရတော့တာပါ၊ ခင်ဗျားကော သွားနိုင်သေးလား'

'မထူးပါဘူးဗျာ၊ အလောင်းတွေတောင်မှ မတွေ့တော့တဲ့ ဥစ္စာ'

အားလုံးသည် မျက်နှာညှိုးငယ်လျက် ရှိကြ၏။ သာမြတ်ကမူ ဖခင်ထံသို့ မိမိက ထည့်လိုက်သော စာအကြောင်းကို ပြောမပြတော့ချေ။ နောင်အခါ၌ လူမော် သိချင်လည်း သိလိမ့်မည်ဟု အောက်မေ့မိ၏။





'ကိုင်းဗျာ.... ဟိုတုန်းက မစားလိုက်ရတဲ့အတွက် ဘာများ ကျွေးကြမှာတုံးဗျာ၊ တောမှာတော့ ငတ်လိုက်တာဗျို့'

'စိတ်ချပါဗျာ.... ကျွေးပါ့မယ်'

အချိန်မှာ နေ့ခင်းဖြစ်၍ လူမော်သည် အစေခံတစ်ယောက်ကို တရုတ်ဟိုတယ်သို့ စေလွှတ်ပြီးနောက် ငါးမန်းတောင် အစရှိသည့် အဖိုးတန် စားစရာများ မှာယူ ကျွေးမွေးလေ၏။

အိမ်ပေါ်သို့ တက်လာစ အချိန်မှ ပြန်ဆင်းသော အချိန်တိုင်အောင် သာမြတ်၏ အမူအရာမှာ ရူအောင့် ပုပ်သိုးခြင်း ကင်းရှံသာမက ဉ်လေးယောက်အနက်တွင် အူအရွှင်ဆုံး ဖြစ်နေသည့်အတွက် လူမော်ကပင် စိတ်ထဲတွင် မချိုးမွမ်းဘဲ မနေနိုင်အောင် ရှိတော့သည်။ မသက်နှံက ကျေနပ်လိုက်ပုံမှုကား ပြောဖွယ်ရာ မရှိတော့ချေ။

သာမြတ်သည် လူမော်တို့ အိမ်မှ ဆင်းလာ၍ ပြည်လမ်းတစ်လျှောက်ဂျစ်ကား မောင်းလာစဉ် ကျောင်းသားကလေး တစ်စုသည် ဘောင်းဘီတို၊ စပို့ရှပ်၊ ရှူးဖိနပ် စသော အဝတ်များ ဆင်တူဝတ်လျက် နှစ်ယောက်တစ်တွဲ လျှောက်ကြ၍ ကျောင်းဆရာများက နံဘေးမှ စောင့်ကြပ် လိုက်ပါလာကြသည်ကို တွေ့ရ၏။ သူငယ်ကလေးများမှာ ၅ နှစ်၊ ၆ နှစ်သားမှ ၁၈ နှစ်သားတိုင် အရွယ် အစားစား ရှိကြ၍ အငယ်ဆုံးများက ရှေ့ဆုံးမှ လျှောက်ကြလျက် ကြီးစဉ်ငယ်လိုက်ဖြင့် နောက်ဆုံးမှ အကြီးဆုံးများက လိုက်ပါလာကြလေရာ သာမြတ်သည် မိမိ ကျောင်းသားအရွယ်က ပြုခဲ့ရပုံများကို သတိရသည်နှင့် စိတ်ဝင်စားစွာနှင့် ခပ်ဖြည်းဖြည်း မောင်းရင်း ကြည့်နေမိတော့သည်။ ထိုခဏ၌ သာမြတ်နောက်မှ မြင်းခွာသံများ ကြားရ၍ လူအများတို့ ဟစ်အော်သံများလည်း ပေါ်ထွက်လာလေရာ သာမြတ်သည် အသံကြားရာသို့ လှည့်ကြည့်လိုက်မိသည်တွင် မြင်းလှည်းတစ်စီးသည် မောင်းသူမပါဘဲ လမ်းကြီးတစ်လျှောက် ကဆုန်စိုင်းလာသည်ကို မြင်လိုက်ရ၏။ လမ်းနံဘေးရှိ ပလက်ဖောင်းပေါ်၌ လျှောက်လျက်ရှိသော ကျောင်းသားများသည်လည်း အသံ

ကြားရာသို့ လှည့်ကြည့်ကြရာ ကျောင်းဆရာများကလည်း သူငယ်များအား သတိပေးလျက် ရှိ၏။ မြင်းလှည်းနောက်၌ကား လူတစ်ယောက်သည် ကြာပွတ်တစ်ချောင်းကိုင်လျက် ပြေးလိုက်လာ၏။ မြင်းလှည်းသည် လမ်းမကြီး အတိုင်း ပြေးလာ၍ ကျောင်းသားများက ပလက်ဖောင်းပေါ်၌ ရှိကြသောကြောင့် ကိစ္စ မရှိသော်လည်း ကျောင်းဆရာများက သတိပေးလျက် ရှိကြလေသည်။ မြင်းလှည်းသည် လမ်းမကြီးပေါ်မှ ပြေးလာသည် ဆိုသော်လည်း သာမြတ်၏ဂျစ်ကားကြောင့် လမ်းနံဘေးသို့ သွေ့သွားလေရာ ကျောင်းသားများ အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြင်းလှည်းဘီးသည် ပလက်ဖောင်း အစွန်းနှင့် ငြိသွား၏။ ဤတွင် မြင်းသည် လန့်ပြေးလာခြင်း ဖြစ်၍ မျက်လုံးပြူး မျက်ဆန်ပြူး ရှိနေသည့်အတွင်း ဘီးတစ်ဖက် ငြိသွားသည့် အတွက် တိုး၍ လန့်သွားသဖြင့် ရုန်းမိ ရုန်းရာ ကလန့် ရုန်းလိုက်သည်တွင် စမုတ်တိုင်များ ကျွတ်ထွက် လွင့်စဉ်လျက် တစ်ဖက်တည်းသော ဘီးသာ ကျန်လေတော့သည်။ သို့နှင့်ပင် ရုတ်တရက် မရပ်သေးဘဲ ဆက်လက် ပြေးသွား၍ အရှိန် အနည်းငယ် လျော့သွားသောအခါမှ မြင်းလှည်းသမား မီလာ၍ ဇက်ကို ဆွဲနိုင်တော့သည်။

ထိုအတောအတွင်း မြင်းလှည်းဘီးမှ ကျွတ်ထွက် လွင့်စဉ်သွားသော စမုတ်တိုင် တစ်ချောင်းသည် ပလက်ဖောင်းပေါ်၌ ရှိသော ကျောင်းသားကလေး တစ်ယောက်ကို ထိမှန်သည်နှင့် သူငယ်ကလေးမှာ ခွေကျသွားတော့သည်။ သာမြတ်လည်း ကားကိုရပ်၍ မြင်းလှည်းသမားကို ကူညီမည် ပြုဆဲတွင် သူငယ်ကလေး တစ်ယောက် လဲသွားသည်ကို မြင်သည်နှင့် ၎င်းထံသို့ ပြေးလာရလေသည်။ ကျောင်းဆရာများသည် သူငယ်ကို ပွေ့ထူပေးကြစဉ် သာမြတ် ရောက်သွား၍ သေချာစွာ ကြည့်ရှုကြသည်တွင် ဒူးကို စမုတ်တိုင် ပွတ်မှန်သွားခြင်းဖြစ်ကြောင်း တွေ့ရ၏။ တည့်တည့် မှန်ခဲ့လျှင် ကျိုးကြေသွားလောက်သော်လည်း ပွတ်သွားခြင်းမျှသာ ဖြစ်သောကြောင့် အနည်းငယ် ပွန်းပဲ့၍ ခြေထောက်နဲ့ ဖြစ်သွားရုံထက် မပိုချေ။





သာမြတ်သည် ထိမှန်သော သူငယ်ကို ကျောင်းဆရာများနှင့်အတူ ဂျစ်ကားပေါ်သို့ ပွေ့တင်၍ ကျောင်းဆရာများနှင့်အတူ သူငယ်ကို ကျောင်းသို့ လိုက်ပို့ရ၏။ ဒဏ်ရာမှာ မကြီးကျယ်သောကြောင့် ဆေးရုံသို့ ပို့ရန် မလို ဆို၍ ကျောင်းဆေးခန်း၌သာ ဆေးထည့်ခြင်း၊ ကျပ်စည်းခြင်းကို ပြုလုပ်ပေးကြလေသည်။

သာမြတ်သည် သူငယ်ကို ကားပေါ်တွင် မိမိ အနီး၌ ထိုင်စေလျက် ကျောင်းသို့ မောင်းနှင်သွားစဉ် ကတည်းကပင် ထိခိုက်မိသော ဒဏ်ရာကြောင့် ကရုဏာ ဖြစ်ရုံသာမက မြင်လျှင်မြင်ချင်း ချစ်ခင် ကြင်နာသောစိတ် ဝင်လာ၍ သူငယ်၏ ဦးခေါင်းကလေးကို ကိုင်တွယ် ပွတ်သပ်ပေးမိ၏။ သူငယ်ကလည်း လူမြင်တိုင်း အရောတဝင် နေတတ်သော ဝါသနာ မရှိပါဘဲလျက် ဤလူကြီးက ယုယ ကိုင်တွယ်ခြင်းကိုမူ ကြည်ဖြူစွာ ခံနေ၏။ ကျောင်းဆေးခန်းသို့ ရောက်၍ ဆေးထည့်ပြီးသည့် နောက်၌ပင် သာမြတ်သည် ရုတ်တရက် မပြန်သေးဘဲ သူငယ်၏ မျိုးရိုးဇာတိကို မေးမြန်းမိသေး၏။

'လူကလေးရယ်၊ မင့်နာမည် ဘယ့်နှယ်ခေါ်သလဲ'

'အိမ်ကတော့ ဖိုးခွေး ခေါ်တယ်၊ ကျောင်းမှာတော့ အက်ဒွပ်ဆွေတဲ့ဗျ'

'မင်းအဖေ နာမည် ဘယ်သူ ခေါ်သလဲကွယ်'

'အဖေ့ နာမည်တော့ မသိဘူးဗျ'

'ဟေ .... ကိုယ့်အဖေ နာမည် ကိုယ် မသိဘူးလားကွယ်'

'မေမေက ပြောမထားဘူးဗျ'

'မင်းအဖေ ရှိတယ် ဟုတ်လား'

'အခု မရှိဘူးဗျ'

'ဘယ်သွားသလဲ'

'သေပြီလို့ ပြောတယ်'

'နို့ မင်း ဘယ်သူနဲ့ နေသလဲ'

'မေမေနဲ့ မမနဲ့ နေတယ်ဗျ'

'မင်း မေမေ နာမည် ဘယ်လို ခေါ်သလဲ'

'ဒေါ်ဆွေတဲ့ဗျ၊ ခင်လေးဆွေလို့လည်း ခေါ်သူက ခေါ်ကြတယ်'

သာမြတ်သည် မသက်နှံ၏ အဒေါ် ခင်လေးဆွေကို ချက်ချင်း သတိရသော်လည်း နာမည်တူသည် ဟူ၍သာ အောက်မေ့မိ၏။ မမ၏ နာမည်ကို မေးမိပါမူ စဉ်းစားစရာ ဖြစ်လာမည် မှန်သော်လည်း သူငယ်တစ်ယောက်၏ မမ အမည်ကို မမေးကောင်းသောကြောင့် မမေးမိသဖြင့် မသက်နှံ၊ ခင်လေးဆွေတို့ ဖြစ်ချေမည်လော ဟု စဉ်းစားဖို့အကြောင်း မဖြစ်ပေါ်လာချေ။ တစ်ကြောင်းမှာလည်း ခင်လေးဆွေအား အပျိုကြီး အဖြစ်နှင့်သာ သိခဲ့ရသဖြင့် အက်ဒွပ်ဆွေနှင့် ဆက်သွယ်ခြင်း ရှိလိမ့်မည်ဟု မည်သည့်နည်းနှင့်မျှ မထင်နိုင်ပေ။

မြန်မာတို့သည် "သွေး ပြောသည်" ဟူသော စကားကို အသုံးပြုတတ်ကြ၏။ သာမြတ်နှင့် အက်ဒွပ်ဆွေတို့ သားအဖ ဖြစ်ကြောင်းကို စာဖတ်သူတို့ သိကြပြီးဖြစ်ရာ ၎င်းတို့နှစ်ဦးတွင် "သွေးပြော" ခြင်းသည် ဟုတ်တန်လောက်ပေသည်။ စင်စစ်မှာ ဤစကားသည် အထင်နှင့် ပြောကြသည့် လက္ခဏာရှိသော်လည်း သဘာဝနှင့် ဆန့်ကျင်ကောင်းမှ ဆန့်ကျင်ပေမည်။ မည်သို့ပင် ဖြစ်စေ သာမြတ်နှင့် ဖိုးခွေးတို့သည် တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်ကြရသော အချိန်မှစ၍ ချက်ချင်းပင် မေတ္တာစိတ်ဆက်မိကြသည် ဖြစ်သောကြောင့် သာမြတ်သည် ပထမ၌ သူငယ်၏ ဒဏ်ရာအကြောင်းကို မေးမြန်း စုံစမ်းရန် ကျောင်းသို့ ရံဖန် ရောက်ရာမှ ခင်မင်သည်ထက် ခင်မင်လာခဲ့၍ သူငယ်အတွက် ဘောလုံး၊ ချော့ကလက်၊ အရုပ်ကားစသော စားစရာ ကစားစရာကလေးများ ယူဆောင်ကာ ကျောင်းသို့ နှစ်ရက်တစ်ခေါက်၊ သုံးရက် တစ်ခေါက် လာမိလေတော့သည်။ သူငယ်ကလည်း သာမြတ်ကို ခင်မင်နေပြီဖြစ်၍ သာမြတ် လာသော အချိန်များတွင် အခြားသူငယ်များနှင့် မကစားတော့ဘဲ ကျောင်းအဝ၌ ရှိသော သစ်ပင်ကြီးအောက်





မှ စောင့်မျှော် ကြိုဆိုနေရှာလေတော့သည်။ သာမြတ် ရောက်ချိန်၊ ခွဲချိန်တို့၌လည်း သားအဖ နှစ်ယောက်တို့သည် သားအဖမှန်း မသိဘဲလျက် ဖက်ယမ်းနမ်းရှုပ်ခြင်း ပြုတတ်ကြလေသည်။

အခြားသော သူငယ်များက 'ဟေ့ ....အက်ဒွပ်၊ မင်းနဲ့ ဘယ့်နှယ်တော်သလဲကွ' ဟု မေးကြသောအခါ ဖိုးခွေးသည် အဖြေမပေးဘဲ 'ဘာတော်တော်ကွာ' ဟု ပြန်ပြောလေ့ရှိသည်။ စင်စစ်မှာ သူငယ်သည် မိမိနှင့်တစ်စုံတစ်ရာ မတော်စပ်ဘဲလျက် ဤကဲ့သို့ ခင်မင် ရင်းနှီးစွာ နှုတ်ဆက်ခြင်းသည် နည်းလမ်းမမှန်သည့် အဖြစ်ကို နားလည်ဟန် တူ၏။ သို့သော်မအောင့်အည်းနိုင်သဖြင့် ပြုမိသည့် လက္ခဏာ ရှိပေသည်။

## အခန်း ၂၇

သာမြတ်သည် တောမှ ပြန်ရောက်စ အချိန်၌ လှမော်တို့ အိမ်သို့ မသွားလျှင် မကောင်းဆို၍ သွားခဲ့ဖူးသော်လည်း ထိုနောက်၌မူ ရောက်တော့သည် မရှိချေ။ မသက်နှံမူကား အလုပ်မှ နုတ်ထွက်လိုက်လေပြီ။ သာမြတ်သည် လှမော်နှင့် တွေ့ဆုံမိသော အခါများ၌ လှမော်က အိမ်သို့ အလည်အပတ်လာရန် ဝတ္တရားအတိုင်း ဖိတ်ခေါ်သော်လည်း သာမြတ်သည် ပထမအခေါက်မှာကဲ့သို့ အခေါက်တိုင်း ဟန်လုပ်ရန် ခဲယဉ်းမည့်အဖြစ်ကို သိ၍ မအားလပ်ခြင်းကို အကြောင်းပြလျက် 'အားလပ်တော့ လာမှာပေါ့ဗျာ' ဟူ၍ ပြန်ပြောလိုက်လေသည်။ နောက်ဆုံးအကြိမ် တွေ့ဆုံမိကြရာတွင် လှမော်က သာမြတ်၏ လက်ကို ကိုင်ဆွဲလျက် 'ကျေးဇူးတင်ပါတယ် သူငယ်ချင်း' ဟု ပြောလိုက်ရာ သာမြတ်မှာ နားမလည်သောကြောင့် အံ့အားသင့်လျက် ရှိ၏။

မော်။ ။ 'တစ်နေ့က ဘတော်ကြီးဆီက စာရပါတယ်ဗျ၊ အကျိုးအကြောင်းကို ကျုပ် သိရပါပြီ'

သာမြတ်လည်း နားမလည်တလည်နှင့် ငေးကြည့်နေသေးသည်နှင့် လူမော်က ဆက်လက်၍–

မော်။ ။ 'မိဘအပေါ်မှာ ဝတ္တရား နားလည်ပုံကတော့ သူငယ်ချင်းက ကျုပ်ထက် သာပေတာပေါ့ သူငယ်ချင်း'

မြတ်။ ။ 'ဩော်'

မော်။ ။ 'သမီးယောက်ဖ မတော်လိုက်ရပေမဲ့ ကျုပ်ကတော့ ကျေးဇူးတင်ပြီး ညီအစ်ကိုလို သဘောထားပါတယ် သူငယ်ချင်း'

သာမြတ်မှာ နှုတ်ဆိတ်လှသော လူတစ်ယောက် မဟုတ်သော်လည်း ထိုအချိန်တွင် လူမော်အား မည်ကဲ့သို့ ပြန်ပြောရမည် မသိသောကြောင့် အမ်းတမ်းတမ်း ဖြစ်နေတော့သည်။

မော်။ ။ 'ဘတော်ကြီးက အလုံးစုံ ဖွင့်ပြီး ရေးလိုက်ပါတယ်၊ သူငယ်ချင်း တွေ့ရင် ပြောလိုက်ပါတဲ့၊ သူ့မှာ သမီးတစ်ယောက် ဆုံးသော်လည်း သားတစ်ယောက် နောက်ထပ် ရတယ်လို့ အောက်မေ့ပါတယ်တဲ့'

မြတ်။ ။ 'ကျေးဇူးတင်ပါတယ်ဗျာ'

မော်။ ။ 'ဒီလို မဖြစ်ရလို့ရှိရင် ခင်ဗျားတို့ ကိစ္စက မသက်နှံနဲ့ ကျုပ်တို့ ကိစ္စထက်တောင် အလျင်ကျဦးမယ်လို့ ဘတော်ကြီးက ရေးလိုက်ပါကလား'

မြတ်။ ။ 'ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်'

သာမြတ်မှာ မသက်နှံနှင့် လွဲရသောကြောင့် ဖခင်၏ စကားကို နားထောင်လိုက်ရသည် ဟူ၍ လူမော်က မယူဆဘဲ မိမိက အလျင်ကျသည် ဟူ၍ လူမော် နားလည်သောကြောင့် ကျေနပ်မိ၏။ မသက်နှံနှင့် လူမော်တို့ လက်ထပ်ပြီးသည့်နောက်မှ မိဘစကားကို နားထောင်ခြင်း ဖြစ်သည်ဟု လူမော် ယူဆခဲ့လျှင် သာ၍ လူရေးညံ့ရာ ကျပေလိမ့်မည်။ လူမော်က ဤအကြောင်းကို ဖော်ထုတ်ပြောပြသည့် အတွက်လည်း ကျေနပ်မိပေသည်။

*





တစ်နေ့သ၌ လူမော်သည် မသက်နှံ မရှိခိုက်တွင် သော့တွဲကို ရုတ်တရက် ရှာမတွေ့သည်နှင့် မသက်နှံ အမြတ်တနိုးသိမ်းထားသော သေတ္တာကလေးကို ဖွင့်ကြည့်မိရာ သူငယ်ကလေးတစ်ယောက်၏ ဓာတ်ပုံတစ်ပုံကို ရ၏။ သို့သော် အရေးမကြီးလှဘဲ သေတ္တာကို ပြန်ပိတ်မည် ပြုသည်တွင် သူငယ်ကလေး၏ မျက်လုံးကို ကွက်ခနဲ သတိရသည်နှင့် ဓာတ်ပုံကို ထုတ်ယူကြည့်ရှုလေ၏။ အလင်းရောင်သို့ ယူ၍ သေချာစွာ ကြည့်မိသောအခါ သူငယ်၏ မျက်လုံးများသည် မသက်နှံ၏ မျက်လုံးနှင့် တူလှသည်ဟု လူမော် ထင်မိသောကြောင့် ထပ်လောင်း၍ သေချာစွာ ကြည့်ပြန်၏။ ထိုအခါတွင် မျက်လုံးသာမက ပါးစပ်လည်း တူလှသည်ဟု လူမော် ထင်မိပြန်လေသည်။ သို့ရာတွင် လူမော်သည် သိလိုသောစိတ်မှ တစ်ပါး မသင်္ကာသော စိတ်မျိုး ဖြစ်ပေါ်သည် မဟုတ်သောကြောင့် သော့တွဲကို အခြား တစ်နေရာ၌ တွေ့သောအခါတွင် ဗီရိုမှ အလိုရှိသော ပစ္စည်းများကို ထုတ်ယူ၍ ရုံးသို့ သွားလေ၏။

လူမော် သည်အကြောင်းကို အမှတ်မထားသောကြောင့် မသက်နှံအား ရုတ်တရက် မမေးမိဘဲ နှစ်ရက် သုံးရက် ကြာသောအခါမှ သတိရသည်နှင့်–

'မသက်နှံမှာ တူများ ရှိသလား'

'တူကလေးတစ်ယောက် ရှိတယ်၊ ဘာကြောင့်လဲ ကိုလူမော်'

'ကျုပ်ကလည်း ဒီလို ထင်တာပါပဲ၊ ဘာကြောင့်မှ မဟုတ်ပါဘူး၊ တစ်နေ့က သော့တွဲ ရှာမတွေ့လို့ မသက်နှံရဲ့ သေတ္တာထဲ ဖွင့်ကြည့်လိုက်တော့ ဓာတ်ပုံကလေးတစ်ပုံ တွေ့မိလို့ပါ'

'ဟုတ်တယ် ကိုလူမော်၊ မောင်တစ်ဝမ်းကွဲ မောင်အုံးဖေက သူ့သား ဓာတ်ပုံကလေး တစ်နေ့က ပို့လိုက်လို့ သေတ္တာထဲ ထည့်သိမ်းထားတယ်'

'တကယ်ဗျာ မသက်နှံနဲ့ တူလိုက်တာ၊ ဟော ဘာဖြစ်တာလဲဗျို့'

ထိုခဏ၌ အခြားအခန်းမှ ညောင်ရေအိုးကို ပန်းသစ်များ လဲထည့်

လျက်ရှိသော ခင်လေးဆွေ လက်ထဲမှ ဖန်ညောင်ရေအိုး လွှတ်ကျသွားသဖြင့် ကြမ်းပေါ်သို့ ခွမ်းခနဲ ကျကွဲသွားသော အသံ ပေါ်ထွက်လာသောကြောင့် ဖြစ်လေသည်။ အဘယ်ကြောင့် လက်မှ လွှတ်ကျသွားရသည်ကို မသက်နှံ ရိပ်မိသော်လည်း လူမော်ကမူကား 'အိမ်ထောင်ဖြုန်းမကြီးပဲ၊ ဒါကြောင့် ယောကျ်ား မရနိုင်တာ ထင်ပါရဲ့' ဟု ပြုံးရယ်ကာဖြင့် မသက်နှံအား တီးတိုး ပြောလိုက်မိသေးသည်။ မသက်နှံကမူ အဖြေပေးဖို့ အသင့်ပြင်ဆင်ပြီး ဖြစ်ပါလျက်နှင့်ပင် မျက်နှာ မထားတတ်သည်နှင့် ခင်လေးဆွေထံသို့ 'ခိုက်မိသွားသေးလား ဒေါ်ဒေါ်' ဆိုကာ ပြေးသွားသေး၏။ ထို့နောက်မှ မသက်နှံ ပြန်လာ၍–

'ကျွန်မနဲ့ ဘယ်နေရာများ တူလို့လဲ ကိုလူမော်ရယ်'

'ပြစမ်းပါဦး ဓာတ်ပုံ၊ ကျုပ် ပြပါဦးမယ်'

မသက်နှံမှာ ဓာတ်ပုံကို ထုတ်ပြရတော့သည်။ လူမော်လည်း ဓာတ်ပုံကို ကိုင်ကြည့်လျက်–

'မျက်လုံးနဲ့ ပါးစပ်က သိပ်တူတာပဲ မသက်နှံ၊ ဒေါ်ဒေါ်ဆွေ .... ဒီ ခဏလောက် လာပါဦး ခင်ဗျာ'

ခင်လေးဆွေ ရောက်လာ၏။ သို့သော် မသက်နှံ၏ မျက်နှာကို မကြည့်ဝံ့ဘဲ မျက်နှာလွှဲထားကြသည်။

မော်။ ။ 'ကိုင်းဗျာ ကြည့်စမ်းပါဦး၊ မသက်နှံနဲ့ မတူဘူးလား ဒေါ်ဒေါ်ဆွေ'

ဆွေ။ ။ 'ကြံကြံစည်စည် မောင်ရယ်၊ တစ်စက်မှ မတူပါဘဲလား'

မော်။ ။ 'တူပါတယ် ခင်ဗျာ၊ နှာခေါင်းနဲ့ နဖူးကလည်း ကျွန်တော် မြင်ဖူးသလိုလို'

ဆွေ။ ။ 'မသက်နှံနဲ့ တူတာပဲလား၊ မောင့်ဟာက လွန်လွန်းပြီ'

မော်။ ။ 'နှာခေါင်းနဲ့ နဖူးကတော့ မသက်နှံနဲ့ မတူပါဘူး၊ မျက်လုံးတွေကဖြင့်ဗျာ တကယ့်ချွတ်စွပ်ပဲ၊ တူလိုက်တာမှ လွန်ရော'





ဆွေ။ ။ 'တူချင်လည်း တူမှာပါ့လေ၊ မောင်တစ်ဝမ်းကွဲက မွေးတာကိုး'

မော်။ ။ 'ကိုအုံးဖေ ဆိုတာ ကျုပ် မမြင်ဖူးပါကလား'

ဆွေ။ ။ 'ဘာ မြင်ဖူးမလဲ၊ မန္တလေးမှာ နေတာကိုး'

လူမော်မှာ မသက်နှံ၏ ဆွေမျိုးစာရင်းကို မသိသောကြောင့် ဟုတ်လိမ့်မည် ယုံကြည်၍ စိတ်ထဲ၌ မည်သို့မျှ မရှိသေးချေ။ တူတစ်ဝမ်းကွဲတစ်ယောက်က အရီးတစ်ယောက်ကို ဤမျှလောက် တူရချေသလော ဟူ၍သာ အံ့ဩမိလေသည်။ သို့သော် မင်ဒလီဇမ်း ပညာအရ သုံးလေးဝမ်းကွဲသော်လည်း တူချင် တူနိုင်သည်ဟု ကြားရဖူးသောကြောင့် မယုံကြည်နိုင်လောက်အောင် မအံ့ဩလှချေ။

မသက်နှံသည် ဖိုးခွေး၏ ဓာတ်ပုံနှင့် မိန်းမတို့ နှစ်သက် မြတ်နိုးတတ်သည့် တိုလီမိုလီ ပစ္စည်းများကို သေတ္တာကလေးထဲတွင် အခါခပ်သိမ်း သော့ခတ်ထားလျက် ရှိပါလျက် ထိုနေ့တွင်မှ သော့ခတ်ရန် မေ့နေမိသည့်အတွက် အံ့ဩမိ၏။ မသက်နှံမှာ ဖိုးခွေးကို အလွန်ချစ်သော်လည်း တစ်လတစ်ကြိမ်မျှလောက်သာ တွေ့မြင်ခွင့် ရသည့်အတွက် ဓာတ်ပုံကလေးကို မိခင်တို့ ဓမ္မတာအတိုင်း အလွမ်းပြေ ထုတ်ကြည့်နိုင်စေရန် အိမ်ထောင်ကျခါနီး အချိန်၌ တမင် ရိုက်ကူး သိမ်းဆည်းထားခြင်း ဖြစ်လေသည်။ သာမြတ်နှင့် လူမော်တို့၏ ကျောင်းသားဘဝ ဓာတ်ပုံများကိုမူ လူမော် အထင်မလွဲစေခြင်းငှာ ခင်လေးဆွေ၏ သေတ္တာသို့ ပြောင်းရွှေ့ ပေးထားလိုက်လေပြီ။

တစ်နေ့သ၌ မသက်နှံသည် သေတ္တာကလေးထဲ၌ လိုချင်သော ပစ္စည်းတစ်ခု ရှိသည်နှင့် သေတ္တာကလေးကို ဖွင့်ယူရာတွင် ဖိုးခွေး၏ ဓာတ်ပုံကို မြင်ရ၍ မိခင်တို့၌ တစ်ခါတစ်ရံ ဖြစ်ပေါ်တတ်သော သဘာဝအတိုင်း ဖိုးခွေးကို သတိရလာ၍ ရင်ထဲ၌ ဆို့သွားပြီးလျှင် နမ်းရှုပ် ပွေ့ဖက်ချင်သော ဆန္ဒ ပြင်းထန်စွာ ပေါ်ပေါက်လာ၏။ မိခင်တစ်ယောက်သည် ရင်ခွင်၌ နို့စို့လျက် သားငယ်ကို ဖြစ်စေ၊ သူ့အလိုအလျောက် ကစားနေသော ရင်သွေးကို ဖြစ်စေ ရုတ်တရက် ငုံ့၍ နမ်းရှုပ်တတ်ခြင်းကို တွေ့မြင် ဖူးကြပေလိမ့်

မည်။ မိခင်တစ်ဦးက ကျောင်းသို့သွားနေသော သားငယ်ကို မျှော်ကြည့်လျက် ရှိရာမှ ထိုစိတ်မျိုး ပေါ်ပေါက်လာ၍ သားနောက်သို့ ပြေးလိုက် နမ်းရှုပ်သည် ဖြစ်စေ၊ တစ်ဖန် ခေါ်ယူ နမ်းရှုပ်သည် ဖြစ်စေ ပြုသည်များကိုလည်း မြင်ရဖူးလေသည်။ ထိုကြောင့်လည်း မေတ္တာအပေါင်းတို့တွင် မိခင်၏ မေတ္တာသည် အကြီးဆုံးဖြစ်သည်ဟု ပြောကြရလေသည်။ ကိုယ်ကျိုးမပါဘဲ တမင်သက်သက် တစ်ဖက်သတ် ဖြစ်ပေါ်ရသော မေတ္တာတော်ကြီးပေတည်း။

မသက်နှံသည် လူကိုယ်တိုင် ဖက်ယမ်း နမ်းရှုပ်ခွင့် မရသည်နှင့် ဓာတ်ပုံကို နမ်းချင်လာ၍ လူမော်ဘက်သို့ လှမ်းကြည့်လိုက်ရာ လူမော်မှာ ပက်လက်ကုလားထိုင်ပေါ်တွင် အခြားဘက်သို့ မျက်နှာမူလျက် ထိုင်နေသည်ကို တွေ့ရ၏။ ဤတွင် မသက်နှံသည် လစ်သည်ဆို၍ ဖိုးခွေး၏ဓာတ်ပုံကို နှစ်ချက် သုံးချက် နမ်းရှုပ်ပြီးမှ လိုချင်သောပစ္စည်းကို ထုတ်ယူကာ သေတ္တာကို ပိတ်ထားလိုက်လေ၏။

ထိုနေ့ညနေ၌ လူမော်သည် ရုံးမှ ပြန်လာပြီးနောက် မသက်နှံ အလစ်တွင် သေတ္တာကလေးကို ဖွင့်စမ်းရာ သော့ခတ်ထားသောကြောင့် ဖွင့်မရချေ။ ထို့နောက် ညစာ စားပြီးကြ၍ ဆိုဖာပေါ်၌ ဆေးလိပ် ကိုယ်စီ သောက်လျက် ရှိကြစဉ်–

မော်။ ။ 'မသက်နှံ ကျုပ် တစ်ခု မေးချင်တယ်၊ မှန်မှန် ပြောမှာလား'

နှံ။ ။ (လန့်သွားသော်လည်း မျက်နှာ မပျက်စေဘဲ) 'ဘာလဲ ကိုလူမော်'

မော်။ ။ 'မှန်မှန် ပြောပါမယ်လို့ ကတိပေးနိုင်သလား'

နှံ။ ။ 'လင်နဲ့ မယားပဲရှင်၊ မှန်မှန် ပြောမှာပေါ့'

မော်။ ။ 'လင်နဲ့ မယားပေမဲ့ မှန်မှန် မပြောနိုင်တဲ့ ကိစ္စတွေ ရှိတယ် မသက်နှံ'

နှံ။ ။ 'ဒါတော့ လင်လုပ်တဲ့လူက ကတ်ကတ်သတ်သတ် မေးခွန်းမျိုးတွေ လျှောက်မေးရင်တော့ ဘယ်မိန်းမမှ ပြောမှာ မဟုတ်ဘူးပေါ့ရှင်'





မော်။ ။ 'ဘယ်လို ကတ်ကတ်သတ်သတ်လဲ'

နှံ။ ။ 'ဥပမာ လင်ယောကျ်ားက မယားကို အပျိုတုန်းက ဘယ်သူနဲ့ ကြိုက်ခဲ့ဖူးသလဲ၊ စိတ်ထဲကမှ မပြစ်မှားဖူးဘူးလား ဆိုတာမျိုးတွေ မေးရင်တော့ လိမ်ပြောကြမယ့် မိန်းမချည်းပေါ့ရှင်၊ ဘယ်သူ မှန်မှန် ပြောမှာလဲ'

မော်။ ။ 'ဪ ဒီလိုလား၊ ဒီလောက် ကတ်ကတ်သတ်သတ်ကြီးတော့ မေးတဲ့လူက မမေးထိုက်ပါဘူး မသက်နှံ'

နှံ။ ။ 'ဒီလိုဟာမျိုး မဟုတ်ရင်တော့ မေးပါရှင်၊ မှန်မှန် ဖြေပါ့မယ်'

မော်။ ။ 'ကောင်းပြီ၊ ဟိုသေတ္တာကလေးထဲက ဓာတ်ပုံဟာ မသက်နှံရဲ့ တူ ဟုတ်ရဲ့လား'

နှံ။ ။ 'ဟုတ်ပါတယ်ရှင်၊ ဒေါ်ဒေါ်ကို မေးကြည့်ပါတော့၊ ပို့လိုက်တာတောင် တယ် မကြာသေးပါဘူး'

မော်။ ။ 'ဒေါ်ဒေါ်တော့ မမေးပါဘူးလေ၊ မသက်နှံဖြေရင် ကျေနပ်ပါပြီ၊ ဒါထက် နေပါဦး မသက်နှံရယ်၊ တူကလေး တစ်ယောက်ကို ဒီလောက်ပဲ ချစ်ရသလား'

နှံ။ ။ 'ကျွန်မက ဘယ်လောက် ချစ်နေလို့လဲရှင်၊ တူကလေး ဓာတ်ပုံကို အမြတ်တနိုး သိမ်းထားတာလောက်တော့ လူတိုင်း လုပ်ကြတယ် ထင်ပါရဲ့'

မော်။ ။ 'သိမ်းတာတော့ သိမ်းကြမှာပေါ့လေ၊ ခဏခဏတော့ ဘယ်သူမှ ထုတ်နမ်းနေမယ် မထင်ပါဘူး'

နှံ။ ။ 'ကျွန်မက ခဏခဏ နမ်းနေလို့လား'

မော်။ ။ 'နမ်းမယ် ထင်တာပဲ၊ ဒီကနေ့ မနက်တောင် နမ်းသေးတယ် မဟုတ်လား'

မသက်နှံမှာ မျက်နှာ မပျက်အောင် ကြိုးစားသော်လည်း မျက်နှာ နီခနဲ ဖြစ်သွားသည်ကို လူမော် မြင်လိုက်ရ၏။

နှံ။ ။ (ပြုံးရယ်လျက်) 'သြော် ဟုတ်ပါလိမ့်မယ်၊ မနက်တုန်းက သေတ္တာထဲက ကြယ်သီး ထုတ်ယူရင်း ကြုံတာနဲ့ တစ်ချက် နမ်းလိုက်မိတယ်၊ ကျွန်မ တူကလေးက ချစ်စရာကလေး မဟုတ်ဘူးလား ကိုလူမော်'

မော်။ ။ 'ချစ်စရာကလေးဆို မသက်နှံနဲ့ သိပ်တူတာပဲကိုး၊ ကိုယ်နဲ့ တူတဲ့လူ ဆိုတာ ချစ်တတ်တာမျိုး ထင်ပါရဲ့'

မသက်နှံသည် လူမော်၏မျက်နှာကို လှမ်းကြည့်ကာ အကဲခတ် လိုက်ရာ လူမော်မှာ ရိုးရိုးပင် မေးမြန်းနေသော မျက်နှာထား ရှိသည်ကို တွေ့ရ၏။ မသက်နှံက မိမိနှင့် ဖိုးခွေးအကြောင်းကို သိထားပြီးဖြစ်၍ ညဉ်း စစ်နေခြင်းပေလောဟု အကဲခတ်ခြင်း ဖြစ်ရာ ထိုကဲ့သို့ မဟုတ်ခြင်းကို သိရ၏။

မော်။ ။ 'နမ်းတာမှ တစ်ချက် မကပေါင်ဗျာ၊ သုံးကြိမ်တောင် နမ်း ပါတယ်'

မသက်နှံမှာ မျက်လုံးပြူးသွား၏။ သို့သော် ခပ်ပြုံးပြုံး မျက်နှာ ထားဖို့ ကြိုးစားလေသည်။ ဘယ်ကဲ့သို့ သိသွားလေသည်ကို စဉ်းစား၍လည်း မရ၊ မေးလည်း မမေးဝံ့ချေ။

မော်။ ။ (ရယ်မောလျက်) 'ကျုပ် ဘယ်လို သိသလဲ သိချင်မှာပေါ့၊ ဒါ စဉ်းစားနေ မဟုတ်လား'

မသက်နှံလည်း ဆိတ်ဆိတ်နေ၏။

မော်။ ။ 'စဉ်းစားမနေပါနဲ့.... အလွယ်ကလေးပါ၊ ကျောခိုင်း ထိုင်နေ ပေမယ့် မှန်ရိပ်ထဲမှာ ပေါ်နေတယ် မသက်နှံ'

နှံ။ ။ 'ဟား....ဟား....ဟား တယ်တော်တဲ့ စုံထောက်ကြီးပါလား'

မော်။ ။ 'ကျုပ်က တမင် စုံထောက်နေတယ် မထင်ပါနဲ့ မသက်နှံ၊ မတော်တဆ ဖြစ်သွားတာပါ'

ထိုခဏ၌ နောက်ဖေးဆောင်မှ ခင်လေးဆွေ ထွက်လာ၍ မသက်နှံက





တူကလေး၏ ဓာတ်ပုံကို မိမိ နမ်းရှုပ်နေခိုက် ကိုလူမော် မြင်သွား၍ စစ်ဆေး သဖြင့် အစစ်ခံနေရကြောင်းများနှင့် ရယ်ကာမောကာ ပြောပြသည်တွင် လူမော်မှာ ဟုတ်လောက်သည်ဟု ယူဆသွားလေတော့သည်။

## အခန်း ၂၈

အင်္ဂလိပ်လဆန်း ၁ ရက်နေ့တွင် မသက်နှံသည် ဖိုးခွေး၏ ကျောင်းသို့ သွားနေကျအတိုင်း သွား၍ ကျောင်းလခ၊ ဘော်ဒါခမှစ၍ ပေးရန်ရှိသည် များကို ပေးပြီးနောက် ဖိုးခွေးကို ပွေ့ဖက် နမ်းရှုပ်လျက်ရှိစဉ် လောက၏ ထုံးစံအတိုင်း မဖြစ်စေလိုသော အဖြစ်သည် ဖြစ်သွားခဲ့လေပြီ။ မတွေ့လိုသော လူနှင့် တွေ့ဆုံခြင်း၊ တွေ့ချင်လှ၍ တမင် လိုက်ရှာသောလူနှင့် လွဲမိအောင် လွဲခြင်းတည်းဟူသော အခြင်းအရာများသည် ရံဖန် ဖြစ်တတ်ခြင်းကို လူတိုင်း ကြုံဖူးကြပေလိမ့်မည်။ လူမော်သည် ထိုနေ့က ဝန်ကြီးချုပ် အနည်းငယ် နေမကောင်းသဖြင့် ရုံးသို့ မလာနိုင်ဘဲ ရှိရာတွင် လူမော်နှင့် တိုင်ပင်ရန် ကိစ္စရှိသည်ဟု တယ်လီဖုန်းနှင့် ပြောလိုက်သောကြောင့် ဝန်ကြီးချုပ်၏ အိမ်သို့ ကျောင်းလမ်းမှ မောင်းသွား၍ မသက်နှံတို့ သားအမိ နှစ်ယောက် နမ်းရှုပ်နေကြခြင်းကို ကားပေါ်မှ မြင်သွားလေသည်။ လူမော်သည် သူငယ် ကို ကားပေါ်မှ ကြာရှည်စွာ ကြည့်ဖို့ အချိန်မရသော်လည်း ရိပ်ခနဲ မြင်လိုက် ရုံနှင့်ပင် ဓာတ်ပုံထဲမှ သူငယ်ဖြစ်ကြောင်း သိသွားခဲ့လေပြီ။ ဓာတ်ပုံကို စိတ်ဝင်စားစွာနှင့် သေချာစွာ ကြည့်ထားဖူးသော လူမော်အဖို့မှာ ထိုအခြင်း အရာသည် အံ့ဩဖွယ် မဟုတ်ပါပေ။

ထိုညနေ၌ လူမော် ရုံးဆင်းလာသောအခါ မသက်နှံသည် လူမော်၏ မျက်နှာကို တစ်ချက်မြင်လိုက်ရုံမျှနှင့် တစ်စုံတစ်ခု ဖြစ်လာခဲ့ပြီဟု ရိပ်မိ တော့သည်။ လူမော်၏မျက်နှာမှာ သုန်မှုန်နေခြင်းကား မဟုတ်၊ မရွှင်စဖူး အထူး ရွှင်ပျလျက် ရှိ၏။ သို့သော် သွေးရိုးသားရိုး ရွှင်ပျခြင်း မဟုတ်၊

တမင် ဟန်လုပ်၍ ရှင်နေခြင်း ဖြစ်သည်ဟု မသက်နှံက အကဲခတ်နိုင်လေသည်။ မသက်နှံသည် ခင်လေးဆွေ၏ မျက်နှာကို လှမ်းကြည့်လိုက်သောအခါ မိန်းမကြီးသည်လည်း ဤနည်းအတိုင်း အကဲခတ်မိသည်နှင့် နှစ်ဦးလုံး တုန်လှုပ်လျက် ရှိကြလေသည်။ ညစာ စားကြသောအခါ၌ လူမော်မှာ ရှင်ချည် တစ်ခါ၊ မှုန်ချည် တစ်လှည့် ဖြစ်နေ၍ အရိုး မပါသော ဟင်းအိုးများကို အရိုး ပါဘိသကဲ့သို့ တစ်ချက် တစ်ချက် လွင့်ပစ်လိုက်၏။ လက္ခဏာမှာ ဝမ်းထဲ၌ ဗလုံဆန်နေသောကြောင့် ဘာလုပ်မိသည်ဟု သိဟန် မတူချေ။ တစ်ခါ၌ ကြက်ရိုးကို ဟင်းရွက်ကဲ့သို့ ငါးပိရည်နှင့် မြုပ်စားမိသောကြောင့် ထွေးပစ်လိုက်ရ၏။ ထမင်းစားပြီးသော အခါ၌ကား ဗုန်းပေါက်ကွဲလေပြီ။

မော်။ ။ 'မသက်နှံ တူကလေး ကျောင်းပို့ထားတာ ဘယ်လောက်ကြာပြီလဲ'

နှံ။ ။ 'ရန်ကုန် ရောက်ကတည်းကပါပဲ'

မော်။ ။ 'မသက်နှံတို့နဲ့ အတူတူ ပါလာတာလား'

နှံ။ ။ 'ဟုတ်ပါတယ်'

မော်။ ။ 'ဒါဖြင့် ကျုပ်ကို ဘာကြောင့် မပြောတာလဲ'

ဆွေ။ ။ 'ဒေါ်ဒေါ်က မပြောနဲ့ဦးလို့ ပြောထားမိလို့ပါ မောင်ရယ်'

မော်။ ။ 'ဘယ်တော့မှ ပြောပြမယ်လို့ ကြံရွယ်ပါသလဲ'

နှံ။ ။ 'တစ်နေ့နေ့တော့ ပြောရမှာပါပဲ'

မော်။ ။ 'သူ့ကျောင်းစရိတ်ကို သူ့အဖေက ထောက်နိုင်သလား'

နှံ။ ။ 'မထောက်နိုင်ပါ'

မော်။ ။ 'ဒါဖြင့် ကျုပ်တို့ပိုက်ဆံနဲ့ ကျောင်းထားရတယ် ဆိုပါတော့'

နှံ။ ။ 'ကျွန်မ အလုပ် လုပ်တုန်းကတော့ ကျွန်မ ပိုက်ဆံနဲ့ပေါ့'

မော်။ ။ 'အခုတော့ ကျုပ် လခထဲကပေါ့'

နှံ။ ။ 'ဟုတ်ပါတယ်'





မော်။ ။ 'ကျုပ်ပိုက်ဆံနဲ့ဆိုရင် ကျုပ်ကိုတော့ အသိပေးဖို့ ကောင်းတယ် မဟုတ်လား'

နှံ။ ။ 'မှန်ပါတယ်၊ ဒါ ကျွန်မတို့ အပြစ်ပါ'

ဆွေ။ ။ 'သူ့အပြစ် မဟုတ်ဘူး မောင်၊ ကျုပ် အပြစ်ပါပေ'

လူမော်သည် စီးကရက်သောက်ကာ စဉ်းစားနေပြီးနောက်–

နှံ။ ။ 'ဒီကလေးကို ဘာကြောင့် ဘော်ဒါ ထားရသလဲ၊ ကျုပ်နဲ့ မရခင် ဘာကြောင့် အိမ်မှာ မထားသလဲ'

ဆွေ။ ။ 'ဒါကတော့ အသွားအပြန် ကားစရိတ်နဲ့ ဘာနဲ့ဆိုတော့ သိပ် မထူးဘူးဆိုပြီး ဘော်ဒါ ထားလိုက်တော့တာပဲ မောင်ရယ်'

မော်။ ။ 'ကျောင်းစရိတ် ဘယ်လောက်လဲ'

နှံ။ ။ 'တစ်လ ၁၀၀ ကျပ်လောက်ပါပဲ'

မော်။ ။ 'ဒါနဲ့တောင် ဟိုတုန်းက ဘော်ဒါထားတယ်လား'

နှံ။ ။ 'အိမ်ထောင် မရှိတဲ့ အပျိုကြီးတွေမှာ ဒီ တူကလေး ကြီးပြင်းလာရင် အားကိုးရစေတော့ဆိုပြီး အရင်းအနှီးပြုတဲ့ သဘောနဲ့ ပညာသင်ပေးရပါတယ်'

လူမော်မှာ မသက်နှံ၏ စကားများကို မယုံတယုံ ရှိနေသော်လည်း ခင်လေးဆွေ ရှေ့တွင် ဤမျှထက် ပို၍ မေးစစ်ရန် မလျော်သောကြောင့် ဤမျှနှင့် ဆိုင်းထားလိုက်၏။ သို့ရာတွင် ဤကိစ္စကို စဉ်းစားတိုင်း မှုမမှန်ဟု သဘောရသောကြောင့် ထိုညဉ့်တွင် မသက်နှံအား တစ်ယောက်ချင်း ဆက်လက် စစ်ဆေးပြန်လေသည်။

ပထမ၌ မသက်နှံသည် ညနေက အစီအစဉ်အတိုင်း ဖြူးဖြောင့်စွာ အဖြေပေးနိုင်၏။

မော်။ ။ 'ဟုတ်တယ် ထားပါဦးတော့၊ ဒီအဖြစ်ကို ဒီလောက် လျှို့ဝှက်ထားတာတော့ ထူးဆန်းတယ် ထင်တယ် မသက်နှံ'

မသက်နှံလည်း ဆိတ်ဆိတ်နေ၏။

မော်။ ။ 'ဒီ တူကလေးအကြောင်းကို ကိုသာမြတ်ကော သိသလား'

နံ့။ ။ 'ပြောမပြဖူးပါဘူး'

မော်။ ။ 'ဘယ်သူ သိသလဲ'

နံ့။ ။ ''ဘယ်သူ့မှ ပြောမပြဖူးပါဘူး'

မော်။ ။ 'ဘယ့်နှယ်ကြောင့်လဲ'

နံ့။ ။ 'ကိုယ့်တူ ကိုယ် ကျောင်းထားပေးတာ လူတွေ လျှောက်ပြောပြဖို့ လိုသလား ကိုလှမော်'

မော်။ ။ 'ကိုသာမြတ်တို့ ကျုပ်တို့ လူရင်းတွေတော့ ဟိုတုန်းကတည်းက ပြောထိုက်ပါတယ် ထင်တယ်'

နံ့။ ။ 'စကား မစပ်မိတော့လည်း အခက်သားပဲ'

မော်။ ။ 'စကား မစပ်မိဘူးတော့ မပြောပါနဲ့၊ ကျုပ်က ဓာတ်ပုံတွေ့လို့ တောင် မေးသေးတာကပဲ'

မသက်နံ့လည်း မည်သို့မျှ ပြန်မပြောဘဲ စဉ်းစားနေတော့သည်။ ဖိုးခွေး ရှိနေကြောင်းကို ကိုလှမော် သိသွားပြီဖြစ်၍ ဤအကြောင်းကို မကြာခဏ စစ်ဆေးနေတော့မည် ဖြစ်သောကြောင့် ဟုတ်တိုင်းမှန်ရာ တစ်ခါတည်း ဖွင့်ပြောလိုက်ရလျှင် ကောင်းလိမ့်မည်လောဟု စဉ်းစားနေခြင်း ဖြစ်လေသည်။

မော်။ ။ 'ပြောစရာရှိ တစ်ခါတည်း ပြောလိုက်ပါ မသက်နံ့၊ မလုံတော့ ပေါ်ရင် မကောင်းဘူး ထင်တယ်'

ဖွင့်ပြောလိုက်ရလျှင် ကိုလှမော်သည် မည်ကဲ့သို့ ဖြစ်သွားမည်ဟု မသက်နံ့ အကဲမခတ်နိုင်ဘဲ ရှိ၏။ စိတ်ပျက်လိမ့်မည်ကား မှန်သည်။ သို့သော် မိမိ၏ အပြုအမူကို အပြစ်တစ်ခုဟု ယူဆမည်လော၊ အပြစ်ဖြစ်ခဲ့လျှင် ချမ်းသာပေးထိုက်သော အပြစ်တစ်ခု ဟူ၍ ယူဆမည်လော၊ အပြစ်တစ်ခု အနေဖြင့် ယူဆခဲ့လျှင် ချမ်းသာပေးသည်ဟု ဆိုစေကာမူလည်း မိမိအပေါ်၌ ဘယ်နံ့ရောအခါမှ လေးစားခြင်း ရှိနိုင်တော့မည် မဟုတ်သောကြောင့်





တစ်သက်ပတ်လုံး ပေါင်းသင်း နေထိုင်ရန် ခဲယဉ်းပေတော့မည်။ မိမိ လော်လည်ခြင်းကြောင့် မဟုတ်ဘဲ ငယ်ရွယ်သေးသည့်အတွက် ခင်လေးဆွေ၏ ဒုက္ခကို ကယ်မိကယ်ရာ နည်းလမ်းဖြင့် ကယ်ဆယ်ခြင်း တည်းဟူသော မိုက်မှားမှုဆို၍ အပြစ်လွှတ်ပါလျှင်မူကား တော်ပါသေး၏။ သို့သော် ကိုလှမော် အပေါ်မှ ဤမျှလောက် မျှော်လင့်ရန် ခဲယဉ်းလှပေသည်။ မည်သို့ပင် ဖြစ်စေ ကြာရှည်စွာ ဆက်လက် ဖုံးဖိထားရန် ဖြစ်နိုင်ဖို့ မရှိသည့် အတူတူ ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟ ပြောပြလိုက်ပါတော့မည်ဟု မသက်နံ့ ဆုံးဖြတ်လိုက်တော့သည်။

နံ့။ ။ 'မယား တစ်ယောက်ဟာ လင့်အပေါ်မှာ ဘယ်လို တာဝန်ရှိတယ်လို့ ယူဆပါသလဲ'

မော်။ ။ 'ဘယ်လို မေးတာလဲ မသက်နံ့'

နံ့။ ။ 'မယားက လင်ကို သစ္စာရှိရမယ် မဟုတ်လား'

မော်။ ။ 'ဟုတ်တာပေါ့'

နံ့။ ။ 'သစ္စာရှိတယ်ဆိုတာ ဘယ်အချိန်က စပြီး သစ္စာရှိထိုက်ပါသလဲ'

မော် ။ ။ 'ဩော် ဒါလား၊ ဒါကတော့ ကာမပိုင်ဖြစ်တဲ့ အချိန်က စလို့ပေါ့ မသက်နံ့'

နံ့။ ။ 'ဒီ့အလျင်ကကော'

မော်။ ။ 'မပိုင်သေးခင်တော့ ဘယ့်နှယ်လုပ်ပြီး မျှော်လင့်လို့ ဖြစ်ပေမလဲ'

နံ့။ ။ 'ကောင်းပြီ၊ ကျွန်မဟာ အပျိုစစ် မဟုတ်ဘူး ဆိုကြစို့၊ ရှင် ဘယ့်နှယ်ရှိမလဲ'

လှမော်လည်း အဖြေ မပေးသေးဘဲ စဉ်းစားနေပြီးမှ–

မော်။ ။ 'ဒါဖြင့် ဟိုသူငယ်ဟာ မသက်နံ့ရဲ့ သားပေါ့'

နံ့။ ။ 'ဟုတ်ပါတယ်'

မော်။ ။ 'ဟင် .... ဘယ်သူ့ ကလေးလဲ'

နံ့။ ။ ‘သူ့အဖေ ကျွန်မ မသိဘူး’
မော်။ ။ ‘ဘယ့်နှယ်ဟာလဲ မသက်နံ့’
နံ့။ ။ ‘တကယ်ကို ကျွန်မ မသိတာပါ’
မော်။ ။ ‘ကြားဖူးပေါင်ကွာ.... ဒါမျိုးဖြင့်’
နံ့။ ။ ‘နားထောင်၊ ကျွန်မ ပြောပြမယ်’

ဤတွင် မသက်နံ့သည် ခင်လေးဆွေ မကျန်းမာဘဲ နာတာရှည် ဖြစ်ခဲ့ရပုံများနှင့် ၎င်း၏ ဆေးဖိုးဝါးခအတွက် မိမိ ကိုယ်ကို ရောင်းခဲ့ရပုံများပါ စုံလင်စွာ ပြန်ပြောင်း ပြောပြလေ၏။ လူမော်သည် ပါးစပ် ဟောင်းလောင်းနှင့် နားထောင်နေပြီးနောက်–

မော်။ ။ ‘ကျုပ်တို့တစ်တွေက အနောက်တိုင်းဝတ္ထုတွေ ဖတ်ပြီး ဟီးရိုးဝင်းတို့၊ ဟီးရိုးတို့ ဖြစ်ချင်ကုန်ကြ ထင်ပါရဲ့၊ ဒီအတိုင်း အမှန်ပဲနော်’
နံ့။ ။ ‘တစ်လုံးမကျန် မှန်ပါတယ်’
မော်။ ။ ‘ဒီလိုဆိုရင် ကိုယ်ကသာ အိုခဲ့တယ်၊ စိတ်က မအိုခဲ့ဘူး ဆိုပါတော့’
နံ့။ ။ ‘ဟုတ်ပါတယ်’
မော်။ ။ ‘ဖြစ်မိတာကိုတော့ သိပ်ပြီး အပြစ်မဆိုနိုင်တော့ပါဘူး မသက်နံ့၊ သို့သော်လည်း အစကတည်းက ဖွင့်ပြောရင် ကောင်းတယ်’
နံ့။ ။ ‘ကျွန်မက ပြောပြချင်တယ်၊ ဒေါ်ဒေါ်က ဖျက်လွှန်းလို့’
မော်။ ။ ‘တယ်ခွကျတဲ့ အဒေါ်ကြီးပဲကိုး’

ခင်လေးဆွေကို အပြစ် ဆိုလိုက်ခြင်းအားဖြင့် မသက်နံ့သည် လူမော်၏ စိတ်ကို ရိပ်မိလေပြီ။

ထိုနေ့မှစ၍ လူမော်သည် မသက်နံ့အပေါ်၌ အမူအရာ ပြောင်းလဲ၍ အိမ်၌ ရှိနေစဉ်အခိုက်တွင် ယခင်ကကဲ့သို့ ရယ်လားမောလားဖြင့် စကားပြောခြင်း မရှိတော့ဘဲ မျက်နှာကြီးသုန်မှုန်လျက် ရှိ၏။ မသက်နံ့က လိုက်ရောသော်လည်း အမူအရာ ပြင်ဆင်တော့သည် မရှိချေ။





တစ်နေ့သ၌ သာမြတ်သည် တောတက်ရန် အလုပ် ရှိ၍ အိမ်သို့ ဝင်ရောက် နှုတ်ဆက်ရာ လင်မယား နှစ်ယောက်တို့၏ နေထိုင်ပုံကို အကဲမရသည်နှင့် တစ်စုံတစ်ခု ဖြစ်ကြဟန် တူသည်ဟု တွေးမိ၏။ သို့သော် အကြောင်းရင်း အစစ်အမှန်ကို တွေးဆရန်မှုကား မဖြစ်နိုင်ချေ။

လူမော်သည် မသက်နံ့ ပြုလုပ် ပြောဆိုသမျှကို အကောင်းမထင်တော့ဘဲ အပြစ်သာ မြင်လေ့ရှိ၏။ အလုပ်များသည် ဆို၍ မိုးချုပ်မှ ပြန်လာသော နေ့များလည်း ခဏ ခဏပင်။ ထိုသို့သော ညများ၌ မူးယစ်လာ၍ ဘာမဟုတ်သည်များကို အပြစ်ဆိုလေတော့သည်။ မသက်နံ့ကမူ ပြည်တွန်တောက်တီးခြင်း မပြု၊ မိမိအား အပြစ်ဆိုခြင်းများကိုလည်း ကြိုးစား၍ သည်းခံ၏။ သို့ပါသော်လည်း စိတ်ထဲ၌မူ မိမိတို့ လင်မယားမှာ ကြာရှည်စွာ ပေါင်းသင်းဆက်ဆံ၍ မဖြစ်နိုင်တော့သည့် အကြောင်းကို ရိပ်မိလေပြီ။

တစ်ညသ၌ လူမော်သည် ခပ်ထိုထိုနှင့် ပြန်ရောက်လာ၍ ထမင်း မစားခဲ့ရသေးဆိုကာ ထမင်း ခူးခိုင်းသည်နှင့် မသက်နံ့နှင့် ခင်လေးဆွေတို့ပါ အစေခံများကို ကူညီ၍ ထမင်းပွဲ ပြင်ဆင်ပေး၏။ ပြင်ပြီးသည့်နောက် မသက်နံ့က ထမင်းစားဖို့ ခေါ်ရာ ငေါက်ပစ်လိုက်သည်နှင့် ကုပ်၍ ထိုင်နေရလေသည်။ မသက်နံ့မှာ မျက်နှာ ညှိုးငယ်လှလေပြီ။

လူမော်သည် ထမင်းစားပွဲတွင် ထမင်း တစ်လုတ် နှစ်လုတ်သာ စား၍ ထ လာပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် သုန်မှုန်လျက် ထိုင်နေ၏။ အိုက်ပုံရသည်နှင့် မသက်နံ့က လေယပ်ကို ဖွင့်ပေးရာ ‘နေစမ်းပါ၊ မလုပ်ပါနဲ့’ ဟု ငေါက်လိုက်သဖြင့် ပိတ်ထားလိုက်ရသည်။ ပြန်ချင်သောအချိန်မှ ပြန်၍ လုပ်ချင်ရာ လုပ်သည်ကို တစ်စုံတစ်ရာ မပြောဘဲ နှုတ်ဆိတ်စွာ နေသော မသက်နံ့အား မျက်စောင်းထိုးသော ကြည့်ခြင်းမျိုးမှတစ်ပါး အခြားနည်းဖြင့် မကြည့်တော့ချေ။

လူမော်သည် မသက်နံ့ကို မိမိအနီးသို့ ခေါ်၍ ထိုင်စေပြီးနောက် အရာရှိကလပ်၌ ကိုသာမြတ်နှင့် တွေ့ခဲ့ကြောင်း ပြော၍–

မော်။ ။ 'ကိုသာမြတ်တို့ကတော့ လှည်းကျိုးထမ်းတဲ့ နွားဆိုပြီး လူကို လှောင်နေကြမှာပေါ့'

နံ့။ ။ 'မပြောပါနဲ့ ကိုလူမော်၊ ကိုသာမြတ်က ဒီအကြောင်း ဘာမှ မသိပါဘူး'

မော်။ ။ 'မသိဘဲ နေမလား၊ ဒီကောင်သာ ထူလို့ အ လို့ နေမှာပေါ့၊ ဒို့ပြင်ကတော့ တစ်ပြည်လုံး သိမှာပေါ့'

နံ့။ ။ 'မဟုတ်ပါဘူး ကိုလူမော်'

မော်။ ။ 'ဘာမဟုတ်ရမှာလဲ၊ ကိုသာမြတ် မျက်နှာထားကိုက လှောင်တောင်တောင်နဲ့ မြင်သားပဲ'

နံ့။ ။ 'လုံးလုံး မသိတဲ့ လူတစ်ယောက်က ဘာကြောင့် လှောင်မှာလဲ ကိုလူမော်'

မော်။ ။ 'သိမှာပါ၊ မသိဘဲ မနေပါဘူး၊ ဒါကြောင့် ဒီကောင်ကို ချောက်ချထားခဲ့တာပေါ့'

နံ့။ ။ 'မဟုတ်ရပါဘူး ကိုလူမော်'

မော်။ ။ 'ဘာမဟုတ်ရမှာလဲ၊ နွားမ ရှဲ့ပိတ်ပြီး ရောင်းစားတယ် ဆိုတဲ့ စကားပုံလို....'

နံ့။ ။ 'တော်ပြီ ကိုလူမော်၊ မဆက်ပါနဲ့တော့၊ ရှင်နဲ့ ကျွန်မနဲ့ မဖြစ်တော့ပါဘူး'

မော်။ ။ 'မဖြစ်လို့ ဘာလုပ်ချင်သလဲ'

နံ့။ ။ 'မဖြစ်ရင် တခြားစီ နေရုံ ရှိတာပေါ့'

မော်။ ။ 'သဘောပဲဗျား'

နံ့။ ။ 'ကိုင်း ....ဒါဖြင့် တော်ကြစို့၊ ကျွန်မ အလုပ်ရှာ လုပ်ပါမယ်'

မော်။ ။ 'ကောင်းပြီ၊ အလုပ် မရခင် စားဖို့သောက်ဖို့ ဒီက တာဝန်ထားလိုက်'

နောက်တစ်နေ့တွင် လူမော်တို့ လင်မယားသည် လက်မှတ်ရေးထိုး





သော နည်းဖြင့် ကွာရှင်းကြ၍ မသက်နံ့နှင့် ခင်လေးဆွေတို့သည်လည်း ဝင်ဒါမီယာကုတ် အိမ်ကြီးမှ ဆင်းလာကြပြီးလျှင် ယခင် နေထိုင်ခဲ့သော ကျောက်မြောင်းရပ်ကွက်သို့ ပြောင်းရွှေ့လာခဲ့ကြလေသည်။

## အခန်း ၂၉

သာမြတ်သည် လူမော်နှင့် မသက်နံ့တို့ ကွဲကွာသွားကြောင်းကို ကြားသိရ၍ မသက်နံ့တို့ အိမ်သို့ လာရောက် စုံစမ်းလေသည်။ သာမြတ်က မသက်နံ့အား ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြသည့်အလျောက် တီးခေါက်ကြည့်သော်လည်း မသက်နံ့သည် အကြောင်းအရင်း အမှန်ကို သာမြတ်အားပင် ဖော်ထုတ် ရှင်းပြရန် ရှက်သည်နှင့် ထိုအကြောင်းကို မြှုပ်ထား၍ သဘောချင်း မတိုက်ဆိုင်ကြသည့်အတွက် ကွဲကြခြင်း ဖြစ်လေဟန် ပြောပြလေသည်။ သာမြတ်မှာ ဤမျှလောက် မကသေးဟူ၍ စဉ်းစားမိသော်လည်း မသိစေလိုသော အကြောင်းအရာ တစ်ခုကို စိစစ် မေးမြန်းနေ၍ မလျော်ကြောင်း သိသည်နှင့် ခင်လေးဆွေ၏ မျက်နှာကိုသာ အကဲခတ်ရတော့သည်။ ခင်လေးဆွေကလည်း ဤမျှထက် ပို၍ သိစေလိုဟန် မတူသည်နှင့် သာမြတ်သည် ဤကိစ္စကို မပြီးပြတ်သေးဘဲ ဖယ်ထားသော ကိစ္စတစ်ခု အနေဖြင့် ချိတ်ထားလိုက်တော့သည်။

သာမြတ်၏ စိတ်ထဲ၌ မသက်နံ့နှင့် လူမော်တို့ ကွဲရခြင်း ကိစ္စတွင် မသက်နံ့ ဆိုးခြင်းမဟုတ်၊ ဆိုးချင်းဆိုးလျှင် လူမော် ဆိုးခြင်းသာ ဖြစ်လိမ့်မည်ဟု စဉ်းစားမိ၏။ သို့သော် အမြော်အမြင်ရှိသော လူတစ်ယောက်ဖြစ်၍ မိမိသည် လူမော်ကို တစ်သက်လုံး ပြိုင်ဘက်တစ်ယောက် အနေဖြင့် သဘောထားခဲ့မိသောကြောင့်သာလျှင် ဤကဲ့သို့ တစ်ဖက်သတ် စဉ်းစားခြင်း ဖြစ်နိုင်သည် ဟူ၍လည်း ဆင်ခြင်မိပြန်သည်။

မြတ်။ ။ 'တယ်ရိုင်းတယ်ဗျာ၊ ကျုပ်ကတော့ နှမအရင်းလို သဘောထား

နေတဲ့ လူတစ်ယောက် ဖြစ်လေတော့ ကိုလူမော် လုပ်ပုံကို လုံးလုံး မကျေနပ်ဘူးဗျို့’

နှံ။ ။ ‘သူ့အပြစ်ချည်းလည်း မဟုတ်ပါဘူး ကိုသာမြတ်၊ ကျွန်မ အပြစ်လည်း ပါပါတယ်’

မြတ်။ ။ ‘ဘယ်လို အပြစ်လဲဗျာ၊ လူချင်းကွဲလောက်တဲ့ အပြစ်မို့လား၊ သူ တစ်ပါး သားသမီး ယူပြီး မဟန်ဘူးဆိုပြီး မောင်းတုတ်လိုက်ရ သတဲ့ လား’

နှံ။ ။ ‘သူက မောင်းထုတ်တယ်လို့ မဟုတ်ပါဘူး ကိုသာမြတ်၊ အတူ နေလို့ မဖြစ်နိုင်တဲ့ အဖြစ်ကို သိလေတော့ ကျွန်မက ဆင်းလာ ခဲ့ခြင်း ဖြစ်ပါတယ်’

မြတ်။ ။ ‘ဒါဖြင့် ကွာရှင်းသေးတာ မဟုတ်ဘူးပေါ့’

နှံ။ ။ ‘ကွာတာကတော့ ကွာခဲ့ပါပြီ၊ ဘယ်တော့မှ မဖြစ်နိုင်ပေဘူးလို့ ကျွန်မက ဆုံးဖြတ်ပြီး ကွာခဲ့ကြပါတယ်’

မြတ်။ ။ ‘ကျုပ်က မခံချင်ဘူးဗျာ၊ သူတစ်ပါး သားသမီးကို လက်တည့် စမ်း ပေါင်းကြည့်ပြီး ဒီလို ကွာပစ်တမ်းတဲ့လား ဗျာ’

နှံ။ ။ ‘ဒီလိုလည်း မဟုတ်တတ်ပေဘူး ကိုသာမြတ်၊ ကျွန်မကို သူ တကယ် မကျေနပ်စရာ အချက်လည်း ရှိပေတယ်’

မြတ်။ ။ ‘ကျုပ်တော့ မယုံပါဘူးဗျာ၊ ကျုပ် စိတ်မဆိုးအောင် မသက်နှံက ဖြေပြောနေတယ် ထင်တာပဲ’

နှံ။ ။ ‘တကယ်ပါ ကိုသာမြတ်၊ လူဆိုးကြီးသက်သက်ရယ်လို့ ကျွန်မ က မစွပ်စွဲထိုက်ပါပေဘူး’

မြတ်။ ။ ‘မကျေနပ်ဘူး မသက်နှံ၊ မောင်နှမ အရင်းသာဖြစ်ရင် ကျုပ်က အတင်း မေးသေးတယ်၊ အခုတော့ ကျုပ်က မသက်နှံကို မောင်နှမ အရင်းလို သဘောထားပြီး အရေးယူချင်သော်လည်း တကယ့်





အရင်းအစစ် မဟုတ်လေတော့ ကျုပ်မှာ အတင်းစစ်ဆေးပိုင်ခွင့် မရှိပေဘဲ ဟာကိုးဗျ’

နှံ။ ။ ‘တကယ့် မောင်နှမ အရင်းဖြစ်လို့ စစ်ဆေးပေမယ့်လည်း ကျွန်မက ဒီအတိုင်း ထွက်ဆိုမှာပါပဲ ကိုသာမြတ်’

မြတ်။ ။ ‘ဒီ့ထက်ပိုပြီး ဖွင့်မပြောနိုင်တော့ဘူးပေါ့လေ’

နှံ။ ။ ‘ဟုတ်ပါတယ်’

ဤတွင် သာမြတ်သည် စကားကုန်ပြောခြင်း မဟုတ်ဘဲ ချန်လှပ် ထားသော အခြင်းအရာ တစ်စုံတစ်ခု ရှိသေးသည်ဟု ရိပ်မိလေ၏။ သို့ရာတွင် ကာယကံရှင် ကိုယ်တိုင်က မပြောလိုသော အရာကို မိမိက အတင်း စစ်မေး ခွင့် မရှိခြင်းကိုလည်း နားလည်၏။ သို့ဖြစ်၍ တစ်ဖက်က ဖွင့်မပြောလျှင် အခြားတစ်ဖက်က ပြောကောင်း ပြောလိမ့်မည်ဆို၍ လူမော်ကို တွေ့လိုသော ဆန္ဒ ပေါ်လာသေး၏။ သို့ပါသော်လည်း မသက်နှံအတွက် လူမော်ကို စိတ်နာ လျက် ရှိသောကြောင့် ထိုသူနှင့် မျက်နှာချင်းဆိုင်ဖို့ပင် ခဲယဉ်းနေလေပြီ။ တစ်ကြောင်းမှာလည်း မိမိထက် လူရေးသာခဲ့သော လူမော်ကို မိမိက ရန်ရှာ နေသည်ဆို၍ လူရယ်စရာ ဖြစ်မည်ကိုလည်း သာမြတ် စဉ်းစားမိလေသည်။ သို့ရာတွင် အကြောင်းကောင်းပါမူကား လူမော်ကို အနည်းဆုံး ပါးရိုက်ချင် သောစိတ် ရှိနေတော့သည်။

သာမြတ်သည် မသက်နှံတို့၏ ငွေရေးကြေးရေး မခိုင်လုံသော အဖြစ် ကို ရိပ်မိ၍ မသက်နှံ အလုပ်အကိုင် မရသေးမီ အတောအတွင်း မိမိထံမှ ချေးယူ သုံးစွဲနှင့်ရန် မသက်နှံကို တိုက်ရိုက် မပြောဘဲ ခင်လေးဆွေအား ပြောထား၏။ သို့ရာတွင် လူမော်က ငွေ ၁၀၀၀ ကျပ် ပေးလိုက်သောကြောင့် ရုတ်တရက် အခက်အခဲ မရှိသေးကြောင်း သိရလေသည်။ လူမော်က ခင်လေးဆွေ၏ လက်သို့ ၎င်းငွေ ထည့်ပေးလိုက်ခြင်းကို မသက်နှံ ရိပ်မိသော် လည်း အလုပ်အကိုင် မရှိဘဲ လက်မဲ့ ဖြစ်နေသေးသည့်အတွက် မသိချင်ပြု၍ နေလိုက်ရတော့လေသည်။ မာနကြီးသော မိန်းကလေး ဖြစ်၍ လူမော်

ပေးလိုက်သော ငွေကို မယူခဲ့စေလိုသော်လည်း ငွေကြေးနှင့် ပတ်သက်၍ နှာခေါင်းကျည်ပွေ့ တွေ့ခဲ့ဖူးသူ ဖြစ်သောကြောင့် အောင့်အည်းလိုက်ရတော့သည်။

သာမြတ်သည် မသက်နုံတို့ အိမ်သို့ မကြာမကြာ ရောက်လာသော်လည်း ဖိုးခွေးနှင့် မဆုံမိသေးချေ။ ဖိုးခွေးမှာ ကျောင်းအိပ် ကျောင်းစား မထားနိုင်တော့ဘဲ စရိတ်ကျဉ်းစေခြင်းငှာ အိမ်မှ ကျောင်းတက်နေရလေပြီ။ သို့သော် သာမြတ် လာသော အချိန်များတွင် ဖိုးခွေး ကျောင်းတက်နေခိုက် ဖြစ်၍ သုံးကြိမ်တိုင်တိုင် လက်မတင်ကလေး လွဲချော်သွားကြလေသည်။ တစ်နေ့တွင်မူကား သာမြတ်နှင့် ဖိုးခွေးတို့ ဆုံမိကြဦးမည် ဧကန်ဖြစ်၍ မသက်နုံနှင့် ခင်လေးဆွေတို့ တိုင်ပင်ထားကြပြီး ဖြစ်လေသည်။

တစ်နေ့သော်ကား သာမြတ်သည် မသက်နုံတို့ အိမ်၌ စကားပြောလျက် ရှိဆဲတွင် အိမ်ရှေ့၌ ကျောင်းဘတ်စ်ကားကြီး ဆိုက်လာ၍ ဖိုးခွေးသည် လွယ်အိတ်ကလေးနှင့် အိမ်ပေါ်သို့ တက်လာ၏။ ဖိုးခွေးသည် သာမြတ်ကို မြင်သည်နှင့် တစ်ပြိုင်နက် လည်ပင်းကို ပြေးဖက်ပြီးလျှင်– 'ကျွန်တော်ပြောတာ ဒီလူကြီးပဲ မေမေတို့၊ မမတို့။ ဦးလေးက ကျွန်တော့်ကို လိုက်ရှာနေတာလား၊ ကျွန်တော့်အိမ်ကို ဘယ်သူက ပြောပြလိုက်သလဲ' ဟု ဝမ်းသာအားရ ရွှင်ပျသော မျက်နှာနှင့် နှုတ်ဆက်ရင်း ပြောပြလေရာ မသက်နုံနှင့် ခင်လေးဆွေတို့မှာ အံ့သြစွာနှင့် ငေးကြည့်နေမိကြတော့သည်။ လူကြီးတစ်ယောက်က မြင်းလှည်း တိုက်မိစဉ်မှ စ၍ မိမိအား ချစ်ခင်၍ ကျောင်းသို့ မကြာမကြာ လာသည်ဟု ဖိုးခွေးက ပြောဖူးသော်လည်း မသက်နုံနှင့် ခင်လေးဆွေတို့မှာ ကိုသာမြတ် ဖြစ်သည်ဟူ၍ မသိခဲ့ကြပေ။ ထိုအချိန်တွင်မှ ဇာတ်ပေါင်းမိကြသည်ဆို၍ လေးဦးသော သူတို့မှာ ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်နေကြလေတော့သည်။

သို့ရာတွင် သာမြတ်အဖို့ စဉ်းစားစရာတစ်ခု ဖြစ်နေပြန်၏။ ဖိုးခွေးကို မေးမြန်းစဉ်က ခင်လေးဆွေ၏ သား ဆိုသော်လည်း ဤခင်လေးဆွေ





ဖြစ်လိမ့်မည်ဟူ၍ မထင်ခဲ့မိချေ။ ယခုသော် ဖိုးခွေးက မသက်နုံကို "မမ" ခေါ်၍၊ ခင်လေးဆွေကို "မေမေ" ခေါ်သောကြောင့် ဤခင်လေးဆွေ ဖြစ်သည်ဟု သိရလေပြီ။ သို့သော် ခင်လေးဆွေမှာ အပျိုကြီးဖြစ်သည်ဟု မိမိ နားလည်ခဲ့၍ မည်သို့သောနည်းဖြင့် သားကလေးတစ်ယောက် ရှိနေရသည်ကို နားမလည်နိုင်အောင် ရှိနေပြန်လေပြီ။ မွေးစားသော သားပေလော သို့တည်းမဟုတ် အပျိုသားမွေးခြင်းပေလော သို့တည်းမဟုတ် မိမိနှင့် ကွဲကွာနေခိုက်တွင် အိမ်ထောင်ကျ၍ သားတစ်ယောက် မွေးထားခြင်းပေလော မစဉ်းစားတတ်အောင် ရှိတော့သည်။ ဤအကြောင်းကို မိမိက မေးရန် မလျော်သဖြင့် အမှတ်မဲ့သာ နေ၍ ခင်လေးဆွေတို့၏ အဖြေကိုသာ မျှော်ရတော့သည်။ ခင်လေးဆွေတို့ကလည်း ဖိုးခွေးကို မွေးစားကြောင်းနှင့် ပတ်သက်၍ မည်သို့မျှ ရှင်းလင်း ပြောပြခြင်း မပြုသောကြောင့် သာမြတ်မှာ စဉ်းစားရ ခက်နေတော့၏။ ရုတ်တရက် ရှင်းလင်း ပြောပြခြင်း မပြုသည်ကို ထောက်ခြင်းအားဖြင့် တစ်နေရာရာ၌ မှုမမှန်သော အဖြစ်ကိုကား သာမြတ် ရိပ်မိ၏။

ခွေး။ ။ 'ဦးလေးက မေမေတို့နဲ့ ဘယ်တုန်းက သိတာလဲ၊ ဟောဒါက ကျွန်တော့် မေမေ၊ ဟောဒါက ကျွန်တော့် မမပဲ ဦးလေးရဲ့'

မြတ်။ ။ 'ဦးလေးက ဒေါ်ဒေါ်တို့နဲ့ သိတာ ကြာလှပါပြီ လူကလေးရယ်'

ခွေး။ ။ 'ဟုတ်ကဲ့လား.... ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က ဦးလေးကို အိမ်ခေါ်လာခဲ့ချင်တာ။ ခုတလောတော့ ဦးလေးက ကျောင်းကို မလာဘဲကိုး ဦးလေးရဲ့'

မြတ်။ ။ 'ဦးလေးက တောတက်နေရလို့ပါ လူကလေးရယ်'

ခွေး။ ။ (မိန်းမများဘက်သို့ လှည့်လျက်) 'ဒီဦးလေးက ကျွန်တော့်ကို သိပ်ချစ်တာပဲဗျ၊ ကစားစရာတွေ ဝယ်ပေးတယ်။ ဦးလေးဝယ်ပေးတဲ့ မီးရထားတို့၊ မော်တော်ကားတို့ ရှိတယ်ဗျ၊ မပျက်စေရဘူး။ ကျောင်းသားတွေ ဖျက်ပစ်မှာစိုးလို့ ဆရာကြီးက သိမ်းထားတယ်။ အခု

ကျွန်တော် အိမ်ပြန် ရောက်လာတော့မှ ဆရာကြီးက ထုတ်ပေးလိုက်တယ်၊ ကျွန်တော် ပြမယ် .... နေဦး'

ဖိုးခွေးလည်း သာမြတ် ဝယ်ပေးဖူးသော ကစားစရာများကို ထုတ်၍ သာမြတ်အား ပြလေ၏။

နှံ။ ။ 'ဖိုးခွေးကတော့ ပြောပါတယ်။ လူကြီးတစ်ယောက်က သူ့ကို ချစ်တယ်၊ သိပ်သဘောကောင်းတယ်လို့ တွေ့တိုင်း တပြောပြောတည်း ပြောနေတယ်။ လက်စသတ်တော့ ကျွန်မတို့ ကိုသာမြတ် ဖြစ်နေတာကိုး'

ခွေ။ ။ 'ဟုတ်ပါ့တော်၊ ဖြစ်လည်း ဖြစ်တတ်ပါပေ့။ နိပါတ်တော်တွေထဲမှာ ဇာတ်ပေါင်းတာလို ဖြစ်နေကုန်ပြီ။ တကယ့် ကြံကြံဖန်ဖန်'

ဤနေရာ၌ သာမြတ်သည် ခင်လေးခွေက ဖိုးခွေးအား မွေးစားခြင်း စသော အကြောင်းအရာကို ပြောပြတော့မည်ဟု ရတ်တရက် မျှော်လင့်လိုက်၏။ သို့ရာတွင် ဤသို့သော အဖြစ်အပျက်ကို ဖိုးခွေး ရှေ့၌ ပြောပြရန် မဖြစ်နိုင်သည့် အဖြစ်ကို စဉ်းစားမိပြန်လေသည်။ နောက်ဆုံး၌ သာမြတ်၏ စိတ်ထဲတွင် မွေးစားသောသား ဖြစ်ရမည်၊ သူငယ် ရှေ့တွင် ပြောပြ၍ မကောင်းသောကြောင့်သာ ခင်လေးခွေက ပြောမပြဘဲ ထားတော့သည်ဟု ဆုံးဖြတ်ချက် ချ၍ အိမ်သို့ ပြန်သွားလေ၏။

## အခန်း ၃၀

မြန်မာနိုင်ငံတော်သည် ငြိမ်းချမ်းရေး မရရှိခဲ့သေးချေ။ လူမော်တို့ အစိုးရဖွဲ့စည်းစ အခါက လက်ဝဲအလွန်သန်သော လူတစ်စုမှတစ်ပါး ငြိမ်းချမ်းတော့မည်ကဲ့သို့ ဖြစ်ခဲ့ဖူးသော်လည်း ထိုလူစု၏ ကြိုးပမ်းမှုကြောင့် တစ်ကြောင်း၊ ရာထူး ဝေခြမ်းပုံကို မကျေနပ်သဖြင့် ကုလားထိုင် လုချင်သော နိုင်ငံရေး





သမားများ၏ ဆူပူမှုကြောင့် တစ်ကြောင်း၊ တိုင်းပြည် ဆူပူပါမှ မိမိတို့အဖို့ စီးပွားလမ်းဖြောင့်သော စီးပွား နိုင်ငံရေးသမားများ၏ ဖျက်ဆီးမှုကြောင့် တစ်ကြောင်း အစိုးရ ဖွဲ့ပြီးသည့်နောက် များမကြာမီ အတွင်း၌ပင် ဤနယ် ထိုနယ်တို့တွင် လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြန်လေပြီ။ ရွေးကောက်ပွဲ၌ အပါအဝင် မပြုသော လက်ဝဲသမားများသည် အစိုးရ ဖွဲ့စည်းပုံကို ရပ်နားကြည့်ရှုနေကြပြီးနောက် ယခင် အစိုးရထက်ပင် လက်ယာဆန်ကြောင်း တွေ့ရသည်နှင့် အသစ်လော၍ ဆူပူကြပြန်လေရာ ဝါဒ အလျှင်း မရှိဘဲ ရာထူးရေးအတွက် သက်သက်ဝင်လာကြသော နိုင်ငံရေးသမားများသည်လည်း ရာထူး မရမှုကြောင့် ဆူပူကြပြန်လေပြီ။ ဤအတောအတွင်း တိုင်းပြည် ဝေပြတ်မှ အမြတ်ထွက်သော စီးပွား နိုင်ငံရေးသမားများ ကလည်း ရထားလမ်းများ ချိုးခြင်း၊ ကားလမ်းများ ဖျက်ခြင်း စသော အလုပ်များကို ကိုယ်စားလှယ် ငှား၍ ဆောင်ရွက်ကြတော့သည်။ တိုင်းသူ ပြည်သားများကလည်း အဆက်အသွယ် ဖြတ်ခြင်း အလုပ်ဟူသမျှကို လက်ဝဲသူပုန်များသာ ပြုလုပ်သည် ထင်ကြ၍ သူပုန်များကို မုန်းသူ မုန်းကြလေရာ လက်ဝဲသူပုန်များ၏ ရည်ရွယ်ချက်မှာလည်း အုပ်ချုပ်ရေးသာ ဖျက်ဆီးရန် ဖြစ်သောကြောင့် မိမိတို့အား တိုင်းပြည်က မုန်းခြင်းကို နောင်အခါမှ ရှင်းပြမည်ဟု တိုင်းသူပြည်သားတို့က မိမိတို့ အပေါ်၌ အထင်လွဲခြင်းကို မြို၍ ခံနေကြ၏။ စင်စစ်မှာ သူပုန် ဖြစ်သည့်အလျောက် တိုင်းသူပြည်သားတို့အား ရှင်းလင်းပြသရန်လည်း အခွင့်မရကြချေ။

ဤသို့ ဖြစ်နေသော အခြေအနေတွင် အစိုးရသည် သူပုန်များကို တိုက်ရိုက် နှိမ်နင်းရန်လည်း အင်အား လုံလောက်စွာ မရှိသည်ဖြစ်၍ မိမိတို့ လက်လှမ်းမီရာ လူများကိုသာလျှင် ပုဒ်မ (၅) နှင့် ဆွဲ၍ အချုပ်ထောင်သို့ တွင်တွင်ကြီး ပို့ရတော့လေသည်။ တောမခိုသော လူများကို ပုဒ်မ (၅) နှင့် ဆွဲသော အစီအစဉ်တွင် လူမော်သည် (၁) နံပါတ် ဝန်ကြီး ဖြစ်ရကား ဝန်ကြီးအဖွဲ့ တစ်ခုလုံးတွင် အများဆုံး လူမုန်းခံသူ တစ်ယောက် ဖြစ်လေ

သည်။ လူမော်၏ အယူဝါဒကား လက်ရှိအစိုးရ တည်မြဲပါမှ မိမိ ရာထူး တည်မြဲမည့်ပြင် ထိုကဲ့သို့ တည်မြဲရန် အတွက်မှာလည်း အပြစ်မရှိသူ ၁၀ ယောက်ကို ချုပ်ထားခြင်းထက် အပြစ်ရှိသူ တစ်ယောက်ကို လွှတ်ထားမိခြင်းက သာ၍ ဆိုးသည်ဆို၍ သန့်ခန့် သတင်းရသည်နှင့် တစ်ပြိုင်နက် တွင်တွင်ကြီး ဖမ်းချုပ်လေတော့သည်။ လူမော်ကား ဝန်ကြီး အစည်းအဝေးများတွင် ပုဒ်မ (၅) ကို အခါခပ်သိမ်း ထောက်ခံလွန်းသောကြောင့် ဝန်ကြီးချုပ်က 'ဟုတ်မှ ဟုတ်ပါ့မလား ဆရာကြီးရယ်' ဟု ပြောလိုက်ရာတွင် 'ဘာကိစ္စ ရှိသလဲခင်ဗျ၊ နောက်ဆုံး စုံစမ်းကြည့်လို့ အပြစ် မရှိဘူးဆိုတော့ ပြန်လွှတ်ပစ်လိုက်တာပေါ့၊ မသေချာသေးဘူးဆိုပြီး တကယ့် အပြစ်ရှိတဲ့ လူတစ်ယောက်ကို လွှတ်ထားမိရင် ကျွန်တော်တို့ အစိုးရအဖွဲ့မှာ ကိစ္စများမယ် မဟုတ်ဘူးလား၊ ကျွန်တော့်သဘောတော့ အပြစ်မရှိတဲ့ လူ ၁၀ ယောက်ကို ပြန်လွှတ်ရတာ အရေးမကြီးဘူး၊ အပြစ်ရှိနေတဲ့ လူတစ်ယောက်ကို လွှတ်ထားမိမှာ အရေးကြီးတယ် ခင်ဗျ' ဟု အကြောင်းပြ ပြောဆိုလေသည်။

ချုပ်။ ။ 'ဖမ်းလိုက် လွှတ်လိုက် လုပ်နေလို့ ကောင်းပါ့မလားဗျ'

မော်။ ။ 'ဒါဖြင့် မလွှတ်ဘဲ ထားရုံပေါ့ ခင်ဗျာ'

ချုပ်။ ။ 'အပြစ်မရှိတာ သိလျက်နဲ့ မလွှတ်ဘဲ ထားပြန်တော့လည်း ဆူကုန်ကြမှာပေါ့'

မော်။ ။ 'ဆူတာကတော့ မထူးပါဘူး၊ ဘာလုပ်လုပ် ဆူမှာပါပဲ။ ကြပ်ကြပ်ဆူတဲ့လူ ချုပ်ထားရုံ ရှိတာပေါ့'

ချုပ်။ ။ 'ဒီလိုဆိုရင် ပုဒ်မ (၅) တွေကြောင့် ထောင်မဆံ့အောင် ဖြစ်ကုန်တော့မယ်'

မော်။ ။ 'ဒါ မခက်ပါဘူး၊ နိုင်ငံရေး မဟုတ်တဲ့ ရာဇဝတ်ကောင်တွေကို လွှတ်ပစ်လိုက်တာပေါ့'

ချုပ်။ ။ 'ဒီကောင်တွေက ခိုးရင် တိုက်ရင်ကော'





မော်။ ။ 'ဒီကောင်မျိုးတွေက ပုလိပ်လောက်နဲ့ ကိစ္စပြီးနိုင်တယ်၊ တစ်ယောက်ဆို တစ်ယောက်ပဲ။ နိုင်ငံရေး ခေါင်းဆောင် တစ်ယောက်ကတော့ သူ့နောက်က တစ်ရာ နှစ်ရာ ပါသွားနိုင်တဲ့အတွက် စစ်တပ်နဲ့ နှိမ်ယူရတယ် မဟုတ်ဘူးလား'

ချုပ်။ ။ 'ခင်ဗျားဟာက အရမ်း ကျူလွန်းပါတယ်ဗျာ'

မော်။ ။ 'ဒါဖြင့်လည်း ကြိုက်သလို စီမံကြပါခင်ဗျာ၊ ကျွန်တော် ဖယ်ပေးပါ့မယ်'

သို့ဆိုပြန်လျှင်လည်း လူမော်ကဲ့သို့မှ ကြံရည်ဖန်ရည် မရှိကြသောကြောင့် လူမော်ကို လက်မလွှတ်နိုင်ဘဲ ရှိကြလေသည်။

လူမော်သည် ကာကွယ်ရေးဝန်ကြီး ဖြစ်သောကြောင့် မိမိနောက်မှ စစ်တပ် ရှိသည်ဆို၍ မည်သူ့ကိုမျှ မလန့်တော့ဘဲ ခပ်ကြမ်းကြမ်း အကြံပေးတော့ရာ ဝန်ကြီးတစ်ဖွဲ့လုံး၏ တာဝန်ဆိုသော်လည်း လူမော်၏ နာမည်သာ ထွက်လာ၍ အများဆုံး လူမုန်းခံရလေတော့သည်။ ပုဒ်မ (၅) အကျဉ်းသမားများသည်လည်း တစ်ပြည်လုံးရှိ ထောင်များတွင် အပြည့် ဖြစ်နေတော့လေရာ လူမော် ပြောဖူးသည့်အတိုင်း ရာဇဝတ်ကောင်များကိုပင် လွှတ်ပစ်ရမည့်ကဲ့သို့ ဖြစ်လာလေတော့သည်။ ဤတွင် သူပုန်အရေးသာမက တစ်တိုင်းပြည်လုံး လှုပ်လှုပ်ရွရွ ဖြစ်လာ၍ သတင်းစာများကလည်း ဝိုင်းဝန်း ဆူပူကြသည်နှင့် ဝန်ကြီးချုပ် ကိုယ်တိုင်က အစိုးရအဖွဲ့ ဖျက်သိမ်း၍ အသစ် ဖွဲ့စည်းရန် သမ္မတထံသို့ အစီရင်ခံရလေတော့၏။

အသစ်ဖွဲ့စည်းသော အစိုးရအဖွဲ့တွင် လူမော် မပါဝင်တော့ချေ။ အချို့က လူမော်၏ သတ္တိနှင့် ပြောရေးဆိုစ အတွက်ကြောင့် ဝန်ကြီး တစ်နေရာ ပေးလိုကြသေး၏။ သို့ရာတွင် လွန်ခဲ့သော အစိုးရ ပြုတ်ကျခြင်းမှာ လူမော်၏ အကြမ်းဝါဒကြောင့် ဖြစ်သည် ဆို၍ အများက သဘောမတူကြတော့ပေ။

လူမော်မှာ ရာထူး လက်လွှတ်သည်နှင့် တစ်ပြိုင်နက် ဒုက္ခ တွေ့ခဲ့

လေပြီ။ နတ်ဆိုးများသည် လူတစ်ယောက်ကို ဖမ်းစားလိုသော်လည်း ကံကောင်းနေသော အခိုက်တွင် မည်သို့မျှ မတတ်နိုင်သေးဘဲ စောင့်ကြည့်ကြ၍ ကံနိမ့်သည်နှင့် တစ်ပြိုင်နက် ဝိုင်းဝန်း ဖိနှိပ်တတ်ကြသည် ဆို၏။ ဤနည်းအတူ လူမော်မှာလည်း လူမုန်းများပါလျက် ဝန်ကြီးတစ်ယောက် ဖြစ်နေသည့် အတွက်ကြောင့် စောင့်ကြည့်နေကြရသော နိုင်ငံရေးသမားများ ရှိကြပေရာ ရာထူးမှ လျှောကျသည်နှင့် တစ်ပြိုင်နက် အဆင်းတွန်းဖို့ စီမံကြလေတော့သည်။ စင်စစ်မှာ လူမော်သည် ရာထူးပြန်ရဖို့ လော့ခတ်ခြင်းမှ တစ်ပါး အစိုးရအဖွဲ့ကို တော်လှန်ဖို့ အကြံအစည် မရှိသော်လည်း ရဲဘော်ဟောင်းများနှင့် တွေ့ဆုံ တိုင်ပင်ခြင်းကိုပင် အမျိုးမျိုး တွေးထင်ကြ၏။ ပြည်ထဲရေးဝန်ကြီးသစ်သည် လူမော်ကို မယုံကြည်သည်နှင့် စုံထောက်များ တကောက်ကောက် လိုက်ဖို့ စီမံထား၏။ တပည့်ဟောင်းများ ဖြစ်သော သာလူနှင့် မြတ်ကျော်တို့ ဝင်ထွက်ကြခြင်းကိုပင် တောခိုနေသော အချို့ ရဲဘော် သူပုန်များနှင့် အဆက်အသွယ် ပြုလုပ်နေသည်ဟု အယူရှိကြ၏။ အမှန်မှာ ပင်စင်ရ၍ အငြိမ်းစားနေရသော အချို့ မင်းမှုထမ်းများသည် ကျွန်တွင်းမှ လွတ်ပေပြီဆို၍ ဝမ်းမြောက်ဝမ်းသာ မရှိနိုင်ဘဲ လွန်ခဲ့ပြီးသော ရာထူးကို တမော့်မော့ တမ်းတကာ မနေတတ် မထိုင်တတ် ဖြစ်ကြရသည့် နည်းတူ ပြုတ်ကျသော ဝန်ကြီးများမှာလည်း မိမိတို့အိမ်သို့ လူဝင်လူထွက် မရှိတော့ဘဲ ခြောက်သွေ့သွေ့ ဖြစ်၍ ငြီးငွေ့ဖွယ် ကောင်းသည်ဟု မှတ်ထင်တတ်ကြလေသည်။ များစွာသော ဝန်ကြီးပြုတ်တို့မှာ ရှင်ပြုစဉ်က ရွှေထီးဆောင်းခဲ့ရခြင်းနှင့် တူသော ဝန်ကြီးအဖြစ်ကို တဖွဲလမ်းလမ်းနှင့် တမှန်းမှန်း တမျှော်မျှော် ဖြစ်နေကြလေတော့သည်။

လူမော်သည် တစ်ပါတီတည်း ဖြစ်သော ရဲဘော် အမတ်များနှင့် သင့်မြတ်အောင် ရောနှော၍ ပါတီ အစည်းအဝေးများတွင် လူတွင်ကျယ် လုပ်ဖို့ ကြိုးစား၏။ သို့ရာတွင် ခေတ်ကုန်သော လူတစ်ယောက်ကဲ့သို့ ဖြစ်နေ၍ လူတွင်ကျယ် မလုပ်နိုင်ရုံသာမက ပါတီ အမတ်များက ၎င်းနှင့်





ပေါင်းသင်း ဆက်ဆံရခြင်းကိုပင် အသရေ ယုတ်သည်ဟု မှတ်ထင်ကြ၍ ခပ်တန်းတန်း အမူအရာမျိုး ဖော်ပြကြ၏။ လူမော်၏ ပါတီမှာ အတိုက်အခံဂိုဏ်း ဖြစ်သွားပြီဖြစ်ရာ မည်သည့်ဂိုဏ်း၌ ပါဝင်ရသည်ဖြစ်စေ၊ ခေါင်းဆောင် ဖြစ်စေရမည်ဟု ကြွားဝါခဲ့ဖူးသော လူမော်မှာ အတိုက်အခံ တစ်ဂိုဏ်းလုံး အဖို့တွင် ရှေ့မဆောင်နိုင်ရုံသာမက မိမိ၏ပါတီ၌ပင် ကော်မတီတစ်ယောက်ထက် မြင့်တက်အောင် တိုးဝှေ့ရန် မဖြစ်နိုင်တော့ချေ။ ဗေဒင်ကို အယုံအကြည် မရှိသော်လည်း "ဂဠုန်ဆားချက်" ဆိုသော သဘောမျိုးနှင့် ကုန်းတော်ပေါ်သို့ တက်၍ ဗေဒင် မေးကြည့်ရာ အလွန်ညံ့သောကြောင့် အချုပ်အနှောင် ခံရဖို့ မြင်သည် ဟူ၍ ဗေဒင်ဆရာက ဟောလိုက်ချေသေး၏။ သို့သော် ယတြာချေလျှင် လွတ်နိုင်သည်ဆို၍ ဗေဒင်ဆရာက စီမံပေးသည့် အတိုင်း ဆောင်ရွက်ရသောကြောင့် ငွေ ၅၀ ကျပ်လောက်ပင် ကုန်သွားပေသေး၏။ ဗေဒင်ဆရာ၏ ဟောကိန်း တစ်ချက်မှာလည်း ဒေသပြောင်းလျှင် ကောင်းလိမ့်မည် ဆိုသောကြောင့် မူလက မယုံခဲ့သော လူမော်မှာ ရာထူး လိုချင်လှသည်နှင့် လိုက်နာလျှင် ကောင်းလေမည်လောဟု စဉ်းစားလျက် ရှိလေပြီ။

ထိုအတောအတွင်း၌ သူပုန်များသည် အင်အားတိုးလာ၍ အစိုးရစစ်တပ်များကို သုံးလေးနေရာတို့၌ တွန်းလှန်နိုင်ကြသည် ဖြစ်သောကြောင့် ရန်ကုန်မြို့ထဲသို့ ဖောက်ထွင်း ဝင်ရောက်ကာ အုပ်ချုပ်ရေးများကို အတင်းလုယူတော့မည့် သတင်းများ ထွက်ပေါ်လာ၏။ ထိုအခါတွင် အစိုးရ အဖွဲ့ဝင်များသာမက ပါလီမန်အမတ် အားလုံးကို ပြည်သူ့ခုံရုံးသို့ တင်စစ်ပြီးလျှင် ကြိုးဒဏ်ပေးလိမ့်မည် ဟူ၍ပင် အချို့က ပြောနေကြလေပြီ။

လူမော်သည် ဤသတင်းကို ကြားရသည့်အခါ နေရာပြောင်းမှ သူကောင်း ဖြစ်နိုင်မည်ဟူသော ဟောကိန်းလည်း ရှိသည် ဖြစ်၍ သူပုန်များနှင့် ပူးပေါင်းရန် အကြံအစည်နှင့် စကားကမ်းလှမ်းလျက် ရှိ၏။ သာလူနှင့် မြတ်ကျော်တို့လည်း လူမော်၏ အိမ်နှင့် သူပုန်ခေါင်းဆောင်များ၏ စခန်း

ကို ရေထွက်မတတ် ကူးသန်းနေကြလေပြီ။ တစ်နေ့သ၌ စုံထောက် တစ်ယောက်သည် လူမော်၏ အိမ်ထောင့်၌ နယ်မှ လျှို့ဝှက်စွာ ဝင်လာကြသော သာလူနှင့် မြတ်ကျော်တို့အား ရပ်တန့် ရှာဖွေရာ စာတစ်စောင် တွေ့ရှိသည်နှင့် မှောင်ရိပ်မှ ချောင်းနေသော ပုလိပ်များ၏ အကူအညီဖြင့် ဌာနသို့ ခေါ်ဆောင်သွား၏။ စုံထောက်အဖွဲ့သည် လျှို့ဝှက်သောနည်းဖြင့် ရေးထားသော ၎င်းစာကို အဓိပ္ပာယ်ပေါ်အောင် တွေးခေါ်ကြရာတွင် "ပေါလစ်ဗျူရို" ဟူသော စကားလုံးနှင့် တူသော အသံထွက်တစ်ခု ပါသည်ဆို၍ ကွန်မြူနစ်အဆက်အသွယ် ရှိရမည်ဟု အဓိပ္ပာယ် ကောက်ယူကြလေသည်။ ထိုအချိန်မှ လူမော်ကို ပုဒ်မ (၅) နှင့် ဆွဲသော အချိန်တိုင်အောင် နာရီပိုင်းလောက်မျှသာ လိုတော့သည့်အတိုင်း လူမော်မှာ မိမိ၏ ပစ္စည်းကလေးများ သိမ်းဆည်းခဲ့ဖို့ပင် အချိန်မရဘဲ နံနက်စောစောတွင် စုံထောက်နှစ်ယောက်နှင့် အတူ လိုက်ပါသွားရလေတော့သည်။

## အခန်း ၃၁

မသက်နှံမှာ အတော်ပင် ဆင်းရဲနေလေပြီ။ သူဌေးသမီးတမျှ လှပ တင့်တယ်စွာ ဆင်ယင် ဝတ်စားလျက် အထက်တန်းကျကျ နေခဲ့ရဖူးပြီးသည့်နောက် ဝန်ကြီးကတော်တစ်ယောက် ဖြစ်ရပြန်၍ အထက်ဆုံးတန်း အနေအထိုင်သို့ ပြန်လည် တက်ရောက်ဖူးသော မသက်နှံမှာ ဝင်ငွေ မရှိသော တစ်ခုလပ် အဖြစ်သို့ ရောက်ပါသော်လည်း ကော်ဖီကလေးနှင့် ပေါင်မုန့်မီးကင်၊ ထောပတ်သုတ် တို့စ်ကလေးကို လက်မလွှတ်နိုင်ရှာချေ။ နေအိမ်မှာလည်း အဖိုးချောင်သည့် တန်းလျားမျှကို စိတ်မကူးနိုင်သည့်ပြင် ဈေးသွားဈေးပြန်တို့တွင် ခြင်းတောင်းကို ကုလားကူလီ ရွက်စေမှ တင့်တယ်ပေတော့သည်။ သို့ဖြစ်၍ လူမော်ထံမှ ခင်လေးဆွေ ယူခဲ့သော ငွေကလေး ၁၀၀၀ ကျပ် မကြာမီ ပွန်းတီး ဆုတ်ယုတ်သွားလေပြီ။ ဖိုးခွေး၏ ကျောင်းစရိတ်နှင့် လူသုံးယောက် ထိုင်စားသော စားစရိတ်မှာ တာဝန် မသေးလှချေ။





ခင်လေးဆွေသည် စက်ချုပ်ဆိုင်မှ အင်္ကျီ ကြယ်သီးတပ်သော အလုပ်ကလေးဖြင့် တတ်နိုင်သလောက် ဖာထေးမိအောင် ကြိုးစားရှာ၏။ သို့ရာတွင် အလေ့အကျင့် မရှိသော အလုပ်ဖြစ်၍ ပင်ပန်းခြင်းသာ အဖတ်တင်လျက် ကော်ဖီမှုန့်ဖိုးမျှပင် လုံလောက်အောင် မရချေ။ ထင်းချောင်းများကို ကူလီကုလားငှား၍ မခွဲစိတ်ပါစေနှင့် ဆိုကာ ခင်လေးဆွေ ကိုယ်တိုင် ခွဲစိတ်ရာတွင်လည်း လက်သာ ပေါက်၍ အရာမရောက်လှချေ။

မသက်နှံအဖို့မှာ သတင်းစာများ၌ အလုပ်လစ်လပ်သော ကြော်ငြာများကို နေ့စဉ် ဖတ်၍ လျှောက်လွှာ စီကုံးရသည်နှင့် တမောကြီး ဖြစ်နေတော့သည်။ မိန်းမ အလုပ် ဖြစ်သည့် ကျောင်းဆရာမ အလုပ်များမှာ မကြာမကြာ လစ်လပ်သော်လည်း ဆရာဖြစ် အောင်လက်မှတ်ရသော မိန်းမများသာ လျှောက်ထားရမည် ဆိုသောကြောင့် မသက်နှံနှင့် မဆိုင်ချေ။ မသက်နှံမှာ လက်ရေးတိုနှင့် စာရေးမ အလုပ်များလောက်သာ တတ်နိုင်သည်ဖြစ်၍ လစ်လပ်တိုင်း လျှောက်ထားရှာ၏။ သို့ရာတွင် ပြန်စာ မရသည်သာ များ၏။ တစ်ခါတစ်ရံ စမ်းလိုသည်ဆို၍ "အင်တာဗျူး" ခေါ်သော်လည်း အလေ့အကျင့် ပြတ်နေသော မိန်းမတစ်ယောက်သည် ကျောင်းမှ လက်ဝါးပူတိုက်သင်၍ မရပ်မနား လေ့ကျင့်ထားသော မိန်းကလေးများကို မီအောင် မလိုက်နိုင်သဖြင့် ရှုံးခဲ့သည်သာ ဖြစ်လေသည်။ မသက်နှံ၏ လျှောက်လွှာများ၌ အစိုးရရုံးကြီးတွင် အလုပ် လုပ်ခဲ့ဖူးပါသည်ဟူသော အရည်အချင်း တစ်ခုကို ထည့်သွင်း ဖော်ပြနိုင်သော်လည်း ကုမ္ပဏီတိုက်ကြီးများကမူ အစိုးရ ရုံးများ၌ အလုပ် လုပ်ဖူးသူများမှာ ညာဖို့လောက်သာ တတ်ကြ၍ တကယ် အလုပ်တွင်ကျယ်အောင် လုပ်နိုင်သည် မဟုတ်ဟု ယူဆကြသောကြောင့် မသက်နှံ၏ အလုပ်စာမှာ ထောက်ခံချက်တစ်ခု မဟုတ်ဘဲ ပြစ်ချက်တစ်ခုကဲ့သို့ပင် ဖြစ်နေလေတော့သည်။ အမှန်မှာလည်း မသက်နှံသည် အလုပ် ရလို အားကြီးနှင့် မှုသော မျက်နှာထားမျိုး ပြတတ်သည့် ခေတ်မိန်းကလေးများကို

မီအောင် မလိုက်နိုင်သဖြင့် ရွေးချယ်သော မန်နေဂျာများက မျက်စိ မကျ အောင် ဖြစ်နေလေတော့သည်။

မသက်နုံသည် ဖိုးခွေးအား အတန်းထဲ၌ အတော်ဆုံး ကျောင်းသား ဖြစ်စေတော့ဆို၍ ညဥ့်အချိန်များတွင် သားကလေးအား ပညာသင်ပေးရင်း ကော်ဖီဖိုး ရစေတော့ဟု အောက်မေ့ကာ ညကျောင်းကလေး ဖွင့်စမ်းကြည့်၏။ အရပ်ထဲမှ နွမ်းပါးသော မိဘများ၏ သားသမီးများကို အပ်နှံကြသော်လည်း ကျောင်းလခ မှန်ကန်စွာ မရသည်ဖြစ်၍ ကုသိုလ်ဖြစ်လောက်သာ သဘော ထားနိုင်ပေတော့သည်။

ဗိုလ်သာမြတ်မှုကား မြို့၌ ရှိနေခိုက် အချိန်အတွင်း၌ မသက်နုံတို့ ၏ အိမ်သို့ မှန်မှန်ကြီး လာရောက်၏။ မသက်နုံတို့၏ ငွေရေးကြေးရေး အခက်အခဲကို ရိပ်မိ၍ အကူအညီ ပေးလိုသော်လည်း မသက်နုံ၏ စိတ်၌ သာမန် မာနမျိုးအပြင် မိမိက ငြင်းပယ်ထားခဲ့သော လူတစ်ယောက်၏ ကူညီ ထောက်ပံ့ခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံခြင်းငှာ မထိုက်ဟု ယူဆသည်နှင့် သာမြတ် ဝယ်ခဲ့သော မုန့်ပဲသရေစာမျှကိုပင် မျိုး၍ မကျအောင် ရှိလေတော့သည်။ သာမြတ်က ခင်လေးဆွေမှ တစ်ဆင့် လက်သိပ်ထိုး အကူအညီပေးဖို့ ကြိုးစား၏။ မသက်နုံသည် ဤအကြောင်းကို ရိပ်မိ၍–

နုံ။ ။ 'ရှိကြီး ခိုးပါရဲ့ ကိုသာမြတ်ရယ်၊ ကျွန်မကို လေးစားရင် ဒီလို မလုပ်ပါနဲ့ရှင်'

မြတ်။ ။ 'ဘာလုပ်လို့လဲဗျ'

နုံ။ ။ 'ဒေါ်ဒေါ့်ကို ရှင်က ငွေ ၁၀၀ ကျပ် ပေးသွားတယ် ဟုတ်လား'

မြတ်။ ။ 'ဒါ .... ဘာဆိုင်လဲဗျ၊ ဒေါ်ဒေါ် သုံးရအောင် ပေးတာပဲ'

နုံ။ ။ 'ဒေါ်ဒေါ့်ကို ပေးချင်ရင် သူ ဝတ်ဖို့သက်သက် အဝတ် ဝယ်ပေး ချင် ပေးရှင်၊ ငွေတော့ မပေးပါနဲ့၊ တောင်းပန်ပါရစေ'

မြတ်။ ။ 'သူ ဘာဝတ်ချင်တယ်လို့မှ ကျုပ် မသိဘဲ၊ သူ့ဟာသူ ကြိုက် တာ ဝယ်ပေါ့ဗျ'





နုံ။ ။ 'မလုပ်ပါနဲ့ရှင်၊ ငွေတော့ မပေးပါနဲ့'

မြတ်။ ။ (ဝမ်းနည်းသော မျက်နှာထားနှင့်) 'မသက်နုံကလည်းဗျာ၊ စည်းကမ်း ကလနား ကြီးလှချေကလားဗျ၊ ငယ်ပေါင်း ကြီး ဖော် မို့လို့ ထောက်ပံ့တာကို လက်မခံကောင်းဘူးလားဗျာ'

နုံ။ ။ (မျက်ရည် လည်လျက်) 'ငယ်ပေါင်းကြီးဖော်ပေမဲ့ ဒီပြင်လူဆီ က ကိစ္စ မရှိဘူး ထားပါတော့၊ ကိုသာမြတ်ဆီကတော့ မတော် ပါဘူးရှင်၊ တောင်းပန်ပါတယ်'

မြတ်။ ။ 'ခက်လိုက်ပလေဗျာ၊ ကျုပ်ထက် ရင်းနှီးတဲ့လူ ဘယ်ရှိသေးလို့ လဲ'

နုံ။ ။ 'ရင်းနှီးလွန်းအားကြီးလို့ ခက်တာပေါ့၊ တည့်တည့် ပြောတော့ မယ်၊ ရှင့်ဆီက ပေးတာကို ကျွန်မ စားကို မစားရက်ဘူး၊ ကုန်ကုန်ပြောမယ်၊ မျိုလို့ မကျလို့ပါရှင်'

ဝဲနေသော မျက်ရည်များသည် ပါးပြင်သို့ စီးကျလာ၏။ သာမြတ် လည်း ဝမ်းနည်းသော မျက်နှာဖြင့် ကြည့်နေပြီးနောက်–

မြတ်။ ။ 'ခက်မှ ခက်ပလေ မသက်နုံရယ်၊ ကျုပ်က သဘောရိုးနဲ့ ကူညီ တာပါဗျာ'

နုံ။ ။ 'အဲဒါကြောင့် သာခက်တယ် မဟုတ်လားရှင်'

မြတ်။ ။ 'နားမလည်ပေါင်ဗျာ၊ သဘောရိုးနဲ့ ကူညီတာကို လက်မခံဘူး ရယ် လို့'

မသက်နုံလည်း ရှိုက်၍ လာတော့သည်။

နုံ။ ။ 'ကိုသာမြတ်က ဖြူစင်တဲ့ သဘောနဲ့ ပေးတာကို ကျွန်မ နားလည်ပါတယ်၊ ကျွန်မက မစားရက်တာပါ'

မြတ်။ ။ 'မစားရက်ရအောင် ကျုပ်မှာ ကျပ်ကျပ်တည်းတည်း မဟုတ် ပါဘူးဗျ၊ သုံးလောက် စွဲလောက်ပါတယ်'

နုံ။ ။ 'ဟုတ်ပါတယ်လေ၊ ဒါကြောင့် မဟုတ်ပါဘူး'

မြတ်။ ။ 'ခွကျလိုက်လေဗျာ၊ မသက်နှံတို့ မာနက တယ်ခက်တာကိုး၊ ငယ်သူငယ်ချင်း တစ်ယောက် ဒုက္ခရောက်နေတာ မြင်လို့ ဘာမှ မျှော်လင့်ချက် မထားဘဲနဲ့ သဘောရိုးနဲ့ ကူညီတာကို လက်မခံနိုင်ဘူး ဆိုတော့ တကယ့်မာနကိုးဗျ၊ ကြံဖူးပေါင်ဗျာ'

နှံ။ ။ 'ကိုသာမြတ်.... ရှင် မသိဘူးနော်၊ ရှင့်အပေါ်မှာ ကျွန်မက မာနထားရမလားလို့။ မရှိသေစကား၊ ရှင့်ခြေးကို ကျွန်မ ကျုံးဆို ကျုံးနိုင်ပါတယ်ရှင်'

မြတ်။ ။ 'နို့ ....ဒါဖြင့်ဗျာ ကူညီတာတော့ ဘာကြောင့် လက်မခံသလဲ'

နှံ။ ။ (ရှိုက်ကြီးတငင် ငိုလာလျက်) 'ဘယ့်နှယ်လုပ်ပြီး ကျွန်မ လက်ခံနိုင်မလဲ ကိုသာမြတ်၊ ကျွန်မကို ရှင်တို့ နှစ်ယောက်က အပြိုင်အဆိုင် ပိုးပန်းခဲ့ကြတာကိုလည်း ကျွန်မ သိတယ်၊ တစ်ယောက်နဲ့တစ်ယောက် အသားယူကြတာကိုလည်း ကျွန်မ သိတယ်။ ဒီအထဲမှာ ကျွန်မက ရှင့်ထက် သာတယ် ထင်ပြီး သူ့ကို ရွေးမိလို့ နောက်ဆုံးမှာ အမှားကြီး မှားမှန်း သိနေရတဲ့ အချိန်မှာ ရှင့်ဆီက အကူအညီ ယူရက်ပါ့မလား၊ ရှင် ကျွေးတာကို ကျွန်မ မျိုလို့ ကျနိုင်ပါ့မလား။ စဉ်းစားကြည့်ပါတော့ ကိုသာမြတ်ရယ်'

မသက်နှံလည်း မျက်ရည်များကို တဘက်နှင့် သုတ်သိမ်းလျက် ရှိစဉ် သာမြတ်လည်း ဦးခေါင်းကုတ်ကာ မည်သို့ပြန်ပြောရမည် မသိအောင် ဖြစ်နေလေတော့သည်။

နှံ။ ။ 'မောင်မင့်ကြီးသား ဘုရားဖြစ်မယ့် လူကြီးပါပေရှင်၊ ဒီပြင်လူ ဆိုရင် မိုက်လှတဲ့ ကောင်မ မှတ်ကရောဟဲ့ဆိုပြီး ဝမ်းတောင် သာမိလိမ့်ဦးမယ်၊ ရှင့်မှာတော့....'

မသက်နှံလည်း ပြောရင်းဆိုရင်း ရင်ထဲ၌ ဆို့လာပြန်သည်နှင့် စကားကို လက်စ မသိမ်းနိုင်ဘဲ ရှိတော့သည်။ သာမြတ်မှာမူ မသက်နှံ စိတ်၌ ထိခိုက်သည်ကို မြင်ရသည်နှင့်ပင် မျက်ရည်ဝိုင်းလာတော့သည်။

မြတ်။ ။ 'မသက်နှံက ကျုပ်ကို ဟီးရိုးကြီးဖြစ်အောင် ကြံဖန်ပြီး စဉ်းစား





နေတော့တာကိုးဗျ၊ ကျုပ်ကတော့ ဒါတွေ မစဉ်းစားမိပေါင်၊ ကရုဏာအလျောက် ကူညီချင်တာလောက် ရှိတာပါဗျာ'

နှံ။ ။ 'မှန်ပါတယ်၊ ကျွန်မ နားလည်ပါတယ်၊ ရှင့်ကိုယ်ရှင် အထင် မကြီးရှာပါဘူး၊ ဒါကြောင့်လည်း ကျွန်မ ကြည်ညိုပါတယ်ရှင်'

မြတ်။ ။ 'ခက်လို့ နေပြီကရို၊ တယ် နေရာကျပါလား၊ ပိုက်ဆံတစ်ပြားမှ မကုန်ရဘဲ လူကြည်ညိုခံနေရပါလား၊ ကျုပ်တော့ ကံဇာတာ တက်လာပြီ ထင်တယ်'

စင်စစ်သော်ကား သာမြတ်သည် မသက်နှံ အပေါ်၌ ရေးယခင်က အတိုင်းပင် ချစ်ခင်လျက်ရှိသည် ဖြစ်၍ မသက်နှံ၏ ကျပ်တည်း ဆင်းရဲသော အဖြစ်မှ ကရုဏာအလျောက် ကယ်ဆယ်လိုခြင်း ဖြစ်၏။ ယခင်က မေတ္တာတွင် ကရုဏာပင် တိုးဆင့်လာသည် ဖြစ်သောကြောင့် မသက်နှံကို ပြောမပြနိုင်အောင် လေးစားလျက် ရှိ၏။ သို့ရာတွင် လူမော်နှင့် ပတ်သက်၍ မိမိက မရှုမလှ လူရေးနိမ့်ခဲ့ရဖူးသည့်ပြင် အအိုလည်း ဖြစ်သောကြောင့် ကြိုက်လှ၍ လဲသေလျှင်သာ ခံရမည်၊ မသက်နှံကို ယူဖို့မူကား တစ်ကြိမ်တစ်ခါမျှ စိတ်ကူး မထည့်ခဲ့ချေ။ မသက်နှံနှင့် ဤတစ်ကြိမ် စကားပြောမိကြရာတွင်မူကား ယူရလျှင် တော်ချေမည်လောဟု ပထမအကြိမ် စိတ်ကူးကြည့်မိ၏။ သို့ရာတွင် မဖြစ်နိုင်ဟူ၍ ဆုံးဖြတ်ချက် ချလိုက်လေသည်။

မသက်နှံ အဖို့မူကား သမ္မတကတော် ဖြစ်ဖို့ စိတ်ကူးရဲလျှင်သာ ကူးရဲလိမ့်မည်၊ သာမြတ်နှင့် ဆက်ဖို့ကား အိပ်မက်မျှပင် မမက်ဝံ့ရှာပေ။ သာမြတ်ထံမှ အကူအညီ လက်မခံဖို့နှင့် ပတ်သက်၍လည်း မသက်နှံသည် ခင်လေးဆွေအား အကြောက်အကန် တောင်းပန်ထားလေသည်။ အကယ်၍ မိမိ မသိဘဲ ငွေကြေး အကူအညီ ယူခဲ့မိသော် မသက်နှံက ခင်လေးဆွေနှင့် အိုးခွဲ စားလိမ့်မည် ဟူ၍ပင် ပြောထား၏။

သာမြတ်သည် မသက်နှံတို့အိမ်သို့ အလည်လာသော အခါများ၌ ဖိုးခွေးအတွက် မုန့်ပဲသရေစာနှင့် ဦးထုပ်၊ ဖိနပ် စသော အဝတ်အစားကလေး

များမှ တစ်ပါး မည်သည့်လက်ဆောင်မျိုးမှ မယူခဲ့ဝံ့တော့ပေ။ သရေစာများကိုပင် ဖိုးခွေးက 'စားပါဦး မမရဲ့၊ သိပ်ကောင်းတာပဲဗျာ၊ ဒါလေး နည်းနည်း စားကြည့်စမ်းပါ' စသည်ဖြင့် အတင်းတိုက်တွန်းကာ ခွံ့ပေးသောအခါမှ နားအေးစေတော့ ဆို၍ အနည်းငယ် စားလေသည်။

ဖိုးခွေးနှင့် သာမြတ်တို့ ပူးလိုက် လုံးလိုက်ကြပုံများမှာ အံ့သြလောက်စရာ ဖြစ်နေ၏။ ကျောင်းမှ ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် 'ဦးလေး မလာသေးဘူးလား မမတို့၊ မေမေတို့' ဟု ချက်ချင်း မေး၍ စာအုပ်များကို ပစ်ချကာ ဝင်းပေါက်မှ စောင့်ကြိုရန် ဆင်းပြေးလေတော့သည်။ သာမြတ်၏ ဂျစ်ကား လာသည်ကို အဝေးမှ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖိုးခွေးလည်း ပြေး၍ ပေ ၁၀၀၊ ၂၀၀ ခရီးကို သာမြတ်နှင့် အတူ ကားစီးလိုက်ချင်သေး၏။ ကားပေါ်မှ ဆင်းကြသော အခါ၌လည်း ဖိုးခွေးသည် သာမြတ်၏ ပခုံးပေါ်မှ လိုက်ပါရသည်သာ များလေသည်။ စားစရာများ ပါလာလျှင်လည်း ဖိုးခွေးက ပခုံးပေါ်မှ ပွေ့ပိုက် ယူလာတော့သည်။

မသက်နှံနှင့် ခင်လေးဆွေတို့သည် ဖိုးခွေးနှင့် သာမြတ်တို့ ပူးလုံးကြခြင်းများကို မြင်ရသည့်အခါတိုင်း ဝမ်းနည်း ဝမ်းသာခြင်းတို့ ရောစပ်သော မျက်နှာထားမျိုး ဖြစ်တတ်ကြ၏။ ဝမ်းသာခြင်းကား ဖိုးခွေး၏ ကြည်ရွှင်ခြင်းကို မြင်ရသောကြောင့် ဖြစ်၏။ ဝမ်းနည်းခြင်းကား ဖိုးခွေး၏ ဖခင် မရှိသော အဖြစ်ကို သတိရသောကြောင့် ဖြစ်ဟန် တူ၏။ မသက်နှံမူကား စိတ်ကူးယဉ်မိခြင်းကို ဖျက်သိမ်းသော အနေဖြင့် သက်ပြင်းချမိသော အကြိမ်များလည်း မနည်းလှပေ။

တစ်ခါတစ်ရံတွင် ဖိုးခွေးသည် သာမြတ် ရှေ့၌ ခက်ခဲသော မေးခွန်းများလည်း မေးတတ်၏။ 'မေမေရေ ကျွန်တော်တို့ အဖေရှိရင် ခုနေ ဘယ်လောက် ရှိပြီလဲ'

ဆွေ။ ။ 'မေမေ့လောက်ပေါ့ကွယ်'

ခွေး။ ။ 'မေမေတော့ မှတ်မိမှာပဲနော်၊ ဟုတ်လား မမ'





နှံ။ ။ 'မှတ်မိတာပေါ့ လူကလေးရယ်၊ ဟဲ့ နင့်ဦးလေးကို ခိုက်မိမယ်လေ၊ လူကြီးကို သိပ်မကလိရဘူးဆိုတာ မှတ်မထားဘဲကိုး'

ခွေး။ ။ 'ကလိပါဘူးဗျာ၊ ကျွန်တော်တို့ ဖေဖေက ဘယ်သူနဲ့ တူလဲဗျ၊ ဟင် မမ'

မသက်နှံ ဖြေခွင့် မရမီ ခင်လေးဆွေက ကြားဖြတ်၍-

ဆွေ။ ။ 'ဟဲ့ ကောင်လေး၊ နင်နဲ့ မမနှံနဲ့ မောင်နှမ အရင်း မဟုတ်ဘူးဟဲ့၊ သူ့အဖေက တစ်ယောက်၊ နင့်အဖေက နင့်လိုပဲ စကားများများ၊ အသားလတ်လတ်၊ အရပ်ပုပု'

ခွေး။ ။ 'မျက်နှာကကော မေမေ'

ဆွေ။ ။ 'နင့်လိုပဲ၊ အရုပ်ဆိုးဆိုး.... နှာရောင် ကောက်ကောက်'

ခွေး။ ။ 'ဟင် ကျွန်တော်တို့ အရုပ်ဆိုးပါဘူးဗျာ၊ နှာရောင်လည်း ဘယ်မှာ ကောက်လို့လဲ'

ဆွေ။ ။ 'အေး....အေး မကောက်ဘူး၊ လူချောကလေး တစ်ယောက်ပဲ။ ကိုင်း.... သွားတော့၊ စာကျက်ချေ'

ခင်လေးဆွေက ဖိုးခွေးအား မောင်းထုတ်ခြင်းကို သာမြတ်က သဘာဝအတိုင်း ဖြစ်သည်ဟု အောက်မေ့၍ ဤနှယ် ထိုနှယ် တွေးတောခြင်း မပြုချေ။

## အခန်း ၃၂

တစ်နေ့သ၌ သာမြတ်သည် မသက်နှံနှင့်အတူ အိမ်ရှေ့ခန်းတွင် စကားပြောလျက် ရှိကြစဉ် ခင်လေးဆွေသည် မီးဖိုချောင်၌ ချက်ပြုတ် ကြော်လှော်လျက်။ ဖိုးခွေးမူကား စာမေးပွဲ နီးသည်နှင့် စာကျက်နေရ၏။ သာမြတ်သည် လူမော်နှင့် လည်းကောင်း၊ အခြား သူပုန်များနှင့် လည်းကောင်း တိုက်ခိုက်ခဲ့ရဖူးသော အကြောင်းအရာများကို စကားစပ်မိစပ်ရာ ပြောနေရာမှ အဖြစ်အပျက် တစ်ခုကို သတိရသည်နှင့်-

မြတ်။ ။ 'နေပါဦး မသက်နှံ၊ ဟိုတုန်းက မသက်နှံတို့ မန္တလေး ဘယ်အရပ်မှာ နေကြတာလဲ'

နှံ။ ။ 'ဆေးရုံကြီးတောင်ဘက် ဟော်ကုန်းထဲမှာပါ'

မြတ်။ ။ 'ဟော်ကုန်းဆိုတော့ ကျုပ်တို့က အရောက်အပေါက် နည်းတယ်ဗျ၊ ဒါကြောင့် မတွေ့ကြတာ နေမှာပဲ၊ ဟိုမှာ အိမ်ဆိုင်ကလေး ဖွင့်ထားတယ် ဆို'

နှံ။ ။ 'ဟုတ်ပါတယ်၊ နောက်တော့မှ ကောင်းကောင်း မစားလောက်လေတော့ လက်ရေးတို အတတ်သင်ပြီး စာရေးလုပ်ရပါတယ်'

မြတ်။ ။ 'ဖြစ်ရလေဗျာ၊ ကျုပ်ကဖြင့် မန္တလေးရောက်တိုင်း သတင်းမေးလိုက်တာ၊ ဘယ်မှာမှ သဲလွန်စ မရခဲ့ဘူး၊ လူများ လွဲချင်တော့ ဒီလိုပဲလေ'

မသက်နှံလည်း သာမြတ်က ဤအကြောင်းမျိုးကို ပြောသည့်အခါတိုင်း နှုတ်ဆိတ်နေတတ်၏။

မြတ်။ ။ 'နေပါဦးဗျ၊ မန္တလေးကို ကရင် ဝင်တုန်းကလည်း ကျုပ်တို့ ရှိပါတယ်။ ဒီတုန်းကကော မသက်နှံတို့ ဟော်ကုန်းမှာပဲလား'

နှံ။ ။ 'ဒီတုန်းက ဟော်ကုန်း မရောက်သေးဘူး၊ ဈေးချိုနားက လေးစိတ် ဝင်းထဲမှာ'

မြတ်။ ။ 'လေးစိတ်ဝင်းတွေက တစ်မြို့လုံး ပြည့်နေတာဗျာ၊ ဘယ်နားက ဝင်းဟာလဲ'

နှံ။ ။ 'ကျောက်သွေးတန်း နောက်ဖေးက ပါပဲရှင်'

မြတ်။ ။ 'အဲဒီအနား တစ်ဝိုက်တော့ ကျုပ်တို့ တော်တော်နှံ့တာပဲ၊ မန္တလေးမြို့မှာ နာမည်အကြီးဆုံး မိန်းမကြီးဟာလည်း ကျောက်သွေးတန်း နောက်ဖေးက ဝင်းထဲမှာပေါ့'

မသက်နှံလည်း မြမြ အိမ်၌ အဖြစ်အပျက်ကို သတိရ၍ မျက်နှာငုံ့လျက် ရှိ၏။





မြတ်။ ။ 'ကျုပ်တို့ စစ်တပ်က ဗိုလ်ကြီးလုပ်တဲ့ လူစုတော့ အဲဒီအိမ်မှာ အချိန်ကုန်ကြတာပဲ၊ ကျုပ်တို့တော့ ဟိုညက ဗိုလ်ချုပ်ရဲ့ မွေးနေ့မို့ ထမင်းစားပွဲ ကျွေးတာနဲ့ ခပ်ထိုထိုနဲ့ လူပေါင်းမှားပြီး တစ်ခေါက်တည်း ရောက်ခဲ့ဖူးပါတယ်။ အင်္ဂလိပ် လက်ထက်ကတည်းက မျက်နှာဖြူ အရာရှိတွေ ပိုင်းနေတဲ့ မိန်းမကြီး ဆိုကပဲ၊ သူ့အိမ်မှာ မွေးထားလိုက်တာကလေးတွေ၊ တကယ့် အဖူးအညွန့်ကလေးတွေ ဆိုပါကလား'

ထိုအခါ၌ကား သာမြတ် ပြောပြလျက်ရှိသော မိန်းမကြီးမှာ မိမိ သိခဲ့သော မြမြပင် ဖြစ်သည်ဟု မသက်နှံ ရိပ်မိလေပြီ။

နှံ။ ။ 'လေးစိတ်ဝင်းထဲက ဗိုလ်အိမ်ကြီးကို ရှင် ရောက်ဖူးလို့လား'

မြတ်။ ။ 'ပြောပြီးပြီကောဗျ၊ တစ်ခေါက်တည်း ရောက်ဖူးပါတယ်လို့'

နှံ။ ။ 'ဘယ်တုန်းကလဲ'

မြတ်။ ။ (ရှက်ကိုးရှက်ကန်းနှင့်) 'သူပုန်တွေ ဝင်တယ်ဆိုလို့ မြို့လန့်တဲ့ ညဟာကောဗျ'

နှံ။ ။ 'နောက်ပြီးတော့ မီးတွေ လောင်တယ်လေ'

မသက်နှံလည်း ရင်ထဲ၌ တင်းပုတ် ထုသကဲ့သို့ ခုန်လှုပ်လျက် ရှိသည်ကို မိမိ၏ နားနှင့်ဆတ်ဆတ် ကြားနေရသည်။

မြတ်။ ။ 'ဟုတ်ပါတယ်ဗျ၊ မီးတွေ လောင်လို့ တစ်ရပ်လုံး ပြောင်ပါရောလား၊ နောက်တစ်နေ့မှာ ကျုပ်က ကိစ္စတစ်ခုနဲ့ ရောက်သွားသေးတယ်၊ ဗိုလ်အိမ်ကြီးဟာလည်း....'

နှံ။ ။ 'ဟဲ့ကလေး.... မမ သေတ္တာကို သွားမွှေလာတယ် ထင်တယ်၊ မလုပ်ပါနဲ့ဟဲ့ ....ယူခဲ့ပါ'

ထိုခဏ၌ ဖိုးခွေးသည် အိမ်ခန်းထဲတွင် စာကျက်နေရာမှ ကလေးတို့၏ ဘာဝအတိုင်း ပျင်းရိလာသည်နှင့် မသက်နှံ၏ ခေါင်းအုံးအောက်မှ သော့ဖြင့် သေတ္တာကလေးကို ဖွင့်၍ မိမိ၏ခေတ်ပုံကို ထုတ်ကြည့်နေရာမှ အံဖုံးကလေးတစ်ခု တွေ့သဖြင့် ၎င်းအထဲမှ နဝရတ် လက်စွပ်ကို ဝတ်ဆင်

ပြီးလျှင် လူပျိုကြီးတစ်ယောက် ဟန်မျိုးနှင့် ခါးထောက်ကာ ဧည့်ခန်းသို့ ထွက်လာ၏။ မသက်နုံသည် ဖိုးခွေး၏ လက်မ၌ ဟန်လုပ်၍ ဝတ်ထားသော လက်စွပ်ကို မြင်လိုက်သည်နှင့် ထိုကဲ့သို့ ပြောလိုက်ခြင်း ဖြစ်လေသည်။

ပထမ၌ သာမြတ်သည် လက်စွပ်ကို မမြင်ဘဲ ဟန်တစ်လုံး ပန်တစ်လုံးနှင့် ကိုယ်ယိမ်းလျက် ခါးထောက်ကာ ထွက်လာသော ဖိုးခွေးကိုသာ မြင်သည်နှင့် ရယ်မောနေစဉ်၊ မသက်နုံက 'ယူခဲ့ပါ' ဟု ပြောသဖြင့် ဖိုးခွေးက လက်စွပ်ကို ချွတ်ပေးသော အခါတွင်မှ မြင်မိတော့သည်။ သာမြတ်သည် ဖိုးခွေး၏လက်မှ မသက်နုံက လှမ်းယူလိုက်သော လက်စွပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် အံ့အားသင့်လျက် ထိုင်ရာမှ ရုတ်တရက် ထ လိုက်မိ၏။ မသက်နုံကမူ ၎င်းလက်စွပ်၏ ရာဇဝင် မပြောင်သောအဖြစ်ကို ချက်ချင်း သတိရ၍ ခပ်ကွယ်ကွယ်ထားမည် ပြုသော်လည်း သာမြတ်က မြင်နှင့်ပြီး ဖြစ်၍ 'တစ်ဆိတ်ကလေး ကြည့်ပါရစေ မသက်နုံ' ဟု ဆိုကာ လက်လှမ်း လိုက်၏။ မသက်နုံမှာ မည်သူ့ကိုမျှ မပြချင်သော လက်စွပ် ဖြစ်သောကြောင့် ငြင်းဆန်မည် ပြုသေး၏။

မြတ်။ ။ 'မဟုတ်ပါဘူး မသက်နုံ၊ ခဏကလေးပါ.... ကြည့်ပါရစေဗျာ'

နုံ။ ။ 'မကြည့်ချင်ပါနဲ့ရှင်၊ တယ်မိုက်တဲ့ ကောင်လေး၊ ဘာလုပ် ထုတ်လာခဲ့ရတာလဲ၊ နင်တော့ နင့်မေမေ တိုင်လိုက်ဦးမယ်၊ အရိုက်ခံရစေ့မယ် .... မှတ်ထား'

မြတ်။ ။ 'ခဏလေးပါဗျာ.... ကြည့်ပါရစေ'

မပြချင် ပြချင်နှင့် မသက်နုံက လှမ်းပေးလိုက်သော လက်စွပ်ကို သာမြတ်က ယူ၍ အတွင်းဘက်သို့ လှန်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် သာမြတ်၏ မျက်နှာမှာ တစ်မျိုးတစ်မည် ဖြစ်သွားတော့သည်။

မြတ်။ ။ 'ဒီဟာ ဘယ်သူ့လက်စွပ်လဲ မသက်နုံ'

နုံ။ ။ (မျက်နှာ ပျက်လျက်) 'ကျွန်မ လက်ထဲ ရောက်နေတဲ့ပစ္စည်း ကျွန်မ ဟာပေါ့ရှင့်'





မြတ်။ ။ 'မဟုတ်သေးပါဘူးဗျ၊ ဘယ်က ဘယ်လို ရောက်လာပုံလဲ'

နုံ။ ။ 'ရှင် ဘာကြောင့် မေးတာလဲ'

မြတ်။ ။ 'ဒီဟာ ကျုပ် လက်စွပ်ဗျ၊ ကျုပ်အမေရဲ့အဖေ ကျုပ်တို့အဘိုး ရဲ့ လက်စွပ်ပဲ။ ကျုပ်အမေက သေခါနီးမှာ ဘယ်တော့မှ မချွတ်ရစ်နဲ့ ဆိုပြီး ပေးသွားရှာတဲ့ လက်စွပ်ပဲ။ ကျုပ်တို့အဘိုး လူပျိုတုန်းက နက္ခတ်နဲ့ကိုက်ပြီး ကွင်းထားခဲ့တဲ့ လက်စွပ်တဲ့ဗျ၊ နဝရတ် ဆိုပေမဲ့ နဝရတ် တိုင်း အဖိုးတန်တာ မဟုတ်ဘူးတဲ့၊ ကျုပ်တို့တော့ နားမလည်ပါဘူး၊ အန္တရာယ် ကင်းတယ်၊ အကြံအစည် အောင်တတ်တယ် ဆိုလို့ ဝတ်ထားရ တာပဲ။ ဘယ်လောက် ပေးလို့မှ မရောင်းရစ်နဲ့လို့ အမေက မှာသွားရှာတယ်'

နုံ။ ။ (တုန်ယင်သော အသံနှင့်) 'ရှင့် ....ရှင့် ....ရှင့် လက်ထဲက ဘယ်လို ပျောက်သွားတာလဲ'

မြတ်။ ။ 'ခုနင်က မသက်နုံနဲ့ ပြောနေကြတဲ့ အိမ်ဟာပေါ့ဗျ၊ ကျုပ်က တစ်ညမှာ မူးမူးရူးရူးနဲ့ တောသား လူလည်လုပ် ဆိုတာမျိုးလို သူငယ်ချင်း စစ်ဗိုလ်ကလေးတွေနဲ့ ယောင်ယောင်ပေါင်ပေါင် ပါသွားမိရာမှ ကံဆိုးချင်တော့ သူပုန်တွေ ဝင်လာတယ်ဆိုပြီး မြို့လန့်တာနဲ့ ကတိုက်ကရိုက် ဆင်းပြေးလာခဲ့ရတော့ ဒီလက်စွပ် ကျန်နေရစ်ပါရောကိုးဗျ'

မသက်နုံမှာ သာမြတ်၏ စကားကို နားထောင်နေရာမှ မျက်လုံးပြူး ထွက်လာ၍ သာမြတ်ကိုလည်း မမြင်၊ ဘာကိုမျှ မမြင်တော့ဘဲ ကြောင်တောင် ကြီး ငေးကြည့်နေလေတော့သည်။

မြတ်။ ။ 'မသက်နုံ ဘယ်က ရတာလဲ၊ ပြောစမ်းပါဦး'

မသက်နုံလည်း မည်သို့မျှ မပြောနိုင်ဘဲ ကြက်သေ သေသကဲ့သို့ ဖြစ်နေစဉ် ခင်လေးဆွေသည် နောက်ဖေးချောင်မှ ထွက်လာ၍ လက်စွပ်ကို ကိုင်ကြည့်နေသော သာမြတ်နှင့် ကြောင်တောင်ငေးနေသော မသက်နုံတို့ကို တွေ့ရသည်နှင့် အံ့အားသင့်လျက် ရပ်ကြည့်နေမိ၏။ သာမြတ်လည်း ခင်လေးဆွေဘက်သို့ လှည့်လျက်–

မြတ်။ ။ 'ဒေါ်ဒေါ် .... ဒီလက်စွပ်ကို မသက်နှံ ဘယ်က ရတာလဲ'

ဆွေ။ ။ 'ဘာကြောင့်လဲ မောင်ရယ်'

မြတ်။ ။ 'ဒီဟာ ကျွန်တော့်လက်စွပ် ခင်ဗျ'

ဆွေ။ ။ 'ဟော တော့....'

ခင်လေးဆွေပင်လျှင် မတ်တတ်မှ လဲတော့မည်ကဲ့သို့ ယိုင်သွားလေသည်။

သာမြတ်သည် ယိုင်ကျသွားသော ခင်လေးဆွေကို ဆွဲကိုင်ထားလိုက်ပြီးနောက်—

မြတ်။ ။ 'ဘယ့်နှယ်လဲ၊ လူတွေ ဘာဖြစ်ကုန်ကြတာလဲကရို၊ စကားမေးမရကြတော့ပါပဲလား'

သာမြတ်မှာ သူသူငါငါထက် ထူ အ သော လူတစ်ယောက်ကား မဟုတ်ချေ။ သို့ရာတွင် လက်စွပ်ပျောက်စဉ်က အဖြစ်အပျက်များကို မြို့လန့်ခြင်းမှ တစ်ပါး ခပ်မေ့မေ့ ဖြစ်နေသည်နှင့် အကျယ်တဝင့် ပြန်လှန်ဆင်ခြင်မိသည်တွင်မှ ရေးရေး ပေါ်လာလေတော့သည်။ သို့သော် ထို မိန်းကလေးမှာ မိမိက တစ်လျှောက်လုံး အထင်ကြီးခဲ့သော မသက်နှံ ဖြစ်နိုင်လိမ့်မည်ဟု မထင်မိသောကြောင့် ပေါ်လာသော တွေးလုံးကို လက်မခံနိုင်ဘဲ ရှိလေတော့သည်။ မသက်နှံ ကဲ့သို့သော မိန်းမသည် မည်သည့်နည်းနှင့်မျှ ၎င်းအိမ်မျိုးသို့ ရောက်နိုင်မည် မဟုတ်ဟု တစ်ဖက်မှ ယူဆ၍၊ အခြား တစ်ဖက်၌လည်း အခြားနည်းအားဖြင့် မသက်နှံ၏ လက်ထဲသို့ ဤလက်စွပ် ရောက်နိုင်ခြင်းကို စဉ်းစား၍ မရနိုင်အောင် ရှိတော့သည်။ မသက်နှံနှင့် ခင်လေးဆွေတို့၏ အမူအရာများမှာမူ သင်္ကာမကင်းဖွယ် ဖြစ်နေလေတော့၏။

သာမြတ်သည် လက်စွပ်ကလေးကို လက်ထဲတွင် တဆဆနှင့် မိန်းမနှစ်ယောက်တို့ကို တစ်လှည့်စီ လှမ်းကြည့်လျက် ရှိ၏။ မသက်နှံမူကား





မျက်လွှာချလျက် ရှိရာမှ သာမြတ်၏ မျက်နှာကဲကို တစ်ချက် တစ်ချက်တွင် မျက်လုံးထောင့်မှ စောင်းငဲ့ ကြည့်မိလေသည်။

သာမြတ်သည် မိန်းမ နှစ်ယောက်တို့၏ အမူအရာနှင့် မိမိ၏ လွန်ပြီးသော အဖြစ်အပျက်ကို ဆက်စပ် ဆင်ခြင်မိရာတွင် စိတ်ထဲ၌ လင်းခနဲ ဖြစ်သွား၏။ မသက်နှံဘက်သို့ လှည့်ကာ 'ဟုတ်သလား မသက်နှံ' ဟု အရင်းမရှိ အဖျားမရှိ တုံးတိတိဖြင့် မေးလိုက်ရာ မသက်နှံက 'ဟုတ်ပါတယ် ကိုသာမြတ်' ဟု ပြန်ပြောလိုက်၏။ မသက်နှံသည် သာမြတ် ဆိုလိုသော အဓိပ္ပာယ်ကို ရိပ်မိခဲ့လေပြီ။ ခင်လေးဆွေသည်လည်း မေးသူ၏ အာဘော်နှင့် ဖြေသူ၏ ဆိုလိုချက်ကို တွေးတောနိုင်လေပြီ။

ဤနေရာ၌ ခင်လေးဆွေသည် သာမြတ်ကို ခေါ်၍ နောက်ဖေးဆောင်သို့ သွားကြပြီးလျှင် ထိုစဉ်အခါက မိမိ၏ မကျန်းမာပုံနှင့် ထိုည၌က မသက်နှံ ပြုမိပြုရာ ပြုရှာပုံ အကြောင်းအရာများကို ဟုတ်တိုင်းမှန်ရာ ရှင်းလင်း ပြောပြလေ၏။ သာမြတ်လည်း ခင်လေးဆွေ၏ စကားများကို နားထောင်လျက် ရှိစဉ် ၎င်း၏မျက်နှာမှာ ကြည်ချည်တစ်ခါ နောက်ချည်တစ်လှည့်၊ ရွှင်ချည်တစ်ခါ ညှိုးချည်တစ်လှည့် ရှိနေတော့သည်။ နောက်ဆုံး၌—

မြတ်။ ။ 'နေပါဦး ဒေါ်ဒေါ်၊ မောင်ခွေးက ဘယ်လိုလဲ'

ဆွေ။ ။ 'ဘယ်လိုရမှာလဲ မောင်ရင်၊ ဟိုညက ပါခဲ့တဲ့ ပဋိသန္ဓေပေါ့၊ မောင်ရင့် ရင်သွေးပေါ့'

သာမြတ်မှာ တစ်ခဏ၌ ပါးစပ်ဟသွားသော်လည်း နောက်တစ်ခဏတွင် ကြည်ရွှင်သော အမူအရာသည် မျက်နှာတွင်သာမက ခြေရော လက်ပါ ဖော်ပြလေသည်။ အကြောင်းမူကား သာမြတ်သည် 'နေရာကျလိုက်လေဗျာ' ဟု ဆိုကာ ထိုင်ရာမှ ထ ပြေး၍၊ လူကြီးများ၏ မျက်နှာထားကို နားမလည်သည်နှင့် ချောင်ထဲ၌ကုပ်လျက် ထိုင်နေသော ဖိုးခွေးကို ကောက်ယူချီပွေ့ကာ အကြိမ်ကြိမ် အထပ်ထပ် နမ်းရှုပ်လျက် ရှိပေသောကြောင့်တည်း။

ထိုနောက် သာမြတ်သည် မသက်နုံ ရှိရာသို့ ဖိုးခွေးကို ပွေ့ချီသွား၍ 'တစ်ကြိမ်မကလို့ ဆယ်ကြိမ် အိုစမ်းပါစေဗျာ၊ ကျုပ်သားရဲ့ အမေကို ကျုပ်သတိပါတယ်။ မသက်နုံကကော ဘယ့်နှယ်တုံး....' ဟု မေးကာ ဖိုးခွေးကို မသက်နုံ၏ ရင်ခွင်ထဲသို့ ထည့်ပေးလိုက်သည်တွင် မသက်နုံမှာ သာမြတ် ပြောလိုက်သော စကား၏ အဓိပ္ပာယ်ကို နားလည်သည်နှင့် ရင်ထဲ၌ အလုံးဆို့မတတ် ကျေးဇူးတင်ခြင်း၊ ချီးကျူးခြင်း၊ ဝမ်းမြောက်ခြင်း တည်းဟူသော အခြင်းအရာတို့သည် လှိမ့်တက်လာ၍ ကြမ်းပေါ်သို့ အလျားလိုက် မှောက်ပြီးလျှင် သာမြတ်၏ ခြေထောက်ကို နဖူးနှင့် တိုက်လေတော့သည်။ ထိုနောက် သားကလေး ဖိုးခွေးကိုလည်း 'ငါ့သားရေ၊ နင့် ဖေဖေကို ကန်တော့လှည့်ဟဲ့' ဟု ပြောကာ ရှိခိုးစေရာ ဘာမျှ နားမလည်သော ဖိုးခွေးမှာလည်း သာမြတ်ကို ကြည်ညိုပြီး ဖြစ်သည့်အတိုင်း မိခင် ပြုသကဲ့သို့ ခြေထောက်ကို နဖူးနှင့် တိုက်ရာတော့သည်။

စင်စစ်သော်ကား မသက်နုံသည် ကိုယ်ကျိုး မပါဘဲ ဖြူစင်သော မေတ္တာသက်သက်ဖြင့် မိမိတို့အား ခင်မင်လျက်ရှိသော သာမြတ်၏ စိတ်သဘောကို ရိပ်မိသော အချိန်မှစ၍ သာမြတ်ကို ကြည်ညို လေးစားလျက် ရှိသောကြောင့်၊ သာမြတ်၏ ခတ်ပုံကို ခင်လေးဆွေ ထံမှ တိတ်တဆိတ် ပြန်ယူထားပြီးလျှင် မကြာမကြာ ကန်တော့ခဲ့ပြီး ဖြစ်၏။ မသက်နုံသည် သာမြတ် အပေါ်၌ ကြည်ညိုခြင်းနှင့် လေးစားခြင်းတို့ဖြင့်သာ အဆုံးသတ်၍ ဤမျှထက် နက်နဲ လှိုက်လှဲသည့် ချစ်ကြိုက်သော စိတ်မျိုး မရှိခဲ့ပါသလောဟု စစ်ဆေးကြည့်သည် ဆိုသော် ရွယ်တူရွယ်တန် ဖြစ်၍ နှစ်ဖက်လုံး လွတ်လပ်စွာ ရှိကြသော ယောကျ်ားနှင့် မိန်းမတို့ မည်သည်မှာ ကြည်ညိုလေးစားခြင်းမှ ချစ်ကြိုက်ခြင်းသို့ ကူးပြောင်းသွားရန်မှာ သဘာဝအားဖြင့် ခဲယဉ်းသော အခြင်းအရာ မဟုတ်ချေ။ သို့ရာတွင် မသက်နုံ ကိစ္စ၌မူ မသက်နုံသည် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်ဖို့ လမ်းမမြင်သော အခြင်းအရာ တစ်ခုဟူ၍ ယုံကြည် စိတ်ချထားခဲ့သည် ဖြစ်သောကြောင့် မိမိ၏စိတ်ကို ဘရိတ်အုပ်ကာ





ရပ်တန်းမှ ရပ်ထားခဲ့ခြင်း ဖြစ်တော့သည်။ သို့ဖြစ်၍ ထိုနေ့အဖို့မှာ မိမိကဲ့သို့ ဝမ်းမြောက် ကြည်နူး၍ အလုံးစုံ စိတ်ချမ်းသာသော မိန်းမသည် ကမ္ဘာ၌ ရှိနိုင်မည် မထင် ဟူ၍ပင် မသက်နုံ ထင်မြင်မိတော့သတည်း။

## အခန်း ၃၃

လူမော်မှာ ပုဒ်မ (၅) အကျဉ်းသမား အဖြစ်နှင့် ထောင်ထဲ၌ အချုပ်ခံနေရစဉ် အသနားခံလွှာများ ရေးတင်ရခြင်း အလုပ်ဖြင့်သာ အချိန်ကုန်လျက် ရှိတော့၏။ အမတ်တစ်ယောက် ဖြစ်၍ ဝန်ကြီးတစ်ယောက် အဖြစ်သို့ ရောက်ခဲ့ဖူးသူ တစ်ယောက် ဖြစ်သော်လည်း "ပေါလစ်ဗျူရို" ဟူသော စကားလုံး၏ အဓိပ္ပာယ် နက်နဲသည် တစ်ကြောင်း၊ မိမိ ဘုန်းကြီးစဉ်က သူတစ်ပါးတို့ကို နှိပ်ခဲ့သော နိုင်ငံရေးသမား တစ်ယောက်ကို ရန်သူများက မလူနိုင်အောင် နှိပ်ချင်တတ်သော နိုင်ငံရေးနယ်၏ သဘာဝကြောင့် တစ်ကြောင်း လူမော်၏ အသနားခံလွှာများနှင့် ပဋိညာဉ်တို့မှာ အချည်းနှီး ဖြစ်ခဲ့လေ၏။

ထိုအတောအတွင်း၌ သူပုန်များသည် ထကြွလျက်ပင် ရှိသေး၍ အချို့နယ်များတွင် အစိုးရက အောင်မြင်၍၊ အချို့တွင် သူပုန်များက အောင်မြင်နေကြ၏။ တစ်နေ့သ၌ သူပုန်များသည် လူမော်ကို ချုပ်နှောင်ထားသော မြို့ကို ဝန်းဝိုင်း တိုက်ခိုက်၍ အောင်မြင်ကြသည်နှင့် ထုံးစံအတိုင်း ငွေတိုက်များကို ဖောက်ခြင်း၊ အကျဉ်းထောင်များကို ဖွင့်ခြင်း စသည်ဖြင့် စီမံကြတော့သည်။ သူပုန်များအနက်တွင် သာလူနှင့် မြတ်ကျော်တို့လည်း ပါလာကြ၏။ ထိုသူနှစ်ယောက်တို့မှာ လူမော်နှင့်အတူ စစ်ဆေးခြင်း ခံရသော်လည်း အရေးကြီးသော လူမော်ကိုသာ ချုပ်ထား၍ ခွေးလှေး ကြမ်းပိုးမျှသာ ဖြစ်သည် ဆိုသော သာလူနှင့် မြတ်ကျော်တို့ကိုမူ ထောင်ရုပ်သည်ဆို၍ လွှတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

သာလူနှင့် မြတ်ကျော်တို့သည် လူမော်ကို ဝမ်းမြောက်ဝမ်းသာ ထုတ်

ယူကြ၍ သူပုန်ခေါင်းဆောင်ထံသို့ ခေါ်သွားပြီးလျှင် လှမော်၏ အဖြစ်အပျက်ကို ပြောပြကြ၏။ ခေါင်းဆောင်များသည် လှမော် အကြောင်းကို သိပြီးဖြစ်၍ လှမော် ကဲ့သို့သော ဝါရင့်တစ်ယောက်၏ အသုံးဝင်ခြင်းကို နားလည်ကြသည့်အလျောက် ပါအောင် နှုးကြတော့သည်။ လှမော်ကိုယ်တိုင်မှာလည်း အစိုးရအဖွဲ့ကို စိတ်နာသူ ဖြစ်သည့်ပြင် အစိုးရနယ်ဘက်သို့ မိမိ ကူးဝင်သွားပါက တစ်ဖန် ချုပ်နှောင်ခြင်း မပြုဟူ၍ မည်သူမျှ တာဝန်ခံလိမ့်မည် မဟုတ်သည့်အတိုင်း များစွာ တိုက်တွန်းခြင်း ခံမနေဘဲ ၎င်းအဖွဲ့ထဲသို့ ဝင်သွားတော့သည်။ လှမော် အဖို့မှာ ၎င်းသူပုန်အဖွဲ့တွင် ထိပ်တန်းသို့ ရောက်ရန် ခဲယဉ်းသောအလုပ် မဟုတ်သည့်အတိုင်း မကြာမီအတွင်းပင် ဒုတိယခေါင်းဆောင် ဖြစ်သွားလေ၏။

လှမော်တို့ သူပုန်အဖွဲ့သည် တစ်မြို့ပြီး တစ်မြို့ ဆက်လက်အောင်မြင်သည်နှင့် သွေးကြီးလာကြ၍ အဟော်အတန် အစိုးရ စစ်တပ်မျှလောက်ကို ထုံးစံအတိုင်း မရှောင်ကွင်းတော့ဘဲ ဇက်ရဲစွာနှင့် တိုက်ခိုက်ကြ၏။ သူပုန်များသည် မြို့တစ်မြို့ကို တိုက်ခိုက် အောင်မြင်ပြီးနောက် ဆက်လက်အုပ်ချုပ်ရန် အစီအစဉ် မရှိသည်ဖြစ်၍ ငွေတိုက်နှင့် ဈေးများမှ ငွေနှင့် ရိက္ခာများကို သိမ်းယူပြီးသည့်နောက် ထွက်ခွာသွားကြလေသည်။

တစ်နေ့သ၌ လှမော်တို့ လူစုသည် တောစခန်းတစ်ခု၌ စတည်းချ၍ မြို့တစ်မြို့ကို ဝင်ရောက် တိုက်ခိုက်ရန် အစီအစဉ် ပြုလုပ်လျက် ရှိကြ၏။ သို့သော် ၎င်းမြို့သို့ အစိုးရစစ်တပ်များ ရောက်မည်ဟု သတင်းဖြစ်နေသောကြောင့် ရပ်တန့်ကာ စနည်းနာကြရခြင်း ဖြစ်လေသည်။ လှမော်သည် အခြား ခေါင်းဆောင်များနှင့် တိုင်ပင်လျက်ရှိစဉ် သူပုန်အချို့သည် အစိုးရ ပုလိပ်နှစ်ယောက်ကို ဖမ်းဆီး ခေါ်ဆောင်လာကြ၏။ ခေါင်းဆောင်များသည် ထုံးစံအတိုင်း ပုလိပ်များကို စစ်ဆေး မေးမြန်းသည်တွင် မြို့ထဲသို့ အစိုးရ စစ်တပ်များ မရောက်သေးကြောင်း သိရ၍ ချက်ချင်းပင် ငွေတိုက်နှင့် ဈေး





တို့ကို ဝင်စီးရန် ချီတက်ကြ၏။ မြို့ထဲ၌ ပုလိပ်ဌာန နှစ်ခု ရှိသော်လည်း သူပုန်များသည် ပုလိပ်မျှလောက်ကို "အပျော့" ဆို၍ ပမာဏ မပြုကြချေ။

သူပုန်များသည် မြို့အဝင်မှ မော်တာများ ပစ်ဖောက် ချီတက်သွားလျှင်ပင် ဌာနာများ၌ ပုလိပ် မရှိတော့ဘဲ ရှဲဖယ် ပေးကြသဖြင့် ခပ်ချောင်ချောင်နှင့် အောင်မြင်ကြလေသည်။ မြို့ထဲသို့ ရောက်၍ လူနှစ်စု ခွဲပြီးလျှင် သူပုန်တစ်စုသည် ရုံးနှင့် ငွေတိုက်သို့ လည်းကောင်း၊ အခြား တစ်စုသည် ဈေးသို့ လည်းကောင်း ချီတက်ကြ၍ ရသမျှသော ငွေစက္ကူနှင့် ရိက္ခာများကို သိမ်းကျုံး ယူငင်ကြစဉ် မြို့တွင်း၌ရှိသော အကြီးဆုံး အဆောက်အအုံများ၌ ပုန်းအောင်းနေကြသည့် စစ်သားများသည် မိုးဦးအချိန်တွင် မြေတွင်းများမှ ပြုထွက်လာကြသော ပလူများကဲ့သို့ ပေါ်လာကြပြီးလျှင် ဈေးနှင့် ငွေတိုက်သို့ နှစ်စု ဖွဲ့၍ ချီတက်ကြတော့သည်။ အကြောင်းမူကား ပုလိပ်နှစ်ယောက်ကို တောထဲမှ ဖမ်းခေါ်သွားခြင်းသည် စစ်ဗိုလ်၏ အစီအစဉ် ဖြစ်ပေသောကြောင့်တည်း။

သူပုန်များသည် အချိန်လွန်ခါမှ စစ်ဗိုလ်၏အကြံကို ရိပ်မိ၍ မြို့ပြင်သို့ ပြန်ဆုတ်ရန် ကြိုးစားကြပါသော်လည်း နေရာကောင်း ဟူသမျှတို့၌ မရှင်းဂန်း စစ်သားများ ချထားပြီး ဖြစ်သောကြောင့် ဂယ်ပေါက်ကို ပိတ်မိသော ကြွက်များကဲ့သို့ ထွက်ပေါက် မရှိအောင် ဖြစ်နေကြတော့သည်။ စစ်ဗိုလ်က လက်မြှောက်ဖို့ အမိန့်ပေး၍ အမိန့်ကို နာခံသော သူတို့သာ ချမ်းသာရာ ရကြပေရာ ခုခံ တိုက်ခိုက်သူများနှင့် ထွက်ပြေးသော လူများမှာ စပါးပင်ကို တံစဉ်နှင့် ရိတ်ခြင်းကဲ့သို့ အတုံးအရုံး လဲကျလေတော့သည်။

မြို့မှ ထွက်သောလမ်းသို့ သူပုန်တစ်ယောက်သည် မော်တော်ဆိုင်ကယ် တစ်စီးဖြင့် တစ်ဟုန်ထိုး ပြေးထွက်လာရာ အကွယ်မှ ချောင်းနေကြသော စစ်သားများသည် မရှင်းဂန်းဖြင့် ဆွဲရန် ချိန်လျက် ရှိကြ၏။ ထိုအခါ မှန်ပြောင်းနှင့် ကြည့်နေသော စစ်ဗိုလ်က 'လူကို မပစ်နဲ့ဟေ့၊ ဆိုင်ကယ်ကို ထိအောင် ချိန်ပါကွာ' ဟု ပြောလိုက်သည်နှင့် စစ်သားသည်

အောက်သို့ အနည်းငယ်နိမ့်ကာ ခလုတ်ကို နှိပ်လိုက်၏။ 'ဒက် ဒက် ဒက်၊ ဒက် ဒက် ဒက်' မြည်သည့် အဆက်မပြတ်သော အသံမျိုး ထွက်လာသည်နှင့် တစ်ပြိုင်နက် မော်တော်ဆိုင်ကယ်သည် ခွေလိပ်သွား၍ ဆိုင်ကယ်ပေါ်မှ သူပုန်မှာလည်း ဝါးတစ်ရိုက်ခန့် စဉ်ထွက်သွားတော့သည်။ ထိုသူသည် မြေကြီးပေါ်မှ ထမည် ပြုသော်လည်း မတတ်နိုင်သော လက္ခဏာနှင့် ပြန်ဝပ်ကာ ငြိမ်သက်လျက် ရှိနေတော့သည်။

စစ်ဗိုလ်၏ အမိန့်အရ စစ်သားများသည် ထိုလူထံ သွားရောက်၍ တွဲခေါ်လာခဲ့ကြလေရာ သူပုန်ခေါင်းဆောင် လူမော်သည် စစ်ဗိုလ် သာမြတ်နှင့် မျက်နှာချင်း ဆိုင်မိကြလေသည်။

သာမြတ်က လူမော်၏ ကိုယ်၌ ထိခိုက်သော ဒဏ်ရာဒဏ်ချက်များ ရှိလေသလောဟု စစ်သားများအား စစ်ဆေးစေရာ လူမော်က 'ကိစ္စ မရှိပါဘူး သူငယ်ချင်း၊ စီးကရက် တစ်လိပ်လောက်သာ ရပါရစေ' ဟု ပြောသည်နှင့် သာမြတ်လည်း အိတ်ထဲမှ ထုတ်၍ တည်လေ၏။

*

သာမြတ်နှင့် လူမော်တို့ နောက်တစ်ကြိမ် တွေ့ဆုံကြသော နေရာမှာကား ရန်ကုန်မြို့ ထောင်ကြီးအတွင်း၌ ဖြစ်လေသည်။ လူမော်မှာ ထောင် အဝတ်အစားနှင့် ဖြစ်နေ၍ ဒူး၊ တံတောင်ဆစ် စသော နေရာများတွင် ကျပ်စည်းလျက် ရှိ၏။

မြတ်။ ။ 'အနာတွေက သိပ်ရင်းသလား သူငယ်ချင်း'

မော်။ ။ 'ကိစ္စ မရှိပေါင်လေ၊ ကြိုးစင်တက်တဲ့ အခါမှာ အပွန်းအပဲ့ ပါလို့ ဘာထူးသေးလဲ'

မြတ်။ ။ 'ဒီလို မဖြစ်စေရပါဘူး သူငယ်ချင်း၊ ဗိုလ်ချုပ်ကို ကျုပ်က နားပူထားပါတယ်၊ သူကလည်း ကြိုးစားဖို့ ကတိပေးပါတယ်'

မော်။ ။ 'မထင်ပါဘူး သူငယ်ချင်း၊ ဥပဒေကို ဗိုလ်ချုပ်က ဘာတတ်နိုင်မှာလဲ၊ တရားရုံးမှာ တည်နေတာကပဲ'





မြတ်။ ။ 'တရားသူကြီးကို ဗိုလ်ချုပ်က ကပ်နိုင်ပါတယ်ဗျ၊ လုံးလုံး မလွတ်တောင် အကြီးဆုံး အပြစ်ဒဏ်မျိုး မပေးဖို့ပေါ့'

မော်။ ။ 'သိပ်တော့ အကြောင်း မထူးပါဘူးဗျာ၊ ကိုယ် ကြံချင်သလို ကြံခဲ့ရပြီး မဟန်တော့လည်း ခံရုံ ရှိတာပေါ့။ ဪ... ဒါထက် ခင်ဗျားတို့ အကြောင်းကို ကျုပ် ကြားရပါပြီ၊ ဝမ်းသာတယ်ဗျာ။ သို့သော် ကျုပ် တောင်းပန်ချင်တာကလေး တစ်ခု ရှိတယ်ဗျို့'

မြတ်။ ။ 'ဘာလဲဗျ'

မော်။ ။ 'မသက်နှံကို ကျုပ်က ညစ်ခဲ့မိပေတယ်ဗျာ'

မြတ်။ ။ 'ဒါတွေ ရှိပါစေ၊ ကိစ္စ မရှိပါဘူး'

မော်။ ။ 'မဟုတ်သေးဘူးဗျ၊ ခင်ဗျားတို့ မသိတာ တစ်ခု ရှိသေးတယ်၊ ဟိုနေ့က မသက်နှံကို လူဆိုးတွေ ဖမ်းသွားတယ်ဆို မဟုတ်လား၊ အဲဒါ ကျုပ် စီစဉ်တာတွေဗျ'

မြတ်။ ။ 'ဗျာ....'

မော်။ ။ 'ခင်ဗျားနဲ့ ကျုပ်နဲ့ "ရထားလု" ဖြစ်နေတာ သိလေတော့ အံသီးကို ခဲထိုးရတာပေါ့ဗျာ၊ ဒီအကြောင်း ခင်ဗျား မသိဘူးပေါ့'

မြတ်။ ။ 'ဟင့်အင်း.... မသိပေဘူးဗျာ'

မော်။ ။ 'ခုမှတော့ စိတ်မရှိပါနဲ့တော့နော် သူငယ်ချင်း'

မြတ်။ ။ 'မထူးပါဘူး သူငယ်ချင်း၊ သို့သော် ခင်ဗျား မသိတာ တစ်ခု ကျုပ် ပြောပြစရာ ရှိတယ်'

မော်။ ။ 'ဘာလဲဗျ'

မြတ်။ ။ 'ခင်ဗျားတို့ဟာ ဖိုးခွေးကြောင့် ကွဲကြတယ် မဟုတ်လား'

မော်။ ။ 'အစစ်ပါပဲ သူငယ်ချင်း'

မြတ်။ ။ 'ဖိုးခွေးဟာ ဘယ်သူ့သား ထင်သလဲ'

မော်။ ။ 'ဟင့်အင်း မသိဘူး၊ ခင်ဗျား သားလား'

မြတ်။ ။ ‘အစစ်ပေါ့၊ မန္တလေးမြို့ လန့်တဲ့ညက ....’

မော်။ ။ ‘တန်တော့ ကျုပ် နားလည်ပြီ၊ မသက်နဲ့ ပြောပြဖူးတယ်၊ ဟုတ်လိုက်လေဗျာ၊ ဒါဖြင့် ကျေကြရောပေါ့လေ၊ ဟင် ဟုတ်ပေါင်၊ လက်စသတ်တော့ ခင်ဗျားက တစ်နံပါတ်ပေကိုးဗျ၊ ညဏ်နီညဏ်နက်တွေ ထုတ်ရပေမယ့် အပြီးသတ်တော့ သူငယ်ချင်းက နိုင်ပေသကိုး၊ ပေးစမ်းဗျာ.... ခင်ဗျားလက်’

သာမြတ်လည်း လက်တန်းပေး၍ လူမော်က အားရပါးရ လှုပ်ယမ်းလေရာ သာမြတ် မျက်လုံးများမှာ မျက်ရည်ပြည့်လျက် ရှိ၏။

မော်။ ။ (သာမြတ်၏ ပခုံးကို ပုတ်လျက်) ‘ဘယ့်နှယ်လဲ ကိုယ့်ဆရာ၊ ရှုံးတဲ့လူက ဝမ်းမနည်းဘဲနဲ့ အနိုင်ရတဲ့ လူက မျက်ရည်ကျနေရသလား’

*

သာမြတ်သည် ဗိုလ်ချုပ်ထံသို့ သွား၍ လူမော်အား မိမိက နှုတ်ကတိပေး၍ ရအောင် ဖမ်းဆီးခဲ့ရခြင်း ဖြစ်ကြောင်း၊ မိမိ ဖမ်းခဲ့သော လူတစ်ယောက်အတွက် တောင်းပန်နိုင်ခွင့် ရှိသင့်ကြောင်း၊ လူမော်အပေါ်၌ မိမိ ထားခဲ့သော ကတိအတိုင်း ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်လျှင် တစ်ရွာတည်းသားချင်း ဖြစ်သောကြောင့် မိမိတို့ရွာ၌ မိမိမှာ နာမည်ပျက်ဖို့ ရှိကြောင်း စသည်ဖြင့် အကြောင်းပြဆိုလျက် အတင်း ကပ်ပူ တောင်းပန်လေ၏။ ဗိုလ်ချုပ်ကလည်း အစိုးရထံသို့ ချဉ်းကပ်၍ မိမိ တတ်နိုင်သမျှ ဆောင်ရွက်ပေးပါမည်ဟု ကတိထားလိုက်ပေသည်။

နောက်တစ်ခေါက် ရောက်သွားပြန်၍ သာမြတ်က ဗိုလ်ချုပ်အား လူမော်အကြောင်းကို မေးကြည့်ရာ၊ အစိုးရက စစ်သားများသည် မိမိတို့၏ အလုပ်ဝတ္တရားအလျောက် သူပုန်များကို ဖမ်းဆီးရခြင်းဖြစ်၍ မိမိတို့ ဖမ်းဆီးရမိသော အကျဉ်းသမားများအတွက် တစ်စုံတစ်ရာ ပြောပိုင် ဆိုပိုင်ခွင့် မရှိသင့်ကြောင်း၊ စစ်သားတစ်ယောက်သည် အကျဉ်းသမား အပေါ်၌ မည်ကဲ့





သို့မျှ ကတိထားပိုင်ခွင့် မရှိကြောင်း၊ ပြုပိုင်ခွင့် မရှိသော အလုပ်တစ်ခုကို ပြုခဲ့မိသော လူတစ်ယောက်သည် မိမိ၏ အမှားအတွက် မိမိသာ ခံဖို့ ရှိကြောင်းနှင့် အဖြေပေးလိုက်သည်ဟု ဗိုလ်ချုပ်က ပြောပြလေသည်။

ချုပ်။ ။ ‘ကျုပ်ကလည်း တတ်နိုင်သမျှတော့ ပြောပေးပါတယ် ဗိုလ်သာမြတ်၊ ခင်ဗျားလူက ဟိုတစ်ခါတုန်းကလည်း ပဋိညာဉ်နဲ့ လွှတ်ထားတဲ့လူ ဖြစ်လေတော့ တစ်ခါပြင် နှစ်ခါ တောင်းပန်ပေးဖို့ ခက်တယ်ဗျ’

မြတ်။ ။ ‘ကျွန်တော်တို့မှာ တစ်ရွာတည်းသားချင်း ဖြစ်လို့ သူ့မိဘ မျက်နှာကို မကြည့်ရက်အောင် ဖြစ်နေလို့ပါ ဗိုလ်ချုပ်ခင်ဗျာ’

ချုပ်။ ။ ‘ဒါတော့ ကျုပ် မတတ်နိုင်ဘူး ဗိုလ်သာမြတ်၊ ဒီပြင်ဟာတစ်ခုခု တောင်းဗျာ၊ ရာထူး တိုးချင်သလား၊ ကျုပ် ထောက်ခံပေးမယ်’

မြတ်။ ။ ‘ရာထူး တောင်းဖို့ထားလို့ ဒီရာထူးမှာတောင် ကြာကြာကြီး ဆက်ပြီး အမှုထမ်းဖို့ ခဲယဉ်းနေပါပြီ ဗိုလ်ချုပ် ခင်ဗျား’

ချုပ်။ ။ ‘ဘာလဲဗျ၊ ခင်ဗျားက စိတ်ကောက်တာလား’

မြတ်။ ။ ‘စိတ်ကောက်တယ်လို့ မဟုတ်ပါဘူး၊ ကိုယ့်သူငယ်ချင်း ကိုယ်သတ်ရသလို ဖြစ်နေလို့မို့....’

ချုပ်။ ။ ‘စစ်မှုထမ်းဆိုတာ ဒီလိုပေါ့ ကိုသာမြတ်၊ ကိုယ့်အဖေဖြစ်လည်း ချမ်းသာ မပေးနိုင်ဘူးပေါ့’

မြတ်။ ။ ‘ကျွန်တော်တော့ ကိုလူမော် ကြိုးစင်တက်ရရင် ဒီအလုပ်နဲ့ ကျွန်တော်နဲ့ ဝေးကြဖို့ ရှိတော့တယ် ထင်ပါတယ် ခင်ဗျား’

ဗိုလ်ချုပ်လည်း လူမော်နှင့် သာမြတ်တို့၏ အထွေးပွေအကြောင်းကို သိပြီးဖြစ်၍ အစိုးရထံ အတန်တန် ကြိုးစားပေးပေ၏။ သို့ရာတွင် ရန်သူများသော ဝန်ကြီးဟောင်းတစ်ယောက် ဖြစ်သောကြောင့် ခဲယဉ်းလှပေသည်။ ဗိုလ်ချုပ်၏ နားပူမှုကြောင့် ဆိုင်ရာဝန်ကြီးသည် ကက်ဘိနက် အစည်းအဝေးသို့ တင်ပြ၍ လူမော်၏ ပြဿနာကို ဆုံးဖြတ်စေ၏။ နောက်ဆုံး၌ ဝန်ကြီးတစ်ဖွဲ့

လုံးသည် လူမော်အား တရားဥပဒေ လမ်းစဉ်အတိုင်း သွားစေရန် သဘောတူ ဆုံးဖြတ်ချက် ချမှတ်ကြသည် ဖြစ်၍ တရားသူကြီးသည် လူမော်အား လက်နက်စွဲကိုင် တော်လှန်မှုဖြင့် ကြိုးစင်တင်ရန် စီရင်ချက် ချလိုက်လေသတည်း။

## အခန်း ၃၄

သာမြတ်နှင့် မသက်နှံတို့မှာ ဟိတ်ဟန်ထုတ်ကာ မင်္ဂလာ အခမ်းအနားဖြင့် ချဲ့ထွင်သင့်သည့် မင်္ဂလာဆောင်မျိုး မဟုတ်သည့်အတိုင်း အကျယ်တဝင့် ဖော်ပြခြင်း မပြုခဲ့သော်လည်း အထိုက်အလျောက်ဖြင့် ဆောင်ရွက် ပြီးခဲ့ကြသည့် အဖြစ်ကိုမူကား စာဖတ်သူတို့ ရိပ်မိလောက်ပေပြီ။ စင်စစ်မှာ လူမော်တို့ လူစုကို တိုက်ခိုက်ရန်အတွက် တောသို့ မတက်မီကပင် စစ်ဗိုလ်ချုပ်နှင့် အခြား မိတ်ဆွေ လေးငါးခြောက်ယောက်တို့ဖြင့်ပင် မင်္ဂလာဆောင် ကိစ္စကို ဆောင်ရွက်ပြီးခဲ့လေပြီ။

သာမြတ်သည် မသက်နှံအား လူမော်က လူဆိုးများနှင့် ကွင်းထောင်သည့် အဖြစ်အပျက်ကို လည်းကောင်း၊ ဗိုလ်ချုပ်ထံ၌ လူမော်အတွက် မိမိ ကြိုးပမ်းခြင်း အကြောင်းများကို လည်းကောင်း မသက်နှံအား ပြောမပြချေ။ သို့ရာတွင် လူမော်ကို တရားရုံးတော်က ကြိုးမိန့်ချလိုက်သော နေ့၌ပင် သာမြတ်သည် ဗိုလ်ချုပ်ထံ၌ မိမိ ပြောခဲ့ဖူးသော စကားအတိုင်း စစ်မှုထမ်း အလုပ်မှ နုတ်ထွက်စာ တင်သွင်းလိုက်၏။

မသက်နှံသည် လူမော် အမှုအကြောင်းကို သတင်းစာများ၌ ဖတ်ရ၍ သဘောထား ကြီးရင့်သော သာမြတ်၏ မျက်နှာ ညှိုးငယ်သော အခြင်းအရာကို ရိပ်မိသော်လည်း လင်မယား နှစ်ယောက်တို့သည် ၎င်းအမှုအကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခြင်း မပြုကြချေ။ သာမြတ်သည် ဗိုလ်ချုပ်ထံသို့ နုတ်ထွက်စာ တင်ခဲ့ပြီးနောက် အိမ်သို့ ရောက်လာသောအခါ မသက်နှံ





သည် သာမြတ်၏ မျက်နှာကို လှမ်းကြည့်လိုက်ခြင်းအားဖြင့် တစ်စုံတစ်ခု အရေးတကြီး ဖြစ်ခဲ့ပြီဟု ရိပ်မိ၏။

မြတ်။ ။ (ဖိုးခွေးကို ကောက်ယူ နမ်းရှုပ်ပြီးနောက်) 'ကျုပ် ဘာလုပ်ခဲ့သလဲ သိလား.... မသက်နှံ'

နှံ။ ။ 'အလုပ် ထွက်ခဲ့ပြီလား'

မြတ်။ ။ 'အလို ....ကျုပ်က မပြောသေးဘဲနဲ့ ဘယ့်နှယ်လုပ် သိသလဲ'

နှံ။ ။ 'ဒီက ဝမ်းထဲမှာ ပုဏ္ဏားပါလို့ပေါ့'

မြတ်။ ။ 'သတင်းစာ ဖတ်ပြီးပြီလား'

နှံ။ ။ 'ဒါကြောင့် ကျွန်မလည်း တွေးနိုင်တာပေါ့'

မြတ်။ ။ 'ဒီလိုဖြစ်ရင် ကျုပ် နုတ်ထွက်မယ်လို့ ဘယ့်နှယ်သိသလဲ'

နှံ။ ။ 'တစ်ရွာတည်း မွေး၊ တစ်ကျောင်းတည်း ထွက်တွေကပဲ ကိုသာမြတ်ရယ်'

မြတ်။ ။ 'ဟုတ်ပါပေ့ဗျာ၊ အလုပ်ထွက်ခဲ့တာ သဘောတူရဲ့လား'

နှံ။ ။ 'ကျွန်မလား၊ ကျွန်မတော့ မမေးပါနဲ့၊ ကိုသာမြတ် လုပ်တဲ့ အလုပ်ဆိုရင် ကျွန်မကို ရောင်းစားခဲ့တယ် ဆိုရင်လည်း သဘောတူမှာပဲ'

မြတ်။ ။ 'တယ်ဆိုတဲ့ စာပါတကား၊ တကယ်ပဲလား မသက်နှံ'

နှံ။ ။ 'တကယ်ကို ပြောတာပါ ကိုသာမြတ်'

သာမြတ်မှာ လက်ယားသလို ဖြစ်သည်နှင့် မသက်နှံ၏ ပါးကလေးကို ဖြည်းညင်းစွာ လိမ်လိုက်မိတော့သည်။

နှံ။ ။ 'ကိုသာမြတ် ဇေဒင်ကို ယုံရဲ့လား'

မြတ်။ ။ 'ယုံလှတယ်လည်း မဟုတ်ဘူး၊ မယုံဘူးလည်း မဟုတ်ဘူး၊ မှန်ချင်တဲ့ အလှည့်တော့ မှန်တတ်တယ်လို့ ယူဆတာပဲ'

နှံ။ ။ 'ကျွန်မတော့ ဟိုတုန်းက တကယ် မယုံခဲ့ဘူး၊ အခုတော့ ယုံချင်လာပြီ ကိုသာမြတ်'

မြတ်။ ။ 'ဘာကြောင့်လဲ မသက်နှံ'

နှံ။ ။ 'ကျွန်မ ဟိုတုန်းက မေ့နေတယ်၊ တစ်နေ့ကမှ သတိရလာတယ်၊ ကျွန်မ ငယ်ငယ်တုန်းက တောထဲ နွားကျောင်း လိုက်သွားဖူးတယ်၊ ဒီတုန်းက ဝတ်ဖြူစင်ကြယ်နဲ့ လူကြီးတစ်ယောက် တွေ့လို့ ကျွန်မကို ဗေဒင်ဟောသွားဖူးတယ်'

မြတ်။ ။ 'ဟုတ်ကဲ့လား၊ ဘယ်လိုများ ဟောသွားသလဲ၊ မင်းကတော် ဖြစ်လိမ့်မယ်တဲ့လား'

နှံ။ ။ 'မရွတ်စမ်းပါနဲ့၊ ကျွန်မက အတည် ပြောနေတာပါ'

မြတ်။ ။ 'ရွတ်တာ မဟုတ်ပေါင်ဗျာ၊ ကျုပ်ကလည်း အတည်မေးတာပါ၊ ဆိုစမ်းပါဦး'

နှံ။ ။ 'ကျွန်မ အသက် ၂၇ နှစ် ပြည့်မှ အိမ်ထောင်ပြုရမယ်တဲ့၊ နို့မဟုတ် မတည်မြဲပေဘူးတဲ့၊ ဒါမှလည်း ကောင်းစားမှာတဲ့'

မြတ်။ ။ 'ဒါဖြင့် ဘယ်တော့ ပြည့်မှာလဲ'

နှံ။ ။ 'လုပ်ပြန်ပြီ၊ အတည် ပြောနေတုန်း မရွတ်ပါနဲ့ ဆို'

မြတ်။ ။ 'ခက်ပလေဗျာ၊ ဘယ့်မှာ ရွတ်ရလို့လဲ၊ အတည်မေးနေတာပါ'

နှံ။ ။ 'လက်စွပ်ကို ရှင် တွေ့သွားလို့ ဖိုးခွေးအကြောင်းကို ကျွန်မ ပြောပြတဲ့နေ့ဟာ ၂၇နှစ် ပြည့်တဲ့နေ့ပဲရှင့်'

*

အထက်ပါ အကြောင်းအရာတို့ ဖြစ်ပျက်ခဲ့ပြီးသည့်နောက် နှစ်နှစ်ခန့် ကြာလတ်သော် ရွှေဘို တောင်လက် ရွာတစ်ရွာအနီးရှိ လယ်ကွင်းကြီးထဲ၌ ဘောင်းဘီတိုနှင့် ရှပ်လက်တို ဝတ်ထားသော လူတစ်ယောက်သည် ဒီဇယ် အင်ဂျင်စက်ကြီးဖြင့် ထယ်ထိုးလျက် ရှိရာ တစ်ရွာလုံးရှိ ယောကျ်ား မိန်းမ တို့သည် မျက်စိတစ်ဆုံးမျှ ကျယ်ပြန့်သော လယ်ကွက်ကြီးတွင် ထယ် ကြောင်းများ တစ်ကြောင်းပြီး တစ်ကြောင်း ဖြစ်ပေါ်လာသည်ကို အလွန်





ကျေနပ် အံ့သြသော မျက်နှာထားများနှင့် ကြည့်နေကြစဉ် ထင်မြင်ချက်များ ပေးလျက် ရှိကြလေသည်။

'နေရာကျလိုက်တာ ကရို၊ အလုပ် တွင်လိုက်တဲ့ ဖြစ်ခြင်း.... လွန်ရောကိုးကွ'

'တွင်ဆို ဘာပြောကောင်းမလဲ၊ ထယ်ကြောင်းတွေ ဟော တစ်ကြောင်း.... ဟောတစ်ကြောင်း နေပါရောလားကွာ'

'တွင်တာတင်လားကွာ၊ ထယ်ကြောင်းတွေ ကြည့်လိုက်ပါဦး၊ နွားနဲ့ မဆိုထားနဲ့၊ ကျွဲနဲ့ ထိုးတောင် ဒီလောက် မနက်နိုင်ဘူးကွ'

'ဒါကြောင့်လည်း စပါးထွက်တာပေါ့ကွာ၊ ငါတို့က အပေါ်ယံ ကလေး ရှပ်ထိုးနေရတော့ ခဏကလေးနဲ့ မြေပန်းသွားတာပေါ့'

'သူ့နည်းက ကောင်းတယ်မောင်၊ မြေပန်းတော့လည်း တို့လုပ်သလို မြေကြီးကို အနားမပေးဘဲ ဒီပြင်တစ်မျိုး လှည့်စိုက်တယ် ဆိုပါလားကွ'

'ဒါတင် ဘယ်ကမလဲ၊ မြေဩဇာကလည်း တယ်ချတာကိုးကွ၊ တို့ လူစုက နောက်ချေးတောင်မှ မှန်မှန် မချချင်ဘဲ၊ သူတို့ကတော့ လင်းနို့ချေး ရော၊ သိုးချေးရော၊ ဆိတ်ချေးရော.... စုံလို့ ဆိုပါလားကွ'

'သူတို့က ဗိုင်းလုပ် ဗိုင်းစား ဆိုတော့ လူများပြီး လက်နိုင်ပေတာ ကိုးကွ'

'စပါးထွက်တော့ကော ဘယ့်နှယ်နေလဲ'

'ဟာ ကိုယ့်လူ မေးမှ မေးပလေကွာ၊ ဖိုးသာအေးတို့ ဖိုးလူတုတ်တို့ ဆိုတဲ့ လူတွေ ဟိုတုန်းက ဘယ်တော့ ပြောင်တယ် ရှိသလဲ၊ အခုတော့ သားတွေတောင် ရွှေဘိုကျောင်း ပို့မလို့ ဆိုပါလား'

'နိပ်ဟ.... တို့တော့ ကြိုက်တယ်ကွာ၊ ဖိုးသာမြတ်လို လူတွေ တို့နယ် မှာ များများပေါ်ရင် တို့တောင်သူတွေ လက်ခမောင်းခတ်ကြပေါ့ကွာ'

'ဒါမတော့ သူ့မှာ ငွေအား တောင့်တာကိုးကွ၊ လုပ်နိုင်တာပ'

'မပြောပါနဲ့ကွာ၊ သူ့အဖေ လက်ထက်ကကော ဒီငွေပဲ မဟုတ်လား၊

သူ့ကျိုထဲမှာသာ စပါးပြည့်တယ်၊ ရွာသားတွေမှာတော့ ပုပ်ကလေးနဲ့တောင် ထည့်စရာစပါး ရှိရဲ့လား'

'အေးလေ.... ဖိုးသာမြတ်က ခေတ်မီပေသကိုးကွ'

'ဟိုတုန်းကလည်း ခေတ်မီတဲ့ လူတွေ ရှိသားပဲ၊ ကိုယ့်သား စာရေးကြီး ဖြစ်ရင်၊ မြို့အုပ်ဖြစ်ရင် သူရို့ကတောင် ဘုရားထူးခံလိုက်ချင်သေးဗျား'

'ဒါက ဟိုခေတ်လေ.... ကျွန်ခေတ်ကိုးကွ၊ တို့တစ်တွေ ကျွန်လုပ်ခိုင်းပြီး သူတို့က ဇိမ်ခံတဲ့ခေတ်ကိုး'

'ဒါနဲ့များတောင် ကျွန်တွင်းက မတက်ချင်တဲ့ လူတွေ အပုံကြီးဗျာ'

'ကြားဖူးဘူးလားကွ၊ ချေးထဲကလောက် ချေးထဲမှ ပျော်သတဲ့'

'ဒါကြောင့် ဇိကုပ် နတ်ပြည်တင် ဆိုတာမျိုးလို လုပ်တဲ့ လူက လုပ်ပေးရတာပဲ'

ထယ်စက်ပေါ်၌ ရှိသော သာမြတ်သည် လက်ပတ်နာရီကို ကြည့်၍ ၁၀ နာရီခွဲသည်နှင့် စက်ရပ်ပြီးလျှင် ရွာဘက်သို့ လျှောက်လာရာ ရွာသားများ အနီးသို့ ရောက်သောအခါ၌ ရွှင်ပျသော မျက်နှာနှင့် နှုတ်ဆက်၍ 'ကျေနပ်ကြရဲ့ မဟုတ်လား၊ မှာသာ မှာကြပါ၊ ကျုပ် ပြပေးပါ့မယ်' ဟု ပြောသွား၏။ ပရိသတ်မှာ ရွာနီးချုပ်စပ်မှ လာကြည့်ကြသော တောင်သူများ ဖြစ်၍ သာမြတ်၏ အလုပ်ကို ချီးကျူးပြောဆိုကြလေသည်။

သာမြတ်သည် ရွာထဲသို့ လျှောက်သွားစဉ် ရွာသားများသည် ၎င်းအား မျှော်ကြည့်နေကြရင်း–

'ဘယ့်နှယ်လဲ ငါ့လူများ၊ ဟိုတုန်းကတော့ ဒီလို ဘောင်းဘီတိုနဲ့ ရှပ်လက်တိုနဲ့ဆိုရင် မင်းပိုင်းက တောတက်လာတယ်ဆိုပြီး ခါးကုန်းလိုက်ကြရတာ မပြောပါနဲ့တော့၊ ဖိုးသာမြတ်တို့ကျတော့ တို့တောင်သူ အလုပ်လည်း ဘောင်းဘီတိုနဲ့ ဘာနဲ့ ဟန်သားပဲကိုးကွ'

ပျဉ်ထောင်အိမ်ကြီးရှေ့၌ သားအမိနှစ်ယောက်တို့သည် ခုံတန်းလျားပေါ်၌ ထိုင်ကာ စောင့်မျှော်နေကြရာမှ သားကလေးသည် ကပျာကယာ





ပြေးထွက်လာ၍ သာမြတ်၏ပခုံးကို ခုန်ဆွဲလိုက်သည်တွင် သာမြတ်က ဖမ်းယူကာ ပခုံးပေါ်သို့ တင်လိုက်၏။

နံ့။ ။ 'မင်းကလည်းကွယ်၊ အဖေကြီး မောလာရတဲ့ အထဲမှာ'

မြတ်။ ။ 'မောပေါင်ဗျာ၊ ဒါမှ အမောပြေသွားတယ်'

အိမ်ပေါ်သို့ ရောက်၍ ခင်လေးဆွေက ထမင်းပွဲ ပြင်ရန်အတွက် စီမံလျက်ရှိစဉ် မသက်နံ့သည် ရေချိုးလာခဲ့သော သာမြတ်၏ ကိုယ်မှ ရေပေါက်များကို မျက်နှာသုတ်ပဝါကြီးဖြင့် ပွတ်တိုက်ပေး၍ ဖိုးခွေးက စွပ်ကျယ်အင်္ကျီ ထုတ်လာခဲ့လေသည်။

သာမြတ်တို့ သားအဖ သုံးယောက်သည် ရွာသို့ ရောက်လာစအခါ၌ သာမြတ်၏ဖခင် ဦးကျော်ဟိုး ပိုင်သော လယ်မြေများမှာ အခွန်တော်နှစ်ဆမျှသော လယ်ထောက်ခဖြင့် လုပ်သားများ ခွဲဝေ လုပ်ကိုင်လျက် ရှိ၏။ သို့ဖြစ်၍ ဧက ၅၀၀ ကျော်မျှသော လယ်မြေများသည် ၅၀ ကျော်မျှသော လုပ်သားများ လက်သို့ ပျံ့နှံ့လျက် ရှိ၏။ ၎င်း ပတ်ဝန်းကျင် တစ်ဝိုက်၌ ရှိသော လယ်မြေများမှာ သာမြတ်၏ ဖခင် သော်လည်းကောင်း၊ လူမော်၏ ဖခင် သော်လည်းကောင်း ပိုင်ဆိုင်ကြသည်ဖြစ်၍ ၎င်း မြေပိုင်ရှင်ကြီး နှစ်ဦးနှင့် မပတ်သက်သော လယ်မြေဆို၍ ခပ်ရှားရှား ရှိနေတော့သည်။ သာမြတ်သည် မိမိ ရည်မှန်းလာခဲ့သော အစီအစဉ်ကို လူမော်၏ဖခင် ဦးပြည့်စုံအား ပြောပြရာ ဤလူကြီးမှာ သာမြတ်အား မတော်လိုက်ရသည့် သမက် မှန်စေကာမူ သာမြတ်က ပျက်ကွက်ခြင်း မဟုတ်သောကြောင့် အကယ်ပင် သမက်တော်သကဲ့သို့ ယူဆသည်နှင့် မိမိ၏ လယ်မြေများနှင့် ပတ်သက်၍ လုပ်သားများ သဘောတူကြသမျှ ကာလပတ်လုံး သာမြတ် သဘောအတိုင်း စီမံနိုင်ခွင့် ပေးလိုက်လေသည်။ စင်စစ်မှာလည်း ဤလူကြီးသည် မိမိ ကွယ်လွန်သောအခါ၌ မိမိပိုင် လယ်မြေများကို နောက်မယားနှင့် သာမြတ်တို့အား တစ်ဝက်စီ ခွဲဝေပေးခဲ့မည်ဟု အကြံအစည် ပြုထားပြီး ဖြစ်လေသည်။ သာမြတ်၏

ဖခင်မှုကား ပစ္စည်းရေးနှင့် ပတ်သက်၍ သာမြတ်၏ သဘောအတိုင်း လွှဲအပ်ပြီး ဖြစ်လေသည်။

ရှေးဦးစွာ သာမြတ်သည် ဦးပြည့်စုံနှင့် ဦးကျော်ဟိုးတို့၏ လုပ်သားများကို ဖိတ်ခေါ်၍ မိမိ၏ကြံရွယ်ချက်ကို ပြောပြလေသည်။ မည်သည့်အလုပ်၌ ဖြစ်စေ အရင်းအနှီး ပြည့်စုံမှ ထမြောက် အောင်မြင်နိုင်ကြောင်း၊ လုပ်သားများသည် အခွန်တော် နှစ်ဆမျှသာ လယ်ထောက်ခ ပေးကြရသဖြင့် ရှေးကထက် သက်သာခွင့်ရကြသည် မှန်သော်လည်း ဤနည်းအတိုင်း လုပ်ကိုင်ကြခြင်းအားဖြင့် ဘယ်သောအခါမျှ လက်ထဲတွင် ငွေကြေး မြောက်မြားစွာ စုဆောင်းနိုင်ကြမည် မဟုတ်သောကြောင့် စပါးရောင်းသော အချိန်တွင် ကုန်သည်များ၏ဖိနှိပ်ခြင်း ခံကြရမည် ဖြစ်ကြောင်း၊ အစိုးရက ဈေးနှုန်း ကန့်သတ်ထားသည် မှန်သော်လည်း အစိုးရ၌ တိုင်းပြည်မှ ထွက်သော စပါး အားလုံးကို သိမ်းကျုံး ဝယ်ယူထားရန် ငွေလုံလောက်စွာ ရှိနိုင်မည် မဟုတ်သောကြောင့် ချက်ချင်းရောင်းလိုသော တောင်သူများမှာ ကန့်သတ်သော နှုန်းအတိုင်း ပြည့်ဝအောင် ရနိုင်ဖို့ ခဲယဉ်းကြောင်း၊ မိမိသည် မြေပိုင်ရှင်ကြီး နှစ်ယောက်၏ လက်ဝယ်၌ရှိသော အရင်းအနှီးကို သဘောအတိုင်း အသုံးချနိုင်ခွင့် ရှိ၍ စက်ကိရိယာများ ဝယ်ယူနိုင်မည့်ပြင် အကယ်၍ လယ်မှ ထွက်သော စပါးအားလုံးကို သိုလှောင်ရန် မတတ်နိုင်ဆိုစေဦး၊ ဘဏ်တိုက်များနှင့် ဆက်သွယ်ရန် နည်းလမ်း ရှာကြံတတ်သည် ဖြစ်သောကြောင့် အခက်အခဲမှ လွတ်မြောက်အောင် စီမံနိုင်မည် ဖြစ်ကြောင်း၊ မည်သို့ပင် ဖြစ်စေ နှစ်နှစ် သုံးနှစ် စသည်ဖြင့် စမ်းသပ် လုပ်ကိုင်ကြ၍ မအောင်မြင်ခဲ့လျှင် လယ်မြေများကို ယခင်အတိုင်း ပြန်လည် ဝေငှပေးရန် တာဝန်ခံ၍ ဆုံးရှုံးရန် ရှိပါကလည်း မိမိသာလျှင် အနစ်နာခံမည် ဖြစ်ကြောင်း စသည်ဖြင့် နားလည် အောင် ရှင်းပြလေသည်။

တောင်သူများမှာ အကြံအစည်သစ် တစ်ခုကို စမ်းသပ်ချင်အောင် ပြောပြရန် အခက်အခဲဆုံးသော လူစု ဖြစ်၍ "တောင်သူ လေ့နံ့ထစ်" ဟူသော





စကားပုံပင် တီထွင် ထားကြရသော်လည်း သာမြတ်၏စကားများ၌ နစ်နာရန်ရှိလျှင် သူသာ ခံပါမည် ဆိုသော အချက်ကို သဘောကျသူ များသောကြောင့် "မကျော်ရ ပြန်ရုံ" ဆိုသော အနေဖြင့် စမ်းသပ်ကြည့်ဖို့ သဘောတူညီကြလေသည်။

သာမြတ်သည် လုပ်သား အသီးသီးတို့၏ နှစ်စဉ်ထွက်သော စပါးများနှင့် ဝင်ငွေများကိုလည်း စာရင်း ကောက်ယူထားလေသည်။

သာမြတ်သည် လယ်ယာစိုက်ပျိုးရေးဌာန အရာရှိများထံသို့ သွား၍ မိမိ လိုလားချက်များကို ပြောပြရာ ဝမ်းမြောက်စွာ အကူအညီ ပေးကြသည်နှင့် လိုအပ်သော ထွန်စက်၊ ထယ်စက်၊ လှေ့စက် စသည်တို့ကို အချိန်မီ ရရှိလေ၏။ ရွာပတ်ဝန်းကျင်ရှိ လယ်မြေများမှာ အသိုးကြီး နှစ်ယောက်ပိုင်သည် ဖြစ်သည့်အလျောက် ကန်သင်းများကို ဖျက်ဖောက်ကာ တောက်လျှောက် ထွန်ယက်နိုင်လေတော့သည်။ ဤအတောအတွင်း သာမြတ်သည် လုပ်သား အားလုံးတို့၌ တစ်ယောက်နှင့် တစ်ယောက် ခင်မင် ရင်းနှီးသော စိတ်များ ဖြစ်ပေါ်စေ၍ တွဲဖက် လုပ်ကိုင်ချင်သော စိတ်ဆန္ဒများ ဖြစ်ပေါ်စေခြင်းမှာ မိမိတို့အိမ်သို့ မကြာခဏ ဖိတ်ခေါ် ဟောပြောရုံသာမက မြန်မာတို့ သဘောကျတတ်သော ထုံးစံအတိုင်း မုန့်ပေါင်း၊ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ် စသည့် ဒေသအလျောက် စားစရာများကိုလည်း စည်းဝေးတိုင်း ကျွေးမွေးလေသည်။ "ပေးကမ်းခြင်းဖြင့် အောင်မြင်စေ" ဟူသော စကားပုံ ရှိသည့်အနက် ပေးကမ်းခြင်း တကာတို့တွင် စားစရာ ကျွေးခြင်းသည် (မြန်မာတောရွာများတွင်) အထူးသဖြင့် အောင်မြင်တတ်ခြင်းကိုလည်း သာမြတ် နားလည်ပြီး ဖြစ်လေသည်။ ရုံဖန်ရံခါ မသက်နုံနှင့် ခင်လေးဆွေတို့ တတ်လာခဲ့သော မြို့ကြီးမုန့်များ ဖြစ်သည့် မုန့်ဟင်းခါး၊ မုန့်တီ၊ ကြာဆံ စသည့် သရေစာများသည်လည်း တိုး၍ အောင်မြင်စေတော့သည်။

သာမြတ်သည် လုပ်သားများ၏ အိမ်သူအိမ်သားများကို စာရင်း ကောက်ယူထား၍ အငယ် အကြီး၊ အထီး အမ မကျန် အားလုံးအဖို့

သင့်လျော်သော အလုပ်များ ပေးကာ ဝိုင်းဝန်း လုပ်ကိုင်စေရာ လုပ်သားများသည် အလုပ်လုပ်ရသည် မထင်ဘဲ အလှူပွဲသဖွယ် သဘောထားကြသည် ဖြစ်သောကြောင့် တွက်ကတ်ခြင်း မရှိ၊ သူ့ထက်ငါ ကြည်ဖြူစွာ ဝိုင်းဝန်း လုပ်ကိုင်ကြတော့သည်။

သာမြတ်သည် ဖခင် ဦးကျော်ဟိုးနှင့် လူမော်၏ဖခင် ဦးပြည့်စုံတို့၌ စုဆောင်းထားသော ငွေများကို မြေကြီးထဲမှ တူးဖော်၍ စိန် ရွှေ ကျောက်သံပတ္တမြား စသော လက်ဝတ်လက်စားများကိုပါ ထုခွဲ ရောင်းချပြီးလျှင် စက်ကိရိယာများ ဝယ်ယူ၍ ခေတ်မီသော စိုက်ပျိုးနည်းဖြင့် စုပေါင်း လုပ်ကိုင်ကြခြင်းအားဖြင့် မြေဧက ၆၀၀ ကျော်မျှကို ထွန်ယက် စိုက်ပျိုး ပြီးစီးရုံသာမက အခြားလူများ၏ လယ်များကိုပင် အငှား ထွန်ယက် ပေးနိုင်ပေသေးသည်။ အလုပ် လုပ်ကြရာ၌လည်း တစ်ယောက်ထက် တစ်ယောက်၊ တစ်ဖွဲ့ထက် တစ်ဖွဲ့ အလျင်ပြီးအောင် ယှဉ်ပြိုင် အားစိုက် လုပ်ကိုင်ကြသည့်အတွက်ကြောင့် အလုပ် တွင်ကျယ်လှ၍ စပါးများကို သူတစ်ပါး မပေါ်မီ ပေါ်အောင် လုပ်နိုင်သည့်အတွက် ဈေးကောင်းကောင်းရသော အခါများလည်း ရှိသေး၏။ နွေအချိန်များ၌ အခြားရွာသားများသည် လှည်းကောင်း နွားကောင်း ပြိုင်လျက် ဘုန်းကြီးပျံ၊ ဘုရားပွဲနှင့် အလှူပွဲများသို့ ချူကုံး တချွင်ချွင်နှင့် သွားခိုက်တွင် သာမြတ်သည် အစိုးရ လက်မှုပညာဆိုင်ရာ ဌာနမှ ဆရာများ မှာယူ၍ မိမိ၏ လုပ်သားများအား သင်ပြစေ၏။ သို့ဖြစ်၍ အခြား ရွာသားများ၌ ပိုက်ဆံဖြုန်းသော အချိန်အခါသည် မိမိ၏ လုပ်သားများ၌ ငွေဝင်သော အချိန်အခါ ဖြစ်တော့သည်။

စီးပွားရေး၌သာမက ပညာရေးနှင့် ပတ်သက်၍လည်း သာမြတ်တို့ လင်မယားသည် စိတ်ဝင်စားကြပေသေးသည်။ အစဉ်အလာအားဖြင့် ချောက်ချီးချောက်ချက် ဖွင့်ထားသည့် အစိုးရ ရွာကျောင်းကလေးတွင် ဆရာကောင်း တစ်ယောက် ဖြည့်စွက် ခန့်ထား၍ ကလေးသူငယ်များအား ကြပ်မတ် သင်ပြစေသည့်ပြင် အရွယ်လွန်ပြီးသော ယောကျ်ားကြီး၊ မိန်းမကြီးများ အဖို့လည်း





၎င်းတို့ လင်မယားကိုယ်တိုင် ညကျောင်းဖွင့်၍ မြန်မာစာကို သတင်းစာ ဖတ်နိုင်သည်အထိ သင်ပြပေးကြ၏။ ပထမနှစ် အဖို့၌ အဆောက်အအုံ မရှိသေးသည် ဖြစ်၍ သာမြတ်နှင့် မသက်နှံတို့ ငယ်စဉ်က ကစားခဲ့ကြသည့် သစ်ပင်ရိပ်ကြီးအောက်တွင် မဂ္ဂဇင်း၊ သတင်းစာနှင့် ဝတ္ထုများ မှာယူကာ ပိဋကတ် (စာကြည့်တိုက်) ဖြစ်အောင် စီမံကြ၏။ ဒုတိယနှစ်၌မူ တဲကြီး တစ်တဲ ထိုး၍ ရွာသူရွာသားတို့၏ တာဝန် ဝတ္တရားများနှင့် ပတ်သက်သော လက်ချာ (တရားပွဲ) များ ကျင်းပနိုင်ကြလေသည်။ သို့ဖြစ်၍ အခြားသော ကျေးရွာများတွင် နွေရာသီ၌ သောက်ရေကန်တွင် ဖေဒါပင်များ ဖုံးလွှမ်းသည့် အတွက် ရေ မလုံလောက်ခြင်း စသော အခက်အခဲများ ကြုံကြရသော်လည်း ထိုရွာတွင်မူ သန့်ရှင်းသော သောက်ရေကန်၊ ကျယ်ဝန်းသော ရွာလယ်လမ်း၊ လုံခြုံသော ရွာစည်းရိုး စသည်တို့နှင့် တကွ ကျေးရွာ သန့်ရှင်းရေးအဖွဲ့ ဆို၍ သုံးရက် တစ်ကြိမ်ကျ တံမြက်လှည်းပေးသော လူငယ်များ အဖွဲ့ပင် ပေါ်ပေါက်လာလေပြီ။

မသက်နှံကလည်း တစ်ဖက်တစ်လမ်းမှ တာဝန်ထမ်းမည် ဆို၍ မြန်မာ ဟင်းကောင်း အမျိုးမျိုး ချက်နည်း၊ သရက်သီး၊ မရန်းသီး၊ သံပရာသီး သနပ်လုပ်နည်း၊ ငါးပိသိပ်နည်း အစရှိသည့် အိမ်ရှင်မတို့နှင့် ဆိုင်ရာ ပညာများကို ကိုယ်တိုင် လေ့ကျင့်၍ ၎င်းရွာသူ အမျိုးသမီးများအား သင်ပြထားသည် ဖြစ်သောကြောင့် ဘုန်းတော်ကြီးများသည် ၎င်းရွာမှ ဆွမ်းစားပင့်သည် ဆိုလျှင် လက်မလွတ်တမ်း ကြွတော်မူကြလေသည်။

သာမြတ်သည် ၎င်းရွာအတွက် ကွန်ကိုး ဖွဲ့စည်း၍ ကုန်ပစ္စည်းများကို အသင်းသားများအား ဈေးနှုန်းချောင်ချိစွာနှင့် ရောင်းချနိုင်သည် ဖြစ်သောကြောင့် ၎င်းရွာ အပေါ်မှ အစဉ်အလာအားဖြင့် အဆီစုပ်လာခဲ့သော မြို့ကလေးရှိ ကုန်သည် ဈေးသည်များသည် သာမြတ်ကို မျက်မုန်းကျိုးကြလေသည်။ ထိုသူတို့က ၎င်းရွာသားများအား 'မင်းတို့ကို ဘယ်တော့ ချမလဲ၊ သတိထားကြနော်' စသည်ဖြင့် ကတုန်းကတိုက် ပြောကြသော်လည်း

သာမြတ်ကလည်း ဂရုမစိုက်၊ ရွာသားများကလည်း အယုံအကြည် မရှိကြပေ။

စပါးပေါ်ချိန်၌ သာမြတ်မှာ အခက်အခဲကြီးတစ်ခု တွေ့ရ၏။ အစိုးရက စပါးဈေးနှုန်းကို ကန့်သတ်ထားသော်လည်း အစိုးရ ကိုယ်တိုင်မှ တစ်ပြိုင်တည်း ဝယ်ရန် ငွေမရှိသဖြင့် အလီလီ စိတ်၍ ဝယ်ယူရသည်တွင် ချက်ချင်း စားစရာ မရှိသော တောင်သူများမှာ လျှော့ရောင်းမှ ဝယ်သူရှိမည့် အဖြစ်မျိုးသို့ ရောက်နေ၏။ သာမြတ်၏ လုပ်သားများသည်လည်း ဝိုင်းလုပ်၍ ရသော စပါးများကို အချိုးကျ ခွဲဝေသဖြင့် ဝေစု အသီးသီး ရကြသော်လည်း အခြားလူများ နည်းတူ အခက်အခဲ တွေ့ကြရ၏။ ဤတွင် သာမြတ်သည် စုပေါင်း လုပ်ကိုင်ရုံသာမက စုပေါင်း ရောင်းချသော စနစ်ကိုပါ တီထွင်ဖို့ စိတ်ကူးရတော့သည်။ သို့ဖြစ်၍ သာမြတ်သည် စပါးများကို အချိုးကျ ခွဲဝေမည့်အစား ကျီကြီးများတွင် သိုလှောင်ထား၍ လူသား အသီးအသီးတို့ ရသင့်သော စပါးတင်းရေကိုသာလျှင် အမှတ်အသား ပြုထား၏။ ထို့နောက် သာမြတ်သည် အစိုးရထံမှ အကူအညီ ရနိုင်မည်လောဟု စုံစမ်းကြည့်ရာ မတတ်နိုင်ကြောင်း သိရသည်နှင့် မန္တလေးမြို့ ဘဏ်တိုက်သို့ ဆင်းသွား၍ မန်နေဂျာနှင့် တိုင်ပင်လေသည်။ မန်နေဂျာသည် သာမြတ်၏ ကြံရွယ်ချက်နှင့် လုပ်ကိုင်ပုံ အစီအစဉ်များကို ကြားရဖူးသည်ဖြစ်၍ သာမြတ်က အလုံးစုံ ရှင်းလင်း ပြောပြသည်တွင် အားပေးထိုက်သော အလုပ်တစ်ခု ဖြစ်ကြောင်း ကောင်းစွာ ယုံကြည်သည်နှင့် ဒါရိုက်တာ ဘုတ်အဖွဲ့သို့ သာမြတ်၏ လိုလားချက်များကို တင်ပြလေသည်။ နောက်ဆုံး၌ သာမြတ်သည် စပါးကျီများကို မီးပေါင် ပြုလုပ်ထားပါက စပါးများ၏ တန်ဖိုး တစ်ဝက်မျှကို ဘဏ်တိုက်နှင့် ချေးပါမည်ဟု ဆုံးဖြတ်ချက် ချ၏။ သာမြတ်လည်း ဖြစ်အောင် လုပ်မည်ဟု အားခဲပြီး ဖြစ်သည့်အတိုင်း စပါးကျီများကို မီးပေါင်ထား၍ ငွေငါးသောင်း ချေးယူ ပြန်လာခဲ့လေသည်။

သာမြတ်သည် လုပ်သားများအား ၎င်းငွေများကို အနည်းငယ်မျှစီ





ခွဲဝေ သုံးစွဲစေ၍ နောက်ဆုံး၌ မီးပေါင်နှင့် ငွေတိုးအတွက်ပါ နှစ်ထောင်ခန့်မျှ ပေးလိုက်ကြရစေကာမူ စပါးများကို ဈေးလျှော့ ရောင်းမိပါက အနည်းဆုံး ငွေငါးထောင်မျှ နစ်နာကြမည် ဖြစ်သောကြောင့် မည်သည့်နည်းနှင့်မဆို ငွေသုံးထောင်ကျပ်ခန့်မျှ သက်သာကြသည်ဟု ဆိုနိုင်ပေသည်။ စင်စစ်သော်ကား ငွေသုံးထောင်ကျပ် သက်သာခြင်းထက် ဘဏ်တိုက်နှင့် အလုပ်ဆက်သွယ်မိခြင်းသည် သာလွန်၍ အကျိုးများသည်ဟု သာမြတ် နားလည်ပြီးဖြစ်လေသည်။

လုပ်သားများသည် သာမြတ်၏ စနစ်အတိုင်း စုပေါင်း ရောင်းချခြင်း၊ စုပေါင်း ဝယ်ခြမ်းခြင်းတို့ကို လိုက်နာကြသည့်အတွက် လယ်စုပုံရခြင်း၊ စပါးဈေး အပြည့်အဝ ရခြင်း၊ အဝတ်အထည် အစားအသောက်များ ဈေးနှုန်းသက်သာခြင်းတို့အပြင် ကလေးရော လူကြီးပါ ပညာ ဗဟုသုတ တိုးပွားခြင်း၊ ရွာသားအချင်းချင်း ခင်မင်ရင်းနှီးခြင်း၊ နေရှင်များထံသို့ ဒူးထောက် အောက်ကျို့ရသော အဖြစ်မှ လွတ်မြောက်ခြင်း စသော အကျိုးကျေးဇူးများကို လက်တွေ့ ခံစားကြရသည် ဖြစ်သောကြောင့် ပထမနှစ် အကုန်တွင် မိဘများ၏ လုပ်သားအားလုံး ပါဝင်လာကြ၍၊ ဒုတိယနှစ် ကုန်ဆုံးသော အခါတွင် ကိုယ်ပိုင်လယ်မြေ လက်ကိုင်ရှိသူများပင် ၎င်းအဖွဲ့သို့ ပါဝင်ခွင့်ပြုရန် တောင်းပန်ကြလေသည်။

ရွာနီးချုပ်စပ်မှ လယ်သမားများသည် သာမြတ်၏ အောင်မြင်ခြင်းကို အားကျ၍ အတုယူရန် ကြံစည်ကြပါသော်လည်း အရင်းအနှီး ရှိသော လူရတတ်များ၏ အားပေးခြင်း မခံရသည့်အတွက် မတတ်နိုင်ဘဲ ရှိကြ၏။ ဤတွင် မျက်စိကျယ်သော နိုင်ငံရေးသမားများ၏ အကြံပေးချက်အရ ၎င်းရွာသားများသည် အစိုးရထံသို့ အကူအညီ တောင်းကြလေရာ အစိုးရသည် အရာရှိများ စေလွှတ်၍ သာမြတ်၏ လုပ်ကိုင်ပုံ အစီအစဉ်ကို စုံစမ်းစေ၏။ သို့ရာတွင် အချို့သော မြေပိုင်ရှင်များ၏ နှောင့်ယှက်မှုကြောင့် စုံစမ်းသော အရာရှိများသည် ဖြစ်မြောက်အောင် ကြိုးစားဖို့ နည်းလမ်းများ မရှာဘဲ

ရွာတိုင်း ရွာတိုင်းတွင် သာမြတ် ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ရှိပါမှ ဖြစ်မည့် အကြောင်း၊ ရွာတိုင်း၌ ဤလူမျိုးတွေ ရှိစေရန်မှာလည်း နိဗ္ဗာန် ရဖို့လောက် ခဲယဉ်းကြောင်း စသည်ဖြင့် အစီရင်ခံစာ တင်သွင်းကြလေတော့သည်။

သာမြတ်တို့ လင်မယားမှာ မိမိတို့၏ ကြံရွယ်ချက် ထမြောက် အောင်မြင်သည့်အတွက် သိန်းထီပေါက်ရခြင်းနှင့်လည်း မတူ၊ ရွှေတံဆိပ်တွေ ရင်ဘတ်၌ ပြည့်၍ ဘာကျော်ထင်၊ ညာကျော်ထင် ဟူသော ဘွဲ့တွေ ချီးမြှင့်ခံရသည်နှင့်လည်း မတူ၊ တစ်နယ်လုံး ကြည်ညို လေးစားခြင်း ခံကြရ၍ တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်ကာ တပြုံးပြုံး ဖြစ်နေကြလေတော့သည်။

နံနက်စာ စားပြီးကြသည့်နောက် ခင်လေးဆွေမှာ တစ်ရေးတစ်မော အိပ်တတ်သော ထုံးစံအတိုင်း အိပ်ခန်းသို့ ဝင်သွားသဖြင့် အိမ်ရှေ့ ဧည့်ခန်းတွင် သာမြတ်တို့ သားအဖ သုံးယောက်သည် ဆိုဖာကြီးများပေါ်၌ အသီးသီး ထိုင်ကာ မိမိတို့၏ လုပ်ငန်း အစီအစဉ်များ အကြောင်းကို တိုင်ပင်နေကြရာမှ အနာဂတ်ရေးအတွက် စပ်မိစပ်ရာ ရောက်သွားလေသည်။ သာမြတ်နှင့် မသက်နံ့တို့မှာ အချို့သော "ဝံသာနု" သမားများကဲ့သို့ ပင်နီအင်္ကျီနှင့် ခုံဖိနပ် စီးသော ဝါသနာ မရှိဘဲ လူဖြစ်ခိုက်တွင် အများ ကောင်းစားအောင် ဆောင်ရွက်ရင်း မိမိတို့လည်း ကောင်းကောင်း စား၊ ကောင်းကောင်း ဝတ်၍ ဇိမ်နှင့် နေချင်သူများ ဖြစ်သောကြောင့် ၎င်းတို့အိမ်တွင် ကော်ဇောကြီး၊ ဆိုဖာကြီး၊ ဗီရိုကြီး၊ မှန်ကြီးများဖြင့် အရာရှိများ စတိုင်ဖြင့် နေထိုင်ကြလေသည်။

ဖိုးခွေးမှာ အင်္ဂလိပ်ကျောင်းသို့ ပို့ထားသော်လည်း ကျောင်းပိတ်ရက် ဖြစ်၍ ဤနေ့၌ အိမ်သို့ ရောက်နေခြင်း ဖြစ်လေသည်။

မြတ်။ ။ (ဆေးပြင်းလိပ်ကို ဖွာ၍ မှုတ်ထုတ်လိုက်သော အခိုးများကို မော့ကြည့်လျက်) 'ငါ့သား ကြီးတော့ ဘာလုပ်စားမလဲကွ လူလေး'





နံ့။ ။ (ဖိုးခွေး၏ ကျောင်းစာအုပ်များကို မနွမ်းစေရအောင် စက္ကူနှင့် ဖုံးပေးနေရာမှ) 'ဖေဖေ့လို လုပ်မှာပေါ့၊ ဟုတ်တလား ငါ့သား'

ခွေး။ ။ (ကိုယ်တိုင် ခုတ်လုပ်ထားသော ထွန်ကလေးကို ထွန်ကိုင်းနှင့် ထွန်သွားများ တပ်ပေးနေရာမှ) 'သတ္တိတို့ ဘာတို့ ရှိတာ ကြိုက်တော့ ကြိုက်တယ်၊ ဒါပေမဲ့ ကျွန်တော်က တခြားလူတွေနဲ့မှ တိုက်ချင်တယ်၊ ဗမာချင်း မတိုက်ချင်ဘူး'

သာမြတ်နှင့် မသက်နံ့တို့လည်း တစ်ယောက်၏ မျက်နှာကို တစ်ယောက် လှမ်းကြည့်မိကြ၏။

မြတ်။ ။ 'ဒါဖြင့် ငါ့သားက ရုံးထိုင်တဲ့ တရားသူကြီးကော မကြိုက်ဘူးလား'

ခွေး။ ။ 'ပျင်းစရာကြီး ဖေဖေရယ်၊ ကုလားထိုင်ကြီးပေါ် တစ်နေ့လုံး ထိုင်လို့'

နံ့။ ။ 'ကျောင်းဆရာကောကွယ် သားရဲ့'

ခွေး။ ။ 'ဟင့်အင်း၊ ဒါလည်း ပျင်းစရာကြီးပဲ၊ စကားပြောရတာ မောလို့'

မြတ်။ ။ 'ဝန်ကြီးချုပ်တို့ ဘာတို့ကောကွ'

ခွေး။ ။ 'လုပ်ချင်ပေါင် ဖေဖေရယ်၊ ဟိုဘက်အိမ်က ဘိုးဘိုးကတောင် ပြောသေး၊ သူ့သား ဦးလေးမော်လို ဟန်ကြီးပန်ကြီး မလုပ်နဲ့တဲ့ ဖေဖေ၊ ဦးလေးမော် တစ်ယောက် ရှိသေးလား'

သာမြတ်နှင့် မသက်နံ့တို့မှာ မျက်နှာညှိုးသွားကြ၍ သာမြတ်လည်း မေးခွန်း မှားသွားသည့်အတွက် နောင်တရမိ၏။

မြတ်။ ။ (သောက်နေသော ဆေးပြင်းလိပ်ကို ပြကင်းပေါက်မှ လွှင့်ပစ်ရင်း) 'မရှိတော့ပါဘူး သားရယ်၊ နို့ ဒါဖြင့် လူကလေးက ဘာလုပ်စားမှာလဲကွယ့်'

ခွေး။ ။ 'ဟင် .... ကျွန်တော် စားဖို့ ဖေဖေတို့က မထားခဲ့ဘူးလား'

မြတ်။ ။ 'ထားတော့ ထားမှာပေါ့ သားရယ်၊ ဒါပေမဲ့ ယောကျ်ားဆိုတာ အလုပ်တစ်ခုခု လုပ်ရတယ် သားရဲ့'

ခွေး။ ။ 'မလုပ်တော့ ဘာဖြစ်လို့လဲ ဖေဖေရယ်'

မြတ်။ ။ 'အလုပ် မလုပ်ရင် လူပျင်းတစ်ယောက် ဖြစ်နေပြီး ပျော်စရာ နောက် လိုက်လို့ ပျက်စီးတတ်တယ် သားရဲ့'

ခွေး။ ။ 'ဒါဖြင့် ကျွန်တော်က ဖေဖေ့လို လယ်လုပ်မှာပေါ့၊ ဟောဒီမှာ ထွန်ကလေးတောင် ကျွန်တော် လုပ်တတ်ပြီ၊ မြင်လား မေမေ'

နှံ။ ။ 'မင်းဟာကလည်း ဖေဖေ့လို စက်ထွန် မဟုတ်ဘဲ နွားထွန်ကြီး ပါလားကွယ့်'

မြတ်။ ။ 'သူ့အဘိုးများဆီက ပဋိသန္ဓေ မျိုးစေ့ကိုးဗျ၊ ဒါလောက် တတ် တာပေါ့'

ခွေး။ ။ 'ကိုင်းဗျား၊ ကျွန်တော့်ထွန် တပ်ပြီးပြီ ....လာကြဗျာ၊ ကျွန်တော် မောင်းမယ်'

မြတ်။ ။ 'ဘာလုပ်ရမှာလဲကွယ့် သားရဲ့'

နှံ။ ။ 'ဘယ်ကို လာရမှာလဲ လူလေးရယ်'

ခွေး။ ။ 'ဒီကော်ဇောပေါ် လာကြပေါ့ ဖေဖေတို့ရဲ့'

ဖိုးခွေးလည်း နားမလည်သဖြင့် ငေးကြည့်နေကြသော မိခင်နှင့် ဖခင်တို့ကို ဆိုဖာပေါ်မှ ဆွဲချ၍ ကော်ဇောကြီးပေါ်သို့ ခေါ်သွားလေသတည်း။

ရွှေဥဒေါင်း

# ကျေးဇူးတင်ပါသည်။

**မြန်မာပြည်သား**

Thank You

# ခေါင်းတုံးပေါ် ထိပ်ကွက် [၁]

ရန်ကုန်မြို့သည် လူပေါ်တွင် လူညွန့်ခူးသော လူပါးလူနပ်တို့ ခံမြန်းရာ ဖြစ်သော ဌာနကြီး ဖြစ်သည်ဟု ခေါ်ဆိုနိုင်ပေရာ၊ ယင်းတို့အနက် ဤ သူတော်စိန်မှာ ဝိုလ်ကျလျက် ရှိသည်ဟု လူပါးလူနပ်တိုင်းက သမုတ်ခြင်း ခံရသူ ဖြစ်လေသည်။ နဂိုအားဖြင့် ပါးရည်နပ်ရည်ရှိသော ရန်ကုန်သား ဘုတိတစ်ယောက်ဖြစ်၍ ကောလိပ်ကျောင်း၌ ဝိဇ္ဇာဘွဲ့အောင်အေ အပေါက်တန်း သို့ ရောက်အောင် နှစ်နှစ်မျှ ပညာသင်ကြားခဲ့သဖြင့် ကောင်းမွန်စွာ အလုပ် လုပ်ခဲ့၍ ကြီးပွားနိုင်သော အခြေခံ ပါရမီ ရှိခဲ့သော်လည်း အလုပ် လုပ်၍ ရသော ငွေ ၁၀ဝိ ထက် လူညွန့်ခူး၍ ရသော ငွေ ၅ဝိ ကို ပို၍နှစ်သက်သည်ဟု သူကိုယ်တိုင် ထုတ်ဖော်ပြောဆိုလေ့ ရှိသည့်အလျောက် သူတော်စိန်သည် ရေဝန်ရုံး၌ တစ်နှစ်ခန့် အလုပ်လုပ်ပြီးခဲ့သည့် အချိန်မှစ၍ လူပေါ်ကြော အဖြစ်နှင့် ခပ်ပေါ့ပေါ့ နေထိုင်လာခဲ့လေသည်။

ငွေကြေး လက်ကိုင်ပြတ်သော အခါမျိုး၌ သူတော်စိန်သည် သိမ်ဖျင်း သော လိမ်လည်မှုများကို ကျူးလွန်ခဲ့မိသော်လည်း သူ၏ ဝါဒမှာ "လူလည်" လုပ်သူများ အပေါ်မှ ခေါင်းပုံဖြတ်၍ "ခေါင်းတုံးပေါ် ထိပ်ကွက်" ရခြင်း အလုပ်ကို ပို၍နှစ်သက်သူတစ်ယောက် ဖြစ်လေသည်။ မိမိက အညွန့်ခူးလိုက် သည့်အတွက် တစ်ဖက်သား လူရိုးလူကောင်းများ၌ ထိခိုက်နစ်နာသွားမည်





ဆိုလျှင် ရှောင်ကြဉ်ဖို့ သတိပြုတတ်ပေရာ၊ အထူးသဖြင့် နိုင်ငံခြား ကုမ္ပဏီ များ၊ ဆိပ်ကမ်းရုံးများကို မညှာတာသော နေရာမျိုးတွင် အညွန့်ခူးသော အချင်းချင်းသည်ပင်လျှင် သူတော်စိန်သည့် ဖြန့်ရေရှက်ရေး အညွန့်ခူးတတ် လေသည်။

ကျွန်ုပ် ရေးသားဖော်ပြလျက်ရှိသော အချိန်၌မူကား သူတော်စိန်မှာ မော်တော်ကား အလဲလဲ၊ ဇာခါးကောက်ကောင်းရည် အမျိုးမျိုး၊ စိန်လက်စွပ် တဝင့်ဝင့် နေနိုင်လောက်သော အခြေအနေသည် ဆိုက်ရောက်နေပြီ၊ ခြေလှမ်းရာ ပုလိပ် အမှုထမ်းများလည်း သူ၏အကြောင်းကို အသေအချာ ရိပ်မိကြသော် လည်း လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ခြင်း မရှိသဖြင့် အလွန်တရာ မင် ကောင်းသူတစ်ယောက် ဖြစ်လေကြောင့် ထိတ်လန့်တကြား လေ့လာကြ၏။

သူတော်စိန်သည် အရိုးဟောင်းမှုထမ်းများ၏ ကလေပ်၊ မှုခင်းရာရှိ များ၏ ကလေပ် စသည်တို့ကို မင်းသားအဖြစ်နှင့် ပါဝင်ထား၍၊ နိုင်ငံကြီး ဝန်ကလေးဆိုသူများ၏ အထင်အမြင်ကြီးခြင်း ခံရသော်လည်း လက်ဖွားမွှားနှင့် ရက်ရောစွာ ပေါင်းသင်းထားခဲ့သူ တစ်ယောက်လည်း ဖြစ်ပေ၏။

တစ်နေ့သ၌ သူတော်စိန်သည် ဇာကောက်လုံချည်၊ ပေါက်ဝင်ရှိ၊ ခေါင်းပေါင်း အုပ်ပေါင်း ဟာဖတာ ရှင်မှုအင်္ကျီ စသည်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်လျက် ကုက်ကောက်ကိုပင့်ကာ ဆူးလေဘုရား လမ်း ဘက်ရှိလျက် စတိုင်ပါပါနှင့် လျှောက်လာစဉ် ခရီးကစ်ပင် အနောက်ဘက်ယောက်ပေလေ၊ သို့မဟုတ် မြေပိုင်ရှင် သူဌေးသား တစ်ယောက်ပေလောဟု မှတ်ယူလောက် သ၏။ သို့ရာတွင် ရွှေလက်ပတ်ကြိုးနှင့် ခြုံကို စိန်ရှိထားသည် လက်စွပ်ကြီး ကို ဖော်ထားခြင်း အားဖြင့် အရာရှိ မဟုတ်ကြောင်းရှင်းရှင်း၊ သူဌေး သား အမှုအရာနှင့် တူသည်ဟု ခန့်မှန်းကြရပေလိမ့်မည်။

သူတော်စိန်သည် ဆူးလေဘုရားလမ်းတစ်လျှောက် ကောင်မှုခမြောက် သို့ လျှောက်လာ၍ ဖရေဇာ (အနော်ရထာ) လမ်းကို ရောက်မိရာတွင်

ဘိုင်စကုတ်ရုံမှ ထွက်လာကြသော ပရိသတ်များနှင့် ရင်ဆိုင်တိုးမိ၍သဖြင့် လူချင်းမတိုက်မိအောင် ရှောင်တိမ်းသောအလုပ်ကို မျက်စိရှင်စွာနှင့် ကြိုးစား၍ လုပ်နေရလေ၏။ ယင်းသို့ရှိစဉ် နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ပုဆိုးရှည် ဝတ်ထားသော လူကြီးတစ်ယောက်သည် တစ်စုံတစ်ခုသော အရာကို မြေကြီးပေါ်မှ ငုံ့ကောက်၍ ထိုအရာကို လက်ကိုင်ပဝါနှင့် ပွတ်တိုက်နေဆဲတွင် သူတော်စိန်နှင့် ရင်ဆိုင် တိုးဖို့မိလေ၏။ ထိုအခါ နှုတ်ခမ်းမွေးနှင့် လူကြီးသည် 'အလိုလေးဗျ' ဟု ဆိုကာ လက်ထဲမှ လွင့်စင်ကျသွားသော အရာဝတ္ထုကို ကပျာကယာ ကောက်ယူ၍ သူတော်စိန်ဘက်သို့ လှည့်ပြီးလျှင် 'ကြည့်စမ်းပါဦး မိတ်ဆွေ၊ ကံကောင်းလို့ပါလားဗျာ။ မြောင်းနှုတ်ခမ်းကလေးမှာ တင်နေပေလို့သာပေါ့။ နောက်ထပ်ပြီး တစ်လိမ့်တည်း လိမ့်လိုက်ရင် မြောင်းကြီးထဲ ကျသွားတော့မှာပဲ' ဟု ပြောကာ လက်ကိုင်ပဝါနှင့် ပွတ်တိုက်နေလေ၏။

စိန်။ ။'အဲဒါက ဘာကလေးလဲ ခင်ဗျ'

လူ။ ။'စိန် အရိုင်းခင်ဗျာ။ ကြည့်လိုက်တော့ ဖန်လိုနှင့်၊ စိန်အစစ် ခင်ဗျာ'

စိန်။ ။'ဟုတ်လားခင်ဗျာ၊ ကံကောင်းပေလို့သာပေါ့။ နို့မို့ဖြင့်....'

လူ။ ။'ကျုပ်လားဗျာ ကံခကောင်းတာ၊ ကျုပ်လောက် ကံဆိုးတဲ့လူ ကမ္ဘာမှာ ရှိတယ်တောင် မထင်ဘူး'

စိန်။ ။'ဖြစ်ရလေဗျာ ဟုတ်ကဲ့လား'

လူ။ ။'ဟုတ်ပါသော်ကော မိတ်ဆွေ။ ဘဝတ်(ဆ်)ကား စီးလာတယ်။ ခါးပိုက်နှိုက်ခံရရင် ဘယ်သူလဲ၊ ကျုပ်ပဲ။ ပွဲကြည့်နေလို့ ခဲကျလာတယ်။ ဘယ်သူ့မှန်သလဲ၊ ကျုပ်ခေါင်း မှန်တယ်။ ဘိုင်စကုတ်ကြည့်နေတုန်း ကုလားထိုင် ကျိုးကျတယ်။ ဘယ်သူ့ကုလားထိုင်လဲ၊ ကျုပ်ကုလားထိုင်ပဲ။ ဘယ်နေရာ ဘာဖြစ်ဖြစ် ထိစရာရှိ ကျုပ်ထိတာချည်းပဲဗျ'

စိန်။ ။'ဖြစ်မှ ဖြစ်ရပလေဗျာ၊ ဒီလောက်ပဲလား။ ဟုတ်တော့





ဟုတ်ပါရဲ့လေ။ လူဆိုတာမျိုးဟာ ကံမကောင်းပြီဆိုမှဖြင့် ဘယ်နေရာမှာမှ အပေါက်မတည့်ချင်ဘူး။ ကျွန်တော့်ဦးလေးတစ်ယောက် ရှိတယ်'

လူ။ ။(သူတစ်ပါး၏ အဖြစ်အပျက်ကို နားမထောင်လိုသော လက္ခဏာဖြင့်) 'ကျုပ်လောက် ကံဆိုးတဲ့လူ ကျုပ်တစ်ယောက်ပဲ ရှိတယ်ဗျ။ တစ်သက်လုံးလည်း ကံဆိုးတယ်၊ အခုလည်း ကံဆိုးတုန်းပဲ။ ဒါနဲ့ စကားပြောလက်စနဲ့ ပြောစမ်းချင်သေးတယ်ဗျာ။ ခင်ဗျား ခဏလောက် မအားဘူးလား၊ ဘာအလုပ်များ အရေးကြီးတာ ရှိသလဲ။ ခင်ဗျား ကြည့်ရတာ စိတ်ကူးစိတ်သန်းရှိတဲ့ လူတစ်ယောက်နဲ့ တူတယ်။ လာစမ်းပါဦးဗျာ၊ ဟောဟိုက ဂလုတ်ဘားမှာ တစ်ခွက်စီလောက် သောက်ပြီး တိုင်ပင်စရာကလေးရှိတာ တိုင်ပင်ပါရစေဦး။ မိတ်ဆွေက အရက်တွေ ဘာတွေ ရှောင်တဲ့ လူပေါ်ထဲက မဟုတ်ဘူး မဟုတ်လား'

သူတော်စိန်မှာ မိမိက တိုက်ရသည်ဖြစ်စေ၊ သူတစ်ပါး တိုက်သည်ကို သောက်ရသည်ဖြစ်စေ အရက်အမျိုးကောင်းကို သောက်ရန် ဘယ်အခါမှ ငြင်းလေ့သူ မဟုတ်ပေရကား ဖိတ်ခေါ်သည့်အတိုင်း ဦးခေါင်းကို ညိတ်ကာ ဂလုတ်ဘားဆီသို့ နှစ်ယောက်သား အတူတကွ လျှောက်သွားကြလေ၏။

ဟိုတယ်ဘွင်းသို့ ရောက်ကြသောအခါ ထိုလူသည် ချောင်ကျသော စားပွဲတစ်ခုဆီသို့ သူတော်စိန်ကို ခေါ်သွားပြီးနောက် ကုလားထိုင်တစ်လုံးစီ ထိုင်ကြပြီးမှ 'ဘာသောက်မလဲ' ဟု မေးရာ သူတော်စိန်က 'ဒီအချိန်ဆိုတော့ ဝီစကီပဲ ကောင်း ထင်ပါ့ဗျာ' ဟု ပြောသဖြင့် ဘွိုင်ကုလားအား ဝီစကီနှစ်ခွက် ယူခဲ့ရန် အမိန့်ပေးလေ၏။ ဘွိုင်ကုလားသည် ဝီစကီ တစ်ခွက်စီကို ထိုသူ၏ ရှေ့တွင် တည်ခင်း၍ ဖောက်ပြီးသော ဆိုဒါပုလင်းကို ချထားခဲ့ပြီးနောက် စားပွဲမှ ခွာသွားလေရာ ထိုလူသည် မိမိ၏ ဖန်ခွက်နှင့် သူတော်စိန်၏ ဖန်ခွက်တို့တွင် ဆိုဒါများ ငှဲ့ပေး၍ မိတ်ဆွေနှစ်ယောက်တို့သည် တစ်ကျိုက် နှစ်ကျိုက်စီ သောက်ကြပြီးသောအခါတွင်–

လှ။ ။ 'ဟုတ်တယ်ဗျ ကျုပ် ခုနင်က ပြောတဲ့အတိုင်းပဲ၊ လောက ကြီးမှာ ကျုပ်လောက် ကံဆိုးတဲ့ လူတစ်ယောက် ထမင်းထုပ်နဲ့ ခင်ဗျား တိုက်ရရင် ထမင်းထုပ် သိုးရင်သာ သိုးမယ်၊ ခင်ဗျား တွေ့မှာ မဟုတ်ဘူး။ ဒါထက် နေပါဦးဗျာ၊ ခင်ဗျားနာမည် ဘယ်နှယ်ခေါ်သလဲ။ ကျုပ် နာမည် ကတော့ ဦးပေါလုံလို့ ခေါ်ပါတယ်'

စိန်။ ။ 'နာမည်ကဖြင့် ရိုးပါပေဗျာ။ ဦးပေါလုံဆိုရင် ဘယ်သူကမှ ပလီဆန်းပြားတတ်တယ်လို့ ထင်ကြမှာ မဟုတ်ဘူး။ မခုတ်တတ်တဲ့ကြောင် ဆိုတာမျိုးလို လူရိုးလူကောင်းကြီးတစ်ယောက်လို့ လူတိုင်းက ယုံကြည်ကြ မှာပဲ။ ကျွန်တော့်နာမည်ကတော့ ဘကျော်လှတဲ့ ခင်ဗျ။ ခင်ဗျားလို သိပ်တော့ မရိုးလှဘူး'

လုံ။ ။ 'ကိုဘကျော်လှတဲ့လား၊ မြန်မာ ဟုတ်ကဲ့လား ခင်ဗျာ ....'

လှ။ ။ 'ရခိုင်သွေးတော့ နည်းနည်းပါ ထင်ပါဗျာ'

လုံ။ ။ 'အဲဒါကြောင့် ကျုပ် ထင်သားပဲ။ ကျုပ်တို့ မြန်မာလူမျိုးက နာမည်ကို သုံးလုံး အင်မတန် မှည့်ခဲ့တယ်ဗျ။ နှစ်လုံး အလွန်ပဲ။ တစ်လုံး တည်း မှည့်တဲ့ လူတွေတောင် အပုံပဲ။ ဒါထက် ခုနင်တုန်းက ကျုပ်လက်ထဲက လွတ်ကျသွားတဲ့ စိန်ကို ခင်ဗျား မြင်လိုက်တယ် မဟုတ်လား'

လှ။ ။ 'ဪ အဲဒါ စိန်လားဗျ'

လုံ။ ။ 'စိန်မှ စိန်အစစ်ပဲဗျာ။ ခင်ဗျားက မသွေးရသေးတဲ့ စိန်ရိုင်းကို မမြင်ဖူးဘူး မှတ်တယ်။ တွင်းထဲက ထွက်တဲ့အတိုင်း စိန်ရိုင်းဆိုတာ မျိုးက အကွက်တွေ ဘာတွေ မဖော်ရသေးလေတော့ သိပ်ပြီး အရောင်မထွက် ဘူးဗျ။ သို့သော် အကွက်ဖော်လိုက်တဲ့အခါမှာ ပထမတန်းဆို ဆိုသလောက် မီးကောင်းပြီး အရောင်တဖျတ်ဖျတ် ထွက်လာတာမျိုးကိုးဗျ။ ဪ ခင်ဗျား က စိန်အရိုင်းအတိုင်း မမြင်ဖူးသေးပဲ ဟုတ်ကဲ့။ ရော့ ဒါဖြင့် ကြည့်စမ်းပါဦး' ဟု ဆိုကာ ဦးပေါလုံသည် သားရေအိတ်ကလေးထဲ၌ ထည့်ထားသော စိန်ရိုင်း ကို ဘကျော်လှအား ပြလေ၏။





ဘကျော်လှသည် စိန်ရိုင်းကို မပြင်းမှုသည့်အလျောက် အဖော် အတန် အံ့သြသော မျက်နှာထားဖြင့် ထိုဝတ္ထုကို အသက်အောက် လှန်ကာ ကြည့်ရှုပြီးနောက် ကျောက်စားပွဲပေါ်သို့ တင်ထားလိုက်လေ၏။

လှ။ ။ 'မိတ်ဆွေက စိန်အရိုင်းအတိုင်း မမြင်ဖူးတော့ ဒီဥစ္စာ ဒိန်အစစ်ပါပဲ ဆိုတာ မယုံကြည်နိုင်ဘူး မှတ်တယ်။ ခင်ဗျား မယုံရင် မဂို (ရွှေဘုံသာ) လမ်းက စိန်ဘာဘူတွေကို သွားပြရေ။ တစ်ထောင်မပေးဘူး ဆိုတော့ ကျုပ်ပါး လာရိုက်လှည့်ဗျာ'

လှ။ ။ 'ယုံပါတယ်ခင်ဗျာ၊ စိန်စင် မဟုတ်တာကို စိန်စစ်လုပ်ပြီး ခင်ဗျားက ကြွားပြောနေရော့ ဘာအကြောင်း ရှိလို့လဲဗျ။ ကျွန်တော့်ကို ကြွားပြောလို့လည်း ခင်ဗျားမှာ ဘာအကျိုး ရှိမှာလဲ'

လုံ။ ။ 'ဟုတ်သေးရိုးလားဗျာ၊ စိန် ခင် မစစ်ကို ခင်ဗျားမြွှာပြီး စုံစမ်းကြည့်စေချင်တယ်'

လှ။ ။ 'ယုံပါပြီ ထား လိုက်ပါတော့ ခင်ဗျာ။ စိန်ဆိုမှပဲ ပြီးရော ပေါ့ ....'

လုံ။ ။ 'ဒါဖြင့် ခင်ဗျား တောင်တောင်ကြီး ယုံပြီနော်'

လှ။ ။ 'ယုံပါပြီ ခင်ဗျာ'

လုံ။ ။ 'ကိုင်း .... ယုံလို့ရှိရင် ကျုပ် ပြောပြဦးမယ်။ ဟောဒီစိန်ဟာ ကျုပ်ကိုယ်တိုင် လုပ်ယူတဲ့ စိန်ဗျ'

ထိုအခါ ဘကျော်လှသည် စိန်ရိုင်းနှင့် ဦးပေါလုံ၏ မျက်နှာကို တစ်လှည့်စီ ကြည့်ကာ အလွန်တရာ အံ့သြသော မျက်နှာထား ရှိနေလေ၏။

လှ။ ။ 'ဘယ်လို ပြောလိုက်တာလဲဗျ၊ ဒီစိန်ကို ခင်ဗျား လုပ်တယ် လား'

လုံ။ ။ 'ကျုပ်ကိုယ်တိုင် လုပ်ထားတဲ့ စိန်ရိုင်းဗျ၊ ဘယ်ကြီးလည်း မခဲယဉ်းပါဘူး။ အချိန်က နာရီဝက်နဲ့၊ ကိရိယာတန်ဆာပါး ယူ ကျုပ်ခွဲ ရှိရင်

ဒီစိန်မျိုး တစ်လုံးဖြစ်အောင် ကျုပ် လုပ်နိုင်တာပဲ။ ပြချင်တဲ့ ဘာဘူကို ခင်ဗျား သွားပြချေ။ စိန်စစ် မဟုတ်ပါဘူးလို့ ဆိုခဲ့လို့ရှိရင် ခင်ဗျားကို ကျုပ်က ငွေတစ်ထောင် အလကား ပေးမယ်ဗျာ'

လှ။ ။'ဒါဖြင့် ခင်ဗျားက ဓာတုဗေဒစိန်လို့ ဆိုချင်တာပေါ့လေ'

လုံ။ ။'ဘယ်ကလာ ဓာတုဗေဒရမှာလဲ။ ဓာတုဗေဒ ဆိုလိုက်တော့ စိန်အစစ် မဟုတ်ဘူးလို့ အဓိပ္ပာယ် ရောက်နေတာပေါ့ဗျ။ ဒီဟာက ဘယ် ဆိုင်က စိန်ဘာဘူမဆို ငွေတစ်ထောင်ပေးပြီး သွက်သွက်ကြီး ငယ်ယူမယ့် စိန်အစစ်ဗျ။ ခင်ဗျား ဓာတုဗေဒကို ဘယ်သူက ဘစ်ထောင် ပေးငယ်မှာလဲ။ ဒီဟာက ကျုပ်ကိုယ်တိုင် လုပ်ထားတဲ့ စိန်အစစ်ဗျ။

'ဒါထက် နေစမ်းပါဦး၊ လောကဓာတ်ပညာအကြောင်း ခင်ဗျား သင်ခဲ့ဖူးတယ် မဟုတ်လား'

လှ။ ။'ဟုတ်ကဲ့၊ အိုက်ဘက်စီ အတန်းမှာ နှစ်နှစ်လောက် ကျွန်တော် သင်ခဲ့ဖူးပါတယ်'

လုံ။ ။'ဒါဖြင့်ရင် ကမ္ဘာမြေကြီးထဲမှာ စိန်များဟာ ဘယ်လို ဖြစ်ပေါ်လာတယ်ဆိုတဲ့ အကြောင်းကို နည်းနည်းပါးပါး သင်ခဲ့ဖူးမှာပေါ့'

လှ။ ။'သင်တော့ သင်ခဲ့ဖူးတာပဲ ခင်ဗျား၊ ကောင်းကောင်း မမှတ်မိတော့ပါဘူး'

စင်စစ်မှာ ဘကျော်လှသည် ကမ္ဘာမြေကြီးအတွင်း၌ သတ္တုများ ဖြစ် ပေါ်ရခြင်း၏ အကြောင်းရင်း အနည်းငယ်မျှ သင်ခဲ့ရဖူးသည့်အလျောက် အတော်အတန် ခေါက်မိသော်လည်း ဦးပေါ်လုံဆိုသူ၏ အသားယူကာ ရှင်း လင်းပြောပြလိုခြင်း တည်းဟူသော ဆန္ဒကို ရိပ်မိသည်ဖြစ်၍ မိမိက တစ်ပြား တစ်ချပ် မကုန်ကျရဘဲနှင့် လူတစ်ယောက် အသားရသွားမည်ဆိုလျှင် ယူချင် သလောက် ယူပါစေဆိုသော ဝါသနာမျိုးလည်း ရှိသည်ဖြစ်သောကြောင့် မသိနားမလည်ဟန် ပြုနေခဲ့ခြင်း ဖြစ်လေ၏။ သို့ဖြစ်၍ ....





လှ။ ။'ကျွန်တော် ထင်တာကတော့ စိန်ဆိုတာမျိုးဟာ ဘာသာ ဘာဝအလျောက် ဖြစ်ပေါ်လာတယ်လို့ ထင်မိတာကိုး ခင်ဗျာ'

လုံ။ ။'ဖြစ်ဆို ဒီလိုလေ၊ ဖြစ်ပုံ ကျုပ် ပြောပြဦးမယ်။ ခင်ဗျားက ကောလိပ်ကျောင်း နေခဲ့ဖူးတော့ နားနိုးမှာပါပဲ။ စိန်ဆိုတာ ဓာတုဗေဒနည်းနဲ့ စစ်ဆေးကြည့်လိုက်တော့ ဘာမှ မဟုတ်ဘူးဗျ၊ ကာဗွန်ဓာတ်ပဲ။ မီးသွေးတို့၊ ကျပ်ခိုးတို့ ဆိုတာမျိုးတွေလိုပေါ့ဗျာ'

လှ။ ။'မီးသွေးကတော့ မည်းတယ်၊ အရောင်လည်း မထွက်ဘူး။ စိန်ကတော့ ဖြူပြီး အရောင်တလက်လက် ထွက်ပါကလားဗျာ ....'

လုံ။ ။'အို .... ဒါက မဆိုင်ပါဘူး။ ဓာတ်သဘာဝ တူပေမယ့် အသွေးအရောင် ကွဲတာ၊ အနံ့ အရသာ ကွဲတာ အကုန်ပေါ့ဗျာ။ သို့သော် ခင်ဗျား နားလည်အောင် ကျုပ် ပြောဦးမယ်။ ကြံရည်ကို ခင်ဗျား ကြည့်စမ်း၊ သူ့အတိုင်းကြည့်ရင် ဖြူလည်း မဖြူဘူး၊ အရောင်လည်း မရှိဘူး၊ သို့သော် .... အဲဒီ ကြံရည်ဟာ အပူနဲ့ တွေ့တဲ့အခါမှာ သကြားဖြစ်လာပြီး အသွေး ကလည်း ဖြူတယ်၊ အရောင်ကလည်း ရှိတယ်။ အဲဒီလိုပေါ့ဗျာ။ နေဦး၊ ကျုပ် ပြောဦးမယ်။ ကျုပ်တို့ ကမ္ဘာမြေကြီးဟာ သစ်ပင်တွေ မပေါက်ခင်၊ လူတွေ ဘာတွေ မနေခင် ဟို ... ပထမတုန်းကတော့ အင်မတန်မှပြင်းတဲ့ ဓာတ်ခိုး၊ ဓာတ်ငွေ့တွေ စုပေါင်းဖွဲ့စည်းနေတဲ့ ရေငွေ့ ဟာကြီး ပေါ့ဗျာ။ အဲဒီ ဓာတ်ခိုး၊ ဓာတ်ငွေ့တွေ အမျိုးမျိုးထဲမှာ ကာဗွန်ဆိုတဲ့ ဓာတ်လည်း ပါတယ်။ အင်မတန် ပူပြင်းပြီဆိုမှဖြင့် ဘယ်ဝတ္ထု ပစ္စည်းမျိုးမဆို လောင် ကျွမ်းရတယ် မဟုတ်လားဗျ။ လောင်ကျွမ်းပြီးတဲ့နောက် မည်းမည်းကြီး မီးသွေးလို ကျန်နေရစ်တယ် မဟုတ်လား။ အဲဒီ မီးသွေးဟာ ကာဗွန်ဓာတ် ပဲဗျ။ ဒါနဲ့ ရေငွေ့ အခိုးအငွေ့လုံးကြီးဟာ ကာလအတန်ကြာတော့ တဖြည်း ဖြည်း အေးလာရတယ် မဟုတ်လား။ အဲဒီလို အေးလာတဲ့ အခါကျတော့ နဂိုအရွယ်လောက် မကြီးတော့ဘဲ ကျုံ့ဝင်သွားရတဲ့ သဘာဝ ရှိတယ်ဗျ'

လှ။ ။'အဘေဘ်များ ရေလျှော်လိုက်တော့ ကျုံ့ဝင်သွားတာမျိုး လိုလား'

လုံ။ ။'ကဲ ....ထားပါတော့ဗျာ၊ အဲဒီလိုပဲ ဆိုပါတော့။ အဲဒီလို ကျုံ့ဝင်သွားတဲ့ အခါ ကျ တော့ ဘယ်နှယ် ဖြစ်သလဲ သိလား ....'

လှ၊ ။'ကျုံ့ဝင်သွားတော့ သေးသွားတာပေါ့ဗျ'

လုံ၊ ။'ကျုံ့ဝင်သွားတဲ့ အခါကျတော့ ဓာတုဗေဒ စကားနဲ့ ပြောရရင် ဖိနှိပ်ခြင်းဆိုတဲ့ ခွန်အားတွေ ဖြစ်ပေါ်လာတယ်ဗျ။ ခင်ဗျား ငုံးစား ကြည့်လေ၊ တန်ချိန်ပေါင်း အသချေ၊ အသင်္ချာ အလေးချိန်ရှိတဲ့ ကမ္ဘာမြေကြီး လောင်းဖြစ်တဲ့ အခိုးအငွေ့လုံးကြီးဟာ တဖြည်းဖြည်း အေးလာလို့ တောင်ကြီးတွေ၊ ကျောက်ဆောင်ကြီးတွေအဖြစ် ရောက်အောင် မာမာကြီး ဖြစ်လာတဲ့ အခါမှာ အဲဒီ ကျောက်တောင်ကြီးတွေ အကြိုအကြားမှာ ကပ်ကပ်သပ်သပ် ညှပ်ဝင်နေတဲ့ ကာဗွန်ဓာတ်တွေဟာ ကျောက်တောင်ကြီးများရဲ့ ကြောက်မမက်၊ လန့်မမက် ဖိနှိပ်ခြင်းကို ခံရတာကိုးဗျ။ အဲဒီတော့ ဘာဖြစ်သလဲ သိလား' ဟု မေးလျက် ရှာတရက် ဆက်လက်၍ မပြောသေးဘဲ တန့်ရပ်နေလေရာ .... ဘကျော်လှကမူ မည်ကဲ့သို့သော အဖြေမျိုး ပေးရလိုသည်ဟု အကဲမခတ်နိုင်သဖြင့် 'ဒီတော့ ဘာဖြစ်သလဲ' ဟူ၍သာ ပြန်၍ မေးရလေ၏။

လုံ။ ။(ဘကျော်လှ၏ ပခုံးကို ပုတ်လျက် အင်မှာယ် လေးနက်စေလိုသော သဘောနှင့် မိမိ၏ မျက်နှာကို ဘကျော်လှ၏ မျက်နှာအနီးသို့ နဦးကပ်၍) 'ဒီတော့ ဘာဖြစ်တယ် မှတ်သလဲ၊ စိန်တွေ ဖြစ်လာတယ်ဗျ .... စိန်တွေ' ဟု ပြောဆိုပြီးလျှင် ဦးပေါလုံသည် ထိုကဲ့သို့ ဖြစ်ပေါ်လာသော စိန်များမှာ မိမိ၏ လုံ့လပယောဂ အစွမ်းဖြင့် ဖြစ်လာရတော့သည့် အလား ကဲ့သို့ အသားယူသော မျက်နှာထားမျိုးဖြင့် ပြုံးပြုံးကြီးလုပ်ကာ ကြည့်နေလေတော့၏။

ထိုအခါ ဘကျော်လှမှာ လူပြိန်း လူအ တစ်ယောက်၏ မျက်နှာထား





မျိုးကို ဟန်ဆောင်ခြင်း အစား၌ ပထမတန်း ကျွမ်းကျင်သူတစ်ယောက် ဖြစ်လေရကား၊ အကြီးအကျယ် အံ့သြသောကြောင့် အာခေါက်လာတော့သည့် အမှုအရာမျိုးဖြင့် အရောက်ဖန်ခွက်မှ တစ်ကျိုက်နှစ်ကျိုက်မျှ ကိုက်နေပြီးလျှင် ဦးပေါလုံ၏ ပညာဗဟုသုတကို အံ့သြချီးကျူးသော အနေမျိုးဖြင့် ဦးပေါလုံ၏ မျက်နှာကို ငေးကြည့်နေလေ၏။ သူ့မျက်နှာထားကို တွေ့မြင်ရသော ဦးပေါလုံမှာ အတော့်နပ်ကြီး ကျေနပ်လှ၍ အရက်များ ကုန်လုဆဲဆဲ ရှိနေသော ဖန်ခွက်များထဲသို့ ပီစကီထပ်၍ ဖြည့်ထည့်စေရန် ဘွိုင်ကုလား အား အော်ဟစ်ကာ အမိန့်ပေးလိုက်သေး၏။

ဦးပေါလုံသည် ဘကျော်လှအား အံ့သြခြင်း ဘည်းပယ်သော အရသာ ကို ခံစားရအောင် ခံစားစေလိုသော ညှင်းနှိပ်ပေးလိုက်နှင့် ဆက်လက်၍ စကား မပြောသေးဘဲ အတန်ကြာသည့်တိုင်အောင် ဆိုင်းငံ့နေရင်း မိမိဖန်ခွက်မှ ဝီစကီအနည်းငယ်ကို မော့ချ၍ ဤသို့ ပြောပြန်လေ၏။

လုံ။ ။'ဟုတ်တယ် မိတ်ဆွေ၊ ခုနက ကျုပ်ပြောခဲ့တဲ့ အတိုင်းပဲ၊ ကျောက်တောင်တွေ ကြားထဲမှာ ကာဗွန်ဓာတ်တွေ ညပ်ပြီး စိန်ဆိုတာတွေ ဖြစ်လာပါရောဗျာ၊ အဲ .... ကျုပ်ကလည်းပဲ အဲဒီနည်း အတိုင်း လုပ်တာပဲဗျ။ ဒီပေမယ့် ကမ္ဘာမြေကြီးကို ပုံအောင်လုပ်ပြီး အေးအောင် ကျုပ် ပြန်လုပ်တယ် လို့တော့ မဆိုလိုဘူးပေါ့ဗျား။ သူ့ဟာက သဘာဝနည်းကိုးဗျ။ အဲ ... ကျုပ် ကလည်း အဲဒီနည်းအတိုင်းလိုက်ပြီး အသေးစားကလေး သဘောနဲ့ လုပ်ယူ တာပေါ့ဗျ'

ဘကျော်လှသည် အပြင်းအထန် စဉ်းစား စိတ်ကူးနေသည့် သဘော မျိုးနှင့် (နမူးရေကို တွန့်ကာ မျက်ခမောင်ကြုတ်လျက် ထိုင်ကာပေးနေလေ၏။) သို့နောက်မှ ....

လှ။ ။'ဩော် ....ခင်ဗျာ ပြောတော့မှ စိန်များ ဖြစ်ပုံဖြစ်နည်းကို ကျောင်းမှာ သင်ခဲ့ရတုန်းက ဟာတွေ ပြန်ပေါ်လာတာပဲဗျို့။ ဒါထက် နေစမ်း

ပါဦးဗျာ၊ ဂျာမန် ပရော်ဖက်ဆာကြီး တစ်ယောက်ဟာလည်း သံတုံး သံခဲတွေကို အပြင်းအထန် ပူရာကနေပြီး ရုတ်တရက် ချက်ချင်း အေးသွားအောင် လုပ်တဲ့နည်းနဲ့ စိန်ဖြစ်အောင် လုပ်နိုင်တယ်လို့ ကျွန်တော် ဖတ်လိုက်ရဖူးတယ် မှတ်ပါတယ်'

လုံ။ ။'ကျုပ်လည်း ကြားလိုက်ရပါတယ်။ ဒါပေမယ့် သူ လုပ်နိုင်တာက ဆယ်လုံး၊ ဆယ့်နှစ်လုံး၊ တစ်ရတီရှိတဲ့ စိန်အသေးအမွှားကလေးတွေလောက်သာ ဖြစ်တာကိုးဗျ။ ပြီးတော့လည်း သူ့နည်းက တကယ့် တွင်းထွက်စိန်ထက် ဆယ်ဆလောက် စရိတ်ကြီးနေသတဲ့။ ဖြစ်ရန်တော့ ဖြစ်ကဲ့၊ နို့ပေမယ့် ဈေးမကိုက်လို့ ခင်ဗျားလူစု လက်လျှော့နေရပါပကောဗျ။ ကျုပ်နည်းက သုံးရတီမှ သုံးကျပ်ခွဲလောက် ကုန်တဲ့ပြင်၊ သုတ်ို့လို ကြီးကြီးကျယ်ကျယ် မာတ်ရုံကြီးတွေ ဘာတွေ တည်ဆောက်နေဖို့ မလိုဘူးဗျ။ ဘယ်နေရာ လိုင်လုပ်လုပ် ဖြစ်တာပဲ။ တော်တဲ့ ရေချိုးခန်း တစ်ခုရှိရင် ကျုပ်နည်းက လုပ်ဖြစ်တော့တာပဲဗျ' ဟု ပြောပြီးနောက် ဖန်ခွက်မှ အရက် တစ်ကျိုက်နှစ်ကျိုက်သောက်၍ နှုတ်ခမ်းများကို လက်ကိုင်ပဝါဖြင့် သုတ်လျက် ဘကျော်လှ၏ မျက်နှာကို အကဲခတ်နေလေ၏။ ထို့နောက်မှ ....

လုံ။ ။'ဘယ့်နှယ်လဲ၊ ခင်ဗျားက ကျုပ်ကို မယုံဘူးလား'

လှ။ ။'မယုံတော့ မရှိပေါင်ဗျာ .... ဒါပေမယ့် မေးပါရစေဦး။ ခင်ဗျားက ကျောင်းမှာ ပညာ ဘယ်လောက်သင်ခဲ့လို့လဲ'

လုံ။ ။'ကျုပ်လား .... ကျုပ်က ကာလကတ္တား ယူနီဗာစီတီသွားပြီး ဘီအက်(စ)စီ သင်ခဲ့ပြီးတဲ့နောက်၊ ဓာတုဗေဒအလုပ်ကို ဝါသနာထုံတာနဲ့ ဆယ်နှစ်လုံးလုံး စိန်လုပ်တဲ့နည်းကို လက်တွေ့ စုံစမ်းလာလိုက်တာ အမွေရထားတဲ့ ငွေနှစ်သောင်းကျော် သုံးသောင်း ပြုတ်ပြုတ် ပြုန်းခဲ့ပါရောလားဗျ'

**(မှတ်ချက်–ထိုစကားမှာမူ အမှန်တိုင်း ဖြစ်၏။)**

လှ။ ။'သြော် .... တော်တော်ကြီး ငွေကုန် ကြေးကျခံပြီး လိုက်စားထားခဲ့တာကိုး'





လုံ။ ။'ဘာပဲပြောပြော၊ ခင်ဗျားက မယုံနိုင်ဘူး မဟုတ်လား။ ယုံနိုင်ဘူးဆိုရင်လည်း ခင်ဗျားကို ကျုပ်က အပြစ်မဆိုသင့်ပါပေဘူး။ ယုံနိုင်စရာ မရှိဘူးဆိုတာကိုလည်း ကျုပ် သိပါတယ်။ ဒါပေမယ့် ကျုပ်ဟာ မုသားသုံးတဲ့ လူတစ်ယောက် မဟုတ်ပါဘူးဗျ'

လှ။ ။'မှန်ပါတယ် ....မှန်ပါတယ်'

လုံ။ ။'ကျုပ်က ဘယ်တော့မှ လိမ်ပြောတဲ့ လူတစ်ယောက် မဟုတ်ဘူး ....နားလည်လား။ သို့သော် ယုံကြည်ဖို့ ခဲယဉ်းတယ် ဆိုတာကိုတော့ ကျုပ် နားလည်တယ်။ ကိုင်း .... စကားရှည်ရှည် ပြောမနေဘူးဗျာ။ ခင်ဗျား ယုံကြည်လောက်အောင် ကျုပ် လုပ်ပြမယ်။ ခင်ဗျားနဲ့ ကျုပ်နဲ့ ခုနကမှ စ တွေ့ကြပေမယ့် ခင်ဗျား လုပ်ပုံကိုင်ပုံ ကြည့်ရတာ ကျုပ်နဲ့ နေရာကျလိမ့်မယ် ထင်တယ်။ "ကိုင်း ကျွန်းမှီ၊ ကျွန်း ကိုင်းမှီ" ဆိုတာလို ခင်ဗျားနဲ့ ကျုပ်နဲ့၊ တစ်ယောက်တစ်ယောက် အပြန်အလှန် ကျေးဇူးပြုနိုင်ကြလိမ့်မယ် ထင်တယ်။ ဘယ့်နှယ်လဲဗျ၊ ဘာပြောချင်သလဲ'

လှ။ ။(လူရိုးကလေး၏ မျက်နှာထားမျိုးဖြင့်) 'ဘာမှ မပြောချင်ပေါင်ဗျာ'

လုံ။ ။'ဒီလိုလေ မိတ်ဆွေ၊ ခင်ဗျား ယုံကြည်လောက်အောင် ခင်ဗျား မျက်စိအောက်မှာ ကျုပ် လုပ်ပြမယ်၊ နာရီတစ်ဝက်လောက် ခင်ဗျား မအားဘူးလား၊ ဘယ့်နှယ်လဲ'

သူတကာကို အမဲဖမ်းလာခဲ့သော ဘကျော်လှသည် မိမိအား အမဲဖမ်းရန် အကြံဖြင့် နူးနပ်လျက်ရှိသော ဦးပေါလုံ၏ စကားများကို နားထောင်သျက်ရှိစဉ်၊ တစ်ခါတစ်ရံ ဝမ်းထဲ၌ ယားကျိကျိ ဖြစ်လာ၍ မရယ်မောမိစေရန် အထူးသတိပြု၍ နေရလေတော့၏။

နောက်ဆုံး၌ ဘကျော်လှက အားလပ်ပါသည် ဆိုသဖြင့် လူနှစ်ယောက်တို့သည် ဂလပ်ရုံမှ ထွက်လာခဲ့ကြ၍ ဦးပေါလုံသည် ဘကျော်လှ

ကို ဘုရားကင်းလမ်း (ကိုကာလေးစျေးလမ်း) ၌ရှိသော သူ၏နေအိမ် တိုက်ခန်း သို့ ခေါ်သွားလေ၏။

*

ဦးပေါ်လုံ၏ အိမ်ထောင်မှုပစ္စည်းများ အခေတ်မီ သားသားနားနား ရှိသည့် အဖြစ်ကို တွေ့ရသဖြင့်၊ အချို့သော ဥရောပ တိုက်သားများကဲ့သို့ တိုက်ခန်း ကိုသာမက အိမ်ထောင်မှု ပစ္စည်းများပါ တပါတည်း ငှားရမ်းထားဟန် တူသည်ဟု ဘကျော်လှ အကဲခတ်မိလေ၏။ ဦးပေါ်လုံ၏ အခန်းမှာ သုံးထပ် တိုက် တစ်တိုက်တွင် အပေါ်ဆုံးထပ်၌ တည်ရှိလေရာ ဦးပေါ်လုံသည် ဘကျော်လှအား သူ၏ ဧည့်ခန်းတွင် ဗီယာကီ၊ ဆိုဒါ များနှင့် ဧည့်ခံသေး၏။ တစ်ခွက်စီ သောက်ကြပြီးနောက် ဦးပေါ်လုံက 'ကိုင်း ... လာ၊ လုပ်ပြမယ် ဆိုတဲ့ စကားအတိုင်း ခင်ဗျား မျက်စိအောက်တွင် လုပ်ပြမယ်၊ လာခဲ့' ဟု ဆို၍ နောက်ဖေးဆောင်သို့ ခေါ်သွားလေရာ ထိုအခန်း၌ကား ကျောက်စားပွဲ တစ်လုံး၊ ဖာဆိပ်များ ကပ်ထားသော ဆေးရည်ပုလင်းများသည် စနစ်တကျ သပ်ရပ်စွာ စီတန်းလျက် ရှိကြလေ၏။ ထို့ပြင် ဖန်ဘူး၊ ဖန်ချောင်း ဖန်မြွှန် အစရှိသည့် ဓာတုဗေဒဆရာများ အသုံးပြုသော ပစ္စည်း ပစ္စည်း များမှာလည်း ကြွက်လျှောက်ပေါ်တွင် သပ်ရပ်စွာ စီတန်းလျက် ရှိကြလေ၏။

ဦးပေါ်လုံသည် လိုအပ်သော ကိရိယာတန်ဆာများကို လှမ်းယူရင်း 'ကိုင်း .... ဗျာ၊ ကျေနပ်လောက်အောင် ကြည့်သွားပေးပေါ့ ။ ခင်ဗျား မျက်စိ အောက်တွင် ရှင်းရှင်းကြီး လုပ်ပြလိုက်ပါ့မယ်' ဟု ပြော၍ ပုလင်းတစ်လုံး ကို ကိုင်မြှောက်ပြ၍ 'ဟောဒါက မဂ္ဂနီစီယမ်ခေါ်တယ်' ဟု ဆို၍ အမှုန့်အနည်း ငယ်ကို ကျောက်စားပွဲပေါ်သို့ သွန်ထည့်လေ၏။ ၎င်းနောက် အခြားပုလင်း တစ်လုံးကို လှမ်းယူလျက် 'ဟောဒါက သံမှုန့်ဗျ' ဟုဆိုကာ လိုနည်းအတူ ကျောက်စားပွဲပေါ်သို့ အနည်းငယ် သွန်ထည့်လေ၏။ ထိုနောက်မှ တံဆိပ် မပါသော တတိယပုလင်း တစ်လုံးကို လှမ်းယူ၍ မွဲကဲကဲအရောင်ရှိသော





အမှုန့်များကို အပေါ်ဆုံးမှ လွှန်ထည့်ပြီးလျှင် သုံး မျိုးလုံးကို ခနဲ့ခွန် ကလေး တစ်ခွန်းဖြင့် မွှေနှောက်နေလေ၏။

'ဟို နှစ်မျိုးကိုတော့ ခင်ဗျား သိတယ်၊ တတိယ အမှုန့်ကိုတော့ ကျုပ် မပြောနိုင်ဘူး။ စိန်လုပ်တဲ့နေရာမှာ ဒီဆေးမှုန့်ဟာ အရေးပဲ' ဟု ပြောလေ၏။

ထို့နောက် ဦးပေါ်လုံသည် သံပုရာသီးခန့် ပမာဏရှိသော ခဲတစ်လုံး ကို ယူ၍ ကျောက်စားပွဲပေါ်၌ ရောစပ်ထားသော အမှုန့်များကို လုံးသဲသို့ သေချာစွာ ယက်သည့်ပြီးမှ ဘကျော်လှဘက်သို့ လှည့်၍ 'ဒီလိုဗျ မိတ်ဆွေ၊ ခင်ဗျားနားလည်အောင် ကျုပ် ရှင်းပြီးမယ်။ မဂ္ဂနီစီယမ်ဆိုတဲ့ဓာတ်ကို သံမှုန့်နဲ့ရောပြီး ကျိုလိုက်တဲ့အခါ ကျုပ် ဒီဂရီ သုံးထောင့်ငါးရာ ပူပြင်းတဲ့ အပူချိန်ဓာတ် ဖြစ်လာတယ်။ ဒီလောက်အပူဓာတ်ဟာ ဟိုတုန်းက ကမ္ဘာကြီး အရည်ပျော်နေစဉ်က တွေ့ရမယ့်ဓာတ်မျိုးလောက်တော့ မပြင်းလှဘူးပေါ့ဗျာ။ သို့သော် အဲဒီလောက်ကို နီးပါးပြင်းတာပဲ။ အဲဒီ အပူဓာတ်ကြောင့် သံမှုန့်ကလေးတွေဟာ အရည်ပျော်သွားရော၊ အဲဒီအခါမှာ ကျုပ် ခုနကထည့်လိုက်တဲ့ မွဲတဲတဲ အမှုန့်ဟာလည်း သံမှုန့်နဲ့အတူ သမသွားရောဗျ။ အဲဒီ မွဲမွဲတဲတဲ အမှုန့်ဟာက သူ့သဘာဝရင်းမှာ စိန်နဲ့ အတူတူပဲဗျ'

ဘကျော်လှသည် ပရော်ဖက်ဆာ ဆရာကြီး၏ စကားကို ကျောင်းသား တစ်ယောက်က နားထောင်လျက်ရှိသည့် မျက်နှာထားမျိုးဖြင့် ဦးပေါ်လုံ၏ စကားကို နားထောင်လျက်ရှိစဉ်၊ ဦးပေါ်လုံသည် မီး ခြစ်ဆံတစ်ချောင်းကို ခြစ်၍ ဆေးမှုန့်များ ထည့်ထား သောလုံကို မီးရှို့လိုက်လေ၏ ။ ထိုအခါ မျက်လုံးများကို မောက်ထွင်းသွားမလောက် တောက်ပလင်းလက်သော မီး တောက်တစ်ခု ရုတ်တရက် ပေါ်ထွက်လာ၍ ကျရှုံးမြည်သော အသံနှင့် တကွ ဖြစ်ပေါ်လာလေ၏။ ဘကျော်လှမှာ လှုံထားသော နေရာနှင့် ၇ တောင်၊ ၈ တောင်ခန့် ကွာလှမ်းသော်လည်း မီးတောက်မှ အပူငွေ့သည် သူ၏ပါးပြင်

ကို ဟပ်လေသေး၏။ ဘကျော်လှသည် လုံကလေးကို စိုက်၍ကြည့်နေစဉ် လုံမှာ ပထမ၌ နီလာ၍ ပန်းရောင်သို့ ကူးပြောင်းပြီးလျှင် နောက်ဆုံးတွင် မွေးမွေးဖြူသောအရောင် ဖြစ်လာ၍ လုံပါ တောက်လောင်လျက် ရှိလေတော့၏။

လုံ။ ။'ကိုင်း မြင်လား မိတ်ဆွေ၊ ဘယ်လောက် ပူပြင်းတယ်ဆိုတာ ခင်ဗျား တွေ့ပြီ မဟုတ်လား။ ခုနေအခါမှာ ကျုပ် ထည့်ထားတဲ့ ကာဗွန်ဓာတ်ဟာ သံရည်အတွင်းမှာ တစ်မျိုးတစ်မည် သဘာဝပြောင်းနေရှာမယ်ဗျ။ ကျုပ်တို့ အခုမြင်ရတဲ့ အပူဓာတ်ဟာ ဟိုတုန်းက ကမ္ဘာမြေကြီး အရည်ပျော်စဉ်က အပူဓာတ်လောက်တော့ မပြင်းဘူးပေါ့ဗျာ၊ အဲဒီလောက် ပြင်းအောင်ကိုလည်း ဘယ်လောကဓာတ်ဆရာမှ လုပ်မယူနိုင်ဘူးပေါ့ဗျာ။ သို့သော် အဲဒီချို့ယွင်းချက်ကို ကျုပ်က ဘယ်လိုလုပ် ယူသလဲဆိုတော့ ဟိုတုန်းကတော့ ကမ္ဘာမြေကြီးဟာ သူ့ဟာနဲ့သူ တဖြည်းဖြည်းကလေး အေးသွားတယ်၊ ကျုပ်ကတော့ ဒီဟာကို စက္ကန့်တစ်မက်အတွင်း ဖြန်းခနဲအေးအောင် လုပ်နိုင်တယ်။ ဒီတော့ကာ ကျုပ်လုပ်ထားတဲ့ ဓာတ်ဗေဒဓာတ်က သဘာဝလောက် မပြင်းသော်လည်း ဖြန်းခနဲအေးအောင် လုပ်တဲ့အတွက် ဥတု အပြောင်းအလဲဟာ အင်မတန် ပြင်းထန်တယ်ဗျ။ အဲဒီလို ရုတ်တရက် ဥတုပြောင်းလဲခြင်းအတွက်ကြောင့် လောကဓာတ်ပညာအားဖြင့် ဖိနှိပ်ခြင်းဆိုတဲ့ ခွန်အား ဖြစ်ပေါ်လာတယ်ဗျ၊ အဲဒီ ခွန်အားအတွက်ကြောင့် ကျုပ်ထည့်ထားတဲ့ ကာဗွန်မှုန့်ဟာ စိန်ဖြစ်သွားရတာပဲ။ သို့သော် အနောက်နိုင်ငံက ဂျာမန်လောကဓာတ် ဆရာတွေက ဒီဂရီ ၃-၄ ထောင် ပူပြင်းနေတဲ့လုံကို စက္ကန့်တစ်မတ်အတွင်း ဖြန်းခနဲ အေးစေနိုင်တဲ့နည်းကို သူတို့ မတွေ့သေးဘူး၊ ကျုပ်က တွေ့ထားတယ်။ သူတို့နဲ့ ကျုပ်နဲ့ အဲဒါ ကွာတာပဲ။ စိန်ဆိုတာ တခြားမဟုတ်၊ ကာဗွန်ဓာတ် ဖြစ်တယ် ဆိုတာကတော့ လောကဓာတ်ပညာမှာ က ကြီး၊ ခ ခွေး ရှိသေးလို့ လူတိုင်း သိကြတာပဲ'





ထိုနောက် ဦးပေါလုံသည် စားပွဲအောက်၌ထားသော ကိရိယာကလေးတစ်ခုကို ဆွဲယူလိုက်ရာ ထိုကိရိယာမှာ စက်ဆီဘူးနှစ်လုံးကို ဓာတ်ကြိုးများဖြင့် သွယ်ထားသကဲ့သို့ ရှိနေ၍ အကြောင်းကို မသိသော သူတို့မှာ မည်သည့်အတွက် အသုံးပြုသည်ဟု ရိပ်မိနိုင်မည် မဟုတ်ချေ။ ဦးပေါလုံကမူ ထိုကိရိယာကလေးကို တရိုတသေနှင့် ဖြည်းညင်းစွာ ကိုယ်တွယ်သည်ကို ထောက်သဖြင့် သူ့အဖို့ အလွန်တရာ အရေးကြီးဟန် တူသည်ဟု ခန့်မှန်းနိုင်လောက်ပေ၏။

လုံ။ ။'ယောဒီ ကိရိယာကလေးဟာ ဓာတ်လုံးတစ်ခုကို အမြန်ဆုံး အေးအောင် လုပ်နိုင်တဲ့ အစွမ်းသတ္တိ ရှိတယ်ဗျ၊ ဘယ်လိုက ဘယ့်နယ် အလုပ်လုပ်တယ် ဆိုတာကိုတော့ ခင်ဗျားကို ပြောပြလို့ နားလည်မှာ မဟုတ်ပါဘူး။ သို့သော် သိပ်ပြီး သဘာဝကျတဲ့ ကိရိယာကလေးဗျ၊ ပေါဒီလုံထဲက ဓာတ်ရည်ကို ဒီကိရိယာကလေးထဲ ထည့်ပေးလိုက်ရင် လက်ဖျစ်တစ်ချက်အတွင်း အေးသွားနိုင်တယ်ဗျ။ အပူချိန်ဒီဂရီ (၄၀၀၀) လောက်ကနေပြီး သုညဒီဂရီအောက် တစ်ရာလောက် ရောက်သွားအောင် စက္ကန့်တစ်မတ်တိတိပဲ ကြာတယ်။ ဒီတော့ ဘာဖြစ်လဲ၊ ခင်ဗျား သိလား'

လှ။ ။'ဒီတော့ကာ .... ဒီတော့ကာ ....'

လုံ။ ။'ဒီတော့ကာ ဖြန်းခနဲ အပြင်းအထန် ဥတုပြောင်းသွားတဲ့အတွက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖိနှိပ်ခြင်းဆိုတဲ့ ဓာတ်အား ဖြစ်ပေါ်တယ်ဗျ။ အဲဒီဓာတ်အားဟာ ဘယ်လောက် ကြီးမားပြင်းထန်သလဲ ဆိုရင် ဒုတစ်မိုင်၊ အနံတစ်မိုင်၊ အလျားတစ်မိုင်ရှိတဲ့ သံမဏိတုံးကြီးနဲ့ ဖိချလိုက်တာနဲ့ အတူတူပဲ'

ဦးပေါလုံသည် ထိုကိရိယာကလေး၏ အဖုံးကို ဖွင့်၍ လုံကလေးကို သွပ်ရှည်ကြီးတစ်ချောင်းဖြင့် ညှပ်ယူပြီးလျှင် ဆီးကင်းခန့် ပမာဏရှိသော ဓာတ်ရည်ကို လောင်းထည့်လိုက်လေ၏။ ထိုအခါ မီးရထားစက်ခေါင်းမှ

အမိုးထက်သကဲ့သို့ နှုးခန့်မြည်သော အသံကြီး ဖြစ်ပေါ်လာသည့်အခါ ရင်းကိုနိုဝါးကလေး၏ အဝမှ မီးရထားစက်ခေါင်းမှ လွှတ်ထုတ်သော ရေနွေးငွေ့များကဲ့သို့ပင် မြောက်မြားစွာသော ရေနွေးငွေ့များသည် ရုတ်တရက် ပန်းထွက်လာ၍ အခန်းကလေးတစ်ခုလုံး ပိတ်ဖုံးသွားမတတ် ရှိလေတော့၏။

လုံ။ ။'မြင်ရတော့မယ်၊ မကြာခင် ခင်ဗျားမျက်စိနဲ့ မြင်ရတော့မယ်' ဟု ပြောလျက်ရှိစဉ် ဘကျော်လှမှာမူ မိမိ၏ မိလ္လာစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်၍ လက်သည်းခွံပေါ်တွင် ဆောင့်ကာ စဉ်းစားနေသော မျက်နှာထားနှင့် ငေးကြည့်နေလေ၏။ ထို့နောက်မှ ....

လှ။ ။'ကြီးကြီးစည်စည်ဗျာ၊ ဒီဗိုက်ကုံးကို ခင်ဗျား ဘယ်နည်းရတာလဲ'

လုံ။ ။'ကျုပ် ပြောခဲ့တဲ့အတိုင်း ဘီအက်စီအောင်ပြီး ၁၀ နှစ်လုံးလုံး အနောက်တိုင်းနည်းနဲ့ အင်္ဂရိတ်နောက် လိုက်ပြီး ငွေ နှစ်သောင်းကျော် သုံးသောင်း အကုန်ခံ စမ်းခဲ့တဲ့ အကောင်ဗျ။ ကျုပ်ဝါသနာက ငယ်ငယ်ကလေးကတည်းက ရတဲ့ မုန့်ဖိုးကလေးနဲ့ ဆေးဆိုင်ဝင်ပြီး ဟိုဓာတ်ဝယ်၊ ဒီဓာတ်ဝယ်၊ ဟိုဟာနဲ့ရော၊ ဒီဟာနဲ့ရော။ ဟိုဓာတ်နဲ့ သည်ဓာတ်နဲ့ စပ်။ တစ်ခါတုန်းက ဆေးမှုန့်ယောင်းနေတဲ့ ရေတ်ဆုံက ဟုန်းဆို မီး ထတောက်လိုက်တာ မျက်ခုံးမွှေးရော၊ မျက်တောင်မွှေးရော အားလုံး ပြောင်သွားပြီး ပြောင်တင်းကြီးနဲ့ အကြာကြီး နေခဲ့ရပါသေးလားဗျာ။ တော်တော်ကြီးလာတော့ လောကဓာတ်စာတွေ ဖတ်၊ အင်္ဂရိတ်ကျမ်းတွေ ဖတ်။ သုဟို့ အင်္ဂရိတ်က ရွှေလောက်သာ ဖြစ်နိုင်တယ်၊ အနောက်တိုင်း အင်္ဂရိတ်က စိန် ဖြစ်နိုင်တယ်။ ရွှေသက် စိန်က အဖိုးတန်တယ်ဆိုပြီး နောက်ဆုံးတော့ စိန်ဘက် မဲလိုက်သွားတာကိုး'

စင်စစ်မှာ ဦးပေါလုံသည် ငွေမြောက်မြားစွာ အကုန်အကျခံ၍





အင်္ဂရိတ်ထိုးမှုသည်ဆိုခြင်းကား အမှန်အကျိုးပင် ဖြစ်၏၊ အင်္ဂရိတ် ထိုးသူများနှင့် လောင်းကစားသူများသည် အလုပ်မလုပ်ဘဲနှင့် ငွေအမြောက်အမြားရလိုသော သဘာဝ ဓာတ်ရင်းခံ ရှိသူများ ဖြစ်ကြလေရာ၊ အကြံမရသည့်အခါ မမြောက်၍ လူများကို လိမ်ချဖို့ ဦးပေါလုံ၏ လုံ့လပြုခြင်းမှာလည်း ထိုနည်းပါ သဘာဝမှ ဖြစ်ပေါ်လာသော အပြုအမူပင် ဖြစ်လေ၏။

ထို့နောက် ဦးပေါလုံသည် အင်္ကျီလက်ကို ပင့်၍ ကိရိယာကလေးဆီသို့ ကုန်းနိုက်ပြီးလျှင် တစ်ဖန် ဖန်ခန့်ရုပ်လိုက်သောအခါ၌ မွဲဘဲဘဲ အဆင်းရှိသော ကျောက်လုံးကလေးတစ်ခုသည် လက်ထဲ၌ ပါလာလေတော့၏။

လုံ။ ။(ကျောက်လုံးကလေးကို ယက်သို့ နှင့် လက်မအကြား၌ ညှပ်ကာ လှမ်းပေးလျက်) 'ကိုင်းဗျာ ဒီဟာဒီမှာ စိန်ရိုင်းကလေး ပါပဲ၊ မရိုင်း(မွှေးကုံသာ) လစ်းက ဘယ်စိန်ကိုက်မဆို ခင်ဗျား မှာ ပြချေ။ မဟုတ်ဘူးဆိုတော့ ကျုပ်ခေါင်းကို လာခြတ်လှည်း'

ဘကျော်လှသည် အလွန်အံ့သြဟန်ဖြင့် ကျောက်ပဲ့ ကလေးကို ကိုင်ကွယ်ကြည့်ရှုလျက် ရှိစဉ်

လုံ။ ။'ကျုပ်လောက် ကံဆို တဲ့လူဟာ လောကကြီးမှာ မရှိပါဘူးဗျာ'

လှ။ ။'ဘယ့်နှယ်လဲ ဆရာကြီးရယ်။ ငါးရာတန်၊ ကစ်ထောင်တန် စိန်တွေကို လုပ်တတ်နိုင်ပါလျက်နှင့် ကံဆိုးတယ်ဆိုလို့ ဟုတ်နိုင်ပါ့မလား ခင်ဗျာ'

လုံ။ ။'လုပ်တော့ လုပ်တတ်ကဲ့၊ သုံးလောက် ၄ လောက်အောင် အရွယ်ထုတ်ရောင်းဖို့က ရှိသေးတာကိုးဗျ။ လာပါဗျာ ကျုပ် ပြောပါဦးမယ်'

ဦးပေါလုံသည် ဘကျော်လှကို အိမ်ရှေ့ဧည့်ခန်းသို့ ခေါ်သွား၍ ကုလားထိုင်၌ ထိုင်ကြပြီးလျှင် စီးကရက်နှင့် ဆိုဒါများကို ဧည့်ပေးပြန်လေ၏။ ဟင်နွှက်စီ သောက်ကြပြီးနောက် ....

လုံ။ ။ 'ဒီလို မိတ်ဆွေရဲ့၊ ဒီအလုပ်မျိုးဆိုတာက အရောင်းအဝယ် လုပ်တဲ့နေရာမှာ ပိပိရိရိ စီမံနိုင်မှ ဟန်ကြမှာကိုးဗျ။ ဒီဟာလို စိန်ကလေး တစ်လုံးချင်း လုပ်ရောင်းနေရင်တော့ အလွယ်သားပေါ့ဗျ၊ သူဌေးလို သုံးပြီး သူဌေးလို နေချင်လို့ စိန်တစ်ပြည်သားလောက် ကျုပ် ယူသွားစမ်းပါလား။ စိန်ကုန်သည် ဘာဘူတွေက ကျုပ် ဘယ်က တိုက်ယူလာသလဲလို့ မယုံသင်္ကာ မဖြစ်ပေဘူးလားဗျ။ ဒီတော့ကာ ပုလိပ်ကို တိုင်လား တန်းလားနဲ့ လုပ်ရင် ကျုပ်က မှန်တဲ့အတိုင်း ပြောရင်လည်း ပြောရမယ်၊ မပြောဘဲ မြဲနေရင်လည်း နေရမယ်။ ပြန်ပြောလို့ရှိရင် လူတစ်ယောက်ဟာ စိန်တွေ လုပ်တတ်နေပြီဆိုတဲ့ သတင်းကို ကမ္ဘာက သိသွားရင် စိန်ဈေးတွေ အားလုံး ကျပြီး ကျုပ်မှာလည်း မျှော်လင့်သလောက် အကျိုးမရှိပေဘူး။ ဒီလို ဖြစ်မှာ စိုးလို့ ကျုပ်က မပြောဘဲ နေပြန်ရင်လည်း ကျုပ်ကို အချုပ်ထဲထားပြီး ဘယ်တော့မှ လွှတ်မယ် မဆိုနိုင်ဘူး'

ထိုအခါ ဘကျော်လှသည် ဦးပေါလုံ၏စကားမှာ ပတိပါစဉ် ညီပါပေသည်ဟု ဦးခေါင်းညိတ်၍ နားထောင်နေရာမှ ဦးပေါလုံ၏ ရှေ့စကားကိုသာ စောင့်မျှော်နေလေ၏။

လုံ။ ။ 'အဲဒါကြောင့် ဒီအလုပ်ကို ပိပိရိရိ သေသေဝပ်ဝပ် အလုပ် လုပ်ပေးမယ့် လူတစ်ယောက် လိုတယ်ဗျ။ တစ်ယောက်ယောက်က အာဖရိက တောင်ပိုင်းလို၊ တောင်အမေရိကဘက်လို စိန်ထွက်တဲ့ နေရာတစ်ခုခုကို သွားပြီး စိန်တွင်းတူးတဲ့ အလုပ်ကို လုပ်ချင်ယောင် ဆောင်ရမယ်။ ဟန်နဲ့ ပန်နဲ့ စက်ကိရိယာနဲ့ ဝတ်ကျေဝတ်ကုန် တူးတာပေါ့ဗျာ။ အတန်ကလေး ကြာတော့မှ စိန်တွေ တွေ့တယ်လို့ သတင်းလွှင့်ရမယ်ဗျ။ အဲဒီအခါမှာ ကုမ္ပဏီဖွဲ့ပြီး အစုရှယ်ယာတွေကို ရောင်းရမယ်။ နောက်ပြီး အတန်ကလေး ကြာတော့မှ အဲဒီက စိန်တွေ ရောက်လာတယ်ဆိုပြီး ပြောင်ပြောင်ကြီး ရောင်းစားနိုင်တာပေါ့ဗျ'





လှ။ ။ 'ဒါဖြင့် ခင်ဗျား ဘာကြောင့် အဲဒီလို မလုပ်သလဲ'

လုံ။ ။ 'ကျုပ်က အဲဒီလို စွမ်းစွမ်းတမန် လုပ်မနေချင်တော့ဘူးဗျ။ လူကလည်း၊ အရွယ်ကလည်း သိပ်မငယ်တော့ဘူး။ အမှန်ပြောရရင် ကျုပ်က စိန်လုပ်တဲ့အခါ လုပ်၊ မလုပ်တဲ့ အခါမှာသာ သောက်သောက် စားစားနဲ့ အေးအေးလူလူ ငြိမ်နဲ့ နေချင်တော့တာပဲ။ ကုမ္ပဏီဖွဲ့လား၊ အစုရှယ်ယာ ခေါ်လား၊ ဘာလားနဲ့ ခေါင်းရှုပ်တဲ့ အလုပ်မျိုးတွေကို ကျုပ်က ဝါသနာလည်း မပါဘူး။ ပြီးတော့ ခင်ဗျားကို ပြောရဦးမယ်။ ကျုပ်မှာ အဆုတ်နာ ရှိတယ်လို့ ဆရာဝန်များက ပြောထားလေတော့ လူ့ပြည်မှာ ကြာကြာနေရဖို့ မျှော်လင့်ခရာလည်း မရှိဘူး။ နေရကဲ့ အခိုက်ကလေးမှာ ဟိုသွား ဒီသွား၊ ဟိုမြို့လည်း ဒီမြို့ပတ်နဲ့ ခပ်ချောင်ချောင် ခပ်ပေါ့ပေါ့ နေချင်တော့တာပဲ။ ဒါကြောင့် ခင်ဗျားလို ဖျတ်ဖျတ်လတ်လတ်နဲ့ လူခပ်ရွယ်ရွယ်တစ်ယောက်က ကျုပ်ကို ကူညီမယ်ဆိုရင် ကျုပ် အကြံအစည် အထမြောက်မှာပဲ။ ကျုပ်က ဘယ်လို လူကို လိုချင်သလဲဆိုတော့ ငွေများများရရင် နှုတ်လုံလုံနဲ့ ဘာအလုပ်မျိုးမဆို လုပ်မယ်ဆိုတဲ့ လူတစ်ယောက်ကို လိုချင်တယ်။ ကျုပ်က ဟိုသွား ဒီသွားနဲ့ လည့်ပတ်နေတုန်းမှာ သူ့အလုပ်က ဘာလဲဆိုတော့ ခုနင်က ကျုပ်ပြောခဲ့တဲ့ အလုပ်တွေကို ဖြစ်အောင် လုပ်ထားနှင့်ရမယ်။ အဲဒီ ကုမ္ပဏီမှာ အရင်းအနှီး ထည့်ဖို့လည်း သူ့မှာ ငွေ အတော်အတန် ရှိရမယ်။ အဲဒီလို တစ်နှစ်စ နှစ်နှစ်စ လုပ်ပြီးတဲ့နောက်မှာ သူ့အဖို့တော့ မော်တော်ကား အလဲလဲ စီးပြီး ကန်တော်ကြီးစောင်းက ကြိုက်တဲ့အိမ်မှာ နေချင်သလို ဇိမ်နဲ့နေရုံ ရှိတော့တာ ပေါ့ဗျ။ ခုပြောသလို လုပ်ပေးမယ့် လူမျိုးကို ရအောင်ရှာဖို့ လွယ်တယ် ထင်သလား ခင်ဗျား၊ မလွယ်ဘူးခင်ဗျ။ ကျုပ်က လူမြင်တိုင်းလည်း သဘောမကျဘူး။ ဒီလောက်ကြီးဖို့ အလုပ်မျိုးမှာ တော်တော့လူကိုလည်း ကျုပ်က မယုံနိုင်ဘူး။ ခင်ဗျားတော့ မြင်မြင်ချင်း သဘောကသွားတယ်။ (ဦးခေါင်းယမ်းလျက်) နို့ပေမဲ့ ဟန်ရမထင်ပါဘူးဗျာ။ ဖြစ်မှ ဖြစ်ရ ပလေဗျာ။

ဒီလောက်အဖိုးတန်တဲ့ အကြောင်းအရာကြီးကို သိထားရပြီးတဲ့နောက် အသုံးမချနိုင်လို့ ဒီအတိုင်း ငေးကြည့်နေရတာ။ ကျုပ်လောက် ကံဆိုးတဲ့လူ လောကကြီးမှာ ရှိနိုင်ပါဦးမလားဗျာ'

ဘကျော်လှ၏ စိတ်ထဲ၌ ဦးပေါလုံမှာ မကြာမီအတွင်း ဤမျှမက ကံဆိုးလိမ့်ဦးမည်ဟု အောက်မေ့မိသော်လည်း ထိုအခြင်းအရာကို ဖွင့်ဟ၍ မပြောချေ။ ဘကျော်လှသည် ဦးပေါလုံ မျှော်လင့်သည့်အတိုင်း လောဘစိတ် ဝင်လာသော မျက်နှာထားမျိုးဖြင့် သူ့အား ကြည့်နေပြီးနောက် မရဲတရဲ အမူအရာဖြင့် ....

လုံ။ ။'ခင်ဗျားက ကွန်ဆော့ကို သဘောကျတယ်ဆိုရင် ကျွန်တော် က တတ်နိုင်တဲ့ နေရာက ကူညီလိုပါတယ်'

ဦးပေါလုံသည် မယုံကြည်နိုင်လောက်အောင် ခန့်သာသော မျက်နှာထားဖြင့် ဘကျော်လှအား ကြည့်နေသေး၏။

လုံ။ ။'ဟုတ် မထင်ပါဘူး မိတ်ဆွေ၊ ကျုပ်လောက် ကံဆိုးတဲ့ လူတစ်ယောက်ဟာ ချက်ချင်းလက်ငင်းကြီးတော့ ကံတော တက်လာနိုင် မထင်ပါဘူး။ ခင်ဗျားက ကျုပ်ကို ခုမှ တွေ့ရတာ၊ ဒါလောက်တော့ လုပ် ပေးချင် မထင်ပါဘူး'

ထို့နောက် လူနှစ်ယောက်တို့သည် အကျယ်တဝင့် ဆက်လက်၍ စကားပြောကြပြန်လေရာ ဘကျော်လှသည် ဦးပေါလုံ အလိုရှိသည့်အတိုင်း ဆောင်ရွက်ပေးရန် သဘောတူလေ၏။ အရက်ဖန်ခွက်ကို ရုံဖန်ရံခါ သောက် ရင်း လူနှစ်ယောက်တို့သည် မိမိ၏ လုပ်ပုံကိုင်ပုံ အကြံအစည်များကို တစ်နာရီခန့်မျှ ဆက်လက်ဆွေးနွေးကြပြီးနောက် ဘုံဘော ဟိုတယ်သို့ တစ်ယောက်ကိုတစ်ယောက် အထင်ကြီးစွာနှင့် ညစာစားရန် သွားရောက် ကြလေ၏။ ခွဲခါနီး၌ ဘကျော်လှသည် ဦးပေါလုံထံသို့ နောက်တစ်နေ့တွင် ငွေတစ်ထောင် ယူခဲ့၍ ပွဲစည်းလတ္တံ့သော ကုမ္ပဏီတွင် အရင်းအနှီးအဖြစ်နှင့်





ထည့်သွင်းရန် ဝန်ခံကတိပေးခဲ့လေရာ ယင်းအတွက် ဦးပေါလုံကလည်း ဘကျော်လှအား မြတ်စွန်းသမျှသော ငွေများအပေါ်မှ ရာခိုင်နှုန်း ငါးဆယ် (ယောက်ပက်) ပေးရန် သဘော တူညီလေ၏။

နောက်ဆုံး၌ ဘကျော်လှသည် ဦးပေါလုံ၏စိန်ကို ယူသွား၍ မဂို (မွေးဘုံသာ) လမ်းမှ စိန်ဘာသာတစ်ယောက်အား ပြကြည့်ရာ စိန်အစစ်ဖြစ်၍ အဖိုးငွေ ရှစ်ရာမှ တစ်ထောင်အတွင်း တန်ပါသည်ဟု ပြောလိုက်၏။ စင်စစ် သော်ကား ၎င်းစိန်ရိုင်းမှာ စိန်စစ်ဖြစ်ရမည် ဟူ၍ ဘကျော်လှ တွက်ကိန်း ရပြီး ဖြစ်လေရာ သေချာသည်ထက် သေချာအောင်ဆို၍ ပြသခြင်းမျှသာ ဖြစ်လေသည်။

*

နောက်တစ်နေ့ ဦးပေါလုံသည် ဘကျော်လှအား တံခါးဖွင့်ပေးသောအခါ တွင် ဦးပေါလုံ၏ မျက်နှာမှာ ကံကောင်းသော လူတစ်ယောက်ဆို၍ ညှိုးငယ်ခြင်း မရှိတော့ဘဲ ကံတော တက်လာပြီဟု ယုံကြည်ဟန် လက္ခဏာ ဖြင့် ရွှင်ပျစွာ ရှိနေလေ၏။ အခန်းတွင်း၌ကား အိမ်ထောင် ပစ္စည်းများမှာ တန်ဖိုးငယ် မရှိဖရဲ ရှိနေ၍ သားရေအိတ်ကြီး သုံးလုံးကိုလည်း ဘကျော်လှ တွေ့မြင်ရလေ၏၊

လုံ။ ။'ကျွန်တော် သိပ်နောက်ကျနေ မထင်ပါဘူး ခင်ဗျာ'

လှ။ ။'နောက်မကျလှပါဘူး၊ အချိန် အတော်ပါပဲ။ ကျုပ်က ရထားမမီမှာစိုးလို့ ပျာလောင် ခတ်နေမိတာပါ။ ကျုပ်က မီးရထားမှာ နေရာ တွေ ဘာတွေတောင် ရီဇတ် လုပ်ထားပြီးပြီ။ ခင်ဗျားနဲ့ ဒီကိစ္စကလေး စီမံပြီးပြီးချင်း ကျုပ်ပြောထားတဲ့အတိုင်း အညာတစ်လျှောက် လျှောက်လည် ချဦးမယ်'

ဘကျော်လှမှာ ကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် ဦးပေါလုံသည် တတ်နိုင်သမျှ လျင်မြန်စွာ ရန်ကုန်မြို့မှ ထွက်ခွာသွားလိမ့်မည့် အကြောင်းကို သိပ်မိပြီး ဖြစ်၏။ သို့ရာတွင် ဘာမျှ မပြောဘဲ အခန်းထဲ ဝင်ထိုင်နေ၏။

လုံ။ ။(စာချုပ်ကြီးတစ်ခုကို ထုတ်ပြလျက်) 'ဟောဒီမှာ နှစ်ဦးသဘောတူ စာချုပ်ကိုတော့ အဆင်သင့် ရေးထားပြီးပါပြီ။ ဟောဒီနေရာမှာ ခင်ဗျား လက်မှတ်ထိုး၊ ခင်ဗျားအတွက် ရင်းငွေကို ထည့်ပြီးနောက် ရှေ့လျှောက်တော့ ခင်ဗျား စိမ်ရစ်ရုံပါပဲ။ ဒီနောက်တော့ ကျုပ် သုံးဖို့ စွဲဖို့အတွက် တစ်လ တစ်ထောင်၊ နှစ်ထောင်လောက် ပို့ပေးရင် ကျေနပ်ပါပြီ။ ကျန်တဲ့ ငွေတော့ ခင်ဗျား ဘာလုပ်လုပ်၊ လုံးလုံး ပုံထားခဲ့မှာပါပဲ'

ဘကျော်လှသည် ဦးပေါ်လုံ မျှော်လင့်သည့်အတိုင်း ရှင်လန်းသော အမူအရာပြ၍ စာချုပ်ကို ကြည့်ပြီးလျှင် လိုအပ်သော နေရာတွင် လက်မှတ် ရေးထိုးလေ၏။ ထို့နောက် ဘကျော်လှသည် သားရေအိတ်ထဲမှ ငွေစက္ကူ ရာတန် အချပ်နှစ်ဆယ်ကို ထုတ်၍ ဦးပေါ်လုံသို့ ပေးအပ်လေရာ ဦးပေါ်လုံလည်း အနည်းငယ် တုန်ယင်သော လက်များဖြင့် စက္ကူများကို ရေတွက်ကြည့်သေး၏။ ထို့နောက် .....

လှ။ ။'ကိုင်း ကျွန်တော့်ဘက်က တာဝန်တော့ ပြီးသွားပြီ။ ခင်ဗျား စိန်လုပ်နည်းကိုသာ ကျွန်တော့်ကို ပြပါတော့'

လုံ။ ။'စိတ်သာချ၊ ကျုပ်က လုံးစေ့ ပတ်စေ့ ရေးထားခဲ့ပြီ'

လှ။ ။'ရေးတာလည်း ဟုတ်ပါရဲ့လေ၊ သို့သော် စနစ် ကျ မကျကို သေသေချာချာ လက်ထပ်သင်ပြခဲ့ဦးပေါ့ခင်ဗျာ'

လုံ။ ။(အင်္ကျီလက်ကို ပင့်ကာ လက်ပတ်နာရီကို ကြည့်လျက်) 'ပြတာပေါ့ဗျာ ပြတာပေါ့၊ သို့သော် အစအဆုံး စောင့်ကြည့်နေဖို့တော့ အချိန်မရဘူး မှတ်တယ်။ ကိုင်း လာလေ ပြရတာပေါ့၊ ကျုပ်နည်းက မမှားနိုင်ပါဘူး'

လူနှစ်ယောက်တို့သည် နောက်ဖေးဆောင်သို့ ဝင်သွားကြ၍ ဘကျော်လှသည် မဂ္ဂနီစီယံဓာတ်မှုန့်နှင့် သံမှုန့်များကို ဦးပေါ်လုံ ပြုလုပ်သည့် အတိုင်း လုံထဲသို့ ထည့်လေ၏။ မွဲတဲတဲ အရောင်ရှိသော ကာဗွန်မှုန့်မှာမူ





အမှတ်အသား မပါသော ပုလင်း နှစ်လုံး၊ သုံးလုံးတို့မှ သူ့အချိုးနှင့်သူ ငှဲ့ထည့်ရခြင်း ဖြစ်သောကြောင့် အတန်ငယ် ရှုပ်ထွေး၏။ ဤနေရာတွင် ဘကျော်လှသည် မကျွင်လည်သော အမူအရာဖြင့် ဆေးမှုန့်များကို လောင်းထည့်သဖြင့် အချို့မှာ ကြမ်းပေါ်သို့ ဖိတ်သွားသေး၏။

လုံ။ ။'အို သတိထားကိုင်မှပေါ့ဗျ၊ သို့သော် သဘောကတော့ ဒီအတိုင်းပါပဲလေ၊ မမှားနိုင်ပါဘူး။ ဒါထက် ကျုပ်က ရထားနောက်ကျ....'

လှ။ ။'ဟုတ်ဟုတ် မဟုတ်ဟုတ် ပြီးအောင် စမ်းကြည့်စေချင်ပါ သေးတယ်ဗျာ။ ကျွန်တော် မှားတာရှိရင်လည်း ပြင်ပေးရုံ ရှိတာပေါ့'

ဘကျော်လှသည် မီးတံခြစ်ကိုခြစ်၍ လုံထဲမှ ဆေးမှုန့်များကို ရှို့လိုက်ရာ ဦးပေါ်လုံလည်း စောင့်ကြည့်နေလေ၏။

လုံ။ ။'ဒီတစ်ခါတော့ ခင်ဗျားလုပ်တာ ဟန်ရကောင်းမှ ရမယ် ဗျို့၊ သို့သော်လည်း အလေ့အကျင့်ရှိတော့ လက်လည်သွားလိမ့် မပေါ့ဗျာ' လုံတစ်ခုလုံး မွှေ မွှေးဖြူအောင် ပူလာလာချင်း ....

ဦးပေါ်လုံသည် လုံထဲမှ ခဲဘ်ရည်ကို ကရိယာကလေးထဲသို့ ဘကျော်လှ လောင်းထည့်သည်ကို စောင့်ကြည့်နေသေး၏။ စိန် မဖြစ်သော အခါ၌ ဆေးစပ်ပုံ အချိုးအစား မကျသောကြောင့် ဟူ၍ ဆင်ခြေပေးနိုင်မည် ဖြစ်သောကြောင့် ဦးပေါ်လုံသည် ဘာန်လှုပ်ခြင်းမရှိဘဲ ဆေးပြင်းလိပ်ကိုခဲကာ စောင့်ကြည့်နေလေ၏။ ဘကျော်လှမှာမူ ကြမ်းပေါ် ဒူးထောက်လျက် ကရိယာကလေးထဲသို့ လက်နှိုက်ကြည့်လိုက်ရာ ဦးပေါ်လုံမှာ ဘကျော်လှ၏ လက် ထွက်လာသည်ကို မြင်သောအခါ မျက်လုံးများ ပြူးသွားလေတော့၏။ အကြောင်းမူကား ဘကျော်လှ၏ လက်ဖဝါးထဲတွင် စိန်ရိုင်းကလေး သုံးလုံး ပါလာသည်ကို မြင်ရသောကြောင့်တည်း။

ဦးပေါ်လုံမှာ မျက်လုံးပြူးရာမှ နဖူးပေါ်တွင် ဆီးကင်းခန့် ပမာဏ ရှိသော ချွေးလုံးချွေးပေါက်များ ပေါ်ထွက်လာလေတော့၏။ မိမိကိုယ်တိုင်

ငွေပြောက်မြားရွာ အကုန်အကျခံ၍၊ နှစ်ပေါင်းများစွာ စမ်းသပ်မှုပါလျက် စိန်မဖြစ်ဘဲ ဘကျော်လှအား မင်းဘိုင်းကျေ ပြသရာတွင်မှ စိန် အကယ် ဖြစ်နေသည်ကို တွေ့ရသည့်ပြင် အကျိုးခံစားခွင့် ရှိသမျှကို ဘကျော်လှအား တစ်ဝက်ပေးပါမည်ဟု ဝံချွပ်မိလျက် ရှိသည့်အတွက် အောင်မြင်ပြန်ရှုခြင်း ဖြစ်လေပေတော့၏၊ ဖိုမနောက်ကို ဆားနင့်လဲမိသော လူသည် အဖိုးတန် ကျောက်စိမ်းတုံးဖြစ်နေ၍ တစ်ဘောင်းဖြင့် ရောင်းစားရသည်ဟု ကြားရသော အခါ၌ ဘောက်တပေါက်မပေါက် ဖြစ်ရသည် ဆိုသည့်နည်းတူ ဦးပေါလုံမှာ လည်း မရေမတွက်နိုင်အောင် အကျိုးခံစားရမည့်နည်းကို ငွေနှစ်ထောင်မျှ နှင့် အကျိုးတစ်ဝက် ခံစားခွင့် ပြုမိသည့်အတွက် ယူကြုံးမရ ဖြစ်ရလေတော့ ၏၊ ဦးပေါလုံ၏ စိတ်ထဲ၌ မိမိ အကုန်ခံခဲ့ရသော ငွေများ၊ အပင်ပန်းခံခဲ့ ရသော အချိန်ကာလများသည် ကွင်းကွင်းကွက်ကွက် ပေါ်လာလေတော့၏။ မိမိကိုယ်ကို အလွန်ကံဆိုးသည်ဟု ပြောမိခဲ့ခြင်းများမှာ အကယ်ပင် မှန်နေ ချေပြီ၊ ကျ၍လည်း အောက်မေ့မိ၏။ ဘကျော်လှက စိန်ကလေးများကို မြင်ရ သဖြင့် နွင်ပျသောမျက်နှာ ဖြစ်ပေါ်လာခြင်းသည် ဦးပေါလုံအား ဆဲလျက် ရှိသကဲ့သို့ အောက်မေ့မိလေတော့၏။

ဦးပေါလုံသည် မျက်လုံးများကို မှိတ်လျက် စိန်ရိုင်းတစ်လုံးကို ဘကျော်လှ၏လက်မှ ကောက်ယူကြည့်ရာ အစစ်အမှန် ဖြစ်နေကြောင်း တွေ့ရ၏။ ယင်းတို့မှာ မိမိ၌ရှိသော စိန်ကဲ့သို့ မကြီးသော်လည်း တစ်လုံးလျှင် ရှစ်ဆယ်၊ တစ်ရာမျှ တန်သည်ဟု ခန့်မှန်းနိုင်လေ၏။

ဦးပေါလုံသည် ဦးခေါင်းကိုကုတ်လျက် ယခင်က အချိုးအစား အတိုင်း ဆေးမှုန့်များကို ဘကျော်လှအား ရောစပ်ရန် စေခိုင်း၍ ဘကျော်လှ လည်း ခိုင်းစေသည့်အတိုင်း ရောစပ်ကာ မီးရှို့ပြီးမှ ကိရိယာထဲသို့ ဓာတ်ရည် လောင်းထည့်လိုက်ရာ ထိုအခါတွင် ဦးပေါလုံကိုယ်တိုင် ကိရိယာထဲသို့ လက်နှင့် နှိုက်ကြည့်၍ စိန်ကလေးနှစ်လုံးကို တွေ့ခဲ့ရလေ၏။





ဦးပေါလုံမှာ စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ အတန်ကြာ ငေးကြည့် နေသေး၏၊ ထို့နောက် ဦးခေါင်းကိုမော့ကာ စကြီသျှောက်လျက် အတန် ကြာမျှ အကြံထုတ်သေး၏။ ဤသုငယ်ကား တစ်သက်ပတ်လုံး မိမိကြံစည် ခဲ့သော အလုပ်ကို ကံအားလျော်စွာ အောင်မြင်သွားလေပြီကကားဟု အောက် မေ့မိ၏။ အကျိုးတစ်ဝက် ခံစားခွင့်ကို ငွေနှစ်ထောင်မျှနှင့် ရောင်းစားခဲ့မိ သဖြင့် မည်သည့်နည်းနှင့်မဆို စာချုပ်ကို ပျက်အောင် ဖန်တီးရမည်ဟုလည်း စဉ်းစားမိ၏၊ နောက်ဆုံး၌ အကြံတစ်ခု ရလာ၍–

လုံ။ ။'ဒီမှာလေ မိတ်ဆွေ၊ ကျုပ်တို့အလုပ်က အင်မတန် ကြီးကျယ် တဲ့ အလုပ်ဗျ။ ဒါကြောင့်မို့လို့ ကျုပ် သွားတဲ့ မဖြစ်သေးဘူးလို့ စဉ်းစားမိပြန် တယ်'

လှ။ ။'ဘော်...ဟုတ်လား'

လုံ။ ။'ဒီလိုလေဗျာ၊ ကျုပ် တစ်ခုပြောမယ်။ ခုနင်က ကျုပ်တို့ ချုပ်ထားတဲ့ စာချုပ်ကို ဆုတ်ပစ်လိုက်ပြီး ခင်ဗျားကို ကျုပ်က မန်နေဂျာအဖြစ် နဲ့ လခနဲ့ ထားထားရင် မကောင်းပေဘူးလားဗျာ'

လှ။ ။'ဘာဆိုင်လို့လဲဗျာ၊ စာချုပ်ဆိုတာ လက်မှတ်ထိုးပြီးမှ ပြန်ဖျက်ပစ်လို့ ဘယ်ကလာ ဖြစ်နိုင်မှာလဲ'

ထိုအခါ ဦးပေါလုံသည် ထိုစာချုပ်စည်းကမ်းအတိုင်း အလုပ်လုပ်၍ ပြန်နိုင်မည် မဟုတ်ကြောင်းကို ဆင်ခြေ ဆင်လက်နှင့် ယုတ္တိယုတ္တာ ရှာဖွေ ကာ အနည်းနည်း ပြောပြလေရာ ရွေးကောက်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများ နည်းယူနိုင်ပင် ဖြစ်နေလေတော့၏။

ဘကျော်လှကမူကား ငွေ အလုပ်ဖြစ်သည်ဆို၍ ငွေ လက်ဆုပ် လက်ကိုင် မရဘဲ စာချုပ်ကို လက်မလွှတ်နိုင်ဟု အတင်းဘွယ်ကပ်လျက် ရှိလေ၏။ နောက်ဆုံး၌ ဦးပေါလုံက ဘကျော်လှပေးထားသော ငွေနှစ်ထောင် ကို ပြန်ပေးမည့်ပြင် အပို ငွေတစ်ထောင်ပေး၍ လခငါးရာနှင့် မန်နေဂျာ

ခန့်ပါမည်ဟူ၍ပင် ပြောလေသေးတော့၏။ ထိုအခါ ဘကျော်လှက လက်ထဲသို့ ငွေရောက်မှ စာချုပ်ကို လက်လွှတ်နိုင်မည် ဆိုသဖြင့် ဦးပေါလုံသည် မိမိ၌ ရှိသော စိန်တစ်လုံးကို အဆောတလျင် ရောင်းချ၍ ဘကျော်လှအား စုစုပေါင်း ငွေသုံးထောင် ပြန်ပေးသောအခါမှ ဘကျော်လှက စာချုပ်ကို လက်လွှတ် လေတော့၏။ စာချုပ်ပြန်ရပြီးသည့်နောက် ဦးပေါလုံက အလုပ်ကိစ္စ ရှိသေးသည်ဟု ပြောသဖြင့် ဘကျော်လှသည် မိမိအား နှင်လိုက်ခြင်း ဖြစ်ကြောင်းကို ရိပ်မိသည့်အလျောက် တိုက်ပေါ်မှ ဆင်းလာခဲ့လေ၏။

ဘကျော်လှ ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ဦးပေါလုံသည် နောက်ဖေးဆောင်သို့ ဝင်၍ ဘကျော်လှ ဆေးစပ်စဉ်က မိမိ သတိပြု၍ မှတ်သားထားလိုက်သော ဆေးမှုန့် အချိုးအစားအတိုင်း လုံထဲတွင်ပေါင်း၍ မီးရှို့ပြီးနောက် ကိုရိယာထဲသို့ လောင်းထည့်ရာ မည်သည့်စိန်ကိုမျှ မတွေ့ရချေ။ ၎င်းနောက် ဒုတိယတစ်ကြိမ် ဆက်ခါ ဆက်ခါ စမ်းသပ်ပါသော်လည်း ကိုရိယာထဲတွင် စိန်ကြီးကိုလည်း မတွေ့၊ စိန်ကလေးကိုလည်း မတွေ့၊ ဘာစိန်ကိုမျှ မတွေ့ရသော အခါတွင်မှ ဦးပေါလုံ၏ စိတ်ထဲ၌ တရေးရေး ရိပ်မိလာလေတော့၏။ မိမိသည် ဘကျော်လှအား ကိုရိယာထဲသို့ စိန်ရိုင်းတစ်လုံးကို ထည့်ကာ မျက်လှည့်ပြသည့်နည်းတူ ဘကျော်လှကလည်း မိမိအား နှစ်ကြိမ်တိုင်တိုင် ကျင်လည်စွာဖြင့် မျက်လှည့်ပြသွားသည့် အကြောင်းကို စဉ်းစားမိသည်တွင်မှ **'ကောင်းလေ့ကွာ၊ ခေါင်းတုံးပေါ် ထိပ်ကွက် သွားပြီဟေ့'** ဟု ရင်ဘတ်စည်တီးနှင့် ငိုကြွေးကာ သဘောပေါက်ရန်လေတော့သတည်း။

[ ရွှေမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၄၉ ]